
www.burmeseclassic.com

သာဘ်မိုးစွေ စာပေ ◉ မောင်မောင်မြင့်အေး စီစဉ်မွမ်းမံတည်းဖြတ်သည်။

မဂ္ဂပစ္စယော

# ရောင်ပြန်

မဂ္ဂဇင်း





သပိတ်ဝင် အိတ်ဝင်(စာ-၅၀)

ဥမကွဲ သိုက်မပျက်(စာ-၅၁)

မင်းသိခ်ပြောတဲ့ အမိဌာန် (စာ-၂၄၃)

## နေအထွက်မှာ ရွှေခွက်နဲ့ ငွေအပြည့် ခပ်ပေးပါ

www.burmeseclassic.com

www.burmeseclassic.com

မဂ္ဂပစ္စယော

# ရောင်ပြန်

မဂ္ဂဇင်း

၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ၊ အမှတ် (၂၇၆)

## မာတိကာ

### ရောင်ပြန် ကဗျာ

သွေးရည်၊ မှူးအိမ်ဇင်၊ နန္ဒာမိုးကြယ်၊ မြစိုးလွင်၊
အောင်သိန်းဝင်း(ပွင့်ဖြူ)၊ နောင်လွင်၊
စလင်းဘုန်းကျော်၊ အောင်ရာဇာ(ဥက္ကလာ)

### ရောင်ပြန် အခန်းဆက်ရသ

မွန်းတည့်ချိန်မှာ အရိပ်ရှာသူ(၇)
ကျော်မြသန်း ---------- ၁၅၄
ဘဝအသဓျေ့(၇)
မင်းသိခ် ---------- ၁၆၄
မာယာဒေဝီနှင့် ကျောက်စိမ်းရုပ် အရှုပ်တော်ပုံ(၄)
မောင်ယဥ်မွန်(မော်စ်နေခြည်) ---------- ၁၇၂
မယ်ဇယ်ပင်စောင့်နတ် ကာလုံစား (ဇာတ်သိမ်း)
လေးမောင် ---------- ၂၀၈




## ဝက်ပုံပြည့်လွယ် ကုဋေကြွယ် မြတ်စွာဘုရား

မောင်တင်သိန်း(ဇော်ဇ)



စာ-၂၁


သဗ္ဗဓနယမင်္ဂလာကုဋေ ကြွယ်ဂါထာ

ဒီဝါ တပတီ အာဒိစ္စော၊ ရတ္တိမှာ ဘာတိ စန္ဒိမာ။
သန္နဒ္ဓေါ ခတ္တိယော ဘာတိ၊ ဈာယီ တပတိ ဗြာဟ္မဏော။
အထ သဗ္ဗ မဟောရတ္တိံ၊ ဗုဒ္ဓေါ တပတိ တေဇသာ။ ။

## သံသပိတ်

စာ-၅၇

သုတေသီ ဆရာငြိမ်း



သံသပိတ်ဖိဖုတ်နည်း အဆင့်ဆင့်




www.burmeseclassic.com

www.burmeseclassic.com




## မြ[illegible]ရေးရာ


ထူးထူးခြားခြား မ်ပဟာသေခဲလှဘုရား
ဆရာချစ်(ကျောင်းကုန်းကျောင်း) ---------- ၁၇

ဝကံ့ပြည့်လွယ် ကုဋေကြွယ်မြစ်ဗွာဘုရား
မော်တင်သိန်းဇော်ဇ ---------- ၂၁

နေလဘုရားနဲ့ နမောတောဂါထာအစွမ်း
ဂမ္ဘီရဆရာမြိုင် ---------- ၂၄

ထောင်ပြည့်စေတီများ
မောင်ခက်ကျူ(စကု) ---------- ၂၅

မဟာဇေယျသိဒ္ဓိ အဓိဋ္ဌာန်ဆရာတော်
ပထမံဆရာကြီးဦးအောင်သူ ---------- ၂၈

သဗ္ဗွမမြောက် ကျော်အောင်စံထားဆရာတော်ကြီး၏
ကံကိုးကံဘုရားများ အဓိဋ္ဌာန်ဖြင့် ပူဇော်ခြင်း
ဂမ္ဘီရချစ်ကြီး(ဆင်ဖြူကျွန်း) ---------- ၃၁

တောရဆောက်တည်သည့် သာသနာ့အာဇာနည်
အရှင်ဝဏ္ဏိတမဟာထေရ်
မင်္ဂလာဦးရွှေအိုး ---------- ၃၅


BURMESE CLASSIC .com




## ရောင်ပြန် ရသ


းပုံစံ(၆၆)
ဦး ---------- ၈၆

က်ရောင်ဝိဇ္ဇာမြင့်နှင့် တွေ့ဆုံခြင်း
မာင်မြင့်အေး ---------- ၉၄

းထွတ်ခေါင် ထိုလက်ဆောင်
ကျော်ဝင်း ---------- ၁၀၂

င်သော အကွရာ
ုင်မောင်မဲခေါင် ---------- ၁၁၀

က်ကန်း
ာင်စကြာ ---------- ၁၉၈

ခေါင်တိုင်
ထိဝ် ---------- ၂၃၈



ပ်ဒီတာအဖွဲ့ / ကြော်ငြာနှင့် ဖြန့်ချိရေး

**လာဘ်မိုးရွှေ စာပေ**

တိုက် - ၂၇၊ အခန်း - ၁၂(မြေညီထပ်)
မ်း(အောက်)၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့
၀၉ - ၄၂၁၀၀၅၉၂၅၊ ၀၉ - ၅၀၉၂၄၇၇


www.burmeseclassic.com

www.burmeseclassic.com




## လောကီရေးရာ

အောင်လာဘ်တွေနှင်ရာ အဆောင်မြင်းခွာ
မော်တင်သိန်းဇော်ဇ ---------- ၄၃
ရှင်တစ်ထောင် ကျွတ်တမ်းဝင်သည့် ပြာသိုလပြည့်နေ့
တက္ကသိုလ်သျှင်ဥက္ကာ ---------- ၅၄
နေအိမ်တိုက်တာနှင့် အကျိုးပေးမည့်အရောင် သပိတ်အကြောင်း
ဆောင်းဟေမာန် ---------- ၅၆
သပိတ်အကြောင်း သိကောင်းစရာ ဘုရားရှင်၏ သပိတ်တော်
မင်းဝိဇ္ဇာဒီပ ---------- ၅၇
သည်လဖွားအတွက် ကံဇာတာ
ဆရာမိုးဟန်ကြွယ် ---------- ၆၀
အလုပ်အကိုင် အောင်မြင်စေရန်
မဟိဒ္ဓိကျော်ခေါင် ---------- ၆၁
သည်တစ်လမှာ ဆောင်ရွက်ပါ
နေမျိုးထွဋ်ခေါင် ---------- ၆၂
စိုက်ပျိုးရေးရာ သည်လမှာ
တောကကိုရင် ---------- ၆၃
သည်လအတွက် ကောင်းသောရက်
နွယ်သာကီအောင် ---------- ၆၄
ရောင်ပြန်မဂ္ဂဇင်းပြက္ခဒိန်
အင်ကြင်းဖြူဖြူ(တောင်ငူ) ---------- ၆၆
၂၀၁၆ မျောက်နှစ် ၁၂ လရာသီဖွားများအတွက် ဒီဇင်ဘာအဟော
ဦးတိုး(တက္ကသီလ) ---------- ၆၇
၂၀၁၇ ဇန်နဝါရီ၊ တရုတ်နှစ်မွေးသူများအတွက်
ဆောင်ရန် ရှောင်ရန်နှင့် သတိပြုရန်အချက်များ
ကေတီအောင်သိန်း ---------- ၇၀
၂၀၁၇ ခုနှစ်၊ ကြက်နှစ် ကြီးပွား၊ ဘေးကင်း၊ လာဘ်ရွှင်ရန်
အဆောင်များဖြင့် စီရင်နည်းများ
ကေတီအောင်သိန်း ---------- ၇၃
ပထမဦးဆုံးအကြိမ် ကျပ်တစ်သိန်းထီဆု ထုတ်ယူမှုအတွေ့အကြုံ
မြတ်မင်း ---------- ၇၇
ဘဝအမောစင်မယ့် လှတောတစ်ခွင်ဟာသများ
ဦးကောင်းထူး ---------- ၈၀
နေရာရှာနေကြသူများ
အောင်ကျော်ညို(ဆင်ချဆိပ်) ---------- ၈၄
အရောင်းသွက်စေဖို့ အရောင်းထွက်စေဖို့
သုတေသီဆရာငြိမ်း ---------- ၉၁
ဘယ်မှာနေဖို့သင့်မလဲ
ထင်ကျော်သောင်း ---------- ၉၉
ဘေးကင်းရန်ကွာ ယတြာ
ဝင်းဇော်(သုံးဆယ်) ---------- ၁၀၇
ဘယ်ဂဏာန်းကြိုက်သည်ပြော ဗေဒင်ဟောကိန်း
ညွန့်လွင်(စက်မှုတက္ကသိုလ်) ---------- ၁၁၈
တမလွန်ဘဝသို့ရောက်ရှိနေသော မိဘဆွေမျိုးတို့အား ဖိတ်ခေါ်ခြင်း
ဆွေမြင့်(ကျောက်ဆည်) ---------- ၁၁၉
သေရည်နှင့် ရွှေရည်
လှိုင်(မ/ဒဂုံ) ---------- ၁၂၂





www.burmeseclassic.com

www.burmeseclassic.com

## နေလဘုရားနဲ့ နမောတေဂါထာအစွမ်း

ဂမ္ဘီရဆရာမြိုင်    စာ - ၂၃



## လောကီရေးရာ


အုံ့ဖွယ်တောမှာ အုံ့ဖွယ်ပြောမိခြင်း
နှင်းနှင်း ---------- ၁၂၅
အထက်ဆောင်ပန်း၊ အောက်နင်းကြမ်း ရှင်လန်းအေးကြည်ရာ
ဝင်းဇော်(သုံးဆယ်) ---------- ၁၂၈
ရှေးဟောင်းကျမ်းလာ ဓာတ်ရိုက်ဓာတ်ဆင်နည်းပညာ
ဆရာဝေယံဦး ---------- ၁၃၄
ရမ္မက်နွံ
ခင်မောင်အေး(မန္တလေး) ---------- ၁၃၉
မေတ္တာလက်ဆောင်
ကျော်ဇင်သွေး(သာယာရွှေပြည်ဟိန်း) ---------- ၁၄၁
ခေတ်ပြိုင်အနုပညာပြတိုက်(ဖို့(တ်)ဝိန်း)
မောင်ကောင်းမြင့် ---------- ၁၄၅
ပေးလှူခြင်းအမျိုးမျိုးနှင့် အကျိုးရှိအောင် လှူဒါန်းလိုလျှင်
တင့်ထူး(ဇေယျဝတီ) ---------- ၁၄၇
မြွေဆိုမကြောက် နိမိတ်ကောက်
ဂန္ဓာရီဆြာအံ့ ---------- ၁၅၁
ဘန်ကောက်-ကမ္ဘောဒီးယား အံ့ဖွယ်များ
ဒေါ်ခမ္မစာရီ ---------- ၁၈၅
သက်ရောက်အလိုက် ဆီမီးပူဇော် အမိဌာန်ယတြာ
အောင်ကောင်းမြ(သာကေတ) ---------- ၁၉၄
ရုပ်ပဋ္ဌမံ - နာမ်ပဋ္ဌမံ ပုတီးစိပ်နည်း
ဇေယျတု(B.A) ---------- ၂၁၈
မြို့ရှန်ကုန်ဝန်းကျင်မှ ဂမ္ဘီရဆန်းကြယ်ဖြစ်ရပ်များ(၄)
ပထမံဝိဇ္ဇာအောင် ---------- ၂၁၉
ပျောက်ဆုံးသွားသော ထူးထူးခြားခြား နီးဘုရား
ပန်းတနော်နောင်လတ် ---------- ၂၃၁
အဆင်ပြေမည့် အရောင်များ
နိုင်မမ(ပညာရေး) ---------- ၂၃၆
မင်းသိခ်ပြောတဲ့ အဓိဌာန်အကြောင်း
မင်းသိခ် ---------- ၂၄၃
မွေးနံ့တူတွေ ယတြာချေလျှင်
နိုင်မမ(ပညာရေး) ---------- ၂၅၆
နိဗ္ဗာန်လမ်းပြ ဝိပဿနာတရားတော် ပညတ်-ပရမတ်(၁)
မဟာထွန်း ---------- ၂၅၇
အင်တာဗျူးမှာ ရှင်ကာမြူးစေဖို့
ဂမ္ဘီရဆရာပွင့် ---------- ၂၆၂
မြန်မာ့ပြက္ခဒိန်နှင့် ဝါထပ်ရက်ငင်
ထူးကြီးဌေးလွင် ---------- ၂၆၃
တရားအကျိုး နတ်မျိုးဒေဝါ မစလေကြောင်း သက်သေဟောင်း
နိုင်ခင်အင်ကြင်း ---------- ၂၆၅
ဘုရားဟောခဲ့သည့် မစားအပ်သော အသားကြီး ၁၀ မျိုး
အကြောင်းနှင့် အရှုကင်ရှုတင်တောရ ဆောက်တည်ခြင်းဘေးမဲ့
ကျော်ဇောဟိန်း(နံ့သာ) ---------- ၂၆၉
ကိုယ်စောင့်နတ်များနှင့် မိတ်ဖွဲ့၍ အကူအညီတောင်းခံနည်း
သုခစုစံ(ကျိုက်လတ်) ---------- ၂၇၃
ဝိဇ္ဇာမိုရ်ကပေးသော ယတြာလေးတစ်ခု
ခင်ကြီးခင်ခင်(မြန်မာစာ) ---------- ၂၈၀


■ သုတေသီဆရာငြိမ်း

## အာဟာရပြည့် ဆေးဖက်ဝင် သီးနှံများ



www.burmeseclassic.com

www.burmeseclassic.com

## အောင်လာဘ်တွေနှင်းရာ
## အဆောင်မြင်းခွာ

မော်တင်သိန်းဇော်ဂျ




စာ - ၉၇

စာ - ၂၉

## မြို့ရှန်ကုန်ဝန်းကျင်မှ
## ဂမ္ဘီရဆန်းကြယ် ဖြစ်ရပ်များ (၄)

ပထမံပိဋကအောင်



စာ - ၂၀၈



## လေးမောင်

## ရောင်ပြန် လျှို့ဝှက်ဆန်းကြယ်


ပြည်တွင်းပြည်ပ ဗိဉာဉ်လောက ယုံကြည်ချက်များ
လှတိုး(စိတ်ပညာ) ------------------------ ၁၉၀


## ရောင်ပြန် မျက်နှာဖုံးဆောင်းပါး


နေအတွက်မှာ ငွေအတွက် မပူရအောင်
ကျော်ဇောဟိန်း(နုံသာ) ------------------------ ၃၉
မိသားစုဘဝ သာယာချမ်းမြေ့စေသည့် ဘုရားငါးဆူဂါထာတော်
မင်္ဂလာဦးရွှေအိုး ------------------------ ၄၁
လာဘ်ဝင်ငွေရှင် ယတြာလုပ်ကြည့်ကြစမ်းပါ
ဝင်းဇော်(သုံးဆယ်) ------------------------ ၄၅
သံသပိတ်
သုတေသီဆရာငြိမ်း ------------------------ ၄၇
သပိတ်ဝင် အိတ်ဝင်
ခနုဖြူဆရာတင် ------------------------ ၅၀
ဥမင်္ကဲ သိုက်မပျက်
တက္ကသိုလ်သန် ------------------------ ၅၁


လစဉ်ထုတ် ရောင်ပြန်မဂ္ဂဇင်း၊ ပြစ်မှုမဂ္ဂဇင်းသို့ စာမူပေးပို့ခြင်း၊ စာမူခထုတ်ယူခြင်းတို့ကို
နံနက်(၁၀း၀၀)နာရီမှ မွန်းလွဲ(၂း၀၀)နာရီအတွင်း (စနေ၊ တနင်္ဂနွေနှင့် ပြန်တမ်းဝင် ရုံးပိတ်ရက်များမှအပ)
ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်လွှဲစာဖြင့်သော်လည်းကောင်း လာရောက်ထုတ်ယူနိုင်ကြပါသည်။
စာမူပေးပို့ရာ၌ မဂ္ဂဇင်းတိုက်သို့ တိုက်ရိုက်ပေးပို့ခြင်းမရှိပါက တာဝန်ယူမည်မဟုတ်ပါ။

www.burmeseclassic.com

www.burmeseclassic.com







အယ်ဒီတာအဖွဲ့/ကြော်ငြာနှင့် ဖြန့်ချိရေး

လာဘ်မိုးရွှေ စာပေ

တိုက် - ၂၇၊ အခန်း - ၁၂(မြေညီထပ်)

၅၂ - လမ်း(အောက်)၊ ပုလဲတထောင်မြို့နယ်၊ ရန်ကုန်မြို့။

၀၉ - ၄၂၁၀၀၅၉၂၅၊ ၀၉ - ၅၀၉၂၄၇၇


## ရောင်ပြန်ဟပ်ဘင်


သီသာစေကြောင်း မင်္ဂလာနိမိတ်ကောင်း

ဒေါက်တာစောယုနွယ် —————— ၂၈၅


## ရောင်ပြန် အထူးယတြာ


နိုင်ငံခြားရောက်မြန်မာများအတွက် အထူးဟောကိန်း

ဒေါက်တာစောယုနွယ် —————— ၂၉၄


## လူတွေသိ နတ်တွေကြားစေ



လူတွေသိ၍ နတ်တွေကြားစေ —————— ၂၉၆


**ဘန်ကောက် – တမွှာဒီးယား အုံ့ဖွယ်များ**


ဒေါ်ဝမ္မစာရီ (သစ်းဂျုံအောင်မိုး) စာ - ၁၇၅




Visit Angkor Wat Temple 22.08.2016



www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# ဒံ့ဒရက္ကာ

ရေးသည်

● ပလူကောင်ကို
အိမ်မြှောင်ဟပ်ဆွဲ။

● ကင်းလိပ်ချောကောင်
အိမ်မြှောင်ကို ဆတ်ခနဲ။

● နှိင်လိုထက်နင်း
မြင်ကွင်းပုံရိပ် မှင်တက်ထိတ်မိ
တိရစ္ဆာန်တို့ရဲ့ သံသရာဝဲ။ ။




www.burmeseclassic.com

# ဆောင်းရဲ့ဇာတ်ဝင်ခန်း

မှူးဒီဓိဝင်

● "ဆင်းရဲနွမ်းပါးမှုဟာ
တော်လှန်ရေးနဲ့ ဒုစရိုက်တွေ
မွေးဖွားပေးတဲ့ မိခင်"
အရစ်စတိုတယ်ရဲ့စကား
တို့မြေ တို့ရေမှာ ရှေ့ချထားတော့မှာလား။



● ပန်ချိုဗီလာရေ...
နှင်းတွေ ဝေသီနေတဲ့
ဒီဆောင်းမကုန်မီပေါ့
မက္ကဆီကိုစီးတီးကို အသော့နှင်လို့
မင်းနဲ့ငါ တူယှဉ်ပူးပေါင်း
အကောင်းအတိုင်းပြန်ဖြစ်အောင်
ဝန်းရံသိမ်းပိုက်လိုက်ချင်သေးတယ်။

● နှင်းရေ...
ကျေနပ်လား...တကယ်ကျေနပ်လား။
(ပန်ချိုဗီလာ = မက္ကဆီကိုမှ မြေယာပြုပြင်ပြောင်းလဲရေး သူရဲကောင်းတစ်ဦး)

www.burmeseclassic.com

# ဩဂျီး

ရှားမိုးကြယ်

● ဖြောင့်ချင်ဖြောင့် ကွေ့ချင်ကွေ့
လမ်းတွေ့ရင် လျှောက်မယ်မေ။
● ခလုတ်တံသင်းတွေလား...
နှုတ်ရှင်းပယ် ကွေ့ရှောင်မသွားပါဘူး
သားကောင်တွေ များပြောင်တားစေတော့
ယုံကြည်ရာ ဆုပ်ကိုင်ထားလေတဲ့
အင်အားတွေ တို့မှာရှိပြီမို့
သတ္တိသာ ရင်ဝယ်စွဲ
မြဲဖို့ လိုပေ။
● ကာလရာသီ
နာတာရှည် ရောဂါဘေးရယ်ကြောင့်
ရှေ့ရေးအနေ ရွှေရင်အေးစေဖို့
ဗေဒင်လည်း မမေးနဲ့လေ
တို့ခြေလက် တို့အားကိုး။
● မျှော်လင့်ချက် ကိုယ်စီပင်
နေကွယ်လျှင် လထွက်စမြဲပါပဲ
မေလဲလျှင် မောင်ထူလို့
အသွေးတူ ဖေးကူအပြုံးတွေနဲ့
လှပစွာ ရင်ခုန်ချစ်မယ်
ရှေ့..တစ်ဆစ်ချိုး။ ။




www.burmeseclassic.com

www.burmeseclassic.com

# မျက်နှာစာ

မြိုးခွေဗ်

● လူ့လောက မျက်နှာစာမှာ
မြေ့ရှာကာ အသိထုံးကြည့်တော့
အမုန်းဖိတဲ့လူတွေ
အပြုံးရှိတဲ့လူတွေ • • • လူတွေ။

● ကြည့်စမ်း • • • အမုန်းသမားတွေက
အပြုံးတွေ ပွားနေလိုက်ကြတာ။
အပြုံးသမားတွေက
အမုန်းစကားတွေ ပွားနေလိုက်ကြတာ။



● ကဲ • • • ဝက်ဖဲအသီးသီးနဲ့
လောကကြီးထဲမှာ မာနတွေထောင်
ဟန်ဆောင်နေတဲ့ နှလုံးသားတွေကို
ခွဲခြားကာစိစစ်
အဓိကဖြစ်တဲ့ မျက်နှာစာမှာ • • •။

● ဘယ်သူက အမုန်းပွားပြီး
လှနေတာလဲ • • •။

● ဘယ်သူက အပြုံးထားပြီး
လှနေတာလဲ • • •။

www.burmeseclassic.com

www.burmeseclassic.com

# တန်ဖိုး

အောင်သိန်းဝင်း (မှော်ဘီ)

- အနံ့မပြောင်
  အခံချောင်သည့်
  ဟန်ဆောင်ဝင့်ကြွား
  ပင်စပါးက
  မားမားမတ်မတ် ထောင်လွှား၏။

- အနံ့အစေ့
  အခံပြည့်၍
  ငိုက်သည့်စပါး
  မထောင်လွှားလည်း
  သူကားတန်ဖိုးမြင့်ပါ၏။




www.burmeseclassic.com

www.burmeseclassic.com

# မငြိမ်းချမ်းသော ငြိမ်းချမ်းရေး

နောင်ချွင်

● စစ်ပွဲတစ်ပွဲ
သင်ခန်းစာ တစ်ခုပဲ…ရ။
နောက်တစ်ခေါက် ဗရုပ်မှန်
သည်နိုင်ငံသာမက
ကမ္ဘာကြီးတောင် အေးမြနေလောက်ပြီ။

● စစ်ရေးမြှင့်တင် စစ်အင်တိုးချဲ့
အခုံးမဲ့လမ်း လျှောက်လှမ်းနေမှတော့…။

● လက်နက်တွေထုတ် လက်နက်တွေပြိုင်
စစ်ပွဲတွေ ရင်ဆိုင်ကြ၊ အမျိုးမျိုးအကြောင်းပြ
(ဟိုအတွက်၊ သည်အတွက်၊ ငြိမ်းချမ်းရေးအတွက်)
လက်နက်ကိုင်ပါတယ်ဆိုမှတော့…။

● အပစ်ရပ်ရပ် မရပ်ရပ်
အမြစ်ပြတ်မယ် မထင်ပါဘူး။




www.burmeseclassic.com

www.burmeseclassic.com

# မေတ္တာပန်းမြိုင်

စောသင်းထွန်းကျော်

- နေခြည်လျှံဝင်း ထွက်ပြူလင်း
  ဆီးနှင်းပွင့်တို့ လွင့်စင်ပြယ်
  ကြီးပြင်းရင့်ချို ဖြစ်စဉ်နယ်။
- ကန်ရေပြင်တွင်း မိုးပေါက်ဆင်း
  ချက်ချင်းရေပွက် ရောက်လာကွယ်
  လက်ငင်းသေပျက် ပျောက်ရှာတယ်။
- တောင်ထိပ်မှဖြာ စီးကျလာ
  မကြာလေပင် ကွယ်ပျောက်တယ်
  ပမာရေလျှဥ် ဘယ်ရောက်တယ်။
- လျှာဖျားရေ ထိုတံတွေး
  ထွေးလိုက်မိကာ မရှိတယ်
  တွေးစိုက်ကြည့်ပါ သတိနယ်။
- လူ့ဘဝအား ပမာထား
  ဘာများမက်ဖွယ် မရှိပါတယ်
  ကြာလျှားယှက်သွယ် မသိသာတယ်။
- ဆီးနှင်းမိုးပေါက် တံတွေးမျှလောက်
  တောင်အောက်ကျဆင်း ခဏသာရယ်
  နောင်ကြောက်စရာအခင်း ဘဝတာနယ်။
- မသေမီတာ ဘဝမှာ
  မေတ္တာစမ်းချောင်း အေးလှတယ်
  ရစ်ကာလွှမ်းပတ် ဆေးပကွယ်
  "ချစ်စရာပန်းမြိုင်" မွှေးမြရှယ်။ ။



www.burmeseclassic.com

www.burmeseclassic.com



# ပူဇော်တဝ်ကျင်း

**အောင်ရာဇာ (ဥက္ကလာ)**


● ဘုရား • • • အစ
ပစ္စေက • • • ဗုဒ္ဓါ
သာဝက ရဟန္တာ
"လက်ျာ,လက်ဝဲရံ အစရှိ
အဂ္ဂသာဝက"တို့နှင့်
နှစ်ဖြာမိဘ
ဆရာထိ မက
မြတ်သည့်တရား
ဟောညွှန်ကြားသော
"တရားဟောသူမြတ်"အပါအဝင်
မြင့်မြတ်ကျင့်ကြံ
(အနည်းဆုံး)
ငါးပါးခံယူ
လူပုဂ္ဂိုလ်နှင့်
ကိုယ့်ကိုစောင်မ
လုပ်ဌာနနှင့်
ဝမ်းဝအောင်ကျွေး
နေရာပေးသည့်
ကျေးဇူးရှိသူ
ဆယ်ပါးဟူဘိ
မြတ်သည့် "ခင်ပွန်း"
ပြစ်မစွန်းအောင်
အစဉ်ရှောင်ရှား
ပူဇော်ခြားက
တိုးပွားစည်းစိမ်
ဒုက္ခမိုန်ပျောက်
နိဗ္ဗာန်ရောက်ထိ
တောက်လျှောက်ဆင်းရဲကင်းလေမည်။ ။

www.burmeseclassic.com

www.burmeseclassic.com

# ထူးထူးခြားခြား မဟာသေခဲလှေဘုရား

ဆရာချစ်(ကျောင်းကုန်းကျောင်း)



စလေမြို့အုပ်၏ ကမ္ပည်းကျောက်စာ

ကျွန်ုပ်သည် တောင်ဥက္ကလာပမြို့နယ်၊ အမှတ် (၃)ဝိုင်း၊ ဓာတ်တော်ပြကျောင်းတိုက်မှ ဆရာတော်ဦးဝိစာရတို့၏ အကူအညီဖြင့် မကွေးတိုင်း၊ ချောက်မြို့နယ်၊ ပခန်းငယ်အုပ်စုမှ အောင်လယ်ရွာသို့ ရောက်ရှိခဲ့လေသည်။ ကျွန်ုပ်တို့ခရီး စထွက်သည့်နေ့မှာ ၁၅-၁၂-၂၀၀၁၊ တနင်္ဂနွေနေ့ဖြစ်သည်။

ရာသီဥတု သာယာကြည်လင်နေသည်။ စိတ်ရွှင်ကြည်စရာကောင်းသည်။ စော်ဘွားကြီးကုန်း အဝေးပြေးဂိတ်သို့ မွန်းလွဲ ၂ နာရီတွင် ရောက်ပြီး ရန်ကုန်-ဆင်ဖြူကျွန်းသွားမည့် အောင်ဇေယျကားကို စီးရသည်။ ကားက ၃ နာရီထွက်မည်ဟု ဆိုသော်ငြား ၄ နာရီ ၅ မိနစ်မှထွက်သည်။ တစ်ညလုံးမောင်းသည်။ ည ၂ နာရီတွင် မင်းဘူးမရောက်ခင် ကားပျက်၍ သုံးနာရီကြာအောင် ကားပေါ်မှာပင် အိပ်ရသည်။ ကားပြင်ပြီးမှ ဆက်ထွက်ရာ ဆင်ဖြူကျွန်းသို့ မနက် ၉ နာရီမှ ရောက်သည်။

ဆင်ဖြူကျွန်းမှ မြင်းလှည်းနှင့် စက်လှေဆိပ်သွားရသည်။ နာရီဝက်မျှ မြင်းလှည်းစီးရသည်။ ဆင်ဖြူကျွန်းရောက်တော့ ဆရာကြီးဆင်ဖြူကျွန်းအောင်သိန်းကို အမှတ်ရသည်။ ဆရာကြီး၏ ဇာတ်ကောင်များဖြစ်သောကိုခေးရီးနှင့် မကျည်းတန်ကို [ ]န်၍မြင်ယောင်မိသည်။ ဆရာကြီး၏ ဇာတိမြို့မှာ ဒေသထွက် စားသုံးသီးနှံ အလွန်ပေါလှသည်။ စက်လှေဆိပ်မှ စက်လှေစီး၍ ရောဝတီမြစ်ကို တစ်နာရီခန့် ကူးဖြတ်သည်။

အောင်လယ်ရွာ စက်လှေဆိပ်ရောက်တော့ စက်လှေပေါ်မှဆင်းလျက် သဲသောင်ပြင်ကို မိနစ်နှစ်ဆယ်လောက် ဖြတ်ရသည်။ သဲမြေကို ရုန်းရသည်မှာ အတော်ပင် ခြေကုန် လက်ပန်းကျရသည်။ အထုပ်အပိုးတွေနှင့်မို့ ချွေးရွှဲနေသည်။ အောင်လယ်ရွာကို ဖြတ်ကျော်ပြီး မဟာသေခဲလှသီပွဲကျောင်းတိုက်ဆီသို့ ခရီးဆက်ရသည်။ နာရီဝက်ကျော်အောင် သွားရသည်။

သေခဲလှကျောင်း မ၊ ရောက်မီ များ

www.burmeseclassic.com

ပြုံးလှသော လှည်းဝိုင်းကြီးတွေကို မြင်ရသည်။ အနုယ်နယ်အရုပ်ရုပ်မှလာသော လူထုပရိသတ်မှာ ကြိတ်ကြိတ်တိုးနေသည်။ ကျွန်ုပ်အထင် လေးသောင်းလောက်ရှိမည်ဟု ထင်ရသည်။

ပွဲဈေးတန်းမှာ စတိုးဆိုင်၊ စားသောက်ဆိုင်၊ ဒေသထွက်ပစ္စည်းဆိုင်၊ လယ်ယာသုံးပစ္စည်းဆိုင်၊ မီးဖိုချောင်သုံးပစ္စည်းဆိုင်၊ အဝတ်အထည်ဆိုင်၊ လက်ဖက်ရည် အအေးဆိုင်၊ စဥ့်အိုးဆိုင် စသည်ဖြင့် အလွန်ကြီးမားသော ဆိုင်ကြီးများကို တွေ့ရသည်။ မျက်လှည့်ရုံ၊ ဆပ်ကပ်ရုံ၊ ဇာတ်ရုံ၊ ဗီဒီယိုရုံများကိုလည်း တွေ့ရသည်။ လူထုပရိသတ်မှာ ပျားပန်းခပ်သလို လှုပ်ရှားနေကြသည်။

ဤကဲ့သို့ လူအများ စည်ကားသိုက်မြိုက်နေခြင်းမှာ ရှင်ပင်မဟာသေခဲလှဘုရားပွဲတော်ကြီးသို့ စုဝေးရောက်လာခြင်းကြောင့် ဖြစ်သည်။ မဟာသေခဲလှဘုရားမှာ တကောင်းခေတ်ကတည်သောဘုရားဖြစ်သည်။ အစဦးဘုရားဒါယကာမှာ ပုပ္ပဒေဝမင်းဖြစ်သည်။ ထိုမင်းသည် သာသနာသက္ကရာဇ် ၄၀၀ ကျော်ခန့်က ဝက်ရာဇ်တိုင်းပြည်ကို အုပ်ချုပ်ရသည်။ ထိုပြည်၏ မြောက်ဘက်ရှိ မဟာသီရိပပ္ပတောင်တန်းတွင် ဝါးခြမ်းတောင်ကြီးပမာဏရှိသော မဟာသေခဲလှစေတီတော်ကို တည်ထားကိုးကွယ်ပြီး မွေတော် ဓာတ်တော်နှင့် ရတနာကိုးပါးကို ဌာပနာသွတ်သွင်းခဲ့လေသည်။

မဟာသေခဲလှစေတီဟု ဘွဲ့တော်သမုတ်ရခြင်းကား ရှေးအခါက ထိုတောင်တစ်ဝိုက် တောအုပ်ထူထပ်ရာ



မြန်မာမှုလက်ရာ
ရွှေဟောင်းတန်ဆောင်း

ဒေသတွင် မုဆိုးများ တော်လိုက်ကြသောအခါ သားကောင်များက တောင်ပေါ်သို့ ပြေးကြ၏။ မုဆိုးများမှာ တောင်ပေါ်အနှံ့ လိုက်ရှာသော်လည်း သားကောင်များ၏ ခြေရာကိုပင် မတွေ့မမြင်အောင် ပျောက်ကွယ်သွားသဖြင့် သားကောင်များ အသက်ဘေးမှ လွတ်ကင်းရာကို အစွဲပြု၍ မဟာသေခဲလှစေတီဟု ဘွဲ့မည်တော်သတ်မှတ်ခဲ့ခြင်း ဖြစ်လေသည်။

ထို့နောက်တွင် ပုဂံပြည်ကို အုပ်ချုပ်ရသော မဏိစည်သူမင်းသည် သာသနာတော်သက္ကရာဇ် ၆၀၀ ကျော်ခန့်တွင် ပဒုံပြည်ကို အုပ်ချုပ်တော်မူလေသည်။ ထိုမင်းသည် ပုပ္ပဒေဝမင်းတည်ခဲ့သော မဟာသေခဲလှဘုရားအားငုံ၍ အတောင်နှစ်ဆယ်မြင့်သော စေတီတော်ကြီးအဖြစ် မွမ်းမံတည်ထားခဲ့လေသည်။

သီပေါမင်းလက်ထက်တွင် စလေမြို့အုပ်မင်း ဦးကျော်ဇောသည် မဟာသေခဲလှဘုရားကို ၁၂၄၈ ခုနှစ်၌ ဉာဏ်



www.burmeseclassic.com

www.burmeseclassic.com

တော် လေးဆယ့်ငါးတောင်၊ လုံးပတ်တော်လေးဆယ့်ငါးတောင်၊ အရံစေတီတော် လေးဆယ့်ငါးဆူ၊ အာရုံခံတန်ဆောင်း လေးခု၊ သိမ်တော်ကြီးတစ်ခု၊ ခရီးသွားများနားနေရန် ဇရပ်ကြီးနှစ်ဆောင်အပြင် စောင်းတန်းလေးခုကိုပါ တည်ထားခဲ့လေသည်။

ဦးကျော်ဇောမှာ သီပေါမင်း ရတနာဂီရိသို့ ပါတော်မူပြီးနောက်ပိုင်း၌ အင်္ဂလိပ်တို့၏ ဘေးရန်ကိုကြောက်၍ စလေမြို့မှတိမ်းရှောင်လျက် မဟာသေခဲလှဘုရားအနီး တောတွင်း၌ ပုန်းအောင်းနေရသည်။ အင်္ဂလိပ်တို့က စလေမြို့အရေးပိုင်ကို ဦးကျော်ဇောအား ရှာဖွေစေပြီး စလေမြို့အုပ်မင်းအဖြစ် ပြန်လည်ခန့်ထားကြသည်။ ဤအချက်ကို အကြောင်းပြု၍ ဦးကျော်ဇောက ဤမဟာသေခဲလှ ဘုရားကုန်းတော်သည် သေဘေး၊ ရာဇဝတ်ဘေးမှ လွတ်ကင်းရာ အောင်မြေအမှန်တော့ဖြစ်သည်ဟု ဆုံးဖြတ်ကာ မဟာသေခဲလှဘုရားကြီးကို ကမ္ပည်းထိုး၍ မွမ်းမံပြင်ဆင်ခဲ့ရာ ယနေ့တိုင် ထည်ဝါခံ့ညားစွာ ဖူးမြော်ရလေသည်။

စလေမြို့အုပ်မင်း ဦးကျော်ဇောနှင့် မင်းကတော် ဒေါ်မိမိတို့က မဟာသေခဲလှဘုရားအပြင် နာခဲလှရေကန်၊ အိုခဲလှကျောင်းတို့ကိုလည်း ဆောက်လုပ်လှူဒါန်းခဲ့ပြီး နှစ်စဉ် နတ်တော်လဆုတ် ၁၀ ရက်နေ့၌ ဗုဒ္ဓပူဇနီယပွဲတော်ကြီးကို စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ရာ ယနေ့ထက်တိုင် ဖြစ်တော့သည်။

ကျွန်ုပ်မှာ ဆရာတော်ဦးကေတုနှင့် ဦးဝိစာရတို့၏ ဂုဏ်ကျေးဇူးကြောင့် တကောင်းခေတ် ရှေးဟောင်းသမိုင်းဝင် မဟာသေခဲလှဘုရားကြီးကို ဖူးမြော်ကြည်ညိုရသည့်အပြင် မဟာသေခဲလှကျောင်းတိုက်မှ ကျောင်းထိုင်ဆရာတော် ဦးသုမနသီရိနှင့် တိုက်အုပ်ဆရာတော် ဦးဣန္ဒကတို့မှ ကျွန်ုပ်သိလိုသော မဟာသေခဲလှဘုရားသမိုင်းအကျဉ်းကို မိန့်ကြားတော်မူသဖြင့် ကျေးဇူးအထူးတင်မိပါသည်။ ဆရာတော်နှစ်ပါးကလည်း ကျွန်ုပ်အတွက် လိုအပ်တာမရှိရအောင် အထူးကူညီ စောင့်ရှောက်ကူညီကြသည့်အပြင်* ဒကာရင်းများဖြစ်သော စလင်းတောင်ရွာမှ ဦးသာဆွေ၊ ဦးမာတို့ မိသားစုများကလည်း ကျွေးမွေးစောင့်ရှောက်ကြသဖြင့် ကျေးလက်၏စေတနာ မေတ္တာရိပ်ကို အပြည့်အဝ ခိုလှုံခဲ့ရလေသည်။

ယခုအခါတွင် မဟာသေခဲလှဘုရားကြီး၏ တောင်ဘက်အနီးတွင် အိုခဲလှစေတီတစ်ဆူရှိလျက် စလင်းတောင်ရွာအနီး၌ နာခဲလှစေတီတစ်ဆူရှိလေသည်။ တိုက်အုပ်ဆရာတော် ဦးဣန္ဒကနှင့် ကျွန်ုပ်သည် စေတီတော်များအား လိုက်လံကြည့်ရှု၍ မှတ်တမ်းပြုရသည်။ ဘုရားပွဲတော်စည်ကားပုံအား ဗီဒီယိုမှတ်တမ်းတင် ရိုက်ကူးနေသော ကိုအောင်ကျော်မိုး၊ ကိုသူရဝင်းတို့အဖွဲ့နှင့် တင်မရာမင်း ဦးမြင့်ဇော်တို့ကိုပါ ခင်မင်ရင်းနှီးခွင့် ရခဲ့ပါသည်။ ထိုပုဂ္ဂိုလ်များက ကျွန်ုပ်အား လိုအပ်သမျှ အကြံပြုပါရန် တိုက်တွန်းသဖြင့်



သေခဲလှဘုရားအနောက်မှ လှည်းဝိုင်း



www.burmeseclassic.com

www.burmeseclassic.com

ဘုရားသမိုင်း အကျဉ်းဇာတ်ညွှန်းကိုရေးလျက် ရှေးခေတ်နှင့် ယခုခေတ်ကို တွဲစပ်၍ ရိုက်ကူးစေရာ ကျွန်ုပ်အား အလွန်ပင် ကျေးဇူးတင်ကြသည်။ ရာဇဝတ်ဇာတ်ကောင်အဖြစ် ပခုက္ကူမြို့ ကျော်ရတနာဇာတ်အဖွဲ့မှ မင်းသား၊ မင်းသမီး လူရွှင်တော်များက ဇာတ်ဝတ်ဇာတ်စားဖြင့် ကူညီပေးခဲ့ကြသည်။ ၎င်းတို့အား ကျေးဇူးတင်ရပါသည်။

မဟာသေခဲလုဘုရားပွဲတော်ကြီးကား အလွန်စည်ကားသိုက်မြိုက်လှပါသည်။ လှည်းတစ်တန်၊ လေ့တစ်တန်၊ ကားတစ်တန်ဖြင့် လူထုပရိသတ်ကြီးမှာ ဝင်လာမစဲ တသဲသဲပင်ဖြစ်ပါသည်။ ပွဲတော်ဈေးတန်းများမှာ လူတွေကြိတ်ကြိတ်တိုးနေသည်။ ဒေသထွက် မုန့်ဩဇာမှာ အလွန်နာမည်ကြီးလှသည်။ အသီးအနှံ၊ အသားငါးဆိုင်များလည်းရှိသည်။ ဆီပေါသော အရပ်ဖြစ်၍ နှမ်းဆီ၊ မြေပဲဆီစစ်စစ်ကို စားရသည်။ အညာငရုတ်သီးထောင်းကောင်းကောင်း စားရသည်။ မြေပဲပြုတ်၊ ပြောင်းဖူးဖုတ် ကောင်းကောင်းစားရသည်။ ဘုရားပွဲတော်ကို တစ်ပတ်ကြာကျင်းပသည်။ ဂေါပကအဖွဲ့၊ မီးသတ်ကြက်ခြေနီ ၊ တပ်ဖွဲ့များမှ စောင့်ရှောက်ပေးကြသည်။ ဝေးလံခေါင်သည့် တောဘုရားပွဲဖြစ်သော်ငြား ရာဇဝတ်မှု သိပ်မရှိသည်ကို တွေ့ရလေသည်။

ကျွန်ုပ်မှာ ဘုရားပွဲတော်ပြီးသည့်နောက် မပြန်ဖြစ်သေးဘဲ ဆရာတော် ဦးကေတု၏ မိတ်များအိမ်နှင့် တိုက်အုပ် ဦးဣန္ဒက၏ မိတ်များအိမ်၊ ဦးသာဆုတို့အိမ်၊ ဦးမာတို့အိမ်များသို့ အလည်သွားလျက် နံနက်စာ၊ ညစာများ သုံးဆောင်ရသေးသည်။ တောသူ တောင်သားတို့၏ စေတနာကား ဘယ်အရာနှင့်မျှ နှိုင်း၍မရနိုင်ပါချေ။ အားလုံးကိုလည်း ကျေးဇူးစကားဆိုမိပါသေးသည်။

## မဟာသေခဲလုဘုရား၏ အံ့ဖွယ်ရာများ

၁။ တစ်နှစ်တစ်ခါ လာရောက်ဖူးမြော်သူတိုင်း အိုဘေး၊ နာဘေး၊ သေဘေးမှ လွတ်ခြင်း။

၂။ ရာဇဝတ်သားများ ထိုကုန်းတော်ပေါ်တွင် ပုန်းအောင်းနေလျက် ရာဇဝတ်ဘေးမှ လွတ်ခြင်း။

၃။ စေတီတော်၏ စိန်ဖူးတော်အား ခိုးယူ၍မရနိုင်ခြင်း။

၄။ စေတီတော်ဝန်းကျင် တောအတွင်း မြွေဆိုးများ မနေနိုင်ခြင်း။

၅။ မှုဆိုးများ တောလိုက်လျှင် စေတီတော်ကုန်းပေါ်သို့ တက်ပြေးသော သားကောင်များအား ရှာဖွေမတွေ့နိုင်ခြင်း။

၆။ လူထုပရိသတ် ဘယ်လောက်များများ စေတီတော်ကုန်းနှင့် ရင်ပြင်တော်သည် ကျယ်ကျယ်ဝန်းဝန်းရှိခြင်း။

၇။ စေတီတော်သို့ လာရောက်ဖူးမြော်သူ ရောဂါသည်များ ရောဂါပျောက်ကင်းခြင်း။

၈။ တစ်နှစ်တစ်ခေါက် လာရောက်ဖူးမြော်သူတိုင်း အသက်ရှည်၍ စီးပွားလာဘ်လာဘ ပေါများခြင်း။

၉။ ဘုရားပွဲတော်ကျင်းပသည့် အခါတိုင်း လုယက် သတ်ဖြတ်ခိုးယူမှုများ ကင်းရှင်းခြင်း။

## မဟာသေခဲလုကျောင်းတိုက်

မဟာသေခဲလု ကျောင်းတိုက်မှာ သေခဲလုစေတီတော်ကြီးအနီး၌ရှိသည်။ သစ်ပင်ကြီးများဖြင့် ဝေဝေဆာဆာရှိသည်။ ယခင်ကျောင်းထိုင်ဆရာတော်မှာ ဦးတိက္ခဖြစ်သည်။ ယခုကျောင်းထိုင်ဆရာတော်မှာ ဦးသုမနသီရိဖြစ်သည်။ သက်တော်၊ ဝါတော် နုသော်ငြား ဘုရားအလိုတော်ကျ သာသနာပြုနေသည့် ဆရာတော်ဖြစ်သည်။ စိတ်စေတနာ အလွန်ကောင်းလှသည်။ စကားပြောပွင့်လင်းသည်။ အနေအထိုင် ကျစ်လျစ်သိပ်သည်းသည်။ လာသမျှပရိသတ်ကို ကျွေးမွေးပြုစုတတ်သည်။ စာရေးသူအား အစ်ကိုကြီးသဖွယ် ခင်မင်လေးစားသည်။

တိုက်အုပ်ဆရာတော် ဦးဣန္ဒကမှာ အရပ်ရှည်ရှည်၊ ထောင်ထောင်မောင်းမောင်းနှင့် အသက် ၃၀ ခန့်ရှိသည်။ သဘောကောင်း၍ ရိုးစင်းလှသည်။ နေ့စဉ် စာရေးသူသုံးရန် ငွေတစ်ထောင်စွန့်သည်။ စားရေးသောက်ရေးမှ အစ ကူညီစောင့်ရှောက်သည်။ ဆရာတော် ဦးကေတုနှင့် ဦးဝိစာရတို့ကလည်း ငွေကြေးထောက်ပံ့ကြသည်။ ထိုကျေးဇူးများကို စာရေးသူမှာ တစ်သက်မမေ့နိုင်တော့ပါ။ ကိုယ်တော်များ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာ၍ အသက်ရှည်ကြပါစေ။ သာသနာတော်အကျိုးသယ်ပိုးနိုင်ကြပါစေဟု ဆုတောင်းမေတ္တာပို့မိပါသည်။

ဆရာချစ်(ကျောင်းကုန်းကျောင်း)




www.burmeseclassic.com

www.burmeseclassic.com

# ဝက်ကုံပြည့်လွယ် ကုဋေကြွယ် မြတ်စွာဘုရား

## မောင်တင်သိန်း(ဇော်)



**သမ္ဗုဒ္ဓဇယမင်္ဂလာကုဋေ ကြွယ်ဂါထာ**

ဒိဝါ တပတိ အာဒိစ္စော၊ ရတ္တိမာ ဘာတိ စန္ဒိမာ။
သန္နဒ္ဓေါ ခတ္တိယော ဘာတိ၊ ဈာယီ တပတိ ဗြာဟ္မဏော။
အထ သဗ္ဗ မဟောရတ္တိံ၊ ဗုဒ္ဓေါ တပတိ တေဇသာ။ ။

ပုဂံခေတ် ကျန်စစ်သားမင်းကြီး နန်းတက်စဉ် နိုင်ငံတော်ကြီး အေးချမ်းသာယာအောင်မြင်စေရန် ကြီးမြတ်သော အကြံ၊ ပူဇော်ဆုတောင်း အဓိဋ္ဌာန်တို့နှင့် "ဝက်ကုံပြည့်လွယ် ကုဋေကြွယ် မြတ်စွာဘုရားဆင်းတုတော်မြတ်" အား မင်းမြောက်တန်ဆာ ငါးပါးတော်ဖြင့် ထွတ်မြတ်စွာ ထုလုပ်ပူဇော်ခဲ့ပါသည်။ ဆင်းတုတော်၏ လက်ချောင်းတော်မြတ်များ၌ ခါတ်လုံးလက်စွပ်တော်မြတ်များ ပူဇော်ဝတ်ဆင်ထားတော်မူသဖြင့် "လက်စွပ်တော်ဘုရား"ဟု



www.burmeseclassic.com

www.burmeseclassic.com

ကနဦးမူလက ဘွဲ့မြတ်တော်ကြီး ရှိခဲ့၍ ခေါ်ခဲ့ပါသည်။ "ရတနာမုနိဘုရားရှင်"ဟူသည့် ဘွဲ့မြတ်တော်ကြီးလည်း ရှိတော်မူပြန်ကာ ပုဂံခေတ်နှောင်းပိုင်းကာလတို့၌ အင်းဝခေတ်၊ ထိုမှ ကုန်းဘောင်ခေတ်များသို့တိုင်အောင်ပင် မင်းအဆက်ဆက်တို့ ဆက်လက်ကိုးကွယ်ပူဇော်ခဲ့ကြပြီး ဆုတောင်းမှုများ ပြည့်ဝမှုတို့ကြောင့် နောက်ပိုင်းခေတ်တို့၌ "လေးကျွန်းစကြာ အောင်တော်မူ မဟာအတုလ ရတနာမုနိမြတ်စွာဘုရား"ဟု ထပ်ဆင့်တိုးတော်မူ၍ ဘွဲ့မြတ်တော်ကြီးများ ထွန်းပေါက်တော်မူခဲ့ပါသည်။

ထိုမှ အမရပူရအင်းဝရှိ ဗားကရာကျောင်းတိုက် မြသိန်းတန်ဆရာတော်မြတ်ဘုရား လက်ဝယ်ရောက်ရှိပြီး ဒါယိကာမကြီး ဒေါ်သိန်း(အမေသိန်း)က ဆရာတော်မြတ်ထံမှ ခွင့်တောင်းပင့်ဆောင်ကာ အနှစ် ၃၀ ခန့်မျှ ပူဇော်ကိုးကွယ်ခဲ့ပါသည်။

နောင်များ ကာလအတန်ကြာမြင့်ရာ ဒေါ်သိန်း (အမေသိန်း) ကွယ်လွန်ပြီးနောက် ဆရာတော်အရှင်အာစိဏ္ဏ၏ လက်ဝယ်သို့ ရောက်ရှိခဲ့ပါသည်။ ဤတွင် ခုနစ်ရက်သားသမီးတို့၏ လျှောက်ထားချက်တို့ဖြင့် မြတ်စွာဘုရားရုပ်ပွားတော်မြတ်ကြီးအား ဆရာတော်အရှင်အာစိဏ္ဏမှ ဒေသစာရီ ခရီးတော်စဉ်များကို စီစဉ်ပေးတော်မူခဲ့၍ မြတ်စွာဘုရားရုပ်ပွားတော်မြတ်ကြီးအား ဗုဒ္ဓဘာသာဝင်အပေါင်း အများတကာ သူတော်စင်အပေါင်းတို့ ထွတ်မြတ်ထူးကဲစွာ ကြည်ညိုပူဇော်နိုင်ကြပြီဖြစ်ကြောင်းတို့ကို ဓမ္မဒါန ဗုဒ္ဓနုဿတိမွန်လွှာမှ လေးမြတ်နာယူ သိရှိရပါသည်။

**ဆင်းတုတော်မြတ်ကြီး၏ ထူးခြားမှုများ**

(၁) လက်စွပ်တော်ဘုရားဖြစ်ခြင်း၊
(၂) မျက်နှာတော်အဆင်း ကြည်လင်ခြင်း၊
(၃) ရှေးမင်းအဆက်ဆက် ပူဇော်ကိုးကွယ်ခြင်း၊
(၄) ဆုတောင်းပြည့်ခြင်း၊
(၅) ပူဇော်သူတို့၏ စိတ်နှလုံး၌ အေးငြိမ်းမှုရခြင်း၊
(၆) မင်းတို့၏ အဆင်တန်ဆာနှင့် ပြည့်စုံခြင်း၊
(၇) ဉာဏ်တော်မြတ် သုံးပေ ကိုးလက်မ ရှိခြင်း၊
(၈) အထက်ပုဂ္ဂိုလ်များ ကြွရောက်ဖူးမြော်ခြင်း၊
(၉) ဝကိုပြည့်လွယ် ကုဋေကြွယ် ဟူသော ဂုဏ်ထူးဝိသေသများဖြင့် ထူးကဲမွန်မြတ်စွာ ဂုဏ်ပြုပူဇော်ထားခြင်း၊
(၁၀) တစ်နေရာတည်းတွင် ကိန်းဝပ်စံပယ်ပူဇော်ရန် မဟုတ်ဘဲ အများပူဇော်နိုင်ရန် ဒေသစာရီကြွချီအပူဇော်ခံသော ဓလေ့ထုံးစံရှိခြင်း၊
(၁၁) ဝေါယာဉ်ဖြင့် တင်၍ ပင့်ဆောင်သောအခါ မြဲမြဲမူရှိစေရန် သံချိတ်ကွင်း သုံးကွင်း ပါရှိခြင်း (ဝဲယာ ဒူးဆစ်နှစ်ဖက်ဘေး တင်ပါးတော်နောက်)
(၁၂) ဝ = သဒ္ဓါတရား ပြည့်ဝခြင်း၊ ကို = သီလဂုဏ်နှင့် ကိုလုံခြင်း၊ ပြည့် = အကျင့်စာရကောင်းမွန်ပြည့်စုံခြင်း၊ လွယ် = အသိဉာဏ်ပညာ တတ်သိလွယ်ခြင်း၊ ကုဋေကြွယ် = လောကီရတနာ ခုနစ်ပါးနှင့် ပြည့်စုံကြွယ်ဝခြင်း

တို့ ဖြစ်ပါသည်။

စာရေးသူအနေဖြင့် မြတ်စွာဘုရား ဆင်းတုတော်ရုပ်ပွားတော်မြတ်ကြီးအား အမှတ်မထင်မျှ တိုက်ဆိုင်ကြုံကြိုက် အခွင့်ထူးကောင်း ရကာ ကံထူးလှစွာ ကြည်ညိုကန်တော့ ပူဇော်လှူဒါန်း ဆုတောင်းခဲ့ပြီးသည့်နောက် လောကီနှင့် လောကုတ္တရာ နှစ်ဖြာတို့အတွက် ထူးကဲသော အကျိုးထူးရလဒ်မွန်များကို ခံစားရ၍ လေ့လာကြည်ညိုနိုင်ကြပါရန် နှစ်ဖြာအကျိုးမျှော်၍ ဂါရဝမွန်ဖြင့် လေးမြတ်စွာ တင်ပြအပ်ပါသည်။ သတင်းမွန်ပါးအပ်ပါသည်။

**ဝန်ခံချက်** ။ ။ ဓမ္မဒါန ဗုဒ္ဓနုဿတိမွန်လွှာပါ။ ပုံတော်မြတ် စာများအား ကိုးကားမှီငြမ်း တင်ပြခြင်းဖြစ်ပါသည်။

**မှတ်ချက်** ။ ။ ဝကိုပြည့်လွယ် ကုဋေကြွယ် မြတ်စွာဘုရား ရုပ်ပွားတော်ကြီးအား သဗ္ဗဇယမင်္ဂလာကုဋေကြွယ်ဂါထာရွတ်ပြီး ပူဇော်ပါက အထူးအကျိုးရှိပါသည်။

**မော်တင်သိန်းဇော်**

www.burmeseclassic.com

www.burmeseclassic.com

# နေလဘုရားနဲ့ နမောတေဂါထာအစွမ်း

ဂမ္ဘီရဆရာမြိုင်



**နမောတေဂါထာ**

နမော တေ ဗုဒ္ဓ ဝီရတ္ထု၊ ဝိပ္ပမုတ္တောသိ သဗ္ဗဓိ။
သမ္ဗာဓပ္ပဋိပန္နောသ္မိ၊ တဿ မေ သရဏံ ဘဝ။



www.burmeseclassic.com

www.burmeseclassic.com

တစ်နေ့သ၌ ကျွန်ုပ်ထံသို့ ရေဝတီတိုင်း၊ ကဝက္ကင်း ရွာလေး၌ နေထိုင်သော ဦးသာမြဆိုသူ ရောက်လာလေ၏။ ၎င်းမှာ ကျွန်ုပ်၏ဇနီးဖြစ်သူ၏ မောင်ဖြစ်ပြီး ကဝက္ကင်း၌ ငါး သလောက်အရောင်းအဝယ် လုပ်ကိုင်နေသလို ငါးကန်ဖြင့် ငါးများလည်း မွေးမြူထားသူဖြစ်လေ၏။ ၎င်းမှာ ထိုရွာ၌ ငါးတန်သာမြဟူ၍ နာမည်ကြီးပြီး ငါးတန်မွေးမြူခြင်းနှင့် စီးပွားဖြစ်လာသူဖြစ်၏။ ဦးသာမြက ရန်ကုန်ရောက်ရောက် ချင်းပင် ကျွန်ုပ်အား -

"အစ်ကိုကြီးရယ်…ပိုက်ဆံတွေ ဘယ်လောက်ရှိရှိ မပျော်ပါဘူး။ တစ်လောကဆို မတရားအစွပ်အစွဲခံရပြီး အချုပ်အနှောင်တောင် ကျခဲ့ရပါတယ်။ စီးပွားရေးကလည်း အပြိုင်အဆိုင်တွေကြားထဲ လုပ်ရတော့ အဲဒီကန်လုပ်ငန်း တွေ ဖြုတ်ပြီး ရွာမှာ ပဲ့ထောင်လေးပဲ ထောင်ထားလိုက် တယ်။ အဲဒီပဲ့ထောင်က တစ်လောက ဓာတ်ဆီတွေတင်လို့ ဆို အဖမ်းခံထားရသေးတယ်"

ဟု ဆိုကာ ခိုများထိုင်ငိုရလောက်အောင် ညည်းတွား လေ၏။ ကျွန်ုပ်မှာ ဦးသာမြ၏ အဖြစ်ကိုကြည့်ပြီး ပြုံးလိုက်မိ ၏။ ဂျာမန်လူမျိုး တွေးခေါ်ပညာရှင် ဟေဂယ်ပြောဖူးသလို "အတွေ့အကြုံသည် အကောင်းဆုံးဆရာဖြစ်သည်၊ သို့သော် ကျောင်းလခများမှာမူ ဈေးကြီးလွန်းသည်" ဆိုသကဲ့သို့ လောက၏ အရိုက်အပုတ်၊ အထုအထောင်းက ကြမ်းတမ်း လှသည်ဆိုတာ သိထားသူပီပီ ဦးသာမြအား -

"ဒီလိုရှိတယ် ဦးသာမြရဲ့၊ လူတစ်ယောက်ဆိုတာ ဘဝမှာ မမွေးခင်ကတည်းက ဖြစ်လာမယ့်ဘဝအတွက် တံဆိပ်ကို ကြိုတင်ရိုက်နှိပ်ပေးပြီးသားလေ။ ပြီးတော့ ချမ်းသာ၊ ဆင်းရဲဆိုတာ အဲဒီလူရဲ့ ပြုစုခဲ့တဲ့ အတိတ်ကံပေါ်မှာပဲ ပစ္စုပ္ပန် ကံက ပြောင်းလဲသွားပြီ၊ ပစ္စုပ္ပန်ကံကောင်းဖို့ကလည်း လက်ရှိ ရောက်နေတဲ့ဘဝမှာ မြှုပ်နှံရတယ်လေ။ ဒါကြောင့် ကျွန်တော့် ရဲ့ ဓမ္မမိတ်ဆွေတစ်ဦး သေတစ်ပန်သက်တစ်ဆုံးကျင့်သွား တဲ့ ထူးခြားတဲ့ နမောတေဂါထာလေးအကြောင်း ပြောပြမယ်။ လိုက်မှတ်ပေတော့"

ဟု ဆိုသောအခါ ဦးသာမြက အိတ်ထဲမှ ဒိုင်ယာရီ စာအုပ်ကိုထုတ်၏။ ကျွန်ုပ် နှုတ်တိုက်ရွတ်ပေးသော ဂါထာ အကြောင်းအရာကို လိုက်လံရေးသားပြီး ၎င်းမျက်နှာမှာ ပီတိ ဖြာနေလေတော့၏။

လအနည်းငယ်ကြာသောအခါ ဦးသာမြတို့မိသားစု ကျွန်ုပ်ထံသို့ ဘုရားဖူး ထပ်မံရောက်ရှိလာလေ၏။ ဦးသာမြ မှာ ကျွန်ုပ်ကိုမြင်သည်နှင့် ပွေ့ဖက်ကာ အားရဝမ်းသာဖြင့် -

"အစ်ကိုကြီးရေ…အစ်ကိုကြီးပြောတဲ့ နေလဘုရားနဲ့ နမောတေဂါထာဟာ သိပ်အစွမ်းထက်တာပဲ။ ကျွန်တော့်မှာ ဖြင့် ဖော်မပြတတ်အောင် အကျိုးထူးတွေရပါတယ်။ ချက် ချင်းပဲ ထူးလည်းထူးခြားလာပါတယ်။ ကျွန်တော်ဖြင့် ရင်းနှီးတဲ့ မိတ်ဆွေတွေကို လက်ဆင့်ကမ်း ဓမ္မဒါနလုပ်တာ သူတို့လည်း အကျိုးထူးလို့ အစ်ကိုကြီးကို ကျေးဇူးတင်ကြောင်း ကန်တော့ လိုကြောင်း ပြောပါတယ်"

ဟု ဆိုကာ ဦးသာမြက ကျွန်ုပ်အား ထိုင်ကန်တော့ လေသည်။ ကျွန်ုပ်မှာ အသက်အားဖြင့် တစ်နှစ်ခန့်သာ ကြီး သော ဦးသာမြအား -

"ရပါတယ် ဦးသာမြရာ။ ကန်တော့တာထက်စာရင် ဒီလိုအကျိုးထူးဂါထာမျိုးတွေ လူတွေဆီ လက်ဆင့်ကမ်း ဓမ္မဒါ နအဖြစ် ပြုနိုင်ရင်ပဲ ကျေနပ်နေပါပြီ"

ဟူ၍သာ ဆိုလိုက်လေတော့သတည်း။ စာဖတ် ပရိသတ်များ သိရှိစေရန် ဓမ္မဒါနအဖြစ် ကျွန်ုပ် ဖော်ပြပေး လိုက်ပါသည်။

(က) ရွှေတိဂုံဘုရား တောင်ဘက်မုခ်ရှိ နေလဘုရား ၌ သောကြာနေ့ နံနက် ၉ နာရီတွင် ရွှေပန်း ၉ ကုံး၊ ငွေပန်း ၉ ကုံး ကပ်လှူပူဇော်ပြီး နမောတေဂါထာ ၉ ခေါက် တိတိ ရွတ်ဖတ်ပူဇော်ခြင်း (သို့မဟုတ်) ပုတီး ၉ ပတ်စိပ်ခြင်း အားဖြင့် ၉ ရက်တိတိ ပြုလုပ်ရမည်။

(မှတ်ချက်။ ။ အခြားနေရာများမှဖြစ်ပါက နေလ ဘုရားပုံတော်ကို ချိတ်ဆွဲပြီး အထက်ဖော်ပြပါအတိုင်း ရည်စူး ပူဇော်အဓိဋ္ဌာန်ဝင်နိုင်ပါသည်။)

(ခ) အဓိဋ္ဌာန်ဝင်စဉ် ၉ ရက်တာကာလ၌ သား ကြီးငါးကြီးသားများ ရှောင်ကြဉ်ရန်လိုပါသည်။

(ဂ) အဓိဋ္ဌာန်နောက်ဆုံးရက်၌ ဖယောင်းတိုင် ၉ တိုင်၊ အမွှေးတိုင် ၉ တိုင်နှင့် သစ်သီး ၉ မျိုး ဘုရား၌ပူဇော် ပြီး ဆုတောင်းနိုင်ပါသည်။

ဂမ္ဘီရဆရာမြိုင်




www.burmeseclassic.com

www.burmeseclassic.com

# ထောင်ပြည့် စေတီတော်များ

မောင်ခက်ကျူ(ရွှေစကု)



ဤစေတီများကို မကွေးတိုင်း၊ မင်းဘူးခရိုင်၊ စကုမြို့၏ တောင်ဘက် ဝါကြီတ်စက်ရုံအနီးတွင် သုံးဆူတန်းလျက် တည်ထားကိုးကွယ်ခဲ့ခြင်း ဖြစ်သည်။

သမိုင်းအကြောင်းကို အထပ်ထပ် အလီလီ လေ့လာဆန်းစစ်ရာ စကုမြို့ရှိ ရွှေကျမ်းတိုက်သစ် ဆရာတော်ဦးနန္ဒမာလာ၏ ပေပုရပိုက်ပါ မှတ်တမ်းများအရ ပုဂံနေပြည်တော်တွင် သေဉ်လည်ကြောင်မင်း အုပ်ချုပ်စိုးစံစဉ် တန်ခိုးဩဇာမှာ နေလပမာ တောက်ပခဲ့သည်။ ၎င်းမင်းတွင် သားတော် အကြီးအငယ် နှစ်ပါးနှင့် သမီးတော်အလတ် သမ္မာဒီပ ဆိုသော မင်းသမီးလေးတစ်ပါး ထွန်းကားခဲ့သည်။ သူမ အရွယ်ရောက်သော အခါ သမီးကညာ အခါမလင့်စေရန် အတွက် မင်းညီမင်းသား တစ်ပါးပါးနှင့် လက်ဆက်ရန် ဖခင်ဘုရင်ကြီးက စကားကြောင်းလမ်း စီမံခဲ့သည်။ သမီးတော်မှာမူ ပဥ္စလက်၊ နဝလက်၊ ဂန္ဓာရီ အတတ်တို့ကိုသာ သင်ယူတတ်မြောက် မွေ့လျော်လိုစိတ်က အစဉ်စွဲနေ၏။ အိမ်ရာတည် ထောင်ခြင်းနှင့် ပတ်သက်၍ အာဏာဖီဆန်ခဲ့သော သမီးတော်အား ဘုရင်ကြီးက ဇာဧမန်ရကာ မောင်းမ မိဿံရံရွေတော်များအပြင် စစ်သည်

www.burmeseclassic.com




တော်များပါထည့်လျက် ပုဂံထီးနန်း၏ ဩဇာအာဏာကင်းလွတ်ရာသို့ နှင်ထုတ်တော်မူလိုက်သည်။ တမ္ပဝတီခေါ် ပုဂံနေပြည်တော်မှ ဝေးကွာလာခဲ့သော သမီးတော်လေးမှာ သုနာပရန္တတိုင်းရှိ သမထီးအရပ်၌ သီတင်းသုံးနေသော ထွက်ရပ်ပေါက်ပုဂ္ဂိုလ် ရှင်မထီးဆရာတော်နှင့်တွေ့၍ ဂန္ဓာရီ၊ ဝိဇ္ဇာအတတ်ပညာများကို သင်ယူဆည်းပူး လေ့လာခဲ့သည်။

လမှုနှစ်သို့ပြောင်း၍ ကြာညောင်းလာသောအခါ ပုဂံထီးနန်းမှ ဘုရင်ကြီးသည် သမီးတော် သမ္ဗာဒီပမင်းသမီးလေးအား လွမ်းဆွတ်သတိရသဖြင့် သားတော်နှစ်ပါးအားလိုက်လံရှာဖွေရန် စေလွှတ်ခဲ့သည်။ မောင်နှမများ တွေ့ဆုံသောအခါ မင်းသမီးလေးက မောင်တော်များအား "ဤအရပ်ဒေသသည် ဝိဇ္ဇာဇော်ဂျီ၊ တပသီတို့ပျော်မွေ့သောအရပ်၊ လျှို့ဝှက်ဆန်းကြယ်သော ဂန္ဓာရီအတတ်ပညာတို့ကို သင်ယူ၍ ကောင်းသောအရပ်၊ တရားဓမ္မလမ်း၊ စရဏအလုပ်ခန်းများကိုလည်း ပြီးပြည့်စုံအောင် လုပ်နိုင်သောအရပ်"ဟု ပြောဆိုဆုံးမလျက် အခြေစိုက်ကာ အတူတကွ နေထိုင်ကြသည်။ ဘုရင်ကြီးမှာ အချိန်သာကုန်ပြီး သားတော်များထံမှ စာမလာ၊ သတင်းမကြားသဖြင့် မိမိ၏ ကိုယ်ရံတော်တပ်မှ စစ်သည်ရဲမက်များကိုခေါ်၍ ဘုန်းရိပ်ကံရိပ်ကို ပြန်လည်ခိုလှုံရန် မလိုက်နာက အရှင်လတ်လတ် မြေကျင်းခတ်သတ်ရန် ရာဇဒဏ်ပေးကာ စေလွှတ်လိုက်သည်။ မင်းသား၊ မင်းသမီးများနှင့်တွေ့သောအခါ သကုန်ခေါ် ဤတောအုပ်ကြီးသည် ပထဝီသျှုတ္တရအလိုအရ "မြေပြာနှံ့ပြွမ်းသော အရပ်ဒေသလည်းဖြစ်ပြန်၊ စရိုက်ဝါသနာများနှင့်လည်း ကိုက်ညီသည့်အတွက် မင်းပြစ်မင်းဒဏ်သင့် သင့်စေ မလိုက်လိုကြောင်း ငြင်းဆန်ကြ၏။ ဤကိစ္စပြဿနာအား ရှင်မထီးဆရာတော်သို့ လျှောက်ထားကြ၏။ ဆရာတော်က သံသရာဝဋ်တော် မကင်းသည့်အတွက် ဝဋ်ကြွေးသဘောဆောင်သဖြင့် တရားဓမ္မလမ်းဖြင့် ဆိုဆုံးမကာ ခုနစ်ရက်မထတမ်း အိပ်ပျော်စေနိုင်သော ဆေးလုံးတစ်လုံးစီ စီရင်၍ မောင်နှမသုံးယောက်အား စားစေ၏။

စစ်သည်ရဲမက်များကလည်း တောအုပ်ကြီး၏ အရှေ့တောင်အရပ် (အဂ္ဂိထောင့်) ထောင်မြေဒေသတွင် အရှင်လတ်လတ် မြေကျင်းခတ်ကာ သတ်စေခဲ့သည်။

အသက်အရွယ်ကြီးရင့်လာသော သေဥ္စလည်ကြောင်မင်းသည် သတိတရား သံဝေဂရကာ ပုဂံနေပြည်တော်မှ တစ်ဆင့် သကုန်ခေါ် စကုမြို့တောအုပ်ကြီးသို့ ရောက်သောအခါ ရှစ်မျက်နှာ စေတီတော်မြတ်နေရာတွင် သီတင်းသုံးနေသော သက်တော်ဝါတော်ရ ရှင်မထီးဆရာတော်နှင့် တွေ့ဆုံ၍ သားတော်၊ သမီးတော်တို့အား စတေးသောနေရာကို ညွှန်ပြစေခိုင်းတော်မူသည်။ ၎င်းနေရာတွင် တောင်မြောက်တန်းလျက် စေတီသုံးဆူ တည်ထားတော်မူသည်။ အလယ်စေတီစတုမုခ လေးမျက်နှာလိုဏ်စေတီမှာ သမ္ဗာဒီပ မင်းသမီးလေးအတွက် ရည်စူး၍လည်းကောင်း၊ တောင်ဘက်နှင့်မြောက်ဘက် စေတီနှစ်ဆူမှာ ကေမုခတစ်မျက်နှာ လိုဏ်စေတီများ

www.burmeseclassic.com

ဖြစ်ပြီး သားတော်ငယ်နှင့် သားတော်ကြီးအတွက် ရည်စူး၍ လည်းကောင်း တည်ထားတော်မူခဲ့ပြီး အမှုအတန်းပေးခဲ့သည်။ (လက်ရှိအခြေအနေအရ သမထီးအရပ် သို့မဟုတ် သမထီးကျေးရွာသည် စကုမြို့နှင့် ခြံစည်းရိုးသာ ခြားသဖြင့် ရပ်ကွက်ကြီးအသွင် ဆက်စပ်လျက်ရှိကြောင်း သိစေအပ်ပါသည်။ စာရေးသူ) ရှေးမြန်မာမင်းများ လက်ထက်ကတည်းက တည်ထောင်စိုးစံနေထိုင်ခဲ့သော ရှေးဟောင်းသမိုင်းဝင် မြို့တစ်မြို့ ဖြစ်ခဲ့သည့်အလျောက် မင်းဘူး၊ စကုနယ်မြေသည် နိုင်ငံတော်က သတ်မှတ်ထားသည့် ရှေးဟောင်းယဉ်ကျေးမှု နယ်မြေဇုန်များတွင် စကုယဉ်ကျေးမှုဇုန်အဖြစ် ပါဝင်အသိအမှတ်ပြုခြင်းခံရပါသည်။ သမိုင်းသက်သေ အထောက်အထားပြစရာများမှာလည်း လေးဘက်လေးတန် အုတ်မြို့ရိုးရှိသည်။ မြို့ဖွဲ့စည်းပုံအရ တံခါးလေးပေါက်ရှိသည်။ အရှေ့ဘက်နှင့် မြောက်ဘက်တွင် မင်္ဂလာတံခါး၊ တောင်ဘက်တွင် ထောင်တံခါး၊ အနောက်ဘက်တွင် အမင်္ဂလာတံခါးဟူ၍ဖြစ်သည်။ မြို့ရိုးတစ်ဘက်စီ၏ အတိုင်းအတာ ပမာဏမှာ ကြာသီးနှ စကုတည်ကို ပြောင်းပြန်လှန်သော ၇၆၂ တာ (တစ်တာ = ၄ တောင်) ဖြစ်သည်။ သောင်ပြင်မြေကို ဆက်စပ်ပြခြင်းသာဖြစ်သည်။ သေဉ်လည်ကြောင်မင်းတည်ခဲ့သော စေတီများမှာ ခုနစ်သက္ကရာဇ် တစ်ထောင်ပြည့်ဖြစ်သည်။ သက္ကရာဇ် တစ်ထောင်ပြည့်တွင် မြို့ပြပြည်ရွာလည်း စည်ကားလာသည့်အတွက် အောင်အတိတ်၊ အောင်နိမိတ်ဆောင်ယူသည်။ ထောင်ပြည့်စေတီတော်များအဖြစ် အသိအမှတ်ပြုကာ နယ်သူနယ်သားများ ကိုးကွယ်ပူဇော်လာကြသည်။

ဇာလီတောင် ဆရာတော်ဘုရားကြီးသည်ပင် နှစ်ဥ်ဘဝက သက္ကရာဇ်တစ်ထောင်ပြည့်ဘုရားတွင် တရားကျင့်ကြံအားထုတ်ခဲ့ဖူးသည်ဟု သိရသည်။ မြို့ပြရပ်ရွာများတွင် လူသိများထင်ရှားသော မင်္ဂလာံဘိသိက်ဆရာကြီး ဦးအိ၏ ပြောကြားချက်အရလည်း လပြည့်လကွယ် နေ့ညအခါကာလများ၌ ထွက်ရပ်ပေါက်ပုဂ္ဂိုလ်ရှင်မထီးဆရာတော်သည် ထောင်ပြည့်ဘုရား၌ တရားကျင့်ကြံအားထုတ်လာကြကုန်သော ခုနစ်ရက်သားသမီးတို့၏ စိတ်အစဉ်၌ ရဟန်းအသွင် ကိုယ်ထင်ပြကာ လာရောက်စောင့်ရှောက်သည်ဟု ဆို၏။ ပဌာန်းဆက်ရှိသူတိုင်း လောကီရတနာဥစ္စာ တိုးပွားစေခြင်းငှာ မစခြင်းဖြစ်သည်ဟုလည်း အတိတ်နိမိတ် ဆောင်ယူထားသည်။

ဘုရားပြို ကျောင်းပျက်ဖြစ်၍ တိမ်မြုပ်ပျောက်ကွယ်နေသည်မှာလည်း နှစ်များစွာ ကြာခဲ့လေပြီ။ Golden Harvest Co. Ltd က ဥက္ကဋ္ဌဦးမြင့်စိုး၏ ကောင်းမှုကြောင့် သက္ကရာဇ် ထောင်ပြည့်ဘုရား၏ တန်ခိုးရှိန်စော် အာနုဘော်မှာ ရောင်ခြည်တစ်ထောင် အလင်းဆောင်သော သူရိယနေမင်းကြီးကဲ့သို့ ထွန်းလင်းတောက်ပနေပါသည်။ ရှေးဟောင်းသုတေသနဌာနက ကွင်းဆင်းလေ့လာပြီးလည်းဖြစ်ပါသည်။ စေတီတော်များအား ရွှေသင်္ကန်းကပ်လှူရန် ပြင်ဆင်ခြင်း၊ ရင်ပြင်တော်ပေါ်တွင် အလှဆင်ကြွေပြားများခင်းခြင်း၊ ဘုရားပရိဝုဏ်အတွင်း ချုံနွယ်ပိတ်ပေါင်းများ ရှင်းလင်းခြင်း၊ ဘုရားသို့လာရောက် ပူဇော်နိုင်ရန်အတွက် သဲ၊ ကျောက်၊ မြေနီများခင်းခြင်း၊ မြေပြင်အနိမ့်အမြင့် ညှိခြင်း၊ တံတားအိုများ ပြန်လည်တည်ဆောက်ခြင်း၊ လျှပ်စစ်မီးများ ပူဇော်နိုင်ရန် အမြန်ကြိုးပမ်းခြင်း၊ ဘက်စုံဖွံ့ဖြိုးရေးလုပ်ငန်းများကို အစွမ်းကုန် ဆောင်ရွက်လျက်ရှိသည်။ ရွှေထီးတော်၊ ငှက်မြတ်နားတော်၊ စိန်ဖူးတော်များ တင်လှူပွဲကို တန်ဆောင်မုန်းလတွင် ပြည်သူအပေါင်းနှင့် စုစည်းကာ ခြိမ့်ခြိမ့်သဲသဲ ကျင်းပမည် ဖြစ်ပါသည်။

ယခုအခါ ဝါတွင်းကာလအတွင်း ဥပုသ်သီလ စောင့်ထိန်းကြသူများ၊ ရပ်ဝေးရပ်နီး ဘုရားဖူးများက ပန်း၊ ရေချမ်း၊ ဆီမီး၊ အမွှေးတိုင်များ ကပ်လှူပူဇော်ခြင်း သမိုင်းသုတရသ လေ့လာရှာမှီးသူများ ပျားပန်းခပ် လာရောက်ဖူးမြော်နေကြပါသည်။ အမျိုးဘာသာ သာသနာကို စောင့်ရှောက်သောသူများကြောင့် ကြေးစည်၊ ခေါင်းလောင်းသံတဝေဝေ၊ ပရိတ်၊ ပဌာန်း၊ စမ္မစကြာရွတ်ဖတ်သံမစဲ အလှူဒါနပွဲ မြောက်မြားစွာဖြင့် သက္ကရာဇ်တစ်ထောင်ပြည့်တွင် တည်ခဲ့သော ထောင်ပြည့်စေတီတော်မြတ်များတွင် ကြည်ညိုကိုးကွယ်ပူဇော်သူများလှသဖြင့် ဘာသာရေးရှုထောင့်မှ ဓမ္မကုသိုလ်အဖြစ် တင်ပြရေးသား ဖော်ညွှန်းလိုက်ရပါကြောင်း။

**မောင်ခက်ကျူ(ရွှေစကု)**




www.burmeseclassic.com

www.burmeseclassic.com

# မဟာဓေယျသိဒ္ဓိ အဓိဋ္ဌာန်ဆရာတော်

ပထမံဆရာကြီး ဦးအောင်သူ






www.burmeseclassic.com

www.burmeseclassic.com

မဟာဇေယျသိဒ္ဓိ အဓိဋ္ဌာန်ဆရာတော်ကို ကျွန်ုပ် စတင်ဖူးတွေ့ရသည်မှာ တစ်နေ့တွင် ဗိုလ်ချုပ်ဈေးရှိ ရတနာရောင်းဝယ်ရေးလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုနေသော တပည့်အမျိုးသမီးဆိုင်တွင် ဘာသာရေးကိစ္စများကို ဆွေးနွေးနေစဉ် ဆရာဦးမြသောင်းရောက်လာပြီး စစ်တွေမြို့မှ အဓိဋ္ဌာန်ဆရာတော်တစ်ပါး ရန်ကုန်မြို့သို့ ကြွလာပြီး တောင်ဥက္ကလာပ၊ (၁၁)ရပ်ကွက်ရှိ ဓမ္မာရုံတွင် သီတင်းသုံးနေကြောင်းနှင့် ဆရာတော်ကို ဖူးလိုက လိုက်ပို့ပေမည်ဟု ပြောသဖြင့် ကျွန်ုပ်၏တပည့်မှာလည်း ဖူးချင်သောစိတ်က အလွန်ပြင်းထန်လှသဖြင့် အခုပဲသွားကြရအောင်ဆိုပြီး ကျွန်ုပ်တို့သုံးဦးသားသည် တောင်ဥက္ကလာပ၊ (၁၁)ရပ်ကွက် ဓမ္မာရုံသို့ သွားကြပါသည်။ ဆရာတော်အား အဆင်သင့်ပင် ဖူးတွေ့ရပါသည်။ ကျွန်ုပ် စတင်ဖူးတွေ့သောအခါ ဆရာတော်သည် စိပ်ပုတီးကို အမြဲမပြတ် စိပ်လျက်ရှိနေပြီး မျက်နှာတော်မှာလည်း ကြည်ညိုဖွယ်ရာအပြည့် ဆောင်နေပေသည်။ ဦးမြသောင်းက ကျွန်ုပ်တို့နှင့် မိတ်ဆက်ပေးပါသည်။ ဤအချိန်မှစတင်၍ ဆရာတော်နှင့်ကျွန်ုပ်တို့ အလွန်ရင်းနှီးသော တကာများအဖြစ်သို့ ရောက်ခဲ့ရပေသည်။ အဓိဋ္ဌာန်ဆရာတော်၏ ကြီးကျယ်သောရည်မှန်းချက်ဖြင့် စတင်ဆောင်ရွက်သည်ကတော့ -

မဟာဇေယျသိဒ္ဓိသိမ်တော်ကြီး ဖြစ်ပေသည်။ ရခိုင်ပြည်နယ်၊ စစ်တွေမြို့ အဲကျိန်းတော်ကုန်း၌ မဟာဇေယျသိဒ္ဓိ အဓိဋ္ဌာန်ဆရာတော်သည် ၁၃၄၉ ခု၊ တန်ဆောင်မုန်းလပြည့်ကြာသပတေး (၅-၁၁-၇၇)နေ့ စတင်တည်ဆောက်တော်မူသည်။ အလျားပေ နှစ်ရာစီရှိသော သိမ်တော်ကြီးအတွင်း သဇင်ပွင့်လန်း ပြည်ငြိမ်းချမ်းကိန်းနှင့်အညီ ဉာဏ်တော်တစ်လက်မမှ သုံးဆယ်ပေအထိရှိသော ဆင်းတုတော်ပေါင်း (၆၃၅၄၅၅၂) ခြောက်သန်းသုံးသိန်းငါးသောင်းလေးထောင်ငါးရာနှစ်ဆယ့်နှစ်ဆူ ကိန်းဝပ်စံပယ်တော်မူသည်။ ကာလတန်ဖိုး သိန်းပေါင်း နှစ်ထောင်ကျော် ကုန်ကျမည်ဟု သိရသည်။ ဤသိမ်တော်ကြီးပြီးစီးလျှင် ဆင်းတုတော်များ စတင်ကိန်းဝပ်လျက်ရှိနေပေသည်။ နောက်ထပ်လိုအပ်သော ဆင်းတုတော်များကိုလည်း ထပ်မံ၍ စီမံဆောင်ရွက်လျက်ရှိပါသည်။ ဆရာတော်သည် သီတင်းကျွတ်ပြီး တန်ဆောင်မုန်းလလောက်တွင် စစ်တွေမှ ရန်ကုန်မြို့သို့ နှစ်စဉ်ကြွရောက်လျက် တပည့်သာဝကများ နေအိမ်အသီးသီးသို့ ဆွမ်းဘုဉ်းပေးခြင်း၊ အန္တရာယ်ကင်းပရိတ်များ ရွတ်ဖတ်ပေးခြင်းဖြင့် သတ္တဝါများကို ကယ်မလျက်ရှိပါသည်။

ဆရာတော်သည် တစ်ခါတစ်ရံ အလွန်မြင့်မားသော တိုက်များပေါ်သို့ ကြွရသေးသည်။ ပြည်ပနိုင်ငံခရီးသို့ နှစ်စဉ်ကြွတော်မူပြီး ပြည်ပသာသနာလုပ်ငန်းကိုလည်း ဆောင်ရွက်ရပေသည်။ ဆရာတော်သည် တကာ၊ တကာမများအိမ်သို့ ကြွရောက်ပြီး ပရိတ်ရွတ်သည့်အခါ ပရိတ်ရေပုလင်းမှ ရေဆူခြင်း၊ တစ်ခါတစ်ရံ ရေများလျှံကျခြင်းများလည်း ကြုံရပါသည်။ ဤကဲ့သို့ ဖြစ်ရပ်များကြောင့် အချို့သော တကာ၊ တကာမများမှ ရေဆူဆရာတော်ဟုပင် အသိအမှတ်ပြုခြင်းကို ခံရပေသည်။

ဆရာတော်၏ ထူးခြားမှုများ -

တစ်နေ့လုံး အနားယူကျိန်းစက်ခြင်းမပြုပါ။

အိမ်တိုင်းသို့ ကြွရောက်ပြီး ပရိတ်ရွတ်လျှင် ရေများဆူခြင်း။

လွန်ခဲ့သော မကြာမီနှစ်များက ဆရာတော်သည် အထူးအဓိဋ္ဌာန်အောင်ပွဲ ပြုလုပ်ရာတွင် ကျောင်းတွင်းရှိ ညောင်ပင်များမှ ညောင်ရွက်များ ကန်တော့ပွဲထိုးခြင်း (ဗီဒီယိုမှတ်တမ်း ရှိသည်။)

တောတောင်တွင် အဓိဋ္ဌာန်ဝင်စဉ်က ဆရာတော်သည် တင်ပျဉ်ခွေလျက် အဓိဋ္ဌာန်ပုတီးစိပ်နေရာတွင် ငန်းမြွေကြီးတစ်ကောင်သည် ပုတီးကြားမှဝင်လျက် အခြားတစ်ဖက်သို့ ထွက်သွားခြင်းလည်း ကြုံရပေသည်။

ဤကဲ့သို့ အထက်ပါ ထူးခြားမှုများမှာ ဆရာတော်၏ မဟာဇေယျသိဒ္ဓိကျင့်စဉ်ကြီးများ ပြီးမြောက်အောင်မြင်မှုကြောင့်ပင် ဖြစ်ပေတော့သည်။

ဆရာတော်၏ ကျင့်စဉ်အချို့နှင့် ကဏ္ဍအလိုက် အဆင့်အချို့နှင့် ကျင့်ရမည့်ရက်တို့အား ယေဘုယျအားဖြင့် ဖော်ပြအပ်ပါသည်။

၁။ သမာပဋ္ဌာန ပထမကဏ္ဍ အဓိဋ္ဌာန်တော်ပွင့်



www.burmeseclassic.com

www.burmeseclassic.com

ရက်၊ အရဟံဂုဏ်တော် ၉ ရက်၊

၂။ သမာပဋ္ဌန ဒုတိယကဏ္ဍ အဓိဋ္ဌာန်တော် ၂၇ ရက်၊ ဂုဏ်တော် ၉ ပါး။

၃။ သမာပဋ္ဌန တတိယကဏ္ဍ အဓိဋ္ဌာန်တော် ၄၅ ရက်- ဂုဏ်တော်နှင့် ပဋ္ဌာန်းဒွန်တွဲ၊

၄။ သမာပဋ္ဌန စတုတ္ထကဏ္ဍ အဓိဋ္ဌာန်တော် ၅၄ ရက်-ဂုဏ်တော်နှင့် ပဋ္ဌာန်းနှယ်လိမ်၊

၅။ သမာပဋ္ဌန ပဉ္စမကဏ္ဍ အဓိဋ္ဌာန်တော် ၇၂ ရက်-ဂုဏ်တော်နှင့် ပဋ္ဌာန်းစုံပေါက်စုံပွင့်၊

၆။ သမာပဋ္ဌန ဆဋ္ဌမကဏ္ဍ အဓိဋ္ဌာန်တော် ၈၁ ရက်-ဂုဏ်တော် ပဋ္ဌာန်းကွန်ချာကြီး။

၇။ သမာပဋ္ဌန သတ္တမကဏ္ဍအဓိဋ္ဌာန်တော် ၉၀ ရက် ပထမဂုဏ်တော်ကွန်ချာနှင့် ဝိပဿနာ၊

၈။ သမာပဋ္ဌန အဋ္ဌမကဏ္ဍအဓိဋ္ဌာန်တော် ၉၉ ရက် ဒုတိယဂုဏ်တော်ကွန်ချာနှင့် ဝိပဿနာ၊

၉။ သမာပဋ္ဌန နဝမကဏ္ဍအဓိဋ္ဌာန်တော် ၁၀၈ ရက် တတိယဂုဏ်တော်ကွန်ချာနှင့် ဝိပဿနာ၊

အထက်ပါ ကဏ္ဍအလိုက် အကျယ်များကို ဆရာတော်ပြုစုရေးသားသော မဟာဇေယျသိဒ္ဓိကျမ်းကြီးတွင် လေ့လာစေလိုပါသည်။

## အဓိဋ္ဌာန်အောင်ပွဲအစီအစဉ်

အဓိဋ္ဌာန်ပြီးဆုံးသည့်အခါတိုင်း မိမိပြီးဆုံးအောင်မြင်သော ကဏ္ဍအဆင့်တိုင်းတွင် ဤအဓိဋ္ဌာန်ပွဲကို ကျင်းပပြုလုပ်ရပေမည်။

အဓိဋ္ဌာန်အောင်ပွဲယူသည်။ အဓိဋ္ဌာန်တည်ဆောက်နေစဉ်ကာလတွင် မည်သို့သော အခက်အခဲ ဘေးဥပဒ်တစ်စုံတစ်ရာမရှိဘဲ မိမိအဓိဋ္ဌာန်တော်ကာလ ပြီးမြောက်အောင်မြင်သည့်အတွက် ရတနာသုံးပါး၊ အနန္တော အနန္တငါးပါးတို့အား ဦးထိပ်ထားလျက် ကျေးဇူးမစ စောင့်ရှောက်တော်မူကြသော အထက်လောကီ၊ လောကုတ္တရာ ဝိဇ္ဇာမိုရ်သခင်ကျေးဇူးရှင်အပေါင်း သာသနာဆိုင်ရာ သမ္မာဒေဝနတ်ကောင်းနတ်မြတ်တို့အား ရည်စူးရာ ဝမ်းမြောက်ဝမ်းသာ လှူဒါန်းပူဇော်ခြင်းကိုပါ ခေါ်ပါသည်။ လှူဒါန်းပူဇော်ရာ၌ မိမိအောင်မြင်သည့်အဆင့်အားလျော်စွာ လှူဒါန်းရပါမည်။

အဓိဋ္ဌာန်ဆရာတော် ပြုစုသောကျမ်းမှာ -

## ကမ္ဘာ့ငြိမ်းချမ်းရေး မဟာသိဝံကျင့်စဉ်ကျမ်း

ဤကျမ်းကို ၁၃၄၇ ခု၊ တန်ခူးလ၊ ၁၉၈၆ ခု ဧပြီလ၊ ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်၊ ဥဿဝတောင်တော်၌ အဓိဋ္ဌာန် ၄၅ ရက် တည်ဆောက်နေစဉ် စီရင်တော် မူသည်။

## လောကနာထကျင့်စဉ်

ဤကျမ်းကို ၁၃၄၇ ခု တပို့တွဲလ၊ ၁၉၈၇ ခု ဖေဖော်ဝါရီလ၊ ပုဏ္ဏားကျွန်းမြို့နယ်၊ ဥရာင်တောင်တော် အဓိဋ္ဌာန် ၄၅ ရက် တည်ဆောက်နေစဉ် စီရင်တော်မူသည်။

## ဒေဝယက္ခပူဇာကျမ်း

သာသနာ ၂၅၃ (မြန်မာ)၊ ၂၅၁၇ (ရခိုင်)၊ ၁၃၄၀ ခု၊ တပေါင်းလ၊ ၁၉၈၆ ခု မတ်လ၊ ဤကျမ်းကို ပေါက်တောမြို့နယ်၊ မြေငူကျွန်း ဆံတော်ရှင်ဘုရားပေါ်၌ အဓိဋ္ဌာန်တော် ၅၄ ရက် တည်ဆောက်စဉ် ရေးသားတီထွင် စီရင်သည်။

စကားချုပ် - အဓိဋ္ဌာန်ဆရာတော်သည် ခက်ခဲနက်နဲသော ကျင့်စဉ်ကို အသေးစိတ် လေ့လာလိုသည်ဖြစ်စေ၊ ကျင့်စဉ်ကျင့်လိုသည်ဖြစ်စေ၊ ဗဟုသုတအလို့ငှာ ဖတ်ရှုလိုသည်ဖြစ်စေ ဆရာတော်ထံသို့ လူကိုယ်တိုင်သော်လည်းကောင်း၊ ဖုန်းဖြင့်ဖြစ်စေ ဆက်သွယ်နိုင်ပါကြောင်း သတင်းကောင်းပါးလိုက်ရပါသည်။

မှီငြမ်း - အဓိဋ္ဌာန်ဆရာတော် စီရင်ညွှန်ပြသော အဓိဋ္ဌာန်ကျင့်စဉ်တော်ကြီးမှ ကောက်နုတ်ဖော်ပြရေးသားရပါသည်။

**ပထမံဆရာကြီး ဦးအောင်သူ**



www.burmeseclassic.com

www.burmeseclassic.com


# သတ္တမမြောက် ကျော်အောင်စံထားဆရာတော်ကြီး၏

# ကံကိုးကံဘုရားများ

# အဓိဋ္ဌာန်ဖြင့် ပူဇော်ခြင်း

ဂမ္ဘီရချစ်ကြီး(ဆင်ဖြူကျွန်း)

ကျွန်ုပ်သည် သတ္တမမြောက် ကျော်အောင်စံထား ဘုရားကြီး၏ သက်တော် ၉၂ နှစ် ပြည့်မြောက်သည့် ၁၃၇၇ ခုနှစ်၊ တပို့တွဲလဆန်း(၁)ရက်နေ့တွင် ဆရာတော်ဘုရားကြီး၏ ဂုဏ်တော်၊ ကျေးဇူးတော်တို့ကို ပူဇော်သောအားဖြင့် နှစ်စဉ် အမရပူရမြို့ ကျော်အောင်စံထား ကျောင်းတိုက်ကြီးတွင် ဒုလ္လဘရဟန်းဝတ်၍ အဓိဋ္ဌာန်များ ပြုလုပ်ခဲ့ပါသည်။ ရန်ကုန်မှဆရာတော်ကြီး၏ မွေးနေ့ အလှူတော်မင်္ဂလာသို့ရောက်လာကြသည့် သာဝကများမှာ မန္တလေး၊ မေမြို့၊ စစ်ကိုင်း၊ မုံရွာ စသည့်မြို့များရှိ ဘုရားများသို့ ဘုရာလည် ထွက်ကြသော်လည်း ကျွန်ုပ်မှာ လိုက်ပါသွားခြင်းမရှိခဲ့ပါ။ ဆရာတော်ထံရောက်စဉ် ဆရာတော်ကြီးအား အနီးကပ်ဝတ်ကြီး၊ ဝတ်ငယ်များ ပြုလုပ်ပေးခြင်း၊ အောင်မြေကိုးဌာန အဓိဋ္ဌာန်ပြုလုပ်ခြင်းဖြင့် အချိန်ကို အကျိုးရှိစွာကုန်လွန်စေခဲ့ပါသည်။ ကျော်အောင်စံထား ကျောင်းတိုက်အတွင်းရှိ အောင်မြေကိုးဌာနအဓိဋ္ဌာန်ပြီး၍ ဆရာတော်ဘုရားကြီးအား ဝတ်ဖြည့်ပေးနေစဉ်ဆရာတော်ဘုရားကြီးမှ **" ကိုမျိုးချစ်…ခင်ဗျား ကံကိုးကံဘုရားအဓိဋ္ဌာန်ဝင်ပြီးပြီလား"** ဟု မေး








www.burmeseclassic.com

www.burmeseclassic.com








လာပါသည်။ ကျွန်ုပ်မှ မပြီးသေးကြောင်းလျှောက်ထားလိုက်ပါသည်။ဆရာတော်ကြီးမှ ကံကိုးကံဘုရားများကိုအောက်ပါအတိုင်းမိန့်ကြားပါသည်။

၁။ ကံတလူဘုရား၊ (စစ်ကိုင်းမြို့)။

၂။ မေတ္တာကံဘုရား၊ (စစ်ကိုင်းကောင်းမှုတော်မြောက်ဘက်စောင်းတန်းထိပ်)။


၃။ ကံတော်ဦးဘုရား၊ (ရေတံခွန်သွားရာလမ်းရန်ကင်းတောင်၊ ရေစုရွေးရွာထပ်)။


၄။ ကံသာအောင်ဘုရား၊ (သရက်ကုန်းရွာထိပ်၊ မွန်းတည့်သိမ်မြောက်ဘက်၊ မန္တလေး)။



www.burmeseclassic.com

www.burmeseclassic.com





၅။ ကံတက်ဘုရား၊ (သိပ္ပံလမ်းနှင့် ငါးဆယ့်ငါးလမ်းဆုံ၊ မြောက်(၃)ပြ၊ မစိုးရိမ်ကျောင်း၊ မန္တလေး)။

၆။ ကံကူကြီးဘုရား (သင်တောင်းငယ်ရွာ၊ ကျောက်ဆည် ရွှေသိမ်တော်မြတ်)။

၇။ ကံကြီးမဘုရား၊ (စဥ့်ကိုင်ပေါ်တော်မူဘုရားအရှေ့ဘက်)။

၈။ ကံလယ်ဘုရား၊ (မိတ္ထီလာကန် ရေလယ်ဘုရား)။

၉။ ကံဦး/ကံထိပ်ဘုရား [မိတ္ထီလာ နွေဒေါင်ဗျာဒိတ်ပေးနှစ်ဆူနှင့် ကျောက်စာနတ်၊ နတ်နန်းရှိဘုရား (ရေပေးစက်ရုံ)]

အဲ့ဒီဘုရားကိုးဆူကို ကျူပ်သွားနိုင်တုန်းကတော့ တပည့်သာဝကတွေကို လိုက်ပို့ခဲ့တယ်။ အခုမသွားနိုင်တော့ဘူး။ ခင်ဗျားရဲ့ ဆိုးတဲ့ကံတွေကို ပြန်ကောင်းလာပြီး ကောင်းနေတဲ့ကံကို ပိုပြီးကောင်းအောင် မြှင့်တင်ဖို့အတွက် ကံကိုးကံဘုရားကိုးဆူကိုသွားပြီး အဓိဋ္ဌာန်ဝင်ပါ၊ ဘယ်ဘုရားကစပြီး ပူဇော်ရမယ်လို့ သတ်မှတ်မထားဘူး၊ အဆင်ပြေတဲ့ဘုရားကစပြီး

၁။ ပရိကံပြုသီလခံယူပါ။


၂။ ပဋ္ဌာန်း ပစ္စယနိဒ္ဒေသပါဠိ တစ်ခေါက်ပူဇော်ပါ၊ အကောင်းဆုံးကတော့ ပဋ္ဌာန်းပဥ္စဝါရ တစ်ခေါက် ပူဇော်ရင်ပိုပြီးကောင်းတယ်။

၃။ မွှေးနံ့ဂုဏ်တော်ပုတီး ၁၀၈ ပတ် ပုတီးစိပ်ပါ (ဣတိပိသော ဘဂဝါ လောကဝိဒူ သိဒ္ဓိ ဂုဏ်တော် ၁၀၈ လုံး ပုတီးနှင့် ၁၀၈ ပတ် ပူဇော်ပါ)။



www.burmeseclassic.com

www.burmeseclassic.com



မေတ္တာကံဘုရား



ကံတော်ကြီးဘုရား

၄။ အဓိဋ္ဌာန်ပြီးလျှင် ဘုရားစောင့်နတ်မှ အစောင့်ထားပြီး ၃၁ ဘုံသားတွေကို သေသေချာချာအမျှပေးဝေပြီး မေတ္တာပို့ခဲ့ပါ။ လို့တဲ့ဆုတစ်ခုတောင်းခဲ့ပါဟု မိန့်ကြားပါသည်။

ကံကိုးကံဘုရားအဓိဋ္ဌာန် ဝင်ရခြင်းဖြင့် ရရှိတဲ့ အကျိုးကျေးဇူးတွေကတော့ အထက်ပုဂ္ဂိုလ်များနှင့် အကျွမ်းဝင်ရခြင်း။ဘုရားများ၏ တန်ခိုးကိုခိုလှုံရခြင်း။ ခင်ဗျားရဲ့ကတိသစ္စာနှင့် မေတ္တာကို အခြေခံပြီးအဓိဋ္ဌာန်ပြုလုပ်ခြင်းဟာ ဘယ်ပုဂ္ဂိုလ်ကိုမှ အနှောက်အယှက်မပေးကြောင်းသိစေပြီး ပုဂ္ဂိုလ်အသီးသီးတို့ထံမှ ခင်ဗျားရဲ့လုပ်ဆောင်မှုအတိုင်းအတာအရ ချီးမြှင့်မည့် အင်းကောင်း၊ ဆေးကောင်း၊ ဓါတ်လုံးကောင်း၊ မန္တန်ကောင်းများ၊ ရရှိနိုင်ပါတယ်။ ရလျှင်ဆောင်ထားပါ အကျိုးများပါတယ်။ အချိန်ရလျှင် ယခုတစ်ခေါက် စစ်ကိုင်းကနှစ်ဆူကိုသွားပြီး အဓိဋ္ဌာန်ဝင်လိုက်ပါ။ ကျန်ခုနှစ်ဆူကို အဆင်ပြေသလို အဓိဋ္ဌာန်ဝင်ပါ။ ကိုးဆူပြည့်ဖို့က အဓိကပဲ။ ကိုမျိုးချစ်ခင်ဗျားရဲ့ သီလနှင့် သမာဓိကို လာဘ်နှင့်သော်လည်းကောင်း၊ မ,နှင့်သော်လည်းကောင်း ဖြတ်လိမ့်မယ်။မပျက်စီးစေနှင့်။ ပျက်စီးခဲ့လျှင် တစ်သက်လုံးမွေးထားသည့် ကြက်ကို တစ်မနက်တည်း ရိုက်သတ်စားသလိုဖြစ်လိမ့်မယ်။ အရက်နှင့် ကာမေသုကိုအဓိကရှောင်ပါ။ သီလ၊ သမာဓိ၊ ပညာ၊ မေတ္တာ၊ ကတိ၊ သစ္စာ ၊ ခန္တီကို အသက်ထက်တန်ဖိုးထားပါ။ ခင်ဗျားအောင်မြင်မှာပါဟု မိန့်ကြားသည်။

ဓမ္မာမိတ်ဆွေများ ပူဇော်နိုင်ရန်အတွက် ကံကိုးကံ ဘုရားပုံတော်များကို ဖော်ပြပေးလိုက်ပါသည်။

**တကယ်လုပ်လျှင် အဟုတ်ဖြစ်ပါသည်။**


**ဂမ္ဘီရချစ်ကြီး (ဆင်ဖြူကျွန်း)**

www.burmeseclassic.com

www.burmeseclassic.com

# တောရဆောက်တည်သည့် သာသနာ့အာဇာနည် အရှင်ဝဏ္ဏိတ မဟာထေရ်

မင်္ဂလာဦးရွှေအိုး



တောရဆောက်တည်တော်မူသည့် ဆရာတော်ကြီး အရှင်ဝဏ္ဏိတမဟာထေရ်သည် မွန်ပြည်နယ်၊ ရေးမြို့နယ် အစင်စံပြကျေးရွာ မြို့ဟောင်းတောရ (၁၃၂၈-၁၃၃၁)၊ မွန်စိန်တောရ (၁၃၃၂-၁၃၄၆)၊ အစင်တောရ (ဓမ္မဒူတ၊ ဝေဠုဝန်တောရ) (၁၃၄၇-၁၃၇၇)တို့တွင် သီတင်းသုံးတော်မူခဲ့ ပြီး ပရိယတ္တိ၊ ပဋိပတ္တိတို့နှင့် ပြည့်စုံတော်မူသည့် စံထားထိုက်ဖွယ် ဆရာတော်ကြီးတစ်ပါးဖြစ်ပါသည်။

## ဆရာတော်လောင်းလျာ မွေးဖွားရာ

အရှင်ဝဏ္ဏိတ မဟာထေရ်လောင်းလျာအား ကျိုက်ထိုမြို့နယ်၊ ကော့ဘိန်းရွာမှ ဦးအေး+ဒေါ်ငွေရင် ဇနီးမောင်နှံတို့က မြန်မာသက္ကရာဇ် ၁၂၉၃ ခုနှစ်၊ တပို့တွဲလဆန်း ၁၁ ရက်၊ ဗုဒ္ဓဟူးနေ့(၁၇-၂-၁၉၇၂) ညဥ့်အချိန်အခါတွင် မီးရှူးသန့်စင် ဖွားမြင်တော်မူခဲ့ရာ မွေးချင်းငါးယောက်ရှိသည့် အနက် အကြီးဆုံးသားဦးရတနာဖြစ်ပြီး ငယ်မည်မှာ မောင်ကြည်လင် ဖြစ်ပါသည်။

## ငယ်စဉ်ကာလ ဒုက္ခများစွာ

မောင်ကြည်လင် အသက်ခြောက်နှစ်သားအရွယ်ရောက်သော် ကော့ဘိန်းရွာဦးကျောင်းဆရာတော်ထံ မိဘများသွားရောက် အပ်နှံကြသည့်အတွက် အခြေခံစာပေများကို သင်ယူခဲ့ရသည်။ အသက် ၁၁ နှစ်အရွယ်သို့ရောက်သော် ရွာဦးကျောင်းဆရာတော်ကို ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေအဖြစ်သို့ ရောက်တော်မူခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com

ရှင်သာမဏေ နှစ်ဝါအရတွင် မြန်မာနိုင်ငံသည် ဂျပန်တို့၏ အုပ်စိုးခြင်းခံရ၏။ ထိုဂျပန်ခေတ်ကာလ စစ်ဘေးစစ်ဒဏ်ခံ နယ်သူနယ်သား ရွာသူရွာသားအများစုမှာ ဝဲရောဂါကို အလူးအလဲ ခံစားကြရ၏။ ထိုအထဲ၌ မောင်ကြည်လင်တစ်ဖြစ်လဲ ကိုရင် ဝဏ္ဏိတလည်း အပါအဝင်။ ကိုရင်၏အဖြစ်က ပို၍ဆိုးသည်။ ဝဲရောဂါအပြင် ငှက်ဖျားရောဂါကလည်း ထပ်ဆင့်နှိပ်စက်ပြန်လေရာ "နူရာဝဲစွဲ လဲရာသူခိုးထောင်း"ဆိုသည့်ကိန်း ဆိုက်ရောက်ပြီး ရောဂါဒဏ်ကြောင့် လူစဉ်မမီသော အနေအထားသို့ပင် ရောက်ရှိခံစားခဲ့ရသည်။ ထို့ကြောင့် ရှင်သာမဏေဘဝမှ လူထွက်လိုက်ရတော့သည်။

အသက် ၁၆ နှစ်ရောက်တော့ ကျန်းမာရေးကအတန်အသင့်ကောင်းလာသည်။ ထိုအခါ မောင်ကြည်လင်သည် သာသနာ့ဘောင်သို့ ပြန်လည်ဝင်ရောက်လိုစိတ်ကတားမနိုင် ဆီးမရအောင် ဖြစ်ပေါ်လာသည်။ သည့်အတွက်ကျိုက်ထိုမြို့ရှိ ဘိုးအေဖြစ်သူက ၎င်းတို့ကိုးကွယ်နေသောကျိုက်ထိုမြို့ ကျိုက်ပေါ်လောဘုရားအနီးရှိ ဘုရားကြီးကျောင်းတိုက်သို့ ပို့ဆောင်ပေးရာမှ ရှင်သာမဏေဘဝသို့ ပြန်လည်ရောက်ရှိခဲ့သည်။ ဘွဲ့အမည်မှာလည်း ရှင်ဝဏ္ဏိတပင် ဖြစ်ချေ၏။ သာမဏေဘဝ၌ သဒ္ဒါဘက်ဆိုင်ရာ သဒ္ဒါကြီး သဒ္ဒါငယ်နှင့် ဗာလာဝတာရ၊ ရူပသိဒ္ဓိကျမ်းအများ၊ အဘိဓမ္မာဆိုင်ရာ အဘိဓမ္မတ္ထသင်္ဂဟနှင့် ဋီကာကျော်၊ ဝိနည်းနှင့်ဆိုင်ရာဝိနည်းငယ်လေးစောင်၊ ကင်္ခါအဋ္ဌကထာ၊ ဝိနည်းပါဠိတော်ကျမ်းစာတို့ကို အခြေခံပြည့်စုံအောင် တိုက်အုပ်ဘုန်းတော်ကြီးဦးအရိယဝံသနှစ်ပါးတို့၏ ပို့ချပေးသည့်အတိုင်း ကြိုးစားလေ့ကျက်တော်မူခဲ့သည်။

ရှင်ဝဏ္ဏိတကား ပညာလိုလားသူဖြစ်၏။ သာမဏေဝတ်နှင့် သုံးဝါရပြီးသည့်နောက် အစိုးရပထမပြန်အငယ်တန်းဝင်လိုသော်လည်း ဝံသာနုဆရာတော်ကြီး ကျန်းမာရေးကိုင့်ကာ မဝင်ဖြစ်ခဲ့ဘဲ ကျေးဂူးရှင်ဆရာတော်ကြီးအား အနီးကပ်ပြုစုတော်မူခဲ့သည်။

× × ×



## မြင့်မြတ်ပေစွ ရဟန်းဘဝ

အသက် ၂၀ ပြည့်လေသော် ကျိုက်ထိုမြို့ဘုရားကြီးကျောင်းတိုက် ခဏ္ဍသိမ်၌ပင်လျှင် ဝံသာနုဆရာတော်ကြီးဦးဓမ္မယိန္ဒကို ဥပဇ္ဈာယ်ပြု၍ ဘိုးဘွားမိဘများ၏ ပစ္စယာနုဂ္ဂဟဖြင့် မြင့်မြတ်သော ရဟန်းတော်ဘဝသို့ ရောက်ရှိခဲ့၏။ ဘွဲ့တော်မှာ အရှင်ဝဏ္ဏိတပင် ဖြစ်ပေသည်။

ရဟန်းတစ်ဝါအရတွင် ပထမတန်းအောင်မြင်ခဲ့သည်။ သထုံမြို့ မိတကာရီစာသင်တိုက်သို့ ပြောင်းရွှေ့ခဲ့ပြီး စာဝါများကို ဆက်လက်လေ့ကျက်သင်ယူခဲ့ရာ အစိုးရပထမလတ်တန်းနှင့် ပထမကြီးတန်းတို့ကို အောင်မြင်ခဲ့ပြန်သည်။ ထိုမှမန္တလေးမြို့ ဘုရားကြီးကျောင်းတိုက်သို့ ပြောင်းရွှေ့ကာ ယမိုက်ကျမ်းနှင့် ပဋ္ဌာန်းကျမ်းတို့ကို သင်ယူခဲ့ရာ ဘုရားကြီးတိုက်၌ ဓမ္မစရိယ အောင်မြင်ပြီးသည်ထိ နှစ်နှစ်ကြာ နေထိုင်ခဲ့သည်။ ထားဝယ်မြို့ ယောသိတရာမတိုက်၌ ခေတ္တနေထိုင်စဉ် ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာများကို သင်ယူခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com

ထိုမှ တိပိဋကရေစာမေးပွဲ ဝင်ရောက်လို၍ ပဲခူးမြို့ ကြခတ်ဝိုင်းကျောင်းတိုက်သို့ ရောက်ရှိခဲ့ပြန်သည်။ ၁၃၂၀ ခုနှစ်တွင် ဒီဃနိကာယ်(သုတ်သုံးကျမ်း)ကို အာဂုံဆောင်အောင်မြင်ခဲ့ပြီး တိပိဋကဒီဃဘာဏကဘွဲ့ကို ရရှိတော်မူခဲ့သည်။ ၁၃၂၂ ခုနှစ်တွင် မဟာဝဂ္ဂါဒိ မြန်မာဂုဏ်ထူးကျမ်းကို ဝင်ရောက်ဖြေဆိုအောင်မြင်တော်မူခဲ့ပြီး သာသနာဓဇသီရိပဝရ ဓမ္မာစရိယဘွဲ့ ရရှိခဲ့သည်။

**ယောဂီရဟန်း တောမှီရဟန်း**

၁၉၆၂ ခုနှစ်၊ မတ်လတွင် မြောက်ဥက္ကလာပမြို့နယ် ဘုတာအနီးရှိ ရွှေဥမင်တောရရိပ်သာ ကမ္မဋ္ဌာန်းတိုက်သို့ ပြောင်းရွှေ့၍ မူလရွှေဥမင်ဆရာတော် ဦးကောသလ္လမဟာထေရ်မြတ်၏ အရိပ်အာဝါသ၌ မှီခိုနေထိုင် သီတင်းသုံးတော်မူခဲ့သည်။

ရွှေဥမင်တောရရိပ်သာသည် ကမ္မဋ္ဌာန်းတိုက်ဖြစ်ခြင်းကြောင့် ပြုဖွယ်ရာ အမှုကိစ္စများ နည်းပါး၍ အချိန်ပြည့်ပင် တရားတော်ကို အားထုတ်ရသည်။ မဟာစည်ဆရာတော်ကြီး၊ မင်းကွန်းဆရာတော်ကြီး၊ မိုးကုတ်ဆရာတော်ကြီး စသော မဟာထေရ်ဆရာတော်ကြီးများ၏ တရားခွေများကို နေ့စဉ်လိုလို နာကြားခဲ့ရသည်။ ဤတွင် ကိလေသာနီဝရဏတရားဆိုးတို့၏ အပြစ်များကို အတန်အသင့် သဘောပေါက်နားလည်လာရသည်။ ထိုအခါ သဒ္ဓါတရားများတိုးတက်၊ ဝီရိယတရားများ အားကောင်း၊ သတိတရားများလည်းမြဲမြံ၊ သမာဓိတရားများလည်း တည်ကြည်၊ ပညာတရားများလည်း ထက်မြက်အားရှိလာသည့်အတွက် ခန္ဓာ၏အပြစ်ကို မြင်လာခဲ့တော့သည်။ ထိုအခါ တောရဆောက်တည်လိုစိတ်များ တဖွားဖွားဖြစ်ပေါ်လာခဲ့သည်။

သို့ဖြင့် အရှင်ဝဏ္ဏိတသည် ရွှေဥမင်တောရကို ကျောခိုင်းကာ သပိတ်ထဲ ခေါင်းရိတ်ဓားကိုထည့်၏။ သင်းပိုင်တစ်ထည်ကိုဝတ်၏။ ကေသီနှစ်ထည်ကို ထပ်၍ရုံ၏။ သင်းပိုင်တစ်ထည်အပိုနှင့် သုံးပေပတ်လည် လေးထောင့်ခြင်ထောင်တစ်လုံးအား သပိတ်တွင်းထည့်၏။ နှစ်ထပ်သင်္ကန်းကြီးကို ပခုံးပေါ်တင်၊ သပိတ်ကိုလွယ်ကာ ၁၃၂၅ ခုနှစ်၊ သီတင်းကျွတ်လဆုတ် ၈ ရက်နေ့တွင် ထွက်လာခဲ့တော့သည်။ သို့ဖြင့် တွံတေးဘက်ကမ်း ကော့မှူးမြို့နယ် တောင်ချောင်းရွာနှင့် နှစ်မိုင်ခန့်ဝေးကွာသော ဆိတ်ငြိမ်လှသည့် ညောင်ကုတ်ကိုင်းတောရသို့ ရောက်ရှိခဲ့သည်။ ထို့နောက် ညောင်ကုတ်ကိုင်းတောရဆရာတော်အား တောရဆောက်တည်မည့်အကြောင်း ရွှေဥမင်ဆရာတော်နှင့် တပည့်ရဟန်း ခုနစ်ပါးတို့လည်း ကြွလာမည့်အကြောင်း လျှောက်ထားရာ ဆရာတော်နှင့်ဒကာများ ဝမ်းမြောက်ဝမ်းသာဖြစ်ကြပြီး ဝါဆိုသီတင်းသုံးနိုင်ကြရန် ကျောင်းငယ်လေး ကိုးကျောင်းကို ဆောက်လုပ်လှူဒါန်းကြလေ၏။

အဆိုပါ ညောင်ကုတ်ကိုင်းတောရ၌ တောရဆောက်တည်ကြသော မထေရ်မြတ်တို့သည် ၄ လ၊ ၈ လ၊ ၁၂ လ စသဖြင့် အားထုတ်ပြီး မိမိတို့မူလဌာနသို့ ပြန်ကြွတော်မူကြရာ အရှင်ဝဏ္ဏိတသည် ၁၂ လတိုင် အားထုတ်နေထိုင်ပြီးမှ ရန်ကုန်မြို့ ရွှေဥမင်တောရသို့ ပြန်ကြွခဲ့ပေသည်။ မကြာမီမှာပင် ရွှေကျင်အနီးရှိ တောရကျောင်းသို့ သွားခဲ့ပြန်သည်။ ထိုကြားတောရကျောင်း၌ ရက်ပေါင်း ၅၀ မျှ နေထိုင်သီတင်းသုံးပြီး ရန်ကုန်သို့ ပြန်ကြွခဲ့သည်။ ထို့နောက် သန်လျင်တောရတရားရိပ်သာသို့ သွားရောက်ကာ သုံးလနှင့် သုံးလခွဲကြာမျှ နှစ်ကြိမ် တရားအားထုတ်ခဲ့သည်။

တစ်ဖန် မွန်ပြည်နယ် မုဒုံမြို့နယ် စိတ္တသုခတောရကျောင်းသို့ သွားရောက်ခဲ့ပြန်သည်။ တောရကျောင်းမျှော်အရှင်ဝဏ္ဏိတမထေရ်အဖို့ သပ္ပုရိသယစက် သူတော်ကောင်းကို မှီခိုရသည့်အတွက် ပရိယတ်နယ်ရော ပဋိပတ်နယ်မှာပါ ပြည့်စုံနေတော့သည်။

ထိုနှစ်ပိုင်းမှာပင် ဘီးလင်းမြို့နယ် ကင်းရွာအနီးရှိ ကေလာသတောင်၊ ငယ်ကေလာသတောင်၏ တောင်ဘက်တွင် တစ်ဆက်တည်းတည်ရှိသော မြသပိတ်တွင် ငါးလခွဲမျှ ဦးအာစိဏ္ဏနှင့်အတူ တောရဆောက်တည် နေထိုင်ခဲ့ပြန်သည်။ ထိုမှ မော်လမြိုင်မြို့အစွန်ရှိ ညောင်ပင်ဆိပ်၊ ထပ်ကေးတောင်ပေါ်စကြံတောကျောင်းသို့ ဝါမဆိုမီပြောင်းကာ ဝါကပ်ခဲ့သည်။ ထိုသို့ ဝါဆိုပြီးလေသော် မဏ္ဍာရာဆရာတော်



www.burmeseclassic.com

www.burmeseclassic.com

ထံ ချဉ်းကပ်၍ အာနာပါန ကမ္မဋ္ဌာန်းအားထုတ်နည်းတောင်းယူပြီး ကန္နီဆရာတော်ကြီး၏ နည်းအတိုင်း အားထုတ်ရာ ခြောက်လခန့်ကြာသည်။

ထိုမှ တောရဆောက်တည်လိုသဖြင့် ရေးမြို့နယ်၊ အစင်ရွာမြို့ဟောင်းသို့ သွားရောက်ခဲ့ပြန်သည်။ ထိုအချိန်ဝယ် ဆရာတော်ဦးဝဏ္ဏိတမထေရ်သည် သက်တော် ၃၅ နှစ်၊ ဝါတော် ၁၆ ဝါ ရရှိပြီးဖြစ်သည်။ သခင်ရွာမြို့ဟောင်းတောရကျောင်း၌ သုံးဝါမြောက် ဝါဆိုအပြီးတွင် ကျိုက်ထိုမြို့တွင် နေထိုင်သော မယ်တော်ကြီးဒေါ်ငွေရင် ကွယ်လွန်ရာ သံဝေ တရား ပွားများခဲ့သည်။ ထိုအခါ မွန်ပြည်နယ် ပေါင်မြို့နယ် ကျုံကရွာအနီးရှိ သပိတ်အိုင်တောရကျောင်းသို့ ပြောင်းရွှေ့လျက် တောရဆောက်တည်တော်မူပြန်သည်။

၁၃၄၆ ခုနှစ်သို့ ရောက်လေသော် မွန်စိန်တောရကျောင်း၌ သီတင်းသုံးပြန်သည်။ ထိုကာလဝယ် ခြေထောက်၌ ဝဲနှင်းခူအနာများ စွဲကပ်လာခဲ့သည်။ ငှက်ဖျားရောဂါကလည်း ခေါင်းထောင်ထလာပြန်သည်။ အသက် ၅၃ နှစ် အရွယ် ဝါတော် ၃၄ ဝါအရတွင် အထွေထွေ အာရုံကြောအားနည်းရောဂါ စွဲကပ်လာပြန်သည်။ အစာအာဟာရလည်း လက်မခံတော့။ မျက်စိအမြင်တို့မှာလည်း မှုန်မွဲလာခဲ့သည်။ ၁၃၄၆ ခုနှစ် ၁၅ ကြိမ်မြောက်ဝါဆိုပြီး ဝါကျွတ်လေသော် ဥတုသပ္ပါယ်မဖြစ်တော့သော မွန်စိန်တောရနေရာဟောင်းကို စွန့်ထားခဲ့ပြီး ဥတုသပ္ပာယ်ဖြစ်လောက်မည့် (သထုံ-ဘီးလင်း-ကျိုက်ထို)သင့်တော်ရာသို့ ပြောင်းရွှေ့ရန် ကြံစည်ခဲ့လေသည်။ သို့ရာတွင် ဒကာ ဒကာမတို့၏ တောင်းပန်လျှောက်ထားချက်ကြောင့် ဝါဆိုဝါကပ်ရပြန်တော့သည်။ ၁၃၅၂ ခုနှစ်၊ သီတင်းကျွတ်ခါနီးတွင် ခမည်းတော်ဦးအေး ကွယ်လွန်ခဲ့သည်။

၁၃၆၁ ခုနှစ်တွင် အစင်တောရကျောင်းကို ဝေဠုဝန်တောရကျောင်းဟူ၍ အမည်ပြောင်းခဲ့သည်။ အထက်မြန်မာပြည် ပုသိမ်ကြီးမြို့သို့ ပြောင်းရွှေ့စဉ် သက်တော် ၆၀ နှစ်၊ ဝါတော် ၄၉ ဝါရှိကာ တောင်စွန်းမြို့ (ဓမ္မဒူတတောရ) သို့ (ဝေဠုဝန်တောရကျောင်း)အား လွှဲအပ်လှူဒါန်းတော်မူခဲ့သည်။ ၁၃၆၅ ခုနှစ် နတ်တော်-ပြာသိုလတွင် အိန္ဒိယနိုင်ငံ ဗုဒ္ဓဂယာသို့ ဘုရားဖူးကြွခဲ့သည်။ ၁၃၆၉ ခုနှစ်တွင် မင်္ဂလာ ဒုံမြို့နယ် ပုလဲမြို့သစ်၊ ကုန်းတလပေါင်ရွာအနီးရှိ ဓမ္မသုခ ရွှေဥမင်ရိပ်သာကျောင်း၌ သီတင်းသုံးပြီး ဝါကျွတ်သော် အစင်ရွာ ဝေဠုဝန်တောရသို့ ပြန်လည်ကြွတော်မူခဲ့သည်။

၁၃၇၂ ခုနှစ်၊ တပို့တွဲလဆန်း ၁၁ ရက်နေ့တွင် သက်တော် ၇၉ နှစ် ဝါတော် ၆၀ ပြည့် မွေးနေ့ပူဇော်ပွဲကို ကျင်းပခဲ့သည်။ ဆရာတော်ဦးဝဏ္ဏိတ ဟောကြားထားသော ဟောစဉ်တရားတော်များကို စာအုပ်အဖြစ် ထုတ်ဝေခဲ့ရာ

(၁) ရဲရင့်သူတို့၏ အမြင်တရားတော် (၂၀၁၀)
(၂) သီလကြီးလေးပါးအကျဉ်းတရားတော် (၂၀၁၀)
(၃) သာသနာရေး အမေးနှစ်ဖြာတရားတော်(၂၀၁၁)
(၄) သူတော်ကောင်းလက္ခဏာတရားတော် (၂၀၁၂)
(၅) မြတ်ဗုဒ္ဓဒေသနာနှင့် မဟာထေရ်ရှင်ဉာဏ်အမြင် (၂၀၁၃)
(၆) တရားနှင့်စပ်သိမှတ်ဖွယ်စုံအဖုံဖုံ (၂၀၁၃)

စသည်တို့ ဖြစ်ကြသည်။ (၁၆-၁၁-၂၀၁၅) နေ့၌ ဆရာတော်ကြီး ဦးဝဏ္ဏိတမဟာထေရ်မြတ်ကြီးသည် သက်တော် ၈၄ နှစ် ဝါတော် ၆၅ ဝါသို့ ရောက်ခဲ့ပေပြီ။

ဆရာအရှင်၏ ဘဝတစ်သက်တာတွင် အဆိုးအကောင်း အကျိုးအကြောင်းတို့သည် ဆက်စပ်လျက်ရှိကြ၏။ သာသနာ့ဝန်ထမ်း ရဟန်းဘဝဖြင့် ပရိယတ္တိသင်ယူခြင်းတာဝန်၊ ရဟန်းသာမဏေတို့အား ပြန်လည်ပို့ချခြင်းတာဝန်၊ ဒါယကာ ဒါယိကာမတို့အား ဓမ္မဒေသနာများ ဟောကြားပေးခြင်းတာဝန်၊ ဟောကြားဆုံးမပေးပြီးသည့် တရားတော်များကို စာအုပ်များ ရိုက်နှိပ်ထုတ်ဝေကာ အသိဉာဏ်ပညာ သဒ္ဓါတရားများ တိုးတက်အောင်ဆောင်ရွက်ပေးခြင်း၊ ဗုဒ္ဓသာသနာ ရောင်ဝါနေသို့ ထွန်းစေရန်အတွက် ဓမ္မဒူတ ဝေဠုဝန်တောရ ပရိယတ္တိစာသင်တိုက်အား တည်ထောင်နိုင်ခဲ့ရာ သာသနာ့အာဇာနည်တစ်ပါးအဖြစ် ရှိခိုးဦးခိုက်တော်မူပါသတည်း။

**မင်္ဂလာရွှေအိုး**



www.burmeseclassic.com

www.burmeseclassic.com

# နေ့အတွက်မှာ ငွေအတွက် မပူရအောင်

ကျော်ဇောဟိန်း(နံ့သာ)

အကြောင်းအမျိုးမျိုးကြောင့် မရေးဖြစ်ခဲ့သည်မှာ နှစ်နှင့်ချီ၍ ကြာခဲ့လေပြီ။ အခုတော့ ရေးဖြစ်အောင်ရေး၍ စာဖတ်သူ ဝိသနာပါသူအပေါင်းများအား မျှဝေခံစားစေလို၍ ရေးသားတင်ပြလိုက်ရပါသည်။

စာရေးသူ၏ အိမ်တွင် နယ်မှ ဧည့်သည်များ ဘုရားဖူးရန် အလည်လာရောက်နေကြသဖြင့် ရန်ကုန်မြို့ရှိ ဘုရားမျိုးစုံကို လိုက်ပို့ပြီး တစ်ပတ်အကြာတွင် ဧည့်သည်များ ပြန်ရန်အတွက် တစ်နေ့တွင် နံနက်စောစောထ၍ ကြည့်မြင်တိုင် အဝေးပြေးဂိတ်ကို လိုက်ပို့ခဲ့လေသည်။ ဧည့်သည်များ လိုက်ပို့ပြီးနောက် ကြည့်မြင်တိုင် ကမ်းနားဈေးအနီးတွင် နေထိုင်သော စာရေးသူ၏ သူငယ်ချင်းဖြစ်သူ ကိုထွန်းအောင်အိမ်ကို လမ်းကြုံရင်း ဝင်ခဲ့ပါသည်။ ကိုထွန်းအောင် အိမ်သို့ ရောက်သောအခါ စာရေးသူက ကိုထွန်းအောင်အား နှုတ်ဆက်လိုက်လေသည်။

"ကိုထွန်းအောင် ဘာတွေလုပ်နေလဲ"

ကိုထွန်းအောင်က စာရေးသူအား တွေ့သောအခါ‥

"လာ ဖိုးကျော် စောစောစီးစီး ဘယ်က လည့်လာတာလဲ"

စာရေးသူက‥‥

"ဧည့်သည်တွေကို အဝေးပြေးဂိတ် လိုက်ပို့ပြီး ကိုထွန်းအောင်အိမ်ကို လှည့်ဝင်လာခဲ့တာ။ ကိုထွန်းအောင် အခု ဘာတွေလုပ်နေတာလဲ။ ရေခွက်တွေနဲ့"

ကိုထွန်းအောင်က‥‥

"ဘုရားသောက်တော်ရေကပ်ဖို့ သောက်တော်ရေခွက်တွေကို ဆေးကြောသန့်စင်နေတာလေဗျာ"

စာရေးသူက ကိုထွန်းအောင် ဘုရားသောက်တော်ရေခွက်တွေ၊ ဆေးကြောသန့်စင်နေတာကို တစေ့တစောင်းကြည့်လိုက်သောအခါ ငွေကျပ်ပြားစေ့ ငါးစေ့ကိုလည်း တွေ့လိုက်ရပါသည်။ စာရေးသူက‥‥

"ကိုထွန်းအောင် အဲဒီငွေကျပ်ပြားစေ့လေးတွေက ဘာလုပ်တာလဲဗျ"

ထိုအခါ ကိုထွန်းအောင်က‥‥

"နေ့အတွက်မှာ ငွေအတွက် မပူရအောင်လို့ ကျွန်တော့်ဆရာ ဂျိုးဖြူအဘအောင်က ပေးလိုက်တဲ့ နည်းလေဗျာ"

"ဘယ်လိုနည်းလဲဗျ။ ကျွန်တော် စိတ်ဝင်စားလို့ ရှင်းပြပါဦး"

"ခင်ဗျား စိတ်ဝင်စားပြီး သိချင်နေတော့လည်း ရှင်းပြရတာပေါ့။ ကျွန်တော့်မှာ သားသမီးတွေက ငါးယောက်ဆိုတော့ စီးပွားရေးက အဆင်မပြေဘူး။ အသိရှေးဆိုင်က အကြွေးတွေယူစား၊ လကုန် ပြန်ဆပ်၊ ဒီလိုနဲ့ သံသရာလည်နေတာ။ လက်ထဲမှာလည်း ငွေက ပြတ်တာ များတယ်။ တစ်နေ့တော့ ကျွန်တော် ဆရာဖြစ်တဲ့ ဂျိုးဖြူအဘအောင်ဆီကို သွားတယ်။ ဂျိုးဖြူအဘအောင်ဆီရောက်တော့ ကျွန်တော်က စီးပွားရေး အဆင်မပြေကြောင်း ပြောပြတော့ ဂျိုးဖြူအဘအောင်က "ဆင်းရဲတယ်၊ ချမ်းသာတယ်ဆိုတာ ကံတရားနဲ့ ဆိုင်တယ်။ မင်းအခု စီးပွားရေး မပြေလည်ဘူး။ ငွေလက်ထဲမှာ မရှိတော့ ငွေအတွက် အမြဲပူနေရတယ်။ နေ့အတွက်မှာ ငွေအတွက် မပူရအောင် မင်းကို နည်းကောင်းတစ်ခု ပေးလိုက်မယ်" ပြောပြီး နည်းကောင်းတစ်ခုကို ပေးလိုက်တာပဲ သူငယ်ချင်းရေ။ ပြုလုပ်နည်းကတော့ကွာ၊ ဟိတ်ဘုန်းက ခြင်္သေ့ရုပ်ပါတဲ့ ငွေကျပ်ပြား ငါးစေ့ကို ရအောင်ရှာ။ ရလာတဲ့ ကျပ်ပြားစေ့ ငါးစေ့ကို ဝင်းပြောင်လက်နေအောင် တိုက်ပြီးတော့ ခေါင်းလျှော်ရေနဲ့ ဆေး။ အဲဒီနောက် ရေနံ့ပြန်ပြီး စင်ကြယ်အောင် ဆေး သောက်တော်ရေခွက်တင်တဲ့ လင်ပန်းပေါ်မှာ ငွေကျပ်ပြားစေ့ ငါးဆယ်စေ့တင်၊ ၎င်းကျပ်ပြားစေ့ တည့်တည့်ပေါ်ကို သောက်တော်ရေ ထည့်ထားတဲ့ သောက်တော်ရေခွက် ငါးခွက်ကို တစ်ခွက်စီ လိုက်တင်ထားပြီးတဲ့အခါ ဘုရားသောက်တော်ရေကပ်၊ ငါးပါးသီလခံယူ၊ ဗုဒ္ဓသရဏံဂစ္ဆာမိ ပုတီးတစ်ပတ်စိပ်၊ ဓမ္မံသရဏံ



www.burmeseclassic.com

www.burmeseclassic.com

ဂျွာမိ တစ်ပတ်စိပ်၊ သံယံသရေဆံဂျွာမိ ပုတီးတစ်ပတ်စိပ်၊ အဲဒါပြီးရင် အရဟံ ပုတီး(၉)ပတ်စိပ်။ အရဟံ (၉)ပတ် စိပ်ပြီးရင် ဆုတောင်းရန်မှာ အရှင်ဘုရား တပည့်တော်သည် ငွေအတွက် ရှာဖွေရသည်မှာ ပူပင်သောက မရှိစေရဘဲ သောက်တော်ရေခွက်အောက်မှာ တင်ထားတဲ့ ငွေသားများ အေးသကဲ့သို့ ငွေများကို အေးချမ်းစွာ ရှာဖွေနိုင်ပါစေဘုရားဟု ဆုတောင်းပါ။ ညနေ ဘုရားသောက်တော်ရေလဲလျှင်လည်း ငွေကျပ်ပြားစေ့များကို မနက်က တင်ထားသကဲ့သို့ မဟုတ်ဘဲ (ပြန်၍လှည့်ပေးပါ) ဥပမာ-မနက်က တင်ထား ငွေကျပ်ပြားစေ့များမှာ (ပန်း)ဟု အားလုံးထားပါက ညနေ သောက်တော်ရေလဲလျှင် (ခေါင်း)ဘက်သို့ အားလုံးပြန်၍ လှည့်ထားလိုက်ပါ။ ထို့အတူ နံနက် သောက်တော်ရေ လဲပြန်လျှင်လည်း (ပန်း)ဘက်သို့ အားလုံးလှည့်ထားပေးပါ။ တစ်နေ့ကို နှစ်ခါ (ခေါင်း)၊ (ပန်း) လှည့်ပေးရတယ်။ ဂိုဏ်းဖြူအဘအောင် ပေးလိုက်သောနည်းဖြင့် နေ့တိုင်းပြုလုပ်လာတော့ တစ်လထက်တစ်လ ထူးခြားလာတယ်။ (၃) လပြည့်တဲ့အခါမှာ လက်ထဲတွင် ငွေမပြတ်တော့ဘဲ ဈေးဖိုးလည်း မှန်မှန်ပေးနိုင်လာတယ်။ အသိဈေးဆိုင်ကယူထားတဲ့ အကြွေးတွေလည်း ကျေတယ်လေ။ ကိုယ်ရဲ့ ကံတရားအရ ဆင်းရဲချမ်းသာပေါ်မှာ မူတည်ပြီး နေရပေမယ့်လည်း ငွေတော့ လက်ထဲမှာ မပြတ်တော့ဘူး၊ အခု ပြေပြေလည်လည်နဲ့ အဆင်ပြေစွာ ရှိနေတော့တယ်"

ဟု အထက်ပါအတိုင်း ကိုထွန်းအောင်က ရှင်းပြလေသည်။

"ကိုထွန်းအောင် ပေးတဲ့နည်းက နည်းကောင်းတစ်ခုပါ။ ကျွန်တော်လည်း ယုံကြည်ပါတယ်။ အိမ်ရောက်ရင် ယုံကြည်စွာနဲ့ လုပ်ကြည့်ဦးမယ်"

ဟု ပြော၍ ကိုထွန်းအောင်ကို နှုတ်ဆက်ကာ စာရေးသူသည် လိုင်းကားစီးပြီး ပြန်လာခဲ့ရာ သိမ်ကြီးဈေးမှတ်တိုင်တွင် ဆင်း၍ ကိုထွန်းအောင် ပြောလိုက်သောနည်းများ ပြုလုပ်ရန်အတွက် လိုအပ်သော ပစ္စည်းများကို ရှာဖွေရတော့သည်။

ရွှေဘုံသာလမ်းမှ ကျပ်ပြားစေ့များ ရှာဖွေရရှိလာ၍ အိမ်ပြန်ရောက်သောအခါ ကိုထွန်းအောင် ပြောသကဲ့သို့ လုပ်ကြည့်ရာ (၃)လ နောက်ပိုင်းတွင် အမှန်တကယ်ပင် မိမိလက်ထဲတွင် ငွေများ မပြတ်တော့ပေ။

လူအများစုမှာ ငွေအတွက် အမြဲပူပင်နေရလေသည်။ တချို့ဆိုလျှင် မိမိလုပ်အား၊ အလုပ်ရှင်ထံ လိုအပ်လို့ သွားတောင်းရင်တောင်မှ မိမိလိုချင်တဲ့အချိန် မရဘဲ ဖြစ်တတ်လေသည်။ အရောင်းအဝယ်သမားများဆိုလျှင် ငွေလာပေးမယ့်သူ ယနေ့ ငွေလာပေးပါ့မယ်။ ငွေလာချေပါ့မယ်လို့ အတိအကျပြောထားသော်လည်း ငွေလာပေးမည့်သူသည် အကြောင်းအမျိုးမျိုးကြောင့် ချိန်းတဲ့ရက် လာမပေးနိုင်ပါက ငွေအတွက် ပူရပြန်သည်။ အထက်ပါ ဂိုဏ်းဖြူအဘအောင် ပေးသွားသောနည်းသည် အလုပ်မလုပ်ဘဲ နေလို့ကတော့ ငွေသည် သူ့အလိုအလျောက် ဝင်လာမည် မဟုတ်ပေ။ အခုသစ်ပင်စိုက် အခုအသီးစားချင်လို့ကတော့ ရမည်မဟုတ်ပေ။ မိမိရဲ့ ကျင့်စဉ်ပြုလုပ်နည်း နေ့စဉ်မှန်ဖို့နှင့် ဝီရိယလှုံ့လစိုက်ဖို့တော့ အများဆုံး လိုအပ်လေသည်။ နေ့အတွက်မှာ ငွေအတွက် ပူပင်သောက မရှိစေရသော နည်းဖြစ်၍ စာဖတ်သူ ဝါသနာပါသူအပေါင်း ပြုလုပ်ကြည့်စေလိုပါသည်။ ငွေသားကျပ်ပြားစေ့မှာ တချို့လူကြီးများသည် မိမိတို့အိမ်တွင် စုဆောင်းထားရှိကြလေသည်။ ကလေးများအတွက် ခမည်းပေးရန် ငင်းငွေသား ကျပ်ပြားစေ့ကို ဖောက်၍ လည်ပင်းတွင် ဆွဲထားကြလေသည်။

အထက်ပါနည်းကို ပြုလုပ်လိုကြသော သူများသည် ငွေသား ကျပ်ပြားစေ့ အလွယ်တကူ ရှာ၍မရပါက ရန်ကုန်မြို့ ရွှေဘုံသာလမ်းတွင် ငွေသားကျပ်ပြားစေ့ ငွေသားပိုက်ဆံ အမျိုးမျိုး ရောင်းသော အဟောင်းဆိုင်များတွင် ရရှိနိုင်ပါသည်။

**မှတ်ချက်** - ငွေသားကျပ်ပြားစေ့ ဝယ်လျှင် (၁၀)စေ့ ဝယ်ရန် လိုအပ်ပါသည်။ အဘယ်ကြောင့်ဆိုသော် ငွေသားကျပ်ပြားစေ့သည် ရေနှင့် အမြဲထိနေပါက တစ်လအတွင်း မည်းလာတတ်ပါသည်။ ထိုသို့ မည်းလာသောအခါ နောက်ထပ်ငွေသားကျပ်ပြားစေ့ ငါးစေ့ အပိုရှိပါက ၎င်းအပိုကို အသုံးပြုပြီး မည်းနေသော ငွေသား ကျပ်ပြားစေ့ကို ဖြူစင်တောက်ပြောင်အောင်တိုက်ပြီး နောက်ထပ် အသုံးပြုရန်အတွက် ဆောင်ထားရမည်ဖြစ်ပါသည်။

ဤနည်းဖြင့် ပြုလုပ်ကြလျှင် နေ့အတွက်မှာ ငွေအတွက် မပူရသော နည်းကောင်းတစ်ခု ဖြစ်လေတော့သတည်း။

သတ္တဝါမှန်သမျှ ဘေးမခ အေးမြသာယာ ရွှင်လန်းချမ်းမြေ့နိုင်ပါစေ။

ကျော်ဇောဟိန်း(နံ့သာ)

www.burmeseclassic.com



# မိသားစုဘဝ သာယာချမ်းမြေ့စေသည့် ဘုရားငါးဆူ ဂါထာတော်

မင်္ဂလာဦးရွှေအိုး

လူဆိုသည်မှာ တစ်ဦးတစ်ယောက်တည်း ရပ်တည်၍ မရ။

ပတ်ဝန်းကျင်အသိုင်းအဝိုင်း၊ မိသားစု အသိုက်အမြုံတို့ ရှိရစမြဲဖြစ်၏။ မိသားစုရှိပြီဆိုလျှင် ပျော်ရွှင်ခြင်း၊ သာယာခြင်း၊ ချမ်းမြေ့ခြင်းတို့ရှိမှသာ သီရိဂေဟာ ပီသပေလိမ့်မည်။ သည့်အတွက် ဘာသာရေးအဆုံးအမသည် များစွာ အကျိုးကြီးမားလှပေသည်။ မိမိတို့ ဗုဒ္ဓဘာသာဝင်များအဖို့ သံသရာမှ လွန်မြောက်ပြီးသော ဘုရားရှင်တို့၏ အဆုံးအမ ဒေသနာတို့မှာ တန်ဖိုးအနန္တ ကြီးမားလှပါသည်။

ဤဘဒ္ဒကမ္ဘာသည် ဘုရားငါးဆူ ပွင့်တော်မူသည့် ကမ္ဘာဖြစ်ပေသည်။ ဤ၌ လေးဆူသော ဘုရားရှင်များဖြစ်ကြသည့် ကကုသန်မြတ်စွာဘုရားရှင်၊ ကောဏာဂုဏ်မြတ်စွာဘုရားရှင်၊ ကဿပမြတ်စွာဘုရားရှင်နှင့် ဂေါတမမြတ်စွာဘုရားရှင်တို့မှာ ပရိနိဗ္ဗာန်စံဝင်တော်မူခဲ့ရာ ပွင့်တော်မမူသေးသည့် အရိမေတ္တေယျဘုရှင်းတစ်ပါး ကျန်ပါသေးသည်။

အဆိုပါ ဘုရားငါးဆူကို ရည်ညွှန်းဖွဲ့တော်မူအပ်သည့် "ဘုရားငါးဆူ ဂါထာတော်ကြီး"အား နေ့စဉ် ဝတ္တရားသဖွယ် ထားရှိလျက် အမိဌာန်ထားကာ မှန်မှန်ရွတ်ဖတ် သရဇ္ဈာယ်ပေးခြင်းအားဖြင့် ကျရောက်ဆဲ ကျရောက်လတ္တံ့သော ဘေးအန္တရာယ်ဆိုးများကို ကာကွယ်နိုင်ပါလိမ့်မည်။ စည်းစိမ်ဥစ္စာ အခြံအရံတို့နှင့် ပြည့်စုံကြွယ်ဝပါလိမ့်မည်။ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေးတို့ အစစအရာရာ အဆင်ပြေ



www.burmeseclassic.com

www.burmeseclassic.com

မွေ့ကာ မိသားစုဘဝဟာ ချမ်းမြေ့စေသည့် "သီရိဂေဟာ" ပမာ ကောင်းကျိုးရလဒ်များ ခံစားရလိမ့်မည်။ သည့်အတွက် မိသားစုဘဝ သာယာချမ်းမြေ့စေသည့် "ဘုရားငါးဆူဂါထာ တော်"အား မြန်မာပြန်အနက်နှင့်တကွ အောက်တွင် ဖော်ပြ လိုက်ပါသည်။

၁။ ကကုသန္ဓော ကောဏာ ဂမနော၊
ကဿပေါ ဂေါတမော မုနိ။
မေတ္တေယျော ပဉ္စ ဗုဒ္ဓတော၊
သီသေ မေ သေန္တု သဗ္ဗဒါ။

## မြန်မာပြန်အနက်

ကကုသန္ဓော - ကကုသန် မြတ်စွာဘုရားသည် လည်းကောင်း။ ကောဏာဂမနော - ကောဏာဂုဏ်မြတ်စွာ ဘုရားသည်လည်းကောင်း။ ကဿပေါ - ကဿပမြတ်စွာ ဘုရားရှင်သည်လည်းကောင်း။ ဂေါတမော - ဂေါတမအမည် ရှိသော၊ မုနိ - မြတ်စွာဘုရားရှင်သည်လည်းကောင်း။ မေတ္တေယျော - မေတ္တေယျမြတ်စွာဘုရားရှင်သည်လည်းကောင်း။ ပဉ္စ - ငါးဆူကုန်သော၊ ဗုဒ္ဓေါ - ထိုမြတ်စွာဘုရား ရှင်တို့သည်၊ မေ - တပည့်တော်၏၊ သီသေ - ဦးခေါင်းရတနာ မြတ်အင်္ဂါ၌၊ သဗ္ဗဒါ - အခါခပ်သိမ်း။ သေန္တု - ကိန်းအောင်း မွေ့လျော် တည်နေတော်မူကြပါကုန်ဘုရား။

+ + + + + +

၂။ တေတံ အနန္တာဝေန၊
ယက္ခ ဒေဝါ မဟိဒ္ဓိကာ။
သဗ္ဗေပိ သုခိတာ ဟောန္တု၊
မမ မိတ္တာ သဟာယကာ။

## မြန်မာပြန်အနက်

တေတံ - ထိုမြတ်စွာဘုရားငါးဆူတို့၏၊ အနန္တာဝေန - ဘုန်းတန်ခိုးတေဇော် အာနုဘော်တို့ကြောင့်၊ မဟိဒ္ဓိကာ - ကြီးမြတ်သော တန်ခိုးရှိပေကုန်သော၊ သဗ္ဗေပိ - အလုံးစုံကုန်ဖြစ်သော၊ ယက္ခာ - ဘီလူးတို့သည်လည်းကောင်း။ ဒေဝါ - နတ်တို့သည်လည်းကောင်း။ သုခိတာ - ကိုယ်စိတ် နှစ်ဖြာ ချမ်းသာခြင်းရှိကြကုန်သည်၊ ဟောန္တု - ဖြစ်ကြပါ စေကုန်သတည်း။

မမ - အကျွန်ုပ်၏၊ မိတ္တာ - အဆွေအမျိုးတို့သည် လည်းကောင်း။ သဟာယကာ - အဖော်သဟဲတို့သည်လည်း ကောင်း။ သုခိတာ - ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းရှိကြကုန် သည်၊ ဟောန္တု - ဖြစ်ကြပါစေကုန်သတည်း။

+ + + + + +

၃။ တေတံ မေတ္တာ နုဘာဝေန၊
သဗ္ဗေ ရောဂေါ သုခီ ဟောန္တု။
သဗ္ဗေဘယာ ဝိနဿန္တု၊
သဗ္ဗေ နဿန္တု ပဒ္ဒဝါ။

## မြန်မာပြန်အနက်

တေသံ - ထိုဆိုအပ်ပြီးသော မြတ်စွာဘုရားရှင် ငါးဆူတို့၏၊ အနုဘာဝေန - တန်ခိုးတေဇော် မေတ္တာအာနု ဘော်တို့ကြောင့်၊ သဗ္ဗေ - အကြွင်းမဲ့ဥဿုံ အလုံးစုံကုန်သော သတ္တဝါတို့သည်၊ အရောဂါ - နာကျင်ခံခက် နှိပ်စက်တတ် သော အနာရောဂါတို့မှ ကင်းကုန်သည်ဖြစ်၍၊ သုခီ - ကိုယ် စိတ်နှစ်ဖြာ ချမ်းသာကြကုန်သည်၊ ဟောန္တု - ထင်ရှားမသေ ဖြစ်ကြပါစေကုန်သတည်း။

သဗ္ဗေ - ခပ်သိမ်းကုန်သော၊ ဘယာ - ကြောက် မက်ဖွယ်ကောင်း ဘေးရန်အပေါင်းတို့သည်၊ ဝိနဿန္တု - ကင်းစင်ပပျောက်စေကုန်သတည်း။

ဥပဒ္ဒဝေါ - ကိုယ်တွင်စွဲကပ် နှိပ်စက်တတ်သော အနာမှန်သမျှ၊ ဝိနဿန္တု ဆီးနှင်းနေကြောက် ပမာလျောက် သို့ ကင်းပျောက်လွင့်စင်ပါစေသတည်း။

မင်္ဂလာဦးရွှေဒိုး

## အကိုးအကား

လာဘ်ရွှင် စီးပွားတိုး တန်ခိုးထက်မြက်သည့် ဂါထာ တော်များ (သုတေသီဆရာငြိမ်း)။



www.burmeseclassic.com

www.burmeseclassic.com

# အောင်လာဘ်တွေနှင်းရာ အဆောင်မြင်းခွာ

မော်တင်သိန်းဇော်ဇ



တစ်နေ့နံနက်ခင်း၌ ကိုယ်ရေးကိုယ်တာကိစ္စတစ်ခုဖြင့် မြို့လယ်ကောင်အနီးရှိ အတွင်းလမ်းတစ်လမ်းမှ လျှောက်လှမ်းလာရင်း လမ်းအဆုံး လမ်းမကြီးပေါ်သို့အကူး အထွက်တွင် မိမိ၏နာမည်အား တရင်းတနှီး လှမ်းခေါ်လိုက်သံကို ရုတ်တရက် ကြားလိုက်ရသဖြင့် ငဲ့စောင်း၍ကြည့်လိုက်ရာ လမ်းဘေးရှိ လက်ဖက်ရည်ဆိုင်တွင် ထိုင်နေကြသည့် နှစ်ပေါင်း ၃၀ နီးပါးမျှ ကွဲကွာ၊ အဆက်ပြတ်၊ မဆုံဖြစ်ကြသော မိတ်ရင်းနှစ်ဦးတို့ ဖြစ်နေကြသည်ကို မထင်မှတ် မမျှော်လင့်ဘဲ တွေ့လိုက်ရပါသည်။ ထို မိတ်ရင်းနှစ်ဦးအနက် တစ်ဦးက

"ခင်ဗျားကတော့ အသက်ရှည်ဦးမယ်။ ခင်ဗျားအကြောင်း ကျွန်တော်တို့ ခုပဲ သတိတရ တိုက်တိုက်ဆိုင်ဆိုင်ပဲ ပြောနေမိကြတာ။ ဝမ်းသာတယ်ဗျာ။ ထိုင်ဗျာ။ လက်ဖက်ရည်သောက်ပါဦး"

ဟု ဝမ်းပန်းတသာ ဖက်လှဲတကင်း လှမ်းပြောနှုတ်ဆက်ရင်း စာရေးသူအား ထိုင်စေပြီး လက်ဖက်ရည်လှမ်းမှာကာ ညှော်ခံလေသည်။ မတွေ့ကြရသည်မှာ အလွန်ပင် ကြာညောင်းလွန်းခဲ့ပြီဖြစ်ရာ စာရေးသူနှင့် ထိုမိတ်ဆွေနှစ်ဦးပေါင်းသုံးဦးတို့မှာ ကျောင်းအကြောင်း၊ အလုပ်အကြောင်းများနှင့် မိမိတို့ ဘဝရေးတာအကြောင်းများကို နာရီအချိန်အတော်ကြာကြာပင် အပြန်အလှန် ပြောမိကြလေသည်။ အတန်ကြာတွင် သုံးဦးသား လူစုခွဲ၍ လက်ဖက်ရည်ဆိုင်မှ ထပြန်မည်အပြုတွင် စာရေးသူတို့အား လက်ဖက်ရည်ဒကာခံသော ထိုမိတ်ဆွေဖြစ်သူကပင် စာရေးသူ၏ လက်မောင်းအားဆွဲလျက် ရုတ်တရက်နှင့်. . .

"ခင်ဗျားတို့ မပြန်ကြနဲ့ဦး။ ကျွန်တော်နဲ့ ခဏကလေး လိုက်ခဲ့ဦး။ ကြုံကြိုက်တိုက်ဆိုင်လွန်းလို့ ငွေကြေးလာဘ်လာဘတွေဝင်တတ်တဲ့ အဆောင်တစ်ခုပေးလိုက်မယ်။ ဆိုင်မှာ ပလတ်စတစ်လောင်းဖို့ အပ်နံ့ထားတယ်။ လိုက်ယူကြဦး။ ခင်ဗျားတို့ အကျိုးရှိမှာပါ"

ဟု ပြောဆိုရင်း ဆူးလေလမ်းမကြီးအနီးရှိ မိတ္တူကူး ပလတ်စတစ်လောင်း ဆိုင်တစ်ဆိုင်သို့ အမြန်ပင် ခေါ်သွားကာ စာရေးသူနှင့် ကျန်မိတ်ဆွေတစ်ဦးတို့အား မေတ္တာ၊ စေတနာကြီးစွာနှင့် လုပသစ်လွင်လှသော အတိတ်နိမိတ်



www.burmeseclassic.com

www.burmeseclassic.com

ကောင်း အဆောင်ကတ်ပြားကလေးတစ်ခုစီ ပေးလိုက်ပါသည်။

**စာရေးသူက** ဝမ်းသာ၊ စိတ်ဝင်စား၊ ထက်သန်စွာနှင့် မိတ်ဆွေပေးသော ထိုအဆောင်ကတ်ပြားကလေးအား အလျှင်စလိုပင် ကြည့်ရှုလိုက်ရာ ထိုအဆောင်ကတ်ပြားကလေးမှာ ရောင်ပြန်မဂ္ဂဇင်း၌ မျက်နှာဖုံးတင်အနေနှင့်ရော၊ အတွင်းစာသား ဆောင်းပါးမွန်အဖြစ်နှင့်ပါ လှပ၊ သစ်လွင်၊ ဝေဆာလှစွာ ဖော်ပြပြုစုရေးသားခဲ့သည့် "သက်ရှည်ကျန်းမာဆေးမြင်းခွာ" စာတန်းပါ မြင်းခွာပုံကတ်ပြားကလေး ဖြစ်နေသည်ကို တွေ့ရှိရပါသည်။ ယင်းမြင်းခွာပုံ ကတ်ပြားကလေးကို ကံထူးလှစွာ အဆောင်မွန်တစ်ခုအဖြစ် လက်ခံရရှိဆောင်သမိရင်း မြင်းခွာနှင့်ပတ်သက်၍ စာရေးသူအနေနှင့် လောကီရေးရာ ဗဟု[illegible]တများအဖြစ် လေ့လာမှတ်သား သိရှိထားသည့် အခြားမြင်းခွာနှင့်ပတ်သက်ရာ အချက်အလက် အကြောင်းခြင်းရာများကိုပါ ဝင်စားအမှတ်ရမိသဖြင့် ရေးသားတင်ပြရခြင်းဖြစ်ပါသည်။ ပြေးဆွဲသောမြင်းများမှ ကျွတ်ကျသည့် သံဖြင့်ပြုလုပ်ထားသော မြင်းခွာပစ္စည်းသည် လောကီရေးရာ ဂမ္ဘီရအလိုအားဖြင့် ကံကောင်းစေသည့် လာဘ်ဝင်စေသည့်၊ အမှောင့်ပယောဂတို့ကို ခုခံကာကွယ်စေသည့်၊ သန်မာစေသည့်၊ အနိုင်ရစေတတ်သည့်၊ သဘာဝသိဒ္ဓိဝင်ပစ္စည်းများ ဖြစ်ကြသော ဝက်စွယ်ကွင်းပိတ်၊ ဂျီးအမြဲတော၊ ကျားရိုး၊ စပါးကြီးသည်းခြေ၊ ဒေါင်းမြီး၊ ဆင်စွယ်၊ ပြောင်ချိုကြောင်မည်း ကြောင်နက် မျက်စိ၊ ဖြူစွးရိုး၊ မိုးကြိုးသွား၊ ရေသံ၊ ကျောက်လက်ဝါး၊ အလယ်ကွင်းကျောက်၊ ဝါးအမြုတေ ပစ္စည်းများကဲ့သို့ပင် အစွမ်းရှိသည်။ "အသစ်စက်စက်ထက် ပြေးနေစဉ်၊ မောင်းနှင်ပြေးဆွဲနေစဉ် မြင်းထံမှ အလိုအလျောက် ရုတ်တရက်ကျွတ်ကျသော မြင်းခွာဟောင်းကပို၍ အစွမ်းသတ္တိအားရှိသည်" ဟု ဩဝါဒခံ လေ့လာမှတ်သားရပါသည်။ သံဖြင့်ပြုလုပ်သော မြင်းခွာကဲ့သို့ပင် ပညတ်၊ အသံထွက် နာမ်တူ သစ်ပင်စားသုံးသီးနှံရွက် မြင်းခွာရွက်သည်လည်း စားသုံးရသည့် ဆေးဖက်ဝင်သည့် ကက်ကင်းဓာတ်သဘောအဖြစ် အမှောင့်ပယောဂကိစ္စရပ်များတွင်ပင် အသုံးပြု၍ရသည်။ ကြားဖူးနားဝ ဗဟုသုတတစ်ရပ်အရ မြင်းခွာရွက် (၉) ရွက်ကို ဖန်ခွက်တွင်း၌ထည့်၊ ရေဖြည့်၍ ဂါထာတစ်ပုဒ်ကို (၉) ခေါက်ရွတ်ဆိုပြီး ပက်ဖျန်းပါက ကပ်ငြိနေသော အမှောင့်ပယောဂများ ကင်းစင်ပပျောက်တတ်သည်ဟု လေ့လာမှတ်သား သိရှိရပါသည်။

စာရေးသူအနေဖြင့် မြင်းခွာပစ္စည်းကို အချို့ယာဉ်ကားများ၊ သမ္ဗန်လှေများ၊ နေအိမ်လှေကားများ၊ ဈေးဆိုင်များ၊ အလုပ်ရုံများ၌ မောင်းနှင်ပြေးဆွဲမှုကောင်းအောင်၊ ဘေးရန်ကင်းအောင်၊ ရောင်းပန်းဝယ်ပန်းပွင့်အောင် ဆောင်သထားရှိထားတတ်ကြသည်ကို လေ့လာတွေ့မြင်ဖူးပါသည်။ ထို့အတူ မြင်းခွာဆိုသည့် သံသတ္တုပစ္စည်း သို့မဟုတ် သစ်ပင်၊ သီးနှံ၊ အရွက်၏ နံ၊ ပညတ်၊ အသံထွက်ကို ဗေဒင်ပညာရပ်မှ စိစစ်လေ့လာကြည့်သော် ကြာသပတေးနံ (၅) နှင့် တနင်္လာနံ (၂) ကို ပေါင်းသော် (၇) ရသလို ကြာသပတေးနံဂြိုဟ်သက် (၁၉) နှင့် တနင်္လာနံဂြိုဟ်သက် (၁၅) ကို ပေါင်းပြန်သော် (၇)ပင်ရကာ သတ္တဗီကြေ (အနောက်တိုင်းသချာ်ဗေဒအရ Lucky Seven)ကျနေသည်ကို ထူးခြားစွာ လေ့လာတွေ့ရှိရပါသည်။ လောကီရေးအကျိုးမျှော်၍ လေ့လာသုံးသပ် ဆောင်သနိုင်ကြပါရန် ဂါရဝ စေတနာမွန်ဖြင့် လေးမြတ်စွာ တင်ပြအပ်ပါသည်။

**မှတ်ချက်။** ။ မြင်းခွာပုံအောက်ပါ

သက် ရှည် ကျန်း မာ ဆေး မြင်း ခွာ

၆ ၄ ၂ ၅ ၃ ၅ ၂

ဆိုသည့် အတိတ်နိမိတ်ကောင်း မင်္ဂလာစာတန်း၏ အက္ခရာနံဂြိုဟ်များကို ပေါင်းစုသော် သချာ်အရေအတွက်အားဖြင့် (၂၇) ရနေ၍ (၉) နဝင်းကြေကာ ထက်မြက်သောသဘောရှိနေသည်ကိုလည်း တွေ့ရှိရပါသည်။

**ဝန်ခံတင်ပြချက်**

(၁) ရောင်ပြန်မဂ္ဂဇင်း၊ ၂၀၀၅ခုနှစ်ထုတ်

(၂) ရရှိသော အဆောင်ကတ်ပြား

(၃) စာရေးသူ ကြားဖူးနားဝ မှတ်စုများကို စုစည်း၍ တင်ပြပါကြောင်း ဝန်ခံအပ်ပါသည်။

**မော်တင်သိန်းဇော်**



www.burmeseclassic.com

www.burmeseclassic.com

# လာဘ်ဝင်ငွေရှင်ယကြာ လုပ်ကြည့်ကြစမ်းပါ

ဝင်းဇော် (သုံးဆယ်)

ကျွန်တော်၏ ခြံနောက်ပိုင်းတွင် ကုန်းထိကရုံးပင်များ စွာ ပေါက်နေသည်။ ခြံနောက်ပိုင်းသို့သွားလျှင် ထိကရုံးပင်က စူးသဖြင့် မည်သူမှ မသွား။ ခြံနောက်ပိုင်းမှ ထိကရုံးပင်များ ထားသည်ကို ကျွန်တော်၏ဇနီးသည်က သဘောမကျ။ ဆူး ပင်များကို လက်ခံထားရသလားဟု အပြစ်တင်သည်။

ထိကရုံးပင်က တိုင်းရင်းမြန်မာဆေးနည်းအရ အသုံး ဝင်သလို ဂမ္ဘီရပညာအရလည်း အသုံးပြု၍ရသည်။ သစ်ပင် များစွာထဲတွင် အသက်ရှိမှန်း သိသာလှသော အပင်ဖြစ် သည်။ အသက်ရှိမှန်း မည်သို့သိသာသနည်း။ ကျွန်တော်တို့ ကလေးငယ်ဘဝက ထိကရုံးပင်ကို တို့ထိလိုက်လျှင် အရွက် များကုပ်ပြီး ညှိုးကျသွားသည်။ ခဏကြာမှ နိုးထလာကာ မူလအတိုင်း မတ်ထောင်လာသည်။ ဤသည်က အခြား အပင်များထက် ထူးခြားသည်။ ထိကရုံးက နှစ်မျိုးရှိသည်။ ရေထိကရုံးနှင့် ကုန်းထိကရုံးဟူ၍ဖြစ်သည်။

ခြံ၏နောက်ပိုင်းတွင် လူကိုစူးစေတတ်သော ကုန်းထိ ကရုံးပင်များကို မခုတ်ထွင်ပစ်ဘဲ ထားရသနည်းဟု မေးစရာ ရှိပါသည်။ အကြောင်းရှိ၍ဟု ဖြေပါရစေ။ ရှင်းပါအံ့။ ကျွန် တော်ငယ်စဉ်က အဘိုးဆရာသိန်းထံသို့ အသက် ၅၀ အရွယ် ဦးမြလွင်ဆိုသော လူကြီးတစ်ဦး ရောက်လာသည်။ ဦးမြလွင် က စီးပွားရေးသမား။ လုပ်ငန်းရှင်ကြီးတစ်ဦးဖြစ်သည်။ စီးပွား ရေးလုပ်ငန်းများ အဆင်မပြေ၍ အဘိုးဆရာသိန်းထံသို့ လာ ရောက် အကူအညီတောင်းခြင်းဖြစ်သည်။ အဘိုးဆရာသိန်း က ဦးမြလွင်အား နောက်နှစ်ရက်ကြာမှ သူ့ထံသို့ ပြန်လာဟု မှာလိုက်သည်။

အဘိုးဆရာသိန်းက ကျွန်တော့်ကိုခေါ်၍ ပဲခူးရိုးမ တောင်ခြေရှိ ရွာတစ်ရွာသို့သွားသည်။ သူ့အသိရွာသားအား စပါးကြီးသည်းခြေသို့ကြိုးကို ရှာဖွေခိုင်းရာ ညနေတွင်ရသည်။ ထိုရွာသား၏အိမ်တွင် မြေးအဘိုးနှစ်ဦး ညအိပ်ကြပြီး မနက် အစောကြီးထကာ အိမ်သို့ ပြန်လာကြသည်။ အဘိုးဆရာ သိန်းက ဈေးသို့သွားပြီး ပန်းပင်စိုက်သော မြေအိုးအလတ် တစ်လုံးကို ဝယ်လာသည်။ ကျွန်တော့်စဘူးထဲမှ ကြေးဆယ် ပြားစေ့ဆယ်စေ့ကို ယူပြီး မန်ကျည်းသီးမှည့်နှင့်နယ်ကာ

www.burmeseclassic.com

ပွတ်တိုက်၍ ဆေးကြောနေသည်။ ပြီးတော့ သုသိမ်းဆည်းထားသော သံလိုက်တုံးငယ်တစ်ခုကို ရှာဖွေပြီး စားပွဲလေးပေါ်တွင် တင်ထားသည်။

နောက်နေ့ညနေပိုင်းတွင် ကိုမြလွင်က အိမ်သို့ရောက်လာသည်။ အဘိုးဆရာသိန်းက ထိကရုံးပင်တစ်ပင်ကို အမြစ်မှနုတ်ယူပြီး ယူလာသည်။ ကိုမြလွင်ကို ရေချိုးခိုင်းပြီး အဝတ်အစားအသစ်များကို ဝတ်ဆင်စေသည်။

ကိုမြလွင်က မြေအိုးကို မယူပြီး အိမ်ခေါင်းရင်းဘက်တွင် အိုးကိုတည်ထားလိုက်သည်။ အဘိုးဆရာသိန်းက ထိကရုံးပင်အမြစ်ကို ရွှံ့နှင့်အသေအချာလုံးပြီး ငှက်ပျောရွက်စိမ်းနှင့် ပတ်ထားလိုက်သည်။

ကိုမြလွင်ခေါင်းရင်းဘက်တွင် တည်ထားသော အိုးထဲတွင် ရွှံ့နှင့်သဲကို သမအောင် ရောထားသော ရွှံ့သဲက မနေ့ကတည်းက ထည့်ထားပြီးဖြစ်သည်။ ရွှံ့နှင့်သဲကို နယ်ထားခြင်းဟု အဘိုးဆရာသိန်းက ပြောသည်။ ပညာရှာနေသော ကျွန်တော့်အတွက်တော့ တစ်ခုချင်းကို လိုက်မှတ်နေရသည်။

မြေအိုးထဲတွင် သဲရွှံ့မြေက တစ်ဝက်နီးပါးရှိနေပြီး ညီညာအောင် ဖြန့်ခင်းထားပြီးဖြစ်သည်။ အဘိုးဆရာသိန်းက သံလိုက်တုံးကို စပါးကြီးသည်းခြေညို့ကြိုးပတ်ပြီး မြေအိုးထဲမှ သဲရွှံ့မြေ၏အလယ်တွင် မြှုပ်ထားလိုက်သည်။

"အဘက သံလိုက်တုံးကို စပါးကြီးသည်းခြေညို့ကြိုးပတ်ပြီး သဲရွှံ့မြေရဲ့ အလယ်မှာမြှုပ်ထားတာကို ကိုမြလွင်ရဲ့ အတွေးထဲမှာ စပါးကြီးမြွေကြီး တစ်ကောင်လို့ မြင်အောင်ကြည့်နေရမယ်။

အဘိုးဆရာသိန်းက ပြောသည်။

ကိုမြလွင်က အဘိုးဆရာသိန်း သဲရွှံ့မြေထဲတွင် မြှုပ်ထားသော သံလိုက်တုံးပတ်လည်တွင် ကြေးဆယ်ပြားစေ့ကစ်စေ့စီကို ခေါင်းတစ်ပြား၊ ပန်းတစ်ပြား ဝိုင်းပတ်၍ ချသွားသည်။ လက်ယာရစ် ဝိုင်းပတ်သွားခြင်းဖြစ်သည်။ ထို့နောက် ကိုမြလွင်က ငှက်ပျောရွက်ပတ်ထားသော (ရွှံ့နှင့်အမြစ်ကို လုံးထားသည့်) ထိကရုံးပင်ကို စပါးကြီးသည်းခြေညို့ ကြိုးပတ်ထားသည့် သံလိုက်တုံးပေါ်တွင်တင်၍ ဘေးပတ်လည်တွင် မြေကြီးဖို့ကာ စိုက်ပျိုးသည်။

ကိုမြလွင်သည် စိုက်ပျိုးပြီးသွားသော ထိကရုံးပင်ကို ရေတစ်ခွက်(သောက်ရေခွက်နှင့်)ဖြည်းညှင်းစွာ လောင်းပေးရင်း အဘိုးဆရာသိန်း မှာကြားထားသည့်အတိုင်း…

"ကုန်းမှာစီးပွားရှာလည်းလာဘ်ရွှင်၊ ရေမှာစီးပွားရှာလည်းလာဘ်ရွှင် ငွေရှာဖွေတဲ့နေရာမှာတော့ ငါဟာ မင်းရဲ့အရှင်သခင်ကွ"

ဟု သုံးကြိမ်သုံးခါ ရွတ်ဆိုသည်။ ထို့နောက် ကိုမြလွင်သည် ဆောင့်ကြောင့်ထိုင်ကာ အိုးကို လက်နှစ်ဖက်ဖြင့် ကိုင်ထားရင်း ခုနစ်ရက်သားသမီးများကို မေတ္တာပို့ အမျှပေးဝေပါသည်။

"အောင်ပြီ…အောင်ပြီ…အောင်ပြီ"

ဟု သုံးကြိမ်သုံးခါအော်သည်။ ကိုမြလွင်သည် ထိကရုံးပင်စိုက်ထားသောအိုးကို ဆိုက်ကားပေါ်တင်၍ သယ်ယူသွားပါသည်။

ထိုယတြာကို ဆောင်ရွက်ပြီးအချိန်မှစ၍ ကိုမြလွင်၏ စီးပွားရေးလုပ်ငန်းများ အောင်မြင်တိုးတက်ခဲ့သည်မှာ ကျွန်တော့်အသိဖြစ်ပါသည်။ မိမိအပေါင်းအသင်းမိတ်ဆွေများ စီးပွားရေးအဆင်မပြေပါက အထက်ပါယတြာကို ဆောင်ရွက်ပေးရန် အဘိုးဆရာသိန်းက ကျွန်တော့်ကို မှာကြားခဲ့ပါသည်။

အထက်ပါယတြာကို ဆောင်ရွက်ရာတွင် စပါးကြီးသည်းခြေညို့ကြိုးရရန် ခက်ရာခဲဆစ် ရှာဖွေရပါသည်။ ထိုယတြာဆောင်ရွက်ထားရင်း ထိကရုံးပင်က မတော်တဆသေဆုံးသွားလျှင် အထက်ပါနည်းအတိုင်း ထိကရုံးပင်တစ်ပင် ထပ်စိုက်၍ရပါသည်။ ထိကရုံးပင်သည် အသက်ပြင်းသည်ဖြစ်ရကား သေခဲပါသည်။ အိုးထဲတွင် ထိကရုံးပင်က ရှင်သန်ကြီး ထွားပြီး အပွင့်ပွင့်လျှင် စီးပွားရေးတိုးတက်သည်မှာ မယုံကြည်နိုင်လောက်အောင် ဖြစ်ပါလိမ့်မည်။ ထိကရုံးပင်ကို ရှင်သန်အောင် ဂရုစိုက်နိုင်လေ ကြီးပွားချမ်းသာလေဟုသာ ဆိုလိုက်ချင်ပါတော့သတည်း။

**ဝင်းဇော်(သုံးဆယ်)**

၀၉-၂၆၁၄၃၈၈၇၂



www.burmeseclassic.com

www.burmeseclassic.com

# သံသပိတ်

## သုတေသီ ဆရာငြိမ်း

မွန်ပြည်နယ် ရေးမြို့နယ် အစင်စံပြကျေးရွာ မြို့ ဟောင်းတောရ၊ မွန်စိန်တောရ၊ အစင်တောရ(မေ့ဗူတ ဝေဠု ဝန်တောရ)ဆရာတော်ကြီး အရှင်ဝဏ္ဏိတမထေရ်မှာ ပရိယတ္တိ စာပေလည်းတတ်၊ ပဋိပတ္တိအကျင့်သိက္ခာလည်း မြင့်မားတော် မူသည့် ဆရာတော်ကြီး ဖြစ်ပါသည်။

ဆရာတော်ကြီး ပရိက္ခရာအသုံးအဆောင်တစ်ပါးဖြစ် သည့် သပိတ်မှာ သံသပိတ်ဖြစ်ပါသည်။ ဆရာတော်အရှင် ဝဏ္ဏိစိတ္တသုခ တောရကျောင်း(မုဒုံမြို့နယ်)၌ သီတင်းသုံးစဉ် က သီတင်းသုံးဖော် အရှင်အာစိဏ္ဏက သံသပိတ်ကို စိတ်ဝင် စားသဖြင့် သံသပိတ်ဖုတ်နည်းကို မေးမြန်းတော်မူရာ ဆရာ တော်ကြီးသည် မခြွင်းမချန် ရှင်းလင်းပြသခဲ့ပါသည်။

**သံသပိတ်ဖုတ်ရာ၌ လိုအပ်သောပစ္စည်းများ**

သံသပိတ်ဖုတ်ရာ၌ အောက်ပါပစ္စည်းများ လိုအပ်ပါ သည်။

(၁) နမ်းဆီစစ်စစ်
(၂) ဒယ်ပြား(မုန့်ဆီကြော်၊ ပလာတာကြော်သော ဒယ်မျိုး)
(၃) နို့ဆီခွက်အခွံလွတ် ၃ လုံး
(၄) မီးဖိုလုပ်ရန် အုတ်နီခဲ ၉ လုံး
(၅) မီးညှပ် (သံအရှိုးရှည်)
(၆) သံပုံးခွံ အုပ်ဆောင်း
(သပိတ်ကို ဖုံးအုပ်ရာ၌ ဘေးနှင့်အပေါ်မှာ မထိ



သံသပိတ်မီးဖုတ်နည်း အဆင့်ဆင့်

www.burmeseclassic.com

www.burmeseclassic.com

အောင် ဖုံးနိုင်သော အဖုံးတစ်ခု)

(၇) ချည်သားစစ်စစ် လက်သုတ်ပဝါ ၆ ထည် (ချည်သားအဝတ်စ၊ သက်န်းအဟောင်းများကိုလည်း အသုံးပြုနိုင်ပါသည်။)


## သံသပိတ်ဖုတ်ရာ၌ လုပ်ငန်းအဆင့်ဆင့်

သံသပိတ်မဖုတ်မီ သုံးလေးရက်ခန့် ကြိုတင်၍ နမ်းဆီစစ်စစ်ကို ကျိုချက်ထားရပါမည်။ ထိုသို့ ကျိုချက်ရာ၌ နို့ဆီဘူးခွံအလွတ်ကို အသုံးပြုရပါမည်။

ဦးစွာ ဘူးခွံအတွင်းသို့ နမ်းဆီတစ်ဝက်ကျော်ခန့်ထည့်ပါ။ ထင်းမီးနှင့်သာမက မီးသွေးနှင့်လည်း ချက်၍ရပါသည်။ ထိုသို့ကျိုချက်ရာတွင် အပူရှိန်မြင့်လာပြီး အငွေ့များထွက်လာကာ အတွင်းသို့ မီးတောက်မီးလျှံများ ဝင်တတ်ပါသည်။ အချိန်ကြာသွားပါက ဆီများ မီးတောက်လောင်၍ ကုန်ခန်းသွားနိုင်ပါသည်။ ထိုသို့ မဖြစ်ရလေအောင် ခွက်ကို သံမီးညှပ်ဖြင့် ဘူး၏အလယ်မှ ညှပ်ကိုင်ထားပြီး အောက်သို့ အမြန်ချရန် လိုပါသည်။

ထို့နောက် သစ်သားပြားဖြင့် မီးတောက်လောင်နေသော ဘူး၏အဝကို လျင်မြန်စွာ အပေါ်မှပိတ်ရပါမည်။ ထိုအခါ လေလုံပြီး မီးငြိမ်းသွားပါလိမ့်မည်။ တစ်ဖန် ထပ်မံ၍ အဆိုပါနည်းအတိုင်း မီးဖိုပေါ်တင်လိုက်၊ မီးတောက်လာလျှင် အောက်သို့ချလိုက်၊ ဖုံးလိုက်လုပ်ပေးရပါမည်။ မီးသေသွားပါက ပြန်တင်လိုက်နှင့် စိတ်ရှည်ရှည်ထားကာ နမ်းဆီကို ကျိုချက်ရပါမည်။ ဘူးအတွင်းဝင်သည့် မီးတောက်သည် ဆီကို လောင်မြိုက်ပြီး တဖြည်းဖြည်း မည်းနက်ကာ ပျစ်လာပါလိမ့်မည်။ ရေနံချေးနှင့်မခြား လက်ဖြင့်ကော်၍ရသည့် အနေအထားရောက်လျှင် သင့်တော်လောက်ပေပြီ။

သတိပြုရန်မှာ ဆီပျစ်လွန်းပါက သပိတ်ကိုသုတ်လိမ်းလျှင် ပွတ်ရ ဆွဲရ ခက်ခဲတတ်ပါသည်။ ဆီကျဲနေပါကလည်း သပိတ်သုတ်သည့်အခါ အကြိမ်ရေများစွာ ဖုတ်ရတတ်ပါသည်။ သို့ဖြစ်၍ ကျိုချက်ထားသောဆီသည် လက်ကော်ပွတ်ဆွဲရန် အနေတော်ဖြစ်ဖို့လိုပါသည်။



သံသပိတ်မီးဖုတ်နည်း အဆင့်ဆင့်

## စတင်ဖုတ်သည့်အခါ

သပိတ်ကို စတင်မီးဖုတ်တော့မည်ဆိုလျှင် ဦးစွာ မီးဖိုပြင်ရပါမည်။ အုတ်ခဲသုံးလုံးစီထပ်၍ ဖိုခုံလောက်ဆိုင်ပြင်ရပါမည်။ ပြီးလျှင် ဖိုခုံလောက်ပေါ်၌ ဒယ်ပြားကိုတင်ပါ။ ဒယ်ပြားအပေါ်၌ နို့ဆီခွက်ခွံသုံးလုံးကို သပိတ်မှောက်လျက်တင်နိုင်အောင် သုံးပွင့်ဆိုင်ထားရပါမည်။ အုပ်ဆောင်းအဖုံးကိုအပေါ်မှ ဖုံးထားပါ။ ထင်းမီးထည့်၍ အပူရှိန်ရအောင် ကြိုတင်လုပ်ထားဖို့ လိုပါသည်။


သပိတ်ကို ဆီသုတ်တော့မည်ဆိုလျှင် ဆီအနည်းငယ်ယူ၍ သပိတ်အတွင်းသို့ ခပ်ပါးပါးနှင့် နှံ့စပ်အောင် လိမ်းပေးရပါမည်။ ဆီသုတ်များသွား၍ ထူသွားပါက မီးအပူနှင့် ထိတွေ့ပါလျှင် အရည်ပျော်လျက် အတွင်းနံရံများ ဆီပျော်ပြီး အစင်း



www.burmeseclassic.com

www.burmeseclassic.com





## သံသပိတ်မီးဖုတ်နည်း အဆင့်ဆင့်

ကြောင်းများ ဖြစ်ပေါ်တတ်ပါသည်။ သပိတ်အတွင်း ဆီသုတ်သိမ်းပြီးပါမှ အပြင်ကိုသုတ်ပေးရပါမည်။

သပိတ်အတွင်းအပြင် ဆီသုတ်သိမ်းပြီးပြီဆိုလျှင် ဒယ်ပြားအပေါ်၌ ဖုံးထားသော အဖုံးကိုဖွင့်ရပါမည်။ ထို့နောက် ခြနောက်ဆိုင် နို့ဆီခွက်ခွံသုံးလုံးအပေါ်တွင် သပိတ်ကိုမှောက်၍ တင်ရပါမည်။ အဖုံးကို ဘေးပတ်ပတ်လည်နှင့် မထိရလေအောင် ဂရုစိုက်၍ ပြန်လည်ဖုံးအုပ်ပေးရပါမည်။ ဤ၌ မီးဆောက်မများစေဘဲ မီးညီညီတောက်နေရအောင် ဂရုစိုက်ဖို့လိုပါသည်။

သံဒယ်ပြား အထူအပါး၊ နို့ဆီခွက်အနိမ့်အမြင့်၊ အုပ်ဆောင်းအဖုံး စသည့်ပစ္စည်းသုံးခုတို့၏ အခြေအနေကို ချိန်ဆ၍ မီးညီအောင် ထည့်ဖုတ်ပါက စတီးလ်သပိတ်ဆိုပါလျှင် ၁ မိနစ်၊ ၉ မိနစ်ခန့်၌ အဖုံးဖွင့်ပြီး လက်သုတ်ပဝါနှစ်ထည်ဆီ ထူထူထပ်ကာ သပိတ်အား ဘေးနှစ်ဖက်မှ ထိထိမိမိကိုင်လျက် အောက်သို့ချပေးရပါမည်။ သတိပြုရန်မှာ ပလတ်စတစ်အပြားများပေါ်သို့ မတင်မချမိပါစေနှင့်။ သစ်သားတုံးတွင်ဖြစ်စေ၊ ဝါးခြမ်းပြားပေါ်တွင်ဖြစ်စေ တင်လျက် အအေးခံရပါမည်။

သပိတ်အေးသွားပြီး လက်ဖြင့်ကိုင်တွယ်၍ရသောအခါ ဆီကို ထပ်မံသုတ်ပေးရပါမည်။ သပိတ်သုံးလုံး လေးလုံး တစ်ပြိုင်တည်း ဖုတ်နိုင်ပါသည်။ ဆီသုတ်ခြင်း၊ ဖုတ်ခြင်း၊ အအေးခံခြင်းတို့ ပြုလုပ်နိုင်ပါသည်။ နှမ်းဆီစစ်စစ်ကို ပျစ်ပျစ်ကျဲကျဲချက်မိပါက သုံးကြိမ်ခန့်ဖုတ်ပေးလျှင် မည်းမှောင်၍ နက်သွားပါလိမ့်မည်။ ဆီကျဲနေပါက လေးကြိမ် ငါးကြိမ်ခန့် ဖုတ်ပေးမှသာ အရောင်တက်လာပါလိမ့်မည်။ အကြိမ်ရေများလေ သတိထားဖို့လိုလေ ဖြစ်ပါသည်။

ဤမီးဖိုပေါ် မီးရှိန်ပြင်းပြင်းဖြင့် ဖုတ်မိပါက အတွင်း၌ အပူရှိန်ပြင်းပြီး ကွက်၍ကွာတတ်ပါသည်။ နောက်ဆုံးအကြိမ်ဆိုလျှင် ၉ မိနစ်ခန့် မီးညီညီထား၍ ဖုတ်ပေးရန် လိုပါသည်။ ၈ မိနစ်ခန့်ကြာပြီဆိုလျှင် မီးကိုလျှော့ပေးရပါမည်။ ၂ မိနစ်ခန့် အဖုံးအုပ်လျက် ထားရပါမည်။ မီးအချိန်အဆ အပြင်းအပျော့ကို စောင့်ကြည့်၍ လိုအပ်သလို ပြုပြင်ပေးရပါမည်။ အချိန်လွန်ခြင်း လိုခြင်းမရှိရလေအောင် ဂရုတစိုက်ဖြင့် ဖုတ်ပေးပါက မည်းမှောင်တောက်ပြောင်သော သံသပိတ်ဖြစ်လာပါလိမ့်မည်။

သပိတ်ကို ဖိုပေါ်မှ အောက်သို့ချရာတွင်လည်း နိုင်လွန်စ တက်ထရွန်စများ မသုံးဖို့ သတိပြုရပါမည်။ ထိုသို့မဟုတ်ပါက သပိတ်တွင် ကပ်သွားပါလိမ့်မည်။ နှမ်းဆီချက်ရာ၌ အဝကျယ်သောဒယ်အိုး၊ ဟင်းချက်ရာ၌ အသုံးပြုသည့် ဒယ်ပက်ယက်များကို အသုံးမပြုပါနှင့်။

ထိုသို့ ရှောင်ရန်ဆောင်ရန်များကို ဂရုပြု၍ စေ့စပ်သေချာစွာ လုပ်ဆောင်ပါလျှင် ကောင်းမွန်ခန့်ထည်သော သပိတ်ကောင်းတစ်လုံး ဖြစ်လာမည့်အကြောင်း လေ့လာတင်ပြလိုက်ပါသည်။

**သုတေသီဆရာငြိမ်း**



www.burmeseclassic.com

www.burmeseclassic.com

# သပိတ်ဝင်-အိတ်ဝင်

နေဖြူဆရာတင်

"သပိတ်ဝင်အိတ်ဝင်"ဟူသော ဝေါဟာရနှင့် စပ်လျဉ်း၍ မြန်မာအဘိဓာန်၌ အသေအချာ အပိုင်အနိုင်ရလျက်ဟူ၍လည်းကောင်း၊ အသားတင်ဟူ၍လည်းကောင်း အဓိပ္ပာယ်ဖွင့်ဆိုထားပါသည်။ အဆိုပါ ဝေါဟာရသည် စီးပွားရေးလုပ်ငန်းဆောင်တာကိစ္စရပ်များ၌ သုံးစွဲလေ့ရှိသော စကားရပ်ဖြစ်ပါသည်။

ဤ၌ ခွက်ခွက်လန်ဟူသော ဝေါဟာရသည် အနုတ်လက္ခဏာပြ၍ သပိတ်ဝင်အိတ်ဝင်သည် အပေါင်းလက္ခဏာဆောင်ပါသည်။ သည့်အတွက် သပိတ်ဝင်အိတ်ဝင်အပေါ် လောကီလူသားတိုင်း နှစ်သက်ကြပါသည်။ သပိတ်ဟူသည် ရဟန်းသံဃာတော်တို့၏ အသုံးအဆောင်ဖြစ်ပြီး အိတ်မှာမူ ရဟန်းသံဃာတို့သာမက လောကီလူသားတို့၏ အသုံးအဆောင်လည်း ဖြစ်ပါသည်။ သပိတ်ဖြစ်စေ၊ အိတ်ဖြစ်စေ ဝင်လာသမျှကို လက်ခံရ ထည့်သိုရပါသည်။ မပြည့်မချင်း အထည့်ခံသောနေရာလည်း ဖြစ်ပါသည်။

× × ×

မိမိတို့ လောကီလူသားများသည် စားဝတ်နေရေးအတွက် လိုက်အပ်သောငွေကြေးရရှိရန် မိမိတို့ကျွမ်းကျင်သော ဝင်ဆံ့သော အလုပ်များကို လုပ်ကိုင်ကြရစမြဲဖြစ်သည်။ သည့်အတွက် ရောင်းရေးဝယ်တာဖြစ်စေ အလုပ်တစ်ခုခုကို လုပ်ကိုင်ကြသည့်အခါ အကျိုးအမြတ်ကို မျှော်လင့်လေ့ ရှိကြစမြဲပင်။ မည်သူမျှ ခွက်ခွက်မလန်ချင်ကြ။ အကျိုးအမြတ်ရချင်းရလျှင် သာမန်ကာလျှံကာမျှမဟုတ်ဘဲ သပိတ်ဝင်-အိတ်ဝင် ရနိုင်ဖို့ အလိုရှိကြပါသည်။ အသေအချာ အပိုင်အနိုင်ဖြစ်လိုကြပါသည်။ အသားတင် အကျိုးအမြတ်ကို မျှော်မှန်းကြပါသည်။

သည့်အတွက် မိတ်ဆွေတစ်ဦး၏ လောကီအစီအရင်ကလေးမှာ စိတ်ဝင်စားဖွယ်ကောင်းပါသည်။

× × ×

"ကျွန်တော် . . . ခုလိုမျိုး ပူပင်ကြောင့်ကြမှုမရှိဘဲ စားသောက်ဝတ်ဆင်နေထိုင်နိုင်တာ လူတန်းစေ့တာဟာ သပိတ်ဝင်-အိတ်ဝင် အစီအရင်ကလေးကြောင့်ပါ။ ကိုယ်တိုင်တော့ ဘယ်လုပ်တတ်မှာလဲဗျာ။ မိတ်ဆွေ ဗေဒင်ဆရာတစ်ဦးရဲ့ ယတြာဆိုပါတော့။ အရင်က ကျွန်တော့်စီးပွားရေး အခြေအနေဆိုတာ ဆရာလည်း အသိသား။ အကြွေးတွေပတ်လည်ဝိုင်းပြီး ဘာလုပ်လုပ်ဘာကိုင်ကိုင် အဆင်ပြေတယ်လို့ မရှိခဲ့ဘူး။ တစ်နေ့ တစ်နေ့ စိတ်ချမ်းသာရတယ်ကို မရှိပါဘူးဗျာ။ ဒါနဲ့ မိတ်ဆွေဗေဒင်ဆရာရဲ့ ယတြာကို ယုံယုံကြည်ကြည် လုပ်လိုက်တာ တဖြည်းဖြည်းနဲ့ အလုပ်အကိုင်တွေ အဆင်ပြေလာပြီး ဆရာမြင်တဲ့အတိုင်းပဲ။

အဲ . . . ယတြာက ဘယ်လိုလဲတဲ့လား။ သိပ်မခက်ပါဘူးဆရာ။ ဘုရားဈေးကနေ သပိတ်ကလေးတစ်လုံးဝယ်ပြီး ဘုရားကျောင်းဆောင်ပေါ်တင်။ နေ့စဉ် ဆွမ်းတော်ကပ်။ စွန့်တဲ့အခါ ကျေးငှက်တွေကိုကျွေးတယ်။ ပြီးတော့ အိတ်လွတ်ကလေးတစ်လုံးထဲ ထမင်းချက်ခါနီး ဆန်ကို တစ်ဆုပ် တစ်ဆုပ် အိတ်တစ်လုံးထဲ ပုံမှန်ထည့်ထည့်သွားပြီး တစ်လတစ်ခါ ဆွမ်းဆန်စိမ်း အလှူလာခံတဲ့ သံဃာတော်၊ သီလရှင်တွေကို လောင်းလှူတယ်။ ခုထက်ထိ မပျက်မကွက်ပါပဲ။

မိတ်ဆွေ ဗေဒင်ဆရာက အဲဒါကို **သပိတ်ဝင်-အိတ်ဝင်** ယတြာတဲ့ဗျ"

ဟုတ်သော်ရှိ၊ မဟုတ်သော်ရှိ မိတ်ဆွေကမူ သူ့ယုံကြည်မှု၏ စွမ်းအားကြောင့် ရရှိမည့်အကျိုးကို ခံစားနေရပေပြီ။

ဆန်းကြယ်လှသော လောကကြီးမှာတော့ ပညာရပ်တွေက အထွေထွေ။ ယုံကြည်မှုသည် အကျိုးရလာဒ်ကို ဖြစ်ထွန်းစေသည်ဆိုလျှင်ဖြင့်။

စာရှုသူအားလုံး သပိတ်ဝင်အိတ်ဝင် ဖြစ်ကြပါစေသတည်း။

**နေဖြူဆရာတင်**



www.burmeseclassic.com

www.burmeseclassic.com

# ဥမကွဲ သိုက်မပျက်

## တက္ကသိုလ်သန်

မြန်မာမှုနယ်ပယ်တွင် **'ဥမကွဲ သိုက်မပျက်'** ဟူသော စကားကို တွင်ကျယ်စွာ သုံးနှုန်းလျက် ရှိ၏။ ထိုစကား၏ အနှစ်သာရမှာ **'စည်းလုံးညီညွတ်မှု'** ကို ဖော်ညွှန်းခြင်း ဖြစ်ပါ၏။

ဦးစွာ 'ဥမကွဲ သိုက်မပျက်' စကား၏ မူလ အဓိပ္ပာယ်ကို ဖွင့်ဆိုပြလိုသည်။

စာရေးသူသည် တိုက်ခန်းငါးလွှာတွင် နေသည်။ မူလနေ့စဉ်က တိုက်ခန်းမှာ ဆယ်ခန်းတွဲနှစ်ထပ်ဖြစ်သည်။ စာရေးသူ၏ အခန်းမှာ မြေညီထပ်ဖြစ်၍ အဆင်ပြေသော်လည်း ရေမြောင်း ရေစီးရေလာကောင်းအောင် လုပ်ရသည့် တာဝန်၊ အမှိုက်များ ရှင်းလင်းရသည့် တာဝန်ကား မသေးလှပါ။ အထူးသဖြင့် စာရေးသူ၏ အိမ်ရှေ့ခန်းတွင် သရက်ပင်ကြီးတစ်ပင် ရှိသည်။ ၄င်းသစ်ပင်မှ ကြွေကျသော သစ်ရွက်များကို ရှင်းလင်းသိမ်းဆည်းရသည်မှာ နှစ်ရက်တစ်ခါ၊ သုံးရက်တစ်ခါလောက် ရှိ၏။

စာရေးသူ အမှိုက်များ ရှင်းလင်းထားသဖြင့် အိမ်ရှေ့မြေကွက်လပ်မှာ ကလေးများ ကစားကွင်းသဖွယ် ဖြစ်နေသည်။ နေ့နေ့ညည ဤနေရာတွင် ကလေးများ လာကစားကြသဖြင့် ညံညံစီစီ ရှိပါ၏။ တစ်ခါတစ်ရံ ဆူဆူညံညံ မလုပ်ဖို့ ပြောဆိုရသည်လည်း ရှိသည်။

စာရေးသူ၏ အိမ်ခန်းကို ကံထရိုက်က အထပ်မြင့်ဆောက်ရန် အိမ်ငှားများနှင့် ညှိနှိုင်းစွာ အဆင်ပြေသဖြင့် လေးခန်းတွဲ ရှစ်ထပ်တိုက်ကို ဆောက်လုပ်တော့သည်။ စာရေးသူအပါအဝင် အိမ်ခန်းများတွင် နေထိုင်ကြသူများက ခေတ္တခဏ ဖယ်ရှားပေးရသည်။ အခြားသင့်တော်ရာ နေရာများသို့ ပြောင်းရွှေ့နေထိုင်ရ၏။



www.burmeseclassic.com

www.burmeseclassic.com

ကံထရိုက်က တိုက်ခန်းကို တစ်နှစ်အတွင်း အပြီး ဆောက်လုပ်ပေးမည်ဟု စာချုပ် ချုပ်ဆိုထားသော်လည်း အကြောင်းမညီညွတ်သဖြင့် တစ်နှစ်နှင့် သုံးလကြာမှ ပြီးစီးသွားသည်။ တိုက်ခန်းများ လူနေခွင့် ရပြီးနောက် စာရေးသူတို့မိသားစု ငါးလွှာတွင် နေရာရသည်။ အမှန်မှာ စာရေးသူသည် မူလမြေညီထပ်တွင် နေထိုင်သဖြင့် မြေညီထပ်ပြန်နေခွင့်ရ၏။ သို့သော် ပိုက်ဆံ ထပ်ဆောင်းပေးရမည်ဟု ဆိုသဖြင့် ငါးလွှာသို့ ပြောင်းလိုက်ခြင်းဖြစ်သည်။ သို့အတွက် စာရေးသူ ကံထရိုက်ထံမှ ပိုက်ဆံရလိုက်သည်။

တိုက်ခန်း ငါးလွှာသို့ ပြောင်းရွှေ့နေထိုင်ရသဖြင့် အိမ်ရှေ့ရှိ သရက်ပင်ကြီးနှင့် ပို၍နီးသွားသည်။ သစ်ကိုင်းများကို လက်ဖြင့် လှမ်းဆွဲ၍ရသည့် အခြေအနေ ဖြစ်၏။ အိမ်ရှေ့ဝရန်တာသို့ ထွက်လိုက်လျှင် စိမ်းစိမ်းစိုစို သရက်ပင်ပျို၏ အခက်အလက်များကို မြင်တွေ့ရသည်မှာ တစ်မျိုးအရသာရှိ၏။ ကျန်းမာရေးအရလည်း ကောင်းသည်။ သရက်ပင်သည် ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ကို ရှူသွင်းပြီး အောက်ဆီဂျင်ဓာတ်ကို မှုတ်ထုတ်သဖြင့် ၄င်းထုတ်ပစ်လိုက်သည့် အောက်ဆီဂျင်ဓာတ်သည် လူသတ္တဝါတို့အတွက် လိုအပ်သော လေကောင်းလေသန့် ဖြစ်သောကြောင့် ကျန်းမာရေးကို လွန်စွာအထောက်အကူပြုကြောင်း သိရှိထား၏။

တိုက်ခန်းပေါ်နေရသည့် စာရေးသူတို့အဖို့ ဤလိုအခွင့်အရေးမျိုး ရရှိသည်ကပင် အကျိုးများလှသည်ဟု ဆိုရမည်။ သရက်ပင်ကြီးသည် သစ်ရွက်သစ်ခက်များဖြင့် အုံ့ဆိုင်းနေသဖြင့် ငှက်ကျေးသာရကာများအဖို့ နားခိုရာဖြစ်နေသည်။ စာရေးသူ လေ့လာမိသရွေ့ ၄င်းသရက်ပင်ကြီးတွင် ကျီးကန်း၊ စာကလေး၊ ခို၊ ဆက်ရက် စသည့် ငှက်များ အများဆုံး လာရောက်နားခိုကြသည်ကို တွေ့ရ၏။

ကျီးကန်းများသည် မိုးမကျမီ သရက်ပင်ပေါ်ရှိ နေရာကောင်းကောင်းကိုရွေး၍ အသိုက်ဆောက်တတ်ကြသည်။ သူတို့ဆောက်လုပ်သည့် အသိုက်သည် လူများဆောက်လုပ်ထားဘိသကဲ့သို့ သပ်သပ်ရပ်ရပ် ခိုင်ခိုင်ခန့်ခန့် ရှိသည်ကို တွေ့ရ၏။ ငှက်သိုက် အဆင်သင့် ဖြစ်ပြီဆိုသည်နှင့် ကျီးကန်းမက အသိုက်တွင်းဝင်၍ ရက်များစွာ အ ဥတော့သည်။ ကျီးကန်းဖိုက အစာများ ရှာဖွေပြီး ကျီးကန်းမကို ကျွေးသည့်အပြင် အန္တရာယ် တစ်စုံတစ်ရာ မကျရောက်နိုင်လည်း ကာကွယ်စောင့်ရှောက်ပေးသည်။ သူတို့၏ သဘာဝကို ကြည့်ရသည်မှာ လူတို့နှင့် မခြားဟု ထင်ရ၏။ အချို့လူတို့ပင်လျှင် သားမယားတို့အပေါ် ကျွေးမွေးစော ရှောက်ရန် ပျက်ကွက်မှု ရှိတတ်သည်။

နောက်နှစ်ပတ်ခန့်ကြာသော် ကျီးကန်းမသည် အဥ ဥတော့သည်။ တစ်ခါဥလျှင် နှစ်ဥ၊ သုံးဥထက် မပိုပေ။ ကျီးကန်းမသည် အဥသောင်းအညာဖြေရန် အသိုက်တွင်းမှ အပြင်သို့ ထွက်လာတတ်သော်လည်း အဝေးသို့ ပျံခြင်း သွားခြင်း အလျဉ်းမရှိပေ။ ကျီးကန်းဖိုကလည်း သူ့တာဝန်အရ နေ့စဉ် အစာရှာပြီး ကျီးကန်းမကို ကျွေးသည်။ ထို့အပြင် ကျီးကန်းမ ဥချထားသည့် ဥလေးများ အန္တရာယ် မရှိစေရန်လည်း ကာကွယ်စောင့်ရှောက်ပေးသည်။

ဆိုရလျှင် ဥလေးများမှ ကျီးကန်းအကောင်လေးများ ပေါက်လာသည်အထိ ကျီးဖိုရော ကျီးမပါ ကာကွယ်စောင့်ရှောက်ကျွေးမွေးကြသည်မှာ အားကျစရာကောင်း၏။ ဤသည်ကို အကြောင်းပြု၍ 'ဥမကွဲ သိုက်မပျက်' ဟူသော စကားပေါ်လာသည်ဟု ဆိုရပေမည်။

ထိုစကားအသုံးကို ယူ၍ စည်းလုံးညီညွတ် တည်ဆောက်ရန် လိုအပ်သည့်အခါမျိုးတွင် မှတ်သား လွယ်ကူစေရန် သုံးနှုန်းခဲ့ခြင်း ဖြစ်သည်။

လွတ်လပ်ရေးဖခင် အမျိုးသားခေါင်းဆောင် ဗိုလ်ချုပ်အောင်ဆန်းကလည်း ၁၉၄၇ ခုနှစ်၊ ဇန်နဝါရီ ၁ ရက်နေ့ ည ၇ နာရီ ၄၀ မိနစ်အချိန်တွင် ပြည်သူ

www.burmeseclassic.com

အသံလွှင့် မိန့်ခွန်းပြောကြားရာ၌ ဗိုလ်ချုပ်က…

**“တိုင်းသူပြည်သား လူအများဟာ ဥမကွဲ သိုက်မပျက်၊ တညီတညွတ်တည်း စည်းကမ်းတကျရှိဖို့လိုတယ်။ မလိုတဲ့လူတွေက ဘယ်လိုတိုက်တိုက်ရှိရှိစေ မိမိတို့ အဓိကပန်းတိုင်ကို မျက်ခြည်ပြတ်မခံဘဲ လမ်းမလွဲအောင် ကြိုးစားဖို့လိုတယ်”**

ဟု မိန့်ကြားခဲ့ပါ၏။

၁၉၄၇ ခုနှစ်ကာလသည် မြန်မာပြည် လွတ်လပ်ရေးရရန် လက်တစ်ကမ်းအလိုတွင် ရောက်ရှိနေသောကာလဖြစ်၏။ ဗိုလ်ချုပ်အောင်ဆန်းကလည်း တိုင်းရင်းသားပြည်သူများကို ‘**တစ်နှစ်အတွင်း လွတ်လပ်ရေး ရရမည်**’ဟု အတိအလင်း ပြောကြားထားပြီး ဖြစ်သည်။ ထိုအချိန်တွင် မြန်မာပြည်ကို လွတ်လပ်ရေးပေးရန် အချိန်ဆွဲထားလိုသူ နယ်ချဲ့တို့နှင့် ပြည်တွင်းရှိ သစ္စာဖောက်အချို့တို့က ဗိုလ်ချုပ်အောင်ဆန်းနှင့် တိုင်းရင်းသား ပြည်သူများ မျှော်မှန်းခဲ့ကြသည့် မြန်မာပြည် လွတ်လပ်ရေးကြိုးပမ်းမှုကို နှောင့်နှေးစေရန် ကြံဆောင်နေသည့်အချိန်လည်း ဖြစ်၏။

တစ်နည်းဆိုရလျှင် တောင်တန်းဒေသနှင့် ပြည်မတို့ကို တစ်ချိန်တည်း လွတ်လပ်ရေးပေးရန် ဗိုလ်ချုပ်အောင်ဆန်းနှင့် ခေါင်းဆောင်ကြီးများက လိုလားကြ၏။ ဤသည်ကို မလိုလား မရှုဆိတ်နိုင်သော နယ်ချဲ့လက်ပါးစေအချို့တို့က အချို့သော တိုင်းရင်းသားများကို မမှန်မကန်စည်းရုံးပြီး ၁၉၄၆ ခုနှစ်တွင် ဗိုလ်ချုပ်အောင်ဆန်း ခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ လန်ဒန်မြို့တွင် ဗြိတိသျှအစိုးရ တာဝန်ရှိသူများနှင့် ဆွေးနွေးညှိနှိုင်းနေစဉ် ဗိုလ်ချုပ်အောင်ဆန်းသည် သူတို့၏ ကိုယ်စားလှယ်မဟုတ်ကြောင်း ဆော်ဘွားအချို့က လန်ဒန်သို့ ကြေးနန်းရိုက်၍ ကန့်ကွက်ခဲ့ကြ၏။

သို့ရာတွင် မျိုးချစ်ပုဂ္ဂိုလ်များနှင့် တိုင်းရင်းသားပြည်သူတို့က ဗိုလ်ချုပ်အောင်ဆန်းသည် တိုင်းရင်းသားများ၏ ဘားလှယ်ဖြစ်ကြောင်း ချက်ချင်းကြေးနန်းရိုက်ပြီး အကြောင်းကြားခဲ့သဖြင့် ယင်းကိစ္စ ပြေလည်သွားခဲ့သည်။

ဤအခြေအနေကို အကြောင်းပြု၍ ဗိုလ်ချုပ်အောင်ဆန်းက ‘**တိုင်းရင်းသား**ပြည်သူ **လူအများဟာ ဥမကွဲ သိုက်မပျက် တညီတညွတ်တည်း စည်းကမ်းတကျ ရှိဖို့လိုတဲ့အကြောင်း၊ မလိုတဲ့လူတွေ ဘယ်လိုတိုက်တိုက်ရှိရှိစေ မိမိတို့ အဓိကပန်းတိုင်ကို မျက်ခြည်ပြတ်မခံဘဲ လမ်းမလွဲအောင် ကြိုးစားဖို့လိုကြောင်း**’ ပြတ်ပြတ်သားသား ပြောခဲ့ခြင်း ဖြစ်သည်။

သို့မို့ကြောင့်ပင်လျှင် ဗိုလ်ချုပ်အောင်ဆန်း၏ စည်းရုံးမှုကြောင့် တိုင်းရင်းသားပြည်သူများ၏ စည်းလုံးညီညွတ်မှုကို ရယူတည်ဆောက်နိုင်ခဲ့ပါ၏။ ၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီ ၁၂ ရက်နေ့တွင် ကျင်းပသည့် ပင်လုံညီလာခံတွင် တိုင်းရင်းသားကိုယ်စားလှယ်များ စိတ်တူကိုယ်တူ စုပေါင်း၍ ပင်လုံစာချုပ်ကို ချုပ်ဆိုနိုင်ခဲ့ခြင်း ဖြစ်ပါ၏။ ယင်းစည်းလုံးညီညွတ်မှု(ဝါ)ပင်လုံစိတ်ဓာတ်၊ တစ်နည်းပြည်ထောင်စုစိတ်ဓာတ်ကို အခြေခံ၍ ၁၉၄၈ ခုနှစ်၊ ဇန်နဝါရီ ၄ ရက်နေ့တွင် မြန်မာနိုင်ငံသည် လွတ်လပ်သော အချုပ်အခြာအာဏာပိုင်သည့် နိုင်ငံအဖြစ် ကမ္ဘာ့အလယ်တွင် ထည်ဝါစွာ ရပ်တည်နိုင်ခဲ့သည် မဟုတ်ပါလား။

အချုပ်ဆိုရလျှင် ‘**ဥမကွဲ သိုက်မပျက်**’ ဟူသော စကားသည် စည်းလုံးညီညွတ်မှု၏ သင်္ကေတ၊ ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း စသည့် တိုင်းရင်းသားလူမျိုးများ၏ ပြယုဂ်ပင် ဖြစ်ပါကြောင်း တင်ပြလိုက်ရပါ၏။

## တက္ကသိုလ်သခင်



www.burmeseclassic.com

www.burmeseclassic.com

# ရှင်တစ်ထောင်ကျွတ်တမ်းဝင်သည့် ပြာသိုလပြည့်နေ့

တက္ကသိုလ်သျှင်ဥက္ကာ (မဟာဝိဇ္ဇာ၊ ကျမ်းပြု)

ပြာသိုလသည် ဟေမန်သမယ၏ အချမ်းဆုံးလ တစ်လ ဖြစ်ချေ၏။

"ပြာသိုချမ်းပြင်း။ ဆီးနှင်းရောယှက်၊ နှမ်းပုံပျက်"သည့် လတစ်လ။ အချမ်းဓာတ်ပြင်းလွန်း၍ ဘုရားရှင်ပင်လျှင် မီးလှုံတော်မူရသည်။ မီးလောင်၍ ကျန်ရစ်သော ပြာများအား အသုံးချဖွယ်ကိစ္စရပ်တို့၌ အဆင်သင့်သုံးနိုင်စေရန် သိုမှီးစေရာမှာ "ပြာသိုလ"ဟု ခေါ်တွင်ဗေကာင်း မှတ်သားရဖူးသည်။ ပြာသိုလ၏ လပြည့်တာကာလကို "ရှင်တစ်ထောင် ကျွတ်တမ်းဝင်သည့်နေ့"အဖြစ် သတ်မှတ်ခဲ့ကြသည်။

ထိုနေ့ ဖြစ်ပေါ်လာပုံကား ထူးခြားလှပါဘိသည်။

ဂေါတမဘုရားရှင်လက်ထက်တော်အခါက ရသေ့ညီနောင် ဦးဆောင်ပါဝင်သော ရှင်တစ်ထောင်တို့သည် ပြာသိုလပြည့်နေ့တွင် ၎င်းတို့၏ အယူဝါဒကို ပယ်စွန့်ကြပြီး ဗုဒ္ဓသာသနာတော်တွင်း သက်ဆင်းကူးပြောင်း ရောက်ရှိလာကြခြင်းကို အကြောင်းပြု၍ ရှင်တစ်ထောင် ကျွတ်တမ်းဝင်သည့်နေ့ (သို့မဟုတ်) ရှင်တစ်ထောင် အခါတော်နေ့အဖြစ် ကျင်းပခဲ့ခြင်း ဖြစ်လေသည်။

ဘုရားရှင်သည် မဟာသက္ကရာဇ် ၁၀၃ ခုနှစ်၊ ပထမဝါကျွတ်ပြီးနောက် အယူဝါဒလွဲချော်နေသော ရသေ့တစ်ထောင်တို့ကို ချွတ်ရန် ဥရုဝေလတောသို့ တန်ဆောင်မုန်းလပြည့်နေ့တွင် ကြွရောက်တော်မူခဲ့သည်။ တန်ဆောင်မုန်းလပြည့်နေ့မှ ပြာသိုလပြည့်နေ့အထိ နှစ်လတာကာလတိတိ ဥရုဝေလတောတွင် သီတင်းသုံး၍ ရသေ့အပေါင်းအား စည်းရုံးတော်မူခဲ့သည်။ ထိုအချိန်က ဥရုဝေလတောတွင် အစ်ကိုကြီး ဥရုဝေလကဿပ ဦးဆောင်သော ရသေ့ ၅၀၀၊ အစ်ကိုလတ် နဒီကဿပ ခေါင်းဆောင်သော ရသေ့ ၃၀၀၊



www.burmeseclassic.com

www.burmeseclassic.com

ညီအငယ် ဂယာကဿပ ခေါင်းဆောင်သော ရသေ့ ၂၀၀ တို့သည် သုံးနေရာခွဲ၍ နေထိုင်လျက်ရှိကြသည်။

ဤတွင် မြတ်စွာဘုရားရှင်က ဥရုဝေလကဿပထံ ကြွချီလာပြီး နေခွင့်တောင်းရာ ဥရုဝေလကဿပရသေ့ကြီးက မြတ်စွာဘုရားရှင်အား နဂါးကြီးရှိသည့် မီးတင်းကုပ်နေရာအား နေခွင့်ပေးလိုက်သည်။ ရသေ့အားလုံးသည် နဂါးကြီး၏ တန်ခိုးမာန်စွယ်အောက်ဝယ် ဘုရားရှင်ဒုက္ခရောက်တော့မည် ဟု မှတ်ထင်နေမိကြသည်။ သို့ပါသော်ငြား မြတ်စွာဘုရားရှင်က နဂါးကြီးအား တန်ခိုးတော်ဖြင့် နှိမ်နင်းပြလိုက်ရာ ဥရုဝေလကဿပနှင့်တကွ ရသေ့အပေါင်းလည်း ဘုရားရှင်အပေါ် လေးစားအထင်ကြီးသွားကြလေသည်။

ဥရုဝေလကဿပအပါအဝင် ရသေ့အပေါင်းသည် မိစ္ဆာဒိဋ္ဌိအကျင့်များဖြစ်သည့် မီးလှုံခြင်း၊ ရေငုပ်ခြင်း စသော ပဥ္စာတပ အကျင့်များကို ကိလေသာခေါင်းပါးရန်ဟု ရည်ရွယ်ကာ ကျင့်ကြံလျက်ရှိကြသည်။ ကျင့်ကြံကြပုံမှာလည်း ဆီးနှင်းတွေဝေကျပြီး ခိုက်ခိုက်တုန်မျှ ချမ်းအေးလှစွာသော ပြာသိုလအတွင်း သတ်မှတ်ရက် ရှစ်ညတွင် နေရဉ္စရာမြစ်အတွင်းသို့ ဆင်းသက်ကာ ရေငုပ်ကြသည်။ ရေခဲတမျှ အေးစက်လှသော မြစ်ရေကြောင့် ရသေ့တို့ ကမ်းပေါ်ပြန်တက်ကြသောအခါ ခိုက်ခိုက်တုန်လေတော့သည်။ ဤတွင် မြတ်စွာဘုရားရှင်က ရသေ့များ အအေးဒဏ်၊ အချမ်းဒဏ်တို့မှ သက်သာစေခြင်းငှာ မီးအိုးကင်း ၅၀၀ ကို တန်ခိုးတော်ဖြင့် ဖန်ဆင်းပေးတော်မူခဲ့လေသည်။

တစ်ဖန် မြတ်စွာဘုရားရှင်သည် ရသေ့များ ခွဲ၍မကွဲသော ထင်းတုံး ၅၀၀ ကို တစ်ပြိုင်တည်း ကွဲစေခဲ့၏။ ရသေ့များ မွှေး၍မရသော မီးကို တစ်ပြိုင်နက် တောက်လောင်စေခဲ့၏။ ရသေ့များ ငြိမ်း၍မရသော မီးကို တစ်ပြိုင်နက် ငြိမ်းစေခဲ့၏။ မီးအိုးကင်း ၅၀၀ ကို တစ်ပြိုင်နက် ဖန်ဆင်းပေးခဲ့၏။ အစရှိသဖြင့် တန်ခိုးတော်စုစုပေါင်း ၃၅၆၁ မျိုးကို ပြသ၍ ရသေ့အပေါင်းတို့၏ စိတ်ဓာတ်ကို ဆွဲဆောင်နိုင်ခဲ့၏။ သည့်အတွက် ရသေ့အားလုံးသည် ၎င်းတို့၏ အသုံးအဆောင်ပစ္စည်းများကို မြစ်ထဲသို့ မျှောပစ်ကြကာ မြတ်စွာဘုရားထံ ရဟန်းအဖြစ် တောင်းခံကြလေတော့သည်။

ပထမအကြိမ် ဥရုဝေလကဿပနှင့် နောက်ပါတပည့်များ။

ဒုတိယအကြိမ် နဒီကဿပနှင့် နောက်ပါတပည့်များ။

တတိယအကြိမ် ဂယာကဿပနှင့် နောက်ပါ တပည့်များ။

အသုတ်သုံးသုတ်ခွဲ၍ ရသေ့အပေါင်းသည် မြတ်စွာဘုရားရှင်၏ ဗုဒ္ဓသာသနာအတွင်းသို့ ဝင်ရောက်ခဲ့ကြလေသည်။ ဘုရားရှင်မှ "ဧဟိဘိက္ခု" ဟု ဆိုမြွက်ရင့်ကျူးတော်မူလိုက်သဖြင့် ရသေ့တစ်ထောင်လုံး ဧဟိဘိက္ခု ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့ကြလေတော့သည်။ မြတ်စွာဘုရားရှင်သည် ရဟန်းတစ်ထောင်တို့အား ဂယာသီဟကျောက်ဖျာပြင်၌ "အာဒိတ္တ ပရိယာယသုတ္တန်ဒေသနာ" ကို ဟောတော်မူရာ ရဟန်းတစ်ထောင်လုံး အာသဝေါကုန်ခန်း၍ ရဟန္တာအဖြစ်သို့ ဆိုက်ရောက်တော်မူကြလေသည်။

ပြာသိုလပြည့်နေ့ကား ထူးခြားလှပါဘိ။

မိစ္ဆာဒိဋ္ဌိအယူရှိသော ရသေ့တစ်ထောင်ကို ကျွတ်တမ်းဝင်စေခဲ့ပြီး ရဟန်းအဖြစ်မှသည် အာသဝေါကုန်ခန်းသည့် ရဟန္တာအဖြစ်သို့ ဆိုက်ရောက်စေခဲ့၏။ သည့်အတွက် ပြာသိုလပြည့်နေ့ ရောက်လေတိုင်း ရှင်တစ်ထောင် ကျွတ်တမ်းဝင်သည့် အခါတော်နေ့အဖြစ် သတ်မှတ်ကာ ကျင်းပကြခြင်းဖြစ်လေသည်။ မိမိတို့ ဗုဒ္ဓဘာသာအနွယ်ဝင် သူတော်စင်များအနေဖြင့်လည်း ရာဂမီး၊ ဒေါသမီး၊ မောဟမီး၊ ဇာတိမီး၊ မရဏမီး၊ သောကမီး၊ ပရိဒေဝမီး၊ ဒုက္ခမီး၊ ဒေါမနဿမီး၊ ဥပါယာသမီး စသည့် တောက်လောင်သော မီး ၁၁ ပါးကို ငြိမ်းသတ်ကာ ဘုရားရှင်၏ ကြည်ညိုဖွယ်ဂုဏ်တော်တို့ကို ပွားများရင်း သံသရာမှ ကျွတ်တမ်းဝင်စေဖို့ အခါမလပ် ကြိုးပမ်းအားထုတ်သင့်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပါသတည်း။

**တက္ကသိုလ်သျှင်ဥက္ကာ**
(မဟာဝိဇ္ဇာ၊ ကျမ်းပြု)

<u>ကျမ်းကိုး</u>

- မာဂဓိသာစည်၏ အခါတော်နေ့များ
- ဗုဒ္ဓ၏စစ်ပွဲများ



www.burmeseclassic.com

www.burmeseclassic.com

# နေအိမ်တိုက်တာနှင့် အကျိုးပေးမည့်အရောင်

**ဆောင်းဟေမာန်(မြစ်ကြေးမုံ)**

ယနေ့ မြို့ကြီးပြကြီးများတွင် လူဦးရေ များပြားလာမှုကြောင့် မြေနေရာများ ရှားပါးမှု ကျပ်တည်းမှုများကြောင့် အထပ်မြင့်တိုက်များ ဆောက်လုပ်လာကြသည်။ ထိုအထပ်မြင့်တိုက်တွင်မှ အချို့အခန်းဖွဲ့စည်းမှုများဆိုလျှင် ၁၅ × ၄၅ ပေမျှသာရှိသော တိုက်ခန်းများဆိုက မိသားစုသုံးယောက်ပင် ကျပ်တည်းစွာ နေထိုင်ကြရသည်။ ထို့ပြင် အထပ်မြင့်ခြင်း စက်လှေကား ဓာတ်လှေကားများ မပါရှိက ပို၍(ပို၍) စိတ်ပျက်ဖွယ် ကောင်းလှသည်။ ကျွန်ုပ် တာမွေ ၁၅၃ လမ်းတွင် ကျွေးမွေးချင်လှပါသည်ဆို၍ သွားရောက်ခဲ့ရာ အသိမိတ်ဆွေ တိုက်ခန်းမှာ ခြောက်လွှာတွင် တည်ရှိခြင်းကြောင့် ထိုတိုက်တွင် စက်လှေကားမရှိ၊ ဓာတ်လှေကားမရှိဆိုတော့ တစ်ထပ်ချင်း ဘယ်လှည့်ညာလှည့်ဖြင့် မိနစ် ၂၀ ဝန်းကျင် ကြာမြင့်မှ မိတ်ဆွေတိုက်ခန်းသို့ ရောက်ရှိနိုင်ခဲ့သည်။ ထိုစဉ်က ကျွန်ုပ်မှာ ဒူးဆစ်ရောင် ဒူးနာ ဆေးခန်းပြသချိန်ဖြစ်နေ၍ ပိုပြီး ရောဂါကိုတိုးအောင် ပြုလုပ်သလို ဖြစ်သွားခဲ့သည်။

ထိုသောအခါ စားသောက်ပြီး အိမ်ရှင်အား ဒီအိမ်တိုက်ခန်းက အပိုင်လား အငှားနဲ့နေတာလား မေးကြည့်သောအခါ စပေါ်တင်၍ အငှားဖြင့်နေကြောင်း။ တိုက်တွင်း၌ ခြယ်မှုန်းထားသော ဆေးရောင်မှာ ကော်ဖီဖျော့ဖျော့အရောင် ဖြစ်နေသဖြင့် မီးရောင်နှင့်ဆိုပါက အနည်းငယ်မျှ မှုန်မှိုင်းမှိုင်း ထင်မှတ်ရသည်။ ထို့နောက် ကျွန်ုပ်မှ ဒီဆေးတွေက ကိုယ်တိုင်ကြိုက်လို့ သုတ်တာလား။ ယခင် အိမ်ပိုင်ရှင်က သုတ်ထားသလားဟု မေးကြည့်သောအခါ အိမ်ရှင် အမျိုးသား ပုဂ္ဂိုလ်မှ သုတ်ထားတဲ့ ဆေးအတိုင်းပါပဲဆရာ၊ ကျွန်တော်က အလုပ်တစ်ဖက်နဲ့ဆိုတော့ အိမ်တွင်းဆေးရောင်တွေကိုလည်း မဝေဖန် မသုံးသပ်နိုင်ပါဘူး ဆရာရယ်တဲ့။

အေး . . . ဒါဆို မှတ်ထားကွဲ့။ အိမ်ရှင်ကို ပြောပြလိုက်ရမယ်ဆိုရင် အိမ်ရဲ့အတွင်းခန်းကိုတော့ မိမိရဲ့နေ့နံနဲ့ လိုက်ဖက်မယ့် အကျိုးပေးမယ့်အရောင်ကိုပြောင်းပြီး ဆေးသုတ်ခြယ်သလိုက်ပေါ့။ ကဲ . . . အားလုံး မှတ်မိစေဖို့ မိမိရဲ့ နေ့နံနဲ့ အကျိုးပေးလိုက်ဖက်မယ့် အရောင်တွေကို အောက်မှာကြည့်ပြီး ရွေးချယ်နိုင်ပါစေ။

မည်သူမဆို မိမိတို့ နေထိုင်ရန်အတွက် ရည်ရွယ်ပြီး ဆောက်လုပ်ပြီးသော နေအိမ်တိုက်တာ အဆောက်အအုံများကို လူအများဆုံး မျက်စိပသာဒဖြစ်စေမည့် အရောင်များကို ရွေးချယ်တတ်ကြပေသည်။ သို့သော် ထိုအရောင်အသွေးသည် မိမိနှင့် အကျိုးပေးမပေး ဆန်းစစ်တတ်ဖို့တော့ အထူးသိစေလိုပါသည်။

တနင်္ဂနွေသားသမီးဖြစ်က တွင်းပြင် အဝါရောင်၊ ရွှေရောင်၊ လိမ္မော်ရောင်၊ သမင်ရောင် ခြယ်မှုန်းသုတ်လိမ်းပေးရပါမည်။

တနင်္လာသားသမီးဖြစ်က တွင်းပြင် အဖြူရောင် အစိမ်းရောင်၊ နံ့သာရောင်၊ သနပ်ခါးရောင် ခြယ်မှုန်းသုတ်လိမ်းပေးရမည်။

အင်္ဂါသားသမီးဖြစ်က တွင်းပြင် ကြက်သွေးရောင် ပန်းရောင် ခြယ်မှုန်းသုတ်လိမ်းပေးရမည်။

ဗုဒ္ဓဟူးသားသမီးဖြစ်က တွင်းပြင် အဖြူရောင်၊ မီးခိုးရောင်၊ အစိမ်းရောင်၊ အဝါရောင် ခြယ်မှုန်းသုတ်လိမ်းပေးရမည်။

ကြာသပတေးသားသမီးဖြစ်က တွင်းပြင် မရမ်းရောင် ငါးကြေးရောင် ခြယ်မှုန်းသုတ်လိမ်းပေးရမည်။

သောကြာသားသမီးဖြစ်က တွင်းပြင် အပြာရောင် အဖြူရောင် ခြယ်မှုန်းသုတ်လိမ်းပေးရမည်။

စနေသားသမီးဖြစ်က တွင်းပြင် မီးခိုးရောင်၊ နက်ပြာရောင်၊ ခရမ်းရောင် ခြယ်မှုန်းသုတ်လိမ်းပေးရမည်။

ထိုသို့ မိမိနေအိမ်တိုက်တာ အဆောက်အအုံအား ပြုလုပ်နေထိုင်ခဲ့သည်ရှိက သက်ရှည်ကျန်းမာ၍ စီးပွားလာဘ်လာဘ ပေါကြွယ်ဝ၍ ကျက်သရေမင်္ဂလာအဖြာဖြာနှင့် ပြည့်စေနိုင်ပါသည်။

ဆောင်းဟေမာန်(မြစ်ကြေးမုံ)



www.burmeseclassic.com

www.burmeseclassic.com



# သပိတ်အကြောင်း သိကောင်းစရာ

## ဘုရားရှင်၏ သပိတ်တော်

မင်းဝိဇ္ဇာဒီပ

မြတ်စွာဘုရားအလောင်းတော်သည် တောထွက်သောအခါ ဃဋိကာရဗြဟ္မာမင်းက ပရိက္ခရာရှစ်ပါး ဆက်ကပ်ခဲ့သည်။ ပရိက္ခရာ ရှစ်ပါးတွင် သပိတ်လည်းပါဝင်သဖြင့် အစောဆုံးသပိတ်ဟု ဆိုရမည်။

ဘုရားဖြစ်တော်မူမည့်နေ့တွင် သုဇာတာသူဌေးသမီးက ရွှေခွက်ဖြင့် နို့ဃနာဆွမ်းကို ဆက်ကပ်ခဲ့သည်။ ရွှေခွက်ဖြင့် အလှူခံသည့်အချိန်တွင် မူလသပိတ်မှာ ကွယ်ပျောက်သွားခဲ့၏။

မြတ်စွာဘုရားက သူဌေးသမီး လှူဒါန်းသော နို့ဃနာဆွမ်းကို ဘုန်းပေးတော်မူပြီးနောက် ထိုရွှေခွက်ကို နေရဉ္ဇရာမြစ်တွင်းတွင် မျှောခဲ့ပြီး ထိုနေ့ည အရုဏ်မတက်မီတွင် ဘုရားဖြစ်တော်မူသည်။ ဘုရားဖြစ်တော်မူပြီးနောက် သတ္တသတ္တာဟ ခုနစ်ရက် ခုနစ်လီ ရက်ပေါင်း ၄၉ ရက် လုံးလုံး မည်သည့် အာဟာရမျှ ဘုဉ်းပေးတော်မမူဘဲ မဟာဗောဓိပင်အနီး နေရာခုနစ်ရပ်တွင် စံနေတော်မူခဲ့သည်။

၄၉ ရက်လွန်မြောက်သည့်နေ့တွင် တဖုဿနှင့်



www.burmeseclassic.com

www.burmeseclassic.com

ဘလွှိုက ညီနောင်တို့က ပျားမုန့်ဆုပ်ဆွမ်း လှူဒါန်းသည်။ ထိုအချိန်တွင် အလှူခံစရာ သပိတ်မရှိဖြစ်သည်။ မြတ်စွာဘုရားတို့မည်သည် လက်ဖြင့်ခံယူ၍ ဘုဉ်းပေးသုံးဆောင်ရိုးမဟုတ်ပေ၊ ရှေးဘုရားရှင်တို့ မည်သို့ခံယူခဲ့သည်ကို ဆင်ခြင်သောအခါ·

စတုမဟာရာဇ်နတ်မင်းကြီးလေးပါးတို့သည် အသီးသီးလာရောက်၍ သပိတ်များ ဆက်ကပ်လှူဒါန်းကြသည်။ ထိုသပိတ်များမှာ ဣန္ဒနီလာပတ္တမြားညိုကျောက်ဖြင့် ပြုလုပ်ထားသော သပိတ်များဖြစ်သည်။ ယင်းသပိတ်တို့ကို မြတ်စွာဘုရား အလှူမခံ၊ ပယ်တော်မူသည်။ တစ်ဖန်ပဲနောက်အဆင်းရှိသော ကျောက်ညိုသပိတ်များကို လှူသောအခါ မြတ်စွာဘုရား အလှူခံတော်မူသည်။ နတ်မင်းလေးယောက်တို့၏ ကြည်ညိုသဒ္ဓါမပျက်စိမ့်သောငှာ စောင့်ရှောက်တော်မူလိုသဖြင့် သပိတ်လေးလုံးကိုဆင့်၍ လက်ပေါ် တင်ပုံက်သောအခါ အနားရစ်လေးဆင့်ရှိသော သပိတ်တစ်လုံးတည်း ဖြစ်လေသည်။ ထိုသပိတ်ဖြင့် လှည်းကုန်သည် ညီနောင်တို့လှူသော မုန့်ဆွမ်းကိုခံယူတော်မူသည်။ ထိုသပိတ်တော်ကိုပင် ၄၅ ဝါပတ်လုံး အသုံးပြုတော်မူသည်ဟုဆိုပါသည်။

တောထွက်စဉ်က ဗြဟ္မာလှူသော သပိတ်မှာ မြေသပိတ်ဖြစ်သည်။ ရဟန်းတော်တို့မှာ သံသပိတ်၊ မြေသပိတ် တစ်မျိုးမျိုးကို သုံးတော်မူသည်။

## အရှင်ဝဏ္ဏိတမဟာထေရ်၏ သံသပိတ်မီးဖုတ်နည်း

## သံသပိတ်မီးဖုတ် ရဟန်းအလုပ်

အရှင်ဝဏ္ဏိတစိတ္တသုခ တောရကျောင်းရောက်ချိန်တွင် အရှင်အာစိဏ္ဏက အရှင်ဝဏ္ဏိတ၏ သံသပိတ်လေးကို ကြည့်ရှုပြီး "ဘယ်လို လုပ်ရသလဲ၊ ဘာနဲ့ဖုတ်သလဲ" စသည်ဖြင့် မေးမြန်းလေ၏။

အရှင်ဝဏ္ဏိတကလည်း "နှမ်းဆီစစ်ကိုချက်၍ သံသပိတ်ကိုသုတ်ကာ မီးနှင့်ဖုတ်ထားတာပါ" ဟု ပြောဆိုရှင်းပြသော် အရှင်အာစိဏ္ဏကလည်း သူ့သပိတ်ကိုလည်း (သရိုးသပိတ်) မီးဖုတ်ကာ သရိုးများခွာပြီး အဲဒီလိုဖုတ်လိုသည့်အကြောင်း ပြောပါသည်။ သို့နှင့် နောက်တစ်နေ့ ဆွမ်းစားပြီး နှမ်းဆီစစ်စစ်ကို ချက်ပြလိုပါသည်။ နောက်တစ်ရက် နေ့လယ်မှာ သပိတ်ဖုတ်ရာတွင် လိုအပ်ရာပစ္စည်းများ စုဆောင်း၍ သံသပိတ်ကို ချက်ဆီသုတ်၍ ဖုတ်ပြလိုက်ပါသည်။

မီးဖုတ်ပြီးသော သံသပိတ်မှာ သရိုးသပိတ်နှင့် ဆင်တူနေ၍ ရွေးမရအောင် မည်းမှောင်သွားပါသည်။ သပိတ်နှင့်ပတ်သက်ပြီး ဖြစ်ပေါ်နေသော သံသယများလည်း ကင်းရှင်းသွားတော့၏။

အရှင်ဝဏ္ဏိတသည် ဤသပိတ်ဖုတ်နည်းကို ညောင်ကုတ်ကိုင်းတောရကျောင်းဆရာတော် ဦးနန္ဒဝံသထံမှ ရရှိခဲ့၏။

ညောင်ကုတ်ကိုင်းဆရာတော်သည်လည်း သီရိလင်္ကာနိုင်ငံ (သီဟိုဠ်ကျွန်း)တွင် နေထိုင်စဉ်က ရရှိခဲ့ပြီး မြန်မာပြည်သို့ ပြန်ကြွလာသည့်အခါ ဤနည်းကိုယူဆောင်ခဲ့ခြင်း ဖြစ်ပါသည်။

## သံသပိတ်ဖုတ်နည်း

### သပိတ်ဖုတ်ရာတွင် လိုအပ်သောပစ္စည်းများ

၁။ နှမ်းဆီစစ်

၂။ ဒယ်ပြား (မုန့်ဆီကျော် ပလာတာကျော်သော ဒယ်မျိုး)

၃။ နို့ဆီခွက်အခွန်(အလွတ်) ၃ လုံး

၄။ မီးဖိုလုပ်ရန် အုတ်နီခဲ ၉ လုံး

၅။ မီးညှပ် (သံအရိုးရှည်)

၆။ သံပုံးခွန်-အုပ်ဆောင်း(သပိတ်ကို ဖုံးအုပ်ရာတွင် ဘေးနှင့် အပေါ်မှ မသိအောင်ဖုံးနိုင်သော အဖုံးတစ်ခု)

၇။ ချည်သားစစ်လက်သုတ်ပဝါ ၆ ထည် (ချည်သားအဝတ်စ၊ သင်္ကန်းအဟောင်းများလည်း သုံးနိုင်သည်။)

## လုပ်ငန်းစဉ်အဆင့်ဆင့်

ရှေ့ရက်များမှ ကြိုတင်၍ နှမ်းဆီစစ်ကို ကျိုချက်ထားပါ။ အသင့်တော်ဆုံးမှာ နို့စိမ်းဘူးအခွံကို သုံးပါ။ ဘူးခွံထဲသို့



www.burmeseclassic.com

www.burmeseclassic.com

နှမ်းဆီတစ်ဝက်ကျော်ကျော်လောက်ထည့်။ ထင်းမီးနဲ့လည်း ချက်လို့ရပါသည်၊ မီးသွေးဖိုနဲ့လည်း ချက်လို့ရပါသည်။

ဆီချက်ရာတွင် အပူရှိန်ပြင်း၍ အငွေ့များထွက်လာကာ အတွင်းသို့မီးဝင်တောက်လောင်ပါသည်။ထိုအခါ အချိန်ကြာသွားပါက ဆီများမီးတောက်လောင်၍ ကုန်သွားနိုင်ပါသည်။ ယင်းသို့မဖြစ်ရအောင် ခွက်ကို သံမီးညှပ်ဖြင့် ဘူး၏အလယ်မှ ညှပ်ကိုင်ထားပြီး အောက်သို့ အမြန်ချပါ။ သစ်သားပြားဖြင့် မီးတောက်လောင်နေသော ဘူး၏အဝကို လျင်မြန်စွာအပေါ်မှ ပိတ်လိုက်ပါ။ လေလုံပြီး မီးငြိမ်းသွားပါမည်။

တစ်ဖန်ထပ်၍ ၎င်းနည်းအတိုင်း မီးဖိုပေါ်တင်လိုက်။ မီးတောက်လာလျှင် အောက်ကိုချလိုက်၊ ဖုံးလိုက်၊ မီးသေသွားသော် ပြန်တင်လိုက်နှင့် စိတ်ရှည်ရှည်ထား၍ နှမ်းဆီကို မီးလောင်ပြီး တဖြည်းဖြည်း ပျစ်ကာ မည်းနက်လာပါသည်။ ရေနံချေးလို လက်ကောက်ရသည့် အခြေအနေဆိုလျှင်ရပါပြီ ဆီပျစ်လွန်းပါက သပိတ်မှာသုတ်လျှင် ဆွဲရ၊ မှုတ်ရ ခက်ခဲပါသည်။ ဆီကျဲနေလျှင်လည်း သပိတ်ကိုသုတ်ရတာ အကြိမ်ရေများ၊ ဖုတ်ရတာ အကြိမ်ရေများပါသည်။ သို့ကြောင့် ဆီကို လက်ဆွဲရန်အနေတော် ဖြစ်ရပါမည်။

သပိတ်ကို စတင်မီးဖုတ်တော့ မည်ဆိုလျှင် မီးဖိုပြင်ပါ။ အုတ်ခဲသုံးလုံးစီထပ်၍ ဖိုခုံလောက်ဆိုင်ပြင်ပါ။ ဒယ်ပြားတင်ထားပါ။ ဒယ်ပြားပေါ်တွင် နို့ဆီခွက် သုံးလုံးကို သပိတ်မှောက်၍တင်နိုင်အောင် သုံးပွင့်ဆိုင်ထားပါ။ အုပ်ဆောင်းအဖုံးကို အပေါ်မှ ဖုံးထားပါ။ ထင်းမီးထည့်၍ အပူရှိန်ရအောင် ကြိုတင်လုပ်ထားပါ။

သပိတ်ကို ဆီသုတ်တော့မည်ဆိုလျှင် အတွင်းကို အရင်ဆုံး လက်ဖြင့် ဆီအနည်းငယ်ကိုယူ၍ ပါးပါးနှင့် နှံ့စပ်အောင်သုတ်ပါ၊ ဆီသုတ်တာ များသွား၊ ထူသွားပါက မီးအပူနှင့်တွေ့ထိမိလျှင် အရည်ပျော်ကာ အတွင်းနံရံများမှာ ဆီပျော်ပြီး အစင်းကြောင်းများ ဖြစ်ပေါ်နိုင်သည်။ သပိတ်တွင် ဆီသုတ်ပြီးမှ အပြင်ကို ဆီသုတ်ပါ။ သပိတ်ကို ဆီသုတ်ပြီးပါက ဒယ်ပြားပေါ်တွင် ဖုံးထားသော အဖုံးကိုဖွင့်ပါ။ ဖိုခုံလောက်ဆိုင် နို့ဆီခွက်သုံးလုံးပေါ်တွင် သပိတ်ကိုမှောက်၍ တင်ပါ။ အဖုံးကို ဘေးပတ်ပတ်လည်နဲ့ မထိရအောင် ဂရုစိုက်၍ ပြန်ဖုံးအုပ်ပါ။ မီးတောက်မများစေဘဲ မီးညီညီတောက်နေအောင် ဂရုစိုက်ပါ။

သံဒယ်ပြားအထူးအပါး နို့ဆီခွက် (သို့မဟုတ်) နို့စိမ်းခွက် အနိမ့်အမြင့် အုပ်ဆောင်းအဖုံး ဤသုံးခုတို့၏ အခြေအနေတို့ကို ချိန်ဆက်မီးညီအောင် ထည့်ဖုတ်ပါက စတီးသပိတ်ဆိုပါလျှင် ရှစ်မိနစ်၊ ကိုးမိနစ်ခန့်တွင် အဖုံးဖွင့်ပြီး လက်သုတ်ပဝါ နှစ်ထည်စီကို ထူထူထပ်ထပ်၍ သပိတ်ကို ဘေးနှစ်ဖက်မှ ထိထိမိမိကိုင်ကာ အောက်ကိုချပါ။ သစ်သားတုံး ဝါးစိမ်းခြမ်းပေါ်တွင်တင်ထား၍ အအေးခံပါ၊ သပိတ်အေး၍ လက်ကိုင်ရသောအခါ ဆီထပ်သုတ်ပါ။ သပိတ်သုံးလုံး၊ လေးလုံး တစ်ပြိုင်တည်း ဖုတ်ပါက အဆင်ပြေပါသည်။ ဆီသုတ်ဖုတ်အအေးခံနှင့် ပိုပီးအဆင်ပြေပါသည်။ နှမ်းဆီစစ်စစ်ကို ပျစ်ပျစ်ကျိုချက်မိပါက သုံးကြိမ်ဖုတ်လိုက်လျှင် မည်းမှောင်၍ နက်နေပါသည်။ ဆီကျဲနေပါက လေးငါးကြိမ်ဖုတ်မှ အရောင်တက်ပါလာပါသည်။ အကြိမ်ရေများလာပြီဆိုလျှင် သတိပြုရမည်။

မီးဖိုပေါ်တွင် မီးရှိန်ပြင်းပြင်းဖြင့် ဖုတ်မိပါကအတွင်းမှာ အပူရှိန်ပြင်းပြီး ထွက်၍ ကွာတတ်ပါသည်။ နောက်ဆုံးအကြိမ်ဆိုလျှင် ကိုးမိနစ်ခန့် ညီညီထား၍ ဖုတ်ပါ။ ရှစ်မိနစ်လောက်ရောက်လျှင် မီးကို လျှော့လိုက်ပါ။ နှစ်မိနစ်ခန့် အဖုံးအုပ်လျက်ထားပါ။ မီးအချိန်အဆ အပြင်းအပျော့ကို မျက်မြင်နဲ့လည်း လိုအပ်သလိုပြုပြင်ပါ။ နာရီအချိန်ကိုလည်း မလွန်မပိုရအောင် ဂရုစိုက်၍ ဖုတ်ပါက ငှက်ခါးတောင်အရောင်လို မည်းမှောင်စိုပြည်သော သပိတ်အဖြစ် မြင်တွေ့ရမည်။

သပိတ်ကို ဖိုပေါ်မှ အောက်သို့ချရာတွင်လည်း သတိပြုပါ။ နှမ်းဆီချက်ရာတွင် အထူးသတိပြုရသည်မှာ အဝကျယ်သော ဒန်အိုးကိုမသုံးနှင့်။ မီးအရှိန်ပြင်းပြီး မီးဝင်တောက်နိုင်သည်။ ဤတွင် သံသပိတ်မီးဖုတ်နည်း ပြီး၏။

မင်းဝိဇ္ဇာဒီပ


ကျမ်းကိုးထုတ်နုတ်

၁။ လောကချမ်းသာ အဘယလာဘမုနိသမိုင်း

၂။ အရှင်ဝဏ္ဏိတ မဟာထေရ်၏ သံသပိတ်ဖုတ်နည်း




www.burmeseclassic.com

www.burmeseclassic.com

# သညီလမ္မားအတွက် ဂဲဇာတာ

## ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလအတွက်

■ ဆရာမိုးဟန်ကြွယ်

အိမ်၊ ယာဉ်နှင့် ပတ်သက်၍ အကျိုးအမြတ် ခံစားရမည်။ ကံစမ်းမဲသော်လည်းကောင်း၊ အောင်ဘာလေထီပေါက်ကိန်းသော်လည်းကောင်း ရှိမည်။ စက်မှုလုပ်ငန်းရှင်များ၊ ရတနာရောင်းဝယ်ရေး လုပ်ကိုင်သူများ အကျိုးထူးခံစားရမည်။ နယ်စွန်နယ်ဖျားသို့ ခရီးထွက်ရတတ်သည်။ သားသမီးများ၏ ကောင်းသတင်းဂုဏ်ပုဒ်များကို ကြားရတတ်သည်။ အဝတ်အထည်၊ အရောင်းအဝယ်ကိစ္စများ အောင်မြင်မည်။ မိတ်ဆွေအပေါင်းအသင်းများနှင့် လုပ်ငန်းစပ်တူ လုပ်ကိုင်ရတတ်သည်။ အိမ်ထောင်ဘက်နှင့် ကတောက်ကဆ ဖြစ်ရတတ်သည်။ ပျိုရွယ်သူများ ချစ်သူအတွက် စိတ်သောကရောက်ရတတ်သည်။ စီးပွားရေးလုပ်ငန်းများ အောင်မြင်မှုရှိမည်။ အလှူဒါန ပြုရတတ်သည်။ အိမ်ခြံမြေဝင်မည်။ ဘာသာရေးနှင့် စပ်လျဉ်းသည့် ကိစ္စရပ်များ ဆောင်ရွက်ရတတ်သည်။ တရားစခန်း ဝင်ရတတ်သည်။

စီးပွားရေးသမားများ လုပ်သမျှ ကိုင်သမျှ အောင်မြင်ဖြစ်ထွန်းပြီး ဝင်ငွေကောင်းမွန်မည်။ အိမ်ထောင်ဘက်ဖြစ်သူ နိုင်ငံရပ်ခြားသွားရောက်ရတတ်သည်။ မျက်စိအောင့်ခြင်း၊ ရင်ဘတ်အောင့်ခြင်းတို့ ဖြစ်တတ်သည်။ စီးပွားရေးလုပ်ငန်းတစ်ခုမှ ငွေအစုလိုက် အပြုံလိုက်ဝင်လာတတ်သည်။ ချစ်သူမရှိသေးသူများ ချစ်ရေးဆိုခြင်း ခံရတတ်သည်။ ရပ်ဝေးမှ မိတ်ဆွေများ၊ ချစ်ရသူနှင့် လက်ထပ်ရတတ်သည်။ ကိုယ်ပိုင်စီးပွားရေးလုပ်သူများ အဆင်ပြေမည်။ လက်ဆောင်ပစ္စည်းများ ရရှိတတ်သည်။ သားသမီးများ၏ ကျန်းမာရေး ပညာရေးများ ကောင်းမွန်ပါလိမ့်မည်။ မမျှော်လင့်ဘဲ နာစေး၊ ချောင်းဆိုး၊ အာဂန္တုရောဂါကလေးများ ခံစားရတတ်သည်။ အိမ်ထောင်ဘက်နှင့် ပတ်သက်သည့် အသိုင်းအဝိုင်းမှ အမွေများ ရရှိတတ်သည်။

လုပ်ငန်းခွင်၌ ထင်မှတ်မထားဘဲနှင့် လိမ်ကောက်ခြင်း ခံရတတ်သည်။ နိုင်ငံခြားသားနှင့် အလုပ်ကိစ္စ ပြောဆိုရတတ်သည်။ လျှပ်စစ်ဆိုင်ရာပစ္စည်းများ ဝင်လာတတ်သည်။ ဝန်ထမ်းဖြစ်ပါက ဌာနဆိုင်ရာ၏ ဂုဏ်ပြုခြင်းကို ခံရတတ်ပါသည်။ လူငယ်များ အပျော်လွန်၍ အမှုအခင်း ကြုံရတတ်သည်။ မြေတွင်ဥသော သစ်ဥများ၊ မြေပေါ်တွင်သီးသော သစ်သီးများ အထွက်နှုန်း လျော့မည်။ နို့နှင့် နို့ထွက်ပစ္စည်းများ၊ ငွေနှင့် ငွေထည်ပစ္စည်းများ၊ လက်ဖက်စို၊ လက်ဖက်ခြောက်၊ ဓာတ်ဆီ၊ ကော်ဖီ၊ ရာဘာ၊ ဟင်းသီးဟင်းရွက်များ၊ ဟင်းခတ်အမွှေးအကြိုင်ပစ္စည်းများ၊ အုန်းသီး၊ ဂျုံ၊ ဆန်စပါး၊ ကြံ၊ သစ်တောထွက်ပစ္စည်းများ အကျိုးအမြတ် ထင်သလောက် မရတတ်ပါ။ အဆင်ပြေရုံသာရှိမည်။ ပဲပြောင်းလည်း သင့်တင့်ရုံသာ ရှိမည်။ ဝါဂွမ်း၊ နှမ်း၊ ဆီတို့ ရောင်းဝယ်လျှင် အကျိုးအမြတ် ဖြစ်ထွန်းနိုင်ပါသည်။

***ယတြာပြုလုပ်လိုပါက*** - ဘုရား၌ ကုံကော် ခုနစ်ညွန့် လှူပါ။ သောက်ရေအိုးစင်ကို သန့်ရှင်းပေးပါ။ တံခွန်အနီ ဘစ်လက် လှူပါ။ ဝါးစိမ်းရွက် လေးညွန့် လှူပါ။

ဆရာမိုးဟန်ကြွယ်



www.burmeseclassic.com

www.burmeseclassic.com

# သည်တစ်လမှာ ဆောင်ရွက်ပါ

## ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလအတွက်

**နေမျိုးထွင့်ခေါင်**

၁။ ဇန်နဝါရီလ (၃)၊ (၈)၊ (၁၂)၊ (၁၇)၊ (၂၂)၊ (၂၃)၊ (၂၈) စသောရက်များသည် "**နန္ဒာတိထီ**"တွင် ကျရောက်၏။ ထိုရက်များ၌ ဘုရား၊ ဂူ၊ ကျောင်း၊ ဇရပ်များ ဆောက်လုပ်ခြင်း၊ တံတားများခင်းခြင်း၊ ပျိုးကြဲခြင်း၊ ကောက်စိုက်ခြင်း၊ မြေတူးဆွခြင်း စသော အမှုကိစ္စတို့ကို ပြုလုပ်ဆောင်ရွက်နိုင်ပါသည်။

၂။ ဇန်နဝါရီလ (၄)၊ (၉)၊ (၁၃)၊ (၁၈)၊ (၂၄)၊ (၂၉) စသောရက်များသည် "**ဘဒ္ဒာတိထီ**"တွင် ကျရောက်၏။ ထိုရက်များ၌ အမည်ပေးကင်ပွန်းတပ်ခြင်း၊ နားထွင်းမင်္ဂလာပြုလုပ်ပခြင်း၊ ထိမ်းမြားမင်္ဂလာဆောင်နှင်းခြင်းတို့ကို ပြုလုပ်နိုင်ပါသည်။

၃။ ဇန်နဝါရီလ (၅)၊ (၁၄)၊ (၁၉)၊ (၂၅)၊ (၃၀) စသောရက်များသည် "**ဇယာတိထီ**"တွင် ကျရောက်၏။ ထိုရက်များ၌ စစ်ချီခြင်း၊ စစ်တက်ခြင်း၊ ကင်းလှည့်ခြင်း၊ ကင်းချခြင်း၊ သစ္စာဆိုခြင်း၊ စုံစမ်းထောက်လှမ်းခြင်း စသော အမှုကိစ္စတို့ကို ဆောင်ရွက်နိုင်ကြပါသည်။

၄။ ဇန်နဝါရီလ (၁)၊ (၆)၊ (၁၀)၊ (၁၅)၊ (၂၀)၊ (၂၆)၊ (၃၁) စသော ရက်များသည် "**ရိတ္တာတိထီ**"တွင် ကျရောက်၏။ ထိုရက်များ၌ ဆေးဖော်/ဆေးထိုးခြင်း၊ လက်ဖွဲ့ထိုးခြင်း၊ သိဒ္ဓိတင်ခြင်း၊ ပစ္စည်းသိမ်းခြင်း၊ သစ်ပင်ခုတ်ခြင်း၊ လှေကားထောင်ခြင်း စသောအမှုကိစ္စများ ဆောင်ရွက်နိုင်ကြပါသည်။

၅။ ဇန်နဝါရီလ (၂)၊ (၇)၊ (၁၁)၊ (၁၆)၊ (၂၁)၊ (၂၇) စသောရက်များသည် "**ပုဏ္ဏာတိထီ**"တွင် ကျရောက်၏။ ထိုရက်များ၌ ရတနာပစ္စည်းများ ရောင်းဝယ်ခြင်း၊ ရှင်ပြုခြင်း၊ ပဒ္ဒင်းခံခြင်း စသောအမှုကိစ္စများကို ဆောင်ရွက်နိုင်ကြပါသည်။

၆။ ဇန်နဝါရီလ (၁၃)၊ (၃၀) စသောရက်များသည် "**အမြိတ္တစုတ်**"တွင် ကျရောက်၏။ ထိုရက်များ၌ မည်မျှပင်မကောင်းကြံ့စေကာမူ မည်သည့်ကိစ္စမဆို ဆောင်ရွက်ရာ၌ အောင်မြင်ပြီးစီးနိုင်ပါသည်။

၇။ ဇန်နဝါရီလ (၅)၊ (၇)၊ (၁၂)၊ (၁၄)၊ (၁၉)၊ (၂၁)၊ (၂၆)၊ (၃၁) စသောရက်များသည် "**ရက်ရာဇာ**"တွင် ကျရောက်၏။ ထိုရက်များ၌ လူမှုရေး၊ ဘာသာရေးကိစ္စ အဝဝတို့ကို ဆောင်ရွက်လုပ်ကိုင်ပါက အလုံးစုံ ပြီးမြောက်နိုင်ပြီး နာမည်ဂုဏ်သတင်းလည်း ထင်ရှားကျော်စောတတ်ပါသည်။

နေမျိုးထွင့်ခေါင်

www.burmeseclassic.com

# စိုက်ပျိုးရေးရာ သည်လမှာ

## ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလအတွက်

■ တောကကိုရင်

မိမိတို့ နိုင်ငံသည် စိုက်ပျိုးရေးကိုအဓိကထားသော စိုက်ပျိုးရေးနိုင်ငံတစ်နိုင်ငံ ဖြစ်ပါသည်။ ကောက်ပဲသီးနှံများ ဝေဆာဖြစ်ထွန်းခြင်းဖြင့် တိုင်းပြည်စားသုံးမှု ဖူလုံပြည့်ဝသည်သာမက ပိုလျှံသမျှ နိုင်ငံခြားတိုင်းပြည်များသို့ တင်ပို့ရောင်းချသည့်အတွက်လည်း နိုင်ငံခြားဝင်ငွေများ တိုးပွားလျက်ရှိသည်ပင်။ ထိုမှတစ်ဆင့်ချင်း ဆိုသကဲ့သို့ စက်မှုနိုင်ငံသို့ ပြောင်းလဲသွားရမည်သာ ဖြစ်သည်။ ဤသို့ စိုက်ပျိုးရေးနှင့် ပတ်သက်၍ တောင်သူလယ်ယာဦးကြီးတို့ သတိထားဆောင်ရွက်ရန် ဖေးမကူညီသည့်အနေဖြင့် . . .

၁။ အပွင့်၊ အသီး၊ အနှံ၊ အရွက်၊ အပွင့်များ စိုက်ပျိုးရန်နှင့် ကိုင်းကူးစိုက်ခြင်း၊ နေရာပြောင်းရွှေ့စိုက်ခြင်းတို့အတွက်

ဇန်နဝါရီလ (၂)၊ (၄)၊ (၈)၊ (၁၀)၊ (၁၉)၊ (၂၆) စသောရက်များသည် အပွင့်၊ အသီးအနှံ၊ အရွက်များ စိုက်ပျိုးရန်နှင့် ကိုင်းကူးစိုက်ခြင်း၊ နေရာပြောင်းရွှေ့စိုက်ပျိုးခြင်းတို့အတွက် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၂။ ဥ၊ အမြစ်၊ အပင်များ စိုက်ပျိုးရန်၊ အကိုင်းအခက်များ ခုတ်ရန်အတွက်

ဇန်နဝါရီလ (၂)၊ (၄)၊ (၁၂)၊ (၂၉)၊ (၃၀) စသောရက်များသည် ဥ၊ အမြစ်၊ အပင်များ စိုက်ပျိုးရန်နှင့် အကိုင်းအခက်များခုတ်ရန်အတွက် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၃။ ထွန်ယက်ခြင်း၊ ပိုးသတ်ဆေးဖျန်းခြင်း၊ ပေါင်းပင်ချုံနွယ် မီးရှို့ခြင်း၊ သီးနှံရိတ်သိမ်းခြင်းနှင့် ဥ၊ အမြစ်များ တူးရန်အတွက်

ဇန်နဝါရီလ (၂)၊ (၄)၊ (၇)၊ (၈)၊ (၁၀)၊ (၁၂)၊ (၂၀)၊ (၂၄)၊ (၂၆)၊ (၂၇) စသောရက်များသည် ထွန်ယက်ခြင်းစိုက်ပျိုး၊ ပိုးသတ်ဆေးဖျန်းခြင်း၊ ပေါင်းပင်,ချုံနွယ်တို့ကို မီးရှို့ခြင်း၊ သီးနှံရိတ်သိမ်းခြင်းနှင့် ဥ, အမြစ်များ တူးရန်အတွက် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၄။ သီးနှံမျိုးစေ့များ ကြဲရန်အတွက်

ဇန်နဝါရီလ (၂)၊ (၄)၊ (၈)၊ (၁၀)၊ (၁၉)၊ (၂၆) စသောရက်များသည် သီးနှံမျိုးစေ့များ ကြဲရန်အတွက် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

တောကကိုရင်



www.burmeseclassic.com

www.burmeseclassic.com

# သည်လအတွက် ကောင်းသောရက်

## ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလအတွက်

နွယ်သာကီအောင်

ခရစ်နှစ်တစ်နှစ်၏ အဦးအစသို့ ရောက်ခဲ့ပေပြီ။

မြန်မာလရာသီအားဖြင့်ဆိုသော် ပြာသိုနှင့် တပို့တွဲလ ပေါင်းစပ်ထားသည့် ကာလဖြစ်ပေရာ ပတ်ဝန်းကျင်တစ်ခွင်မှာတော့ ခွာညိုရနံ့တို့မှာ တသင်းသင်း။ ပေါက်ပွင့်၊ လဲပွင့်တို့မှာလည်း ငုံစီနေကြပေပြီ။ အပူလွန်ကဲခြင်းမရှိသေးသည့် ရာသီဥတုမို့လည်း နေထိုင်ရသည်မှာ သက်သောင့်သက်သာ ရှိလှပေသည်။ ဤကာလမှာပင် စားဝတ်နေရေးအတွက် လုပ်ရှားရုန်းကန်နေကြသူတို့အနေဖြင့် ကြီးပွားရာကြီးပွားကြောင်း၊ တိုးတက်ရာတိုးတက်ကြောင်းတို့အတွက် ရှာဖွေနေကြစမြဲဖြစ်ရာ . . .

### ၁။ နေအိမ်တိုက်တာဝယ်ယူရန်

ဇန်နဝါရီလ (၇)၊ (၁၂)၊ (၁၄)၊ (၁၉)၊ (၂၆) စသောရက်များသည် နေအိမ်တိုက်တာများ ဝယ်ယူရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

### ၂။ ကား/ယာဉ်ဝယ်ယူရန်

ဇန်နဝါရီလ (၂)၊ (၁၃)၊ (၂၁)၊ (၃၀) စသောရက်များသည် ကား/ယာဉ်ဝယ်ယူရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

### ၃။ ရွှေတွင်း/ကျောက်တွင်း တူးရန်

ဇန်နဝါရီလ (၁၀)၊ (၁၄)၊ (၁၉) စသောရက်များသည် ရွှေ/ကျောက်တွင်းများ တူးရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

### ၄။ ယှဉ်ပြိုင်ကိစ္စများ ဆောင်ရွက်ရန်

ဇန်နဝါရီလ (၇)၊ (၈)၊ (၁၀)၊ (၁၃)၊ (၁၄)၊ (၁၉)၊ (၂၁)၊ (၂၆) စသောရက်များသည် ယှဉ်ပြိုင်ကိစ္စများဆောင်ရွက်ရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

### ၅။ ကျောင်း/အိမ်ဆောက်လုပ်ရန်

ဇန်နဝါရီလ (၂)၊ (၄)၊ (၇)၊ (၁၀)၊ (၁၂)၊ (၁၃)၊ (၂၁)၊ (၂၄)၊ (၂၆)၊ (၃၀) စသောရက်များသည် ကျောင်း၊ အိမ်ဆောက်လုပ်ရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

### ၆။ ပွဲခင်းခံရာ၊ ရှင်ပြု၊ နားသမင်္ဂလာ ကျင်းပရန်

ဇန်နဝါရီလ (၄)၊ (၇)၊ (၁၀)၊ (၁၂)၊ (၁၃)၊ (၁၅)၊ (၂၄)၊ (၂၆)၊ (၂၉)၊ (၃၀) စသောရက်များသည် ပွဲခင်း



www.burmeseclassic.com

www.burmeseclassic.com

ရှင်ပြု၊ နားသမင်္ဂလာကျင်းပရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

**၇။ အိမ်ပြောင်းရွှေ့ရန်၊ အိမ်သစ်တက်ရန်**

ဇန်နဝါရီလ (၇)၊ (၈)၊ (၁၀)၊ (၂၁)၊ (၂၄)၊ (၂၇) စသောရက်များသည် အိမ်ပြောင်းရွှေ့ရန်၊ အိမ်သစ်တက်ရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

**၈။ အမည်ပေး/ဆိုင်းဘုတ်တင်ရန်**

ဇန်နဝါရီလ (၇)၊ (၈)၊ (၁၄)၊ (၁၉)၊ (၂၄)၊ (၃၀) စသောရက်များသည် အမည်ပေးရန်၊ ဆိုင်းဘုတ်တင်ရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

**၉။ လက်ထပ်မင်္ဂလာ ကျင်းပရန်**

ဇန်နဝါရီလ (၁၀)၊ (၁၂)၊ (၂၁)၊ (၂၆) စသောရက်များသည် လက်ထပ်မင်္ဂလာကျင်းပရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

**၁၀။ ခရီးသွားရန်**

ဇန်နဝါရီလ (၈) (၁၀)၊ (၁၉)၊ (၂၁)၊ (၂၄)၊ (၂၆)၊ (၂၉)၊ (၃၀) စသောရက်များသည် ခရီးသွားရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

**၁၁။ လယ်ထွန်မင်္ဂလာကျင်းပရန်**

ဇန်နဝါရီလ (၂) (၄)၊ (၈)၊ (၁၀)၊ (၁၉)၊ (၂၆) စသောရက်များသည် လယ်ထွန်မင်္ဂလာကျင်းပရန် အကောင်းဆုံးရက်များဖြစ်ကြပါသည်။

**၁၂။ အရောင်းအဝယ်လုပ်ကိုင်ရန်**

ဇန်နဝါရီလ (၂) (၄)၊ (၈)၊ (၁၀)၊ (၁၉)၊ (၂၆) စသော ရက်များသည် အရောင်းအဝယ်လုပ်ကိုင်ရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

**၁၃။ သီးနှံမျိုးစေ့ကြဲဖို့ရာ**

ဇန်နဝါရီလ (၂) (၄)၊ (၈)၊ (၁၀)၊ (၁၉)၊ (၂၆) စသောရက်များသည် သီးနှံမျိုးစေ့ကြဲရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

**၁၄။ ရေတွင်းရေကန် တူးဖော်ရန်**

ဇန်နဝါရီလ (၂) (၄)၊ (၈)၊ (၁၀)၊ (၁၂)၊ (၁၉)၊ (၂၄)၊ (၂၆) စသောရက်များသည် ရေတွင်းရေကန်များ တူးဖော်ရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

**၁၅။ အောင်ဘာလေထီ ထိုးရန်**

ဇန်နဝါရီလ (၁) (၂)၊ (၃)၊ (၄)၊ (၆)၊ (၈)၊ (၁၀)၊ (၁၇)၊ (၁၉)၊ (၂၂)၊ (၂၅)၊ (၂၉) စသော ရက်များသည် အောင်ဘာလေထီထိုးရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

**၁၆။ ပညာသင်ကြားရန်**

ဇန်နဝါရီလ (၂) (၄)၊ (၈)၊ (၁၀)၊ (၁၆)၊ (၂၄)၊ (၃၀) စသော ရက်များသည် ပညာသင်ကြားရန် အကောင်းဆုံးရက်များ ဖြစ်ကြသည်။

**၁၇။ ရေသတ္တဝါများ ဖမ်းဆီးရန်**

ဇန်နဝါရီလ (၂)၊ (၄)၊ (၁၂)၊ (၃၀) စသောရက်များသည် ငါး၊ ပုစွန် စသော ရေသတ္တဝါများ ဖမ်းဆီးရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

**၁၈။ မင်္ဂလာအခါပေးရန်**

ဇန်နဝါရီလ (၂)၊ (၄)၊ (၆)၊ (၇)၊ (၈)၊ (၉)၊ (၁၀)၊ (၁၁)၊ (၁၂)၊ (၁၃)၊ (၁၄)၊ (၁၇)၊ (၁၈)၊ (၁၉)၊ (၂၀)၊ (၂၁)၊ (၂၂)၊ (၂၄)၊ (၂၅)၊ (၂၉)၊ (၂၇)၊ (၃၀) စသော ရက်များသည် မင်္ဂလာအခါပေးသင့်သည့် ရက်ကောင်းများ ဖြစ်ကြပါသည်။

■ နှယ်သာကီအောင်



www.burmeseclassic.com


www.burmeseclassic.com

# ရောင်ပြန်မဂ္ဂဇင်း ပြက္ခဒိန်

## ၁၃၇၈-ခုနှစ်၊ ပြာသိုလ - တပို့တွဲလ

## 2017 JANUARY

| | | |
|---|---|---|
| တနင်္ဂနွေ Sunday | 1 ၄ မဟာရက်ကြီး | |
| တနင်္လာ Monday | 2 ၅ | |
| အင်္ဂါ Tuesday | 3 ၆ | |
| ဗုဒ္ဓဟူး Wednesday | 4 ၇ လွတ်လပ်ရေးနေ့ | 18 ၆ |
| ကြာသပတေး Thursday | 5 ၈ ရက်ရာဇာ | 19 ၇ ရက်ရာဇာ |
| သောကြာ Friday | 6 ၉ | 20 ၈ |
| စနေ Saturday | 7 ၁၀ ရက်ရာဇာ | 21 ၉ ရက်ရာဇာ |
| တနင်္ဂနွေ Sunday | 8 ၁၁ | 22 ၁၀ |
| တနင်္လာ Monday | 9 ၁၂ | 23 ၁၁ |
| အင်္ဂါ Tuesday | 10 ၁၃ | 24 ၁၂ |
| ဗုဒ္ဓဟူး Wednesday | 11 ၁၄ | 25 ၁၃ |
| ကြာသပတေး Thursday | 12 ၁၅ ပြာသိုလပြည့် ရက်ရာဇာ | 26 ၁၄ ရက်ရာဇာ |
| သောကြာ Friday | 13 ၁ အမြိတ္တစုတ်ရက် | 27 ● ပြာသိုလကွယ် |
| စနေ Saturday | 14 ၂ ရက်ရာဇာ | 28 ၁ |
| တနင်္ဂနွေ Sunday | 15 ၃ | 29 ၂ |
| တနင်္လာ Monday | 16 ၄ မဟာရက်ကြီး | 30 ၃ အမြိတ္တစုတ်ရက် |
| အင်္ဂါ Tuesday | 17 ၅ | ရက်ရာဇာ မဟာရက်ကြီး 31 ၄ |



၁. ၁. ၂၀၁၇ — စန်းပြောင်းရက်စွဲ — ၁၄. ၁. ၂၀၁၇

### ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလအတွင်း ဂြိုဟ်ပြောင်းချိန်

တနင်္ဂနွေသည် - ၁၄. ၁. ၂၀၁၇ စနေနေ့ နံနက် ၈ နာရီ ၂၅ မိနစ်တွင် မကာရရာသီသို့ ပြောင်းသည်။

အင်္ဂါသည် - ၂၀. ၁. ၂၀၁၇ သောကြာနေ့ နေ့လည် ၂ နာရီ ၄၄ မိနစ်တွင် ကုမ်ရာသီသို့ ပြောင်းသည်။

စနေသည် - ၂၆. ၁. ၂၀၁၇ ကြာသပတေးနေ့ နေ့လည် ၁ နာရီ ၃၈ မိနစ်တွင် ဓနုရာသီသို့ ပြောင်းသည်။

သောကြာသည် - ၂၇. ၁. ၂၀၁၇ တနင်္လာနေ့ ည ၈ နာရီ ၅၅ မိနစ်တွင် မိန်ရာသီသို့ ပြောင်းသည်။

### ၂၀၁၇ ခုနှစ်အတွက် ဓနသိဒ္ဓိနက္ခတ်နှင့် စန်းယှဉ်ချိန်

(၁. ၁. ၂၀၁၇)တနင်္ဂနွေနေ့၊ ညနေ ၄ နာရီ ၅၉ မိနစ် ၅ စက္ကန့်။

(၁၃. ၁. ၂၀၁၇) နှင့် (၃၀. ၁. ၂၀၁၇)ရက်တို့သည် အမြိတ္တစုတ်ကျ၍ *အကောင်းဆုံးရက်များ ဖြစ်သည်။*

### အမြိတ္တစုတ်ရက်မှာ လုပ်ဆောင်စရာ

*တနင်္ဂနွေသားသမီးသည်* မြောက်အရပ်တွင် ပုန်းညက်ပင် စိုက်ပါ။

*တနင်္လာသားသမီးသည်* အရှေ့မြောက်အရပ်တွင် ခရေပင် စိုက်ပါ။

*အင်္ဂါသားသမီးသည်* အရှေ့အရပ်တွင် သရဖီပင် စိုက်ပါ။

*ဗုဒ္ဓဟူးသားသမီးသည်* အရှေ့တောင်အရပ်တွင် ကွမ်းသီးပင် စိုက်ပါ။

*ကြာသပတေးသားသမီးသည်* အနောက်တောင်အရပ်တွင် ဒန်းပင် စိုက်ပါ။


*သောကြာသားသမီးသည်* အနောက်မြောက်အရပ်တွင် အုန်းပင် စိုက်ပါ။

*စနေသားသမီးသည်* တောင်အရပ်တွင် ကံ့ကော်ပင် စိုက်ပါ။



www.burmeseclassic.com

www.burmeseclassic.com



# ၂၀၁၆ မျောက်နှစ် ၁၂ လရာသီဖွားများအတွက်

# တစ်လချင်းစီအဟော

## ဒီဇင်ဘာလ

● ဦးတိုး(တက္ကသိုလ)

ဤအဟောများကို ထိုင်းနိုင်ငံမှ နက္ခတ္တဆရာကြီး ခါသာချင်နာဘန်ချွန် ဟောကြားထားသည်ကို ဘာသာပြန်ဆိုထားခြင်း ဖြစ်ပါသည်။ ၁၂ လရာသီဖွားများ၏ မွေးဖွားသည့် ကာလအပိုင်းအခြားသည် အနောက်တိုင်းနှင့် မတူပါ။ မွေးလ၊ မွေးရက်ကို ရှာ၍ အဟောများကို ကြည့်ရှုစေလိုပါသည်။

### မကာရ ရာသီဖွား (ဆိတ်ရုပ်)

### ဇန်နဝါရီလ ၁၄ ရက် မှ ဖေဖော်ဝါရီလ ၁၃ ရက်

အလုပ်တွင် တစ်စုံတစ်ဦးမှ သင့်အား အကူအညီကောင်းလာလျှင် လုပ်ကိုင်ပေးလိုက်ပါက သင့်အား ယုံကြည်ကိုးစားမှု ရှိလာပါလိမ့်မည်။ လုပ်ငန်းခွင် တာဝန်ခံရမှု ပြောင်းလဲသွားပြီး သင့်အား အလုပ်တစ်ခုပေးရန် ကမ်းလှမ်းလာပါလိမ့်မည်။ ချစ်မေတ္တာရေးတွင် ပေးဆပ်နေရခြင်းသာ ဖြစ်နေပေလိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com

## ကုံရာသီဖွား (ရေထမ်းယောက်ျားရုပ်)
## ဖေဖော်ဝါရီလ ၁၄ ရက် မှ မတ်လ ၁၃ ရက်

ယခုလ ကုန်ဆုံးသွားသည့်အခါ တစ်စုံတစ်ရာ အသစ်တစ်ခုကို စတင်ရန် အချိန်ကောင်းဖြစ်၍ ဥပမာအားဖြင့် အလုပ်အကိုင်များပြောင်းခြင်း သို့မဟုတ် သင်၏စီးပွားရေးလုပ်ငန်းတွင် ရင်းနှီးမြှုပ်နှံခြင်း စသည်တို့ ဖြစ်သည်။ သင်၏ အချစ်မေတ္တာရေး ပွင့်လန်းနေမည်ဖြစ်၍ သင်ချစ်နှစ်သက်သူကို ထုတ်ဖော်ပြောရန် အချိန်ကျနေပြီဖြစ်သည်။ တစ်ကိုယ်သမားများအား စိတ်ဝင်စားဖွယ်ရာ တစ်ဦးဦးနှင့် မိတ်ဆက်ပေးခြင်းခံရမည်။

## မိန်ရာသီဖွား (ငါးနှစ်ကောင်ရုပ်)
## မတ်လ ၁၄ ရက် မှ ဧပြီလ ၁၄ ရက်

အလုပ်အကိုင်သည် ခက်ခဲပြီး ကသီလင်တများ ဖြစ်နေရလိမ့်မည်။ သင့်ထက် လုပ်သက်ရင့် စီနီယာများနှင့် သဘောထားကွဲလွဲကာ ပဋိပက္ခရှိလာနိုင်သည်။ သည်းခံနိုင်ခြင်းသည် အခရာသော့ချက်ဖြစ်သည်။ သင်၏ ငွေရေးကြေးရေးကို သတိထားပါ။ တစ်စုံတစ်ဦးအား ငွေချေးပေးခြင်း မပြုသင့်ပေ။



## မိဿရာသီဖွား (သိုးထီးရုပ်)
## ဧပြီလ ၁၅ ရက် မှ မေလ ၁၄ ရက်

အလုပ်နှင့်ပတ်သက်သည့် ပုံဖော်ချက်၊ တာဝန်ခံသူများ၊ အုပ်ချုပ်ရေးများ၌ အပြောင်းအလဲ အများအပြားရှိမည်။ သင်ကိုယ်တိုင် အလိုက်သင့်ဖြစ်အောင် လုပ်ယူပါ။ ယခုလတွင် ငွေအတော်များများ ဝင်လာမည်။ တစ်ကိုယ်တည်းသမားများ အချစ်သစ်ဖြင့် ဆုံကြုံရတတ်သော်လည်း ကြာရှည်မည်မဟုတ်ပေ။ ချစ်မေတ္တာ သက်ဝင်ပြီးသူများသည် နောက်ထပ် ငယ်ရွယ်သူတစ်ဦးနှင့် တွေ့ဆုံရတတ်သည်။ ငြင်းအခုံများဖြင့် ကသီလင်တ ဗျာများနေရတတ်သည်။

## ပြိဿရာသီဖွား (နွားလားဥသဘရုပ်)
## မေလ ၁၅ ရက် မှ ဇွန်လ ၁၄ ရက်

သင်၏စိတ်ရှည်မှုနှင့် အလုပ်ကို ပင်ပင်ပန်းပန်းလုပ်ကိုင်ခဲ့မှုဖြင့် ဆုလဒ်ရရှိမည်။ ယခုလလယ်လောက်မှ စတင်၍ ကြမ်းတမ်းသော အလုပ်လုပ်ရပြီး တာဝန်ခံရမှုများ ပိုမိုလာ၍ သင်မောပန်းနေရပေလိမ့်မည်။

## မေထုန်ရာသီဖွား (အမြွှာရုပ်)
## ဇွန်လ ၁၅ ရက် မှ ဇူလိုင်လ ၁၅ ရက်

လုပ်ငန်းခွင်တွင် ပုဂ္ဂိုလ်ရေးနှင့်မဆိုင်ဘဲ အလုပ်အတွက် ပြဿနာများ ပိုမိုပေါ်ပေါက်လာမည်။ တချို့ကိစ္စရပ်များတွင် ခပ်ကြမ်းကြမ်းကိုင်တွယ်မှသာ တန်ကာကျပေလိမ့်မည်။ မသင့်လျော်သည့် ကိစ္စရပ်များတွင် ရဲရဲတင်းတင်း ငြင်းဆိုပစ်လိုက်ပါ။ ယခုလနှောင်းပိုင်းလောက်တွင် လုပ်ဖော်ကိုင်ဖက်အသစ်များမှ ကူညီမည်ဖြစ်၍ လုပ်ငန်းသည် မြန်မြန်ဆန်ဆန်နှင့် ပြီးဆုံးသွားပါလိမ့်မည်။

## ကရကဋ်ရာသီဖွား (ပုစွန်လုံးရုပ်)
## ဇူလိုင်လ ၁၆ ရက် မှ ဩဂုတ်လ ၁၆ ရက်

သင်၏ ချက်ချာပါးနပ်မှုများဖြင့် လုပ်ငန်းခွင်မှ ပြဿနာတစ်စုံတစ်ရာကို ကျော်လွှားနိုင်မည့် နည်းလမ်းတစ်ခုကို



www.burmeseclassic.com

www.burmeseclassic.com

သင်ရှာဖွေ တွေ့ရှိလိမ့်မည်။ မိတ်ဆွေများ ဖွဲ့နိုင်ပြီး ပိုမို လေ့လာနိုင်ခွင့် ရရှိသဖြင့် အောင်မြင်ရန် အခွင့်အရေးကောင်းများ ရရှိမည်။ သင်၏စကားအပြောအဆိုကို သတိထားပါ။ သင်၏ ပရောပရည်နိုင်မှုဖြင့် တစ်ခုလပ်၊ ရည်းစားပျက်၊ မုဆိုးမ စသည်တို့နှင့် တွေ့ရတတ်သည်။ ချစ်သူရည်းစား ရှိပြီးသူများပင် ဖြစ်စေကာမူ ကိုယ့်ကို မြတ်နိုးသူများနှင့် လျို့ဝှက်ဆွဲဆောင်ခြင်း ခံရမည်။

## သိဟ်ရာသီဖွား (ခြင်္သေ့ရုပ်)
## ဩဂုတ်လ ၁၇ ရက် မှ စက်တင်ဘာလ ၁၅ ရက်

အလျှော့မပေးတတ်သော အလွန့်အလွန် ကိုယ့်ကိုယ်ကို ယုံကြည်လွန်းသော သင်၏ သူဌေးများ၏အကြောင်းကြောင့် သင်သည် မသက်မသာ ခံစားနေရမည်။ သို့သော်လည်း စိတ်ရှည်မှုရှိပြီး တိုးသာဆုတ်သာအောင်နေပါ။ ယခုလနှောင်းပိုင်းလောက်တွင် သူတို့က သင်၏ အကြံပေးချက်များကို အရေးတယူလုပ်လာကြပါလိမ့်မည်။

## ကန်ရာသီဖွား (အပျိုစင်ရုပ်)
## စက်တင်ဘာလ ၁၆ ရက်မှ အောက်တိုဘာလ ၁၆ ရက်

အကြံဉာဏ်ကောင်းများပေးနိုင်သဖြင့် သင့်အုပ်ချုပ်သူ၏ အမြင်ကြည်ပြီး နာမည်ကောင်း ရရှိနိုင်ပါလိမ့်မည်။ သင့်ဘက်သို့ အခွင့်အရေးများ ရောက်လာပါလိမ့်မည်။ သင် ဘာပဲလုပ်လုပ် အသီးအပွင့်များ အကျိုးကျေးဇူးများ ခံစားရမည်။ ယခုနှစ် ကုန်ဆုံးသွားလျှင် သင်၏ ချစ်မေတ္တာရေးမှာလည်း ပျော်ရွှင်ရမှုများ ပြည့်နှက်၍ သက်ဆုံးတိုင် ထာဝစဉ် မြဲသွားပါလိမ့်မည်။

## တူရာသီဖွား (ချိန်ခွင်ရုပ်)
## အောက်တိုဘာလ ၁၇ ရက် မှ နိုဝင်ဘာလ ၁၅ ရက်

ယခုလ စတင်ချိန်တွင် ငြီးငွေ့စရာကောင်းနေမည်ဖြစ်သော်လည်း သင်၏ ကြိုးကြိုးစားစားလုပ်မှုကြောင့် အလုပ်တွင် အောင်မြင်လာလိမ့်မည်။ သင်သည် သင်၏လုပ်ဖော်ကိုင်ဘက်များထက် ရှေ့သို့ ရောက်နေပါလိမ့်မည်။ သင်နှင့် အရည်အချင်းတူသူများ၏ အထောက်အကူဖြင့် ခက်ခဲသော အလုပ်များ လွယ်ကူသွားပါလိမ့်မည်။ အသက်ကြီးသော ပုဂ္ဂိုလ်တစ်ဦးမှ ကံကောင်းမှုနှင့် ငွေအမြောက်အမြား ယူဆောင်လာလိမ့်မည်။ ချစ်မေတ္တာရေး ပွင့်လန်းနေပါလိမ့်မည်။

## ဗြိစ္ဆာရာသီဖွား (ကင်းမြီးကောက်ရုပ်)
## နိုဝင်ဘာလ ၁၆ ရက် မှ ဒီဇင်ဘာလ ၁၄ ရက်

လုပ်ငန်းခွင်တွင် အတားအဆီး အများအပြားနှင့် ပြည့်နှက်နေမည်။ သင်ခံစားနေရသည်ကို တချို့က ရပ်ကြည့်ပြီး ဝမ်းသာနေကြမည်။ သူ့အတိုင်းသာ ထားလိုက်ပြီး ခဏတာခန့် အချိန်ယူ၍ စိတ်ပြေလက်ပျောက် အနားယူလိုက်ပါ။ သင့်အိတ်ထောင်ထဲမှ ငွေများ ပျံတက်သွားကြပါမည်။ သင်၏ ချစ်မေတ္တာရေးမှာလည်း အေးနေမည်။ သင်ပြောသမျှ သင့်ချစ်သူ နားဝင်ချိုမည်မဟုတ်ပေ။ မလွဲကေန် ရန်ဖြစ်ရပါလိမ့်မည်။

## ဓနုရာသီဖွား (လေးစွဲယောက်ျားရုပ်)
## ဒီဇင်ဘာလ ၁၅ ရက် မှ ဇန်နဝါရီလ ၁၃ ရက်

တစ်စုံတစ်ခုကို အလိုရှိတိုင်း သင့်အုပ်ချုပ်သူများမှ အမြဲတမ်း သင့်ကို ခေါ်၍ ခိုင်းပါလိမ့်မည်။ ဤသို့အားဖြင့် သင်၏ လုပ်ဖော်ကိုင်ဘက်များဖြင့် နှိုင်းယှဉ်ကြည့်လျှင် ရာထူးတက်ရန် သင့်၌ အခွင့်အရေးကောင်း ရှိနေမည်ဖြစ်သည်။ သင်သည် ခရီးသွားခြင်းဖြင့်လည်းကောင်း၊ အပန်းဖြေ အနားယူခြင်းဖြင့်လည်းကောင်း တစ်တိတိဖြင့် ငွေများကို သုံးနေရမည်။ ချစ်မေတ္တာရေးတွင် လွန်ကဲမှုမရှိစေသင့်ပေ။

**ဦးတိုး(တက္ကသိလ)**

*Reference:*

BKK Post, Khatha Chinnabanchorn ၏ Here's what awaits in 2016.



www.burmeseclassic.com

www.burmeseclassic.com



# တရုတ်နှစ်မွေးသူများအတွက်

## ဆောင်ရန်၊ ရှောင်ရန်နှင့် သတိပြုရန်အချက်များ

■ ဇောတိ-အောင်သိန်း(ရန်ကုန်တက္ကသိုလ်)

### ကြွက်နှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

မြင်းနှစ်မွေးသူများနှင့် စီးပွားရေး ဖက်စပ်မလုပ်နှင့်။ ပျက်စီးဆုံးရှုံးတတ်ပါသည်။ ထိုနည်းတူစွာ မြင်းနှစ်မွေးသူနှင့် အိမ်ထောင်မပြုကြရ။ စီးပွားမဖြစ်ပါ။ ဝေးဝေးရှောင်နေပါလေ။ ဆံသ၊ ခေါင်းလျှော်နိုင်၏။ ငါးဖမ်း၊ ငါးအရောင်းအဝယ် လုပ်ငန်းနှင့် အကျိုးပေးပါလိမ့်မည်။

### ရှောင်ကြဉ်ရန်အချက်များ

မည်သည့်လုပ်ငန်းလုပ်လုပ် မြင်းနှစ်မွေးသူကို လုံးဝ ရှောင်ကြရပါမည်။ ဝန်ထမ်းဖြစ်ပါက မြင်းနှစ်မွေးသူ ကုမ္ပဏီတွင် အလုပ်မလုပ်ကြရ။ ရှောင်ပါ။ ရှောင်နိုင်လေ ကောင်းလေ။ တောင်အရပ်သို့ ခရီးမထွက်ကောင်း။ နိုက်တတ်၏။

### နွားနှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

ဆိတ်နှစ်မွေးသူမှလွဲ၍ စီးပွားရေး ဖက်စပ်လုပ်ကိုင်နိုင်ပါသည်။ ဆံသခေါင်းလျှော်နိုင်၏။ မီးဖိုဆောင်၊ မီးဖိုပြင်ဆင် ဆောက်လုပ်နိုင်၏။ ထို့ပြင် ဂိုဒေါင်ပြင်နိုင်၏။ ခရီးဝေးသွားနိုင်၏။ အရှေ့အရပ်စူးစူးသို့ စီးပွားရှာပါ။

### ရှောင်ကြဉ်ရန်အချက်များ

ဆိတ်နှစ်မွေးသူနှင့် လက်မထပ်ကြရ။ စီးပွားမတက်ပါ။ အနောက်အရပ်သို့ မသွားရ။ စီးပွားမရှာရ။ ပျက်စီးဆုံးရှုံးလိမ့်မည်။ လက်ထပ်ခြင်းရှောင်ပါ။ စေ့စပ်နိုင်၏။

### ကျားနှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

မျောက်နှစ်မွေးသူများမှလွဲ၍ အခြားနေ့နံများ(အကောင်များ)နှင့် စီးပွားရေး ဖက်စပ်လုပ်ငန်းသော်လည်းကောင်း၊ အိမ်ထောင်ဖက်သော်လည်းကောင်း ရွေးချယ်နိုင်ပါသည်။ အရှေ့အရပ်စူးစူးသို့ ခရီးထွက်ခြင်း၊ စီးပွားရှာခြင်း ပြုနိုင်ပါသည်။

### ရှောင်ကြဉ်ရန်အချက်များ

မျောက်နှစ်မွေးသူများနှင့် စီးပွားရေး ဖက်စပ်လုပ်ကိုင်လျှင် ပျက်စီးဆုံးရှုံးတတ်ပါသည်။ မျောက်နှစ်မွေးသူနှင့် အိမ်ထောင်ပြုလျှင် စီးပွားမတက်ပါ။ ကျက်ကျက်ရှောင်ပါလေ။ အနောက်အရပ်သို့ ခရီးမထွက်ကောင်း။ စီးပွားမရှာပါနှင့် ရှောင်ပါ။

### ယုန်နှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

ဆုတောင်းပွဲ၊ ရိုးရာကန်တော့ပွဲ၊ မိတ်ဆုံပွဲ ပြုလုပ်နိုင်ပါသည်။ လုပ်ပါ။ မိတ်ဆုံခြင်းအားဖြင့် အကျိုးထူးမှု တွေ့ရှိရပါမည်။ တောင်အရပ်စူးစူးသို့ စီးပွားရှာပါ။ လာဘ်



www.burmeseclassic.com

www.burmeseclassic.com

ကြီးပွားလိမ့်မည်။ ငွေများ လိုမို့၍ဝင်လာပါလိမ့်မည်။ တောင်အရပ်သို့ ခရီးထွက်ပေးပါ။ အကျိုးရှိ၏။

### ရှောင်ကြဉ်ရန်အချက်များ

မြောက်အရပ်ကိုရှောင်ပါ။ ခရီးထွက်ခြင်းနှင့် စီးပွားရှာခြင်း မပြုရ။ နေအိမ်တည်ဆောက်လျှင် တောင်အရပ်ဘက်သို့မျက်နှာပြုပြီး မြောက်အရပ်ကို ရှောင်ပါလေ။ (၁၆-၁-၂၀၁၇) ရက်နေ့နှင့် (၂၈-၁-၂၀၁၇) ရက်နေ့များတွင် ခရီးထွက်ခြင်း၊ စီးပွားရှာခြင်းတို့ကို ရှောင်ကြဉ်ကြရပါမည်။ လာဘ်တိတ်တတ်၏။ သတိထားပါလေ။

### နဂါးနှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

သင်ကံကောင်းနေ၏။ တောအမဲလိုက်ပါ။ သားကောင်များ များစွာရပါလိမ့်မည်။ လယ်ယာစိုက်ပျိုးရေး သီးနှံခြံလုပ်ငန်းလုပ်လျှင် အကျိုးပေးမည်။ ထို့ပြင် ငါးဖမ်းလုပ်ငန်းနှင့် ငါးအံရောင်းအဝယ်လုပ်ငန်း လုပ်နိုင်ပါသည်။

### ရှောင်ကြဉ်ရန်အချက်များ

ခွေးနှစ်မွေးသူများနှင့် မပေါင်းရ၊ အိမ်ထောင်မပြုကြရ။ စီးပွားဖြစ်မည်မဟုတ်ပါ။ မြောက်အရပ်သို့ စီးပွားရှာမထွက်နှင့်။ မြောက်အရပ်သို့ ခရီးထွက်လျှင် ဘေးအန္တရာယ်များ ကြုံတွေ့ရပါလိမ့်မည်။ ထို့ပြင် ရေကြောင်းခရီးကိုရှောင်ပါ။ လှေ၊ သင်္ဘော မစီးရ။

### မြွေနှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

ဆုတောင်းပွဲ၊ ရိုးရာကန်တော့ပွဲ၊ မိတ်ဆုံပွဲ ပြုလုပ်နိုင်ပါသည်။ မိတ်ဆုံပွဲပြုလုပ်လျှင် အကျိုးထူးမှုရှိမည်။ အရှေ့တောင်အရပ်သို့ ခရီးထွက်ပါ။ စီးပွားရှာပါ။ လာဘ်ရွှင်ပါလိမ့်မည်။ စေ့စပ်နိုင်၏။ နိုင်ငံခြားကုန်သွယ်မှုလုပ်ပါ။ အကျိုးပေးပါလိမ့်မည်။ ငွေဖြူငွေမည်း။

### ရှောင်ကြဉ်ရန်အချက်များ

ဝက်နှစ်မွေးသူနှင့် အိမ်ထောင်မပြုရ။ ရှောင်ပါ။ ရှောင်နိုင်လျှင် စီးပွားရေး ဆုတ်ယုတ်တတ်လေသည်။ အနောက်အရပ်သို့သော်လည်းကောင်း၊ အနောက်မြောက်အရပ်သို့သော်လည်းကောင်း ခရီးမထွက်ကောင်း။ ချက်ချင်းလက်မထပ်ရ။ ခဏခေတ္တစောင့်ဆိုင်းပါဦး။ မစောင့်ဆိုင်းနိုင်လျှင် အကျိုးယုတ်တတ်ပါသည်။ စီးပွားရေးလုပ်ငန်း မတိုးချဲ့သင့်သေး။ ရင်းနှီးမြှုပ်နှံခြင်းမပြုရ။ ငွေမည်းဝင်လာခဲ့လျှင် လုံး၀(လုံး၀) လက်မခံရ။ အကျိုးဆုတ်ယုတ်ရပါလိမ့်မည်။ အမှုပြဿနာတက်မည်။

### မြင်းနှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

အပ်ချုပ်လုပ်ငန်း၊ အထည်ချုပ်လုပ်ငန်း လုပ်ပါ။ အကျိုးပေးပါလိမ့်မည်။ မိတ်ဆုံနိုင်၏။ အကျိုးထူးမှုရှိပါမည်။ အရှေ့တောင်အရပ်သို့ စီးပွားရှာပါ။ ငွေရမည်၊ လာဘ်ကောင်းမည်။ ကြွက်နှစ်မွေးသူမှလွဲ၍ ကျန်နှစ်မွေးသူများနှင့် စီးပွားရေး ဖက်စပ်လုပ်ကိုင်နိုင်ပါသည်။ လက်ထပ်နိုင်၏။

### ရှောင်ကြဉ်ရန်အချက်များ

ကြွက်နှစ်မွေးသူကို ကျပ်ကျပ်ရှောင်ပါ။ အိမ်ထောင်ဘက်ရွေးချယ်ခြင်း မပြုကြရ။ အရှေ့မြောက်အရပ်ကို မသွားကြရပါ။ ရှောင်ပါ။ ရှောင်နိုင်ပါမှ ဘေးကင်းမည်။ အသစ်စေ့စပ်ခြင်း မပြုလုပ်ရပါ။ ခရီးထွက်နိုင်ပါသော်လည်း လေကြောင်းခရီးကို ကျပ်ကျပ်ရှောင်ကြရပါမည်။

### ဆိတ်နှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

သင့်ကံကြမ္မာ ယခုလတွင် နိမ့်ကျ ညှိုးနွမ်းနေရာ၏။ ကုသိုလ်ကောင်းမှု အလှူအတန်းများများ လုပ်ပေးပါလေ။ ဘုန်းကြီးဆွမ်းကျွေးပါ။ မကြာမီ ကံကောင်းလာပါလိမ့်မည်။ နွားနှစ်မွေးသူမှတစ်ပါး အခြားနေ့နံနှင့် ပေါင်းဖက်နိုင်၏။ စီးပွားရေးစပ်တူ လုပ်နိုင်၏။ စေ့စပ်နိုင်၏။ ခရီးဝေးသွားနိုင်ပါသည်။ အနောက်စူးစူးအရပ်သို့ သွားပါ။ ဘေးကင်းရန်ကင်းလေသည်။

### ရှောင်ကြဉ်ရန်အချက်များ

အရှေ့အရပ်သို့ မသွားကောင်း။ အရှေ့အရပ်တွင် စီးပွားမရှာရ။ ရှောင်နိုင်လေကောင်းလေဖြစ်ပါသည်။ စေ့စပ်နိုင်ပါသော်လည်း ချက်ချင်း လက်ထပ်ခြင်းမပြုပါနှင့်ဦး။



www.burmeseclassic.com

www.burmeseclassic.com

ခထာစောင့်ပါဦး။ အကျိုးယုတ်တတ်၏။ ခရီးထွက်နိုင်ပါသော်လည်း ရေကြောင်းခရီးကို ရှောင်ပါ။ လေ့၊ သင်္ဘောမစီးကြရ။

## မွောက်နှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

ဆံသခြင်း၊ ခေါင်းလျှော်ခြင်း ပြုလုပ်နိုင်ပါသည်။ မိမိ၏ နေအိမ်ခြံဝင်း သန့်ရှင်းရေးလုပ်ပေးပါ။ ဘုရား၊ တရား၊ သံဃာ မမေ့နှင့်။ ကုသိုလ်ကောင်းမှု များများလုပ်ပေးပါ။ မကြာမီ ကံကောင်းလာပါလိမ့်မည်။ စီးပွားရေးလုပ်လျှင် (ကျား)နှစ်မွေးသူ၊ ကျားနေ့နံမှလွဲ၍ ကျန်အခြားနေ့များနှင့် ဖက်စပ်ပူးပေါင်းလုပ်ကိုင်နိုင်ပါသည်။ အနောက်အရပ်သို့ ခရီးထွက်နိုင်၏။

## ရှောင်ကြဉ်ရန်အချက်များ

ကျားနှစ်မွေးသူ၊ ကျားနေ့နံနှင့် မပေါင်းရ။ စီးပွားရေးဖက်စပ် မလုပ်ကြရ။ လုပ်လျှင် ပျက်စီးဆုံးရှုံးရပါလိမ့်မည်။ ကျားနေ့နံနှင့် အိမ်ထောင်ပြုပါက စီးပွားမတက်ပါ။ အသက်လည်း တိုတောင်းနေတတ်ပါလိမ့်မည်။ အရှေ့အရပ်သို့ ခရီးမထွက်ကောင်း။ ဘေးအန္တရာယ်များလှ၏။

## ကြက်နှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

ယုန်နှစ်မွေးသူ၊ ယုန်နေ့နံမှလွဲ၍ စီးပွားရေးဖက်စပ်သော်လည်းကောင်း၊ အိမ်ထောင်ပြုခြင်းသော်လည်းကောင်း ပြုလုပ်နိုင်ပါသည်။ ခရီးထွက်နိုင်၏။ မြောက်အရပ်သို့ ခရီးထွက်ပါ။ စီးပွားရာပါ။ တိုးတက်ကြီးပွားမည်။ ဈေးဆိုင်သစ်တည်နိုင်ဖွင့်နိုင်၏။ ရင်းနှီးမြှုပ်နှံလိုလျှင် စက်မှုလုပ်ငန်း၊ အထည်ချုပ်လုပ်ငန်းရပ်များတွင် ရင်းနှီးမြှုပ်နှံပါက အကျိုးများစွာရှိ၏။ အကျိုးပေးလိမ့်မည်။

## ရှောင်ကြဉ်ရန်အချက်များ

တောင်အရပ်သို့ ခရီးမထွက်ရ။ စီးပွားမရှာကြရ။ စီးပွားရှာခဲ့လျှင် ပျက်စီးဆုံးရှုံးရပါလိမ့်မည်။ ထို့ပြင် ဇန်နဝါရီလ ၂၂ ရက်နေ့တွင် ခရီးမထွက်ရ။ အနောက်အရပ်သို့ မသွားကောင်း။ ခိုက်တတ်၏။ ဘေးအန္တရာယ်လည်းများ၏။

## ခွေးနှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

နဂါးနှစ်မွေးသူ၊ နဂါးနေ့နံမှလွဲ၍ အခြားနေ့နံများနှ စီးပွားရေးဖက်စပ်သော်လည်းကောင်း၊ အိမ်ထောင်ဖက်ဖ သော်လည်းကောင်း ရွေးချယ်အိမ်ထောင်ပြုနိုင်ပါသည် မြောက်အရပ်တွင် အခြေစိုက်ပါ။ ကုန်သွယ်ပါ။ စီးပွားရှာပ တိုးတက်အောင်မြင်မှုရှိမည်။ သားကောင်ဖမ်းပါ။ တောအ လိုက်နိုင်၏။ သင်ကံကောင်းနေ၍ သားကောင်များစွာ ရရှိ လိမ့်မည်။ သစ်လုပ်ငန်းလုပ်နိုင်၏။

## ရှောင်ကြဉ်ရန်အချက်များ

နဂါးနှစ်မွေးသူ၊ နဂါးနှစ်နေ့နံနှင့် စီးပွားဖက်စပ်မလု ရ။ စီးပွားပျက်စီး ဆုံးရှုံးရပါလိမ့်မည်။ ထို့ပြင် နဂါးနှစ်မွေ သူနှင့် အိမ်ထောင်မပြုကြရ။ စီးပွားမတက်ပါ။ တောင်အရ သို့ ခရီးမထွက်ရ။ ခရီးမထက်ကောင်း။ ခိုက်တတ်၏။

## ဝက်နှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

မြွေနှစ်မွေးသူ၊ မြွေနေ့နံနှင့် မပေါင်းကြရ။ စီးပွာ မဖြစ်ပါ။ စီးပွားမတက်ပါ။ အရှေ့အရပ်ဘက်သို့ ခရီးထွ နိုင်၏။ စီးပွားရှာနိုင်၏။ စီးပွားချမ်းသာရပါလိမ့်မည်။ ရိုး ကန်တော့ပွဲ၊ ပူဇော်ပွဲ၊ ဆုတောင်းပွဲ ပြုလုပ်နိုင်၏။ ဆံသ ခေါင်းလျှော်နိုင်ပါသည်။ ထို့ပြင် မိတ်ဆုံနိုင်၏။ အကျိုးထူးမည်

## ရှောင်ကြဉ်ရန်အချက်များ

အနောက်အရပ်သို့ ခရီးမထွက်ကောင်း။ နေအိမ် လည်း အနောက်အရပ်ဘက်သို့မူ၍ မဆောက်လုပ် ဆောက်လုပ်လျှင် ခိုက်လိမ့်မည်။ စီးပွားမတက်ပါ။ ထို့ပြ မြွေနေ့နံနှင့် အိမ်ထောင်မပြုကြရ။ သက်တမ်းတိုရပါလိ မည်။ အထူးသတိနှင့် ဆင်ခြင်ပါလေ။

ကေတီ-အောင်သိန်း(ရန်ကုန်တက္ကသိုလ်

***Ref:-***

တရုတ်နက္ခတ္တဗေဒင်ပညာ၊ ဆရာကြီး လင်ကျ (Hong Kong) (China)၊ ၂၀၁၆ ခုနှစ်။



www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၇ ခုနှစ်၊ ကြက်နှစ်
# ကြီးပွား၊ ဘေးကင်း၊ လာဘ်ရှင်ရန်
# အဆောင်များဖြင့် စီရင်နည်းများ

● ကေတီ-အောင်သိန်း(ရန်ကုန်တက္ကသိုလ်)

**ကြွက်နှစ်မွေးသူများအတွက်**
**အဆောင်များနှင့် စီရင်နည်း**

(၁) မျောက်ရုပ်လာဘ်ကောင်၊ (၂) တရုတ်ပတ်ကွာနှင့် (၃) တရုတ်ကြေးပြားအပေါက်နှင့်တို့ကို မိမိ၏ဧည့်ခန်း ရုံးခန်း၏ မြောက်တွင်သော်လည်းကောင်း၊ အနောက်တောင်ဘက်၌သော်လည်းကောင်း ထားသိုနိုင်ပါသည်။ သို့တည်းမဟုတ် အခန်း၏ထောင့် တစ်နေရာတွင်သော်လည်းကောင်း၊ ရုံးခန်း၏ အထဲ၌သော်လည်းကောင်း ထားပေးနိုင်ပါသည်။



အပေါက်နှင့်တရုတ်ကြေးငွေပြား

**နွားနှစ်မွေးသူများအတွက်**
**အဆောင်များနှင့် စီရင်ပြုလုပ်နည်း**

ငွေခေါ်ပတ်ကွာ လာဘ်ရှင်ရုပ်ပုံ၊ သို့မဟုတ် တရုတ်အပေါက်နှင့် ငွေကြေးပြားတစ်ခုကို မိမိ၏ဧည့်ခန်း၊ ရုံးခန်း၊ အလုပ်ခန်း၏ မြောက်ဘက်အရပ်တွင်သော်လည်းကောင်း၊ သို့မဟုတ် အခန်း၏ အနောက်ထောင့်၌သော်လည်းကောင်း ထားပေးကြရပါမည်။ မကြာမီ ကြီးပွားလာဘ်ရှင်ပြီး ဘေးကင်းရန်ကင်း စိတ်ချမ်းသာကိုယ်ချမ်းသာ နေရပါမည်။ သို့တည်းမဟုတ် ငွေခေါ်နဂါးလိပ်ကြေးရုပ် ထားနိုင်ပါသည်။




လာဘ်ကောင်မျောက်ရုပ်




ပတ်ကွာ လာဘ်ရှင်ရုပ်ပုံ



နဂါးလိပ်ကြေးရုပ်



www.burmeseclassic.com

www.burmeseclassic.com

### ကျွဲနှစ်မွေးသူများအတွက် အဆောင်များနှင့် စီရင်ပြုလုပ်နည်း

(၁) ဆင်ရုပ်ကိုသော်လည်းကောင်း၊ လက်ဆွဲရွှေပန်းကိုလည်းကောင်း၊ (၂) ခြောက်ထောင့်ပါရှိသော ကျောက်သလင်း(ကျောက်စလင်း)တိုင်ကိုသော်လည်းကောင်း၊ (၃) တရုတ်လင်းဆွဲ ရွှေပန်း (သို့မဟုတ်) တရုတ်လင်းနို့ရုပ်ပုံပါ ရွှေဒင်္ဂါးပြားကိုသော်လည်းကောင်း မိမိ၏ညှေ့ခန်း၊ ရုံးခန်း၏ အရှေ့မြောက်ဘက်၊ သို့တည်းမဟုတ် အနောက်မြောက်ဘက်တွင် နေရာခပ်မြင့်မြင့်၌ ကပ်ထားရမည်။ သို့မဟုတ် ချိတ်ဆွဲပေးပါ။




လင်းဆွဲရွှေပန်း

### ယုန်နှစ်မွေးသူများအတွက် အဆောင်များနှင့် စီရင်ပြုလုပ်နည်း


(၁) တရုတ်လာဘ်ကောင် ခြူးကောင်ကိုသော်လည်းကောင်း၊ (လည်ဆံမွေးဖားဖားကျနေသည့် ခြင်္သေ့နှင့်တူလုသောအရုပ်၊ တရုတ်ဒဏ္ဍာရီလာ လာဘ်ကောင်) မင်္ဂလာကောင် ဖြစ်ပါသည်။ (၂) ကျောက်စလင်း(ကျောက်သလင်း) နဂါးမျိုးနွယ်လာ ထိပ်ရုပ်ကိုသော်လည်းကောင်း၊ (၃) ကျောက်နက်ဘူးသီးအရုပ်ကိုသော်လည်းကောင်း မိမိ၏ နေအိမ်ညှေ့ခန်းတွင်ဖြစ်စေ၊ သို့မဟုတ် နတ်စင်၌ဖြစ်စေ ထားထားပေးရပါမည်။ ညှေ့ခန်းတွင်ထား မည်ဆိုပါက ညှေ့ခန်း၏ အရှေ့ဘက်၊ သို့မဟုတ် အနောက်ဘက်၌ ထားပေးရမည်ဖြစ်ပါသည်။ သင်မကြာမီ လာဘ်ရွှင် ကြီးပွားလာပါလိမ့်မည်။




ပရွန်းခြူးကောင်




ကျောက်နဂါးထိပ်ရှစ်



ကျောက်နက်ဘူးသီး

### နဂါးနှစ်မွေးသူများအတွက် အဆောင်များနှင့် စီရင်ပြုလုပ်နည်း

(၁) ဒေါင်းနီစိမ်းရုပ်တစ်ကောင်ကိုသော်လည်းကောင်း၊ (၂) ရောင်း ဇာမဏီငှက်မရုပ်ကိုသော်လည်းကောင်း မိမိ၏နေအိမ်ညှေ့ခန်း၊ ရုံးခန်း၊ အလုပ်ခန်းတို့၏ အရှေ့တောင်ဘက်တွင်ဖြစ်စေ၊ နတ်စင်တွင်ဖြစ်စေ ချိတ်ဆွဲထားကြရပါမည်။






www.burmeseclassic.com

www.burmeseclassic.com

## မြွေနှစ်မွေးသူများအတွက် အဆောင်များနှင့် စီရင်ပြုလုပ်နည်း

(၁) ကျောက်စိမ်း ခြူးလာဘ်ကောင် အရုပ်တစ်စုံကိုသော်လည်းကောင်း။ (၂) ရေးကျသော သားရဲကောင်နီတစ်စုံကိုသော်လည်းကောင်း နတ်စင်ပေါ်၌ဖြစ်စေ၊ အိပ်ခန်းတံခါးအပေါ်တွင်ဖြစ်စေ၊ အိမ်တံခါးမကြီးအပေါ်၌ဖြစ်စေ ထားသိုနိုင်ပါသည်။ သို့မဟုတ် လာဘ်ကောင်ပျံလွှားငှက်ရုပ် တစ်စုံကိုသော်လည်းကောင်း ဆောင်ထားနိုင်ပါသည်။ ယင်းသို့ သေချာစွာ စီမံပြုလုပ်လျှင် မကြာမီ ကျရောက်လာမည့် ဘေးဒုက္ခမှ ကျော်လွန်(ကျော်လွှား)နိုင်ပြီး ကြီးပွားလာဘ်ရွှင်နိုင်ပါသည်။ မယုံမရှိပါနှင့်၊ လာဘ်တွေ့စမ်းကြည့်ပါလေ။



လာဘ်ကောင်ပျံလွှားငှက်

## မြင်းနှစ်မွေးသူများအတွက် အဆောင်များနှင့် စီရင်ပြုလုပ်နည်း

(၁) အရောင်ကို အထူးဂရုစိုက်ကြရပါမည်။ အိပ်ရာခင်း၊ ခေါင်းအုံးအစွပ်အပတ်၊ အိပ်ခန်းပြတင်းပေါက်လိုက်ကာတို့ကို အပြာရောင်၊ အနီရောင်၊ လိမ္မော်ရောင်နှင့် ခရမ်းရောင်ကို လုံးဝ (လုံးဝ) အသုံးမပြုရပါ။

(၂) မြင်းခေါင်းလူကိုယ်ရုပ်ကို မိမိ၏ နေအိမ် အိပ်ခန်း၏ တောင်ဘက်တွင်ဖြစ်စေ၊ သို့မဟုတ် အိပ်ရာခုတင်ခေါင်းရင်း မျက်နှာချင်းဆိုင်နေရာ၌ဖြစ်စေ ချိတ်ဆွဲထားကြရပါမည်။

## ဆိတ်နှစ်မွေးသူများအတွက် အဆောင်များနှင့် စီရင်ပြုလုပ်နည်း

နိုင်ငံခြားထွက်၍ အလုပ်လုပ်လိုပါက (၁) မိမိ၏ နေအိမ်ဧည့်ခန်း အနောက်မြောက်တွင်ဖြစ်စေ၊ (၂) အရှေ့တောင်ဘက်နေရာ၌ ဖြစ်စေ မြင်းခန့် မြင်းကောင်းတစ်စုံဖြစ်စေ၊ နှစ်စုံဖြစ်စေ၊ သုံးစုံမှ ရှစ်စုံအထိဖြစ်စေ ချိတ်ဆွဲထားပေးလျှင် လုပ်ငန်းအဆင်ပြေ ချောမောပြီး အောင်မြင်တိုးတက်ကြီးပွားလာပါလိမ့်မည်။



လာဘ်ကောင်မြင်းရုပ်များ

## မျောက်နှစ်မွေးသူများအတွက် အဆောင်များနှင့် စီရင်ပြုလုပ်နည်း

(၁) မိုးမခပင် အကိုင်းအခက် ခြောက်ခက်၊ သို့မဟုတ် ရှစ်ခက်ကို ဖြစ်စေ (၂) ကျောက်သလင်းအဖြူဖြင့် ပြုလုပ်ထားသော၊ သို့မဟုတ် ၆၆ လုံးပါ ပုတီးအတွဲတစ်စုံကို မိမိ၏နေအိမ် အိပ်ခန်း၏ ခေါင်းရင်းနှစ်ဘက်နှစ်ချက်၌ဖြစ်စေ၊ အလုပ်ပြင်ခုံ၊ စားပွဲ၊ ဗီရိုအပေါ် ခပ်မြင့်မြင့်နေရာ၌ဖြစ်စေ ချိတ်ဆွဲထားပေးရပါမည်။



ကျောက်သလင်းအဖြူ ဘူးသီး

## ကြက်နှစ်မွေးသူများအတွက် အဆောင်များနှင့် စီရင်ပြုလုပ်နည်း

စီးပွားလာဘ်ရွှင်၊ ဘေးရန်များကင်းရှင်းလိုပါလျှင် (၁) ၄၉ လုံးပါ တရုတ်ပုတီးနီကို၊ သို့မဟုတ် ကြွေထည်စင်ရော်စုံတွဲကို အနောက်အရပ်ဘက်သို့ မျက်နှာမူ ချိတ်ဆွဲပေးထားကြရပါမည်။ သို့မဟုတ် (၂) အရှေ့ဘက်အရပ်၌ဖြစ်စေ၊ တရုတ်နဂါးမီးအိမ် မချိတ်ဆွဲထားရမည်။ သို့မဟုတ် သစ်ပင်မစိုက်ကြ



www.burmeseclassic.com

www.burmeseclassic.com

သို့မဟုတ် (၃) ခြေသုတ်အခင်းပုဆိုး၊ ပဝါ၊ ကော်ဇော မခင်းရ မထားရပေ။




စင်ရော်ငှက်

## ခွေးနှစ်မွေးသူများအတွက် အဆောင်များနှင့် စီရင်ပြုလုပ်နည်း

(၁) မိမိ၏ကိုယ်ခန္ဓာ၌ အဆောင်အဖြစ်ဖြင့် မဟူရာအနက်၊ သို့မဟုတ် ကြေးလိပ်ရုပ်ကိုဖြစ်စေ၊ မာလကိုက်ကျောက်(ရွှေဥဒေါက်ကျောက်)ကိုဖြစ်စေ၊ ဂြိုဟ်ကျောက်ကိုဖြစ်စေ၊ လက်ဖက်ခြောက်ရောင်ကျောက် သလင်းကျောက်ကိုဖြစ်စေ၊ တစ္ဆေကျောက် သလင်းကိုဖြစ်စေ၊ လက်စွပ်သော်လည်းကောင်း၊ လည်ဆွဲကြိုးကိုသော်လည်းကောင်း လက်ဝတ်လက်စားပြုလုပ်၍ အမြဲဝတ်ဆင်ထားပေးပါ။ သို့တည်းမဟုတ် ၎င်းကျောက်တစ်မျိုးမျိုးကိုယူပြီး (၂) မိမိ၏ အိမ်ခန်း၊ နားနေခန်း၌ဖြစ်စေ၊ သို့တည်းမဟုတ် နတ်စင်ပေါ်၌ဖြစ်စေ၊ သို့တည်းမဟုတ် မိမိ၏ဧည့်ခန်း တောင်ဘက်တွင်ဖြစ်စေ၊ အရှေ့တောင်ဘက်၌ဖြစ်စေ၊ အရှေ့မြောက်ဘက်တွင်ဖြစ်စေ ချိတ်ဆွဲထားသို့ထားပေးကြရပါမည်။

ယင်းသို့ပြုလုပ်လျှင် မိမိဘေးကင်းချမ်းသာပြီး (ကျန်းမာချမ်းသာပြီး) ကြီးပွားလာဘ်ရွှင် လာဘ်တိုးပွားရပါလိမ့်မည်။ မယုံမရှိနှင့်။



မဟူရာအနက်
လာဘ်ကောင်ကြေးလိပ်

## ဝက်နှစ်မွေးသူများအတွက် အဆောင်များနှင့် စီရင်ပြုလုပ်နည်း

(၁) ပထမ၌ မိမိမြေမြှုပ်ထားခဲ့သော ကျောက်မျက်ရတနာ ရွှေငွေများအားလုံးတို့ကို ပြန်လည်တူးဖော်ပြီး မီးခံသေတ္တာထဲသို့ ပြောင်းရွှေ့ သိမ်းဆည်းလိုက်ရ၏။ မြေမြှုပ်တရုတ် စစ်သူကြီးရုပ်၊ မြင်းစီးမျောက်ကြေးပန်းအိုးနှင့် သပိတ်လွယ်ငှက်(ငှက်ကျား)အပါအဝင်။



တရုတ်နာဇာ စစ်သူကြီး



မြင်းစီးမျောက်

(၂) ယင်းကျောက်မျက်ရတ... ရွှေငွေသိမ်းဆည်းထားသော ... သေတ္တာ၊ အာမခံသေတ္တာကိုမူ သင့်... ခန်း၏ မြောက်ဘက်စူးစူးတွင် ထား... ကြရပါမည်။ သို့မဟုတ် ငွေသိမ်းသ... ဗီရိုပေါ်တွင် စိတ်ချလက်ချ ထားပေး... ပါသည်။

ယင်းသို့ပြုလုပ်လျှင် ပြုလုပ်စီမံ... သည့် ရက်နေ့မှစ၍ ကြီးပွားလာဘ်... လာပြီး ဘေးကင်းရန်ကင်း နေနိုင်... ဖြစ်ပါသည်။ မယုံမရှိပါနှင့်။ လက်... ကိုယ်တွေ့ စမ်းသပ် ကြည့်ပါ။ တရု... နက္ခတ္တပညာအရ ကံကောင်းလာသော... ယတြာချေနည်း ပြုလုပ်စီမံနည်း... ဖြစ်ပါသည်။

ကေတီ-အောင်သိန်း(ရန်ကုန်တက္ကသို...

*Ref:-*


တရုတ်နက္ခတ္တ ဗေဒင်ပညာ... တရုတ်ဂမ္ဘီရဆရာကြီး၊ ကွာလာ... မလေးရှား။




www.burmeseclassic.com

www.burmeseclassic.com

# ပထမဦးဆုံးအကြိမ်

## ကျပ်တစ်သိန်းထီဆု ထုတ်ယူမှု အတွေ့အကြုံ

မြတ်မင်း

(တစ်)

ရပ်ကွက်ဓမ္မာရုံသည် ရွှေဂုံတိုင်ကုန်းကျော်တံတားကြီးနှင့် ယှဉ်လျက်သား၊ ရပ်ကွက်အဝင်ဝတွင် တည်ရှိပါသည်။ ယင်းဓမ္မာရုံကြီးတွင် စာရေးသူတို့၏ ဗုဒ္ဓဟူးနေ့တိုင်း ညစဉ်၊ ည ၇ နာရီမှ စတင်ကာ အပတ်စဉ် ဝတ်ရွတ်ပွဲအား မပျက်မကွက် ပြုလုပ်လေ့ရှိပါသည်။

ရပ်ကွက်ဝတ်အဖွဲ့နှင့်အတူ ပါဝင်ရွတ်ဆိုလေ့ရှိသော စာရေးသူသည် ၃၁. ၈. ၂၀၁၆ ရက်နေ့၊ ညနေ ၆း၃၀ နာရီတွင် ဓမ္မာရုံကြီးသို့ ရောက်ခဲ့ပါသည်။ ဓမ္မာရုံကြီးအတွင်းရှိ မြတ်စွာဘုရားဆင်းတုတော်ကြီးအား ပူဇော်ဆပ်ကပ်သည့် သောက်တော်ရေချမ်း လဲလှယ်မှုပြုပြီး ရောင်တော်ဖွင့်မှုပြုပါသည်။

ဝတ်အသင်းအဖွဲ့ဝင်များ မစုံလင်သေးသဖြင့်၊ ဓမ္မာရုံရှေ့သို့ထွက်လိုက်ရာ အောင်ဘာလေသိန်းဆု ထီလက်မှတ်ရောင်းသော ထီလှည်းလေးနှစ်စင်းအား တွေ့လိုက်ပါသည်။ မည်သည့်ရည်ရွယ်ချက်မှမရှိဘဲ ထီလှည်းလေးတစ်စင်းသို့သွားကာ လှေ့လာမိပါသည်။ ရောင်းချရန် လက်ကျန်ထီလက်မှတ် အနည်းငယ်စီသာကျန်ကြောင်း တွေ့ရသလို၊ ငါးစောင်တွဲ ထီလက်မှတ်အုပ်နှင့် ဆယ်စောင်တွဲ ထီလက်မှတ်တချို့ကိုလည်း တွေ့ရပါသည်။

စာရေးသူသည် အောင်ဘာလေသိန်းထီ ထိုးလေ့ထိုးထ မရှိပါ။ ထီမထိုးသည်မှာ နှစ်ပေါင်း ၃၀ ကျော်ကြာမြင့်ခဲ့ပါပြီ။

ထီလက်မှတ်ရောင်းသော ထီလှည်းကလေးတစ်စင်းမှ ထီလက်မှတ် ငါးစောင်တွဲတစ်စုံကို ရုတ်တရုတ်ထွက်ပေါ်လာသော စိတ်ဆန္ဒဖြင့် ငွေ ၁၈၀၀ ပေးကာ ဝယ်ယူမိပါသည်။ အနီးရှိ ထီလက်မှတ်ရောင်းသော ထီလှည်းလေးမှလည်း သို့လိုပင် ငါးစောင်တွဲ တစ်တွဲကို ၁၈၀၀ ဖြင့်ဝင်ဝယ်ယူကာ ဓမ္မာရုံကြီးသို့ ပြန်လည်ဝင်ရောက်ခဲ့ပါသည်။

ထို့နောက် ဝတ်ရွတ်မည့်အဖွဲ့ဝင်များ စုံညီနီးပါးရောက်လာခြင်းကြောင့် ငါးပါးသီလခံယူ၊ ပန်း၊ ရေချမ်း၊ လျှပ်စစ်မီးများအား ပူဇော်ဆပ်ကပ်ပြီး ဓမ္မာစကြာဒေသနာတော်ကြီးအား ရွတ်ဆိုပူဇော်၊ အမျှပေး သာဓုအနုမောဒနာများခေါ်ယူကြပါသည်။ ယင်းနောက် လူစုခွဲကာ၊ နေအိမ်တိုက်ခန်း အသီးသီးသို့ ပြန်ခဲ့ကြပါသည်။

၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်နေ့ ညနေပိုင်းတွင် အောင်ဘာလေသိန်းဆုဌာနခွဲမှ ဖွင့်လှစ်သော ၃၃၂ ကြိမ်မြောက်၊ အောင်ဘာလေသိန်းဆုပေါက်စဉ်များကို လက်ပွေ့ဈေးသည်လေးတစ်ယောက်က ရပ်ကွက်အတွင်းသို့ ဟစ်အော်ပြီး လာရောက်ရောင်းပါသည်။ စာရေးသူက တိုက်ခန်းတံခါးပေါက်မှထွက်ကာ ထီပေါက်စဉ်တစ်စောင်အား၊ တန်းလန်းချထားသည့် ပလတ်စတစ်ကြိုးလေးတွင် ချိတ်ထားသည့်ချိတ်တွင် တပ်ချိတ်ပေးရန် ပြောလိုက်ရာ ဈေးသည်လေးကလည်း ချိတ်၍တင်ပေး သဖြင့် ကျသင့်ငွေ ၁၀၀ တန် စာရွက်ကို ပြန်လည်ချိတ်ဆွဲချပေးလိုက်ပါသည်။ လက်ခံရရှိထားသော ထီပေါက်စဉ်စာရွက်လေးကို မကြည့်မိဘဲ အနီးရှိ စားပွဲပေါ်တင်ထားလိုက်ပါသည်။

တခြားလုပ်ကိုင်စရာများ (ရုပ်မြင်သံကြားသတင်းကြည့်)များပြုလုပ်ပြီး တစ်နာရီခန့်အကြာတွင် ဝယ်ယူကာံစမ်းထားသော ထီလက်မှတ်လေးများနှင့် ထီပေါက်စဉ်အား



www.burmeseclassic.com

www.burmeseclassic.com

တိုက်ဆိုင်စစ်ဆေးလိုက်သောအခါ အကွာရာနှင့် ရှေ့ဂဏန်းသုံးလုံး အစဥ်လိုက်တူသော ဝေဝေဆာဆာ ပဒေသာ တစ်သိန်းဆုကို ထီလက်မှတ်အမှတ် (၃-၁၇၃)ဖြင့် ထီပေါက်ကြောင်း တွေ့ရတော့သည်။

ထိထိုးလေ့ထိုးထမရှိသော စာရေးသူမှာ အလွန်အံ့သြသွားပါသည်။ တစ်သက်နှင့်တစ်ကိုယ် ပထမဆုံးအကြိမ် သိန်းထီပေါက်သွားပါပြီကော။

ထီပေါက်စဥ်တွင် ထီဆုများကို ၇၊ ၉၊ ၂၀၁၆ မှစ၍ ထုတ်ပေးမည်ဟု ဖော်ပြထားပါသည်။ သိန်းဆုပေါက်သည့် ဖြစ်ရပ်ကိုသိပြီး မကြာမီမှာပင် ယမန်နှေ့ညပိုင်းက ထီလက်မှတ်ရောင်းချလိုက်သော ထီရောင်းသူလေးမှ စာရေးသူအနေဖြင့် ယင်းသိန်းထီပေါက်ကြောင်းနှင့် ကိုယ်စားထုတ်ပေးရမည်လားဟု တယ်လီဖုန်းဖြင့် အကြောင်းကြားလာရာ စာရေးသူက ကိုယ်တိုင်ထီဆုထုတ်မည်ဟုပြောကာ တစ်ဆက်တည်း ကျေးဇူးတင်စကားလည်း ပြောကြားလိုက်ရပါသည်။

## (နှစ်)

ဟုတ်ကဲ့၊ မကြာမီစဖူး သိန်းထီဆုသွားထုတ်ယူသည်။ ၇၊ ၉၊ ၂၀၁၆ ရက် နံနက် ၁၀ နာရီကျော်တွင် နေထိုင်ရာ တိုက်ခန်းမှ မြို့ထဲသို့ လိုင်းကားစီးပြီး သွားပါသည်။ ဦးစွာ စာရေးဆရာဖြစ်သော စာရေးသူက ငွေတာရီမဂ္ဂဇင်းတိုက်သို့ စာမူကိစ္စစုံစမ်းပါသည်။ ထို့နောက် အောင်ဘာလေ သိန်းဆုဌာနခွဲ တည်ရှိရာ မဟာဗန္ဓုလလမ်းနှင့် (၃၇)လမ်းသို့သွားရာ၊ ထီရုံး၏ နံရံတစ်နေရာတွင် ထီဆုထုတ်ရာ၌ (၁) ထီလက်မှတ်၊ (၂)နိုင်ငံသားစိစစ်ရေးကတ်မူရင်း/မိတ္တူ၊ (၃) အိမ်ထောင်စုစာရင်းမူရင်း/မိတ္တူနှင့် (၄) မကြာမီက ရိုက်ကူးထားသော လိုင်စင်ဓာတ်ပုံ သုံးပုံ လိုအပ်သည်ဟု ရေးသားထားသည်ကို မြင်တွေ့ရပါသည်။

လိုအပ်ချက်များ မပြည့်စုံသဖြင့် စာရေးသူလည်း တခြား လုပ်ကိုင်စရာ၊ ဝယ်ခြမ်းစရာများဝယ်ကာ နေအိမ်သို့ ပြန်လာခဲ့ရပါသည်။

## (သုံး)

၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၈ ရက်၊ လိုအပ်သည်များ ပြည့်စုံပါပြီ။ သိန်းထီဆုသွားထုတ်ပါသည်။

တိုက်ခန်း၏မြေညီထပ်သို့ ဆင်းခဲ့သည်။ မြေညီထပ်တွင် အိမ်ဆိုင်ဖွင့်ရောင်းချနေသော ကိုအောင်မျိုးကျော် (ပေါက်ပေါက်)က ဘယ်သွားမလဲဟု စုံစမ်းပါသည်။ ဦးခင်ဇော်သည် ရပ်ကွက်တွင်း အတူနေမိတ်ဆွေဖြစ်သလို ရပ်ကွက်ရပ်မိရပ်ဖ ငါးဦးထဲမှ တစ်ဦးလည်းဖြစ်သည်။

စာရေးသူက သိန်းထီသွားထုတ်မည်ဟု ပြောလိုက်ပါသည်။

တိုက်ခန်း၏ မြေညီထပ်ပလက်ဖောင်းတွင် စာရေးသူ၏သား မြို့ပြအင်ဂျင်နီယာ ဇော်မျိုးလှိုင်၏ ကိုယ်ပိုင်ကားလည်း ရပ်ထားပါသည်။ သားသည် လုပ်ငန်းတာဝန်ဖြင့် နေပြည်တော်သို့ သွားနေသောအချိန်လည်း ဖြစ်ပါသည်။ စာရေးသူငယ်စဥ်က ကားမောင်းသော်လည်း ယခုမမောင်းရဲတော့ပါ။ သားသမီးများကလည်း "ဖေဖေက မတိုက်မိရင်တောင် သူများကတိုက်မိမှာ"ဟူသော စကားဖြင့် တားမြစ်ခံထားရပါသည်။

ထို့ကြောင့် ဦးခင်ဇော်အား "ညီလေး မင်းလိုက်မောင်းပေးပါလား"ဟု မေးရာ၊ လွယ်လင့်တကူပင် "မောင်းပေးမယ်လေ"ဟု ပြောသဖြင့် တိုက်ခန်းသို့ ပြန်တက်ကာ ကားသော့ယူရသည်။

သို့ဖြင့် ဦးခင်ဇော်နှင့်အတူ အောင်ဘာလေသိန်းဆုဌာနသို့ ခရီးနှင်ခဲ့သည်။ ရုံးရှေ့ရောက်သော် ထုံးစံအတိုင်း ကားပါကင်နေရာလပ် မရှိပါ။ ထို့ကြောင့် စာရေးသူတစ်ယောက်တည်း ကားပေါ်မှဆင်းကာ ထီရုံးသို့တက်ခဲ့သည်။ အတော်ကြာမှ ဦးခင်ဇော်ရောက်လာကာ၊ ဆိပ်ကမ်းသာလမ်း၌ ကားထားခဲ့ကြောင်း သိရပါသည်။

အောင်ဘာလေထီရုံး၏ ပထမထပ်သို့ စာက်ခဲ့ပါသည်။ လှေကားရင်းမှစကာ ပထမထပ်၌ ခန်းလုံးပြည့် လူပေါင်းများစွာတွေ့ရပါသည်။ မည်သို့မည်ပုံ လုပ်ကိုင်ရမည်ကိုမသိသောကြောင့် အနီးရှိ လူရွယ်တစ်ယောက်ထံ စုံစမ်းရာ ထိုပုဂ္ဂိုလ်က အိမ်ထောင်စုစာရင်းမိတ္တူကို ရုံးခန်းတွင်းရှိ ကောင်တာ (ပြတင်းပေါက်ငယ်)၌ ထပ်ရကြောင်း ပြောသဖြင့် ပြောသည့်အတိုင်း လုပ်ရပါသည်။ အနီးရှိ အမျိုးသမီးတစ်ယောက်က နံနက် ၁၀ နာရီခွဲ၌ တိုကင်ပေးမည်ဟု အသိပေးပါသည်။



www.burmeseclassic.com

www.burmeseclassic.com

ထိုင်စရာမရှိ ရပ်စရာပင် အနိုင်နိုင်ဖြစ်နေသည့် လူအလွန်များပြားသော ဧည့်ခန်းထဲ၌ နာရီဝက်ခန့်ကြာသော် အနီးရှိ အမျိုးသားတစ်ယောက်ထံမှ စုံစမ်းလိုက်မှ ယခု အခန်းထဲကလူများမှာ ပြန်လည်ရောင်းချရန် ထီလက်မှတ်များ လာဝယ်ယူသူများဟု သိရပြီး ထီဆုငွေထုတ်ရန် အပေါ်ထပ်မှာဟု သိရသည်။

သို့ဖြင့် ထပ်ထားသော အိမ်ထောင်စုစာရင်းမိတ္တူကို ပြန်ယူကာ အပေါ်ထပ်သို့တက်ခဲ့ရာ အခန်းအဝမှ လူတစ်ယောက်က ထီထုတ်လိုပါက ဓာတ်လှေကားနှင့် သုံးထပ်သို့သွားပါဟု ကူညီလမ်းညွှန်လိုက်ပါသည်။

ဓာတ်လှေကားဖြင့် သုံးထပ်သို့ရောက်သော် ထီဆုငွေထုတ်မည့်သူ ၁၀ ယောက်ပင် မပြည့်ကြောင်း တွေ့ရပါသည်။

ပါလာသော လိုအပ်ချက်များကို ကောင်တာရှိ အမျိုးသမီးတစ်ယောက်ထံအပ်နှံရာ ၎င်းက ပုံစံစာရွက်တစ်ရွက် ထုတ်ပေးပြီး ဖြည့်စွက်ရန် ပြောပါသည်။

ပုံစံများဖြည့်ပြီး အပ်နှံလိုက်ရာ ခေတ္တစောင့်ပါဟုပြောသဖြင့် လွတ်နေသော စားပွဲနှင့်တွဲလျက် ကုလားထိုင်တွင် ဝင်ရောက်ထိုင်ရသည်။ ဦးခင်ဇော်မှာ အပေါ့သွားမည်ဟု ပြောပြီး လူချင်းကွဲနေပါသည်။

ဦးခင်ဇော်၏ တယ်လီဖုန်းနံပါတ်ကို မမှတ်မိသဖြင့် ရပ်ကွက်တွင်းမှ တခြားဓမ္မမိတ်ဆွေဖြစ်သူ ဦးဌေးအောင်ထံ လှမ်းမေးမှ ဦးခင်ဇော်၏ တယ်လီဖုန်းနံပါတ် (၀၉–၂၆၂၆၄၉၁၉၂) ရသည်။ ထိုအခါမှ ဦးခင်ဇော်အား လှမ်းခေါ်ရပါသည်။ မိနစ်ပိုင်းအတွင်းရောက်လာပြီး ပူးပေါင်းမိပါသည်။

မိနစ်နှစ်ဆယ်ခန့်အကြာတွင် ရုံးသုံးလုပ်ငန်းဝင်ပုံစံများအားဖြည့်ကာ ကောင်တာမှ ဝန်ထမ်းစာရေးက စာရေးသူအား နေရာထိုင်ခင်းပေးပါသည်။ အနီးရှိ အရာရှိအဆင့်ရှိသူ၏ အခန်းတွင်းသို့ဝင်ကာ ၎င်းမှ လိုအပ်သည့် ခွင့်ပြုချက်လက်မှတ်များ ရေးထိုးပေးပါသည်။

အားလုံးပြည့်စုံသွားပါပြီ။ ငွေစာရင်းဌာနရုံးခန်းသို့ ဆက်သွားရပါသည်။ ဝန်ထမ်းအမျိုးသမီးတစ်ယောက်က နေရာထိုင်ခင်းပေးပြီး ခေတ္တစောင့်ဆိုင်းစေပါသည်။ မိနစ် ၂၀ ခန့်အကြာတွင် ဆုငွေတစ်သိန်း ထုတ်ပေးသော ချက်လက်မှတ်တစ်စောင်ပေးပြီး၊ ကမ်းနားလမ်းနှင့် လသာလမ်းထောင့်ရှိ ပြည်သူ့ဘဏ်ခွဲ(၅)၌ ငွေထုတ်ယူရန် ပြောပါသည်။

ဦးခင်ဇော်နှင့်အတူ အောင်ဘာလေသိန်းဆုဌာနခွဲမှ ပြန်ထွက်လာပြီး၊ Paking လုပ်ထားသော ကားရှိရာသို့ ရောက်ကာ၊ ယာဉ်ကြောရှုပ်လှသော ကမ်းနားလမ်းတစ်လျှောက် ဆိပ်ကမ်းသာလမ်းမှ လသာလမ်းအထိ မိနစ် ၃၀ ကြာအောင် သွားရပါသည်။

ဘဏ်ခွဲ(၅)တွင် သိပ်မကြာပါ ၁၅ မိနစ်ခန့်သာ ကြာပါသည်။ လသာလမ်း၊ အနော်ရထာလမ်း၊ လမ်းမတော်လမ်း၊ အလုံလမ်း၊ ဦးဝိစာရလမ်း၊ ရွှေဂုံတိုင်လမ်းအတိုင်း ယာဉ်ကြောမရှုပ်ဘဲ နေအိမ်သို့ ပြန်လည်ရောက်ရှိလာခြင်းဖြင့် မကြုံစဖူး ထီပေါက်၍ သိန်းဆုထုတ်ယူရသော လုပ်ငန်းကိစ္စအဝဝလည်း ပြီးဆုံးခဲ့ပါသည်။

## (လေး)

ပုံမှန်အစီအစဉ်အတိုင်း ရပ်ကွက်ဓမ္မာရုံတွင် ဝါတွင်းကာလဥပုသ်နေ့များတွင် ဥပုသ်သီတင်း တည်ဆောက်လိုသူများအား ရပ်ကွက်ရှိ သီရိစန္ဒာကျောင်းတိုက်မှ ဆရာတော်တစ်ပါးက ကိုးပါးသီလများ ပေးလေ့ရှိရာ ၁၃၇၈ ခုနှစ်၊ တော်သလင်းလပြည့်နေ့တွင် ဥပုသ်သီလ နာယူဆောက်တည်သော ဥပုသ်သည် ၅၀ ကို စာရေးသူက အာဟာရဒါနများပြုလုပ်ပြီး ကုသိုလ်ပြုရာတွင် ထူးထူးခြားခြား သိန်းဆုငွေများထဲမှ ကျပ်ငါးသောင်းတိတိကို လှူဒါန်းသုံးစွဲရသည်ကို ကြည်နူးဝမ်းမြောက်စွာ၊ သာဓုခေါ်ဆိုနိုင်ပါတော့သည်။

**မြတ်မင်း**



www.burmeseclassic.com

www.burmeseclassic.com

# ဘဝအမောစင်မယ့် ပုတောတစ်ခွင် ဟာသများ

ဦး ကောင်း ထူး

## နားအုံပွင့်ပြီး သေမှာစိုး

သီတင်းကျွတ်ပွဲတွင် ဖြစ်၏။ တောင်ပိုင်းက အရပ်ပြဇာတ်ကဖို့ ငှားထားသည့် အင်ဂျင်စက်မှာ အိုနာကျိုးကန်းကြီး။ မရရသည်ကို ငှားထားရသဖြင့် စက်သံက အမြောက်သံထက် ကျယ်နေ၏။ ပြဇာတ်မင်းသားခမျာ ညည်းရှာ၏။

"**ဒီမီးစက်** ဒီလောက်ညံ့နေရင်တော့ ငါတို့အသံ လူကြားအောင် ဖင်မီးထွက်အောင် .အော်ရတော့မှာပဲ"

မြောက်ပိုင်းသားတစ်ယောက်ကလည်း ပွဲကြည့်ရောက်လာရာက ဩဘာပေးပြန်၏။

"ဟ ... လူတွေရဲ့ မင်းတို့ မီးစက်ကြီးနှယ် ဆူလိုက်လေကွယ်။ လုတောရွာမဆိုထားနဲ့။ အဝီစိငရဲခံနေရတဲ့ စိဥ္စမာရတောင် နားအုံပွင့်ပြီး လဲသေမှာစိုးရသဟေ့"တဲ့။

❐

## မုန့်တီဆိုတာ ဒါပါလား

ရန်ကုန်ရောက် လုတောသား ဘုရားဖူးအဖွဲ့သည် မြို့ထဲသို့ လျှောက်လည်ကြလေ၏။

လမ်းထောင့်တစ်နေရာအရောက် မုန့်တီအထမ်းသမားကို မြင်ရာက ဗိုက်ဖြည့်ရန် ဝိုင်းသွားကြလေ၏။

သူတို့ရှေ့က လူအတွက် ပြင်ပေးသည့် မုန့်ပန်းကန်ကို ကြည့်ပြီး တစ်ယောက်က အချင်းချင်း လက်တို့ပြောလိုက်ပုံမှာ –

"အလိုလေးဟဲ့ ... မုန့်တီတဲ့။ ပန်းကန်ဆေးရည်နဲ့ ပြောင်းဖူးမွှေးသုံးလေးပင်ကို ငရုတ်သီးနဲ့ ဖျော်ထားတာပါကလားကွယ်ရို့"

❐

## မဝေးပါဘူး

မန္တလေးမရောက်ဖူးသူများနှင့် ရောက်ဖူးသည့် လုတောသားတို့ မန္တလေးတောင်သို့တက်ရန် ဘတ်စ်ကားမှတ်တိုင်သို့ ရောက်လာခဲ့ကြ၏။

"ကားစီးရမယ်ဆို ဘယ်လောက်တောင် ဝေးလို့လဲ"

"သိပ်မဝေးပါဘူး၊ ကားမှတ်တိုင် နှစ်ဆယ်လောက်ပဲ ဝေးမယ်ထင်တယ်"

"အဝေးကြီးပါလား"

"မဝေးပါဘူးဆိုနေ။ ကားမှတ်တိုင်တွေက တစ်တိုင်နဲ့တစ်တိုင် နီးလိုက်သမှ ဘီးစိပ်ထောင်ထားတာကမှ ကျဲဦးမယ်"

❐

## ပျော်စရာကြီးပါလား

ရန်ကုန်ဘတ်စ်ကားဆိုသည်က ချောင်ချောင်၊ ကျပ်ကျပ် စပယ်ယာ၏ ပါးစပ်နှင့်မူ မလွတ်ကင်းပါချေ။

ခုလည်း ကုသိုလ်ထူးစွာဖြင့် တစ်ယောက်တည်း မတ်တတ်ရပ်ပါလာသည့် ဦးလေးကြီးအား စပယ်ယာကိုယ်တော်မြတ်က အမိန့်ပေးပြန်ပါလေ၏။

"ဟို .. ဦးလေးကြီး၊ နောက်တက်မယ့်ခရီးသည်တွေအတွက် ကိုယ်ချင်းစာပြီး ရှေ့တိုးပေးပါ"

ဦးလေးကြီးလုတောသားခမျာ မသိရှာလေသဖြင့် –

"ဟင်း ... ခရီးသည်တွေ လူမထင်၊ မှတ်တိုင်မှာကျောက်ချရပ်၊ မောင်းတော့လည်း ဒုံးကျည်ရှုံး၊ ရပ်ပြန်တော့ ဆောင့်ကြီးအောင့်ကြီး ဆောင့်ရပ်၊ ဆောင့်ထွက်တဲ့

www.burmeseclassic.com

မင်းတို့ကများ ခရီးသည်ချင်း ကိုယ်ချင်းစာပါတဲ့။ ရယ်စရာကောင်းလိုက်လေကွယ်။ ပုဆိုးမပါတဲ့လူက လုံအောင်ထိုင်ပါလို့ ပြောနေပြန်ပြီ"

စပယ်ယာမှာ မျက်နှာအောက်သိုးသိုးနှင့် ဘာမှမပြော။

နောက်တစ်မှတ်တိုင် ရောက်လေသော် ရှေ့ပေါက်က ဝေါခနဲ ခရီးသည်တွေ တက်လာပြန်၏။

❐

## ဓာတ်ဆီများထည့်လိုက်တော့

မီးရထားပေါ်၌ လုတောသား ဘေးကလူနှင့် မျက်နှာချင်းဆိုင်ထိုင်ခုံက လူများ နိုင်ငံခြားဖြစ် မီးခြစ်တွေထုတ်ကာ အကောင်းပြိုင်လာကြလေ၏။

ဤတွင် လုတောသားလည်း နားကလောလာသည့် အဆုံး သူ့မီးခြစ်ကို ထုတ်ပြရင်း -

"ကျုပ်မီးခြစ်ကတော့ ပြည်တွင်းဖြစ်ဗျ။ တစ်ဆယ်ပဲ ပေးရတယ်။ ဒါပေမယ့် ဓာတ်ဆီမထည့်ဘဲ ခြစ်တာတောင် မီးတောက်တာကလား။ ဓာတ်ဆီများလောင်းထည့်ရင်တော့ လုတောက ခြစ်လိုက်တဲ့ မီးတောက်ကို မန္တလေးက လှမ်းမြင်ရပြီး တာဝတိံသာကိုတောင် မီးစွဲနေတယ်ထင်ရသဗျို့" တဲ့။

❐

## ပိုက်ဆံလိုချင်တာချင်း အတူတူ

လုတောသားဦးကြီးတစ်ယောက် ရန်ကုန်ရောက်နေသည်မှာ တစ်လကျော်သွားခဲ့သဖြင့် ရန်ကုန်ပါး ဝခဲ့ပေပြီ။

ရွာကိုလွမ်း၍ ပြန်ချင်သော်လည်း ဆွေမျိုးများက ဆွဲထားသဖြင့် သောင်တင်နေခဲ့ရပြန်သည်။

သို့ဖြင့် မနက်စောစော နံနက် ၅ နာရီပင် မထိုးသေးခင် ဆူဆူညံညံ အလှူခံမဏ္ဍပ်ရှိ အသံချဲ့စက်သံကြီးကြောင့် လန့်နိုးသွားခဲ့ရသည်။

ပြီးတော့ စိတ်ဆိုးမာန်ဆိုးနှင့် -

"ဟာလိုလေးကွယ် ... ဆူလိုက်တာ အသံချဲ့စက်ရယ်။ နားငရဲကျသွားသလား မှတ်ရ။ ပိုက်ဆံလိုချင်တာချင်းအတူတူ ငွေကုန်ခံပြီး အသံချဲ့စက်ငှား အော်နေရတယ်လို့။ မီးပွိုင့်မှာ ဒန်ခွက်ကလေးချပြီး ထိုင်ရှိခိုးနေရင်လည်း ရသားနဲ့"

❐

## မပေးနိုင်ဘူးဟေ့

လုတစ်ယောက်ထံသို့ သူငယ်ချင်းဖြစ်သူက စက်ဘီးလာပေါင်၏။

ထောင်ထားသည့် စက်ဘီးကို နွားဝယ်သည့်ပုံစံနှင့် ကြည့်ရင်း ထိုလူက မေးလေ၏။

"ဘယ်လောက်လိုချင်လဲ"

"တစ်ထောင်တည်းပါကွာ။ မများပါဘူး"

သူငယ်ချင်းဖြစ်သူက ဟုတ်ပြီဆို၍ အားကိုးတကြီး ဖြေလိုက်၏။ ထိုအခါ အပေါင်ခံမည့်လူက -

"ဟာလိုလေးကွယ် ... သံချေးတက်နေတဲ့ ရေစည်လောက်တောင် အရောင်မထွက်တဲ့ စက်ဘီးကို တစ်ထောင်ပေးရမယ် ဟုတ်လား။ ငါတော့ ငွေတစ်ထောင်ဝေးလို့ လောက်စာလုံးတစ်ထောင်တောင် မပေးနိုင်ဘူးဟေ့"

❐

## ပြောက်အိုးဖောက်သလို

ဘောလုံးပွဲတွင် တစ်ဖက်နှင့်တစ်ဖက် ခိုက်ရန်ဖြစ်ပွားကြသဖြင့် လုတောသားများ ထွက်ပြေးခဲ့ကြသည်။

ခြေထောက်က သစ္စာဖောက်သဖြင့် နောက်ကျကျန်ခဲ့သူများကမူ အရိုက်ခံကြရလေ၏။

ထိုအဖြစ်ကို လုတောသားတစ်ယောက်က သရုပ်ဖော်လိုက်ပုံကား -

"ဟာလိုလေး ... အဲဒီလူတွေ အရိုက်ခံရပုံများတော့ တရုတ်နှစ်သစ်ကူး ပြောက်အိုးဖောက်နေသလားမှတ်ရ။ တဖြောင်းဖြောင်း တဒိုင်းဒိုင်းနဲ့ နားပင်းလုမတတ်ပါပဲဗျာ"

❐

## ပင့်ကူအိမ်သာ အားကိုးပါ

သမဝါယမဆိုင်ထဲရှိ အမျိုးသမီးတစ်ဦးသည် ညည်းချင်းချပြီး ထွက်လာခဲ့သည်။

"အိမ်ကလူကလည်း ဆေးလိပ်သောက်လိုက်တာ မီး



www.burmeseclassic.com

www.burmeseclassic.com

မပြတ်ဘူး။ စက်ခေါင်းတိုင်နဲ့ သူ့ဆေးလိပ် လူတွေ မကြာခဏ မှားကြရတဲ့အထိ''

ထိုအသံကို ကြားလိုက်ရသည့် အသိတစ်ယောက်က

''နင့်ယောက်ျား ဒီလောက်တောင် ဆေးလိပ်သောက်မှတော့ ပုဆိုးတွေ အပေါက်ချည်းနေမှာပေါ့။ မထူးပါဘူး။ ငါပြောတာ စိတ်ကူးမလွဲနဲ့။ ငါးဖမ်းပိုက်သာ ပုဆိုးချုပ်ပေးလိုက်''

''ပိုက်က ဈေးကြီးလို့ ပုဆိုးခွဲတမ်း လာမေးတာပေါ့အေ။ သုဒ္ဓေါလေးတောင် မပါဘူးတဲ့''

''အလိုလေးလေ ... ပုဆိုးခွဲတမ်းမျှော်မယ့်အစား ပင့်ကူအိမ်သာ ပုဆိုးချုပ်ပေးလိုက်ပေတော့ဟာ''

❐

## များသလက်များ ဖြစ်နေသလား

ရှာလယ်ဖြစ်သည့်အတွက် လက်ဖက်ရည်ဆိုင်၊ ဆံသဆိုင်၊ ဗီဒီယိုဂိမ်းဆိုင်များနှင့် လူမပြတ် စည်ကားနေလေ၏။

လူတွေစုံသကဲ့သို့ သတင်းကလည်း ပေါင်းစုံရပြီးသားဖြစ်၏။

ဆံပင်ညှပ်နေရသည့် လူတစ်ယောက်က ရက်လွန်သတင်းစာဖတ်ပြီး ထအော်လိုက်လေ၏။

''ဟလိုလေးလေ၊ ရမ်းရှာလိုက်လကွယ်တို့။ ဘာတစ်ခုမှမတတ်တဲ့ ဒေါက်တာရမ်းကုရယ်။ သွားဖုံးကို ဆေးထိုးကုသတဲ့''

ထိုအခါ ဘေးပတ်ဝန်းကျင်ရှိလူများ အလန့်တကြားဖြစ်သွားပြီး –

''အထိုးခံရတဲ့လူ ဘာဖြစ်သွားလဲ''ဟု ဝိုင်းမေးရာ–

''ဘာမှမဖြစ်ပါဘူး။ ဝမ်းမနုတ်ခင် အမြှုပ်တစီစီထွက်ပြီး သေရုံလေးသေသွားတာ''

''အေအိုင်ဒီအက်စ်လိုပဲ ကြောက်စရာကြီးနော်''

''အေအိုင်ဒီအက်စ်က ဝေးသေးတယ်။ ကျောချင်းကပ် ခင်ဗျားအိမ်ကလူတွေ သွားနေတဲ့ဆေးခန်းကလည်း ဆရာဝန်မဟုတ်ဘူး။ အပ်ပုန်း ... အဲ .. ဆေးရုံမှာ အမှိုက်လှည်းတဲ့လူဆိုပဲ''

''ဟုတ်သမှ တဟုတ်ဟုတ်ကိုနေတာ။ သွားခေါ်တာနဲ့ ကျုပ်တို့က ဒေါက်တာပေါက်တူးလို့ ခေါ်တာ။ အထင်တော့ မသေးလိုက်နဲ့။ အစာမကြေ အာဂန္တုရောဂါဒေ[illegible] သွားပြတာ ငါးခါသွားလည်း မပျောက်၊ တစ်ပတ်နေလည်[illegible] မပျောက်။ ယူလိုက်တော့ စိန်ဈေး၊ ကျောက်ဈေး။ [illegible] လိုက်တဲ့ဆေးကျတော့ ...''

''ရေတွေလို့ ပြောစမ်းပါကွာ''

''အေး .. ရေတွေလား၊ တရုတ်ဆေးတွေလား [illegible] ပါဘူးဗျာ။ ထိုးထားလိုက်တာ တင်ပါးတစ်ခုလုံး အပေါ[illegible] ချင်းဆက်နေပုံများ များသလက်ဖြစ်နေသလား မှတ်ရတ[illegible]

❐

## တီကောင်ဓာတ်လိုက်တဲ့အတိုင်း

ရန်ကုန်တန်ဆောင်တိုင်ပွဲသို့ လှတောသားတို့ ရော[illegible] ရှိနေကြ၏။

ဤ၌ တေးသရုပ်ဖော် ဇာတ်ခုံတစ်ခု၌ အရပ်[illegible] မိန်းကလေးက တက်၍ ကလေ၏။

ဤ၌ လှတောသားတစ်ယောက်၏ ချီးမွမ်းသံ ပေ[illegible] ထွက်လာ၏။

''သီချင်းက ကောင်းပါရဲ့။ မင်းသမီးနှယ် ... က[illegible] လိုက်ပုံများ ခွေးလှေးယားသီးချုံထဲက ယားယံပြီးထွက်လ[illegible] သလား မှတ်ရ။ တွန့်လိမ်နေတာများ တီကောင်ဓာတ်လို[illegible] တဲ့အတိုင်း''

❐

## သည်မိုးမှောင်တုန်း မောင်မုန်းပါရစေ

လခစားဝန်ထမ်းဖြစ်သူ လှတောသားအိမ်သို့ ရပ်ဝေ[illegible] ဧည့်သည် လာလည်၏။ လခထုတ်ပြီးစ လဆန်းရက်ဖြ[illegible] သည့်အတွက် အားနာစရာမလိုသည့်အသွင်ဖြင့်။

ဤ၌ အထင်နှင့်အမြင် ပါစင်အောင်လွဲပုံများ အိ[illegible] ရှင်မနှင့် ကလေးများကိုသာ တွေ့ရပြီး အိမ်ကြီးရှင်က[illegible] မတွေ့ရချေ။

သို့ရာတွင် အိမ်ရှင်မသည် ဧည့်ဝတ်ကျေအောင်ကို[illegible] ကျွေးမွေးပြုစုပါ၏။

စားသောက်ပြီးချိန်ကျလေသော် စာလေးတစ်စော[illegible] ထိုးပေးခဲ့လေ၏။ စာထဲတွင်ကား –

''ဆရာခင်ဗျား ... ကြွေးရှင်တွေ ဇီးကွက်ကို [illegible] ငှက်ဝိုင်းသလို တောနင်းပြီး လိုက်ရှာနေကြတဲ့အတွ[illegible]



www.burmeseclassic.com

www.burmeseclassic.com

သစ်ခေါင်းထဲသွားပုန်းနေရပါတယ်။ တစ်ရက်၊ နှစ်ရက်လောက် ဆက်ပုန်းနေပါရစေဦး။ ကျွန်တော်မသိဘဲလည်း ပြန်မသွားပါနဲ့ဦးခင်ဗျား'' . . . တဲ့။

□

## ဝက်ပါထဲ လည်သွားမယ်

သမဝါယမခေတ်က ဖြစ်၏။

ဆိုင်ထဲသို့ အမောတကော ပြေးဝင်လာသည့် လုတောသားကြီးသည် ၎င်းအတွက် လုံချည်ခွဲတမ်းမပါကြောင်း ကြားရသည့်အခါ အမောဆို့သွားပါချေ၏။

"ဟင်း . . . ငါ့အတွက် ဘယ်ကမ္ဘာမှ ပါပ့ါမလဲ မသိဘူး။ အရှိမေတ္တေယျဘုရား ပွင့်တာတောင် ပါပ့ါမလားပဲ"

"ဒါဆိုလည်း အပြင်မှာဝယ်ပေါ့ဗျာ"

ထိုသို့ ဘေးလူတစ်ယောက်က ဝင်ပြောလေရာ –

"ဟ . . . အပြင်ဈေးက သိကြားမင်းနားရွက် တက်ချိတ်နေတာ။ ငါ လက်လှမ်းမမီဘူးကွ။ ရေလဲမရှိလို့ ညလူခြေတိတ်မှ တူးမြောင်းထဲ သွားရေချိုးရတာ။ လုံချည်ကလည်း လျှော်ရဖွပ်ရလွန်းလို့ ရိနေပြီ။ ကြမ်းပိုးတောင် ဝက်ပါထဲ မျက်စိလည် မူးသွားမှာစိုးရ"

၎င်း၏ မချိမဆံ့ ရင်ဖွင့်သံကြောင့် ကြားရသူအပေါင်းမှ တအုန်းအုန်းနှင့် ဟားကြပါချေ၏။

□

## မိုးမိထားတဲ့အတိုင်း

လှတောရွာကားဂိတ်တွင် ဈေးတန်းကြီးမှာ စည်ကားနေလေ၏။ မကြာခင် ကားလှလှ အသစ်လေးတစ်စီး လက်ဖက်ရည်ဆိုင်ရှေ့ ထိုးရပ်လာ၏။ ကားပေါ်မှ ဆံပင်ဖိုးရိုးဖားရား၊ အင်္ကျီ၊ ဘောင်းဘီ ကိုးရိုးကားရားနှင့် လူများဆင်းလာပြီး စီးကရက်ဝယ်ကြ၏။

ကားမောင်းထွက်သွားသည့်နောက် ဈေးသည်မတစ်ယောက်က –

"ရန်ကုန်ကလား၊ မန္တလေးကလားပဲ။ ဘာလူမျိုးတွေလည်း မသိဘူးနော့်"

"ဘယ်ကဖြစ်ဖြစ်ပေါ့အေ။ ငြိုဟ်သားကာတွန်းရုပ် မိုးမိထားတဲ့လူမျိုးပဲ ခေါ်လိုက်ပါတော့"

## ရှူးလိုက်ပုံများ

တူဖြစ်သူ ဖိုးထောင်ထံသို့ ဦးလေးဖြစ်သူ ရောက်ရှိလာ၏။

"ဖိုးထောင်ရေ . . ခွေးကြည့်ပါဦးဟ အကောင်ရ"

"လာ . . . လာ . . ဦးလေး။ ဒီကောင်က ငပေါပါ။ အကောင်ကြီးပြီး ဟန်ကောင်းရုံသာရှိတာ။ လူမြင်ရင် အမြီး တနှန့်နှန့်နဲ့ မကိုက်ပါဘူး"

"မင်းက မကိုက်ပါဘူးသာဆို ဒီမှာ အနားကပ်လာပြီကွ။ မင်းဘကြီးခေါ်ပါဦးဟ။ မတော်တဆ ဟပ်မိရင် တစ်ဆယ်သားလောက် ပါသွားနိုင်တယ်။ ဆေးရုံနဲ့ ဆေးဖိုးငါကြောက်လွန်းလို့"

"ဦးလေးနှယ် . . . ဒီကောင်ကြီးက ဟန်ပါဆိုနေ။ ခွေးစိမ်းဝင်လာရင်တောင် လွှားခနဲပြေးပြီး အသေကိုက်သတ်မယ့်ပုံ။ အနားလည်းရောက်ရော သူ့အဖေကို နူတ်ဆက်သလားမှတ်ရ။ အမြီးနမ်းကြည့်ပြီး ပြန်လာတာပဲ"

"ဒါဆို မင်းခွေးက ခွေးမျက်နှာရှူး၊ ခွေးမယားတရှူးပါလားဟ"

□

## ရှိခိုးလိုက်တာမှ

ပွဲခင်းထဲ မှူးနေပြီဆိုလျှင် ထိပ်တုံးနှင့် ညှားမှာစိုးသည့်အတွက် အဖော်များက ထိန်းခေါ်လာတတ်စမြဲ။

ပွဲခင်းနှင့်ဝေးသည့် ရွာလမ်းရောက်သောအခါ အမူးသမားက လက်ခမောင်း ထခတ်လေတော့၏။

"ဟော့ . . . ယောက်ျားမှန်ရင် ထွက်ခဲ့။ တစ်ယောက်ချင်း ခဲလင်းဟော့"

"လုပ်မနေနဲ့။ ပွဲခင်းထဲတုန်းကများ အဖမ်းခံရမှာစိုးလို့ ဟိုလူရှိခိုး၊ ဒီလူရှိခိုး တွေ့သမျှ ရှိခိုးလာတဲ့ကောင်ကများ"

"အေးလေကွာ၊ ငါတို့ကောင် ရှိခိုးချက်များ ယာကွက်ထဲက စာခြောက်ရုပ်ကြီးတောင် မချန်ဘူး။ ဖင်ဘူးတောင်းကို ထောင်လို့"

● ဦးကောင်းထူး



www.burmeseclassic.com

www.burmeseclassic.com

# နေရာရှာနေကြသူများ

## အောင်ကျော်ညို(ဆင်ချဆိပ်)

"ကုသိုလ်ကံတရားကြောင့် အခုလိုမျိုး ဖြစ်လာတာ ဆိုပေမယ့်လည်း အသက်တစ်ချောင်းကတော့ အသက်တစ်ချောင်းဆိုတဲ့အတွက် ကျွန်တော်ကတော့ တတ်နိုင်သလောက်ကို ကယ်တင်သွားမယ်"

ပြည်သူ့အချစ်တော် ဇာတ်မင်းသား ဖိုးချစ်၏ ခွေးလေခွေးလွင့်တွေအပေါ် ထားရှိသည့် နလုံးသားမှလာသော ကရုဏာစကား။ ခွေးတွေသာ လူစကားပြောတတ်လျှင် ဖိုးချစ်ရင်ခွင်ထဲ ခေါင်းတိုးဝင်ခွေပြီး ဝမ်းမြောက်ဝမ်းသာ ကျေးဇူးတင်စကား ပြောကြားနေကြမည် မြင်ယောင်မိပါသည်။

လေလွင့်ခွေးများကို ထားရှိနိုင်မည့် နေရာတစ်ခု အမြန်ဆုံးရှာဖွေနေသော ဇာတ်မင်းသားလေး။ "ကျွန်တော် နေရာအတိအကျရပြီဆိုတာနဲ့ အားလုံးကို အတိအကျပြောပါ့မယ်။ အဲဒီအချိန်ထိလေးဘဲ လေလွင့်ခွေး(ပိုင်ရှင်မဲ့ခွေး)တွေကို မသတ်ဘဲနဲ့ စောင့်ပေးစေချင်ပါတယ်" ဇာတ်မင်းသားလေး၏ မေတ္တာရပ်ခံချက်။ လေလွင့်ခွေးတွေကို အကြောင်းအမျိုးမျိုးပြကာ အဆိပ်ကျွေးသတ်ဖြတ်နေသော မြင်ကွင်းကို ကိုဖိုးချစ် မကြည့်ရက်နိုင်တော့ပြီ။ နိုင်သလောက် ကယ်တင်ချင်သည့် ဖိုးချစ်၏ ဖြူစင်မေတ္တာ။

လူအများနှင့် အနီးဆုံးတွင် ရှိနေပြီး ထမင်းကြမ်းလေး တစ်ခါကျွေးရုံနှင့် သခင်အဖြစ် အသိအမှတ်ပြုကာ သစ္စာရှိနေတတ်သော သတ္တဝါမျိုး။ ခွေး၏ သခင့်အပေါ် သစ္စာရှိမှုနှင့် ပတ်သက်၍ ပြောရလျှင် ပြောမဆုံးပေါင် တောသုံးထောင်ဟု ဆိုရမည်။ အင္ဂလိပ်ဗဟန်း အင်္ဂလိပ်ဖတ်စာပါ 'The brave dog'၊ ဂျပန်မှ ခွေးရုပ်ဘူတာ၊ ခွေးတွေနှင့်အတူ အသက်ထက်ဆုံးနေသွားသည့် "ဒိုင်အိုကျီးနီး"။ ဤကဲ့သို့ လူနှင့် အနေနီးကာ သခင်အပေါ် သစ္စာရှိသော ခွေးသတ္တဝါများ နားခိုရာ နေရာရှာဖွေနေသော ဇာတ်မင်းသားလေး မြန်မြန် အကောင်အထည်ဖော်နိုင်ပါစေ။

အများပြည်သူကို ကုသပေးမည့် ဆေးရုံနှင့် အနုပညာရှင်များအတွက် နားခိုရာ သုသာန်တစ်ခု တည်ဆောက်ဖို့ ကြိုးစားကာ "နေရာ"ရှာဖွေနေကြသော နှင်းဆီအဖွဲ့သားများ အကြောင်း ဖတ်လိုက်ရသည်။ ဦးစွာ အများပြည်သူအတွက် ဆေးရုံကို ပထမဦးဆုံး တည်ဆောက်သွားမည်ဖြစ်ပြီး ပြီးစီးပါက အနုပညာရှင်များအတွက် နားခိုလဲလျောင်းရာ သုသာန်ကို တည်ဆောက်သွားမည် သိရသည်။ အနုပညာရှင် "နှင်းဆီ"အဖွဲ့သားများ၏ မိဘပြည်သူများသို့ ကျေးဇူးတုန့်ပြန်ခြင်းဟု ပြောနိုင်ပါသည်။

ဘဝခရီးမှာ ဦးတည်ရာသို့ လျှောက်လှမ်းရင်း အခြေအနေပေးလျှင် ပေးသလို ရင်တွင်းမှ ခံယူချက်ကို အကောင်အထည်ဖော်ဆောင်ကြစမြဲပါ။ အတ္တနှင့်ပရ မျှတစွာ လုပ်ဆောင်တတ်ကြသည်မှာ လူ့စရိုက်ဟု ဆိုရပါမည်။ ယခုလည်း ကျင်လည်ရာ အနုပညာနယ်ပယ်မှာ မားမားမတ်မတ်ရှိနေကြသူများလည်း လက်လှမ်းမီရာ အများအကျိုး သယ်ပိုးရွက်ဆောင် သမိုင်းမှတ်တိုင်ကောင်းတစ်ခု စိုက်ထူနိုင်ဖို့ ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ အားကြိုးမာန်တက် ရှိနေကြသည်။ အတွေးအမြင်တူကြသူ အချင်းချင်း တက်ညီလက်ညီ ရှိနေကြသည်။

ရှာဖွေနေသော နေရာများကို မြန်မြန်ရရှိပြီး အကျိုးဆောင်လုပ်ငန်း အကောင်အထည်ဖော် အောင်မြင်နိုင်ပါစေ။

**အောင်ကျော်ညို (ဆင်ချဆိပ်)**

၀၉-၇၇၅၀၉၂၁၁၉



www.burmeseclassic.com

www.burmeseclassic.com

## စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကျွန်းလှမြို့နယ်၊ ကြာတကန်ကျေးရွာအနီး

# ရှေးဟောင်းစေတီတော် ပြုပြင်တည်ဆောက်ရေးအတွက် ကုသိုလ်ပြု လှူဒါန်းရန် မိတ်ခေါ်လွှာ

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကျွန်းလှမြို့နယ်၊ ကြာတကန်ကျေးရွာအနီး၌ လွန်ခဲ့သော နှစ်ပေါင်း ၂၀၀၀ ခန့်ကဟု ခန့်မှန်းရသော ရှေးဟောင်းစေတီပျက်တစ်ဆူ ရှိပါသည်။

ထိုစေတီပျက်အား ရန်ကုန်မြို့၊ ရွှေပေါက်ကံမြို့သစ်၊ ၂၂-ရပ်ကွက်၊ အောင်သုခလမ်း၊ အမှတ်(၆၇)ရှိ ဓမ္မဝါစီကျောင်းတိုက်မှ သီလရှင် 'ဒေါ်နန္ဒဝတီ' သည် ပြုပြင်လိုသောဆန္ဒ ဖြစ်ပေါ်ခဲ့ရာ ကျေးရွာရှိ ဆရာတော် 'ဦးသီဟ' နှင့် ရပ်ရွာလူကြီးများကို တိုင်ပင်လျက် ၁၃၇၆-ခုနှစ်၊ နတ်တော် လဆုတ် ၁၃ ရက်နေ့တွင် မြို့နယ်သံဃာ့နာယက ဆရာတော် အပါအဝင် ပင့်သံဃာ ၉ ပါးတို့နှင့် မြေသန့်မင်္ဂလာ ပြုလုပ်ပြီး စေတီပျက် ပရိဝုဏ်ကိုငုံလျက် စေတီရင်ပြင်ဘောင် အုတ်ရိုးစီလုပ်ငန်းကို ၅၅ ပေ ပတ်လည် ကာရံပြုပြင်ခဲ့ပြီး ဖြစ်ပါသည်။ ထို့ပြင် လိုအပ်သည့် အဝီစိတွင်း တူးဖော်ခြင်း၊ ရေလှောင်ကန် ဆောက်လုပ်ခြင်းတို့ကိုလည်း ပြုလုပ်ခဲ့ပါသည်။

ဤတွင် ခုနစ်ရက်သားသမီးအပေါင်းတို့အနေဖြင့် သာသနိကအဆောက်အအုံများ တိုးတက် ဖွံ့ဖြိုးလျက် ဗုဒ္ဓသာသနာ အစွန်ရှည်ရန် ပါဝင်လှူဒါန်းလိုကြပါက အောက်ပါပုဂ္ဂိုလ်အသီးသီးထံ လှူဒါန်းနိုင်ကြပါကြောင်း စေတနာလောင်း၍ နှိုးဆော်အပ်ပါသည်။

**ဆက်သွယ်လှူဒါန်းရန် လိပ်စာများ**

(၁) ဆရာတော် ဦးသီဟ (၀၉-၄၀၃၇၃၀၂၅၀)
(၂) ဆရာလေး ဒေါ်နန္ဒဝတီ(ဓမ္မဝါစီ သီလရှင်ကျောင်း) (၀၉-၄၂၁၁၆၆၉၈၈)
(၃) ဒေါ်ကြင်တင်(၂၄၊ နတ်စင်လမ်း၊ ကျောက်မြောင်း၊ တာမွေ) (၀၉-၅၄၄၆၀၉)
(၄) ဒေါ်တင်တင်အေး(၇/မြေညီ၊ ငွေလရောင်လမ်း၊ ၇၀တွဲလစ်) (၀၁-၄၀၀၉၂၃)
(၅) ဒေါ်နွဲ့နွဲ့ဝင်း(၁၇၊ ကျောက်တောလမ်း၊ ကျောက်မြောင်း) (၀၉-၃၁၄၈၇၀၉)
(၆) ဦးအောင်ရွှေ(၅၄၊ လမ်း ၁၂၀၊ မင်္ဂလာတောင်ညွန့်)

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

# ထောင်ပုံစံ (၆၆)

## ဗိတာမြဦး

"ဆရာ···မနေ့ညက ထောင်ကျဆောင်(၁)မှာ သ ရဲခြောက်လို့တဲ့"

"ဟုတ်ရဲ့လား ကိုစိုးလှိုင်"

"ဟုတ်ပါတယ်···ဆရာ။ ည ၁၂း၀၀ နဲ့ ၂း၀၀ နာရီ တာဝန်ကျတဲ့ ဘာယာနှစ်ယောက်စလုံး မြင်တာတဲ့"

"ဘယ်လို မြင်ရသတဲ့လဲဗျာ"

"တစ်ယောက်က ဖြူဖြူရှည်ရှည်ကြီး မြင်တာတဲ့။ နောက်တစ်ယောက်ကျတော့ မည်းမည်းတုတ်တုတ်ကြီး တွေ့လိုက်လို့ ပြောတယ်"

"နှစ်ယောက်တစ်ပြိုင်တည်း မြင်တာတဲ့လား"

"အဲလိုတော့ မဟုတ်ပါဘူး။ တစ်ယောက်တစ်လှည့်စီ၊ တစ်ချိန်စီ မြင်တာတဲ့။ မြင်ရတာတော့ ခဏပဲတဲ့ ဆရာ"

"အင်း···အရင်ဒီထောင်မှာ သရဲခြောက်တယ်လို့ ကြားဖူးလားဗျ"

"ဟင့်အင်း···တစ်ခါမှတော့ မကြားဖူးဘူးဆရာ"

"ဟုတ်လား။ ဒါဆို ခုမှ ဘာလို့ ခြောက်ရတာတဲ့လဲ။ ဒါနဲ့ မနေ့ညက တာဝန်မှူးက ထောင်မှူးခင်ဇော်မဟုတ်လား။ သူ့ကို ခဏခေါ်စမ်းပါ"

"ဟုတ်ကဲ့ဆရာ"

ကျွန်ုပ် ရန်ကုန်တိုင်း ထောင်အုပ်စုအတွင်းရှိ (ဂ)အဆင့် အကျဉ်းထောင်တစ်ခု၌ ဖြစ်၏။ ကျွန်ုပ်သည် ထိုနေ့ အကျဉ်းထောင်မှ လွတ်မြောက်မည့် အကျဉ်းသားများအား နံနက်စောစောကတည်းက တစ်ယောက်ပြီး တစ်ယောက် လွှတ်ပေးခဲ့သည်။ လွှတ်သူ အကျဉ်းသားများကုန်ချိန်ဝယ် ထောင်မှူးကြီးဦးစိုးလှိုင် ရောက်လာကာ အထက်ပါအတိုင်း သတင်းပို့လိုက်ခြင်း ဖြစ်၏။

"ထောင်မှူးခင်ဇော် ရောက်ပြီဆရာ"

"အေး···ညက သရဲခြောက်တဲ့ အကြောင်း ပြောပြပါဦး"

"ဟုတ်ကဲ့၊ ညကင်းဘာယာက သတင်းကတစ်ဆင့် တာဝန်ကျဝန်ထမ်းလာသတင်းပို့လို့ ကျွန်တော်သွားကြည့်တော့ ပထမမြင်တဲ့ ဘာယာမောင်ဦးက အခန်းလူကြီး ကျော်ထွန်းရဲ့ဘေးနားမှာ အရိပ်ဖြူဖြူကြီး တွေ့လိုက်ပါတယ်လို့ ပြောတယ်။ ဒုတိယမြင်တဲ့ ဘာယာအကျဉ်းသား တင်လှိုင်ကျတော့ အခန်းလူကြီးကျော်ထွန်းရဲ့ဘေးနားမှာ လူမည်းမည်း တုတ်တုတ်ကြီးတစ်ယောက် တွေ့လိုက်တယ်တဲ့ဆရာ"

"ဒီကောင်တွေ အိပ်ချင်မူးတူးနဲ့ မြင်ကြတာများလား"

"အဲလိုတော့ ဟုတ်ပုံမရဘူး။ မြင်တာကလည်း···တစ်ယောက်တည်း မဟုတ်ဘဲ နှစ်ယောက်တောင်ဆိုတော့လေ"

"ဒါနဲ့ ဘာယာနှစ်ယောက်စလုံးက အခန်းလူကြီးရဲ့ ဘေးနားမှာချည်း ဘာလို့မြင်ကြရတာလဲ"

"ဟုတ်ကဲ့၊ အခန်းလူကြီးရဲ့ဘေးမှာ အရင်အိပ်ခဲ့တာက ပြီးခဲ့တဲ့အပတ်က ဆေးရုံမှာဆုံးသွားတဲ့ အကျဉ်းသား ဦးညိုကြီးလေ ဆရာ။ အခုတော့ အဲဒီနေရာက ဘယ်သူမှမအိပ်လို့ ကွက်လပ်ဖြစ်နေတယ်။ အဲဒါ အခြောက်ခံရတဲ့ ဘာယာနှစ်ယောက်စလုံးက ကိုညိုကြီးလာခြောက်တာလို့တော့ ပြောနေကြတယ်"

"အင်း···ဒါနဲ့ ကိုစိုးလှိုင်၊ ညိုကြီး ဆေးရုံမှာဆုံးတုန်းက အမိန့်ပြန်တမ်းတော့ သေချာဖတ်ခဲ့တယ် မဟုတ်လား"

"ဟုတ်ကဲ့၊ အမိန့်ပြန်တမ်းမဖတ်ခင် သံဃာတော်တစ်ပါးပင့်ပြီး သရဏဂုံ တင်ခဲ့သေးတယ်။ အလောင်းမြေမြှုပ်ခါနီးမှ ကျွန်တော်ကိုယ်တိုင် အမိန့်စာ ဖတ်ခဲ့ပါတယ်။ ပြီးတော့ မနေ့ကပဲ ဘုန်းကြီးငါးပါးပင့်ပြီး ရက်လည်ဆွမ်းနဲ့



www.burmeseclassic.com

www.burmeseclassic.com

သက်န်းကပ်လှူခဲ့သေးတယ်လေဆရာ"

"ဟုတ်တယ်・・・ကျွန်တော်သိတယ်။ ကျွန်တော်လည်း လုပ်ထုံးလုပ်နည်းနဲ့အညီ ဗုဒ္ဓဘာသာ ဓလေ့ထုံးတမ်းအတိုင်း ကောင်းမွန်စွာ သင်္ဂြိုဟ်ပြီးစီးကြောင်း ရုံးချုပ်ကို အစီရင်ခံပြီးပါပြီ။ ညီကြီးအိမ်ကို အကြောင်းကြားရမယ့်စာကိုလည်း စာတိုက်က မှတ်ပုံတင်ပြီး ပို့ခဲ့ပြီးပြီ မဟုတ်လား"

"ဟုတ်ကဲ့ ဆရာ"

"ဒီလောက် ထောင့်စေ့အောင်လုပ်ထားပါရက်နဲ့ မနေ့ညက ဘာယာတွေပြောပုံအရ ညီကြီးက မကျွတ်မလွတ်ဘဲ လာခြောက်သလို ဖြစ်မနေဘူးလားဗျ"

"ဟုတ်ကဲ့ ဆရာ။ အားလုံးပြည့်စုံရက်နဲ့ ဘာလို့ ဒီလို ဖြစ်နေရတာလဲ မသိဘူး"

ကျွန်ုပ် အတန်ငယ်ကြာအောင် တွေဝေနေပြီးမှ -

"ဒါနဲ့ ကိုစိုးလှိုင်・・・ဆေးရုံမှာ ခင်ဗျားလွှတ်ပေးလိုက်တာ ကိုညီကြီး သေသေချာချာ သိသွားရဲ့မဟုတ်လား"

"သိတာပေါ့ဆရာ။ ကျွန်တော်က လူနာလာစောင့်နေတဲ့ သူ့ညီရှေ့မှာပဲ 'ကိုညီကြီး・・・ခင်ဗျား ဒီနေ့လွတ်ပြီ' လို့ ပြောလိုက်တယ်။ ညီကြီးက စကားတော့ မပြောနိုင်ပေမယ့် သူသိကြောင်း မျက်လုံးတွေ အရောင်တောက်လာပြီး ခေါင်းညိတ်ပြတယ်။ အဲဒီအခါ အတူပါလာတဲ့ ထောင်မှူးစန်းထွန်းက ထောင်ပုံစံ ၂၁ မှတ်ပုံတင်စာအုပ်ကြီးနဲ့ တိုက်ဆိုင်စစ်ဆေးတယ်။ ညီကြီးရဲ့ ကိုယ်ခန္ဓာပေါ်မှာ ထောင်ကျခါစက ယူထားတဲ့ အမှတ်အသားသုံးခုကို ရှာပြီး စစ်ဆေးတယ်။ ပြီးတော့ နာမည်၊ အဖေနာမည်၊ ပြစ်ဒဏ်၊ နေရပ်လိပ်စာ စတာတွေကို ဆက်မေးတယ်။ ညီကြီးက စကားမပြောနိုင်ပေမယ့် ထောင်မှူးဖတ်ပြတာတွေကို တစ်ခုချင်း ခေါင်းညိတ်ပြပြီး မှန်ကြောင်း ထောက်ခံတယ်။ အားလုံးပြီးတော့မှ ထောင်မှူးစန်းထွန်းက 'ခုချိန်ကစပြီး ခင်ဗျား အကျဉ်းသားမဟုတ်တော့ဘူး။ လွတ်လပ်တဲ့လူတစ်ယောက်ဖြစ်သွားပြီ'လို့ ပြောလိုက်တယ်။ အဲဒါကို ညီကြီးက သိကြောင်း ခေါင်းညိတ်ပြပြီးတာနဲ့ မျက်တောင်မခတ်တော့ဘဲ ကြောင်တောင်တောင် ဖြစ်သွားတယ်။ အဲဒါ ဆရာဝန်ကို ချက်ချင်းခေါ်ပြတော့ ဆရာဝန်က အတော်လေးကြာအောင် မျက်လုံးတွေကို လှန်စစ်ဆေးနေသေးတယ်။ ပြီးမှ ညီကြီး ဆုံးပြီတဲ့ဆရာ"

"အင်း・・・ဒါဆို ညီကြီးက သူလွတ်တာကို သေချာသိပြီးမှ ဆုံးသွားတာပဲဟာ။ ထောင်နဲ့ မဆိုင်တော့ဘူးလေ။ တကယ် မကျွတ်လွတ်သေးရင် တောင်မှ ဆေးရုံမှာဖြစ်ဖြစ်၊ သူ့အိမ်မှာဖြစ်ဖြစ် ခြောက်တာမျိုးပဲ ဖြစ်သင့်တယ်။ ထောင်ထဲမှာ သရဲလာဖြစ်စရာမှ အကြောင်းမရှိတော့တာ။ ညီကြီးသေတဲ့အချိန်မှာ သူက အကျဉ်းသားမဟုတ်တော့ဘူးလေ။ သာမန်လူတစ်ယောက် ဖြစ်နေပြီ။ ထောင်အနေနဲ့ အမိန့်စာ ပြန်တမ်းတောင် ဖတ်နေစရာမလိုတော့ဘူးဗျ"

"ဟုတ်တယ်နော် ဆရာ"

**ထောင်မှ အကျဉ်းသားကို လွှတ်ရာတွင် နှစ်မျိုးရှိ၏။ သာမန်အကျဉ်းသားများ (ထောင်တစ်ခါကျ)ဆိုလျှင် ထောင်ဘူးဝမှ လွှတ်ပေးလိုက်ရုံပင်။ ထောင်မကြာခဏ ကျလာသော ခိုးဆိုးနှိုက် အမှုများကိုမူ ရဲစခန်းမှတစ်ဆင့် လက်မှတ်ထိုးလွှတ်နိုင်ရန် သက်ဆိုင်ရာ ရဲဝန်ထမ်းကို အပ်ရသည်။**

"ဒါပေမယ့်・・・အများမှာတော့ ညီကြီးက အကျဉ်းသားလေ။ အကျဉ်းသားက ဆေးရုံတက်နေတုန်း ဆုံးသွားတာလို့ မြင်မှာဆိုတော့ ထောင်ကပဲ အားလုံးလုပ်ပေးလိုက်ရတာ သဘာဝကျပါတယ်"

"ဆရာ・・・ဒါဆိုရင် ညီကြီးက ဘာလို့ ထောင်မှာမှ လာခြောက်နေရတာလဲ။ ဒါမှမဟုတ် ညီကြီးတို့အိမ်က ဘာမှမလုပ်ပေးလို့များလား"



www.burmeseclassic.com

www.burmeseclassic.com

"အင်း···ဒါတော့ အခြေအနေ စောင့်ကြည့်ရဦးမှာပေါ့ဗျာ"

❑

"ဆရာ ခိုးဆိုးနှိုက်လွှတ်လူတွေ ခေါ်သွားတဲ့ ရဲတပ်ကြပ်က လွှတ်လက်မှတ်တွေကျပျောက်လို့ အသစ်ပြန်ရေးပေးဖို့ လာတောင်းပန်နေတယ်"

နံနက် ၁၁ နာရီခွဲခန့်တွင် ဖြစ်သည်။ ကျွန်ုပ် ရုံးလုပ်ငန်းများ လက်စသတ်ကာ ထမင်းစားပြန်ရန်ထလိုက်စဉ် ထောင်မှူးစန်းထွန်း ရောက်လာကာ သတင်းပို့လိုက်ခြင်း ဖြစ်၏။

"ဟ···ဒီရဲတပ်ကြပ်ကလည်း ဒါလေးတောင် မပျောက်ပျက်အောင် မထိန်းသိမ်းနိုင်ဘူးလား"

"သူလည်း မပျောက်အောင် ယူနီဖောင်းအပေါ်အိတ်ထဲ သေချာထည့်ပြီး အိတ်ဖုံးပါ ပိတ်ထားခဲ့တာတဲ့။ အဲဒါ ဂိတ်ခန်းရောက်လို့ ဂိတ်စာရေးကို အပ်မယ်လုပ်တော့ တစ်ရွက်မှ မတွေ့ရတော့ဘူးတဲ့။ သူလည်း မယုံနိုင်အောင် ဖြစ်နေတယ်ဆရာ"

"ဒီနေ့···ခိုးဆိုးနှိုက်က ဘယ်နှယောက်လဲ"

"ငါးယောက်ပါ ဆရာ"

"အဲဒီ ထောင်လွှတ်လက်မှတ် မရှိရင် အဲဒီငါးယောက် အိမ်ပြန်လို့ရမှာ မဟုတ်တော့ဘူး။ ကဲ···ကဲ အသစ်သာ ပြန်ရေးပေးလိုက်ပါ။ ပြီးရင် အိမ်မှာ လက်မှတ်လာထိုး"

"ဟုတ်ကဲ့ ဆရာ"

ကျွန်ုပ် ပြောပြီးသည်နှင့် အိမ်ပြန်ရန် ထောင်ဘူးဝ တံခါးကြီးဆီ ဆင်းလာခဲ့သည်။

"ဆရာ···ဆရာ"

ထိုစဉ် ထောင်ဘူးဝအတွင်းတံခါးမှ လှမ်းခေါ်နေသော မိန်းဂျေးလ် တာဝန်ခံ တပ်ကြပ်ကြီး စိန်လှအား တွေ့လိုက်ရသည်။

"ဘာကိစ္စလဲ ဦးစိန်လှ"

သူက တံခါးအနီးကပ်လာကာ လက်ထဲမှ စာရွက်တစ်ထပ်ကို လှမ်းပေးသည်။

"ဒီစာရွက်တွေကို သေသွားတဲ့ အကျဉ်းသားညိုကြီး အိပ်သွားတဲ့နေရာမှာ ပြန့်ကျဲနေတာတွေ့လို့ လာပို့တာပါ"

ကျွန်ုပ် ဘာစာရွက်တွေလဲဟု လှမ်းယူကာ ဖတ်ကြည့်လိုက်သည်။

"ဟိုက်···"

ကျွန်ုပ် အလွန်အံ့အားသင့်သွားမိသည်။ အဘယ်ကြောင့်ဆိုသော် ထိုစာရွက်များမှာ ဒီမနက်ကမှ ကျွန်ုပ် လက်မှတ်ထိုး၍ ထုတ်ပေးလိုက်သော ရဲတပ်ကြပ် ပျောက်နေသည်ဆိုသော ထောင်ပုံစံ(၆၆)ခေါ် ထောင်လွှတ်လက်မှတ် ငါးရွက် ဖြစ်နေသောကြောင့်ပါပေ။

"ရော့···ဒါတွေကို ရဲတပ်ကြပ်ကို ပြန်ပေးလိုက်"

ကျွန်ုပ်က ထောင်မှူးစန်းထွန်း လက်ထဲအပ်၍ ထောင်ဘူးဝမှ ထွက်ခဲ့သည်။ ထောင်မှူးစန်းထွန်းတစ်ယောက် လွှတ်လက်မှတ်များကိုကြည့်၍ မျက်လုံးပြူး၊ မျက်ဆန်ပြူး ဖြစ်နေမည်ကို ကျွန်ုပ်လှည့်မကြည့်ဘဲနှင့် သိနေသည်။ ကျွန်ုပ်သည်ပင် ရဲတပ်ကြပ်လက်ထဲက လွှတ်လက်မှတ်များ သေသူ ညိုကြီး အိပ်ခဲ့သောနေရာသို့ မည်သို့မည်ပုံ ရောက်နေရသည်ကို အဖြေညှိမရသော ပဟေဠိပုစ္ဆာတစ်ပုဒ်လို ဦးနှောက်ခြောက်မတတ် စဉ်းစားနေရ၍ဖြစ်၏။

ထောင်မှ အကျဉ်းသားကို လွှတ်ရာတွင် နှစ်မျိုးရှိ၏။ သာမန်အကျဉ်းသားများ (ထောင်တစ်ခါကျ)ဆိုလျှင် ထောင်ဘူးဝမှ လွှတ်ပေးလိုက်ရုံပင်။ ထောင်မကြာခဏ ကျလာသော ခိုးဆိုးနှိုက် အမှုများကိုမူ ရဲစခန်းမှတစ်ဆင့် လက်မှတ်ထိုး လွှတ်နိုင်ရန် သက်ဆိုင်ရာ ရဲဝန်ထမ်းကို အပ်ရသည်။

လွှတ်ရက်စေ့သော အကျဉ်းသားတစ်ယောက်ကို လုပ်ထုံးလုပ်နည်းအရ စစ်ဆေးပြီးလျှင် လွှတ်သူအကျဉ်းသား နေထိုင်ရာ အရပ်ဒေသအထိရောက်အောင် မီးရထား၊ သင်္ဘော စသည်တို့ကို အခမဲ့စီးနင်းသွားနိုင်ခွင့်ရှိသော (Passage Warrant) (ခေါ်) ခရီးသွားဝရမ်းနှင့် လမ်းခရီးတွင် ကြာမြင့်မည့်အချိန်ကို တွက်ချက်၍ စားစရိတ်၊ ခရီးစရိတ်များ ထုတ်ပေးရသည်။

ပြီးမှ ထောင်လွှတ်အကျဉ်းသား တစ်ယောက်အတွက် အသက်သွေးကြောပမာ မရှိမဖြစ် အရေးကြီးသော ထောင်ပုံစံ(၆၆) (ခေါ်) ထောင်လွှတ်လက်မှတ် (Release Certificate)ကို အကျဉ်းသားလက်ထဲ သေသေချာချာ အပ်ရ၏။

ယခုတော့လည်း ထိုအကျဉ်းသား ညိုကြီး၏ ပြဿနာကို ကျွန်ုပ် ခြေရာခံမိပါလေပြီ။ ထိုကြောင့် ထောင်



www.burmeseclassic.com

www.burmeseclassic.com

မှူးကြီး ဦးစိုးလှိုင်အား ခေါ်လိုက်သည်။

"ခင်ဗျားနဲ့ ထောင်မှူးစန်းထွန်းတို့ ဆေးရုံမှာ လွှတ်ပေးခဲ့တာကို ညိုကြီး ကောင်းကောင်းသိသွားတယ်နော်"

"ဟုတ်ကဲ့ဆရာ"

"ဒါပေမယ့် ခင်ဗျားတို့ ညိုကြီး အတွက် ထောင်ပုံစံ (၆၆) ထောင်လွှတ် လက်မှတ်ကို မပေးခဲ့ဘူး မဟုတ်လား"

"ဟုတ်...ဟုတ်ကဲ့ဆရာ။ အဲဒါ က ဟို...ကျွန်တော်တို့ သူ့ကို လွှတ် ပြီးတာနဲ့ သတိမေ့သွားတာဆိုတော့"

"ဟုတ်တယ်။ အဲဒါကို ကျွန် တော်သိတယ်။ ဒီညိုကြီးက အရင်က လည်း ထောင်ကျဖူးတယ် မဟုတ်လား ဗျ"

"ဟုတ်ကဲ့၊ အရင်တစ်ခေါက်က မူးယစ်ရမ်းကားမှု၊ အခုတော့ ခိုးမှုနဲ့ ထောင်တစ်နှစ်ကျခဲ့တာပါ"

"ဟုတ်ပြီ။ ဒီတော့ ညိုကြီးလည်း ခိုးဆိုးနှိုက်စာရင်း ဝင်နေပြီပေါ့"

"ဟုတ်ကဲ့ ဆရာ"

"ဆိုတော့ အခု ရဲဒုတပ်ကြပ် အိတ်ထဲက ခိုးဆိုးနှိုက်တွေရဲ့ လွှတ် လက်မှတ်တွေ ပျောက်ပြီး ညိုကြီးအိပ် ခဲ့တဲ့နေရာမှာ ပြန့်ကျဲနေတာကို ကြည့် ရတာ...ညိုကြီးလက်ချက် ဖြစ်နိုင် တယ်ဗျ"

"ဟုတ်ကဲ့၊ အဲဒါ...ဘယ်လို ကြောင့်..."

"ခင်ဗျား စဉ်းစားကြည့်လေ။ ညို ကြီးက ထောင်ကလွှတ်သွားတာ သိ သွားပေမယ့် ထောင်လွှတ်လက်မှတ် ထောင်ပုံစံ (၆၆) ရမသွားနိုင်ခဲ့ဘူး မဟုတ်လား။ ဒါကြောင့် ညိုကြီးတစ် ယောက် တမလွန်ခရီးကို ဆက်လို့မရ နိုင်ဘဲ ထောင်မှာ လာမကျွတ်မလွတ် ဖြစ်နေတာ မဟုတ်လားဗျာ"

"ဟုတ်ကဲ့၊ ဆရာတွေးသလို အများကြီးဖြစ်နိုင်ပါတယ်"

"ဒါကြောင့်လည်း ညိုကြီးက ရဲတပ်ကြပ်ဆီက လွှတ်လက်မှတ်တွေ ခိုးယူပြီး သူ့အိပ်ရာပေါ်လာပြီး သူ့ နာမည်နဲ့ လက်မှတ် ပါမပါ ရှာကြည့် ခဲ့တာ နေမှာပေါ့။ သူ့နာမည် မတွေ့ တာနဲ့ စိတ်ဆိုးပြီး လွှင့်ပစ်ခဲ့တာနေ မှာပေါ့"

"ဟုတ်ကဲ့ ဆရာ"

"ဒါကြောင့် ညိုကြီးတစ်ယောက် ထောင်လွှတ်လက်မှတ် မရမချင်း ထောင်ထဲမှာပဲ တဝဲလည်လည်နဲ့ မကျွတ်မလွတ်နိုင် ဖြစ်နေဦးမှာပဲ"

"ဟုတ်ကဲ့ ဒါဆို ညိုကြီးကိစ္စ ကျွန်တော် ဘယ်လို ဆက်လုပ်ပေးရ မလဲဆရာ"

ကျွန်ုပ် ခဏမျှ စဉ်းစားလိုက်ကာ

"ဒီလိုလုပ် ကိုစိုးလှိုင်။ ခင်ဗျား မနက်ဖြန်ကျရင် ထောင်ပုံစံ(၆၆) တစ် စောင်ကို ညိုကြီးနာမည်နဲ့ ရေးလာခဲ့။ သူတကယ်လွှတ်ခဲ့တဲ့ ရက်စွဲနဲ့ပဲ ရေး လာ။ ကျွန်တော်လည်း အရင်ရက်စွဲနဲ့ ပဲ လက်မှတ်ထိုးပေးမယ်။ ပြီးရင်... ခင်ဗျား ညိုကြီးအိပ်ခဲ့တဲ့ နေရာကိုသွား ပြီး 'ညိုကြီး မင်းလွှတ်ပြီ လာလာ'ဆို ပြီး ခေါ်လာခဲ့။ ထောင်ဘူးဝရောက်မှ ရဲတပ်ကြပ်ကို အကျိုးအကြောင်းပြော ပြပြီး လွှတ်လက်မှတ်ကို အပ်လိုက် ပါ။ ဒါဆိုရင် အားလုံး အဆင်ပြေသွား လိမ့်မယ် ထင်ပါရဲ့ဗျာ"

"ဟုတ်ကဲ့ အဲဒီအစီအစဉ်အတိုင်း ကျွန်တော်လုပ်ပါ့မယ်"

နောက်တစ်နေ့ ညနေပိုင်းတွင် ရဲတပ်ကြပ်ရောက်လာကာ ကျွန်ုပ်အား တအံ့တသြ သတင်းပို့သည်။

"မနက်က ဆရာတို့မှာထားတဲ့ အတိုင်း 'ညိုကြီး...လာလာ'ဆိုပြီး ခေါ်သွားတာ ရဲစခန်းရောက်တော့မှ 'ညိုကြီး မင်းလွှတ်ပြီ သွားလိုရာသွား တော့'လို့ ပြောလိုက်တယ်။ အဲဒီအချိန် မှာ ကျွန်တော့လက်မှာ ကိုင်ထားတဲ့ သူ့ထောင်လွှတ်လက်မှတ် မျက်စိရှေ့မှာ တင် ဖျတ်ခနဲ ပျောက်သွားတယ်။ ကျွန် တော်ဖြင့် ခေါင်းနားပန်းကြီးပြီး ကြက် သီးတဖြန်းဖြန်းတောင် ထသွားမိသေး တယ်ဆရာ"

ထိုနေ့မှစ၍ ခိုးဆိုးနှိုက် ထောင် လွှတ်လက်မှတ် ပျောက်သံ မကြားရ တော့ချေ။ ထောင်ကျဆောင်၌လည်း ဖြိုးဖြိုးရည်ရည်ရော၊ မည်းမည်းတုတ် တုတ်ပါ မည်သို့သော တစ္ဆေသရဲကိုမျှ အကျဉ်းသားများ မမြင်ရတော့ပါချေ။

ထောင်ပုံစံ(၆၆) ထောင်လွှတ် လက်မှတ် လက်ဝယ်ပိုင်ပိုင် ရရှိသွား သော ညိုကြီးအဖို့မှာလည်း တွယ်ရာမဲ့ ဘဝမှ ကောင်းရာမွန်ရာ သုဂတိဘုံတစ် ခုခုဆီသို့ ရောက်သွားခဲ့ပြီဟု ယူဆရ မည် ဖြစ်ပါတော့သတည်း။

**ပီတာမြင့်ဦး**

www.burmeseclassic.com

www.burmeseclassic.com

# အရောင်းသွက်စေဖို့ အရောင်းထွက်စေဖို့

❑ သုတေသီဆရာငြိမ်း

ခုတလော မောင်ဝင်းကိုခမျာ အလုပ်အကိုင် သိပ်ဖြစ်ပုံမရ။

ဘာလုပ်လုပ်၊ ဘာကိုင်ကိုင် အပေါက်အလမ်း မတည့်။ နေ့စဉ် အိမ်သုံးစရိတ်ပင်လျှင် လုံလောက်အောင် မပေးနိုင်တော့ သူ့အိမ်သူကြောစိက သိပ်မကြည်မလင်။ ဒါလည်း အပြစ်ဟူ၍တော့ မဆိုသာ။ အိမ်အတွက် စားရေး၊ သောက်ရေး၊ လျှော်ရေးဖွပ်ရေး၊ ရေခ၊ မီတာခတို့အတွက် မကြာစိကပင် အစစအရာရာ သူ့ဟာနှင့်သူ ထောင့်စေ့ဖို့ ဗျာများနေရသည် မဟုတ်ပါလား။ သည့်အတွက် ဈေးဆိုင်မှ ဆိုင်သိမ်းပြီး ပြန်လာပြီဆိုလျှင် သူငယ်ချင်းအပေါင်းအသင်းတွေထံမှ ချေးတန်ချေး၊ ငှားတန်တာငှား လုပ်ရသည်။

သူက ဒလမြို့နယ်ရှိ စည်ပင်သာယာဈေးတွင် အိုးတွေကို ရောင်းသည်။ တွံတေးမှ လက်ကားဈေးဖြင့် ဝယ်ယူသိုလှောင်ထားသော အိုးတွေက အမျိုးအစားစုံလင်သည်။ ရာဝင်အိုးမှအစ၊ သောက်ရေအိုးအလယ်၊ ရေအင်တုံအဆုံး အိုးနှင့်ပတ်သက်သည့်ပစ္စည်းတွေက စုံလင်သည်။ ယခင့်ယခင်နှစ်တွေကဆိုလျှင် သည်လိုရာသီမျိုးတွေမှာ အိုးကျွေး ၁ လက်မလည်အောင် အရောင်းအဝယ်သွက်သည်။ အရောင်းအဝယ်သွက်တော့ ငွေက ရွှင်သည်။ ဝင်ငွေက ရွှင်တော့ အိမ်သူမကြာစိက ကြည်လင်သည်။ ခုတော့ သည်လိုမျိုး မဟုတ်ပေပြီကော။

သည့်အတွက် တစ်ညနေခင်း၌ မောင်ဝင်းကိုတစ်ယောက် မရောက်စဖူး အရောက်ထူးကာ ကျွန်ုပ်ခေတ္တမာတ်ကျရာ ယမင်းအိမ်ရာအဆောက်အအုံသို့ ရောက်ချလာခဲ့သည်။ သူ့ဦးလေးတစ်ယောက်နှင့် ကျွန်ုပ်မှာ ခင်မင်ရင်းနှီးသူတွေ ဖြစ်၍ ၎င်းနှင့်လည်း လေးငါးကြိမ်မက ဆုံဖြစ်တော့ မျက်နှာကမစိမ်း။ ခုလည်း သူ့ဦးလေး ကိုသာဂေါင်က ကျွန်ုပ်ထံ မဖြစ်မနေ သွားရောက်ကာ အကြံဉာဏ်များ တောင်းခံရယူပါဟု စကားအဆိုရှိသဖြင့် ၎င်းလည်း သဘော်တို့၊ ဖောင်တို့ မဟုတ်တောင်မှ ကောက်ရိုးလေးတစ်မျှင်အဖြစ် အားကိုးအားထားပြုရန် ရောက်ရှိလာခဲ့ခြင်း ဖြစ်လေ၏။ မည်သို့ဆိုစေ ကျွန်ုပ်လေ့လာထားရှိသော အင်္ဂဝိဇ္ဇာပညာဖြင့် ကူညီရန်ဆုံးဖြတ်လိုက်လေ ၏။

“မောင်ဝင်းကိုရဲ့ နာမည်ကို နေ့သင့်နံသင့်မှည့်ထားတာ မဟုတ်လား”

“ဟုတ်ပါတယ် ဆရာငြိမ်း။ နေ့သင့်နံသင့် မှည့်းထားတာပါ။ ကျွန်တော်က ဗုဒ္ဓဟူးသား”

“ဟုတ်ပါပြီကွယ်”

ယခုကိစ္စ၌ ကျွန်ုပ်သည် ၎င်း၏ နေ့နံဖြင့် အရောင်းအဝယ်ပွင့်လန်းသည့် နည်းကိုမသုံးဘဲ ရောင်းချမည့်ပစ္စည်း၏ နေ့နံကို မဏ္ဍိုင်ပြုကာ စတုရန်းအညွန့်ထိုးသည့်နည်းကို အသုံးချရန် ဆုံးဖြတ်လိုက်လေသည်။ မောင်ဝင်းကို ရောင်းချသည့်ပစ္စည်းက အိုးဖြစ်၏။ ‘အိုး’၏နံမှာ တနင်္ဂနွေနံဖြစ်၏။ တနင်္ဂနွေနံမှ စတင်ရေတွက်သော်

www.burmeseclassic.com

ဗုဒ္ဓဟူးနံသည် 'စတုရန်း'ကျလေ၏။ ဗုဒ္ဓဟူးနံနှင့်ပတ်သက်သည့် အညွန့်များကို ရုတ်ချည်းစဉ်းစားလိုက်လေသောအခါ ရဲယိုညွန့်၊ ဝါးညွန့်၊ ရွှေပန်းညွန့်၊ ရွက်လှညွန့် စသည်တို့ကို သတိရလိုက်မိ၏။ ထိုအခါ ထိုအညွန့်များထဲမှ အလွယ်တကူ မည်သည့်အညွန့်များ ရနိုင်သည်ကို မေးမြန်းလိုက်မိချေ၏။

"အလွယ်တကူရနိုင်တာ ဝါးညွန့်ရှိတယ် ဆရာငြိမ်း"

"အေး . . . ဒါဆိုလည်း ဖြစ်ပါတယ် မောင်ဝင်းကို"

အဲဒီ ဝါးညွန့်ရရင် ဘယ်လိုလုပ်ရမလဲ ဆရာငြိမ်း"

"လုပ်ရမှာက . . . ဝါးညွန့်ကို မောင်ဝင်းကိုရဲ့ ရောင်းမထွက်တဲ့ အရောင်းအ,နေတဲ့ အိုးတွေအောက် ထိုးထည့်ထားပေးဖို့ပါပဲ။ အဲသလို ထိုးထားပေးမယ်ဆိုရင် မကြာခင်မှာပဲ မြန်မြန်ဆန်ဆန် အရောင်းသွက်၊ အရောင်းထွက်သွားပါလိမ့်မယ်။ ယုံယုံကြည်ကြည်နဲ့သာ လုပ်ကိုင်ကြည့်ပါ။ အကျိုးထူးပါလိမ့်မယ် မောင်ဝင်းကို"

"ဟုတ်ပြီ ဆရာငြိမ်း။ ကျွန်တော် ခုပဲ ဆိုင်ကိုပြန်ပြီး ဆရာငြိမ်းပြောတဲ့ အတိုင်းလုပ်မယ်"

"ကောင်းပါပြီကွယ်"

သို့ဖြင့် မောင်ဝင်းကိုခမျာ လာစဉ်တုန်းကနှင့်မတူဘဲ ပေါ့ပါးသွက်လက်စွာဖြင့် ပြန်ထွက်သွားလေတော့၏။ ထိုအခါဝယ် ကျွန်ုပ်လည်း လုပ်လက်စအလုပ်များကို ပြန်လုပ်ရလေတော့၏။

နောက် သုံးရက်မြောက်လောက်မှာ ဖြစ်သည်။ ကျွန်ုပ်ရေနွေးကြမ်းတစ်အိုးဖြင့် အေးအေးလူလူ စာတစ်အုပ်ကို ဖတ်နေစဉ် မောင်ဝင်းကိုတစ်ယောက် ဘုံဘိုင်ခေါင်းပါသော ရေအိုးတစ်လုံးကို သယ်မကာ ကျွန်ုပ်ထံ ရောက်လာခဲ့လေ၏။ လာရင်းကိစ္စကား ကျွန်ုပ်ပေးလိုက်သည့် နည်းနာဖြင့် ယုံကြည်စွာလုပ်ကိုင်ခဲ့ရာ . . . လက်မလည်အောင် ရောင်းချရသည့် အကြောင်း၊ ငွေဝင်သဖြင့် အကြွေးများလည်း အကုန်အစင် ဆပ်နိုင်ခဲ့ကာ အိမ်သူ မကြာစီ အပြုံးပန်းဆင်နိုင်လောက်အောင် အိမ်စရိတ်ငွေ ပြည့်ပြည့်ဝဝ ပေးနိုင်ခဲ့ပြီဆိုသည့် အကြောင်း။ သည့်အတွက် အထူး စပါယ်ရှယ် အော်ဒါမှာထားသည့် သောက်ရေအိုးကို လက်ဆောင်လာ ပေးခြင်းဖြစ်ကြောင်း ရွှန်းရွှန်းဝေ စကားတွေ ဖောင်ဖွဲ့ပြီးနောက် ပြန် သွားလေတော့၏။

ဤသို့ ကျွန်ုပ်လည်း မောင်ဝင်းကိုကဲ့သို့ အရောင်းအဝယ်သမားများ မိမိတို့ကုန်ပစ္စည်း အရောင်းထိုင်းနေပါက အရောင်းထွက်၊ အရောင်းသွက် စေမည့် စတုရန်းအညွန့်ကလေး ထိုး သည့်နည်းဖြင့် ဖြေရှင်းနိုင်ရန် တစ် ဖက်ပါ ဇယားကလေးကို စာရှုတ် လွှတ်တစ်ရွက်၌ ရေးချွတ်လိုက်မိပါ သတည်း။

| နေ့နံ | ရောင်းအားသွက်လိုသည့် ပစ္စည်း | ပစ္စည်းအောက်၌ ထိုးရမည့် စတုရန်းအညွန့် |
|---|---|---|
| တနင်္ဂနွေ | အိုး၊ အုတ်ခဲ၊ အိမ်၊ ဥ | ဝါးညွန့်၊ ရဲယိုညွန့်၊ ရွှေပန်းညွန့်၊ ရွက်လှညွန့် |
| တနင်္လာ | ကြက်၊ ခဲ၊ ငွေ၊ ကား | ပိန်းညွန့်၊ ပဲညွန့်၊ ပေါက်ညွန့် |
| အင်္ဂါ | စက်၊ ဆား၊ ဆေး၊ ဆီ၊ ဆန်၊ စိန် | သီးညွန့် |
| ဗုဒ္ဓဟူး | ရွှေ၊ လှည်း၊ လှေ၊ ဝက်၊ ရေ | ထန်းညွန့်၊ ဒန်းညွန့်၊ ထိန်ညွန့် |
| ကြာသပတေး | မျက်မှန်၊ ပတ္တမြား၊ မြ၊ ပဲ၊ မြင်း၊ မြေ | အုန်းညွန့် |
| သောကြာ | ဟင်း၊ သစ်၊ သွပ်၊ သံ | ကံ့ကော်ညွန့် |
| စနေ | နွား၊ ဓား၊ ထီး | ဆီးညွန့် |

■ သုတေသီဆရာငြိမ်း



www.burmeseclassic.com

www.burmeseclassic.com

# လောကချမ်းသာ ထာဝရ အလှူတော်ငွေပဒေသာပင်
# သားစဉ်မြေးဆက် ဆက်လက်ရှင်သန်နေမည့် အလှူတော်

အသက်အရွယ် အို၊ နာ၊ သေ ဘေးမှ မလွတ်ကင်းနိုင်သော လူသားများဖြစ်၍ **ရောက်လေရာရာ** အရပ်ရှိဘုရားများတွင် ငွေပဒေသာပင် စိုက်ထူလှူဒါန်းမှုမျိုးသည် ဗုဒ္ဓဘာသာဝင်များအတွက် ဒါန မျိုးစေ့ အပင်စိုက်ပျိုးခြင်းဖြစ်ပါသည်။ ထိုအလှူသည် သားစဉ်မြေးဆက် ဆက်လက် ရှင်သန်နေမည့် အလှူတော်ဖြစ်၍ ငွေပဒေသာပင် စိုက်ထူလှူဒါန်းခြင်းပင်ဖြစ်ပါသည်။

ထိုကဲ့သို့ ငွေပဒေသာပင် စိုက်ထူခြင်းဖြင့် မြတ်စွာဘုရားရှင်၏ သာသနာတော်မြတ်ကြီး အဓွန့် ရှည်အောင်ဆောင်ရွက်နိုင်ပြီး၊ ငွေပဒေသာပင်မှရရှိသော အသီးအပွင့်တို့သည် စေတီဘုရားများအား ပြုပြင်ထိန်းသိမ်းစောင့်ရှောက်မှုအတွက် ပူပန်မှုများ ကင်းဝေးသကဲ့သို့ လှူဒါန်းသူများအတွက်လည်း တူညီသောအကျိုးတရား ခံစားရရှိနိုင်ပါသည်။ ဘုရားဖူးလာရောက်သူများအတွက်လည်း လှူရိုးလှူစဉ် အလှူဒါနမျိုးများအနက် ထူးကဲသော ဒါနတစ်မျိုးဖြစ်ပြီး နောက်တစ်ကြိမ်ဘုရားဖူးလာရောက်ပါက မိမိတို့လှူဒါန်းမှုကိုအမှတ်ရစေ၍ ကုသိုလ်တရား အကျိုးကျေးဇူးများလည်းရနိုင်သဖြင့် ၎င်းအကျိုးကို ရည်ရွယ်ကာ . . . မင်းဓမ္မကုန်းတော်ပေါ်တွင် တည်ထားသော လောကချမ်းသာ အဘယ လာဘမုနိ ရုပ်ပွားတော်မြတ်ကြီး၊ ကျောက်တော်ကြီးဘုရား ဂေါပကအဖွဲ့မှလည်း ထို ငွေပဒေသာပင်များကို တစ်ပင်လျှင် ကျပ်တစ်သောင်းဖြင့် စိုက်ထူလှူဒါန်းနိုင်ရန် စီစဉ်ထားရှိပြီးဖြစ်ပါသဖြင့် ဘုရားဖူးလာ သူတော်စင်အပေါင်းလည်း မိမိတို့၏ အလှူဒါနကို သားစဉ်မြေးဆက် ဆက်လက်ရှင်သန်နေမည့် အလှူတော်အဖြစ် ပါဝင်လှူဒါန်းနိုင်ကြောင်း နှိုးဆော်အပ်ပါသည်။

ဂေါပကအဖွဲ့ဝင်များဖြစ်သည့် . . .

ဦးညွန့်မောင် + ဒေါ်လှမြိုင်မိသားစု၊ ဦးကြည်လှမိသားစု၊ ဦးစိန်လှိုင် + ဒေါ်အေးမြင့်မိသားစု၊ ဦးသိန်းဝင်း + ဒေါ်အေးအေးမြင့်မိသားစု၊ ဦးမောင်မောင်မြင့်အေး + ဒေါက်တာစောယုနွယ် မိသားစု၊ ဦးခင်မောင်ဆက် မိသားစုတို့မှလည်း တစ်ဦးလျှင် ငွေပဒေသာပင် (၁၀)ပင်အတွက် လှူဒါန်းငွေကျပ် တစ်သိန်းစီဖြင့် စတင်လှူဒါန်းခဲ့ပါသည်။

၎င်းငွေများကို မြန်မာ့စီးပွားရေးဘဏ် အင်းစိန်တွင် စာရင်းအမှတ် (SP 044561)ဖြင့် စာရင်း ဖွင့်လှစ်အပ်နှံထားပြီး၊ ငွေပဒေသာပင်များမှရရှိသော အသီးအပွင့်များဖြင့်သာ ဘုရားကြီးကိုပြုပြင် ထိန်းသိမ်း စောင့်ရှောက်မည်ဖြစ်ပါသည်။

**ဂေါပကအဖွဲ့ရုံး ◆ ဖုန်း - ၆၄၄၈၆၀၊ ၆၄၄၈၅၈၊ ၆၄၄၈၅၇**

**ဂေါပကအဖွဲ့**

www.burmeseclassic.com

www.burmeseclassic.com



# မော်စက်ရောင် ဝိဇ္ဇာမြင့် နှင့် တွေ့ဆုံခြင်း

မောင်မောင်မြင့်အေး

www.burmeseclassic.com

www.burmeseclassic.com

# မော်စကိုရောင် ဝိဇ္ဇာမြင့်

## နှင့်

# တွေ့ဆုံခြင်း

**မောင်မောင်မြင့်အေး**

ကျွန်ုပ်သည် နံနက် ၅ နာရီထိုးသည်နှင့် အိပ်ရာက နိုးလေ့ရှိလေ၏။ အိပ်ရာကနိုးသည်နှင့် ကိုယ်လက်သုတ်သင်ခြင်း အပေါ့အပါးသွားခြင်း အမှုကိစ္စတို့ ပြီးသည်နှင့် ဘုရားခန်းသို့ ဝင်လေ၏။ ဘုရားခန်းအတွင်း၌ ကျွန်ုပ်တို့မိသားစု ကိုးကွယ်ထားသော အေးချမ်းပြည့်စေ လာဘ်မိုးရွာ ရုပ်ပွားတော်ကြီးအား မျက်နှာတော်သစ်ခြင်း၊ ရှင်သီဝလိရုပ်ပွားတော်ကြီးအား မျက်နှာတော်သစ်ခြင်းများ ဆောင်ရွက်ရ၏။ ထိုကဲ့သို့ ဆောင်ရွက်ပြီးသည်နှင့် ဆီမီးတစ်တိုင်ဆီ ပူဇော်ပြီး ထိုရုပ်ပွားတော်ကြီးနှင့် ဘုရားခန်းတွင်းရှိ ပုံတော်များကို ခေါင်းမြီးယပ်ဖြင့် အအေးဓာတ် ပူဇော်ခြင်းကို ဆောင်ရွက်ရပြန်၏။

ထို့နောက် သောက်တော်ရေများ ထဲလှယ်ခြင်း၊ ယာဂုဆွမ်းများ ကပ်လှူခြင်းများပြု၍ မင်္ဂလသုတ်၊ မောရသုတ်၊ မေတ္တာသုတ်များ ရွတ်ဆိုပြီး ၃၁ ဘုံသားများအား အမျှပေးဝေရ၏။

ထို့နောက် နံနက် ၇ နာရီထိုးသည်နှင့် ကျွန်ုပ်တို့မိသားစုလည်း ဘုရင့်နောင်ပွဲရုံတန်းရှိ လက်ဖက်ရည်ဆိုင်များသို့ သွားရောက်ကြ၏။

ဘုရင့်နောင်ပွဲရုံတန်းရှိ စိတ်တိုင်းကျလက်ဖက်ရည်ဆိုင်၊ အိုင်တီလက်ဖက်ရည်ဆိုင်၊ သပြေရိပ်လက်ဖက်ရည်ဆိုင်တို့တွင် တစ်လှည့်စီ စားသောက်ကြပြန်၏။ ထို့နောက် ဘုရားပန်းဝယ်ခြင်း၊ အိမ်အတွက် လိုအပ်သော တိုလီမိုလီလေးများ ဝယ်ခြမ်းပြီးနောက် အိမ်သို့ ပြန်လာကြ၏။ ဤကဲ့သို့ လုပ်ဆောင်မှုသည် ကျွန်ုပ်၏ နိစ္စဓူဝ လုပ်ဆောင်မှုဖြစ်ပြီး နံနက် ၉ နာရီတွင် အေးချမ်းပြည့်စေ လာဘ်မိုးရွာ ရုပ်ပွားတော်ကြီးအား နေ့ဆွမ်းကပ်လှူပြီးနောက် အလုပ်ခန်းရှိရာ (၃၃)လမ်းသို့ လာခဲ့ရပြန်၏။

အလုပ်ခန်းရောက်သည်နှင့် စားပွဲပေါ်တွင် ပုံထားသော အလုပ်များကို ခေါင်းမဖော်တမ်းလုပ်ရခြင်း၊ ဧည့်သည်များအား စကားပြောရခြင်းများ လုပ်ရပြန်၏။

ထိုကဲ့သို့ အလုပ်လုပ်နေစဉ် စာမှုများကို ဖတ်ရှုရန် ကြည့်ရှုလိုက်ရာ အဝါရောင် ပန်းဖလက်လေးတစ်ခုကို တွေ့လိုက်ရ၏။ ၎င်းပန်းဖလက်လေးမှာ ၁၉၆၅ ခုနှစ်နောက်ပိုင်း စင်ထရယ် အ-ထ-က(၁) လသာ ကျောင်းသားဟောင်းများ၏ ၁၃ ကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲ ဖိတ်ကြားစာပင် ဖြစ်နေတော့၏။

ကျွန်ုပ်သည် ထိုဖိတ်စာလေးကို ဖတ်ကြည့်ရင်းနှင့် ကျွန်ုပ်နေခဲ့သော အ-ထ-က(၁) လသာကျောင်းကြီးသည်လည်း ကျွန်ုပ်သင်ခဲ့သော အတန်းများ၊ အခန်းများ၊ မုန့်စားရုံများ၊ စက်မှုလက်မှုခန်း၊ သိပ္ပံခန်း၊ စာဖတ်ခန်း၊ ဘုရားခန်းစသည်တို့သည်လည်းကောင်း ကျွန်ုပ်နှင့် လွန်စွာရင်းနှီးခဲ့သော ဦးဟန်ကြူ၊ ဦးစောမောင်၊ ဦးစိန်ဝင်း၊ ဦးမောင်မောင်ညွန့်၊ ဦးစံမြ၊ ဦးတင်ဝင်း၊ ဦးရန်နိုင်၊ ဦးကောင်း၊ ဦးထွန်းအောင်၊ ဦးလှအောင်(စက်မှု)၊ ဦးထွန်းရွှေ(စက်မှု)၊ ဦးစောဟာကီမိုး၊ ဒေါ်ခင်ခင်စု၊ ဒေါ်ခင်မြမြ၊ ဒေါ်ထားရီ၊ ဒေါ်မြမြ၊ ဒေါ်လှတင်၊ ဒေါ်တင်မြိုင်မြိုင်၊



www.burmeseclassic.com

www.burmeseclassic.com

ဒေါ်စိန်စိန်၊ ဒေါ်စွိရင်၊ ဒေါ်ကြည်ကြည်သန်း၊ ဒေါ်အုံးကြည်၊ ဒေါ်သန်းသန်းမြင့်၊ ဒေါ်ဖြူဖြူ၊ ဒေါ်ကေသီနိုင်၊ ဒေါ်တင်တင်နွယ်၊ ဒေါ်ခင်နှင်းအေး၊ ဒေါ်မြတ်မြတ်မူ၊ ဒေါ်ကြူကြူလှိုင်၊ ဒေါ်တင်တင်ထွန်း၊ ဒေါ်ခင်သွယ်သွယ်၊ ဒေါ်ထားထား၊ ဒေါ်မြတ်မွန်၊ ဦးလွန်ပေါလ်၊ ဦးချစ်လှိုင်၊ ဦးစိန်ဝင်းတို့အား တရေးရေး မြင်လာတော့၏။

ထို့အတူ ထိုကျောင်းကြီးမှထွက်ပြီးနောက် စာပုံနှိပ်စက်တွင် အလုပ်လုပ်ရပုံတို့ကိုပါ တရေးရေး မြင်လာပြန်၏။

ကျွန်ုပ်သည် ထိုကဲ့သို့ တွေးနေစဉ်ပင် ဦးပြန်တော့ မယ်ဟုဆိုကာ ကြူကြူ၊ သီသီ၊ နီလာ၊ မိချို၊ ထွေးထွေး၊ မအေး၊ ဇာနည်မော်တို့၏ အသံတို့ကို ကြားရတော့မှ နာရီကို ဖျတ်ခနဲ ကြည့်လိုက်ရာ ၄ နာရီထိုးနေပြီကို တွေ့လိုက်ရလေတော့၏။

ကျွန်ုပ်လည်း ဖတ်လက်စ စာမူများကို ဖတ်နေမိလေ၏။ အတန်ကြာသောအခါ ကျွန်ုပ်၏ ရှေ့တည့်တည့် ကုလားထိုင်တွင် လူတစ်ယောက် လာရောက်ထိုင်လိုက်သည်ကို ရိပ်ခနဲ တွေ့လိုက်ရ၏။ ကျွန်ုပ်လည်း ခေါင်းကို ဆတ်ခနဲမော့ကြည့်လိုက်ရာ ကျောင်းနေဖက်သူငယ်ချင်းဖြစ်သူ ကိုထွန်းလင်းဖြစ်နေ၏။ ကိုထွန်းလင်းသည် သူ့ခေါင်းပေါ်တွင်ဆောင်းထားသော လျှာထိုးဦးထုပ်အနွမ်းလေးကို ချွတ်လိုက်၏။ နဂိုကတည်းက ပြူးနေသောမျက်လုံးကို ထပ်မံပြီးပြူးလိုက်၏။ ထို့နောက် ပါးစပ်ကိုဖြဲပြီး ရယ်မောစွာဖြင့်…

"ကိုမြင့်အေး ခင်ဗျား ဝိဇ္ဇာမြင့်ကို သိသလား"

ဟု ရုတ်တရက် မေးလိုက်၏။ ကျွန်ုပ်လည်း တစ်ချက် စဉ်းစားဟန်ပြုပြီးမှ…

"ဝိဇ္ဇာမြင့်ဆိုတာတော့ မသိဘူး။ မင်းတို့ငါတို့ ကျောင်းသားအရွယ်တုန်းက ရွှေတိဂုံဘုရားပေါ်မှာ တွေ့ခဲ့တဲ့ လူကြီးတစ်ယောက်တော့ ရှိတယ်"

ဟု ပြောလိုက်ရာ ကိုထွန်းလင်းက…

"ခင်ဗျားနဲ့တွေ့ဖူးတဲ့လူအကြောင်း ပြောပြပါလား။ ဟုတ်ချင် ဟုတ်နေမယ်"

ဟု ပြန်ပြောလိုက်၏။ ကျွန်ုပ်က

"ကြာပြီပဲကွာ။ အဲဒီတုန်းက ငါတို့ ကျောင်းမတက်ချင်လို့ ရွှေတိဂုံဘုရားပေါ်မှာထိုင်ရင်း တနင်္ဂနွေထောင့် ခေါင်းလောင်းကြီးနားမှာ တွေ့တွေ့နေတာပဲ။ အံမယ်…သူက ကုတ်အင်္ကျီအဖြူနဲ့၊ ဘောင်းဘီအဖြူနဲ့၊ နက်ကတိုင်နဲ့ အင်္ကျီအဝတ်အစားကလည်း ဘယ်တော့မှ မနွမ်းဘူး။ ဆံပင်ကလည်း မည်းပြောင်နေတာ။ စကားပြောရင် ကောလိပ်ဂျင်နေဝင်းပုံစံမျိုးနဲ့ မဟုတ်လား"

ဟု ပြောလိုက်လျှင် ကိုထွန်းလင်းက…

"ခင်ဗျား တော်တော်မှတ်မိတာပဲ။ ခင်ဗျားပြောတဲ့ အချက်မျိုးတွေပါတဲ့ အကြောင်းကို ရေးထားတဲ့ စာမူကြီးတစ်ထုပ်ပဲ ကျွန်တော့်ဆီမှာ ရှိနေတယ်။ အဲဒါ ခင်ဗျားနဲ့ဆို ကိုက်မယ်"

ဟု ပြောလိုက်ရာ ကျွန်ုပ်က…

"အဲဒီလူကြီးက ထူးတော့ ထူး

မိန်းကလေးသုံးယောက်ကျတော့
ဖဲလုံချည် အစိမ်းနုလေးတွေနဲ့၊
ပိုးအင်္ကျီအစိမ်းနု
လက်ရှည်လေးတွေနဲ့ ငါ့မျက်စိထဲ
အခုထိ မြင်မိတယ်။
သူတို့ကျတော့ သူတို့ဝတ်ထားတဲ့
လက်ကောက်တွေချွတ်ပြီး
ရှိရှိသေသေနဲ့
ပေးနေတာလည်း တွေ့ရတယ်။

ဆန်းတယ်ကွ။ တစ်နေ့ ငါလည်း ကျောင်းမတက်ချင်တာနဲ့ ရွှေတိဂုံကုန်းတော်ပေါ် ရောက်သွားတယ်။ ထုံးစံအတိုင်းပေါ့ကွာ ငါက တနင်္ဂနွေထောင့်က ခေါင်းလောင်းကြီးနားမှာထိုင်တယ်။ ငါ့လွယ်အိတ်ထဲမှာပါတဲ့ ဝတ္ထုစာအုပ်ကို တိုင်မှာမှီပြီး ဇိမ်နဲ့ဖတ်နေတာ။ အဲဒီအချိန်က မိုးကလေးကလည်း တဖွဲဖွဲနဲ့ ဘုရားပေါ်မှာ လူကလည်း ရှင်းတယ်ကွ။ အမှန်က တနင်္ဂနွေထောင့်မှာ ငါက အမြဲထိုင်တာ တခြားမဟုတ်ဘူး။ အဲဒီနေရာကနေ ရွှေတိဂုံစေတီကြီးကို ထီးတော်ကနေ ဖိနပ်တော်အထိ ဖူးလို့ရတယ်။ နောက်တစ်ချက်က အရှေ့မုခ်က တက်လာတဲ့လူတွေ၊ အနောက်ဘက်က တက်လာတဲ့လူတွေကို အဝေးက လှမ်းမြင်နေရတယ်။ အဲဒါကြောင့် ငါက အမြဲထိုင်တာ။ အဲဒီနေ့ကတော့ကွာ အဲဒီတန်စောင်းမှာ ငါတစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com

တည်းထိုင်ပြီး စာဖတ်နေတုန်း မိုးလေး တဖွဲဖွဲကလည်းရွာ၊ ငါထိုင်နေတဲ့နေရာကို မိုးပက်တာနဲ့ ခေါင်းလောင်းကြီးနားက တန်ဆောင်းဘက် ပြောင်းထိုင်လိုက်တယ်။ အဲဒီတန်ဆောင်းရှေ့က ဘိုးဘိုးအောင် ဆုတောင်းပြည့်တန်ဆောင်းထဲကို လူသုံးယောက် ဝင်လာတယ်။ တစ်ယောက်က အသားဖြူဖြူ၊ အရပ်မြင့်မြင့်နဲ့ ကုတ်အင်္ကျီအဖြူ၊ ဘောင်းဘီအဖြူ၊ နက်တိုင်က မီးခိုးရောင်နဲ့ အဲဒီလူကို ကုလားလို အသားမည်းတူးနေတဲ့လူက ထီးမိုးပေးထားတယ်။ တရုတ်လိုမျက်နှာနဲ့ အသားဝါဖန့်ဖန့်လူက သေတ္တာအပြားလေးတစ်လုံး ကိုင်ထားတယ်။ ငါ သေသေချာချာကြည့်လိုက်တော့ အဲဒီလူကြီးဟာ တော်တော်ကြည့်ကောင်းတယ်ကွာ။ ကုတ်အင်္ကျီအဖြူနဲ့၊ ဘောင်းဘီအဖြူဟာ မဝတ်တတ်ရင် တော်တော်ဆိုးတာကွ။ အဲဒီတုန်းက ရထားတီစီတွေ ဝတ်ဝတ်နေတာကွာ။ အချို့ဆို စိတ်ပျက်စရာကောင်းတာ။ ဒီလူကျတော့ ဒီလိုမဟုတ်ဘူးကွ . .။ အတော်ကိုကြည့်ကောင်းတာ။ အဲဒီသုံးယောက်ထဲမှာ သူက ဆရာနဲ့တူပါတယ်ကွာ။ ကုလားလိုလူက သူထိုင်ဖို့နေရာလေးကို ပြင်ပေးတယ်။ ကော်ဇောခင်းပေးတာကွ။ အဲဒါ သူက ရွှေတိဂုံစေတီကြီးကို လက်အုပ်ချီပြီး အသံနေအသံထားနဲ့ ရှိခိုးတော့တာပဲကွာ။ အဲဒါ မိနစ် ၃၀ လောက်ကြာတယ်။ အံ့မယ် ကျန်နှစ်ယောက်ကလည်း ပုတီးတွေ သုတ်စိပ်နေတာ ငါလည်း ကြည့်ကောင်းကောင်းနဲ့ ကြည့်နေလိုက်တာ"

**ခင်ဗျားက ထူးဆန်းတာတွေ**
**တော်တော်တွေ့တာပဲ။**
**ဒါတွေက ဘုမ္မိတွေနေမှာ။**
**အဲဒါ အဲဒီအကြောင်းမျိုး**
**တွေကို လူတစ်ယောက်က**
**ဝတ္ထုလိုရေးထားတာ**
**ကျွန်တော်ဖတ်ကြည့်တော**

ဟု ကျွန်ုပ်က ပြောရင်း အနားတွင်ရှိသော ရေခွက်ကို ကောက်သောက်လိုက်၏။ ကိုထွန်းလင်းလည်း

"ခင်ဗျားက ဆုံခဲ့တာပဲ၊ ပြောပါဦးဒါပဲလား"

ဟု ဆက်ခိုင်း၏။ ကျွန်ုပ်ကလည်း

"ဘယ်ပြီးဦးမလဲ။ အဲဒီလိုနဲ့ ငါလည်း ငါ့စာအုပ်ဖတ်ပြီးနေတာ သူတို့ဘက်ကြည့်လိုက်တော့ သူတို့နောက်မှာ လူတွေရောက်နေပြီ။ အချို့က သူတို့ပါလာတဲ့ လက်ကိုင်ပဝါလေးတွေနဲ့ ယပ်ခပ်ပေးနေတယ်။ အချို့ကျတော့ ပုဆစ်တုပ်ထိုင်နေတာ မိန်းကလေးတွေချည်းပဲ။ အသက်ကြီးကြီး၊ အသက်ငယ်ငယ်တွေနဲ့။ ငါလည်း ကြည့်နေလိုက်တယ်။ နောက်တော့ကွာ သူက ဘုရားရှိခိုးပြီးတော့ အမှုလည်းဝေရော နောက်က မိန်းကလေးတွေက သာဓု သာဓု သာဓုလို့ အကျယ်ကြီးခေါ်ကြတာပဲ။ နောက်တော့ သူလည်း အဲဒီ ပရိသတ်ဘက် လှည့်လိုက်ရော အချို့ကျတော့ သူ့ကို ရှိခိုးတယ်။ နောက်ပြီး သူ့ရှေ့က သေတ္တာပေါ်ကို ငွေစက္ကူတွေ ချပေးတယ်။ မိန်းကလေး သုံးယောက်ကျတော့ ဖဲလုံချည် အစိမ်းနုလေးတွေနဲ့ ပိုးအင်္ကျီအစိမ်းနု လက်ရှည်လေးတွေနဲ့ ငါ့မျက်စိထဲ အခုထိ မြင်မိတယ်။ သူတို့ကျတော့ သူတို့ဝတ်ထားတဲ့ လက်ကောက်တွေချွတ်ပြီး ရိုရိုသေသေနဲ့ ပေးနေတာလည်း တွေ့ရတယ်။ ငါလည်း ကြည့်ကောင်းကောင်းနဲ့ ကြည့်နေတာ ထူးခြားတာက အဲဒီမိန်းကလေးတွေဟာ မရယ်မပြုံးနဲ့ စကားလည်း မပြောကြဘူး။ နောက်တော့ သူတို့ဟာ သူတို့ထွက်သွားရော"

ဟု ပြောလိုက်ရာ ကိုထွန်းလင်းက တဟဲဟဲရယ်ရင်း...

"ခင်ဗျားက ထူးဆန်းတာတွေ တော်တော်တွေ့တာပဲ။ ဒါတွေက ဘုမ္မိတွေနေမှာ။ အဲဒါ အဲဒီအကြောင်းမျိုးတွေကို လူတစ်ယောက်က ဝတ္ထုလိုရေးထားတာ ကျွန်တော်ဖတ်ကြည့်တော့ တော်တော်ကောင်းတယ်ဗျ"

ဟု သူက ပြော၏။ ကျွန်ုပ်က

"ဒါဆို ဒီလူကို စာမူခ ပေးရမှာပေါ့ ဖတ်ကြည့်ရဦးမယ်လေ"

ဟု ကျွန်ုပ်က ပြောလိုက်လျှင် ကိုထွန်းလင်းက တဟဲဟဲရယ်ရင်း...

"ခင်ဗျားပေးရင်တော့ ကျွန်တော့်ပဲ ပေးရမှာပဲ။ အဲဒီလူက ကျွန်တော့်မိန်းမရဲ့ ဘကြီးဗျ။ အရင်တုန်းက ရန်ကုန်သတင်းစာတိုက်မှာ စာပြင်ဆရာ လုပ်တာ။ အခုတော့ သေပြီ။ အဲဒါ ကျွန်တော့်မိန်းမလည်း သူနေတဲ့



www.burmeseclassic.com

www.burmeseclassic.com

တောင်ဒဂုံကို သွားတော့ သူတို့အိမ်က စာအုပ်အဟောင်းတွေကို ကုလားကို ရောင်းနေတဲ့အထဲက ထူးထူးခြားခြား စက္ကူထုပ်ကြီးတွေ့တော့ ဈေးထုပ်ရင် ကောင်းမယ်ဆိုပြီး ယူလာတာ။ အဲဒါ ကျွန်တော်က ဖတ်ကြည့်လို့သိတော့ ခင်ဗျားနဲ့ကိုက်မှာပဲ။ ဒါပေမယ့် အချို့ စာရွက်တွေကတော့ ဆွေးနေပြီ။ ဖတ်မရတော့ဘူး။ အဲဒါ ခင်ဗျားယူမယ်ဆို ယူလာခဲ့မယ်"

ဟု ပြောလိုက်ရာ ကျွန်ုပ်လည်း ကျွန်ုပ်နှင့် ဘုရားပေါ်တွင် တွေ့ခဲ့ရသော လူတစ်ဦးဖြစ်သည့်အပြင် ဖတ်ကြည့်ရင်တော့ စိတ်ဝင်စားစရာ ကောင်းမှာပဲဟု ယူဆပြီး ယူခဲ့ရန် ပြောလိုက်၏။ ထိုအခါ ကိုထွန်းလင်းက . . .

"ဒါနဲ့ အဲဒီနေ့က သူတို့က ပြန်သွားရောလား"

ဟု ဆက်မေးရာ ကျွန်ုပ်က . . .

"အေး . . . အဲဒါ ငါပြောမလို့၊ ငါနဲ့သူနဲ့က သိပ်မဝေးဘူးကွ။ အခု မင်းထိုင်တဲ့နေရာနဲ့ ငါအခုထိုင်နေတဲ့ နေရာသာသာလောက်ပဲ ဝေးတာ။ မင်း မျက်စိထဲမြင်ကြည့်ကွာ။ ခေါင်းလောင်းကြီးဘေးမှာ အခု ပြည်တော်ပြန်ဘုရား တန်ဆောင်းပြီးရင် ဘိုးဘိုးအောင် ဆုတောင်းပြည့်ဘုရားရှိတဲ့ တန်ဆောင်း။ အဲဒီနောက်မှာ ရှင်အဋ္ဌဂေါဏ တန်ဆောင်း။ ငါက သူတို့ကို မြင်နေရတာက ပထမ ငါက ခေါင်းလောင်းကြီးနားမှာ စာဖတ်နေတာ။ မိုးက တဖွဲဖွဲနဲ့ လေတိုက်တော့ ခေါင်းလောင်းကြီးဘက်မှာ ရေတွေစိုနေတော့ ငါက ဘီလပ်ပြန်

ဘုရားရှိတဲ့ တန်ဆောင်းကို ပြောင်းတာကွ။ အခု ဂဝံနဲ့ထုထားတဲ့ ဘုရားတွေ ရှိတယ်။ အဲဒီနေရာကဆို ဟိုဘက်ကို လှမ်းမြင်တွေ့ရတာ။ အဲဒါ သူက ငါ့ကို လက်ယပ်ခေါ်တော့ ငါက သွားလိုက်တယ်။ အဲဒီမှာ သူက မင်းကျောင်းသားလားလို့ မေးတယ်။ ငါက ဟုတ်တယ်လို့ပြောတော့ စာကျက်ကွာ၊ မင်း စာမေးပွဲအောင်အောင်လုပ်။ ရော့ . . ဒါလေးယူထားဆိုပြီး ငါ့ကို လက်ဝါးဖြန့်ခိုင်းလိုက်ပြီး သူက ဆုပ်ထားတဲ့ သူ့ရဲ့လက်ကို ငါ့လက်ဝါးပေါ် ဖွင့်ချလိုက်တော့ အင်းပြားလေးတစ်ချပ် တွေ့ရတယ်။ သူက 'စတုလာဘံ လေး ထောင့်ရံ စဓဗဝ အလယ်ချ၊ မဌေ အတွင်း နံကိုသွင်း။ အစကြိုးကြာ မြင်းသွားခါ မှန်စွာကွက်နင်း၊ လာဘ်ရခြင်း' ဆိုပြီး ရွတ်ပေးတယ်။ နောက်ပြီး ငါ့ကို မင်းနားလည်အောင် ပြောပြရရင် အဲဒါ လေးဆောင်ထား လာဘ်ရတယ်။ မင်းမှာ စာအုပ်ပါရင်လိုက်ကူး ငါရွတ်ပြမယ်ဆိုပြီး ထပ်ရွတ်ပြတယ်။ ငါလည်း ဘာရယ်မဟုတ်ပါဘူး လိုက်ကူးလိုက်တာပဲ အစကြိုးကြာ ၁၆ ခါနှင့် ဟသ်ာ ၉ ဖြစ်၊ ၆ ဖြစ်ကားခို၊ ကျေးညို ၃ ခါ၊ သံသာကြူးဟိတ် ကရဝိက် ၅၊ ၄ ကား သာလိကာ၊ စမရီ ၁၅၊ မျောက်ကား ၁၀၊ ဆင်ဝယ် ၁၁၊ နွားဖြစ် ၁၄၊ ဓေကေသိန္ဓဝ၊ ကျွဲအဋ္ဌနှင့် သံမြသံညောင်း ဥဒေါင်း ၂ ခါ၊ သာလိကာ ၇၊ အွာဒသ ကြက်၊ ဝက် ၁၃ ခေါ် သုံးမြွက်ဖော် အဖြစ်တော်တည်း ဆိုပြီး ရွတ်တော့ ငါလည်း ကူးထားလိုက်တာပေါ့ကွာ။

နောက်တော့ နားလည်တဲ့အချိန်ကျတော့ အဲဒါ မြတ်စွာဘုရားရဲ့ ဖြစ်တော်စဉ်တွေပဲ။ သူပေးတဲ့ အင်းလေးတော့ အခုထိ ဆောင်ထားသေးတယ်။ မင်း ကြည့်ချင်ရင် ဒီမှာ"

ဆိုပြီး ကျွန်ုပ်လည်း သူ့ကို ထုတ်ပြလိုက်ရာ ကိုထွန်းလင်းက . . .

"ခင်ဗျား ဒီဥစ္စာက ကြေးမှ မဟုတ်ဘဲ"

ဟု ပြောရာ . . .

ကျွန်ုပ်က -

"ကြေးမဟုတ်ရင် ရွှေဖြစ်နေဦးမယ်"

ဟု ပြောလိုက်ရာ ၎င်းက -

"ရွှေတော့ရွှေပဲ။ အဂ္ဂိရတ်ရွှေ ဖြစ်လိမ့်မယ်။ ဒါဆိုရင် ခင်ဗျားထူးတာပဲ။ ကျွန်တော်လည်း စာမူထုပ်ကြီး ယူလာခဲ့မယ်"

ဟုပြောပြီး ထွက်ခွာသွားလေတော့သတည်း။

| | | | | |
|---|---|---|---|---|
| စ | ၁၆ | ဂ | ၁၅ | တု |
| ၁ | ၄ | စိ | ၉ | ၂ |
| ၁၃ | ဝ | နံ | ဓ | ၁၀ |
| ၅ | ၁၄ | ဗ | ၇ | ၆ |
| လာ | ၁၂ | ၃ | ၁၁ | ဘံ |

ဘုရားပေါ်ကလူကြီး ပေးခဲ့သော အင်းကွက်ကလေး

**မောင်မောင်မြင့်အေး**



www.burmeseclassic.com

www.burmeseclassic.com

# ဘယ်မှာနေဖို့ သင့်မလဲ

✤ ထင်ကျော်သောင်း

ကျွန်ုပ်သည် ဗေဒင်ဆရာ မဟုတ်သလို၊ လက္ခဏာဆရာလည်း မဟုတ်ပါ။

သို့ပါသော်ငြား ကျွန်ုပ်သည် ဗေဒင်ပညာရပ်၊ လက္ခဏာပညာရပ်တို့ကို စိတ်ဝင်စားသူတစ်ဦး ဖြစ်ပါသည်။ သို့အတွက်ကြောင့်လည်း မိမိထက် ထဲထဲဝင်ဝင်ရှိကာ လက်တွေ့အသုံးချလျက်ရှိကြသော ဗေဒင်ဆရာ၊ လက္ခဏာဆရာများနှင့် ဆုံစည်းရလေတိုင်း ကျွမ်းဝင်ရင်းနှီးအောင်ပြု၍ လေ့လာတတ်စမြဲ ဖြစ်ပါသည်။ ထို့ပြင်တစ်ဝ ဆရာ့ဆရာအပေါင်းတို့ ရေးသားပြုစုခဲ့ကြသည့် ဗေဒင်ပညာရပ်ဆိုင်ရာ၊ လက္ခဏာပညာရပ်ဆိုင်ရာ စာပေကျမ်းဂန်တို့ကို ဖတ်ရှုလေ့လာမြဲလည်း ဖြစ်ပါသည်။

ထိုရောအခါဝယ် ကျွန်ုပ်၏လေ့လာမှုအား၊ ဆည်းပူးမှုအားကို ရိပ်စားမိကြကုန်သော မိတ်ဆွေသင်္ဂဟအချို့တ ၎င်းတို့ ရင်ဆိုင်ကြုံတွေ့ကြရသော အခက်အခဲများနှင့်ပတ်သက်၍ အကူအညီတောင်းခံတတ်ကြပါသည်။ ထိုအခါ ကျွန်ုပ်လည်း မနေသာတော့ဘဲ မိမိစွမ်းနိုင်သရွေ့၊ စွမ်းတတ်သရွေ့ အကူအညီပေးတတ်စမြဲ ဖြစ်လေရာ ကိစ္စတစ်ခုခု အောင်မြင်သွားလေတိုင်း ဂုဏ်သတင်းမွှေးသကဲ့သို့ အားရသည်ကို မရှိတော့ပါ။ တစ်ယောက်စလိုက်သော သတင်းစကား၏ ပြန့်ကားမှုအတွက် ကျွန်ုပ်မှာ အလုပ်များရပါတော့၏။

ယခုလည်း လာပြန်ပါချေပြီ။

သူကား ကျွန်ုပ်၏မိတ်ဆွေကြီးကိုတင်ယု၏ သားကြီးဩရသ ဖြစ်၏။ ၎င်း၏နာမည်ကား သာဂေါင်ကြီးဟူသတည်း။ ၎င်းကား ပညာရှာရမည့်အရွယ်တွင် ပညာမရှာဘဲ ကြင်ရာရှာခဲ့သဖြင့် ဖခင်ဖြစ်သူ ကိုတင်ယုခမျာ နဖူးပြောင်လောက်အောင် ခေါင်းစားရပါလေတော့၏။

"ဦးရယ် . . . ကျွန်တော်လည်း ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်ရဲတယ်ဆိုပြီး မိန်းမဆိုးလာခဲ့တာပါ။ မိဘတွေကိုလည်း ဒုက္ခမပေးချင်တော့ပါဘူး။ ကျွန်တော့်အတွက် အဖေနဲ့အမေတို့ စိတ်ဆင်းရဲရမယ်ဆိုတာ သေချာပါတယ်။ ဒါကြောင့် ဘယ်အလုပ်ကိုမဆို ဇွဲရှေးမနေတော့ဘဲ လုပ်ပါတယ်။ ကိုင်ပါတယ်။ ဒါပေတယ်လို့ ဘာမှ စုမိဆောင်းမိလောက်အောင် အခြေအနေမပေးဘူး။ ဧကန္တဒီအရပ် ဒီဒေသဟာ ကျွန်တော့်အတွက် သိပ်အကျိုးပေးမသန်ဘူးလို့ ထင်တယ် ဦး"

"နေပါဦး၊ မင်း လက်ရှိနေတာက . . ."

"တောင်ဥက္ကလာပမှာလေ ဦးရဲ့"

"မင်းက ဘာနေ့သားလဲ"

"သာဂေါင်ဆိုတော့ သောကြာသားပေါ့ ဦးရေ"

"အေး . . . ဟုတ်သကွ။ ဗြနံမှာရိုးရာ အင်္ဂဝိဇ္ဇာဗေဒင်ပညာအလိုအရ မင်းအတွက် လက်ရှိနေရာဟာ အကျိုးပေးသန်မယ့်နေရာမျိုး မဟုတ်ဘူး"

"ဒီတော့ ကျွန်တော်ဘယ်လိုလုပ်ရမလဲ ဦး။ သူများသားသမီးကိုယူထားတယ်ဆိုတော့ ကိုယ့်လက်ထက်မှာ တင့်တောင်းတင့်တယ် ဖြစ်စေချင်တယ် ဦးရယ်။ ကျွန်တော်အပင်ပန်းခံနိုင်ပါတယ်"

"ကောင်းတယ် မောင်သာဂေါင်။ မင့်စိတ်ဓာတ်ကိုတော့ ဦးကြိုက်သွားပြီ။ မင့်အနေနဲ့တော့ တခြားစီပဲ။ မင့်အဖေဟာ မင့်အမေ မတင်နွဲ့ကို



www.burmeseclassic.com

www.burmeseclassic.com

ယူပြီးကတည်းက မရှိသေးစကား မိန်းမထဘီနား ခိုစားလာခဲ့တာ။ မင်း အနေနဲ့ လက်ရှိနေရာဟာ တကယ့် တကယ်ကျ ကိုယ်လုပ်တဲ့လုပ်ငန်းတစ် ခုအောင်မြင်ဖို့ ကောင်းစားဖို့ ကြီးပွား ဖို့အတွက် သိပ်ပြီး အထာမကျလှဘူး။ ဒီတော့ ကိုယ့်မွေးနံရဲ့ ပဥ္စပွတ်ကို စတု ရန်းအုပ်တဲ့မြို့ရွာ၊ ရပ်ကွက်၊ လမ်းမှာ နေပြီး စီးပွားရှာရမယ်"

"ဒါဆို ကျွန်တော် ဘယ်လိုလုပ် ရမလဲဟင်။ မိန်းမရဲ့ဇာတိဖြစ်တဲ့ 'ဇီး ကုန်း'ကို ပြန်လိုက်သွားပြီး အဲဒီမှာ လုပ်ငန်းတစ်ခုခု လုပ်ရရင် ကောင်း မလားမသိဘူး"

"ဘာ . . . မင်းမိန်းမနေတာ ဇီးကုန်း၊ ဟုတ်လား"

"ဟုတ်တယ်လေ ဦးရဲ့။ ဇီးကုန်း မှ ဇီးကုန်းအစစ်"

"ဟာ . . . ဟန်ကျလိုက်လေ ကွယ်။ ဒီတော့ ဘာမှစိတ်ကူးမလွဲနဲ့ မောင်သာဂေါင်ရေ။ ခုချိန်ကစပြီး လုပ်သလောက်အရာမထင်တဲ့၊ အကျိုး မပေးတဲ့ တောင်ဥက္ကလာပကိုစွန့်ပြီး မင့်မိန်းမရဲ့ဇာတိ ဇီးကုန်းကိုပြန်လိုက် သွားပေတော့။ သောကြာသားဖြစ်တဲ့ မင်းအတွက် ပဥ္စပွတ်ကို စတုရန်းအုပ် ထားတဲ့ ဇီးကုန်းဟာ မင့်ဘဝအတွက် အထွတ်အထိပ်ရောက်စရာ အကျိုး ပေးမယ့် ဘူမိနက်သန် နေရာမှန်ပဲ မောင်သာဂေါင်ရယ်"

"ကျေးဇူးပါပဲ ဦးရယ်။ ကျွန် တော် ဦးရဲ့စကားကို နားထောင်ပြီး မကြာခင်မှာပဲ မိန်းမဇာတိ ဇီးကုန်းကို ပြန်လိုက်သွားပါတော့မယ်"

သို့ကလို ရည်ရည်မွန်မွန် ရိုရို သေသေ ကျိုးကျိုးနွံနွံ ပြောဆိုဆက်ဆံ ပြီးနောက် မောင်သာဂေါင်လည်း ကျွန်ုပ်ထံမှ ပြန်သွားခဲ့လေ၏။ သည် လိုနှင့် ရက်တွေ၊ သီတင်းပတ်တွေ တော်တော်များများ ကုန်သွားခဲ့လေ ရာ ကျွန်ုပ်လည်း မောင်သာဂေါင်၏ ကိစ္စအတွက် ဘာဆိုဘာမျှ သတိမရ တော့။ သို့ပါသော်ငြား တစ်နေ့သ၌ ကျွန်ုပ်ထံသို့ မိတ်ဆွေကြီး ကိုတင်ယု နှင့် မတင်နွဲ့တို့ ဇနီးမောင်နှံသည် ချိန်း ဆိုမထားပါဘဲ ရောက်ရှိလာလေ၏။

"အကြောင်းက အထွေအထူး တော့ မဟုတ်ပါဘူး။ ဆရာငြိမ်းရယ်။ ကျွန်တော့်သား သာဂေါင်ကြီးတစ် ယောက် သူ့မိန်းမဇာတိ ဇီးကုန်းမှာ တော်တော်လေး အဆင်ပြေနေတယ် ဆိုတာ အကြောင်းကြားလာလို့ပါ။ အဲဒီမှာ ဆရာငြိမ်းကိုလည်း ကျေးဇူး တင်တဲ့အကြောင်း ပြောပေးပါဆိုလို့ လာခဲ့တာပါ။ သူတို့ သီတင်းကျွတ် လောက် လာခဲ့ကြမယ်ဆိုပဲ"

"အေးဗျာ။ ဒီလိုမျိုး သတင်း စကားကြားရတာ မင်္ဂလာပါပဲ"

ကျွန်ုပ်ကား မိမိလေ့လာဆည်း ပူးနေသည့် ပညာရပ်ဖြင့် သူတစ်ထူး ၏ အခက်အခဲကို ကူညီလိုက်ရသည့် အတွက် ပီတိကြီးစွာ ဖြစ်ရပါ၏။ သို့ အတွက်ကြောင့်ပင် ပျော်ရာမှာ မနေ သင့်ဘဲ တော်ရာမှာ နေသင့်သည့် အကြောင်း နှိုးဆော်တိုက်တွန်းရင်း ခုနစ်နေ့ ခုနစ်နံသားတို့အဖို့ မိမိတို့ ကြံစည်လုပ်ကိုင်သမျှ အရာရောက်ကြ စေရန် ရွေးချယ်နေထိုင်သင့်သည့် အရပ်တို့အား တစ်ဖက်ပါအတိုင်း ဖော်ပြလိုက်ပါသတည်း။

| နေ့သား | နေထိုင်သင့်သော (ပဥ္စပွတ်ကို စတုရန်းအုပ်ထားသည့်) အရပ်ဒေသများ |
|---|---|
| တနင်္ဂနွေ | ပင်းယ၊ မန္တလေး၊ မိတ္ထီလာ၊ ပုလော၊ မင်းလှ၊ မုပွလင်၊ မလှိုင်၊ ဘီးလင်း၊ ဘိုကလေး၊ ပင်းတယ၊ ပင်လုံ၊ ပြည်လို့၊ |
| တနင်္လာ | ဟိုပန်၊ ဟိုပုန်း၊ သီပေါ၊ သာပေါင်း၊ သနပ်ပင်။ |
| အင်္ဂါ | တောင်သာ။ |
| ဗုဒ္ဓဟူး | အုတ်တွင်း၊ အင်းတော်၊ အထောင်။ |
| ကြာသပတေး | ချောင်းဦး၊ ခင်ဦး။ |
| သောကြာ | ဇင်းကျိုက်၊ ဇီးကုန်း၊ ဆင်ဖြူကျွန်း၊ စစ်ကွင်း၊ စစ်ကိုင်း၊ စကု။ |
| စနေ | ဝါခီမ၊ ရွှေညောင်၊ ရပ်စောက်။ |

■ ထင်ကျော်အောင်



www.burmeseclassic.com

www.burmeseclassic.com








www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# ဆန်းပြားထွတ်ခေါင် ထိုလက်ဆောင်

မနသဃကျော်ဝင်း(အမျိုးသားစာပေဆုရ)

"လေးအတွက် အဖိုးအတန်ဆုံး လက်ဆောင် ပါလာသည်။ ဧပြီလ ၇ ရက်နေ့ လေဆိပ်မှာ ဆက်ဆက်ကြိုပါ"

မောင်

မင်္ဂလာဒုံလေဆိပ်အရောက်၌ လေးသည် မောင့်ထံမှ သံကြိုးစာလေးကို ထပ်လောင်းဖတ်ကြည့်ပြန်၏။ ၁၉၇၀ ပြည့်နှစ် ကာလဝန်းကျင်ဖြစ်ရာ ထိုစဉ်က လက်ကိုင်ဖုန်းများ မပေါ်သေး။ ကြိုးဖုန်းဆက်ရသည်ပင် အဆင်မပြေ။ ကြေးနန်း (ခေါ်) သံကြိုးရိုက်ခြင်းကိုသာ အားကိုးနေရချိန်ဖြစ်၏။

"အင်း…ငါ့အတွက် အဖိုးအတန်ဆုံးလက်ဆောင် ပါလာတယ် ဆိုပါလား။ နာဂတောင်တန်းဘက်က ဘယ်လိုပစ္စည်းမျိုး ယူလာပါလိမ့်"တွေးရင်းပိုပြီး သိချင်လာသည်။ ကျိုးကြောင်းအပြည့်အစုံကို စာဖြင့် မရေးခဲ့ရလေကောင်းလား ဟူ၍လည်း မောင့်ကို ပြစ်တင်စိတ်စောမိ၏။ "တန်တော့ ခန္တီးဘက်က ကျောက်စိမ်းအရိုင်းတုံးတွေကို မှောင်ခိုပြီး ယူလာပြီထင်တယ်" သည်လို တွေးမိပြန်တော့လည်း စိုးရိမ်စိတ်ကြောင့် လေးတစ်ယောက် ရင်ဖိုရပြန်၏။ ဥပဒေနှင့်မလွတ်ကင်းသော ပစ္စည်းတွေကို ယူလာလျှင်တော့ မောင့်အဖို့ဒုက္ခလှလှကြီးတွေ့နိုင်သည် မဟုတ်ပါလော။ သို့ရာတွင် လေးသည် မောင့်အကျင့်စာရိတ္တနှင့် ခံယူချက် တည်ကြည်ဖြောင့်မတ်သော မောင့်သဘောထားတို့အကြောင်း သိရှိနားလည်ထားသူဖြစ်၏။ ထို့ကြောင့်လည်း သည်လိုဥပဒေနှင့် မလွတ်ကင်းသည့် ပစ္စည်းမျိုးတွေကို မောင် ဘယ်သောအခါမှ ယူဆောင်လာလိမ့်မည်မဟုတ်ဟု တွေးတောမိရင်း စောစောက စိုးရိမ်လှုပ်ရှားခဲ့ရသည့်စိတ်ကို ဖျောက်လျက် တည်ငြိမ်စေလိုက်၏။ မကြာမီ ဆိုက်ရောက်လာတော့မည်ဖြစ်သော မောင်စီးနင်းလိုက်ပါလာသည့် လေယာဉ်ပျံကြီးကို စောင့်မျှော်ရင်း မောင့်အကြောင်းတွေကို တသီတတန်းကြီး တွေးနေလိုက်မိ၏။

× × ×

လေးသည် မောင်နှင့် အိမ်ထောင်ကျခဲ့သည်မှာ ငါးနှစ်ကျော်ခဲ့လေပြီ။ မောင်သည် တိုင်းရင်းသားလူမျိုးများ ယဉ်ကျေးမှုသုတေသနဌာနခွဲမှ အရာရှိတစ်ဦးဖြစ်၏။ အဆိုပါဌာနသို့ အလုပ်ဝင်ခါစတွင် မည်သည့်ဒေသသို့ ကွင်းဆင်းသုတေသနပြုလိုကြောင်း မောင့်ကို ဌာနမှူးကြီးက မေးမြန်း ဆန္ဒယူခဲ့သည်။ "နာဂတောင်တန်းဒေသသို့ သွားလိုပါသည်"ဟူသော မောင့်အဖြေစကားများကို ကြားရသည့်အခါ၌ ဌာနကြီးမှူးခမျာ မျက်လုံးပြူးသွားရရှာ၏။ ထို့နောက် အဓိပ္ပာယ်ပါပါပြုံးရင်း မောင့်ကိုကြည့်သည်။ "ဟုတ်မှလည်းလုပ်ပါကိုယ့်လူရာ"ဟူသော အဓိပ္ပာယ်ဆောင်နေသည့် အပြုံးကို မောင်က ကောင်းကောင်းကြီး နားလည်လိုက်သည်။ ထို့ကြောင့်လည်း မခံမရပ်နိုင်ဖြစ်သွားမိရာက -

"ကျွန်တော်တို့တိုင်းပြည်မှာ နာဂတိုင်းရင်းသားတွေဟာ ယဉ်ကျေးမှုဖွံ့ဖြိုးရေး နောက်အကျဆုံး ဖြစ်နေရတယ်။ ဒီကိစ္စအတွက် ကျွန်တော်တို့တစ်တွေမှာလည်း တာဝန်မကင်းဘူးလို့ ထင်ပါတယ်။ အဲဒီတော့ ကျွန်တော် စိတ်အဝင်စားဆုံးဖြစ်တဲ့ နာဂတောင်တန်းဒေသကိုသာ ကွင်းဆင်းသုတေသနပြုခွင့်ပေးပါခင်ဗျာ"

ဟု အေးအေးဆေးဆေး တည်တည်ငြိမ်ငြိမ် တင်ပြလိုက်၏။ ဌာနကြီးမှူးမှာလည်း သဘောသကာယ ပြည့်ဝသူဖြစ်သည့်အလျောက် စိတ်ထက်သန်နေသည့် မောင့်ဆန္ဒအတိုင်း လိုက်



www.burmeseclassic.com

www.burmeseclassic.com

လျော့စီစဉ်ပေးခဲ့သည်။ အိမ်ပြန်ရောက်၍ နာဂတောင်တန်းဒေသသို့ ခရီးထွက်ရမည့် အစီအစဉ်အကြောင်း ပြောပြသောအခါ လေးခမျာ အထူးပင် စိုးရိမ်မိရှာ၏။

"ဒီလောက် ခေါင်သီတဲ့နေရာကို ခရီးထွက်ဖို့ ဘာလို့များ ရွေးလိုက်ရတာလဲ မောင်ရယ်။ အဲဒီနာဂလူမျိုးတွေက လူကို ခေါင်းဖြတ်ပြီး ယဇ်ပူဇော်တတ်ကြတယ်ဆို"

"တိုင်းရင်းသားလူမျိုးတွေနဲ့ ပတ်သက်လို့ လေးဟာ အနှစ်သုံးဆယ်လောက် နောက်ကျကျန်ခဲ့သလို ဖြစ်နေပြီ။ လေးထင်သလို နာဂတွေဟာ မရက်စက်ပါဘူးကွယ်။ သူတို့တစ်တွေဟာ တို့ရဲ့ ညီအစ်ကိုလူမျိုးစုတွေပဲဥစ္စာ။ သူတို့ကို စိတ်နာကြည်းအောင် မလုပ်သမျှတော့ သူတို့က ဘာအန္တရာယ်မှ ပြုမှာမဟုတ်ပါဘူး လေးရယ်"

မောင်က ယတိပြတ် ဆုံးဖြတ်ထားပြီးဖြစ်၍ လေးအဖို့ ဆက်ပြီး စောဒကမတက်နိုင်ရှာတော့ချေ။

နာဂတောင်တန်းဒေသသို့ မောင်ပထမဦးဆုံးအကြိမ် ကွင်းဆင်းခရီးထွက်ရန် ပြင်ဆင်သည့်အခါ ပစ္စည်းနှင့် ဝန်စည်စလယ်တွေက များလွန်းလှ၏။ ဝက်သားခြောက်၊ ဆိတ်သားခြောက်၊ ဝက်အူချောင်း၊ ဆား စသည့် စားနပ်ရိက္ခာများ၊ အအေးမိနာစေး ဆေးပြားမှအစ တက်ထရာဆိုက်ကလင်း အဆုံး ပရုပ်ဆီ၊ တေဇောဘမ်းပါမကျန် ဆေးဝါးပစ္စည်းများ ပလပ်စတစ်ရောင်စုံပုတီးနှင့် ကလေးကစားစရာအရုပ်ကလေးများစသည်ဖြင့် စုံပဲစုံလွန်းလှတော့သည်။

အဆိုပါ ပထမနှစ် ခရီးစဉ်၌ မောင်သည် နာဂတောင်တန်းတွင် တစ်လကျော် ကြာလေသည်။ မောင်မရှိခိုက် လေးအဖို့ ရန်ကုန်တွင် ကျန်ရစ်ခဲ့ရသည်မှာ ပျင်းရိငြီးငွေ့ဖွယ်ရာကောင်းလွန်းလှတော့သည်။ သားသမီးရတနာ မထွန်းကားခဲ့သည်ဖြစ်၍လည်း လေးအဖို့ မောင့်ဓာတ်ပုံကိုသာ ကြည့်ရင်း အလွမ်းဖြေခဲ့ရ၏။ ပထမအကြိမ် ခရီးစဉ်မှ ပြန်လာသောအခါ၌ မောင်နှင့်အတူ မောင့်ကိုယ်ပေါ်တွင် ဆင်မြန်းထားသည့် အဝတ်အစားများမှလွဲ၍ ဘာပစ္စည်းမှ ပြန်ပါမလာခဲ့ချေ။ တောင်ပေါ်မှ နာဂသွေးချင်းတို့အား ခွဲဝေပေးထားခဲ့ပြီဟူ၍သာ သိလိုက်ရ၏။

"နာဂတောင်တန်းမှာ လမ်းပန်းဆက်သွယ်ရေးက သိပ်ခဲယဉ်းနေသေးတော့ ပစ္စည်းတွေရှားပါးတယ် လေးရေ။ ဒါကြောင့် မောင်တတ်နိုင်သလောက် ကူညီထောက်ပံ့ခဲ့ရတာပဲ"

မောင့်အတွေ့အကြုံတွေကို လေးအဖို့ အားပါးတရ နားထောင်ရပါ၏။ သည်တော့လည်း ယူဆောင်သွားသမျှ ပစ္စည်းတွေအားလုံးကို နာဂသွေးချင်းတို့အား ခွဲဝေပေးခဲ့ရကောင်းလား ဟူ၍ အပြစ်မတင်ရက်တော့ပါ။

ဒုတိယအကြိမ်မြောက် သုတေသနခရီးတွင် မောင်သည် ပို၍များသော ပစ္စည်းတွေကို ယူဆောင်သွားပြန်၏။ သည်တစ်ကြိမ်တွင်လည်း ပါသွားသမျှ ပစ္စည်းတွေ ကုန်ခဲ့ရပြန်၏။ မောင့်ထံမှ ပို၍စိတ်ဝင်စားဖွယ်ရာ အတွေ့အကြုံတွေအကြောင်း၊ နာဂတို့၏ ဓလေ့ထုံးစံနှင့် ရိုးရာယဉ်ကျေးမှု အကြောင်းတွေကိုသာ နားထောင်ရင်း လေးအဖို့ ကျေနပ်ရပြန်၏။

"ညည်းယောကျ်ား ခရီးထွက်တာကလည်း ဒီကယူသွားသမျှတွေ ကုန်တာချည်းပါပဲလား။ သန်းခင်ရဲ့ယောကျ်ားဘဒင်တို့များ ယိုးဒယားနယ်စပ်ဘက် တစ်ခေါက်လောက် တက်သွားလိုက်ရင် ပါလာလိုက်တဲ့ မှောင်ခိုပစ္စည်းတွေ။ အိမ်အောက်ထပ်က လှဦးဆိုရင်လည်း အိန္ဒိယနယ်စပ်ဘက်က ပြန်လာတိုင်း အချိုကြီးပွပြီး ထောနေတာ ညည်းအမြင်ပဲလေ။ ညည်းယောကျ်ားကိုလည်း အဲဒီလို အကျိုးအမြတ်ရမယ့် နေရာဘက်တွေကို ခရီးထွက်ရအောင် ကြိုးစားခိုင်းပါလား"

သမက်၏ဖြစ်အင်ကို မကြည့်ရက်နိုင်တော့သဖြင့် လေး၏မေမေက လေးအား အကြံပေးတိုက်တွန်းလိုက်ခြင်း ဖြစ်၏။

"မတိုက်တွန်းဝံ့ပါဘူး မေမေရယ်။ မောင့်အကြောင်းလည်း မေမေသိရက်သားနဲ့"

"အေးလေ၊ ညည်းယောကျ်ားက လူ့ခွစာကြီးဆိုတော့ ပြောရခက်သားပဲ"

လေး၏မေမေသည် စိတ်ပျက်စွာဖြင့် လက်လျှော့လိုက်ရရှာသည်။

တတိယအကြိမ်၊ သို့မဟုတ် နောက်ဆုံးအကြိမ်အဖြစ် နာဂတောင်တန်းသို့ မောင်ကွင်းဆင်းခရီးထွက်ခါနီးတွင် လေးအဖို့ အတွေးတစ်ခု ဝင်ခဲ့၏။ မောင်သည် ခရီးထွက်သည့်အခါ



www.burmeseclassic.com

www.burmeseclassic.com

တိုင်း မိမိအတွက် မည်သည့်လက်ဆောင်ပစ္စည်းမျိုးကိုမျှ မယူလာခဲ့ဖူးချေ။ ယခုအကြိမ်သည် နောက်ဆုံးအကြိမ်အဖြစ် နာဂတောင်တန်းသို့ သွားရမည်ဖြစ်ရာ လက်ဆောင်ပစ္စည်း တစ်ခုလောက်တော့ ယူဆောင်လာသင့်သည်ဟု လေးထင်မိ၏။ ထို့ကြောင့်လည်း မောင်ရုံးမှအပြန်တွင် ဆီးကြိုရင်း ပြောမည်ဟု လေးစောင့်မျှော်နေမိ၏။

"နာဂတောင်တန်းဒေသကို သွားရမှာ မောင့်အတွက် ဒီတစ်ခါ နောက်ဆုံးအခေါက်ပဲနော်။ ဒီတစ်ခါတော့ ရှားပါးတဲ့ အဖိုးတန်လက်ဆောင်ပစ္စည်း တစ်ခုခုကို လေးအတွက် ယူလာပေးခဲ့ပါလို့ မှာလိုက်ပါရစေ"

ရုံးမှ ပြန်ရောက်ရောက်ချင်း လေးထံမှ ထူးထူးဆန်းဆန်းစကားကို ကြားလိုက်ရသဖြင့် မောင်သည် ပထမတော့ အံ့အားသင့်သွား၏။ နောက်တော့ . . . တဖြည်းဖြည်းချင်း ပြုံးလာကာ -

"စိတ်ချပါလေးရယ်။ မောင့်ဇနီးချောလေးအတွက် နာဂတောင်တန်းက အဖိုးအတန်ဆုံး လက်ဆောင်တစ်ခုခုကို ဒီတစ်ခေါက် ယူလာခဲ့ပေးပါ့မယ်လို့ မောင် လေးလေးနက်နက် ကတိပေးပါတယ်ဗျား"

× × ×

တစီစီနှင့် အသံမြည်ဟီးပြီး ဝေဟင်မှ မြေပြင်ဆီသို့ တစ်ရှိန်ထိုး သက်ဆင်းလာသော လေယာဉ်ပျံကြီးကို တွေ့မြင်လိုက်ရသည့်အခါတွင်မှ အတွေးရေယာဉ်ကြော၌ မျောပါနေသူ လေးတစ်ယောက် အသက်ဝင်လှုပ်ရှားလာရတော့၏။

"ဟော . . . မောင်တို့စီးလာတဲ့ လေယာဉ်ပျံကြီးတောင် ဆိုက်နေပြီ။ မောင်နဲ့တွေ့ရတော့မယ်။ မောင်ယူလာမယ့် အဖိုးအတန်ဆုံး လက်ဆောင်လည်း ရတော့မယ်။ ပျော်လိုက်တာ"

လေးသည် ချက်ချင်းပင် မြီးကောင်ပေါက်အရွယ်တစ်ယောက်လို ပြောင်းလဲခံစားရင်း ပျော်ရွှင်နေမိ၏။

လေယာဉ်တံခါးပွင့်သွားပြီး ခရီးသည်များ ဆင်းလာကြလေပြီ။ အဝေးမှ စောင့်ကြိုနေရသောလေးသည် ခရီးသည်များထဲတွင် မောင့်ကို ရှာဖွေနေမိ၏။ သို့သော် မတွေ့ရ။

"ဟော . . . ကိုသိန်းတန်တောင် ဆင်းလာပြီ"

ကင်မရာလွယ်လျက် ဆင်းလာသူ မောင်တို့ဌာနမှ ဓာတ်ပုံဆရာ ကိုသိန်းတန်ကို လေး တွေ့မြင်လိုက်ရသည်။ သို့ရာတွင် မောင့်ကိုတော့ အရိပ်အရောင်မျှပင် မမြင်ရသေးချေ။ လေယာဉ်ခရီးသည်များ အားလုံးလိုလိုပင် လေဆိပ်အဆောက်အအုံထဲသို့ ဝင်လာကြလေပြီ။ မောင်ကား မပေါ်လာသေးပါ။

"အို . . . မမတစ်ယောက်တည်း လေဆိပ်မှာ လာကြိုနေတာလား"

"ဟုတ်တယ် . . . ကိုသိန်းတန်။ မေမေကတော့ နေမကောင်းလို့ အိမ်မှာပဲ နေရစ်ခဲ့တယ်။ ဒါထက် မောင်ရော ဒီလေယာဉ်နဲ့ ပါမလာဘူးလားဟင်"

မျက်နှာမသာမယာဖြင့် မေးလိုက်သော လေးကိုကြည့်ရင်း ကိုသိန်းတန်က အဓိပ္ပာယ်ပါပါ ပြုံးလိုက်သည်။

"ဆရာ ပါလာပါတယ် မမ။ သူ မိတ်ဆွေ ပိုင်းလော့တစ်ယောက်နဲ့ လေယာဉ်ပျံပေါ်မှာ စကားပြောပြီး ကျန်ရစ်ခဲ့တယ်။ မကြာခင် ဆင်းလာမှာပါ။ မမအတွက် ဆရာ အဖိုးအတန်ဆုံး လက်ဆောင်ကြီးတစ်ခု ယူလာခဲ့တယ်ခင်ဗျ။ ကျွန်တော်တော့ သွားနှင့်တော့မယ်"

"လာပြန်ပြီ . . . အဖိုးတန်လက်ဆောင်"

လေးသည် ကလေးမြီးတိုချင်သလို ဖြစ်လာမိသောကြောင့် နှုတ်ခမ်းစူပစ်လိုက်မိ၏။

ဟော . . . မောင်ဆင်းလာလေပြီ။ မောင့်ရင်ခွင်ထဲတွင် အထုပ်ငယ်တစ်ထုပ်ကို ပိုက်ချီထားသည်။ မောင်ငြည် လေဆိပ်အဆောက်အအုံဆီသို့ ခပ်သုတ်သုတ် လျှောက်လာနေသည်။ အတော်ကြီး နီးကပ်လာတော့မှ မောင်ယူလာသည့် အထုပ်ကို လေး ကောင်းစွာ မြင်ရသည်။

"အလို . . . လသားကလေးငယ်လေးပါလား"

လေးသည် အလွန်အံ့သြစွာ ရေရွတ်လိုက်မိ၏။

"ဟုတ်း . . . မောလိုက်တာ၊ သားသားက သုံးလသား ဆိုပေမယ့် အတော်ကြီးပေါင်ချိန်စီးတာကိုးကွယ့်။ ဩော် . . . လေးရေ၊ လေးအတွက် နာဂတောင်တန်းက မောင်ယူလာခဲ့တဲ့ အဖိုးအတန်ဆုံးလက်ဆောင်လေ။ ကြည့်ပါဦး၊ သားသားကြီးက မလှဘူးလား"

လေးသည် အလွန်အံ့သြတွေ



www.burmeseclassic.com

www.burmeseclassic.com

ဝေစွာဖြင့် မောင့်မျက်နှာကို ငေးစိုက်ကြည့်နေမိ၏။

"သြော်...လေး အံ့ဩသွားပြီထင်တယ်။ ဒီကလေးက နာဂတောင်တန်း လိုက်ခေါ်ကျေးရွာက တာမောင်နဲ့ ဆောင်းဆယ်ဆိုတဲ့ ဇနီးမောင်နှံရဲ့ ရင်သွေးပဲ။ သူ့ကို မွေးဖွားတုန်းက အမြွှာပူးမို့ မိဘတွေက မလိုချင်ကြဘူး။ အမြွှာပူးကလေးမွေးရင် နိမိတ်မကောင်းဘူး။ မိဘကိုခိုက်တယ်။ ရွာနာတယ်လို့ နာဂတွေက စွဲလမ်းယုံကြည်ထားကြတယ်။ အရင်တုန်းကတော့ ဒီလိုကလေးမျိုးတွေမွေး[illegible]လာရင် အသက်ရှင်ခွင့် မရကြဘူး။ တောထဲကိုယူသွားပြီး အပျောက်ရှင်းပစ်ကြတယ်။ အခုခေတ်မှာတော့ ဗုဒ္ဓဘာသာ တောင်တန်းသာသနာပြုဆရာတော်တွေက သက်ဆိုင်ရာမိဘဆီမှာ အသက်ကို အလှူခံပြီး အမြွှာပူးကလေးတွေကို သူတို့ရဲ့ ဘုန်းကြီးကျောင်းမှာ ယာယီမွေးမြူစောင့်ရှောက်ထားပေးကြတယ်။ သားသမီးငတ်နေတဲ့ မိဘမျိုးတွေနဲ့တွေ့ရင် အဲဒီကလေးတွေကို အပြီးအပိုင်မွေးစားဖို့ ပေးအပ်လိုက်ကြတယ်။ အခု မောင်မွေးစားဖို့ ယူလာတဲ့ ယောဒီ သားသားဟာလည်း တောင်တန်းသာသနာပြုဆရာတော် ဦးသုမနက တာမောင်နဲ့ ဆောင်းဖယ် ဇနီးမောင်နှံဆီက အသက်အလှူခံပြီး သူ့ကျောင်းကို ယူလာခဲ့တဲ့ အမြွှာပူးသားအကြီးလေးပဲ။ သားအငယ်ကတော့ ဆရာတော်ရဲ့ကျောင်းကိုရောက်ပြီး တစ်ပတ်အကြာမှာ မကျန်းမမာဖြစ်လို့ သေဆုံးသွားခဲ့ရတယ်။ မောင့်ရဲ့ အခုတစ်ခေါက် သုတေသနခရီးစဉ်မှာ ဆရာတော်ဦးသုမနနဲ့ ဆုံမိပြီး ယောဒီသားသားကြီးကို မွေးစားဖို့ ရယူလာနိုင်ခဲ့တာပါ။ မောင်တို့မှာလည်း သားသမီးငတ်နေတာမို့ ဆရာတော်ဦးသုမနက ကြည်ကြည်ဖြူဖြူ ယုံယုံကြည်ကြည်နဲ့ ပေးအပ်လိုက်တာပါ"

ယခုမှပင် လေးတစ်ယောက်သက်ပြင်းချနိုင်ရှာ၏။

"ဒီမှာ လေး...မောင်တို့ သားသားကို ကြီးပြင်းလာအောင် မွေးကြမယ်။ ဆရာဝန်ဖြစ်လာအောင် ပညာသင်ပေးကြမယ်။ ဆရာဝန်ဖြစ်လာရင် နာဂတောင်တန်းကိုလွှတ်ပြီး နာဂတွေရဲ့ ကျန်းမာရေးဖွံ့ဖြိုးတိုးတက်စေဖို့အတွက် တာဝန်ယူခိုင်းရမယ်။ သားသားရဲ့နာမည်ကိုလည်း... 'ဖြိုးနာဂ'လို့ ပေးရရင် မကောင်း ဘူးလား"

လေးသည် ဘာမျှပြန်မပြောမိတော့ချေ။ မောင့်လက်ထဲမှ လသားငယ်လေး ဖြိုးနာဂကိုယူ၍ ချီလိုက်ပြီး သားသမီးငတ်နေသည့်အလျောက် တဝကြီး နမ်းရှုပ်ပစ်လိုက်မိ၏။ မောင့်ကိုလည်း ပြုံးပြုံးကြီးကြည့်နေမိသည်။ ဒီတစ်ခါတော့ မောင်သည် လေးအတွက် တကယ် အဖိုးအတန်ဆုံး လက်ဆောင်မွန်ကြီး တစ်ခုကို ယူဆောင်လာခဲ့ပြီ မဟုတ်ပါလော။

**မနုဿကျော်ဝင်း(အမျိုးသားစာပေဆုရ)**


**အနန္တသိဒ္ဓိစွမ်းအားပြဒါးရှင်**

**အဆောင်ဓာတ်လုံး**

**ဘော် + ဘင် + ပြဒါးသွတ်**

ဤလေးပါးတို့သည် မူလဓာတ်ပေါင်းပစ္စည်းများဖြစ်သဖြင့် ထင်ပေါ်ကျော်ကြားလာဘ်လာဘ ပေါကြွယ်လှပြီး လူတိုင်းလိုအပ်သော ဝီယ-လာဘ-နေ-ပညာ စသည်တို့အတွက် သေချာစီမံ၍ ကောင်းသောအချိန်ကောင်းသောနက္ခတ်နှင့် ကြုံကြိုက်ချိန်သမထကျင့်စဉ်စွမ်းအားဖြင့် ရောယှက်ပေါင်းစည်း သိဒ္ဓိပြီးအောင် အဆောင်ပြဒါးရှင်ဓာတ်လုံးကို ပါရမီဓာတ်ခံရှိသူများထံ သတင်းကောင်း ပါးလိုက်ပါသည်။

အဆိုပါ ပြဒါးရှင်ဓာတ်လုံးကို ဆောင်ထားခြင်းအားဖြင့်...

ဖော်ပြပါအကျိုးထူးများ ရရှိပါလိမ့်မည်။

၁။ ကျရောက်မည့်၊ ကျရောက်လတ္တံ့သော ဘေးဆိုးများ ကာကွယ်နိုင်ခြင်း။

၂။ ဝီယ+ဓနေ၊ လာဘ၊ ပညာရေး စသည်တို့ကို ရရှိနိုင်ခြင်း။

၃။ အတိုက်အခိုက် စုန်း၊ နတ်၊ သိုက် စသော နှောင့်ယှက်မှုကို ကာကွယ်နိုင်ခြင်း။

၄။ ပြည်တွင်းပြည်ပ ကုန်းလမ်း၊ ရေလမ်း လေလမ်း သွားရာတွင် ဆောင်ထားခြင်းဖြင့် ဘေးရန်အသွယ်သွယ် ကင်းပြီး လိုရာခရီးကို ရောက်နိုင်ခြင်း။

၅။ စာမေးပွဲဖြေဆို လူတွေ့စစ်ဆေး စသော ကိစ္စများအောင်နိုင်ခြင်း စသော ကောင်းကျိုးမင်္ဂလာ အဖြာဖြာနှင့် ပြည့်စုံသော အဆိုပါ အဆောင်ပြဒါးရှင်လုံးကို အလံ ရှိပါက...

နေ့စဉ် နံနက် ၉း၀၀ နာရီမှ ညနေ ၃း၀၀ နာရီထိ

ရောင်ပြန်မဂ္ဂဇင်းတိုက်

အမှတ်(၂၇)၊ ၅၂-လမ်း(အောက်)၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း- ၀၉-၂၅၁၀၂၂၃၁




www.burmeseclassic.com

www.burmeseclassic.com

# ဘေးကင်းရန်ကွာ ယတြာ

ဝင်းဇော်(သုံးဆယ်)

လူတိုင်းလူတိုင်းသည် မိမိတို့ အပေါ် အန္တရာယ်တစ်စုံတစ်ရာ ကျရောက်မည်ကို အလွန်စိုးရိမ်တတ်ကြသည်။ မကျရောက်သေးသည့်အန္တရာယ်ကိုပင် ကြိုတင်တွေးပြီး ကြောက်တတ်ကြသည်။ ထို့ကြောင့် တတ်ကျွမ်းနားလည်သည့် ဗေဒင်ဆရာများထံသို့ ချဉ်းကပ်ပြီး ယတြာကောင်းများကို တောင်းတတ်ကြသည်။ ကျွန်တော့်ထံသို့ယတြာတောင်းသည့် မိတ်ဆွေများကို မေတ္တာဖြင့် ကူညီခဲ့ရသည်မှာ မနည်းတော့ပြီ။


အချို့လူများသည် ဘယ်အရာကိုပဲလုပ်လုပ် အတိုက်အခံများနှင့် ကြုံတွေ့နေကြရသည်။ ကျန်းမာရေး မကြာခဏ ချူချာနေသူများနှင့်လည်း တွေ့ရသည်။ မိမိသွားမည့်ခရီး၊ မိမိလုပ်ကိုင်မည့် အလုပ်စီးပွားရေး လုပ်ငန်းများတွင် အန္တရာယ်များ ရှိလေမလားဟု သံသယစိတ်တွေ ကြီးစိုးနေသူများလည်း ရှိသည်။ ပညာရှင်များက သင့်မှာအန္တရာယ်ရှိသည်ဟု ဟောကိန်းထုတ်ထားသည့်အခါ နေမထိထိုင်မသာ ဖြစ်နေသူများကို သနားမိသည်။ ထို့ကြောင့် တနင်္ဂနွေနေ့ဖွားမှ စနေနေ့ဖွားအဆုံး မည်သည့်နေ့ဖွားမဆို အသုံးပြုနိုင်သော လွယ်ကူထိရောက်ကောင်းကျိုးပေးသည့် ယတြာကို တင်ပြပေးချင်ပါသည်။

မည်သည့်နေ့ သားသမီးမဆို မိမိမွေးနံ၏ ပဥ္စပွတ်ပန်းကို ကြိုဟ်သက်အလျောက် မြတ်စွာဘုရားရှင်အား ရည်မှန်း၍ လှူဒါန်းပေးရပါမည်။

ခနစ်ရက်သားသမီး (ရာဟုနေ့ဖွားအပါအဝင်)များကို မိမိတို့သက်ဆိုင်ရာထောင့် အရပ်အတိုင်း နေစေပြီး ဗယာကြော်ကျွေးပြီး ဒါနပြုကာ ၎င်းတို့မှ ပေးပို့သောမေတ္တာကို ခံယူကြရပါမည်။

ကာယကံရှင်၏ သက်ဆိုင်ရာ ပဥ္စပွတ်ပန်းများကို နေအိမ်မှ ဘုရားကျောင်းဆောင်အတွင်းတွင် မြတ်စွာဘုရားရှင်အား သက်တော်ထင်ရှား ရှိနေသည့်အလား အားကိုးအားထား မြှုပ်သီဖြင့် ဘုရားတပည့်တော်အား စောင့်ရှောက်တော်မူပါဘုရားဟု လျှောက်တင်ပါ။ ပဥ္စပွတ်ပန်းများကို သီးသန့်အိုး (သို့မဟုတ်) ဖန်ခွက်ထဲတွင် စိုက်ထိုးထားပြီး ကပ်လှူဒါန်းရပါမည်။

ထို့နောက် ဘုရားကျောင်းဆောင်ရှေ့ (သို့မဟုတ်) အိမ်ဦးခန်း ခေါင်းရင်း တစ်နေရာတွင် သက်ဆိုင်ရာထောင့်အလိုက် မွေးနံရှင်များကို နေရာယူခိုင်းရပါမည်။ ကာယကံရှင်က အလယ်တွင် နေရာယူရပါမည်။ အောက်ပါပုံစံကို ကြည့်ပါ။ ယတြာပြုလုပ်မည့်သူသည် ယတြာပြုရန် အချိန်အခါဖြစ်သည့် မွေးနေ့နံနက် ၉ နာရီမှ ၁၀ နာရီခွဲအတွင်း






www.burmeseclassic.com

www.burmeseclassic.com

| နေ့သား | နံပန်း | ဥပမာ | အရေအတွက် |
|---|---|---|---|
| တနင်္ဂနွေ | ကြာသပတေး | မေမြို့ပန်း | ၁၉ ပွင့် |
| တနင်္လာ | သောကြာ | သီဟိုဠ်၊ ဒေါန | ၂၁ ညွန့် |
| အင်္ဂါ | စနေနံ | ဒေါန၊ ထိမ်ညွန့် | ၁၀ ညွန့် |
| ဗုဒ္ဓဟူး | တနင်္ဂနွေ | အုန်းပန်း၊ အုန်းညွန့် | ၆ ညွန့် |
| ရာဟု (ဗုဒ္ဓဟူး ညပိုင်းမွေး) | တနင်္ဂနွေ | အုန်းပန်း၊ အုန်းညွန့် | ၆ ညွန့် |
| ကြာသပတေး | တနင်္လာ | ကံ့ကော် | ၁၅ ညွန့် |
| သောကြာ | အင်္ဂါ | ငှက်ပန်း | ၈ ညွန့် |
| စနေ | ဗုဒ္ဓဟူး | ရွက်လှ | ၁၇ ညွန့် |

ဌ် တနင်္ဂနွေသားသမီးမှစ၍ တနင်္လာ၊ အင်္ဂါ၊ ဗုဒ္ဓဟူး၊ စနေ၊ ကြာသပတေး၊ ရာဟု၊ သောကြာသားဖြင့် အစဉ်အတိုင်း ဗယာကြော်ကို ကျွေးမွေးလှူဒါန်းရမည်။ ထိုနေ့သားသမီးများက အစီအရင်ချထားသည့်နေရာတွင် ဗယာကြော်ကို စားသုံးရမည်။ ထိုသို့ စားသုံးပြီးပါက အလှူဒါနပြုသူအား -

"ကျန်းမာပါစေ၊ ချမ်းသာပါစေ၊ ကျရောက်လာမည့် ဘေးအန္တရာယ်အပေါင်းမှ ကင်းဝေးပါစေ။ လိုရာဆန္ဒပြည့်ဝပါစေ"

ဟု ဆုတောင်းမေတ္တာ ပို့ကြရမည်။ ယတြာပြုနေသူက လေးစားစွာခံယူပြီး "ပေးတဲ့ဆုနဲ့ ပြည့်ပါစေ"ဟု ပြောဆိုရမည်။ ယတြာပြုသူသည် ခုနစ်နေ့နံသားသမီးများ ဗယာကြော်စား ဆုတောင်းမေတ္တာပို့သမှုကို ခံယူပြီး ပြန်လည်ဆုတောင်းပြီးမှ လိုရာသို့သွားရပါမည်။ အလှူခံစားသုံးသူတို့အား ဗယာကြော်ကို သတ်မှတ်နေရာ၌ စားသုံးပေးခြင်း၊ မေတ္တာပို့ ဆုတောင်းပေးခြင်းတို့ကို ပြိုင်တူပြောဆိုပေးရမည်။ ယတြာဆောင်ရွက်သူသည် ယောဂီဝတ်စုံကို ဝတ်ထားပါက ပို၍ကောင်းပါသည်။

ပဥ္စပွတ်ပန်းများနှင့် လှူဒါန်းရန် အရေအတွက်တို့ကို အောက်တွင် ဇယားဖြင့် ဖော်ပြပေးလိုက်ပါသည်။

**ဝင်းဇော်(သုံးဆယ်)**

၀၉-၂၆၁၄၃၅၃၇၂


# အနန္တသိဒ္ဓိစွမ်းအားပြဒါးရှင်
# အဆောင်စာတ်လုံး
# ဘော် + ဘင် + ပြဒါးသွတ်

ဤလေးပါးတို့သည် မူလဓာတ်ပေါင်းပစ္စည်းများဖြစ်သဖြင့် ထင်ပေါ်ကျော်ကြားလာဘ်လာဘ ပေါကြွယ်လှပြီး လူတိုင်းလိုအပ်သော ဝီယ-လာဘ-ခန-ပညာ စသည်တို့အတွက် သေချာစီမံ၍ ကောင်းသောအချိန် ကောင်းသောနက္ခတ်နှင့် ကြုံကြိုက်ချိန်းသမထကျင့်စဉ်စွမ်းအားဖြင့် ရောယှက်ပေါင်းစည်း သိဒ္ဓိပြီးအောင် အဆောင်ပြဒါးရှင်ဓာတ်လုံးကို ပါရမီဓာတ်ခံရှိသူများထံ သတင်းကောင်း ပါးလိုက်ပါသည်။

အဆိုပါ ပြဒါးရှင်ဓာတ်လုံးကို ဆောင်ထားခြင်းအားဖြင့်...

ဖော်ပြပါအကျိုးထူးများ ရရှိပါလိမ့်မည်။

၁။ ကျရောက်မည့်၊ ကျရောက်လတ္တံ့သော ဘေးဆိုးများ ကာကွယ်နိုင်ခြင်း။

၂။ ဝီယ+ခန၊ လာဘ၊ ပညာရေး စသည်တို့ကို ရရှိနိုင်ခြင်း။

၃။ အတိုက်အခိုက် စုန်း၊ နတ်၊ သိုက်စသော နှောင့်ယှက်မှုကို ကာကွယ်နိုင်ခြင်း။

၄။ ပြည်တွင်းပြည်ပ ကုန်းလမ်း၊ ရေလမ်း လေလမ်း သွားရာတွင် ဆောင်ထားခြင်းဖြင့် ဘေးရန်အသွယ်သွယ် ကင်းပြီး လိုရာခရီးကို ရောက်နိုင်ခြင်း။

၅။ စာမေးပွဲဖြေဆို လူတွေ့စစ်ဆေး စသောကိစ္စများအောင်နိုင်ခြင်း စသော ကောင်းကျိုးမင်္ဂလာ အဖြာဖြာနှင့် ပြည့်စုံသော အဆိုပါ အဆောင်ပြဒါးရှင်လုံးကို အလိုရှိပါက...

နေ့စဉ် နံနက် ၉း၀၀ နာရီမှ ညနေ ၃း၀၀ နာရီထိ

**ရောင်ပြန်မဂ္ဂဇင်းတိုက်**

အမှတ်(၂၇)၊ ၅၂-လမ်း(အောက်)၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း- ၀၉-၂၅၁၀၂၂၃၃၁




www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



# မြွေကိုနိုင်သော အကျွရာ

ပေတ္တာရှင်မောင်မဲခေါင်

ရန်ကုန်မြို့လယ်ခေါင်ရှိ ပျားပန်းခပ်မျှလူစည်းကားသော ဈေးကြီးတစ်ဈေးအတွင်း အထည်ဆိုင် တစ်ဆိုင်၏ အဝတ်ဗီရိုအတွင်းမှ လူကြီးလက်မောင်းလုံးခန့်ကြီးမားသည့် ငန်းမြွေကြီးတစ်ကောင် အပြင်အထွက်လာသည်ဟုဆိုလျှင် စာဖတ်သူများ အံ့ဩမှင်တက်မိကြပေမည်။ အိုပီသွေး(မြန်မာစာ)ထိုအကြောင်းပြောပြစဉ်က ကျွန်တော်လည်း ရုတ်တရက် အံ့ဩမှင်တက် ဖြစ်ခဲ့မိ၏။ အသည်းတုန်၊ အူတုန်ဖြစ်ဖွယ်ကောင်းသလောက် ရယ်ရွှင်ဖွယ်လည်းရှိလှသော ထိုအကြောင်း ကျွန်တော်အသေးစိတ်ဖော်ပြပါမည်။

ထိုနေ့က ဆေးရုံမှ ဆင်းလာသည်မှာ မကြာသေးသော ကျွန်တော့်မိတ်ဆွေကြီး အိုပီသွေးသည် ပုဆိုးတစ်ထည်ဝယ်ယူရန်အတွက် အဆိုပါ ဈေးအတွင်း ရောက်သွားခဲ့သည် ဆိုပေ၏။ အိုပီသွေး၏ အဆိုအရ သူသည် အဝတ်အစားနှင့်ပတ်သက်၍ လိုအပ်သမျှ အဆိုပါဈေးတွင်သာ သွားရောက်ဝယ်ယူနေကျဖြစ်ပြီး ပင်ရင်းဆိုင်များဖြစ်သည့်အတွက် အခြားသော ဆိုင်များ



www.burmeseclassic.com

www.burmeseclassic.com

ထက် ဈေးနှုန်းသက်သာခြင်းကြောင့် ဖြစ်သည်ဟုလည်း ဆို၏။

သူသည် ပုဆိုးတစ်ထည်ကို ဈေးမေးလျက်ရှိစဉ် ရုတ်တရက် မြွေ··· မြွေဟု အလန့်တကြားအော်ဟစ်သံကို ကြားလိုက်ရ၏။ သူကိုယ်တိုင်က မြွေဆိုလျှင် အသံမျှပင် မကြားချင်သူဖြစ်လေရာ စိတ်ထဲတွင် ဖျန်းခနဲ ကြက်သီးမွေးညင်းများပင် ထသွားမိသည်ဆို၏။

ဘယ်မှာလဲ · · ·ဘယ်မှာလဲဆိုသော အသံများ။ နိုင်ဝင်းသီအထည်ဆိုင်မှာဆိုသော အသံများနှင့်အတူ လူများ တရုန်းရုန်း ပြေးလွှားလျက် ရှိနေကြ၏။ သူ့ကို ပုဆိုးရောင်းရန် ပြင်နေသည့် ဆိုင်ပိုင်ရှင်လည်း ပုဆိုးမရောင်းနိုင်တော့ပေ။ အော်သံကြားရာသို့ စပ်စုရန်အတွက် အပြေးအလွှားထွက်သွားပေရာ အိုပီသွေးလည်း ပုဆိုးမဝယ်ဖြစ်တော့ဘဲ စိတ်ပျက်လက်ပျက်ထွက်လာခဲ့တော့သည်ဆို၏။ မြွေဆိုသည့် သတ္တဝါသည် သူဈေးဝယ်ရာသို့ပင် ဖြောင့်ဖြောင့်မဝယ်နိုင်အောင် လိုက်လံနှောင့်ယှက်သည့် သတ္တဝါပါတကားဟု နာနာကြည်းကြည်းရေရွတ်လျက် ဈေးအပြင်သို့ စိတ်ပျက်လက်ပျက် ပြန်ထွက်လာခဲ့စဉ် ဟိုဘက်ပြေးပြီ··· ဟိုဘက်ပြေးပြီဟူသော အော်ဟစ်ညာသံပေးသံများနှင့်အတူ လူအုပ်ကြီးသည် သူရှိရာသို့ တည့်တည့်ပြေးလာ၏။ ရုတ်တရက်မို့ သူလည်း ဘာလုပ်ရမည်မသိဘဲ ကြောင်ငေးရပ်နေမိစဉ် ဝါကျင်ကျင် ညိုညစ်ညစ် အရောင်အဆင်းရှိသော လက်မောင်းလုံးခန့်ကြီးမားသည့် မြွေကြီးတစ်ကောင်သည် လျှောခနဲ လျှောခနဲ ပြေးလွှားလာရာမှ သူနှင့် လက်တစ်ကမ်းအကွာသို့ ရုတ်ခြည်းရောက်ရှိလာခဲ့သည် ဆိုပေ၏။

မိတ်ဆွေကြီး အိုပီသွေး၏ ပြန်လည်ပြောပြချက်ကို ခန့်မှန်းကြည့်ရသလောက်မှာ ငန်းမြွေကြီး ဖြစ်လိမ့်မည်ဟု ကျွန်တော်ယူဆမိသည်။ အဆိုပါ ငန်းမြွေကြီးမျိုးသည် အဆိပ်ပြင်းပြီး အငြိုးလည်းကြီးသည်ဟု ကျွန်တော် လေ့လာဖူးသည်။ သူ၏ အသိုက်ကိုသော်လည်းကောင်း၊ ဉကိုသော်လည်းကောင်း ဖျက်ဆီးမိပြီဆိုလျှင် အရိပ်ပမာ နောက်မှလိုက်၍ တုံ့ပြန် လက်စားချေတတ်သည်။

မြွေများနှင့် ကမ္ဘာ့ရန်ဖြစ်ခဲ့လေသော မိတ်ဆွေကြီး အိုပီသွေးနှင့် အဆိပ်ပြင်းသော ငန်းမြွေကြီးတို့ ယခုအခါ လက်တစ်ကမ်းအကွာမှာ မျက်နှာချင်းဆိုင် ဆုံမိနေကြပြန်လေပြီ။ လူတစ်ယောက်နှင့် မြွေတစ်ကောင် မည်သို့သော အငြိုးအတေးများ ရှိခဲ့ပါလေသနည်း။

မြွေတစ်ကောင် ဒေါမာန်ထသည့်အခါ ဖြစ်လေ့ရှိသည့်အတိုင်း ငန်းမြွေကြီး၏ ကိုယ်လုံးသည် ပွထလာပေ၏။ ထောင်ထလာသော ပါးပျဉ်းကြီးသည် ကြောက်မက်ဖွယ် ပြား၍ ခွက်နေ၏။ သေးငယ်ဝိုင်းစက်သော မျက်လုံးလေးများသည် မိတ်ဆွေကြီးကို စူးစိုက်ကြည့်လျက်ရှိပြီး တစ်ဖက်သားကို လှောင်ပြောင်နေသည့်ပမာ လျှာကလေးသည် ပြူတစ်ပြူတစ် လှုပ်ယမ်းလျက်ရှိပေ၏။ ကျွန်တော် စဉ်းစားပုံဖော်ကြည့်ရသလောက် မိတ်ဆွေကြီးသည် ထိုအချိန်ဝယ် မြွေရှေ့ရောက်သော ဖားသူငယ်ကဲ့သို့လည်းကောင်း၊ ခြင်္သေ့ရှေ့မှ ကြွက်ငယ်ကဲ့သို့လည်းကောင်း ရှိနေမှာ သေချာလှပေသည်။

အံ့ဩစရာကောင်းသည်မှာ စောစောက အဆိုပါ ငန်းမြွေကြီးနောက်သို့ အမဲဖျက်တော့မလို လိုက်ပါလာသော လူအုပ်ကြီးသည် ယခုအခါ အသံများ တိတ်ဆိတ်လျက် ပွဲကြီးပွဲကောင်းကြည့်ရတော့မည့် ပရိသတ်များပမာ စိတ်ဝင်တစား ဝိုင်းဝန်းကြည့်ရှုနေကြခြင်းပင် ဖြစ်ပေ၏။ ထိုမြွေကြီးကို ဝိုင်းဝန်းရိုက်နှက်ရန် လက်နက်တစ်စုံတစ်ရာ အဆင်သင့် မရှိနေခြင်းကြောင့်လား၊ လက်နက်ရှိသည့်တိုင် ထိုသို့ရိုက်နှက် သတ်ဖြတ်ရမှာ ကြောက်ရွံ့နေကြ၍လားဆိုတာ ကျုပ်လည်း မသိတော့ပါဘူးဗျာ။ လောလောဆယ် ကျုပ်သိတာကတော့ ခြေတွေ တစ်ကိုယ်လုံးသီးနေပြီး ဒီတစ်ခါ ငါတော့သေပြီဆိုတဲ့ အတွေးပါပဲဗျာဟု မိတ်ဆွေကြီးအိုပီသွေးက ကျွန်တော့ကို သနားစဖွယ် ပြောပြခဲ့ပေသည်။

မိတ်ဆွေကြီးနှင့် ငန်းမြွေကြီးတို့သည် မိနစ်ပေါင်းများစွာ အပြန်အလှန် စိုက်ကြည့်နေမိကြ၏။ တရှူးရှူး နှာမှုတ်သံကြီး ကြားနေရသည်မှာလည်း သွေးပျက်ဖွယ် ကောင်းလှသည်။ ထိုအချိန်မှာပင် မိတ်ဆွေကြီးသည် တစ်စုံတစ်ရာကို သွား၍သတိရလိုက်၏။ သူ့လွယ်အိတ်ထဲတွင် စက္ကူဖြတ်ရာ၌ အသုံးပြုလေ့ရှိသော "ကတ်တာ"ဓါး

www.burmeseclassic.com

ဓားပါးကလေး တစ်ချောင်းရှိနေသည်။ ယခုလို အားကိုးမဲ့နေချိန်မျိုးဝယ် အဆို ပါ ဓားကလေးသည်လည်း အထောက် အပံ့တစ်ခုတော့ ရနိုင်လိမ့်မည် ဟူသော ဖြစ်နိုင်သည်၊ မဖြစ်နိုင်သည်အပထား။ ကြံရာမရသည့်အခါ အားကိုးရာတတ် လေ့ရှိသော လူ့သဘာဝအတိုင်း သူ့ လွယ်အိတ်ထဲကို လက်နှိုက်၍ ရှာလိုက် ၏။ ကံဆိုးချင်တော့ ဓားကို ရှာမတွေ့ ပေ။ ထိုအခါ စာရေးရင်း စားပွဲပေါ် ကျန် နေရစ်ခဲ့သည်ကို အမှတ်ရတော့သည် ဆိုပေ၏။ သူ တလှုပ်လှုပ် တရှုရှု ဖြစ် နေသည်ကို မျက်စိနောက်ဟန်ဖြင့် ငန်း မြွေကြီး၏ နာမှုတ်သံက ပိုကျယ်လာ ပေ၏။ မိတ်ဆွေကြီးသည် အသာ ကလေး ငြိမ်နေလိုက် ပြန်သည်။ ထို အချိန်တွင် သူသည် မာမာပြားပြား အရာကလေးတစ်ခုကို လွယ်အိတ်ထဲ မှာ သွားစမ်းမိ၏။ ဘာကလေးပါလိမ့်။ သူစဉ်းစားမရ။

ငန်းမြွေကြီးသည် ပိုမိုဒေါသကြီး မားလာဟန်ဖြင့် ပါးပျဉ်းကြီး ခွက် သထက်ခွက်လာ၏။ ကိုယ်လုံးကြီးက ပိုမို ယိမ်းနွဲ့လာပေ၏။ လူအုပ်ကြီးက လည်း သူတို့အပျင်းပြေကြည့်ဖို့ မြွေ သမှာယ်ပွဲတစ်ခု ကျင်းပပေးနေသည် ဟုများ အောက်မေ့နေသလား မသိပေ။ ငန်းမြွေကြီးက လှုပ်ခနဲ တစ်ချက်ယိမ်း လိုက်၊ ဟာခနဲ သည်းထိတ်ရင်ဖို အော် တစ်လိုက်နှင့် သဘောတွေကျနေ၏။ ကျွန်တော်၏ မိတ်ဆွေကြီးမှာတော့ အသက်ရှူမှားလျက် ရှိလေပြီ။ ထိုကဲ့သို့ အသက်နှင့်ရင်းနေရချိန်မှာပင် လက်နှင့် စမ်းမိနေသည့် လွယ်အိတ်ထဲမှ အရာ ဝတ္ထုကလေးကို သိချင်စိတ်က လွှမ်းမိုး နေပေရာ ဖြစ်လိုရာ ဖြစ်စေတော့ဟု သဘောပိုက်လျက် ဆက်ခနဲ အပြင်သို့ ထုတ်ယူလိုက်တော့၏။ ဆုပ်ကိုင်ထား သော ထိုအရာဝတ္ထုကလေးကို ဖြန့်၍ ကြည့်လိုက်သည့် အခိုက်ဝယ် ငန်းမြွေ ကြီးသည် သူ့ကို တစ်ခုခုရန်မူတော့မည် အထင်ရှိဟန်ဖြင့် ရှူးခနဲတစ်ချက် မှုတ် ရင်း ကြီးမားသော သူ၏ ဦးခေါင်းကြီးကို ပို၍ ထောင်လိုက်သည်ဖြစ်ရာ ပရိသတ် ထဲမှ ဟာခနဲအသံကြီးသည် တစ်ခဲနက် ထွက်ပေါ်လာပေ၏၊ တစ်ချိန်တည်းဆို သကဲ့သို့ပင် ကြောက်ရွံ့စိတ်ဖြင့် တဆတ် ဆတ်တုန်ခါလျက်ရှိသော အိုပီသွေး၏ လက်ထဲမှ ပစ္စည်းကလေးသည် ခုန်၍ လွင့်စဉ်ထွက်သွားပြီး ကံအားလျော်စွာ ငန်းမြွေကြီး ရှေ့တည့်တည့်တွင် ဒေါက် ခနဲ ကျသွားခဲ့သည်ဆိုပေ၏။

ထိုနေရာတွင် ကျွန်တော်၏ မိတ် ဆွေကြီးလေသံအတိုင်း ပြန်ရေးပြရမည် ဆိုလျှင် . . .

"အဲဒီ ပစ္စည်းကလေးဆိုတာ တခြားမဟုတ်ဘူးဗျ။ ကျုပ်ဆေးရုံပေါ်မှာ ကယောင်ချောက်ချား ဖြစ်နေတုန်း ပြောင်းဖူးမွှေးဆံပင်နဲ့ ကုလားအဘိုးကြီး လာပေးသွားတယ်ဆိုတဲ့ ဟောဒီသတ္တု ပြားကလေးပဲ။ အံ့သြစရာတော့ သိပ် ကောင်းတယ်ဗျို့။ အဲဒီ ဘာမှန်းမသိတဲ့ အပြားကလေးကို တွေ့လိုက်တယ်ဆိုရင် ပဲ အချိန်မရွေး ကျုပ်ကို ပေါက်သတ် တော့မလို ဒေါသကြီးနေတဲ့ ငန်းမြွေကြီး ဟာ ဘောလုံးလေလျှော့လိုက်သလို ရှုံးခနဲ ကျုံ့ဝင်သွားတော့တာပါပဲဗျာ။ ဖြစ်သွားလိုက်ပုံများ တယိမ်းယိမ်း တနွဲ့ နွဲ့ ဟန်ရေးပြနေတဲ့ အကောင်ကြီးဟာ သူမဟုတ်သလိုပါပဲလား။ ခွေခွေကလေး လှုပ်လည်း မလှုပ်တော့ဘူး။ ဝိုင်းကြည့် နေကြတဲ့ ပရိသတ်ဆိုတာ ဘာပြော ကောင်းမလဲ လက်ခုတ်တွေတီး၊ လက် ခေါက်တွေမှုတ်နဲ့ ကျွက်ကျွက်ညံသွား တာပေါ့။ အဲဒီအချိန်မှာပဲ တူညီဝတ်စုံနဲ့ လူနှစ်ယောက် လူကြားထဲက တိုးထွက် လာပြီး ခြေသုတ်ပုဆိုး မြွေစွယ်ကျိုးပုံစံ ဖြစ်သွားတဲ့ ငန်းမြွေကြီးကို ရှေ့မသံ ညှပ်ကြီးတွေနဲ့ ရှေ့တစ်ယောက်၊ နောက် တစ်ယောက် ညှပ်ပြီးတာနဲ့ ပီနန်အိတ် ကြီး တစ်လုံးထဲထည့် ကြိုးနဲ့ သေသေ ချာချာ ချည်နှောင်ပြီး ထမ်းထုတ်သွား ကြတော့တာ ပါပဲဗျာ။ ဒါနဲ့ ကျုပ်လည်း ကျုပ်အပြားကလေး အသာကောက်၊ လက်ဖဝါးကလေးနဲ့ တယုတယပွတ် သပ်၊ အိတ်ထဲ သေသေချာချာ ပြန် ထည့်ပြီး ထွက်လာခဲ့တော့တာပေါ့။ ဘယ်လိုကြောင့်ရယ်တော့ မဆိုနိုင်ဘူး။ ဒါပေမယ့် ဟောဒီ အပြားကလေးဟာ ကျုပ်အသက်ကို ကယ်လိုက်တာတော့ အမှန်ပဲလို့ ကျုပ်ထင်တယ်။ မိတ်ဆွေ ကြီးကော ဘယ်လိုသဘောရသလဲ"

ဟု ထိုနေရာအရောက်၌ ပြော လက်စ စကားကို ရပ်တန့်လျက် ကျွန် တော့်ကို မေးခွန်းထုတ်နေပေ၏။

ကျွန်တော် သူမေးသော မေးခွန်း ကို ဖြေဆိုခြင်းမပြုဘဲ ကျွန်တော်သိလို သော အချက်ကို အပြန်အလှန်မေး လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com

"ဒါနဲ့ အဲဒီငန်းမြွေကြီးက ဘယ့်နယ်က ဘယ့်နယ် ဒီလောက်လူစည်ကားတဲ့ မြို့လယ်ကောင်ဈေးကြီးထဲ ခုလို ရောက်လာရတာလဲဗျာ"

ဖြစ်ပုံက ဒီလိုဗျ။ ဒီဈေးကြီး အပေါ်ထပ်မှာ ဂန္ဓာလရာဇ်စားသောက်ဆိုင်ကြီး တစ်ဆိုင်ရှိတယ်ဗျ။ အဲဒီမှာ ဂန္ဓာလရာဇ်စားသောက်ဖွယ်ရာ မှန်သမျှ အကုန်ရအောင် စီစဉ်ထားတယ်လို့ဆိုတယ်။ မြွေတွေဆိုရင် မှန်သေတ္တာတွေနဲ့ ထည့်ပြီး ပြထားတယ်။ အားလုံးအရှင်လတ်လတ်တွေချည်းပဲ။ အဲဒါစားချင်တဲ့ လူက စားမယ့်အကောင်ကို လက်ညှိုးထိုးလိုက်ရုံပဲ။ မိနစ်ပိုင်းအတွင်း အင်မတန် အရသာရှိပြီး အငွေ့တထောင်းထောင်းနဲ့ မြွေသားကြော်ဖြစ်ဖြစ်၊ မြွေသားဆီပြန် ဖြစ်ဖြစ်၊ မြွေသားစွပ်ပြုတ် ဖြစ်ဖြစ် စားမယ့်လူရှေ့ အသင့်ရောက်လာတယ်ဆိုပဲ။ အရှင်လတ်လတ်မြွေကြီး တစ်ကောင်လုံး မျက်စိအောက်မှာတင် ဟင်းလျာဖြစ်သွားတာ မျက်လှည့်ပြလိုက်သလို တယ်မြန်ဆိုပဲဗျ။ ကျုပ်လည်း အရက်ဆိုင်တကာတော့ တော်တော်နံ့နေပြီ။ အဲဒီ ဆိုင်မျိုးတွေကတော့ ကိုယ်တိုင်မရောက်ဖူးလို့ မသိဘူး။ သူများပြောသံကြားဖူးတာ။ ကျုပ်နဲ့ ရင်ဆိုင်ဆိုးခဲ့တဲ့ ငန်းမြွေကြီးက အဲဒီ ဂန္ဓာလရာဇ်စားသောက်ဆိုင်က လွတ်ထွက်လာတဲ့ မြွေကြီးပေါ့ဗျ။

လူတွေ အတိတ်တလန့်ဖြစ်မှာစိုးတာကြောင့် တစ်နေ့မှာ မြွေတွေ လွတ်ထွက်သွားတာကို ဆိုင်ရှင်က လျှို့ဝှက်ထားလိုက်သတဲ့။ လွတ်သွားသမျှ ပြန်ဖမ်းမိပေမဲ့ အဲဒီငန်းမြွေကြီးကတော့ အရှောင်အတိမ်း ဂျက်စီကိုမ်းဖြစ်နေတော့ ရှာမတွေ့ဘူး။ ငန်းမြွေကြီး ဝင်ပုန်းနေတဲ့ နေရာကလည်း ဘယ်သူမှ မျှော်လင့်မထားတဲ့ နေရာဖြစ်နေတာကိုး။ ဘယ်အချိန် ဘယ်လိုဝင်သွားလိုက်သလဲတော့ မဆိုနိုင်ဘူး။ အထည်ပိတ်အုပ်တွေထည့်ထားတဲ့ ရောမဗီရိုကြီးထဲ ဝင်ပုန်းနေတာကို။ သုံးရက်လောက်တောင် ကြာတယ်ဆိုပဲ။ အဲဒီအတောအတွင်း ဆိုင်မှာရှိတဲ့ ဘုရားစင်ကလေးမှာတင်ထားသမျှ ဆွမ်းတော်တွေ ရုတ်တရက် ပျောက်ပျောက်သွားတာတော့ သတိထားမိတယ်လို့ နိုင်ဝင်းသီ အထည်ဆိုင်ပိုင်ရှင် လင်မယားက ပြောပြတယ်။

အဲဒီမနက်ကတော့ တခြားဆိုင်တစ်ဆိုင်မှာ ကျုပ်ကလည်း ပုဆိုးဝယ်ဖို့ သွားတဲ့အချိန်၊ ဆိုင်ရှင်က ဗီရိုသန့်ရှင်းရေးလုပ်ဖို့ အထဲက ပိတ်အုတ်ကို ဆွဲအထုတ် ပိတ်အုပ်ပါမလာဘဲ ငန်းမြွေကြီး အမြီးသွားဆွဲမိတော့တာပေါ့။ ဆိုင်ရှင်အမျိုးသမီးလည်း ယယ်သံပါအောင် အော်တော့တာပေါ့။ ဘယ်လောက်များကြောက်သွားသလဲတော့ မဆိုနိုင်ဘူး။ သုံးရက်လောက် ဆိုင်မထွက်နိုင်ဘူး။ အပြင်းဖျားသွားတယ် ပြောတာပဲ"

မြို့လယ်ကောင်ဈေးထဲ မြွေရောက် လာရပုံအကြောင်း မိတ်ဆွေကြီးက ထိုကဲ့သို့ အသေးစိတ်ပြောပြတော့မှ ကျွန်တော်လည်း မျက်စိထဲ မြင်ယောင်မိရင်း ကြက်သီးမွေးညင်းများ ထမိသည့် အလျောက် အသံထွက်အောင်လည်း ရယ်မောမိသေး၏။

ထိုစဉ်က မည်မျှသွေးပျက်တုန်လှုပ်ခဲ့ရသည် ဆိုစေကာမူ ယခုအခါ မိတ်ဆွေကြီး အိုပီသွေးကိုယ်တိုင်ပင် လျှင် ပြုံးယောင်သန်းလျက်ရှိပေ၏။ ပြီးတော့ သူ့လက်ထဲမှ ကျွန်တော်တို့ နားမလည်နိုင်သည့် အရုပ်လိုလို၊ အက္ခရာလိုလို အမှတ်အသားများပါသော လေးထောင့်ပြားကလေးကို တယုတယ ကျေကျေနပ်နပ် ပွတ်သပ်လျက်ရှိသည်ကိုလည်း တွေ့ရပေ၏။

အရက်က နှိပ်စက်ထားသည့်အတွက် ဖောသွပ်သွပ်၊ ပွယောင်းယောင်းဖြစ်နေသော မျက်နှာ၊ ရှည်လျားရသည့်အထဲ မဖြီးမသင်ထားခြင်းကြောင့် ဖရိုဖရဲ ညှင်းသိုးသိုးနိုင်လှသော ဆံပင်၊ မရိတ်မသိမ်းဘဲထားတာ ကြာပြီဖြစ်၍ ထိုးထိုး ထောင်ထောင် ပေါက်ရောက်နေကြသော ပါးမြိုင်းမွေး၊ နှုတ်ခမ်းမွေးများနှင့် ရှုပ်ထွေးလျက်ရှိသော အိုပီသွေးထံတွင် ထိုသို့သော ပြုံးပျော်ကျေနပ်မှုမျိုးကို မတွေ့သည်မှာပင် ကြာလေပြီ။ မည်သို့ဆိုစေ၊ ကျွန်တော့် မိတ်ဆွေကြီး၏ မျက်နှာပေါ်တွင် ထိုသို့သော အပြုံးတစ်ချက် လင်းလက်နေခြင်းအတွက် ကျွန်တော် စိတ်သက်သာရာ ရမိပါသည်။

"ဘယ့်နယ်လဲ။ ခင်ဗျားရဲ့ အဲဒီ ဘာမှန်းမသိတဲ့ ပစ္စည်းကလေးကို ကျွန်တော့်မိတ်ဆွေဆီ သွားပြကြည့်မလား။ သူက ရှေးဟောင်းသုတေသနသမားမို့ ကျွန်တော်တို့ထက် ပိုသိနိုင်မှာပဲလို့ ထင်တယ်"



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်က ထိုသို့ ပြောသည့်အခါ အိုပီသွေးသည် ရုတ်တရက် ဘာမှ ပြန် မပြောသေးဘဲ သူ၏ပစ္စည်းကလေးကို လက်ညှိုးနှင့် လက်မကြား ညှပ်လျက် အလင်းရောင်ထဲတွင် ထောင်ကြည့်နေပြန်ပေ၏။ မိတ်ဆွေကြီးကို ကြည့်ရသည်မှာ ထိုပစ္စည်းကလေးကို သူပိုင်ဆိုင်ထားရခြင်းအတွက် လွန်စွာ ကျေနပ်အားရ ဖြစ်ဟန်ဖြင့် ကြည့်မဝရှုမဝ အမှုအရာမျိုး တွေ့နေရပေရာ ကျွန်တော့်စိတ်ထဲဝယ် ငါ့မိတ်ဆွေကြီးတော့ ပုံမှန်အနေအထားမှ ပြန်ရောက်သေးပါရဲ့လားဟူသော သံသယစိတ်ပင် ဝင်မိခဲ့ကြောင်း ထင်မြင်မိပေသည်။

ဘေးလူတစ်ယောက်၏ အမြင်ဖြင့် ဆိုရပါမူ ထိုပစ္စည်းကလေးသည် သူ၏အသက်ကို ကယ်လိုက်သည်ဆိုခြင်းသည်လည်းကောင်း၊ ပစ္စည်းကလေးကို မြင်လိုက်သည်နှင့် ငန်းမြွေကြီးက ရေမြွေကလေးသဖွယ် ဖြစ်သွားခဲ့သည်ဆိုခြင်းသည်လည်းကောင်း ယုံကြည်စရာ ရှိမည်မဟုတ်ပေ။ အခြားသောတိုက်ဆိုင်မှု တစ်စုံတစ်ရာလည်း ရှိနိုင်သေးသည် မဟုတ်ပါလော။

"ကောင်းပြီလေ၊ ကျုပ်တို့ ကိုမဲခေါင်ရဲ့မိတ်ဆွေဆီ သွားကြတာပေါ့"

အိုပီသွေးသည် သူ့ပစ္စည်းကလေးကို သူ့ပိုက်ဆံအိတ်အတွင်း သေသေချာချာ ထည့်၍ သိမ်းဆည်းလိုက်ပြီး ထိုသို့ ပြောလိုက်သည့်အတွက် ကျွန်တော် အဝတ်တစ်စုံကို ခပ်မြန်မြန်လဲလှယ်ဝတ်ဆင်လိုက်ပြီး အခန်းတံခါးကို ပိတ်ရပေ၏။ ထို့နောက် ရှေးဟောင်းသုတေသန ကျွန်တော့်မိတ်ဆွေနေထိုင်ရာ ရန်ကုန်အရှေ့ပိုင်းရပ်ကွက်တစ်ခုသို့ နှစ်ယောက်သား ထွက်လာခဲ့ကြပေ၏။

ရှေးဟောင်းသုတေသနမှ ကျွန်တော့်မိတ်ဆွေ၏ အမည်မှာ ဦးဝေလွင်ဖြစ်၏။ သူ့အခန်းကလေးသို့ ရောက်သည့်အခါ ရှေးဟောင်းပစ္စည်းဟု ယူဆရသော အကျိုးအပဲ့၊ အတိုအထွာများ၊ အုတ်ခဲပိုင်းများ၊ ပေစာချပ်များနှင့် ဦးစွာရင်ဆိုင်ရပေ၏။ ထိုအစုအပုံများကြားတွင် မှန်ဘီလူး တစ်လက်နှင့် အလုပ်ရှုပ်နေသော ဦးဝေလွင်သည် အိုပီသွေး (မြန်မာစာ) ထုတ်ပေးသည့် ပစ္စည်းကလေးကို အသေအချာ ကြည့်နေ၏။ နေရောင်ထဲတွင် ထောင်၍လည်းကြည့်၏။ စားပွဲပေါ်တင်၍လည်း ကြည့်၏။ မှန်ဘီးလူးနှင့်လည်း အနီးကပ်၍ ကြည့်၏၊ ကျွန်တော့်စိတ်က ထင်၍ပဲလားတော့မသိပေ၊ ထိုသို့ လေ့လာ ကြည့်ရှုလျက်ရှိစဉ် ဦးဝေလွင်၏ မျက်လုံးများသည် တစ်ချက် တစ်ချက် ဖျတ်ခနဲ အရောင်လက်၍သွား၏။ ထို့နောက် ဦးဝေလွင်သည် စာပွဲပေါ်တွင် အသင့်ရှိနေသော ဘူးကလေးတစ်ဘူးအတွင်းမှ ညိုညစ်ညစ် အမှုန့်တစ်မျိုးဖြင့် ထိုပစ္စည်းကလေးကို ပွတ်သပ်ပြန်၏။

ထိုသို့ ပွတ်သပ်လိုက်သည့်အခါ အဆိုပါ လေးထောင့်ပြားကလေးသည် မယုံနိုင်စရာ ဝင်းလက်တောက်ပ၍လာပြီး မျက်နှာပြင်ပေါ်မှ အမှတ်အသားများသည်လည်း ပိုမိုထင်ရှားဖောင်းကြွလာသည်ကို တွေ့ရပေ၏။ (အဆိုပါပစ္စည်းကလေးကို "ပြောင်းဖူးမွေးဆံပင်နှင့် အဘိုးအို" တွင်ဖော်ပြခဲ့ပြီးပေပြီ။)

"အံ့ဩစရာပဲဗျ။ ဟောဒီပစ္စည်းကလေးကို အင်မတန်ရှားပါးတဲ့ ပျူခေတ် အဆောင်လက်ဖွဲ့တစ်ခုလို့ ကျွန်တော် ယူဆတယ်။ ပဥ္စလောဟာလို့ ခေါ်တဲ့ သတ္တုငါးမျိုးကို စပ်ပြီးအပြားခတ်ထားတာပဲ။ "မြွေ"ဆိုတဲ့ အက္ခရာနဲ့ "နိုင်"ဆိုတဲ့ အက္ခရာတွေကိုတော့ ထင်ထင်ရှားရှား ဖတ်လို့ရတယ်။ အစိပ္ပာယ်ဖော်ရခက်တဲ့ အရုပ်လို၊ အက္ခရာလို သင်္ကေတတစ်ခုလည်း ရောထွေးနေတယ်။ ကျွန်တော် အယူအဆပြောရမယ်ဆိုရင်တော့ မြွေနဲ့ပတ်သတ်ပြီး အကာအကွယ် အစီအမံတစ်ခု ဖြစ်လိမ့်မယ်။ ပစ္စည်းကလေး ဘယ်က ရတယ်ဆိုတာ ပြောပါဦး"

ဟု ဦးဝေလွင်က အရောင်ဝင်းလက်နေသော လေးထောင့်ပြားကလေးကို လက်မှ တဆဆကိုင်တွယ်ရင်း တွေးတွေးဆဆ ပြောလိုက်ပေ၏။ သို့ဖြစ်၍ ထိုပစ္စည်းကလေး လက်ဝယ်ရောက်ရှိလာပုံနှင့် နောက်ဆုံး ငန်းမြွေကြီးနှင့် ရင်ဆိုင်တွေ့ကြုံပုံများအထိ အိုပီသွေး(မြန်မာစာ)က အားတက်သရော ရှင်းပြရှာ၏။

အမှန်အားဖြင့် မြွေအန္တရာယ်ကို ကာကွယ်နိုင်သည်ဆိုသည့် အဆိုပါပစ္စည်းကလေး ကျွန်တော့်မိတ်ဆွေကြီး အိုပီသွေး၏ လက်ဝယ်ရောက်ရှိလာခဲ့ပုံမှာ အိပ်မက်ဆန်လှပြီး နားလည်ရခက်ခဲလှသည့်အတွက် ခေတ်ပညာတတ်တစ်ဦးဖြစ်သော ရှေးဟောင်းသုတေသနပညာရှင် ဦးဝေလွင် အနေဖြင့်



www.burmeseclassic.com

www.burmeseclassic.com

ယုံကြည်ရန် ခက်ခဲနေလိမ့်မည်ဟု ကျွန်တော်ယူဆမိ၏။ ကျွန်တော့်အနေဖြင့်မူ ထိုကိစ္စအတွက် မည်သို့သော ထင်မြင်ချက်မျိုးမှ မပေးလိုပါ။အိုပီသွေး၏ရှင်းပြချက်များ ပြီးဆုံးလျှင် ဦးဝေလွင် ဦးခေါင်း တဆတ်ဆတ်ညိတ်ရင်း...

ဓာတ်ပုံထဲတွင် အဘိုးကြီး၏မျက်နှာကို **အနီးကပ်ရိုက်ပြထားသည်ဖြစ်ရာ ဖွာလန်ကြဲနေသော ဆံပင်မွေး၊ မုတ်ဆိတ်မွေးများသည်လည်းကောင်း၊** ဟ ထားသော **ပါးစပ်နှင့် နှာခေါင်းထဲမှ တိုး**လိုးတန်းလန်း **ထိုးထိုးထောင်ထောင်** လိမ်တွန့်လျက် အသည်းယားဖွယ်၊ အော်ကလီဆန်ဖွယ် ထိုးထွက်နေကြသော မွေးပေါက်စကလေးများကိုလည်းကောင်း ထင်ရှားပြတ်သားစွာ တွေ့မြင်နေရပေ၏။

"ဆရာအိုပီသွေး . . . ပြောပြတဲ့အတိုင်းဆိုရင် ဒီပစ္စည်းကလေးကို ခင်ဗျား ဆေးရုံပေါ်မှာ စိတ်နဲ့ လူနဲ့ **မကပ်ဖြစ်နေတဲ့**အချိန်မှာ အိန္ဒိယတိုင်း**သားလို့ယူဆရတဲ့** ပြောင်းဖူးမွေး ဆံပင်နဲ့ **အဘိုးကြီးက** တစ်နည်းနည်းနဲ့ လာပေး**သွားတယ်**ဆိုတဲ့ အချက်ကိုပဲ ကျွန်တော်တို့ လက်ခံရတော့မှာပေါ့။ ကောင်းပြီ။ ဒါဆိုရင် အင်မတန်ရှားပါးတဲ့ ဟောဒီ ပျူခေတ်သုံး အဆောင်လက်ဖွဲ့ကလေးက ကုလားအဘိုးကြီးလက်ထဲ ဘယ်နည်းဘယ်ပုံ ရောက်နေရတာလဲ။ အဲဒီ အဘိုးကြီးကကော ဘယ်လိုအဘိုးကြီးဖြစ်မလဲ သာမန် သူလိုကိုယ်လို လူတစ်ယောက် မဟုတ်တာတော့ သေချာတယ်။ ဆရာအိုပီသွေး ပြောပြချက်ထဲမှာ အင်မတန်**ထူးဆန်းပြီး ယုံကြည်ရ**ခက်တဲ့ ဖြစ်ရပ်တွေ ပါနေတယ်။

ဘာပဲဖြစ်ဖြစ်ပေါ့ဗျာ။ ကျွန်တော်ကတော့ တစ်ခုပဲ မေတ္တာရပ်ခံချင်တယ်။ ဟောဒီပစ္စည်းကလေးဟာ ရှေးဟောင်းသုတေသနအတွက်လည်း တန်ဖိုးကြီးမားသလို လောကီအစီအရင် အနေနဲ့လည်း အလေးအနက်ထားရမယ့် ပစ္စည်းကလေးဖြစ်တာကြောင့် **မပျောက်မပျက်ရလေအောင်** သေသေချာချာ **သိမ်းထားပါဆိုတာပါပဲဗျာ**"

**ဟူ၍** **လေးလေးနက်နက်** ပြော**လေ၏။ ထို့နောက် ကျေးဇူးတင်စကား ပြောဆိုနှုတ်ဆက်၍** ခုတ်အကျိုးအပဲ့များ၊ **ပစ္စည်းအဟောင်းအနွမ်း**များဖြင့် ရှုပ်ပွလျက်ရှိသော **ဦးဝေလွင်၏** အခန်းကလေးမှ ကျွန်တော်တို့နှစ်ယောက်သား ပြန်လာခဲ့ကြပေ၏။

ကျွန်တော်နှင့် မိတ်ဆွေကြီး အိုပီသွေးတို့သည် (၃၃)လမ်းရှိ အကြီးဆုံး မဂ္ဂဇင်းတိုက်ကြီးများတွင် တစ်ခုအပါအဝင်ဖြစ်သော လာဘ်မိုးရွာ စာပေတိုက်ကြီးသို့ စာမူကိစ္စအတွက် ဝင်လိုသေးရာ အဆိုပါ တိုက်တည်ရှိရာသို့ ယခု ကျွန်တော်တို့ ရောက်ရှိနေရာ ရေကျော်အရပ်မှ ဝေးလှသည် မဟုတ်ခြင်းကြောင့်လည်းကောင်း၊ လူကျပ်ကျပ် ဘတ်စ်ကားများကို တိုးဝှေ့မစီးလိုခြင်းကြောင့်လည်းကောင်း ကျွန်တော်တို့ကိုယ်၌ကလည်း အေးအေးလူလူ လမ်းလျှောက်လိုကြသည့် အတွက်လည်းကောင်း၊ အနော်ရထာလမ်းမကြီး အတိုင်း စကားတပြောပြော လျှောက်လာခဲ့ကြပေသည်။ အိုပီသွေးက -

"ဒီပစ္စည်းကလေး ကျုပ်လက်ထဲရောက်လာစက မှိုင်းမှိုင်းညစ်ညစ် အရောင်အဆင်းပဲ ရှိတာမို့ သာမန်သတ္တုပြားကလေးလို့သာ အောက်မေ့မိတယ်။ အခု ဆရာဦးဝေလွင်ပြောပုံအရဆိုရင် ပဉ္စလောဟာဆိုပဲ ကိုမဲခေါင်ရဲ့"

"သူဆိုက အညီချွတ်ဆေးနဲ့ သန့်စင်လိုက်တော့ ရွှေရောင်တောက်လာတော့တာပဲလေ။ ပဉ္စလောဟာဆိုတာ ဖြစ်နိုင်တာပေါ့"

ဟု ကျွန်တော်က ပြန်ပြောလိုက်၏။ ထို့နောက် ဆက်၍ -

"ဘာပဲဖြစ်ဖြစ်ပေါ့ မိတ်ဆွေကြီးရယ်။ အဲဒီအပြားကလေးဟာ မြွေအန္တရာယ် ကာကွယ်နိုင်တယ်ဆိုတာနဲ့ကို ခင်ဗျားအတွက် တန်ဖိုးမဖြတ်နိုင်ပါဘူး။ မြွေတွေနဲ့ အမြဲတမ်း ပတ်သက်နေတဲ့ ခင်ဗျားအတွက် အင်မတန် အားကိုးရတဲ့ ပစ္စည်းကလေးပဲ၊ ဟုတ်တယ် မဟုတ်လား"

"ကျုပ်ကတော့ ပြောင်းဖူးမွေး ဆံပင်နဲ့ ကုလားအဘိုးကြီးကို သိပ်တွေ့ချင်တယ်။ အဘိုးကြီးကို တွေ့ပြီး သူပြောတဲ့ စကားတွေ နားလည်နိုင်မယ်ဆိုရင် ကျုပ်ပြဿနာအတော်များများ ပြေလည်သွားလိမ့်မယ် ထင်နေမိတယ်၊ ခင်ဗျားတို့၊ ကျုပ်တို့တွေ ပဟေဠိဖြစ်နေတဲ့ ကိစ္စတွေကို အဖြေထုတ်ပေးနိုင်မယ့် ပုဂ္ဂိုလ်ဟာ အဲဒီ အဘိုးကြီးလို့ပဲ ကျုပ်ယုံကြည်မိတယ် ကိုမဲခေါင်။ ကျုပ်ကို လုပ်ကြံသတ်ဖြတ်ဖို့ အမြဲလို ချောင်းမြောင်းနေတဲ့ မြွေတစ်ကောင်နဲ့ ပတ်သက်နေ



www.burmeseclassic.com

www.burmeseclassic.com

တဲ့ ဒီအဘိုးကြီးကိုလည်း ကျုပ်ရဲ့ ရန်သူအဖြစ် သတ်မှတ်ထားခဲ့တယ်ဆိုတာ ခင်ဗျားလည်း သိပါတယ်။ ကောင်းပြီ ဒါဆိုရင် မြွေအန္တရာယ်ကို ကာကွယ်နိုင်တယ်ဆိုတဲ့ ဟောဒီ အစီအမံ ပစ္စည်းကလေးကို ဘာကြောင့် ကျုပ်လက်ထဲ ထည့်ပေးခဲ့တာလဲ စဉ်းစားစရာ ဖြစ်မနေဘူးလား"

"ဟုတ်ပါတယ် စဉ်းစားစရာပါပဲ။ ခင်ဗျားပြောသလို ဒီတစ်ခါ ကုလားအဘိုးကြီးနဲ့ တွေ့ရင်တော့ အမိအရသာ ဆွဲထားပေတော့။ လောလောဆယ်တော့ လက်ဖက်ရည် ကောင်းကောင်းလေး သောက်ရအောင် (၃၅)လမ်းထဲက ကျွန်တော်တို့မိတ်ဆွေကြီးဆိုင် ဝင်ကြရအောင်"

ကျွန်တော်က ထိုသို့ပြောလျှင် အိုပီသွေးက စပ်ဖြီးဖြီးမျက်နှာလေးဖြင့်

"ကျုပ်က အရက်သောက်ချင်နေတာ "

"ဘိဘဗျ။ ဆရာဝန်ကြီးမှာလိုက်တဲ့ စကား မေ့သွားပြီလား။ အခုအတိုင်းသာ ဆက်သောက်နေမယ်ဆိုရင် ခင်ဗျား အသက်မရှည်နိုင်တော့ဘူးဆိုတာလေ"

ကျွန်တော်က ထိုသို့ ရှုတည်တည် လေသံဖြင့် ပြောလိုက်သည့်အခါ အိုပီသွေးသည် တစ်ခုခု ပြန်ပြောလိုဟန်ရှိသော်လည်း ဘာမှမပြောဘဲ မျက်နှာငယ်ကလေးနှင့် ရှိပြန်သည့်အတွက် ကျွန်တော့်မှာ စိတ်မကောင်းဖြစ်မိသေး၏။ သို့ရာတွင် မိတ်ဆွေကောင်း တစ်ယောက်အနေဖြင့် အမှန်းခံ၍ ပြောသင့်တာ ပြောရမည်ဟု သဘောထားမိသည့်အလျောက် ကျွန်တော်က မသိချင်ယောင်ဆောင်နေလိုက်ပေ၏။ ထိုသို့ နှစ်ဦးစား စကားတပြောပြော လျှောက်လာကြရာ ပလက်ဖောင်းတစ်နေရာ အရောက် ဂျာနယ်မျိုးစုံ ခင်းရောင်းနေသော လမ်းဘေးဆိုင်ကလေးတစ်ဆိုင်ကို တွေ့မိသည်နှင့် စာသမားများ ပီပီ ဟိုလှန်ဒီလှော ရပ်တန့်ကြည့်ရှုမိကြ၏။

ထိုသို့ ဂျာနယ်ကိုယ်စီ မြည်းစမ်းနေမိကြစဉ် အိုပီသွေးထံမှ အံ့သြတကြီး ရေရွတ်လိုက်သံ တစ်ချက် ခပ်ကျယ်ကျယ်ကြားလိုက်ရသည့်အတွက် ဘာသတင်းထူးများ တွေ့လို့ပါလိမ့်ဟူသော မျက်လုံးများဖြင့် ကျွန်တော် လှည့်ကြည့်လိုက်ရာ...

"ကိုမဲခေါင်...ဒီမှာကြည့်စမ်း။ ဒါ...ဒါ"

အထစ်ထစ်အငေါ့ငေါ့ ဖြစ်နေပေရာ ကျွန်တော်လည်း ဂျာနယ်တစ်နေရာမှ သူ့လက်ညှိုးနှင့် ထောက်ပြထားသော သတင်းဓာတ်ပုံကို ယူကြည့်လိုက်၏။ ကျွန်တော်တွေ့လိုက်ရသည်မှာ "**ဟိမဝန္တာမှ မြန်မာပြည်သို့ မြွေလမ္ဘာယ်ပြရန် ရောက်ရှိလာသော ဆာဓူးကြီး**" ဟူသော ခေါင်းစီးပါသတင်းဖြစ်ပြီး အဆိုပါသတင်းနှင့် တွဲလျက် ဓာတ်ပုံကို တွေ့လိုက်ရသည့်ခဏ ကျွန်တော်လည်း အိုပီသွေးနည်းတူ ဟာခနဲ ရေရွတ်မိသွားရပေ၏။ မကြာမီကပင် ကျွန်တော်တို့နှစ်ယောက် တွေ့လိုပါသည်ဟု ပြောခဲ့ကြသော ပြောင်းဖူးမွေးဆံပင်နှင့်အဘိုးကြီး ဓာတ်ပုံပေတကား။

ဓာတ်ပုံထဲတွင် အဘိုးကြီး၏ မျက်နှာကို အနီးကပ် ရိုက်ပြထားသည်ဖြစ်ရာ ဖွာလန်ကြဲနေသော ဆံပင်မွေး၊ မုတ်ဆိတ်မွေးများသည်လည်းကောင်း၊ ဟထားသော ပါးစပ်နှင့် နှာခေါင်းထဲမှ တိုးလိုးတန်းလန်း ထိုးထိုးထောင်ထောင် လိမ်တွန့်လျက် အသည်းယားဖွယ်၊ အော်ကလီဆန်ဖွယ် ထိုးထွက်နေကြသော မြွေပေါက်စကလေးများကိုလည်းကောင်း၊ ထင်ရှားပြတ်သားစွာ တွေ့မြင်ရပေ၏။ ပုံစာနေရာတွင် ထူးဆန်းသော ဆာဓူးကြီးက ကရစ်ရှိနား အဆိပ်ပြင်းသော မြွေပေါက်စလေးများကို ပါးစပ်မှသွင်း၍ နှာခေါင်းမှ ထုတ်ပြနေပုံ ဟူ၍ ရေးထိုးထား၏။

ကျွန်တော်နှင့် ကျွန်တော့်မိတ်ဆွေကြီး အိုပီသွေး(မြန်မာစာ)တို့သည် တစ်ယောက်မျက်နှာကို တစ်ယောက် ကြည့်လိုက်မိကြ၏။ ကျွန်တော်တို့နှစ်ဦးရင်ထဲမှ ဖော်မပြတတ်သော ခံစားမှုများသည် အပြန်အလှန် ကူးလူးဆက်သွယ်လျက်ရှိကြ၏။ ဂျာနယ်ကို ဈေးမေး၍ ဝယ်ယူလိုက်ပြီးနောက် မိတ်ဆွေကြီး အိုပီသွေးက...

"ပြောင်းဖူးမွေးဆံပင်နဲ့ ဆာဓူးကြီးကို တွေ့ရဖို့အတွက် ကျုပ်တို့ လမ်းစရပြီပေါ့ ကိုမဲခေါင်ရေ"

ဟု စိတ်လှုပ်ရှား တက်ကြွလျက်ရှိသော အသံဖြင့် ကျေကျေနပ်နပ် ရေရွတ်လိုက်ပေသည်။

**မေတ္တာရှင်မောင်မဲခေါင်**



www.burmeseclassic.com

www.burmeseclassic.com

# ဘယ်ဂဏာန်းကြိုက်သည်ပြော
# ဗေဒင်ဟောကိန်း

ညွန့်လွင်(စက်မှုတက္ကသိုလ်)

ဗေဒင်မေးသူကို ၁ မှ ၁၂ အထိ ဂဏာန်း ၁၂ လုံး မှ ကြိုက်ရာဂဏာန်းကို ပြောစေပါ။ သူပြောသည့် ဂဏာန်းသည် သူ့ကို အကျိုးပေးသက်ရောက်သည့် ဂဏာန်းဖြစ်ပါသည်။ (သူများကိုဟောရန်သာ ဖြစ်ပါသည်။ မိမိအတွက်မ ဟုတ်ပါ။

## (၁) မှ (၁၂) အထိ ဟောကိန်းများ

(၁) ငွေကြေးကြောင့် စကားများမည်။ ခရီးများမည်။ ကလေးများအတွက် ပူပင်ရမည်။ အချစ်ရေးတံ မကောင်းပါ။

(၂) ဓောင်ဘက်သို့ ခရီးမသွားပါနှင့်။ လေနာဖြစ်မည်။ ရန်ဖြစ်ရမည်။ ငွေဝင်မည်။ အချစ်ရေးအဆင်ပြေ မည်။ ထီထိုးပါ။ အိမ်အတွက် စိတ်ညစ်ရမည်။

(၃) မရေရာသော ချစ်သူကိုတွေ့မည်။ ကလေးများ အတွက် စကားများရမည်။ အိမ်မြေဝယ်လျှင် အကျိုး ပေးမည်။ ရန်များမည်။ အစွပ်အစွဲခံရမည်။

(၄) လူလိမ်ခံရမည်။ ကျန်းမာရေးမကောင်းပါ။ သားသမီး အတွက် ဒေါသဖြစ်ရမည်။ ငွေကုန်များမည်။

(၅) စီးပွားရေးကံကောင်းမည်။ လက်မထပ်ပါနှင့်ဦး။ ထိ ခိုက်မိမည်။ အိမ်ထောင်ရေးပြဿနာတက်မည်။

(၆) ငွေရမည်။ အမွေရမည်။ အိမ်မြေဝယ်နိုင်သည်။ အိမ်ထောင်ရေးသာယာမည်။ မမျှော်လင့်သောကိစ္စ များ ဖြစ်လာမည်။

(၇) ငွေကြောင့် စကားများမည်။ ကျန်းမာရေးဂရုစိုက်ပါ။ လက်ထပ်လို့ရသည်။ ကိုယ့်ကိုချစ်တဲ့သူတွေ့မည်။ သစ္စာမဲ့သောယောက်ျား သတိပြုပါ။

(၈) ငွေဝင်မည်။ ထီပေါက်မည်။ အိမ်၊ မြေအတွက် ပူရ မည်။ လူလိမ်သတိထားပါ။ အလုပ်ပြောင်း၊ နေရာ ပြောင်း ရှိသည်။

(၉) ထင်ရာလုပ်မည်။ မောင်နှမအတွက် စိတ်ညစ်ရမည်။ မိတ်ဆွေကောင်းနှင့်တွေ့မည်။ အလုပ်ကံကောင်း သည်။ ဥပါဒ်ကြုံတတ်သည်။

(၁၀) ငွေကုန်များမည်။ အလိမ်ခံရမည်။ စီးပွားရေးကျမည်။ အကြံအစည်ပျက်မည်။ နေမကောင်းတတ်ပါ။

(၁၁) ငွေဝင်မည်။ စုတ်ဝင်မည်။ အဝတ်အစားဝင်မည်။ အိမ်ထောင်ရေး အရှုပ်အရှင်းဖြစ်မည်။

(၁၂) ငွေရမည်။ စီးပွားရေးကောင်းသည်။ ဘေးအန္တရာယ် များသည်။ အထက်လူကြီးက ငြိုငြင်လိမ့်မည်။ အချစ်ရေး ကံကောင်းသည်။

*ကံကောင်းကြပါစေ . . .*

**ညွန့်လွင်(စက်မှုတက္ကသိုလ်)**



www.burmeseclassic.com

www.burmeseclassic.com

# တမလွန်ဘဝသို့ ရောက်ရှိနေသော
# မိဘဆွေမျိုးတို့အား ဖိတ်ခေါ်ခြင်း

ဆွေမြင့်(ကျောက်ဆည်)

စာရေးသူသည် လွန်ခဲ့သော ဆယ်နှစ်ခန့်က သူငယ်ချင်းတစ်ဦး၏ ခေါ်ဆိုမှုအရ အကျွတ်အလွတ်ပွဲကျင်းပသည့် သင်္ချိုင်းဇရပ်သို့ ရောက်ရှိခဲ့ပါသည်။ ထိုစဉ်က ဘုန်းတော်ကြီးတစ်ပါး (ဘွဲ့အမည် မမှတ်မိတော့ပါ)၏ မိန့်ဆိုမှုကို မှတ်သားမိခဲ့ပါသည်။ မိမိ၏မိဘ၊ ဆွေမျိုးဉာတိများ သေဆုံးသွားပါက ၎င်းတို့အတွက် ရည်စူးပြီး ကုသိုလ်ဒါန ပြုလုပ်ရာတွင် တမလွန်ရောက်သူများကို ကုသိုလ်အကျိုး သာဓုခေါ်ဆိုနိုင်ရန် မည်သို့ ဖိတ်ကြားခေါ်ဆောင်ရမည်ကို စာရွက်များဝေ၍ ရှင်းလင်းမိန့်ကြားခဲ့ပါသည်။ စာရေးသူ၏ ကွယ်လွန်သွားကြပြီဖြစ်သော မိဘနှစ်ပါးနှင့် အိမ်သူသက်ထားအတွက် ရည်စူးကုသိုလ်ကောင်းမှုပြုတိုင်း ဘုန်းဘုန်းမိန့်ကြားသည့်အတိုင်း ဖိတ်ခေါ်မှု၊ အကူအညီတောင်းခံမှု ပြုပြီးမှ ရည်စူးကုသိုလ် ပြုလုပ်ခဲ့ရာ ထိရောက်မှုရှိကြောင်း တွေ့ကြုံရပါသည်။

စာရေးသူသည် ၂၀၀၃ ခု၊ ဧ ဒ္ဒါက်တိုဘာလထုတ် သူရဇ္ဇမဂ္ဂဇင်းမှ စာရေးဆရာလှမြင့်(ရန်ကုန်တက္ကသိုလ်)၏ "ကွယ်လွန်သူတို့အတွက် ရည်စူးအလှူဒါနပြုမှု"ကိုလည်းကောင်း၊ ၂၀၁၃ ခု၊ အောက်တိုဘာလထုတ် ရောင်ပြန်မဂ္ဂဇင်းမှ စာရေးဆရာလှတိုး(စိတ်ပညာ)၏ "ပြည်တွင်းပြည်ပဝိညာဉ်လောက ယုံကြည်ချက်များ"ကိုလည်းကောင်း၊ ၂၀၁၃ ခု၊ နိုဝင်ဘာလထုတ် ဂမ္ဘီရဆန်းကြယ်မဂ္ဂဇင်းမှ စာရေးဆရာထွန်းလွင်(ကြည့်မြင်တိုင်)၏ "တမလွန်ရောက်သူကို သက်ညှာသနားပါ"ကိုလည်းကောင်း ဖတ်ရှုရပြီး ဤစာမွန်ကိုရေးရန် စိတ်ဆန္ဒများ တဖွားဖွားပေါ်ခဲ့ပါသည်။

**တမလွန်ဘဝနှင့် ပတ်သက်၍** စာရေးဆရာကြီးများ၏ ရေးသားဖော်ပြချက်များသည် စုံလင်၍ အလွန်ဗဟုသုတ



www.burmeseclassic.com

www.burmeseclassic.com

ရစေကာ လိုက်နာဆောင်ရွက်သင့်ကြောင်း တွေ့ရပါသည်။ သို့သော် မိရိုးဖလာ ဗုဒ္ဓဘာသာဝင်များ၏ "တစ်ကျောင်း တစ်ဂါထာ၊ တစ်ရွာတစ်ပုဒ်ဆန်း" ဆိုသလို ကွယ်လွန်သူများအား ခေါ်ဆိုဖိတ်ကြားမှု အမျိုးမျိုး ကွဲပြားခြားနားနေမှုကြောင့် တ မလွန်ရောက်သူများကို ဖိတ်ခေါ်နည်းအား ချန်လုပ်ခဲ့ဟန် တူပါသည်။ ထို့ကြောင့် စာရေးသူလုပ်ဆောင်နေသော ဖိတ်ခေါ်နည်းအား တင်ပြရခြင်းဖြစ်ပါသည်။

တမလွန်ရောက်နေသူများသည် ၎င်းတို့ သေခါနီးဆဲဆဲတွင် ဖြစ်ပေါ်လာသော ဇောကြောင့် ဘဝကူးကောင်းသူရှိသလို၊ ဘဝကူးမကောင်းသူများ ရှိကြပါသည်။ ကွယ်လွန်သူများ လားရာဘုံဘဝ ငါးဘုံရှိရာ ရည်စူးကုသိုလ်ရရှိနိုင်သည့်ဘုံဘဝသည် ပြိတ္တာဘုံဘဝသာဖြစ်သည်။ ဤဘုံဘဝသည် စိတ်စွဲလမ်းမှု မမှန်ကန်၍ ရောက်ရှိရခြင်းဖြစ်သည်။ လူသည် သံယောဇဉ်များသောသူများ ဖြစ်ပါသည်။ မိမိနှင့် အနီးစပ်ဆုံးနေကြသူများ အပေါ်၌လည်းကောင်း၊ ပစ္စည်းဝတ္ထုများအပေါ်၌လည်းကောင်း စွဲလမ်းမှု အားကြီးသူများပီပီ သေခါနီးဆဲဆဲ၌ စွဲလမ်းမှု မမှန်မကန်မှုအပေါ် နိမ့်ကျဆင်းရဲသော ဘုံဘဝသို့ သက်ဆင်းရသူများ များပြားမည်ဖြစ်ပါသည်။ သို့ပါ၍ နိမ့်ကျဆင်းရဲသော ဘုံဘဝမှ မြင့်မားချမ်းသာသော ဘုံဘဝသို့ ကူးပြောင်းစေရန် ကျန်ရစ်သောမိသားစု၏ တမလွန်ရောက်သူကို ဖိတ်ကြားခေါ်ဆိုမှု မှန်ကန်ရန် လိုအပ်ပါသည်။

ကွယ်လွန်သွားသူများအတွက် ရည်စူးအလှူဒါနပြုရာတွင် ကွယ်လွန်သူအား ကုသိုလ်သာဓုခေါ်နိုင်ရန် ဖိတ်ခေါ်မှုများ အမျိုးမျိုးကွဲပြားနေသော်လည်း လုပ်ဆောင်ကြရသည့် ကုသိုလ်ရမှုမှာ အတူတူပင်ဖြစ်သည်။ သေဆုံးသူများအား အိမ်တွင် သုံးရက်၊ ငါးရက် စသည်ဖြင့် ထားပြီးမှ သင်္ဂြိုဟ်ခြင်းသည် မိမိတို့၏ မိသားစုအခြေအနေအရ ထားကြခြင်းဖြစ်သည်။ သို့သော် ရက်လည်ဆွမ်းကပ်၍ သေဆုံးသူအတွက် အလှူဒါနပြုခြင်းသည် သေဆုံးသူ၏ မိသားစုဝင်တိုင်း ပြုလုပ်ကြမြဲ ဖြစ်ပါသည်။ လပတ်လည်၊ နှစ်ပတ်လည် စသည့် ကုသိုလ်ဒါနပြုမှုတို့သည် ကျန်ရစ်သူ မိသားစုဝင်တိုင်း ပြုလုပ်နိုင်ကြသည် မဟုတ်ပါ။ ၎င်းတို့၏ စီးပွားရေးအခြေအနေနှင့် အကြောင်းအမျိုးမျိုးကြောင့် ပြုလုပ်နိုင်ခြင်းမရှိပါ။ ထို့ကြောင့် သေဆုံးသူ၏ ရက်လည်တွင်ပြုလုပ်သည့် အလှူဒါနသည် ဒေသတိုင်းရှိ ဗုဒ္ဓဘာသာဝင်တိုင်း ပြုလုပ်သည့် ဓလေ့ထုံးစံ ဖြစ်သဖြင့် ဤရက်လည်တွင် သေဆုံးသူအား ဖိဖိစီးစီး ဖိတ်ခေါ်မှု မှန်ကန်ပါက ထိရောက်အကျိုးရှိမည် ဖြစ်ပါသဖြင့် ဤစာစုကို ရေးသားတင်ပြရခြင်း ဖြစ်ပါသည်။

ကွယ်လွန်သူအတွက် ရည်စူးအလှူဒါနပြုလုပ်မည့်နေ့ရက်မတိုင်မီ အနီးဆုံးရက်နေ့ ညနေ နေဝင်ခါနီးနှင့် ဆွမ်းကပ်အလှူဒါနပွဲ ပြုလုပ်မည့်နေ့ နံနက်စောစောတွင် ရည်စူးအလှူဒါနပွဲပြုလုပ်မည့် အိမ်ရှေ့လမ်းပေါ်မှ ကွယ်လွန်သူ၏အမည်တပ်၍ သုံးကြိမ်တိုင်တိုင် ဖိတ်ခေါ်ရပါမည်။ ဤသို့ ဖိတ်ခေါ်ရာတွင် ကွယ်လွန်သွားသူများ၏ နယ်ပယ်၌ အနှောင့်အယှက် အဟန့်အတားများ ရှိနေကြပါသည်။ လူ့ဘဝ လောကမှာကဲ့သို့ ကြီးသူက ငယ်သူကို အနိုင်ကျင့်ခြင်း၊ ကုသိုလ်ရသွား၍ တစ်နည်းအားဖြင့် သာဓုခေါ်နိုင်သွား၍ ကောင်းသောဘဝသို့ ကူးပြောင်းသွားမည်ကို မလိုလားခြင်းတို့ကြောင့် အလှူဒါနပြုမည့် နေရာသို့ မသွားရောက်နိုင်ရန် သာဓုခေါ်မည့် ကွယ်လွန်သူအား အဝေးသို့ခေါ်သွားခြင်း၊ မတရားထိန်းချုပ်ထားခြင်းများ ပြုလုပ်ကြပါသည်။ ထိုသို့ အနှောင့်အယှက်အဟန့်အတားများ မပြုလုပ်နိုင်ရန် တမလွန်ရောက်နေသူများကို ထိန်းသိမ်းစောင့်ရှောက်ထားသည့် ဒေသဆိုင်ရာ ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်များကို အမျှပေးဝေ၍ တစ်ဆက်တည်း အကူအညီတောင်းခံ ပန်ကြားထားရန် လိုအပ်ပါသည်။ ထို့ကြောင့် တမလွန်ရောက်သူကို လာရောက်သာဓုအနုမောဒနာ ခေါ်ဆိုနိုင်ရန် ဖိတ်ခေါ်မှုနှင့် ၎င်းတို့ကို ထိန်းသိမ်းစောင့်ရှောက်ထားသော ပုဂ္ဂိုလ်ထူး၊ ပုဂ္ဂိုလ်မြတ်များကို အကူအညီတောင်းခံနည်းများကို တစ်ဆက်တည်း တင်ပြအပ်ပါသည်။

အောက်ပါ ဖော်ပြချက်မှ ကွက်လပ်ချန်ထားမှုများသည် ကွယ်လွန်သူနှင့်သက်ဆိုင်သည့် အကြောင်းအရာများ ဖြည့်စွက်ရန်ဖြစ်သည်။ ဖိတ်ကြားရာ၌ ကွယ်လွန်သူ၏ ဆွေမျိုး၊ အနီးစပ်ဆုံးပုဂ္ဂိုလ်မှ သုံးကြိမ် အသံထွက်၍(စိတ်ထဲမှ မဟုတ်ပါ) ဖိတ်ခေါ်ရပါမည်။

-----ရက်နေ့က နေအိမ်/လမ်း/ဆေးရုံ/နိုင်ငံခြားမှာ သေဆုံးသွားတဲ့ -----နေ့သား/သမီး ဦး/ဒေါ်-----ရဲ့ သား/သမီး/လင်သား/ဇနီးဖြစ်တဲ့ ဦး/ဒေါ်/မ/မောင်-----က



www.burmeseclassic.com

www.burmeseclassic.com

ဖိတ်ခေါ်ပါတယ်။ -----ခု၊ -----နေ့ နံနက် (---)နာရီမှာ ရက်လည်/ လပြည့်/-----နှစ်ပြည့် ရည်စူးပြီး အလှူဒါနပြု အမျှပေးဝေမှာ ဖြစ်တဲ့အတွက် -----ရပ် နေအိမ်ကို လာရောက်ပြီး အတူတကွ အလှူဒါနပြု သာဓုခေါ်ဖို့ရာ လာပါလို့ ဖိတ်ခေါ်အပ်ပါတယ်။

ကွယ်လွန်သူကို ဖိတ်ခေါ်ပြီးနောက် ဆက်လက်၍ ကိုယ်နေထိုင်ရာအရပ်၊ ဒေသအလိုက် စောင့်ရှောက်ကြတဲ့ ဘိုးဘိုးကြီးတွေ၊ ပုဂ္ဂိုလ်တွေကို မေတ္တာပို့ အမျှဝေပြီး အကူအညီတောင်းခံရန် ဖြစ်ပါတယ်။

···ဘိုးဘိုးကြီးနဲ့တကွ အိမ်စောင့်နတ်၊ ခြံစောင့်နတ်၊ ရပ်ကွက်စောင့်နတ်၊ မြို့တော်ရှင်၊ ရွာတော်ရှင်၊ ကွင်းပိုင်၊ နယ်ပိုင်၊ ဒေသပိုင်များအားလုံးကို ကျွန်တော်/ကျွန်မတို့ ယခင်ယခု ပြုခဲ့ဖူးသော ကုသိုလ်ကောင်းမှု အစုစုတို့ကို အမျှပေးပို့ပါတယ်။ အမျှ···အမျှ···အမျှ···ယူတော်မူကြပါ။ သာဓုခေါ်တော်မူကြပါ။ သာဓုခေါ်ရန် ခေတ္တစောင့်၍ ဆက်လက်အကူအညီ တောင်းခံရပါမည်။

ကျွန်တော်/ကျွန်မတို့ ပေးပို့တဲ့ အမျှမေတ္တာကုသိုလ်ရဲ့ အဖို့ဘာဂတွေကို ဝမ်းမြောက်ဝမ်းသာ သာဓုအနုမောဒနာ ခေါ်ဆိုကြပြီးလျှင် -----ရက်နေ့က ကွယ်လွန်သွားပြီဖြစ်တဲ့ ကျွန်တော်/ကျွန်မတို့ရဲ့ အဖေ/အမေ/ဇနီး/ခင်ပွန်းဖြစ်တဲ့ ဦး/ဒေါ်-----ကို -----ရက်နေ့ နံနက် (----)နာရီအချိန်မှာ ကွယ်လွန်သူ ဦး/ဒေါ်-----အတွက် ရည်စူးပြီး ပြုလုပ်သော ရက်လည်/-----လပြည့်/-----နှစ်ပြည့် အလှူဒါနပွဲကို ကွယ်လွန်သူ ဦး/ဒေါ်-----ရောက်ရှိနေတဲ့ဘဝ၊ ရောက်ရှိနေတဲ့နေရာကနေ အလှူဒါနပြုလုပ်မယ့် -----ရပ်နေအိမ်ကို လာနိုင်အောင် ကူညီပြီး အကြောင်းကြားပေးကြပါ။ စေလွှတ်ပေးတော်မူကြပါ။ သူလာရာလမ်းခရီးမှာလည်း အနှောင့်အယှက်၊ အဟန့်အတားများရှိပါက ကူညီပြီး ဖယ်ရှားရှင်းလင်းပေးတော်မူကြပါ။ နေအိမ်အတွင်း ဝင်ခွင့်ပေးတော်မူကြပါလို့ အနူးအညွတ် ပန်ကြားအပ်ပါတယ်ခင်ဗျား/ရှင့်။

သုံးကြိမ်တိတိ အသံထွက်(စိတ်ထဲမှမဟုတ်ပါ)၍ အကူအညီတောင်းခံပြီးနောက် အထက်ပါပုဂ္ဂိုလ်တို့ထက် အဆင့်မြင့်ပုဂ္ဂိုလ်များထံကိုလည်း ဆက်လက် အကူအညီ တောင်းခံရပါမည်။

ကျွန်တော်/ကျွန်မတို့ကို ထိန်းသိမ်းစောင့်ရှောက်တော်မူကြကုန်သော ပုဂ္ဂိုလ်ထူး၊ ပုဂ္ဂိုလ်မြတ်အပေါင်းတို့နှင့်တကွ နတ်မြတ်၊ နတ်ကောင်း၊ နတ်အပေါင်းတို့အား ရည်မှန်း၍လည်းကောင်း၊ ကျွန်တော်/ကျွန်မတို့ ပြုခဲ့ဖူးသော ကုသိုလ်ကောင်းမှု အစုစုတို့ကို အမျှမေတ္တာပေးပို့ပါတယ်၊ အမျှ··အမျှ···အမျှ···ယူတော်မူကြပါ၊ သာဓုခေါ်တော်မူကြပါ၊ သာဓုခေါ်နိုင်ရန် ခေတ္တစောင့်ပြီး ဆက်လက်ပန်ကြား အကူအညီတောင်းခံရန် ဖြစ်ပါသည်။

ကျွန်တော်/ကျွန်မတို့ ပေးပို့သော အမျှမေတ္တာကုသိုလ်၏ အဖို့ဘာဂတို့ကို ဝမ်းမြောက်ဝမ်းသာ သာဓုအနုမောဒနာ ခေါ်ဆိုတော်မူကြပြီးလျှင် ကွယ်လွန်သွားလေပြီဖြစ်သော ကျွန်တော်/ကျွန်မ၏ ဖခင်/မိခင်/ဇနီး/ခင်ပွန်းဖြစ်သူ ဦး/ဒေါ်ကို-----ရက်နေ့ နံနက် (---)နာရီအချိန်မှာ ကွယ်လွန်သူ ဦး/ဒေါ်-----အတွက် ရည်စူးပြီး ပြုလုပ်မည့် ရက်လည်/လပြည့်/-----နှစ်ပြည့် အလှူဒါနပွဲပြုလုပ်သော -----ရပ်နေအိမ်ကို ရောက်အောင် စေလွှတ်ပေးတော်မူကြပါ။ အနှောင့်အယှက်၊ အဟန့်အတားများကိုလည်း ဖယ်ရှားရှင်းလင်းပေးတော်မူကြပါရန် အနူးအညွတ် မေတ္တာရပ်ခံ ပန်ကြားအပ်ပါတယ်ခင်ဗျား/ရှင့်။

သုံးကြိမ်တိတိ သေသေချာချာ ပန်ကြားရန်ဖြစ်ပါသည်။

ကွယ်လွန်သူအတွက် ရည်စူးပြီး ရက်လည်ဆွမ်းကပ်ရာ၌ မိမိတို့၏ အင်အားအလျောက် လှူဖွယ်ပစ္စည်းထည့်ဝင်လှူဒါန်းပါက ပိုမိုဖြစ်ထွန်း အောင်မြင်ပါသည်။ လှူဖွယ်ပစ္စည်းမှာ သင်္ကန်း အဓိကထားလှူဒါန်း၍ ထီး၊ ဖိနပ်၊ ယပ် ပါဝင်နိုင်အောင် လှူဒါန်းပါက ပို၍ကောင်းမွန်ပါသည်။

တမလွန်ဘဝသို့ ရောက်နေသူတိုင်း သုဂတိဘုံသို့ ရောက်ရှိစေကြောင်း မေတ္တာဆန္ဒမွန်ဖြင့်···။

**ဆွေမြင့်(ကျောက်ဆည်)**

၀၉-၂၀၁၀၉၆၁



www.burmeseclassic.com

www.burmeseclassic.com

# သေရည် နှင့် ဈေးရည်

## လှိုင်(မ/ဒဂုံ)

**"သေရည်ကို ဈေးရည်မှတ်ပါလို့"** အဲဒီစာတန်းလေးကို **မြန်မာ့အသံ** T.V.4 က လွှင့်တဲ့(တင်ဆက်တဲ့) ရုပ်သံဇာတ်လမ်းတွဲ **"ကံ ကံ၏အကျိုး"** မှာ တွေ့လိုက်ရပါသည်။ တစ်ဖန် ၁၁-၉-၂၀၁၆ ရက်နေ့ကထုတ်တဲ့ Eleven Daily သတင်းစာတွင် ရခိုင်ပြည်နယ်၊ တောင်ကုတ်မြို့မှာ အမျိုးသမီး ၅၀၀ ခန့်က "အရက်ကိုဆန့်ကျင်တဲ့ ဆန္ဒပြပွဲ" ပြုလုပ်တဲ့သတင်း ဖတ်လိုက်ရပါတယ်။

ကျွန်တော်တို့ငယ်စဉ် ကျောင်းသားဘဝက "ဘိန်း၊ ဘင်း၊ ကစော်၊ လော်စာ၊ အရက်" လူကိုဖျက်ဆိုတဲ့ စာသားပါတဲ့ ဆုံးမစာလေးကို အလွတ်ကျက်ခဲ့ရပါသည်။ အဲဒီလိုငယ်စဉ်ဘဝကတည်းက ဖတ်မှတ်ခဲ့ရတဲ့ စာပေအသိတွေကြောင့် အရက်(မူးယစ်)ဆေးဝါး မကောင်းကြောင်း သိခဲ့ရ၍ ငယ်စဉ်ဘဝမှ ယခုအသက် ၆၀ ကျော် ပင်စင်စားအရွယ်အထိ အရက်ကို လုံးဝရှောင်ခဲ့ပါသည်။ အရက်သာရှောင်တာ မဟုတ်ပါ။ ကျွန်တော်တို့ ဗုဒ္ဓဘာသာဝင်တွေ အဓိကရှောင်ရန်ဖြစ်တဲ့ ပဉ္စသီလ အခြေခံအကျင့်ငါးပါးဖြစ်သော "ပါဏာတိပါတာ၊ အဒိန္နာဒါနာ၊ ကာမေသုမိစ္ဆာစာရ၊ မုသာဝါဒါ၊ သုရာမေရယ"တို့ကို ရှောင်ခဲ့ပါသည်။

လူ့ဘဝ ဆိုတာကလည်း လောကဓံရှစ်ပါးဆိုတဲ့ သံသရာစက်ရဟတ်ကြီးနဲ့ အမြဲတမ်း ထိတွေ့နေရတာပါ။ ဆရာကြီးမင်းသိခ်စကားနဲ့ ပြောရရင် ကံကြမ္မာလှည်းဘီးကြီးရဲ့ အထုအထောင်းကို အမြဲခံနေရတာပါ။ ကံကြမ္မာလှည်းဘီးကြီးဟာ ငြိမ်နေတာ မဟုတ်ပါဘူး။ လည်နေတာပါ။ လှည်းဘီးကြီးဟာ လည်နေတော့ အောက်ရောက်နေတဲ့ အပိုင်းရှိသလို အပေါ်ရောက်နေတဲ့အပိုင်းလည်း ရှိတယ်၊ ဘေးမှာယိမ်းယိုင်နေတဲ့ အပိုင်းလည်း ရှိတယ်။ အပေါ်ပိုင်းက သက်သောင့်သက်သာ အဆင်ပြေပေမယ့် အောက်ပိုင်းက မနည်းတောင့်ခံနေရမှာပါ။ ဘေးရောက်နေတဲ့ အပိုင်းကလည်း ဟိုမရောက်၊ ဒီမရောက် တည်ငြိမ်မှုမရှိ ယိမ်းယိုင်နေမှာပါ။

လူ့ဘဝဆိုတာကလည်း တည်ငြိမ်မနေပါ။ လောကဓံတရားရဲ့ အလှည့်အပြောင်း၊ အထုအထောင်းတွေကြော ကောင်းတာတွေ ကြုံတွေ့ရသလို မကောင်းတာတွေလည် ကြုံတွေ့နေရတာပါ။ ဒီအခါမှာ ဘယ်လိုလောကဓံနဲ့တွေ့ ကောင်းကံနဲ့တွေ့တဲ့အခါ ကောင်းကံရဲ့ အကျိုးကျေးဇူးတွေ ခံစားရပြီး၊ မကောင်းကံနဲ့ ကြုံတဲ့အခါ မကောင်းတာတွေ ခံစားရမှာပါ။ မကောင်းတာတွေနဲ့ ကြုံတဲ့အခါ ခံနိုင်ရည် အောင် ကြိုးစားရမှာပါ။

ကျွန်တော်တို့ အမြတ်ဆုံးကိုးကွယ်တဲ့ မြတ်စွာဘုရား သခင်က ဘဝအရာမှ မတည်မြဲဘူးလို့ ဟောကြားခဲ့တာ ပါ။ ဖြစ်ချိန်တန်လို့ ဖြစ်တဲ့အရာဟာ တစ်နေ့(တစ်ချိန်)မှာ ပျက်ချိန်ရောက်ရင် ပျက်သွားမှာပါ။ ဘာမှမတည်မြဲပါ။ မိမိ ကိုယ်ကို ပြန်ပြီး ဆင်ခြင်သုံးသပ်ကြည့်ရင် သိပါတယ်။ မိမိ ဖြတ်သန်းခဲ့ရတဲ့ သက်တမ်းတစ်လျှောက်မှာ ဘာတွေဖြစ် ခဲ့သလဲ ပြန်လည်ဆင်ခြင်တွေးတောကြည့်ရင် သိပါတယ်။ ကောင်းတာလည်း တွေ့ကြုံခံစားခဲ့ရတယ်။ သို့သော် မတည် မြဲပါ။ ဆိုးတာလည်း တွေ့ကြုံခံစားခဲ့ရတယ်။ သို့သော် မတည် မြဲပါ။ ဘုရားသခင်က ကောင်းတာလုပ်ရင် ကောင်းကံတွေ တွေ့မယ်၊ မကောင်းတာလုပ်ရင် မကောင်းတာတွေမှာပဲ ဟောခဲ့ပါသည်။

ကျွန်တော် တင်ပြလိုတာက အရက်အကြောင်းပ အရက်ဟာ မူးယစ်ဆေးဝါးပါ။ လူတိုင်းသိပါသည်။ ကျွန်တော် တို့ငယ်စဉ်က သင်ကြားခဲ့ရတဲ့ သံပေါက်မှာ ဓားကိုဖျက်တော ဝါးမျက်တဲ့၊ လူကိုဖျက်တော့ အရက်(မူးယစ်ဆေးဝါး)ပေ အရက်သောက်ထားတဲ့လူဟာ ပုံမှန်လူစိတ် မရှိတော့ပ



www.burmeseclassic.com

www.burmeseclassic.com

နည်းနည်းသောက်ရင် ပုံမှန်စိတ် နည်းနည်းပျောက်မယ်၊ များများသောက်ရင် ပုံမှန်လူစိတ် များများပျောက်မယ်၊ အတိုင်းအတာထက်လွန်ရင် ပုံမှန်လူစိတ်ပျောက်ကာ လူမှန်းသူမှန်းပင် မသိတော့ပါ။

အရက်က လူကို နိုင်သွားရင် အဲဒီလူဟာ ဘဝတစ်ခုလုံး ဘယ်လိုမှ နာလန်မထူတော့ပါ။ အဖေကိုလည်း အဖေမှန်းမသိ၊ မိခင်ကိုလည်း မိခင်မှန်းမသိ၊ မယားကိုလည်း မယားမှန်းမသိ၊ သားသမီးကိုလည်း သားသမီးမှန်း မသိတော့ပါ။ မိခင်ကိုလည်း သတ်တာပဲ၊ ဖခင်ကိုလည်း သတ်တာပဲ။ ဘယ်သူ့ကိုမှ ချမ်းသာမပေးပါ။ အရက်(မူးယစ်ဆေးဝါး)ဟာ ဘယ်လောက်ကြောက်စရာကောင်းသလဲဆိုတာ စဉ်းစားကြည့်ရင် သိပါသည်။ အရက်ဟာ အရသာအားဖြင့် မချိုပါ။ ပါးစပ်ထဲကိုလည်း အဝင်ဆိုးလှပါသည်။ အရက်တစ်ငုံလောက် ဝမ်းထဲရောက်ဖို့ ရေသောက်သလို သောက်၍မရပါ။ လည်ချောင်းထဲ ရှောရှောရှူရှူမဝင်ပါ။ ရှုံ့မဲ့ပြီး အတင်းမျိုချရတာပါ။ ဘယ်လောက်အဝင်ဆိုးလိုက်သလဲ။ အရက်သောက်တဲ့လူအဖို့ သူမူးလာရင် မကောင်းတာတွေ အကုန်လုပ်တော့တာပါ။ ဘယ်သူ့မျက်နှာမှမကြည့်(မထောက်)တော့ဘူး။

ဒီနေရာမှာ စကားချပ်အနေနဲ့ အတွေ့အကြုံလေး တစ်ခု တင်ပြလိုပါသည်။ ၁၉၈၄ ခုနှစ်ခန့်က ဖြစ်ပါသည်။ ကျွန်တော် တာဝန်ထမ်းဆောင်တဲ့ရုံးနဲ့ ကျွန်တော့်အသိ တာဝန်ထမ်းဆောင်တဲ့ရုံးက ပန်းဆိုးတန်းလမ်းမပေါ်မှာ ရုံးချင်းကပ်လျက်ပါ။ သူက မကွေးသားပါ။ တွေ့ပါများတော့ ခင်မင်လာကြပြီး နေ့ခင်းဘက် လက်ဖက်ရည်ဆိုင် ဆုံမိကြတဲ့အခါ စကားစမြည်ပြောရင်း သူက ဘာပြောသလဲဆိုတော့ "ကျွန်တော့်ညီမလေးကို စေ့စပ်ကြောင်းလမ်းဖို့ လာပြောတယ်ဗျာ။ အဲဒီတော့ မိဘတွေက ကျွန်တော့်ကို တိုင်ပင်တယ်။ ဟိုဘက်၊ ဒီဘက် မျက်နှာစုံညီ စေ့စပ်တဲ့နေ့မှာ ကျွန်တော်လည်းပါတယ်။ မိဘတွေက ကျွန်တော့်ကိုမေးတယ်။ သား ဘာပြောချင်သလဲပေါ့။ ဒီတော့ ကျွန်တော်က လောကကြီးမှာ လူအမျိုးမျိုး ရှိကြတာပေါ့ဗျာ။ အရက်သမား၊ ဘိန်းသမား၊ လောင်းကစားသမား စသည်ဖြင့်ပေါ့။ ကျွန်တော့်ညီမလေးကို အရက်သမား၊ ဘိန်းစားသမား၊ လောင်းကစားသမား ဒီသုံးမျိုး မဟုတ်ရင်တော့ စဉ်းစားပါ့မယ်။ ဒီသုံးမျိုးထဲကလည်း အရက်သမားနှင့် ဘိန်းစားသမားဆိုရင်တော့ လုံးဝ သဘောမတူနိုင်ဘူး။ လုံးဝ မပေးစားနိုင်ဘူး။ ညီမလေး တစ်သက်လုံး စိတ်ဆင်းရဲနေရမှာ စိုးရိမ်လို့၊ အဲဒီ အရက်သမားနှင့် ဘိန်းစားသမားဟာ သူတို့အရက်သောက်ဖို့နဲ့ ဘိန်းစားဖို့သာ စဉ်းစားတာ။ ကျန်တာတွေ ဘာမှစဉ်းစားတာ မဟုတ်ဘူး။ ခြွင်းချက်အနေနဲ့ လောင်းကစားသမားဟာ မကောင်းဘူးဆိုပေမယ့် မိသားစုအတွက်တော့ သူက စဉ်းစားပါသေးတယ်။ သူ့စကားအရ မူးယစ်ဆေးဝါး(အရက်၊ဘိန်း)သမားဟာ အင်မတန်အန္တရာယ်ရှိတဲ့လူတွေ ဖြစ်ပါတယ်။ ဘုရားမကြိုက်၊ သူတော်ကောင်းမကြိုက်၊ လူကောင်းမကြိုက်တဲ့ မူးယစ်ဆေးဝါး (အရက်၊ ဘိန်း) သုံးစွဲသူတွေဟာ မကောင်းမှန်းသိလျက် ဇွတ်အတင်းသုံးစွဲနေတာဟာ သူ့ကိုယ်သူ ဒုက္ခပေးနေတာပါ။ လူအများကိုလည်း ဒုက္ခပေးပါတယ်။ လူအများကလည်း သူတို့ကိုရှောင်ကြတယ်။ မလွှဲသာမရှောင်သာတွေ့ရင်လည်း မလွှဲမရှောင်သာ သဘောသာ ခေါ်ပြောနှုတ်ဆက်ကြပါတယ်။ တစ်ကမ္ဘာလုံးအတိုင်းအတာနဲ့ ကြည့်မယ်ဆိုရင် မူးယစ်ဆေးဝါးကြောင့်ဖြစ်တဲ့ မှုခင်းတွေဟာ ရာခိုင်နှုန်းများလွန်းပါတယ်။

၁၁-၉-၂၀၁၆ ရက်နေ့ကထုတ်တဲ့ Eleven Daily သတင်းမှာပါတဲ့ အရက်ကို ဆန္ဒပြတယ်ဆိုတဲ့သတင်းဟာ ကမ္ဘာပေါ်မှာ ပထမဆုံး အရက်ကို ဆန္ဒပြတဲ့သတင်းဟု ထင်ပါသည်။ အရင်က မကြားဖူးပါ။ သူတို့ ဘာကြောင့် အရက်ကို ဆန္ဒပြကြတာလဲ။ သူတို့မိသားစုတွေမှာ အရက်၏ ဆိုးကျိုးဒဏ်တွေကို အလူးအလိမ့် ခံစားနေရလို့ မခံနိုင်လွန်းလို့ အရက်ကို ဆန္ဒပြကြတာ ဖြစ်မှာပါ။

အရက်ဆိုတာကလည်း တကယ်အစွမ်းထက်ပါတယ်။ ဒီအရက် (မူးယစ်ဆေးဝါး)ဟာ ဘယ်လိုမှ မကောင်းမှန်းသိပါလျက်နဲ့ သူ့ရဲ့အစွမ်းသတ္တိကို တစ်ကမ္ဘာလုံးက မတွန်းလှန်နိုင်ပါဘူး။ ရုပ်ရှင်ဇာတ်ကားတွေမှာ အရက်နဲ့ကင်းတဲ့ ရုပ်ရှင်ဇာတ်ကား ရှားပါတယ်။ ရုပ်ရှင်ဇာတ်ကားတွေမှာ အချစ်ရေးကြောင့်လည်းကောင်း၊ မိသားစုအရေး လူမှုရေးတွေကြောင့်လည်းကောင်း ဖြစ်ပေါ်လာတဲ့ စိတ်သောကတွေကို အရက်နဲ့ ဖြေရှင်းကြတယ်။ အခြားနည်းဖြင့် မဖြေရှင်းနိုင်ကြဘူးလား။ ဘုရားမကြိုက်၊ သူတော်ကောင်း၊ လူကောင်းတွေမကြိုက်တဲ့ အရက်နဲ့မှ ဖြေရှင်းလို့ရသလား။ သီချင်းတစ်ပုဒ် ကြားဖူးပါ



www.burmeseclassic.com

www.burmeseclassic.com

တယ်။ သီချင်းစာသားက "စိတ်ညစ်လို့ အရက်သောက်တယ်၊ အရက်သောက်တော့ ပိုစိတ်ညစ်တယ်၊ အကြောင်းရှာတော့ ခေါင်းမှာ ချာချာလည်"တဲ့။ ခေါင်းချာချာလည်မှတော့ စိတ်က မူမမှန်တော့ဘူးပေါ့။ စိတ်မူမမှန်တော့ မဟုတ်တာတွေ ဖြစ်ပြီပေါ့။ လုပ်ပြီပေါ့။

မြန်မာနိုင်ငံမှာ T.V လိုင်းပေါင်းစုံကလွှင့်နေတဲ့ နိုင်ငံပေါင်းစုံက ဇာတ်လမ်းတွဲတွေ၊ မြန်မာပြည်က ဇာတ်လမ်းတွဲတွေမှာ လူဆိုး၊ သူခိုးတွေကလည်း အရက်သောက်တယ်၊ အဘွားကြီးတွေ၊ အဘိုးကြီးတွေ၊ မိန်းမတွေ၊ ယောက်ျားတွေကလည်း အရက်သောက်တဲ့အခန်းတွေ မြင်နေအောင်ပါတယ်။ အခု ရုပ်ရှင်တွင်မဟုတ်တော့ဘဲ အပြင်မှာလည်း သောက်ကုန်ကြပြီ။ ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုး၊ ကိုယ့်ယဉ်ကျေးမှုကို တဖြည်းဖြည်း ပစ်ပယ်လာကြပြီ။ အရက်အရှိန်အဝါက အင်မတန် လွှမ်းမိုးလာပြီ။ ပါးစပ်တွေက သူတော်ကောင်းစကားတွေပြောပြီး မိမိလုပ်ရပ်တွေကို စဉ်းစားမိကြရဲ့လား။ ဒါတွေကို လူငယ်တွေက အတုခိုးကြတယ်။

"သေရည်ကို ရွှေရည်မှတ်ပါလို့" ဒီစကားကလည်း မှန်လွန်းလို့ ပစ်တောင်လဲသွားနိုင်ပါသည်။ မြန်မာပြည်မှာ အရက်စက်ရုံကြီးတွေက ဟီးနေတာ။ အရက်ဆိုင်တွေက တောနေ၊ လေ့အောင်း၊ မြင်းဇောင်းမကျန် နေရာဒေသမရွေး ရှိတယ်။ တချို့ဒေသတွေ နွေရာသီသောက်ဖို့ ရေခက်ခဲလှပေမယ့် အရက်ကျတော့ မခက်ခဲဘူး။ အချိန်မရွေး ရတယ်။ အဲဒီလောက်ကို အရက်က ပေါတာ။ စိတ်ဒဏ်ရာ ကြုံလာတဲ့အခါ စိတ်ဒဏ်ရာ(စိတ်ညစ်စရာ)မှ လွတ်မြောက်ရန် အရက်နဲ့ဖြေရှင်းကြတယ်။ ဒီလိုဖြေရှင်းတဲ့အတွက် စိတ်ဒဏ်ရာတွေ ပျောက်သွားသလား။ မပျောက်ပါဘူး။ ခဏတာ ပျောက်သွားပေမယ့် အမူးပြေသွားရင် ပြန်ပေါ်လာတယ်။ အဲဒီလိုနဲ့ အရက်ပြန်သောက်တယ်။ အရက်သံသရာက လည်နေတယ်။

အရက်က အလကားရတာမဟုတ်။ ပိုက်ဆံပေးရတာ။ ပိုက်ဆံမရှိ(အဆင်မပြေ)လို့ စိတ်ညစ်လို့ အရက်သောက်တာ။ ထပ်ခါထပ်ခါသောက်ရန် ပိုက်ဆံက ဘယ်က ရသလဲ။ ခိုးမယ်၊ လုမယ်၊ ခါးပိုက်နှိုက်မယ်၊ စားပြတိုက်မယ်။ ဒါတွေက ဥပဒေနဲ့မကင်းတဲ့ လုပ်ရပ်တွေ။ ဒီလိုမလုပ်ရဲရင် မိဘဆီက အနိုင်ကျင့်တောင်းမယ်။ မယားဆီက အနိုင်ကျင့်တောင်းမယ်။ မရှိလို့ မပေးနိုင်ရင် ရိုက်မယ်၊ နှက်မယ်၊ ရန်လုပ်မယ်။ မိဘနဲ့ မယား၊ သားသမီးတွေက ဒူးနဲ့မျက်ရည်သုတ်ကာ ဒုက္ခအမျိုးမျိုး ရောက်ရပေမယ့် အရက်သမားကတော့ နောင်တမရဘဲ ပိုဆိုးလာတယ်။ နောက်ဆုံး အားလုံးကို ဒုက္ခပေးပြီး သေဆုံးတော့ သူလားရာဘုံက အပါယ်ဘုံပေါ့။ ဒီတော့ သူသောက်တဲ့အရက်က သေရည်ပေါ့။

အရက်သောက်သူတွေ အရမ်းများတော့ နေရာတကာမှာရှိနေတဲ့ အရက်ဆိုင်တွေက အရမ်းရောင်းကောင်းတာပေါ့။ အရမ်းရောင်းကောင်းတော့ ပိုက်ဆံတွေ အရမ်းရတာပေါ့။ အရက်သမားတွေလည်း အရမ်းများလာပြီး အရမ်းပျက်စီးတော့တာပေါ့။ အရက်သမားအဖို့တော့ အရက်ဟာ သေရည်၊ ငရဲပြည်သွားရမယ့် အရက်ဖြစ်ပြီး အရက်စက်ရုံကြီးတွေနဲ့ အရက်ဆိုင်တွေကတော့ များများထွက်၊ များများရောင်းရတော့ ပိုက်ဆံတွေ များများရတယ်ဆိုတော့ သူတို့အတွက် "ရွှေရည်"ပေါ့။

T.V.4 ကလွှင့်တဲ့ "သေရည်ကို ရွှေရည်မှတ်ပါလို့" ဇာတ်လမ်းထဲက အရက်သမားဟာ သောက်လိုက်တဲ့အရက်တွေ၊ ဘာမှ အဆိပ်အတောက်မရှိတဲ့ ရေတောင် ရေဘယ်လောက်ဆာဆာ နှစ်ခွက်ထက် ပိုသောက်နိုင်မှာ မဟုတ်ဘူး ဒါပေမယ့် အဆိပ်ရည်ဖြစ်တဲ့ အရက်ကျတော့ အရက်ပုလင်း (ခွက်ပေါင်း)မြောက်မြားစွာ သောက်ပေမယ့် သူ့အတွက် အားရတင်းတိမ်မှုမရှိဘဲ နောက်ဆုံး အသေဆိုးနဲ့ သေခဲ့ရတယ်။ အဲဒီလိုဖြစ်အောင် တရားခံက ဘယ်သူလဲ။ အရက်စက်ရုံကြီးများနဲ့ အရက်ဆိုင်တွေပါ။ သူတို့လည်း ဒီဘဝမှာ ရွှေရည်တွေကြောင့် ချမ်းသာကာ ရွှေဘုံပေါ် စံနေရပေမယ့် နောင်ဘဝမှာ ဘယ်ဘုံမှာ စံရမလဲ။ ဒါက ရှည်ရှည်ဝေးဝေး စဉ်းစားစရာမလိုပါ။ လူတိုင်းသိတဲ့၊ ကြောက်တဲ့ ဘုံပေါ့။

လှိုင်(မ/ဒဂုံ)



www.burmeseclassic.com

www.burmeseclassic.com





တိုင်းရင်းဆေးဝါးမှတ်ပုံတင် 0412 YR 004687

လိုင်စင် ၇/၂၀၀၈၊ တဆထလ(တိုး)-၁၃၁၂

အဆီကျ အကြောပြေ ဆီး၊ ဝမ်း၊ မှန်စေတဲ့

# မုံရွာ ဆရာမိုး ရဲ့

# ရှောက်တစ်လုံးဝမ်းမှန်ဆေး

ကြော်ငြာခွင့်ပြုချက်အမှတ်တဆဝက(စာနယ်ဇင်း)၁၃၀/၀၁၁၃၄

"ကိုဇော်ရဲနိုင်ကို ကြည့်လိုက်ရင် သွက်လက်ပေါ့ပါးဖျတ်လတ်နေတာပဲ။ အသားအရေ စိုပြည်ပြီး အဆီတွေလည်းကျ၊ အသားတွေလည်း ကျစ်လျစ်လာတယ်။ ဆေးကောင်းတစ်လက် တွေ့ထားပြီထင်တယ်။ ဆေးကောင်းရှိရင် လက်တို့သတင်းပေးပါဦး"

"သွက်လက်ပေါ့ပါးဖျတ်လတ်ဆို **မုံရွာဆရာမိုးရဲ့ ရှောက်တစ်လုံးဝမ်းမှန်ဆေး** လက်ကိုင်ထားလို့ပါ။ ကျန်းမာရေးရှုထောင့်က ကြည့်ရင် နေ့စဉ်နေ့တိုင်း ဆီး၊ ဝမ်း၊ သွေး၊ လေ မှန်,မမှန် မိမိကိုယ်တိုင် ဆန်းစစ်ပြီး ပြုပြင်နေတိုင်သွားဖို့လိုတယ် မဟုတ်လား။ လူသားတိုင်း ကျန်းမာဖို့ ခေတ်ကြီးငါးပါး ညီညွတ်မျှတပြီး မဖောက်ပြန်ဘဲ ဝင်လမ်း၊ ထွက်လမ်း မှန်ကန်ခြင်းရှိဖို့ လိုအပ်ပါတယ်။ ဂီတနယ်မှာ စည်းနဲ့ဝါးဟာ အဓိကကျသလို လူသားတိုင်း ကျန်းမာဖို့ဆိုရင် ဆီးနဲ့ဝမ်းဟာ အဓိကကျပါတယ်။ ဝမ်းတစ်လုံးကောင်း ခေါင်းမခဲဆိုတဲ့ စကားရပ်လည်း ရှိတယ်မဟုတ်လား"

"ဟုတ်ပါ့ဗျာ. . . ဒါထက် ကိုဇော်ရဲနိုင် အမြဲသုံးစွဲနေတဲ့ မုံရွာဆရာမိုးရဲ့ ဝမ်းမှန်ဆေးဟာ ဝမ်းမှန်ရုံသက်သက် စားတာလား၊ ဘယ်လိုရောဂါတွေအတွက် သုံးစွဲနိုင်တယ်ဆိုတာ ပြောပြဦးမှပေါ့"

"ကျွန်တော်တို့မိသားစု အမြဲသုံးစွဲနေတဲ့ မုံရွာဆရာမိုးရဲ့ ရှောက်တစ်လုံးဝမ်းမှန်ဆေးဟာ ဝမ်းနုတ်ဆေး မဟုတ်သလို ဝမ်းမှန်ရုံသက်သက်မဟုတ်ဘဲ ဘယ်လိုရောဂါတွေအတွက် သုံးစွဲနိုင်သလဲဆိုရင် အဲဒီဆေးကို နေ့စဉ်မှန်မှန် သုံးစွဲခြင်းဖြင့် လေငန်းလေဖြတ်ရောဂါဖြစ်ခြင်း၊ သွေးတိုးသွေးတက်ခြင်း၊ နှလုံးအဆီဖုံး, အသည်းအဆီဖုံးခြင်းတို့ကို ကာကွယ်ပြီး ဇက်ကြောထိုးခြင်း၊ ခြေ၊ လက်များ ထုံကျဉ် ကိုက်ခဲလေးလံခြင်း၊ အစာအိမ်ရောဂါဖြစ်ခြင်း၊ လေကြောင့်ဖြစ်သော ဗိုက်နာ, ဗိုက်အောင့်ဖြစ်ခြင်း၊ အတွင်းလိပ်, အပြင်လိပ်ဖြစ်ခြင်း၊ သွေးကျခြင်း၊ ဆီး,ဝမ်း,လေချုပ်ခြင်း၊ ဆံပင်ဖြူခြင်း၊ မျက်စိမှုန်ခြင်း၊ ကိုယ်လက်လေးလံထိုင်းမှိုင်းပြီး ညောင်းညာကိုက်ခဲခြင်း၊ ခံတွင်းနံ့ဆိုးခြင်း၊ ချွေးနံ့မကောင်းခြင်း၊ မျက်နှာပေါ်တွင် ဝက်ခြံ, တင်းတိပ်များထွက်ခြင်း၊ အသားအရေ အက်ကွဲခန်းခြောက်ခြင်း၊ စိတ်ဖိစီးမှုများ၍ ကိုယ်လက်မအီမသာဖြစ်ခြင်း စတဲ့ ရောဂါများကို သက်သာပျောက်ကင်းစေပါတယ်။

ခန္ဓာကိုယ်တွင်းရှိ ပိုလျှံနေသော အဆီများကို လျော့ကျစေပြီး အပူ၊ အပုပ်၊ အညစ်ကို ယူထုတ်ပစ်သလို ကင်းစင်စေရုံမက ကိုယ်ဝန်ဆောင်မိခင်များ နေ့စဉ်သုံးစွဲခြင်းဖြင့် ဆီး၊ ဝမ်း၊ လေ မှန်ကန်၍ မွေးဖွားရလွယ်ကူပြီး ကလေးတွင် လေနာကင်းတာ ကျန်းမာစေခြင်း စတဲ့ အကျိုးကျေးဇူးတွေ ခံစားစေနိုင်ပါတယ်"

"ကိုဇော်ရဲနိုင်တို့မိသားစု သုံးစွဲနေတဲ့ မုံရွာဆရာမိုးရဲ့ ရှောက်တစ်လုံးဝမ်းမှန်ဆေးဟာ ကျား/မ စွယ်စုံရတဲ့ ဆေးကောင်းတစ်လက်ပဲဗျို့၊ ကျွန်တော်လည်း သုံးမယ်ဗျာ၊ ကျွန်တော်တို့ ခင်ဗျားတို့လို စာရေးဆရာ၊ ပန်းချီဆရာ၊ ကွန်ပျူတာသမားတွေ၊ အညောင်းထိုင်သူတွေ၊ အဆီများ အဝလွန်သူတွေ၊ တစ်ကိုယ်လုံး လေးလံထိုင်းမှိုင်း ညောင်းညာကိုက်ခဲနေသူများအတွက် ဒီဆေးက ဝမ်းနုတ်ဆေး မဟုတ်လို့ နေ့စဉ်မှန်မှန် သုံးစွဲဖို့ လက်ကိုင်ထားရမယ့် ဆေးကောင်းတစ်လက်မို့ ဆေးရဲ့ကောင်းခြင်း ဂုဏ်သတင်းကို အပေါင်းအသင်းတွေသိအောင် ရေးသွင်းကြေညာလိုက်ချင်ပါရဲ့ဗျာ"

ရန်ကုန်မြို့၊ မန္တလေးမြို့နှင့် မုံရွာမြို့၊ မော်လမြိုင်မြို့ရှိ မြန်မာ့ဆေးမျိုးစုံ ဖြန့်ချိရေးဆိုင်ကြီးများမှတစ်ဆင့် တစ်ပြည်လုံးသို့ ဖြန့်ချိပေးနေပါပြီ။

ပင်ရင်း - မုံရွာ - ဆရာမိုး တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးနှင့် ဆေးကုခန်း

အမှတ် - ၈၂/၃၅၆၊ မေဓာဝီလမ်းမကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁-၆၉၀၅၈၇၊ ၀၉-၅၁-၈၈၆၃၂

မုံရွာဆရာမိုး - ဖုန်း-၆၉၉၆၁၁ လိုင်းခွဲ(၃၄၇)၊ ၆၉၀၄၅၆ လိုင်းခွဲ(၃၄၇)


www.burmeseclassic.com

www.burmeseclassic.com

# အံ့ဖွယ်တောမှာ အံ့ဖွယ်ပြောမိခြင်း

နှင်းနှင်း

မော်ဘီမြို့ အောင်ဇမ္ဗူတောရ ကျောင်း၌ ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များ ပူဇော်ခံနေသည်။ တစ်ဦးမှတစ်ဦး၊ တစ်ဖွဲ့မှတစ်ဖွဲ့ ပါးစပ်သတင်းများ စုံလင်လှ၏။ တရုတ်ပြည်မှ ခြောက်နှစ်၊ ခုနစ်နှစ် အရွယ်လောက်တွင် မြန်မာပြည်သို့ ရောက်ရှိလာခဲ့ကြသော တရုတ်အဘွားကြီးတစ်အုပ်စုသည် သွားရောက်ကြည့်ရှုကာ မမြင်ဖူးသည်ကို မိမိတို့၏ မျက်လုံးများဖြင့် ကြည့်၍ ကြည်ညိုချင်သဖြင့် -

"နှင်းနှင်း…မော်ဘီ ဂျပန်ဘုရားကို ပို့ပေးပါလား"

"အသက်ကြီးတဲ့ လူတွေဆိုတော့ အအေးခန်းကားက ရစ်ယောက်ပဲဆံ့မှာ။ အဲဒါ သေချာပေါက် လိုက်မယ့်သူတွေ စုလိုက်၊ သန်ဘက်ခါ သွားကြစို့"

လသာလမ်း ဘုံကျောင်းရှေ့တွင် စုရပ်လုပ်ထားသဖြင့် တရုတ်အဘွားကြီး တစ်အုပ်စု မုန့်များ၊ အသီးအနှံများ၊ ပန်းများ အစုံဝယ်ကာ မနက် ၆ နာရီကြိုမှာခဲ့သော ကြက်ဆီထမင်းဘူး ပါနိုင်သမျှသယ်၍ ထွက်ခဲ့ကြသည်။

အသက်များမှာ ခုနစ်ဆယ်ကျော်နှံ့ ပြည့်လုလု အဘွားကြီးများဖြစ်၍ အတွေ့အကြုံများစုံလင်လှသည်။ ပစ္စည်းဥစ္စာပြည့်စုံလှသဖြင့် တရုတ်ပြည်သို့လည်း အလည်ပြန်ကြ၊ အမျိုးကိုပြန်ကြည့်ကြ၊ ရိုးရာသင်္ချိုင်းကန်တော့သွားကြနဲ့ နိုင်ငံတကာ အတွေ့အကြုံများလည်း စုံလင်လှသည်။ ကားပေါ်တွင် စကားစုံလှသည်။ ထူးဆန်းဖွယ်တို့လည်း ပြောပြကြသည်။

"နှင်းနှင်း…နှင်လည်း တစ်ခုပြောပြပါ"

"ကိုယ်တွေ့ အထူးအဆန်း ပြောရမယ်ဆိုရင် ဘုရင့်နောင်မှာ နေစဉ်ကပေါ့။ ရောင်ပြန်မဂ္ဂဇင်းထုတ်ဝေတဲ့ ဦးမောင်မောင်မြင့်အေးတို့ မိသားစုတို့နဲ့ ဘိုကလေးအထိ ရောက်သွားတယ်။ အဲဒီမှာ မိကျောင်းမွေးမြူရေးကန်တို့၊ သဘာဝသစ်တောထိန်းသိမ်းမှု၊ ဦးရှင်ကြီးနတ်ကွန်းတို့ ရောက်ဖူးခဲ့တယ်။ ဘာတစ်ခု ထူးဆန်းလဲဆိုရင် အဲဒီကျွန်းပေါ်မှာလေ ဆိုင်ရာပုဂ္ဂိုလ်တွေဟာ အများကြီးရှိနေတယ်။ ဓာတ်ပုံလည်း ရိုက်ခဲ့တယ်။ ကိုယ်တိုင် ဗီဒီယိုစက်နဲ့လည်း ရိုက်ခဲ့တယ်။ အဲဒီသစ်ပင်ကြီးမှာ ဆင်ထားတဲ့ ဒန်းတစ်ခုဟာ တစ်ချက်ပဲလွှဲပြီး သစ်ပင်ကို ဘယ်နှချက် ဆောင့်ပြပါဆိုရင် အချက်ရေပြည့်အောင် ဆောင့်ပြပြီးမှ ရပ်တန့်သွားတယ်။ လွှဲလိုက်တဲ့ အရှိန်ကို အမျိုးမျိုးစမ်းပြီးလွှဲလည်း ပြောတဲ့အချက်ရေကို ပြည့်အောင် ရိုက်ပြဆောင့်ပြတာက မယုံမရတဲ့အဖြစ်ပဲ"

ရှေးဟောင်းဘုရား ရုပ်ပွားများ ထူးဆန်းသည်ကို မှတ်သားပြီး ပြောခဲ့ကြသည်မှာ ကိုယ်တွေ့စုံလင်လှသည်။ နှင်းနှင်းက -

"ရေမီကျင်း…ဒီအသက်အရွယ်နဲ့ ဒီလောက်ကျန်းမာနေခဲ့တာ ဘာကျင့်စဉ် တိတ်တခိုးကျိတ်ကျင့်နေတာ ပြောပြဦးလေ။ နိုင်ငံခြားလည်း ခဏခဏသွားတယ်"

"ဘုရားရှိခိုးလာတယ်ဆိုတော့ ငါမလိမ်ဘူးဆိုတာ နင်တို့ယုံရင် ပြောပြမယ်။ ကိုယ်တိုင်တွေ့ခဲ့တာကိုပဲ"

"ပြောပါ၊ ထူးဆန်းလေ ကြိုက်လေပဲ"

"ငါတရုတ်ပြည်က ပြေးလာတော့ ငါ့အဘိုးက တစ်လမ်းလုံး စောင့်ရှောက်လာခဲ့တာ။ သူက ဖုန်းရွှေပညာ သိပ်တတ်တာပဲ။ သူပြောတဲ့အတိုင်း ငါတို့အားလုံး ဘာမဆိုလုပ်တယ်။ အောင်မြင်တယ်။ ငါက သိပ်ငယ်သေးတယ်။ ဒီကိုရောက်စတုန်းက လူတွေ စီးပွားရေးဂရုစိုက်ရှာနေရတော့ ငါ့ကို အဘိုးပဲ ထိန်းခဲ့တာပေါ့။ ၁၈ လမ်းထောင့် ဘုံကျောင်း စာသင်ချိန်ဆို ငါ့ကို ကြိုပို့လုပ်တယ်။ သူက မနက်မနက် နေ့တိုင်း ရွှေတိဂုံရောက်တယ်။ ပြီးမှ ကွမ်းရင်စီ၊ ကွမ်းရင်စံမှာ သွားစီစဉ်တယ်။ တစ်ရက်တုန်းက ငါတို့တစ်အိမ်သားလုံးကို နှစ်သစ်ကူးရက်လည်း မဟုတ်ဘဲ အလုပ်

www.burmeseclassic.com

ခဏနားတဲ့ မနက်ကို သူနဲ့လိုက်ရမယ်။ အသီးတို့ အမွှေးတိုင်တို့ ရာဝယ်ထားတဲ့။ လူကြီးတွေ လုပ်ကြတာပဲ။ ငါကတော့ ဆော့တုန်းပျော်တုန်းပေါ့။ မနက်အစောကြီး ဆောင်းရာသီလိုပဲ ချမ်းကချမ်းနဲ့ အိပ်ကောင်းတုန်း ငါ့ကိုချီပြီး ဘုရားကုန်းပေါ်တက်ခဲ့ကြတယ်။ ရွှေတိဂုံက အဲဒီတုန်းက သိပ်မြင့်သလိုပဲ။ ဓာတ်လှေကားလည်း မရှိဘူးပေါ့။ ငယ်သေးတော့ အိပ်ငိုက်ပြီး ပါသွားတယ်။ အဘိုးချထားတဲ့နေရာမှာ ခွေပြီး ဆက်အိပ်နေမိတာပဲ။ လူကြီးတွေ ပွဲကို အကျအနပြင်နေကြတယ်။ ငါ့ကို လာနှိုးမှ ထကြည့်လိုက်တော့ ရွှေတိဂုံကို နှစ်ဆူတောင်ဖြစ်နေသလို မြင်ရတယ်။ ရှိခိုးဗန်းကြီးက လေထဲမှာ မြောက်တက်ပြီး ဘုရားကို လေထဲမှာ တစ်ပတ်ရှိခိုးဆွမ်းကပ်နေပြီး အံ့သြလို့ ရင်ခုန်နေမိတယ်။ အဘိုးက ဆုတောင်းလေ ဆုတောင်း သမီးရဲ့ဆိုပြီး ခေါင်းကိုပုတ်လိုက်မှ ကပျာကယာရှိခိုးပြီး ကျန်းမာချမ်းသာပါစေ၊ ဒါပဲ တတွတ်တွတ်ရွတ်ပြီး ရှိခိုးဗန်းကြီး စိန်ဖူးတော်နား ရောက်နေရာမှ ဟိုးအရှေ့ဘက်ကို ဘေးတိုက်ကြီးပြန်ထွက်သွားတာ ငေးကြည့်နေမိတယ်။ အမြင့်ဆက်မတက်ဘဲ ဘေးဖယ်ပြီး နေထွက်တဲ့ဘက် ရှိခိုးဗန်းပျောက်သွားမှ အသက်ရှူမိတယ်။ အဲဒါကိုယ်တွေ့ပဲ။ ငါလည်း သိပ်ကျန်းမာတာပဲ။ စီးပွားလည်းဖြစ်တယ်"

"အဲ…အဲဒီ ဘိုးဘိုးရော"

"သူလား…တရုတ်ပြည်ပြန်သေတာ။ သေခါနီး လပိုင်းအလိုလောက်မှာ တစ်အိမ်လုံးကိုခေါ်ပြီး ဆုံးမသေးတယ်။ အဲဒီတုန်းက ဦးနေဝင်းလက်ထက်ပေါ့။ ခရီးသွားတော့မယ်။ ဘယ်တော့မှ ပြန်မလာတော့ဘူးဆိုလို့ တစ်မျိုးလုံး ငိုကြတောင်းပန်ကြတယ်…။ ဘာမှလှည့်မကြည့်ဘူး။ တရုတ်ပြည် သူ့အိမ်ကို ရောက်ပြီး ကြေးနန်းတစ်စောင် ပို့သေးတယ်။ နောက်တော့ ဆုံးသွားတယ်။ ဘာမှမဖြစ်၊ မခံစားဘဲ အိပ်ရာထဲမှာ ဒီလိုပဲအိပ်ရင်း မနက် ဆန်ပြုတ်သောက်ဖို့သွားနှိုးမှ သေနေပြီ။ သူ့အဝတ်အစား သူ့ဘာသာလဲထားပြီး ပိုးဖိနပ်ကို အိပ်ရာထဲထိ ဝတ်ထားပြီးပြီ။ တရုတ်ပြည်မှာဆောင်းတဲ့ ဦးထုပ်အပျော့ကို ပိုးစနဲ့ချုပ်ထားတာ ဆောင်းထားတယ်။ ပြုံးတဲ့မျက်နှာနဲ့ သေနေရော"

"သူ့ပညာ မသင်ခဲ့ဘူးလား"

"ပညာမရခဲ့ဘူး။ ဥစ္စာတော့ရခဲ့တယ်။ ငါတို့ ကိုကိုဆို အရင်က သိပ်ဆိုးတယ်။ စက်ဘီးနဲ့တင်ပြီး ပဲခူးဆိုလား တိုက်ကြီးဆိုလား မသိဘူး။ ငရဲကျမယ့်လူတစ်ယောက် မြေမျိုနေတာကို လိုက်ပြတယ်။ ဒါပြီးထဲက ငါတို့ ကိုကို သိပ်လိမ္မာသွားတယ်။ အခု အမေရိကန်မှာ သိပ်ပြည့်စုံတာဘဲ။ သူ့စီးပွားကို သူများ အနိုင်မကျင့်ကြဘူး။ စောင့်ရှောက်ပေးကြတယ်။ ငါတို့ တူတွေ၊ တူမတွေလည်း လိမ္မာကြတယ်။ နှစ်သစ်ကူးရက်မှာတောင် အရက်မမူးကြ၊ ဖဲမရိုက်ကြဘူး။ ငရဲသွားမယ့်လူ ကြုံနေရတဲ့ဒုက္ခကို ငါတို့ကိုကို တစ်နေ့လုံး ထိုင်ကြည့်ခဲ့တာ ပြန်လာတော့ ဖျားသေးတယ် ကြောက်ဖျား"

"အမ်းကုံးဘိုးဘိုးကြီး ပြည်ကြီးပြန်တာ ဘယ်တုန်းကလဲ"

"၁၉၆၉ လောက်မှာ ပြန်တာ။ ဘာလို့ မှတ်မိလဲဆိုတော့ ၁၉၇၀ ဆို ငါ့ကိုကို အိမ်ထောင်ချပေးမလို့ အောင်သွယ်က ငါ့အဘိုးအသံ၊ အမျိုးဆိုတာ ကြားတာနဲ့…ခမည်းခမက်ဘက်က အရမ်းသဘောကျလို့ ချက်ချင်းပေးစားမှာ။ ကြောင်းလမ်းတာ သဘောတူတယ်လေ။ အဲဒါ မှတ်မိတယ်"

တိုးဂိတ်အရောက်တွင် စကားခဏပြတ်သွားသည်။ ကားတစ်စီးတွင်းမှ စကားဝိုင်းကား ကမ္ဘာအနှံ့ စုံလို့နေခဲ့သည်။ အတွေ့အကြုံများသူ၊ စီးပွားရေးအောင်မြင်ခဲ့သူ မြန်မာပြည်တွင် လာရောက်အခြေချနိုင်ခဲ့သူများ ဖြစ်သည်။

"ကားဆရာ ခင်ဗျား မြန်မာလား"

"ဟုတ်ကဲ့…မြန်မာစစ်စစ်ပါ။ ရန်ကုန်သားလည်း ဖြစ်ပါတယ်"

"အတွေ့အကြုံ ထူးဆန်းတာများ ကိုယ်တွေ့မရှိဘူးလား။ ပြောပြပါ"

"မကောင်းမှုနဲ့ ထူးဆန်းတာ မြင်ဖူးတယ်။ ပြောပြရမလား"

"လုပ်စမ်းပါ၊ ကြားဖူးရအောင်လေ"

"ကျွန်တော့်အဖေတို့ အဖွဲ့က အရက်သိပ်ကြိုက်တယ်။ အဲဒီထဲမှာ တစ်ဦးက အရက်ဆို စွဲလမ်းစွာသောက်တယ်။ မနက်လည်းသောက်တယ်၊ ညဉ့်နက်ကြီးလည်း ထသောက်တယ်၊ တစ်ရက်တော့ သူ့မိန်းမက အရက်ဝိုင်းမှာ လာပြန်ခေါ်ရင်းနဲ့ ရှင်ဘာလို့ ဒီလောက်သောက်တာလည်း မေးတော့ အရက်တွေက မူးမှ မမူးဘဲကိုး။ မူးဝေသွားရင် ဆက်မသောက်တော့ဘူးတဲ့။ အဲဒါ သူ့မိန်းမက ဘာစိတ်ကူးပေါက်မှန်းမသိဘူး။ အရက်ထိုင်သောက်နေကြတဲ့ ဗာဒံပင်ကြီး ပင်စည်ကို လ



www.burmeseclassic.com

www.burmeseclassic.com

ပုတ်ပြီး ကယ်တော်မူကြပါ အရှင်တို့။ ကျွန်မလင် မူးပြီး မသောက်နိုင်မှ ရပ်မှာမို့လို့ ကြည့်မနေပါနဲ့ဆိုလား ပြောပြီး အပင်ကို ဆွဲလိုက်၊ တွန်းလိုက်နဲ့တဲ့။ အဲဒါ နောက်ဆုံး လက်ကျန်ခွက်ကို ကုန်ရင် လိုက်မယ်ဆိုပြီး ဖန်ခွက်ကို ကိုင်သောက်နေတဲ့ သူ့ယောက်ျားခွက်ထဲ အရွက်တစ်ရွက် ပြုတ်ကျလာခဲ့တယ်တဲ့။ ဒီအရွက်လေးကိုဖယ်ပြီး မော့သောက်ပစ်လိုက်တာ အရပ်လည်းကုန်ရော မူးတယ်၊ အားလားလား မူးတယ်နဲ့ အရက်မမူးတတ်တဲ့လူဟာ ဒေါင်ချာစိုင်းအောင်မူးတော့ အဖေတို့က အိမ်ကို တွဲပို့ရတယ်တဲ့။ သုံးလေးရက်လုံးလုံး မူးနေတာ ခေါင်းမထောင်နိုင်လောက်အောင်တဲ့။ မမူးတတ်သူ မူးမှ ဘာဖြေဆေးတိုက်လဲ မပြောတော့ဘူး။ အရင်ရက်တွေထက် လျှော့သောက်ခဲ့ရပေမယ့် အဲဒီအရွက်လေး တစ်ခုကြောင့်ဆိုပြီး အဲဒီဗာဒံပင်အောက် ပြန်တောင်းပန်ဖို့ သွားမှ လမ်းလျှောက်နိုင်တာတဲ့။ ကန်တော့တောင်းပန်ပြီး အရက်ဖြတ်ပါ့မယ်ဆိုမှ ချက်ချင်း လူကောင်းပြန်ဖြစ်သွားပြီး အမူးပြေတယ်။

နောက်တစ်ဦး စမ်းသပ်ပေမယ့် ဘာမှမဖြစ်ဘူး။ တစ်ရွက်မဟုတ်ဘူး သုံးရွက်ထည့်လည်း ဘာမှမထူးခြားဘူး။ တစ်ခါတည်း ဒီတစ်ချိန်လေးထဲမှာပဲ ဖြစ်ပြီး နောက်မဖြစ်တော့ဘူး။ ဟိုလူ အရက်မသောက်ရဲတော့ဘူး။ တစ်ကြိမ်တည်း မူးဖူးပေမယ့် တစ်သက်လုံး အရက်ပြတ်သွားတယ်။ ထူးတာပါပဲ ဟုတ်ဘူးလား"

မှန်လုံကားအတွင်းဝယ် အံ့ဖွယ်စကားများပြောဆို၍ လာခဲ့ကြသည်။ အပြန်လမ်းမှာ အသွားနှင့်မတူ။ နေပူခံရပြီး ကားလမ်းများပိတ်သည် ရှိခဲ့ပြီး ကျောက်တော်ကြီးဘုရားကို ဖူး၍ ဆယ်မိုင်ကုန်းဘက်သို့ မင်းဓမ္မလမ်းမှ ထွက်လာခဲ့သည်။

တစ်ယောက်က "ဒီနေရာကြည့်စမ်း၊ အရင်က သင်္ချိုင်းကုန်း။ တရုတ်ရှိုးရာကန်တော့ထွက်တဲ့အချိန်ဆို လာလာကန်တော့ရ၊ အုတ်ဂူကို သန့်ရှင်းအောင်လာလုပ်ရတယ်။ အခုတော့ မြို့ဖြစ်ခဲ့ပြီ"

"အဲ့···ကားပိတ်နေတုန်း နေပူလို့ ကြက်ဆီထမင်းကို သွေးတိုးတက်မယ် ထင်ပြီး မစားရသေးတဲ့ဘူးတွေ ဒီနားမှာ ခေါ်ပြီး ကျွေးလိုက်မယ်။ ကျန်နေတဲ့ ပုဂ္ဂိုလ်တွေ စားစရာရကြပါစေ။ ကားထွက်လို့ လမ်းရရင် ရှေ့နားမှာစောင့်နော်။ ဘယ်သူတွေဆင်းဦးမလဲ၊ ငါတော့ဆင်းမယ်"

ကိုးမိုင် တရုတ်သင်္ချိုင်းနေရာဟောင်းတွင် အဘွားကြီး တစ်ဝက်မျှ ကြက်ဆီထမင်းကျွေးရင်း အလှူငွေထည့်လာခဲ့သော ဖြတ်ပိုင်းလေးများကို ရွှေစက္ကူအစား မီးရှို့ပေးကြ၊ အမျှဝေနေကြသည်။

ကားမောင်းသမားနှင့် ကားပေါ်မှာ လူတချို့ ကျန်ရစ်သည်။ ဘီးကို လိမ့်ရုံလေးမောင်းကာ ဆင်းသူများတက်နိုင်ရန်၊ မီလာစေရန် စောင့်ကြသည်။ ရွှေပုစွန်အအေးဆိုင်တွင် ဖာလူဒါသောက်ရန် ပြောဆိုနေခဲ့ကြသည်။ အိမ်ပြန်ကြပြီတည်း။

မြို့တွင်းတွင် ကားလမ်းပိတ်နေသည်။ မြို့ထဲ ရွှေပုစွန် အအေးဆိုင်ရောက်ခါနီးတွင် ကားမောင်းသူထံသို့ ဖုန်းဝင်လာသည်။ ကားအငှား လာခေါ်ခြင်းဖြစ်သည်။ လမ်း ၂၉ တွင်နေခဲ့သော ကောင်းစွာခင်သည့် အဒေါ်ဖြစ်သူက -

"ဟဲ့···မင်္ဂလာဆောင် လာငှားတာလား။ လိုက်သွား။ ငါတို့ကို ရွှေပုစွန်မှာချခဲ့။ ငါတို့ အေးအေးဆေးဆေးစားသောက်ပြီး လမ်းလျှောက်ပြန်လည်းရတယ်။ ကားငှားလည်းနီးတော့ တစ်ထောင်ပဲ ပေးရမယ်။ နင်က မိသားစုပွဲတက်ဖို့ဆိုတော့ အရကောင်းမယ်၊ လိုက်သွား"

"ညနေ ၅ နာရီမှပါ။ အသွားအပြန် စောင့်ရမယ်။ မနှစ်က အကယ်ဒမီပေးတဲ့ညမှာ မိတ်ဆွေဖြစ်ခဲ့တဲ့သူတွေမို့ ကပ်စေးလည်းမနဲဘူး။ ကားသန့်တာရယ်၊ စီးမယ့်လူနဲ့ အတော်ပဲဆိုတော့ လာငှားနေတယ်။ ရွှေပုစွန်မှာချပြီး ကျွန်တော် ရေဆေးစင်တာ ခဏဝင်လိုက်မယ်။ ကားလေး ပိုလှသွားအောင်လေ"

ရွှေပုစွန် အအေးခန်းနဲ့ မုန့်အရောင်းခန်း ကြားလမ်းလေး ရောက်ခါနီးတွင် ကားတစ်စီးထွက်သွားသဖြင့် ပါကင်ဝင်ထိုးဖြစ်သည်။

မှော်ဘီ အောင်ဇမ္ဗူတောရလမ်းမှ အပင်မှည့် မာလကာသီးများ၊ ဖရဲသီးများ၊ ဟင်းရွက်များ၊ သင်္ဘောသီးများ ဝယ်ယူခဲ့ကြသည်။ လူတိုင်း ကြွပ်ကြွပ်အိတ်နှင့်ထည့်ခဲ့ပြီး ကားနောက်ခြမ်းတွင် စုပုံထည့်ထားသည်။ အအေးစက်တောက်လျှောက်ဖွင့်ထားသဖြင့် မုန်လာဥများမှာ လုပနေဆဲဖြစ်သည်။ အသီးအရွက်အထုပ်များမှလွဲပြီး ချက်ချင်းစားနိုင်သောအသီး တစ်ခုမှ မရှိတော့ပေ။



www.burmeseclassic.com

www.burmeseclassic.com

"ဟဲ့ . . . မာလကာသီးတွေ၊ သဘော်သီးတွေရော"

"အေး…ဖရဲသီးလည်း မရှိတော့ဘူး"

"ဟင် . . ."

အားလုံး အံ့ဩနေမိသည်။ တစ်လမ်းလုံး ထူးဆန်းဖွယ်များပြောပြီး လာခဲ့သောသူများ အံ့ဖွယ်နဲ့ ဆုံခဲ့ရသည်။

"သူခိုးက ခိုးရင်လည်း ဟင်းချက်ပြီးစားရမယ့် အရွက်က အပေါ်မှာတင် လာတော့ အရင်ခိုးရမှာပေါ့။ အောက်မှာထည့်ထားတဲ့ မာလကာသီးတို့၊ ကွဲကောသီးတို့က ဘာလို့မရှိတော့တာလဲ"

"နင်တို့ ကိုးမိုင်သချိုင်းမှာ ဘာတွေ ခေါ်ကျွေးမိသလဲ"

"အဲ . . . ဘာတွေပြောမိပါလိမ့်။ စားစရာတွေပါတယ်၊ လာယူစားကြလာကြလို့ ခေါ်မိတယ်ထင်တယ်။ အဲ… ဟုတ်တယ်။ အဲလို ပြောခဲ့မိတယ်။ ကြက်ဆီထမင်းပဲ ဖြေပေးခဲ့တာ။ ကားပေါ်အထိ သူတို့ လာယူသွားကုန်သလားပဲနော်"

"သူတို့ပဲ ရှိမှာပေါ့။ နို့မဟုတ်· · အထုပ်တွေရှိမှာပေါ့"

ကားမောင်းသူမှာ ပစ္စည်းပျောက်ရသဖြင့် အရမ်းအားနာကာနေသည်။ တောင်းပန်စကား ဆိုလေသည်။

"မင်းအပြစ်မဟုတ်ဘူး။ ခေါ်မှားပြောမှားမိတာပါ"

"သူတို့တွေ ခုထိရှိနေတုန်းနော်"

"ရှိတာပေါ့။ ဝဋ်ကြွေးမကုန်သေးရင် ရှိနေဆဲဘဝမှာ ကြာရဦးမယ်။ လာမကျွေးရင် ငတ်နေရှာမယ်"

"ငတ်လို့ပဲ ခေါ်မှားသွားတာ၊ တစ်ခါတည်း လာယူသွားခဲ့ပြီ"

အံ့စရာပင်။ ထိုနေ့က လတ်ဆတ်သော အသီးအနှံများ မစားကြရတော့ပေ။ ဟင်းချက်ရန် အရွက်များကား ကျန်ရှိနေသေးသည်။

◆

"ကလင် . . . ကလင်"

"ဟာ…ညဥ့်နက်သန်းခေါင်ကြီး ဘယ်သူပါလိမ့်"

အိမ်ဖုန်းက လှုခေါ်သံထွက်၍ ထကိုင်ရသည်။

"နှင်းနှင်းလား။ မေရီကျင်းပါ။ အိပ်ပျက်သွားပြီလား"

"ကျင်းကျင်းတို့အိမ်က မအိပ်သေးဘူးလား။ ၁၂ နာ ရီ ၄၀ ရှိပြီ"

"တစ်ရေးနိုးလာတာ နှင်းနှင်းရေ၊ ညနေက ငါထိုးထားတဲ့ ချဲဂဏန်း ထပေါက်လို့၊ စောစောအိပ်လိုက်တာ အိပ်မက်မက်တယ်။ ကိုးမိုင်က ငါတို့သစ်သီးတွေ စားပစ်ခဲ့တဲ့ ပုဂ္ဂိုလ်တွေ အလျော်လာပေးတယ်။ ဆွေမျိုးလည်းမတော်ဘဲ ယူစားခဲ့ရတဲ့အတွက် အားနာလို့တဲ့။ သူတို့မှာလည်း တစ်ခါတလေမှ ခေါ်ကျွေးကြလို့တဲ့။ အဲဒါ ငါလည်းနိုးလာရော မနက်ကျရင် အိမ်ကမုန့်တွေရယ်၊ ရွှေစက္ကူရယ်ယူသွားပြီး ခဏသွားမလားလို့၊ အိမ်ကကားက သုံးလေးယောက်ပဲဆံ့တာ လိုက်ဦးမလားမေးတာ"

"မလိုက်တော့ဘူး ကျင်းကျင်းရယ် . . . နော်"

သူတို့က စက်ရုံမှပို့ထားတဲ့မုန့်တွေ ဆွဲသွားရင်ဖြစ်ပြီ။ သူ့အိမ်မှာက ကားကလည်း ပေါမှပေါ။ နောက်ပြီး ချဲ့ထိုးတာကလည်း သူတစ်ယောက်တည်းရှိပြီး ပေါက်လည်းပေါက်ထားသဖြင့် ငွေပေါ်နေသူတည်း။ ကိုယ်က မဟာယာနာ ဗုဒ္ဓဘာသာမှ ထေရဝါဒ စစ်စစ်ဖြစ်အောင်လည်း ကြိုးစားနေသူမို့။

ဖုန်းချသွားပြီး ပြန်အိပ်တော့ အိပ်မပျော်တော့ပေ။ စဉ်းစားနေမိသည်။ သချိုင်းကို ဖျက်သိမ်းသော်လည်း ၁၂ နှစ်အထိ ဆက်လက်တည်ရှိနေဦးမည်ဟု ငြိကာကျော်တွင်လား၊ ဝိသုဒ္ဓိမဂ်တွင်လား သင်ယူခဲ့ရသည်။ ဘဝများက မင်္ဂမရသေးလျှင် သံသရာ ရှည်လျားနေပေဦးမည့်သူများ ဘဝကို မကျွတ်လွတ်သေးသူများ ထည့်တွက်လျှင် ကိုယ်လည်း သံသရာမှာ မကျွတ်သေးသူထဲတွင် ပါဝင်နေဆဲဖြစ်သည်။ ဘာတွေပြောပြော၊ ဘာတွေလုပ်လုပ် အားလုံးကံပင်။

ကံများစုမိဆောင်းမိ၍ အကြောင်းသင့်လျှင် ဘဝတစ်ခု ဖြစ်ရသည်။ ထိုဘဝတို့သည်လည်း တဏှာဥပါဒါန်ကြောင့် ထပ်တလဲလဲ ဖြစ်ပေါ်သည်။ ကံကောင်းများပြုခဲ့လျှင် ဘဝကောင်းများ ဖြစ်ကြသည်။ အကောင်းတွေလိုရင် ပြုလုပ်ရမည်မှာ မိမိကိုယ်တိုင်ဖြစ်သည်။

သာသနာနဲ့ ကြုံဆုံခဲ့ရ၍သာ ဤသို့နားလည်ရသော ဘဝအဆင့်အတန်းကိုရခြင်း ဖြစ်သည်။ သာသနာသည် အမြဲရှိနေမည် မဟုတ်သဖြင့် မိမိတို့၏ဘဝများကို ကောင်းစေချင်သူများသည် သာသနာတော်တွင်းတွင် ကြိုးစားကာ မိမိနလုံးသားမှာ သာသနာတည်ရှိစေဖို့ လိုသည်။

နှင်းနှင်း



www.burmeseclassic.com

www.burmeseclassic.com

# အထက်ဆောင်ပန်း၊ အောက်နင်းကြမ်း ရှင်လန်းအေးကြည်ရာ

ဝင်းဇော်(သုံးဆယ်)

မတွေ့ရသည်မှာ အတော်ကြာပြီဖြစ်သော သာယာဝတီမြို့ ကျောင်းစုရပ်ကွက်ထဲမှ ဆရာကိုလှိုင်မောင်ထံသို့ ကျွန်တော်လာခဲ့သည်။ အဘိုးဆရာသိန်း ကွယ်လွန်သွားပြီးသည့်နောက်ပိုင်း ဗေဒင်ပညာကို ဆရာကိုလှိုင်မောင်ထံမှ ဆက်လက်သင်ယူခဲ့ရသည်။ ဆရာကိုလှိုင်မောင်က ဗေဒင်ပညာကို သင်ကြားပေးရာတွင် စိတ်ရှည်သည်းခံသည်။ ဆရာသမားတစ်ဦးပမာသာမက အစ်ကိုတစ်ဦးပမာ ခင်မင်ရသည်။

"ဟာ…ဇော်မောင်၊ မင်းနယ် နေနိုင်လိုက်တာကွာ။ အခုမှပဲ တွေ့ရတော့တယ်"

"အလုပ်မအားလို့ မလာဖြစ်တာပါ အစ်ကိုဆရာရယ်။ အခု သတိရလို့ လာတာပါ။ နင်တော့မလွှတ်ပါနဲ့"

"ငါကလည်း မင်းကို တွေ့ချင်နေတာပါကွ"

"ဟန်ကျလိုက်တာ အစ်ကိုဆရာရယ်"

"ငါက အင်္ဂဝိဇ္ဇာ ဆရာသိန်းဆီက ပညာတွေယူပြီး မင်းကို ပြန်သင်ပေးခဲ့ရတာဆိုတော့ ငါ့ပညာဟာ မင်းအဘိုးဆရာသိန်းရဲ့ ပညာတွေပေါ့ကွာ။ မင်းအဘိုးက သူ့နာမည်ရှေ့မှာ အင်္ဂ။ ကိုယ်အင်္ဂါကို ဝိဇ္ဇာ၊ သိခြင်း။ နှစ်ခုပေါင်းတော့ ကိုယ်အင်္ဂါကို လူမြင်တာနဲ့ သိခြင်းရှိတဲ့ ဆရာသိန်းလို့ နာမည်ယူထားတာကွ။ အခု မင်းကို အဲသေအချာကြည့်တော့ မင်းက ငါ့ကို သိချင်တာမေးချင်လို့ လာတယ်ဆိုတာ မင်းရဲ့ အင်္ဂရုပ်မှာ ပေါ်နေတယ်ကွ"

"မှန်လိုက်တာ အစ်ကိုဆရာရယ်။ ဒီလို ဆရာရေ။ ကြိုရန်။ စတုရန်းဆိုတာ အောက်ဂြိုဟ်တွေဖြစ်တော့ အနိဋ္ဌကိစ္စတွေမှာ သုံးတာတော့ ကျွန်တော် သိထားပါတယ်။ လူတွေကို မှန်းတီးသွားစေလိုတာ၊ ပြေးသွားစေလိုတဲ့အခါမျိုးတွေမှာ သုံးတာပေါ့။ ဒါပေမယ့် ကောင်းစေလိုတဲ့အခါမျိုးတွေမှာ သုံးလို့ရ/မရဆိုတာကို အစ်ကိုဆရာကို လာမေးတာ"

"ဟား ဟား ရတာပေါ့ညီလေးရယ်။ ဗေဒင်ပညာမှာ အထက်ဆောင်ပန်း၊ အောက်နင်းကြမ်း၊ ရှင်လန်းအေးကြည်ရာဆိုတဲ့ လင်္ကာရှိနေတာပဲ။ အင်္ဂဝိဇ္ဇာပညာမှာ တိုင်တစ်တိုင်ကို လူတစ်ဦးလို သဘောထားပြီး ကြည့်ရမယ်ကွ။ ဒဲဒါမှ သဘာဝအမှန်ကို သိရတော့မှာလေ။ မင်းသဘောပေါက်အောင် ငါ ပုံကြမ်းဆွဲပြမယ်။ မင်း သေသေချာချာ မှတ်သားပေတော့"

"ပညာလိုချင်လို့ အစ်ကိုဆရာဆီကို လာတာ။ သေချာမှတ်သားပါ့မယ်"

"အဘိုးဆရာသိန်းရဲ့ ပညာတွေပဲကွ"


"အခါတိုင် တစ်တိုင်မှာလည်း အထက်ဆောင်ပန်း အောက်နင်းကြမ်းဆိုတဲ့ လင်္ကာစာသွားကို ယူရာမှာ လူတစ်ယောက် ရပ်နေပုံနဲ့ နှိုင်းယှဉ်ကြည့်ရမယ်။ အထက်ဆောင်ပန်းဆိုတာက ခါးအထက်မှာ အဆောင်ပြုဖို့ ပြောတာ။ အောက်နင်းကြမ်းဆိုတာက ခါးအောက်မှာ အဆောင်ပြုဖို့ ပြောတာကွ။

အထက်ဂြိုဟ်နံသင့်တွေကို ခါးအထက်မှာ ဆောင်ခြင်း၊ ဘုရားလှူခြင်း၊ အမွှန်အမြတ်ပြုလုပ်ခြင်း၊ ဘုရားကျောင်းကန်တို့ရဲ့ အထက်မှာ ဆောင်ခြင်း၊ မျက်နှာကြက်



www.burmeseclassic.com

www.burmeseclassic.com




ပြုလုပ်လှူဒါန်းခြင်း စတာတွေကို အထက်ဆောင်ပန်းလို့ ခေါ်တယ်။

အောက်ဂြိုဟ်နံ့သင့်တွေကို အိပ်ရာအောက်မှာခင်းခြင်း၊ ခါးအောက်မှာဆောင်ခြင်း၊ လှေကားအဆင်းအတက်မှာ ခင်းပြီး ဆောင်ခြင်းတို့ကို အောက်နင်းကြမ်းပြုတယ်လို့ ခေါ်တယ်။

မင်း အသေအချာသိအောင် ပြောပြဦးမယ်။ အောက်နင်းကြမ်းတွေပြုပြီး ကိစ္စအဝဝ အောင်မြင်အောင် ဆောင်ရွက်ပုံကို ရှင်းပြချင်တာ။ တစ်ခါက ငါ့ဆီကို ကိုဥက္ကာဆိုတဲ့လူ တစ်ယောက် ရောက်လာပြီး အမှုကိစ္စတစ်ခုကို အောင်မြင်ချင်လို့ဆိုပြီး အစ်ကို့ကို အကူအညီတောင်းတယ်။ အစ်ကိုက သူ့ကို နင်းကြမ်းယတြာ ပြုနိုင်းလိုက်တယ်"

"နင်းကြမ်းယတြာ ဆောင်ရွက်ပုံကို နားလည်အောင် ရှင်းပြပါဦး အစ်ကိုဆရာရယ်"

"နင်းကြမ်းယတြာမှာ အောက်ဂြိုဟ်တွေဖြစ်တဲ့ ဗြိတ္တိရန်းနဲ့ စတုရန်းကိုသုံးရမယ်။ တနင်္ဂနွေနေ့သား ဥက္ကာအတွက် ဗြိတ္တိရန်းက ဇော်စိမ်း၊ စတုရန်းက ရွှက်လှကို သုံးရမယ်။

၅

၂

၆

၁

၄ ရွှက်လှ

၀

၃ ဇော်စိမ်း

"တနင်္ဂနွေသားဟာ အမှုကိစ္စ အောင်မြင်ချင်ရင် သူ့ရဲ့ ဗြိတ္တိရန်းနှစ်ထပ် အညွှန့်အခက်ကို လက်ဝဲခြေအောက်မှာ နင်း စတုရန်းနှစ်ထပ် အညွှန့်အခက်ကို လက်ယာခြေအောက်မှာနင်းပြီး ယတြာပြုရပါမယ်။ တနင်္ဂနွေအခါမှာ ခိုင်းရမယ်၊ ရက်ရွေးလို့ မရရင် တနင်္ဂနွေအခါကို သုံးရမယ်။ ဟုတ်ပြီလား"

"ဟုတ်ပါပြီ ဆရာအစ်ကို၊ အစ်ကိုဆရာရယ်"

ကျွန်တော်သည် ဆရာကိုလှိုင်မောင်ကို ရှိခိုးဦးတင်ပြီးနောက် အိမ်သို့ ပြန်လာခဲ့ပြီး နင်းကြမ်းယတြာကို စာမှတ်တမ်း တင်ထားမိပါသတည်း။

**ဝင်းဇော်(သုံးဆယ်)**

၀၉-၂၆၁၄၃၅၃၇၂



www.burmeseclassic.com

www.burmeseclassic.com



# မေးခိုင်ရောဂါ နိုင်တဲ့(ပျောက်တဲ့)

# ထင်းရှူးဆီ

ရှမ်းစုသား

တစ်ချိန်က ဗိုလ်တစ်ထောင် သတင်းစာတိုက်မှ အကြီးတန်းသတင်းထောက် (ဓာတ်ပုံ)ကိုအောင်သူသည် တာဝန်ဖြင့် ဓာတ်ပုံသတင်းရိုက်အပြန် သတင်းစာတိုက်ရောက်သောအခါ ဆိုင်ကယ်ပေါ်မှအဆင်း မော်တော်ဆိုင်ကယ်မှ အစွန်းထွက်နေသော သံချွန်ဖြင့် ခြစ်မိကာ အမှုမဲ့အမှတ်မဲ့နေခဲ့သဖြင့် အညှော်မိကာ မေးခိုင်ရောဂါဝင်ကာ ဆေးရုံအတက် နောက်ကျသဖြင့် ဆေးရုံတွင်ပင် သေဆုံးခဲ့ပါသည်။

နာမည်အကျော်ကြီးတဲ့ စာရေးဆရာကြီးတစ်ဦးရဲ့ ဇနီးဟာလည်း မော်လမြိုင်တက္ကသိုလ်တွင် တာဝန်ကျစဉ်က ခွဲစိတ်ကုသခံယူခဲ့ရကာ အညှော်မိသဖြင့် မေးခိုင်ရောဂါဝင်ကာ သေဆုံးခဲ့ရပါသည်။ ဒါက ကျွန်တော် နမူနာအဖြစ် တင်ပြခြင်း ဖြစ်ပါသည်။ မေးခိုင်ရောဂါပိုးဝင်၍ သေတဲ့လူတွေ အများအပြားရှိပါသည်။

ဆေးရုံမှ ဆရာဝန်၊ ဆရာမများကလည်း ခွဲစိတ်ကုသခံဝေဒနာရှင်များအား အညှော်ကို ဂရုတစိုက်ရှောင်ရန် အမိကမှာကြားကြပါသည်။

သို့သော် အညှော်ဆိုသည့် အနံ့က ရှောင်ရှား၍ရသော အနံ့မဟုတ်ပါ။ မည်သို့ပင် ကြိုးစားရှောင်ရှောင် မရသော အနံ့သာ ဖြစ်ပါသည်။ နံနက်စောစော အိပ်ရာကထောင်မထရသေးဘူး အမွှက်မီးရှို့တဲ့အနံ့၊ ကားတွေက ထွက်လာတဲ့ ဓာတ်ဆီနံ့၊ အင်ဂျင်ဝိုင်အနံ့၊ ပတ်ဝန်းကျင်အိမ်တွေက စောစောအလုပ်သွားရမယ့် မိသားစုဝင်တွေ ထမင်းချိုင့်အတွက် ချက်ပြုတ်တဲ့ အညှော်နံ့၊ ဆီသတ်တဲ့ အနံ့မျိုးစုံဟာ ဘယ်လိုမှ ရှောင်လို့မရပါ။ တောရွာတွေမှာ ပတ်ဝန်းကျင်



www.burmeseclassic.com

www.burmeseclassic.com

အိမ်မှာ ရောဂါဝေဒနာသည်ရှိရင် အညှော်လုပ်မယ့်အိမ်က အညှော်လုပ်မယ်ဗျို့...ညှော်ကြမယ်ဗျို့ဟု ထွက်အော်ရင် အညှော်လွတ်ရာသို့ ကြိုတင်ရှောင်နိုင်ကြပါသည်။ လူနေအိမ်ခြေသဘာဝ ရှောင်ရတာ လွယ်ပါသည်။ ရန်ကုန်လိုမြို့ကြီးတွေမှာ လူနေအိမ်ခြေ ပြွတ်သိပ်နေသဖြင့် ဘယ်လိုမှ ရှောင်၍မရပါ။

ကျွန်တော် မျက်စိ ခွဲစိတ်ကုသခံရစဉ်က ဆေးရုံရက်ချိန်စေ့၍ ပြန်ပြသောအခါ ကိုယ့်အလှည့်မရောက်ခင် ဝေဒနာရှင်အချင်းချင်း ကိုယ့်ထက် စီနီယာကျသူတွေနဲ့ ဆေးရုံအတွေ့အကြုံ ဖလှယ်ရင်း စကားစပ်မိသဖြင့် အညှော်အကြောင်း မေးကြည့်တဲ့အခါ သူတို့က "ဟာ...အညှော်ရှောင်လို့ ဘယ်ရမလဲဗျာ။ မောရိယမန်းဆေး ဆောင်ထားရတာပေါ့။ အညှော်မိရင် မောရိယမန်းဆေး သောက်လိုက်ရင် အတော်အဆင်ပြေတယ်။ ဒီတော့မှ ကျွန်တော်လည်း မောရိယမန်းဆေး ဆောင်ထားရပါသည်။ အညှော်နံ့ရတဲ့အခါ သောက်လိုက်ရင် တော်တော်လေး အဆင်ပြေပါသည်။

ခွဲစိတ်လူနာများနှင့် သံစူးခြင်း၊ ဓားရှခြင်း၊ သံပြားခြစ်မိ စသည့် ဝေဒနာရှင်တွေဟာ အညှော်နံ့ဆိုး(ငရုတ်သီးနဲ့ ကြက်သွန်ရောပြီး ဆီသတ်တဲ့အနံ့၊ ငရုတ်သီးညှော်နံ့၊ အပုပ်နံ့) စသည့်အနံ့များ ရှူရှိုက်မိလျှင် ပေါ်ပေါ်ဆဆ နေမိကာ မေးခိုင်ရောဂါပိုးဝင်ကာ အချိန်မီမကုက အသက်ပါ ဆုံးရှုံးတတ်ပါသည်။

ကျွန်တော် ကျောင်းသားဘဝက ၁၀ တန်း သင်ရိုးညွှန်းတမ်း အပိုမြန်မာစာတွင် "ဥမ္မာဒန္တီပျို့"သင်ခဲ့ရပါသည်။ ကျွန်တော် အပိုမြန်မာစာ ဂုဏ်ထူးထွက်ကာ ၁၀ တန်း အောင်ခဲ့ပါသည်။ ဥမ္မာဒန္တီပျို့ထဲတွင် "နွယ်မြက်သစ်ပင် ဆေးဖက်ဝင်"ဟု ဆိုသော စာတစ်ပိုဒ် ပါပါသည်။ စာအုပ်ထဲက စာပိုဒ်အတော်များများလည်း ကျက်မှတ်ခဲ့ရပါသည်။ သို့သော် နွယ်မြက်သစ်ပင် ဆေးဖက်ဝင်ဟု ပါသော်လည်း မည်သို့ အစွမ်းထက်သည်နှင့် သုံးပုံသုံးနည်းတော့ မပါပါ။

ကျွန်တော် လေ့လာဖူးတဲ့ ဆေးဖက်ဝင် သစ်ဥ၊ သစ်ဖု၊ သစ်ခေါက်၊ အသီးအနှံ စသည့်အကြောင်းတွေကို ရေးသားတဲ့ စာရေးသူတွေဟာ မည်သို့အစွမ်းထက်သည်၊ မည်သို့ အာနိသင်ရှိသည် စသည်တို့သာ အဓိကထား ရေးကြပြီး ဆေးဖော်စပ်နည်း၊ အတိုင်းအဆ၊ အချိန်အတွယ်၊ သက်တမ်း စသည်တို့ မပါသည်က များပါသည်။ ကျွန်တော် အကြံပြုချင်တာက မိမိတို့ရေးတဲ့ ဆေးပင်အကြောင်းကို ပြည့်ပြည့်စုံစုံ ဖော်စပ်နည်း၊ အချိန်အတွယ်၊ သက်တမ်း စသည်တို့ ပြည့်စုံအောင် ရေးစေချင်ပါသည်။

## ထင်းရှူးဆီ

ကျွန်တော် တင်ပြလိုတာက ထင်းရှူးဆီအကြောင်း ဖြစ်ပါသည်။ တစ်ချိန်တစ်ခါက ထင်းရှူးဆီဟာ ဆားလိုပါပဲ။ အိမ်တစ်အိမ်ရဲ့ မီးဖိုချောင်မှာ ဆားမရှိမဖြစ်သလို ထင်းရှူးဆီ မရှိရင်လည်း ချက်ရေးပြုတ်ရေးအတွက် မီးဖို၊ မီးမွှေးရတာ အဆင်မပြေပါ။ အဲဒီအချိန်က မီးသွေးဖို၊ ထင်းမီးဖိုသာ အသုံးပြုတာ များသည့်အတွက် ထင်းရှူးဆီဟာ မီးဖိုချောင်ထဲမှာ အိမ်ရှင်မတို့ရဲ့ အချစ်တော်ဖြစ်ခဲ့ပါတယ်။ အခုတော့ နေရာတကာမှာ လျှပ်စစ်သုံးလာတော့ ချက်ရေးပြုတ်ရေးဘက်မှာပါ လျှပ်စစ်က နေရာယူထားသဖြင့် ထင်းရှူးဆီဟာ အသိအမှတ်ပြုခံရမှာ နည်းလာပါသည်။ ဒါပေမယ့် အလွယ်ရနိုင်သော ပစ္စည်းဖြစ်နေဆဲပါ။ အဲဒီထင်းရှူးဆီဟာ ငွေမကုန် လူမပင်ပန်းဘဲ လူ့အသက်ကို ကယ်နိုင်စွမ်းလည်း ရှိပါတယ်။ ဘယ်လိုကယ်နိုင်သလဲဆိုတာ တင်ပြပါမည်။

## ထင်းရှူးဆီအစွမ်း

ကျွန်တော်ငယ်စဉ် လွန်ခဲ့သော နှစ်ပေါင်း ၄၀ ကျော် ၅၀ ခန့်က တောရွာတွေမှာ အခုလို လမ်းပန်းဆက်သွယ်ရေးကလည်း မကောင်း၊ ရောဂါဖြစ်က မြို့ဆေးရုံသွားကုဖို့ဆိုတာ အင်မတန် ခက်ခဲပါတယ်။ ငရုတ်သီးညှော်နံ့၊ အပုပ်နံ့၊ ဟင်းချက်ရန်သုံးဖို့ ငရုတ်သီး၊ ကြက်သွန် ရော၍ ဆီသတ်တဲ့အနံ့တို့ဟာ လူကို အင်မတန် ဒုက္ခပေးတဲ့ အနံ့အသက်တွေဖြစ်ပါတယ်။ ရောဂါဝေဒနာ ခံစားနေရသူ ၎င်းအနံ့တွေကို ရှူမိရင် ရောဂါတိုးလာမယ်။ တစ်ခါတစ်ရံ အသက်ပါ ဆုံးရှုံးတတ်ပါသည်။ ဆုံးရှုံးသည်ကိုလည်း တွေ့ဖူးပါသည်။ အဲဒီလို အန္တရာယ်ဖြစ်စေတဲ့ အနံ့အသက် အညှော်နံ့တွေ ရှူရှိုက်မိက မိဘတွေက အိမ်မှာစိုက်ထားသော ကြက်ဟင်းခါးပင်



www.burmeseclassic.com

www.burmeseclassic.com

အရွက်ကိုခူး၍ အရည်ညှစ်ကာ ရတဲ့အရည်အား ဆားအနည်းငယ်ထည့် ရောသမမွှေကာ တိုက်ပါသည်။ အဲဒီအချိန်က အိမ်တိုင်းလိုလို ရာသီပင်ဖြစ်တဲ့ ကြက်ဟင်းခါးပင်ကို စိုက်ကြသည်မှာ အလေ့အထလို ဖြစ်ပါသည်။ သစ်ပင်ရဲ့သဘာဝအရ ကြက်ဟင်းခါးပင်တွေ အပင်ကျချိန်၊ သေဆုံးတဲ့အချိန် (အထူးသဖြင့် နွေရာသီမှာ သေတတ်ပါသည်။)ထိုအခါ ကြက်ဟင်းခါး မရနိုင်ပါ။ ထိုအခါ အိမ်တိုင်းလိုလို ဝယ်ယူဆောင်ထားတတ်တဲ့ ထင်းရှူးဆီကိုသွေးပြီး အရည်(မပျစ်မကျဲ) ဟင်းစားဇွန်း တစ်ဇွန်းခန့်အား ဆားအနည်းငယ်ထည့် ရောသမမွှေကာ တိုက်ပါသည်။ အသျှော်နှံ့ကြောင့် ဖြစ်ပေါ်ခံစားရသည့် ရောဂါဝေဒနာများလည်း ပျောက်ပါသည်။

## ကျွန်တော့်ကိုယ်တွေ့ အဖြစ်အပျက်

ကျွန်တော် တာမွေတွင် အိမ်ငှားဘဝဖြင့် နေရစဉ်က ကျွန်တော်ငှားနေသော အိမ်ဝိုင်းခြံအတွင်း၌ အိမ်ခန်းကိုးခန်း ရှိပါသည်။ လူနေကလည်း ပွတ်သိပ်နေပြီး စရိုက်စုံ၊ လူစုံ၊ အလုပ်အကိုင်စုံ ဖြစ်ပါသည်။ အသျှော်နှံ့ဆိုတာ ဘယ်လိုမှ ရှောင်၍မရပါ။ တစ်နေ့ ဇနီးဖြစ်သူဟာ ဟင်းချက်ရန်အတွက် ကြက်သွန်လှီးရာ ဓားထိ(ဒဏ်ရာ)ရခဲ့ပါသည်။ သာမန်ဟုထင်ကာ အမှုမဲ့အမှတ်မဲ့ နေမိသဖြင့် အသျှော်မိကာ ညအိပ်ချိန် ၁၁ နာရီခန့် ရောက်သောအခါ မေးခိုင်နေပြီး စကားမပြောနိုင်တော့ပါ။ ဆေးရုံသွားရန် ပြောသော်လည်း ခေါင်းယမ်းကာ ငြင်းနေသဖြင့် ဇောချွေးပြန်ခဲ့ရပါသည်။ ထိုအချိန်တွင် ဟိုဒီစဉ်းစားနေခိုက် ငယ်စဉ်ကလေးဘဝက ငရုတ်သီးသျှော်နံ့ ကြက်သွန်နဲ့ငရုတ်သီးရော၍ ဆံသတ်တဲ့အနံ့၊ အပုပ်နံ့ရသောအခါ အမေက ထင်းရှူးဆီသွေးတိုက်သည်ကို သတိသွားရသဖြင့် မီးဖိုချောင်ထဲသွားရှာရာ မီးမွှေးရန်ဝယ်ထားသည့် ထင်းရှူးဆီ အစည်းလိုက်တွေ့သဖြင့် ယူကာ ကျောက်ပြင်အား ရေစင်အောင်ဆေး၍ ထင်းရှူးဆီသွေးရည်ရရန် သွေးခဲ့ပါသည်။

### ကုသနည်း

ထင်းရှူးသွေးရည်(မပျစ်မကျဲ) ဟင်းစားဇွန်းတစ်ဇွန်းခန့်အား ဆားအနည်းငယ်ထည့်ကာ သမအောင် မွှေပေးရသည်။ ထိုအရည်အား စကားမပြောနိုင်၊ ပါးစပ်ဟ၍မရ၊ မေးခိုင်နေသောသူအား သံဇွန်း(သို့မဟုတ်) စတီးဇွန်းဖြင့် ပါးစပ်ကိုကလန့်ကာ အနည်းငယ်ဟလာသော ပါးစပ်ထဲသို့ ထင်းရှူးဆီသွေးရည် ဝင်နိုင်သမျှဝင်အောင် အစက်ချပေးရပါသည်။ ထိုသို့ပြုလုပ်ပေးပြီး ထင်းရှူးဆီသွေးရည် (မပျစ်မကျဲ) လက်ဖက်ရည်ပန်းကန် တစ်ဝက်ခန့်ရအောင် ထပ်မံသွေး၍ (တစ်ကြိမ်တည်း ခပ်များများရအောင် သွေးထားနိုင်က ပိုကောင်းပါသည်။)

ထင်းရှူးဆီသွေးရည်ထဲ ဆားအနည်းငယ်ထည့်မွှေကာ ထိုအရည်အား အပေါ်နှုတ်ခမ်း အောက်နှုတ်ခမ်းတစ်ကြောနှင့် ဘယ်ညာနားအုံအောက် ပါးပြင်တစ်ကြောတို့တွင် ပွတ်သပ်လိမ်းပေးရပါသည်။ ပါးစပ်ထဲကိုလည်း ထင်းရှူးဆီအရည် ချင့်ချိန်၍ ထည့်ပေးပါ။ လူနာ၏ နာခေါင်းပေါက်ဝတွင်လည်း ထင်းရှူးဆီလိမ်းပေးခြင်း၊ ရှူခိုင်းခြင်းတို့ကို ခပ်စိပ်စိပ် လုပ်ပေးပါ။ ထိုသို့ပြုလုပ်ပေးခြင်းဖြင့် နာရီဝက်၊ ၄၅ မိနစ်ခန့်အကြာ ခိုင်နေသော မေးရိုးများ ပြေလျော့ကာ လှုပ်ရှားနိုင်၊ စကားပြောလာနိုင်ပါသည်။ ထိုအခါ ပျောက်ပြီဖြစ်ပါသည်။

ကျွန်တော့်အမျိုးသမီးလည်း မကြာခဏ ဓားထိခြင်း၊ သံစူးခြင်း ဖြစ်တတ်သဖြင့် ထိုအခါတိုင်းမှာလည်း အသျှော်မိသဖြင့် မေးခိုင်ကာ စကားမပြောနိုင်ပါ။ ကျွန်တော် ထိုနည်းဖြင့်ပင် ပြုစုကုသခဲ့ရာ ပျောက်ကင်းခဲ့ပါသည်။ ပတ်ဝန်းကျင်နေသူများကပင် တစ်ခါတစ်ရံ အကူအညီတောင်းသဖြင့် ကူညီပေးခဲ့ဖူးပါသည်။ ပျောက်လည်းပျောက်ပါသည်။

ဒီစာမူတွင် စိတ်ကူးယဉ်ရေးသားခြင်း လုံးဝမရှိပါ။ တကယ့်လက်တွေ့မို့ ထိုရောဂါခံစားရက ငွေမကုန်၊ လူမပန်းဘဲ ကိုယ်တိုင်ကုသနိုင်ရန် စေတနာဖြင့် တင်ပြရခြင်းသာ ဖြစ်ပါသည်။ သို့သော် သိသည်နှင့် ချက်ချင်းကုသဖို့တော့ လိုပါသည်။

ခုနစ်ရက်သားသမီးများ ကျန်းမာချမ်းသာကြပါစေ။

ရှမ်းစုသား



www.burmeseclassic.com

www.burmeseclassic.com

# ရွှေဟောင်းကျမ်းလာ

# ဓာတ်ရိုက်ဓာတ်ဆင် နည်းပညာ

ဆရာဝေယံဦး [လူမှုထူးချွန်-ဒုတိယဆင့်]

### မကျန်းမာသူကို ဓာတ်ဆင်၍ကုနည်း

တနင်္ဂနွေသား မကျန်းမာလျှင် နံ့တူအနံ့သားကို တစ်ရပ်တိုင်း၍ဖြတ်ပြီး မကျန်းမာသူ၏အဝတ်နှင့်ပတ်၍ အရင်း၊ အဖျား၊ အလယ်၌ ဆန်ထုပ် သုံးထုပ်နှင့်ချည်၍ ဆံပင်၊ ခြေသည်း၊ လက်သည်းထည့်ပြီး လူမမာနှင့် တစ်ညထားအိပ်၊ တနင်္ဂနွေ၏ ဆပွတ်ဖြစ်သော သောကြာသားသမီးကယူ၍ တနင်္ဂနွေ၏ ဘုမ္မိအရပ်ဖြစ်သော တောင်အရပ်သို့ စွန့်ပါလေ။

အထက်ပါအစီအရင်တွင် ဆံပင်၊ ခြေသည်း၊ လက်သည်းထည့်၍ အရေးကြီးသည်ထက်ကြီးပါက မွေးသက္ကရာဇ်ရက်ချုပ်အစုံဖြစ်စေ၊ စာရွက်မှာ အမည်နှင့်တကွ ရေးထည့်၊ အသားပေါ်မှာပတ်၊ အောက်ပါ အင်းသုံးခုတွင် အမြစ်အင်းကို အရင်းမှာချည်၊ အပင်းအင်းကို အလယ်မှာချည်၊ အညွန့်အင်းကို အဖျားမှာချည်၍ အထက်နည်းအတိုင်း ဆပွတ်သားသမီးနှင့် ဘုမ္မိအရပ်တွင် စွန့်ခိုင်းပါလေ။

တစ်ဖန် ထိုသုံးအင်းကိုပယ်၊ လူမမာအိပ်သောအလိုက် အရင်း၊ အလယ်၊ အဖျားတန်း၍ ဆီမီးခွက် သုံးခွက်တွင် ထည့်၍ ကျီးခြေမီးစာနှင့် မဆစ်ဆီထည့်ပြီး ဘုရားကိုပူဇော်၍ ထွန်းပါလေ။

### အင်းအစီအရင်တွက်ပုံ

မကျန်းမာသူ၏ ရောက်ဆဲအသက်သည် ရုပ်နာမ်နှစ်ပါးနှင့်မြှောက်၊ ဓာတ်လေးပါးနှင့်နုတ်၊ အကြွင်းကစ၍ အပင်းအင်း ဖြစ်သည်။

ထိုအကြွင်းကို တစ်ခုလျှော့၍ချ။ အမြစ်အင်းဖြစ်၏။ ထိုပထမအကြွင်းကို တစ်ခုတိုး၍ချ၊ အညွန့်အင်းဖြစ်၏။

ဥပမာ အသက် ၂၇ နှစ်ရှိသူ တနင်္ဂနွေသားအတွက် ၂၇ ကိုတည်၊ ရုပ်နာမ်နှစ်ပါးနှင့်မြှောက်၊ ၅၄ ရ၏။ ထို ၅၄ ကို ဓာတ်လေးပါးနှင့် နုတ်သော် ၅၀ ကျန်၏။ ထို ၅၀ ကစ၍ စမာနဝသွားကဲ့သို့ တစ်ခုတိုး၍ ချသော် အပင်း အင်းဖြစ်၏။ ထို ၅၀ တွင် တစ်ခုလျှော့၍ ၄၉ ကစ၍ အင်းကွက်ချသော် အမြစ်အင်းဖြစ်၏။ ပထမ ၅၀ တွင် တစ်ခုတိုးလျက် ၅၁ ကစ၍ချသော် အညွန့်အင်းဖြစ်၏။

### အင်းပုံစံပြဆိုခြင်း

**အမြစ်အင်း**

| | | |
|---|---|---|
| ၅၀ | ၅၇ | ၅၂ |
| ၅၅ | ၅၃ | ၅၁ |
| ၅၄ | ၄၉ | ၅၆ |

**အပင်းအင်း**

| | | |
|---|---|---|
| ၅၁ | ၅၈ | ၅၃ |
| ၅၆ | ၅၄ | ၅၂ |
| ၅၅ | ၅၀ | ၅၇ |

**အညွန့်အင်း**

| | | |
|---|---|---|
| ၅၂ | ၅၉ | ၅၄ |
| ၅၇ | ၅၅ | ၅၃ |
| ၅၆ | ၅၁ | ၅၈ |



www.burmeseclassic.com

www.burmeseclassic.com

အထက်ပါ မိမိအတွက် ချထားသော အင်းများကို မှန်မမှန် သိလိုလျှင် အပင်းအင်း၏အောက်ဆုံး သုံးကွက်ပေါင်း၍ ၆ ဖြင့်စားသော် ရလဒ်အသက်ဖြစ်ပါက အင်းမှန်သွား၏မှတ်။

### တနင်္လာသားသမီးအတွက် ကျန်းမာအောင် ဓာတ်ဆင်ပုံ

တနင်္လာသား မကျန်းမာလျှင် နံ့တူ ကံ့ကော်သားဖြစ်စေ၊ ကုက္ကိုသားဖြစ်စေ မိမိတစ်ရပ်တိုင်း၍ ဖြတ်ပြီးလျှင် မကျန်းမာသူ၏အဝတ်နှင့်ပတ်၍ အရင်း၊ အဖျား၊ အလယ်၌ ဆန်ထုပ်သုံးထုပ်ချည်၍ ဆံပင်၊ ခြေသည်းတို့ကိုထည့်လျက် လူမမာနှင့် တစ်ညထား၍ အိပ်ပြီးလျှင် နံနက်အချိန် ရောက်ပါက တနင်္လာ၏ဆပွတ်ဖြစ်သော စနေသားသမီးကယူ၍ တနင်္လာ၏ ဘုမ္မိဖြစ်သော အနောက်တောင်အရပ်သို့ စွန့်နိုင်းလေ။ ဤအထက်ပါ အစီအရင်တွင် ခြေသည်း၊ လက်သည်း၊ ဆံပင်ထည့်ရာ၌ အရေးကြီးသည်ထက်ကြီးက မွေးသက္ကရာဇ် ရက်ချုပ်အစုံကို စာရွက်အစုံတွင်ရေး၍ ပတ်ခြင်း၊ အင်းများကို အသက်အားလျော်စွာတွက်ယူ၍ အရင်း၊ အဖျား၊ အလယ်မှတ်ပြီး မီးထွန်းပါလျှင် သာလွန်၍ ကောင်းမွန်ပေသည်။

### အင်္ဂါသားသမီးအတွက် ကျန်းမာအောင်ဓာတ်ဆင်ပုံ

အင်္ဂါသားသမီး မကျန်းမာလျှင် နံ့တူညောင်သားကို ဖြစ်စေ၊ ဆီးသားကိုဖြစ်စေ မိမိတစ်ရပ်တိုင်းဖြတ်ခြင်း၊ အဝတ်ပတ်၊ ဆန်ထုပ်သုံးထုပ်၊ ဆံပင်၊ ခြေသည်း၊ လက်သည်းတို့ကို အထက်နည်းအတိုင်းပြုလုပ်ပြီး လူမမာနှင့်အတူထားအိပ်၊ နံနက်အချိန်ရောက်က အင်္ဂါ၏ဆပွတ်ဖြစ်သော တနင်္ဂနွေသား သမီးကယူ၍ ဘုမ္မိဖြစ်သော အနောက်စူးစူး အရပ်သို့ စွန့်နိုင်းပါလေ။

### ဗုဒ္ဓဟူးသားသမီးအတွက် ကျန်းမာအောင် ဓာတ်ဆင်ပုံ

ဗုဒ္ဓဟူးသားသမီး မကျန်းမာလျှင် နံ့တူ ရဲယိုသားကို မိမိတစ်ရပ် တိုင်းဖြတ်ခြင်း၊ အဝတ်ပတ်ခြင်း၊ ဆန်ထုပ်သုံးထုပ်၊ ဆံပင်၊ ခြေသည်း၊ လက်သည်းတို့ကို အထက်နည်းအတိုင်းပြုပြီးလျှင် လူမမာနှင့် အတူထားအိပ်။ နံနက်အချိန်ရောက်က ဗုဒ္ဓဟူး၏ ဆပွတ်ဖြစ်သော တနင်္လာသားသမီးက ဘုမ္မိဖြစ်သော အနောက်မြောက်ထောင့်အရပ်သို့ သွားစွန့်နိုင်းပါလေ။

### စနေသားသမီးအတွက် ကျန်းမာအောင် ဓာတ်ဆင်ပုံ

စနေသားသမီး မကျန်းမာလျှင် နံ့တူ ထနောင်းသားကိုဖြစ်စေ၊ တည်သားကိုဖြစ်စေ မိမိတစ်ရပ်တိုင်းဖြတ်ခြင်း၊ အဝတ်ပတ်ခြင်း၊ ဆန်သုံးထုပ်၊ ဆံပင်၊ ခြေသည်း၊ လက်သည်းတို့ကို အထက်နည်းအတိုင်းပြုပြီးလျှင် လူမမာနှင့်အတူထားအိပ်၊ နံနက်အချိန်ရောက်က စနေ၏ ဆပွတ်ဖြစ်သော ကြာသပတေးသားသမီးကယူ၍ ဘုမ္မိဖြစ်သော မြောက်စူးစူးအရပ်သို့ စွန့်နိုင်းပါလေ။

### ကြာသပတေးသားသမီးအတွက် ကျန်းမာအောင်ဓာတ်ဆင်ပုံ

ကြာသပတေးသားသမီး မကျန်းမာလျှင် နံ့တူ ပေါက်ပန်းဖြူသားကိုဖြစ်စေ၊ ပျဉ်းမသားကိုဖြစ်စေ မိမိတစ်ရပ်တိုင်းဖြတ်ခြင်း၊ အဝတ်ပတ်ခြင်း၊ ဆန်သုံးထုပ်၊ ဆံပင်၊ ခြေသည်း လက်သည်းတို့ကို အထက်နည်းအတိုင်း ပြုပြီးလျှင် လူမမာနှင့်အတူထားအိပ်၊ နံနက်အချိန်ရောက်က ကြာသပတေး၏ ဆပွတ်ဖြစ်သော အင်္ဂါသားသမီးကယူ၍ ဘုမ္မိဖြစ်သော အရှေ့မြောက်အရပ်သို့ စွန့်နိုင်းပါလေ။

### သောကြာသားသမီးအတွက် ကျန်းမာအောင်ဓာတ်ဆင်ပုံ

သောကြာသားသမီး မကျန်းမာမူ နံ့တူ သီးသားဖြစ်စေ၊ သီဟိုဠ်သားကိုဖြစ်စေ မိမိတစ်ရပ် တိုင်းဖြတ်ခြင်း၊ အဝတ်ပတ်ခြင်း၊ ဆန်သုံးထုပ်၊ ဆံပင်၊ ခြေသည်း၊ လက်သည်းတို့ကို အထက်နည်းအတိုင်းပြုပြီးလျှင် လူမမာနှင့်အတူထားအိပ်၊ နံနက်အချိန်ရောက်က သောကြာ၏ ဆပွတ်ဖြစ်သော ဗုဒ္ဓဟူးသားသမီးကယူ၍ ဘုမ္မိဖြစ်သော အရှေ့တောင်အရပ်သို့ စွန့်နိုင်းပါလေ။

အမြစ်အင်း၊ အပင်းအင်း၊ အညွန့်အင်း သုံးမျိုးတို့ကို ထည့်သွင်းသုံးစွဲလိုလျှင် နေ့သားအလိုက် မိမိရောက်ဆဲအသက်ကိုတည်ကိန်းပြုပြီး ရပ်နာမ်နှစ်ပါးနှင့် မြှောက်ခြင်း၊ ဓာတ်ငလေးပါးနှင့် နှုတ်ခြင်း စသည်တို့မှာ တနင်္ဂနွေသားအတွက် အသက် ၂၇ နှစ်ရှိသူကို အင်း



www.burmeseclassic.com

www.burmeseclassic.com

နှင့်တကွ ဥပမာပြထားခဲ့ပြီးဖြစ်၍ ထို နည်းကိုမှီကာ ပြုလုပ်ကြပါလေ။

### နေ့သားတို့၏ မူလအရပ်

တနင်္ဂနွေသား၏ မူလအရပ် = အနောက်မြောက်အရပ်

တနင်္လာသား၏ မူလအရပ် = အရှေ့အရပ်

အင်္ဂါသား၏ မူလအရပ် = အနောက်တောင်အရပ်

ဗုဒ္ဓဟူးသား၏ မူလအရပ် = မြောက်အရပ်

ကြာသပတေးသား၏ မူလအရပ် = အနောက်စူးစူးအရပ်

ရာဟုသား၏ မူလအရပ် = အရှေ့မြောက်အရပ်

သောကြာသား၏ မူလအရပ် = တောင်အရပ်

### မဟာသူကို မီးထွန်းအင်းနှင့် ကုသရန်

ဂြိုဟ်စီးဒသာညှဉ်း၍ ရောဂါနိပ်စက် စိတ်လက်မကောင်း ဖြစ်သူတို့ကို တွေ့ရပါမူ တနင်္ဂနွေ တနင်္လာ စသော အရပ်မျက်နှာကို မှတ်သားပြီးလျှင် မိမိမွေးနံကို အလယ်ကွက်တွင်ထည့်၍ အောက်ပါ ဂြိုဟ်ရှစ်ခွင် မီးထွန်းအင်းတို့ကို ကောင်းမွန်စွာ စီရင်၍ တစ်အင်းကို ဆီတစ်ကျပ်သားဖြင့် ကျီးခြေမီးဇာ အသက်စေ့သော်လည်းကောင်း၊ ဂြိုဟ်သက်အမျှသော်လည်းကောင်း ပြုလုပ်၍ ဘုရားကိုရည်မှန်း၍ ပူဇော်ပသလျှင် ရောဂါဝေဒနာကပ်ငြိသူအား မကောင်းအနိဋ္ဌများ ပပျောက်ခြင်းကို ဖြစ်စေနိုင်သော ယတြာပင် ဖြစ်သည်။

#### ဂြိုဟ်ရှစ်ခွင် မီးထွန်းအင်း

| | | |
|---|---|---|
| ၁ | ၄ | ၈ |
| ၅ | | ၂ |
| ၃ | ၆ | ၇ |

အင်းကို မိမိအိမ်ဖြစ်စေ၊ အိပ်ရာဖြစ်စေ တနင်္ဂနွေထောင့်က ထွန်းလေ။

| | | |
|---|---|---|
| ၂ | ၇ | ၆ |
| ၈ | | ၃ |
| ၄ | ၁ | ၅ |

အင်းကို မြင်းသွင်းချ၍ အိမ်ဖြစ်စေ၊ အိပ်ရာဖြစ်စေ တနင်္လာအရပ်က ထွန်းလေ။

| | | |
|---|---|---|
| ၃ | ၅ | ၁ |
| ၆ | နံ | ၄ |
| ၇ | ၂ | ၈ |

(အင်္ဂါအရပ်ကထွန်း)

| | | |
|---|---|---|
| ၄ | ၈ | ၂ |
| ၁ | နံ | ၇ |
| ၅ | ၃ | ၆ |

(ဗုဒ္ဓဟူးအရပ်ကထွန်း)

| | | |
|---|---|---|
| ၇ | ၆ | ၃ |
| ၂ | နံ | ၅ |
| ၈ | ၄ | ၁ |

(စနေအရပ်ကထွန်း)

| | | |
|---|---|---|
| ၅ | ၁ | ၄ |
| ၃ | နံ | ၈ |
| ၆ | ၇ | ၂ |

(ကြာသပတေးအရပ်ကထွန်း)

| | | |
|---|---|---|
| ၈ | ၂ | ၇ |
| ၄ | နံ | ၆ |
| ၁ | ၅ | ၃ |

(ရာဟုထောင့်အရပ်ကထွန်း)



www.burmeseclassic.com

www.burmeseclassic.com

| | | |
|---|---|---|
| ၆ | ၃ | ၅ |
| ၀ | နံ | ၁ |
| ၂ | ၈ | ၄ |

(သောကြာအရပ်ကထွန်း)

အင်းဆံမှာ အထူးအခြား မရှိ။ ဖော်ပြပါ အင်းဆံအတိုင်းချ၍ အလယ်က နေ့သားအလိုက် နံထည့်ခြင်းသည်သာလျှင် အထူးဖြစ်၍ အထက်ပါ ဖော်ပြချက်အတိုင်း ထွန်းညှိပူဇော်ကြလေ။

## ကိုးကွယ်သမှု ပြုလုပ်ဆောင်ရန်

အမြစ်နံ၊ အညွန့်နံတို့ကို အဆောင်ပြုလုပ်သူတို့မှာ ရောဂါဘယကင်းငြိမ်းခြင်း၊ စီးပွားဥစ္စာလာဘ်လာဘရှင်ဖြိုးခြင်း၊ အကြံအစည်ကောင်းမွန်ခြင်း၊ အကာအကွယ်ကောင်းမွန်ခြင်းစသော အကျိုးထူးတရားတို့ကို ပေးစွမ်းနိုင်သည်ဟု ဆရာ့ ဆရာကြီးများ အသုံးပြုလေ့ရှိကြသည်။

**တနင်္ဂနွေသား**မှာ မိမိ၏ အမြစ်နံ စနေနံနှင့် အညွန့်ဖြစ်သော တနင်္လာနံကို အစဉ်အတိုင်း ပေါင်းစပ်၍ရသော နပ်ချိသားဖြစ်စေ၊ ဒန်းကြီးသားဖြစ်စေကို ဂဠုန်ရုပ်ထု၍ ထိုအပေါ်က ရှင်သီဝလိတင်လျက် ဘုရားစင်တွင်ထားပြီး ကိုးကွယ်ပူဇော်ပါလေ။

**တနင်္လာသား**မှာ မိမိ၏ အမြစ်နံဖြစ်သော တနင်္ဂနွေနံနှင့် အညွန့်ဖြစ်သော အင်္ဂါနံကို အစဉ်အတိုင်း ပေါင်းစပ်၍ရသော ဩဇာသားကို ကျားရုပ်ထု၍ ထိုအပေါ်က ရှင်သီဝလိတင်လျက် ကိုးကွယ်ပူဇော်ပါလေ။

**အင်္ဂါသား**မှာ မိမိ၏ အမြစ်နံဖြစ်သော တနင်္လာနံနှင့် အညွန့်ဖြစ်သော ဗုဒ္ဓဟူးနံကို အစဉ်အတိုင်းပေါင်းစပ်၍ရသော ခရေသားကို ခြင်္သေ့ရုပ်ထု၍ ထိုအပေါ်က ရှင်သီဝလိတင်လျက် ကိုးကွယ်ပူဇော်ပါလေ။

**ဗုဒ္ဓဟူးသား**မှာ မိမိ၏ အမြစ်နံဖြစ်သော အင်္ဂါနှင့် အညွန့်ဖြစ်သော ကြာသပတေးနံကို အစဉ်အတိုင်း ပေါင်းစပ်၍ရသော စိန်ပန်းသားကို ဆင်ရုပ်ထု၍ ထိုအပေါ်က ရှင်သီဝလိတင်လျက် ကိုးကွယ်ပူဇော်ပါလေ။

**ကြာသပတေးသား**မှာ မိမိ၏ အမြစ်နံဖြစ်သော ဗုဒ္ဓဟူးနံနှင့် အညွန့်ဖြစ်သော သောကြာနံကို အစဉ်အတိုင်း ပေါင်းစပ်၍ရသော လောက်သေသားကို ကြွက်ရုပ်ထု၍ ထိုအပေါ်က ရှင်သီဝလိတင်လျက် ကိုးကွယ်ပူဇော်ပါလေ။

**သောကြာသား**မှာ မိမိ၏ အမြစ်နံဖြစ်သော ကြာသပတေးနံနှင့် အညွန့်ဖြစ်သော စနေနံကို အစဉ်အတိုင်းပေါင်းစပ်၍ရသော ပိတောက်သားထု၍ ထိုအပေါ်က ရှင်သီဝလိတင်လျက် ကိုးကွယ်ပူဇော်ပါလေ။

**စနေသား**မှာ မိမိ၏ အမြစ်နံဖြစ်သော သောကြာနံနှင့် အညွန့်ဖြစ်သော တနင်္ဂနွေနံကို ပေါင်းစပ်၍ရသော သစ်အယ်သားကို နဂါးရုပ်ထု၍ ထိုအပေါ်က ရှင်သီဝလိတင်လျက် ကိုးကွယ်ပူဇော်ပါလေ။

## နင်းကြမ်းပြု၍ဆောင်ရန်

တြိစတု နင်းကြမ်းပြုမှု ဆိုသောကြောင့် မိမိ၏ ရန်သူဖြစ်သောသူတို့ကို နိုင်စေလိုလျှင် ရန်သူဖြစ်သော သူ၏ တြိရန်း၊ စတုရန်းဖြစ်သော သစ်သားကို ဖြစ်စေ၊ သစ်ရွက်ကိုဖြစ်စေ မိမိခြေရင်း အိပ်ရာအောက်တွင်ထား၍ အိပ်၊ အရေးကိစ္စ အထူးဖြစ်ပေါ်လာသော် ဖိနပ်အောက်က ထည့်၍ စီးလေ။

(၁) တနင်္ဂနွေသား ရန်သူကိုနိုင်ရန် စရစ်

(၂) တနင်္လာသား ရန်သူကိုနိုင်ရန် လက်ပံ၊

(၃) အင်္ဂါသား ရန်သူကိုနိုင်ရန် ဖက်သန်း

(၄) ဗုဒ္ဓဟူးသား ရန်သူကိုနိုင်ရန် သနပ်

(၅) ကြာသပတေးသား ရန်သူကိုနိုင်ရန် အုန်းနဲ

(၆) သောကြာသား ရန်သူကိုနိုင်ရန် အင်ကြင်း

(၇) စနေသား ရန်သူကိုနိုင်ရန် ကညင်

စရေဓာတ်ပေါ်သော ဝါယောချိန်တွင် ဓာတ်ရိုက် ဓာတ်ဆင် ပြုလုပ်ရန်ဖြစ်သည်။

## စရေချိန်

တနင်္ဂနွေနေ့ နံနက် ၇း၃၀ နာရီမှ နေ့ ၁း၃၀ နာရီ အတွင်း

တနင်္လာနေ့ နေ့ ၁း၃၀ နာရီမှ ည ၉း၀၀ နာရီ အတွင်း



www.burmeseclassic.com

www.burmeseclassic.com

| မွေးနံ | ၁ နွေ | ၂ လာ | ၃ ဂါ | ၄ ဟူး | ၅ တေး | ၆ ကြာ | စနေ |
|---|---|---|---|---|---|---|---|
| အညွန့် | ၂ လာ | ၃ ဂါ | ၄ ဟူး | ၅ တေး | ၆ ကြာ | စနေ | ၁ နွေ |
| အမြစ် | စနေ | ၁ နွေ | ၂ လာ | ၃ ဂါ | ၄ ဟူး | ၅ တေး | ၆ ကြာ |

| မွေးနံ | ၁ နွေ | ၂ လာ | ၃ ဂါ | ၄ ဟူး | ၅ တေး | ၆ ကြာ | စနေ |
|---|---|---|---|---|---|---|---|
| ဘုမ္မိ | ၄ ဟူး | စနေ | ၅ တေး | ရာဟု | ၁ နွေ | ၃ ဂါ | ၆ ကြာ |
| ဆပွတ် | ၆ ကြာ | စနေ | ၀ နွေ | ၂ လာ | ၃ ဂါ | ၄ ဟူး | ၅ တေး |

အင်္ဂါနေ့ နံနက် ၉း၀၀ နာရီမှ နေ့ ၁း၃၀ နာရီ အတွင်း

ဗုဒ္ဓဟူးနေ့ ညနေ ၃း၀၀ နာရီမှ ည ၁၀း၃၀ နာရီ အတွင်း

ကြာသပတေးနေ့ နံနက် ၁၀း၃၀ နာရီမှ ညနေ ၄း၃၀ နာရီ အတွင်း

သောကြာနေ့ ညနေ ၄း၃၀ နာရီမှ ညပိုင်း ၁၂း၀၀ နာရီ အတွင်း

စနေနေ့ နေ့ ၁၂း၀၀ နာရီမှ ညနေ ၆း၀၀ နာရီ အတွင်း

မှတ်ချက်။ ။ ပဲခူးမြို့ တပင်ရွှေထီးလမ်း ဥသာမြို့ ဦးကျောင်းတိုက်တွင် သီတင်းသုံးနေသော ဦးဇင်းလေး ဦးတေဇထံမှ ဗေဒင်စာအုပ်လေးကို စာရေးသူအားပြသရာ တိမ်မြုပ်နေသော ရှေးဟောင်း ဓာတ်ရိုက်ဓာတ်ဆင် ပညာပေးစာအုပ်ဖြစ်၍ နောင်လာနောက်သားများ လေ့လာဆည်းပူးစေရန် အတွက် ရောင်ပြန်စာဖတ်ပရိသတ်ကို တင်ပြလိုက်ရပါသည်။

**ဆရာဝေယံဦး**

**လူမှုထူးချွန် (ဒုတိယဆင့်)**

<u>ကျမ်းကိုး</u>

နိုင်ငံကျော် အင်္ဂဝိဇ္ဇာဆရာကြီး၏ အင်္ဂဝိဇ္ဇာအဖွင့် ဟိတသိဒ္ဓိခေါ် ဓာတ်ရိုက်ဓာတ်ဆင် ငါဘုရင်ကျမ်း၊ ၁၉၆၀ ပြည့်နှစ်။

ပဋ္ဌာန်းရွှေကျမ်းရတနာဒီပ
ရွှေအလင်းတိုင်

ပဋ္ဌာန်းဆက် အားကောင်း၍ လူ့ဘုံလောကတွင် ကျင်လည်နေထိုင်လျက်ရှိကြသော ပါရမီရှင်များအတွက် အားထားစရာ ပဋ္ဌာန်းရွှေကျမ်း ရတနာဒီပ ရွှေအလင်းတိုင် ပေါ်ထွက်လာပါပြီ။

ဤသို့ ပေါ်ထွက်ရအောင်လည်း ပဋ္ဌာန်းရွှေကျမ်းကျင့်စဉ်ကို အဓိဋ္ဌာန်တင် သမထစွမ်းအင်ဖြင့် စီမံ၍ထားသဖြင့် ပါရမီရှင်များ လိုအပ်သော ကိစ္စအဝဝကို ဖြည့်ဆည်းပေးနိုင်ပါလိမ့်မည်။

အထူးသဖြင့် လျှို့ဝှက်စီမံထားသော ဂမ္ဘီရပစ္စည်းတစ်မျိုးနှင့် တွဲဖက်၍ စီမံထားပါသည်။ အသေးစိတ်သိလိုသူများ ကိုယ်တိုင်ကြွရောက်၍ မှာယူနိုင်ပါသည်။

----- ဆက်သွယ်ရန် -----

ရောင်ပြန်မဂ္ဂဇင်းတိုက်

အမှတ်(၂၇)၊ ၅၂-လမ်း(အောက်
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်
ဖုန်း- ၀၉-၂၅၁၀ ...၃၁



www.burmeseclassic.com

www.burmeseclassic.com

# ရမ္မက်နွံ

ခင်မောင်အေး[မန္တလေး]

ဗာရာဏသီပြည်တွင် ဗြဟ္မဒတ်မင်းကြီး ထီးနန်းစိုးစံလျက်ရှိသည်။ ထိုအချိန်တွင် မြတ်စွာဘုရားအလောင်းသည် ဟိမဝန္တာတွင် အဘိညာဉ်သမာပတ်နှင့် ပြည့်စုံသောရသေ့ကြီးဖြစ်နေလေသည်။ တစ်နေ့ ဘုရားလောင်းရသေ့သည် ချဉ်၊ ဆား အလိုရှိသည်ဖြစ်ရာ ဗာရာဏသီမြို့တွင်းသို့ လာရောက်လျက် အလှူခံလေသည်။ ယင်းသို့ အလှူခံလာခဲ့ရင်းမင်းကြီး၏ နန်းဆောင်ရှေ့သို့ ရောက်ရှိလာလေသည်။

ဗာရာဏသီပြည့်ရှင် မင်းကြီးသည် အလှူခံရသေ့ကြီးအား သေချာစွာ ကြည့်ရှုကာ သုံးသပ်ဆင်ခြင်ကြည့်သည်။ ရသေ့ကြီး၏ လျောင်း၊ ထိုင်၊ ရပ်၊ သွား၊ လှုပ်ရှားခြင်းများကို တွေ့မြင်ရပြီး နှစ်ခြိုက်ကြည်ညို သဒ္ဒါစိတ်တွေပိုပြီး ရသေ့ကြီးအား နန်းဆောင်ထက်သို့ ပင့်ဖိတ်ကာ ဆွမ်းဆက်ကပ်လှူဒါန်းသည်။ သည့်နောက် ရသေ့ကြီး ဆွမ်းစားပြီးသောအခါ ဥယျာဉ်တော်တွင် အမြဲသီတင်းသုံးဖို့ လျှောက်ထားပြီး နေ့စဉ် ဆွမ်းစားရန်ဖိတ်ကြား၏။

ထိုနေ့မှ စတင်ကာ ရသေ့ကြီးသည် ဟိမဝန္တာသို့မပြန်တော့ဘဲ ဥယျာဉ်တော်တွင်ပင်သီတင်းသုံးကာ နန်းဆောင်ထက်သို့တက်လျက် ဆွမ်းသုံးဆောင်လေသည်။ သို့နှင့် တစ်ဆယ့်ခြောက်နှစ်မျှ အချိန်ကာလ ကြာမြင့်လာ၏။ တစ်နေ့။ မင်းကြီး၏ နယ်စွန်နယ်ဖျား တစ်နေရာတွင် ဆူပူသောင်းကျန်းသူအချို့ လှုပ်ရှားလျက်ရှိကြောင်း သတင်းရရှိ၏။ သို့ဖြစ်သဖြင့် မင်းကြီးကိုယ်တိုင် ဦးစီးကာ ဆူပူလှုပ်ရှားသူများအား သွားရောက်နှိမ်နင်းရလေသည်။ မင်းကြီးသည်။ စစ်ဆင်ရေးမထွက်မီ မိဖုရားကြီးကို ရသေ့ကြီးအား နေ့စဉ်မပြတ် ဆွမ်းဆက်ကပ်ဖို့ မှာကြားထားခဲ့၏။

မင်းကြီး၏နန်းဆောင်သို့ နေ့စဉ်ဆွမ်းစားကြွနေကျ ရသေ့ကြီးက တစ်နေ့တွင် မအီမသာဖြစ်နေသဖြင့် ဆွမ်းစားလာနေကျအချိန်မှာ ရောက်မလာဘဲနောက်ကျနေသည်။ မိဖုရားကြီးသည်လည်း ဆွမ်းပွဲပြင်ဆင် စောင့်ဆိုင်းနေသည့်တိုင်အောင် ရသေ့ကြီး ရောက်မလာခဲ့ပေ။ သို့ဖြစ်သဖြင့် မိဖုရားကြီးသည် ရေချိုးပြီး ခါတိုင်းလိုပင် အလှပြင်ဆင်လျက် အိပ်ရာပေါ်မှာ ခဏတဖြုတ် လဲလျောင်းအိပ်စက်နေလေသည်။ ရသေ့ကြီးသည် ခါတိုင်းလိုပင် ဈာန်ဖြင့် ကောင်းကင်ခရီးမှ ကြွလာ၏။ ရသေ့ကြီးကြွလာသည်ကို မိဖုရားကြီး၏ရံရွေတော်များက ပျာပျာသလဲ အပြေးအလွှား လာရောက်ကြကာ လျှောက်တင်ကြသဖြင့် မိဖုရားကြီးက အိပ်နေရာက ရုတ်တရက် ချက်ချင်းထလိုက်ရသည်ဖြစ်ရကား ထဘီစက ခါးမှ ပြေလျှောကျသွားခဲ့ရ၏။

ထိုတဒင်္ဂမှပင် ခြင်သေ့ခံ လေသာပြတင်းပေါက်မှ ဈာန်ဖြင့် ဝင်ရောက်လာသောရသေ့ကြီးသည် မိဖုရားကြီး၏ ရှိုက်ဖိုကြီးငယ် အသွယ်သွယ်သော မမြင်ဝံ့စရာ ကိုယ်ခန္ဓာအလှကို အမှတ်မထင်မြင်လိုက်ရပြီး "အို…လှလိုက်တာ" ဟု စိတ်တွင်းမှ ရေရွတ်လိုက်မိသည်။ ရသေ့ကြီးသည် ကာလတောင်တာရှာကြာစွာ တစ်ကိုယ်တည်း ဟိမဝန္တာတွင် တရားကျင့်ကြံအားထုတ်နေသည့် သူတော်စင်တစ်ဦးဖြစ်လင့်ကစား လူသားမျှသာဖြစ်သဖြင့် နှစ်ပေါင်းများစွာ တိမ်မြုပ်ပျောက်ကွယ်နေခဲ့သည့် ကိလေသာရမ္မက်မီးတို့ ရုတ်တရက် ချက်ချင်းပူပြင်း တောက်လောင်လာခဲ့ရပေသည်။ ထိုအခါတွင် ရသေ့ကြီး၏ ဈာန်တရားတို့သည်လည်း တစ်မုဟုတ်ချင်း ပျောက်ကွယ်သွားလေတော့သည်။ ရသေ့ကြီးသည် မိမိအပြစ်နှင့်မိမိ ဖြစ်နေပြီမို့ နန်းဆောင်တွင် ဆွမ်းမစားတော့ဘဲ လောင်းလှူထားသော ဆွမ်းကိုသပိတ်တွင်ထည့်ကာ ဥယျာဉ်တော်သို့ ခြေလျင်ပြန်ဆင်းလာခဲ့ရလေတော့၏။

မိမိသီတင်းသုံးသည့် ဥယျာဉ်တော်ကျောင်းဆောင်သို့ ပြန်ရောက်သည့်အခါတွင်လည်း သပိတ်ကိုအသာချ၊ ဆွမ်းကိုလည်းမတောင့်တ၊ ကြောင့်ကြဗျာပါဒဖြင့် မိဖုရားကြီး၏ သန့်စင်လှပ၊ အနုအရွ ဖုထစ်နှိုင် စနေနှစ်ခိုင်ကိုသာ အားသာပြင်းပြင်း မြင်ယောင်နေရင်း တဟင်းဟင်း သက်ပြင်းတွေချ၊ ဆန္ဒတွေတဖွားဖွား ထနေကြွနေ



www.burmeseclassic.com

www.burmeseclassic.com

လေတော့၏။ သည်လိုနှင့် ရက်သတ္တ တစ်ပတ်မျှ ကြာမြင့်သွားသည်။ အစာ အာဟာရပြတ်လျက် တငူငူ တငိုင်ငိုင် လင်းတကြီးမှိုင်ကာ နေလေတော့သည်။

ဗာရာဏသီပြည့်ရှင် ဘုရင်မင်း မြတ် စစ်ဆင်ရေးမှ ပြန်လည်ရောက် ရှိလာချေပြီ။ နန်းဆောင်သို့ ဦးစွာ မဝင်သေး။ ဥယာဉ်တော်သို့ ဝင်ကာ ရသေ့ကြီးအားဖူးမြော်လေသည်။ ရသေ့ ကြီးကား အိပ်ရာထက်တွင် ပိန်လှီ ခြောက်ကပ် ထန်းပလပ်ကို ပက်လက် လန်ပြီး ညည်းညူရေရွတ်နေသည်ကို မြင်တွေ့ရ၏။ မင်းကြီးက ရသေ့ကြီးအား "ကျွန်ုပ်ရသေ့ကြီး • • •ဘာအကြောင်း ကြောင့်များ ယခုလို ဖြစ်နေရပါသလဲ။ တစ်စုံတစ်ရာသောဝေဒနာ စွဲကပ်လို့ များလား" ဟု မေးမြန်းသည်။ ရသေ့ကြီး ကလည်း မဖုံးမကွယ် လိမ်ညာဖြေ ကြားခြင်းမပြုဘဲ အမှန်အကန်အတိုင်း၊ မိဖုရားကြီးအား စွဲလမ်းနှစ်သက်မိသော ကြောင့် ယခုကဲ့သို့ ဖြစ်ရသည်ဟုအဖြေ ပေးလေသည်။

ထိုသောအခါ ပြည့်ရှင်မင်းကြီး သည် ဘုရားလောင်း၏ ပါရမီဖြည့်ဖက် ဖြစ်သည့်အားလျော်စွာ တစ်စုံတစ်ရာ နှောင့်နှေးနေခြင်းမရှိဘဲ "အရှင်ရသေ့ ကြီး။ ထိုသို့ဖြစ်နေပါက မိဖုရား မုဒု လက္ခဏာကို အရှင်ရသေ့ကြီးအား ကျွန်ုပ်ပေးပါမည်" ဟု ပြောပြီး သူ၏ မိဖုရားအား တစ်ဖက်လှည့်ကာ "တို့ အရှင်မြတ်မပျက်စီးအောင် စောင့်ရှောက် ပေးပါ" ဟု တီးတိုးမှာလျက် မိဖုရားအား ဝတ်စားတန်ဆာဆင်ယင်စေကာ ရသေ့ ကြီးထံ ခေါ်ဆောင်သွားသည်။ ပြီးနောက် ရသေ့ကြီးအား မိမိ၏မိဖုရားကို ပေး အပ်လိုက်လေသည်။

ရသေ့ကြီးသည် ဘာဘာညာညာ စဉ်းစားတွေးခေါ် မပြုနိုင်တော့။ ဝမ်းပန်း တသာ မိဖုရားကြီးအား ခေါ်ဆောင်ကာ နန်းဆောင်မှ ထွက်ခွာလာလေသည်။ ထိုအခါ မိဖုရားကြီးက "အရှင်ရသေ့ကြီး၊ ကျွန်ုပ်တို့မှာ နေစရာအိမ်မရှိသေးပါ။ မင်းကြီးထံမှ အိမ်တောင်းပါဦး" ဟု ရသေ့ ကြီးအား ပူဆာသည်။ ရသေ့ကြီးက လည်း မိဖုရားစေခိုင်းသည့်အတိုင်း မင်း ကြီးထံသို့ ပြန်လာကာနေစရာ အိမ်တစ် လုံးတောင်းရပြန်သည်။ မင်းကြီးသည် အိမ်သာအဟောင်းတစ်လုံးကို နေဖို့ အိမ်အဖြစ်ပေးလိုက်လေသည်။ မိဖုရား က ရသေ့ကြီးအား သန့်ရှင်းရေးလုပ်ဖို့ ပေါက်တူးတစ်လက် တောင်းခိုင်းပြန် သည်။ ထို့နောက် အမှိုက်ထည့်ရန် အတွက် တောင်းတစ်လုံး ယူခိုင်းပြန် သည်။ သန့်ရှင်းရေးလုပ်ပြီးပြန်တော့ နွား ချေးသယ်ယူစေပြီး အိမ်ကိုနွားချေးဖြင့် သုတ်လိမ်းမွမ်းမံစေပြန်သည်။

ပြီးပြန်တော့ အိပ်ဖို့ညောင်စောင်း။ အခင်းပျဉ်ပြား။ သောက်ရေအိုးနှင့် ရေ အိုးစင်၊ ရေသောက်ခွက် စသည်တို့ကို တစ်မျိုးလျှင်တစ်ခု၊ တစ်ခုကို တစ်ခါ စီ ယူခိုင်းစေခဲ့၏။ လိုအပ်သည်များ အတော်အသင့် ပြည့်စုံသွားသည်တွင် မိဖုရားကြီးက ရသေ့ကြီးအား ရေ သောက်ဖို့ရေ၊ ရေချိုးဖို့ရေ ခပ်ခိုင်းပြန် လေသည်။ မိဖုရားကြီး၏ နှုတ်မှခိုင်းစရာ မရှိတော့မှ ခိုင်းစေသည့် အသံတွေတိတ် သွားတော့ ရသေ့ကြီး အိပ်ရာကို ခင်း လေသည်။ အိပ်ရာပေါ်မှာ မိဖုရားကြီး နှင့် ရသေ့ကြီးနှစ်ယောက် အတူထိုင် မိကြသည့်အခါ မိဖုရားကြီးက "အရှင် ရသေ့ကြီး၊ သင်သည် လျှော်တေ သင်္ကန်း ဝတ်ဆင်ခဲ့စဉ်က အေးငြိမ်း ချမ်းသာ နေခဲ့ရသောဘဝကို မသိ။ မကောင်းမှုများ ပေလူးလိမ်းကျံနေခြင်း ကိုလည်း မသိပါကလားဟု ဆိုကာ ရသေ့ကြီး၏မုတ်ဆိတ်မွေးများကို အမှတ် တမဲ့လိုလိုနှင့် ဆုပ်ကိုင်ဖမ်းဆွဲပြီး အသား ကုန် ဆောင့်ဆွဲပစ်လိုက်လေသည်။ ရသေ့ကြီးခမျာ ရှေ့သို့ ငိုက်လျက်က သွားပြီး နဖူးနှင့်ကြမ်း ပရမ်းပတာ "ဒုန်း" ခနဲမြည်အောင် ဆောင့်မိသွား လေသည်။

ကြမ်းခင်းက ပျဉ်းကတိုးသား အရမ်းမာလှသည်။ ရသေ့ကြီးနဖူး ဟက် တက်ကွဲလုနီးပါး။ ဒုန်းခနဲအသံကပင် ကျယ်လောင်လှသလို နဖူးနှင့်ကြမ်းခင်း ခပ်ပြင်းပြင်းဆောင့်မိသည့်ဒဏ်ကလည်း နာကျင်လှသည်။ သည်တော့ ရသေ့ကြီး ရုတ်တရက် ချက်ချင်း သတိဝင်သွား သည်။ ကိလေသာ ကာမရမ္မက်တို့၏ တပွက်ပွက်ထနေသော ရမ္မက်နွံအတွင်း မိမိသက်ဆင်းမိနေပါပြီကော။ တဏှာ ပွားသော် အပါယ်တွင် လျှောချေတော့ မည်လေ။ သတိသံဝေဂတွေ ရလာလေ သည်။ မိဖုရားကြီးကို ဗာရာဏသီမင်း ကြီးထံ အမြန်ပြန်အပ်လိုက်သည်။

သည့်နောက် ယခင်က ဆုံးရှုံး သွားခဲ့သည့် ဈာန်အဘိညာဉ်ကို ပြန် လည်ပွားများစေကာ ဟိမဝန္တာသို့ပြန် ရန် ကောင်းကင်ပေါ်တွင် ရပ်တန့်နေ လိုက်ပြီး မင်းကြီးအား တရားဓမ္မများ ဟောကြားပေးကာ နေရပ်သို့ ပြန်ကြွ သွားလေတော့သည်။

ဘဝဒုက္ခကို ခံစားဖူးမှ ကာမ တဏှာအနှောင်အဖွဲ့မှ လွတ်မြောက် မည်။

**ခင်မောင်အေး(မန္တလေး)**

<u>ကျမ်းကိုး</u>

နိပါတ်တော်လာ ဇာတ်တော် ငါးရာ့ငါးဆယ် မုဒုလက္ခဏာဇာတ်။

www.burmeseclassic.com



# မေတ္တာလက်ဆောင်

## ကျော်ဇင်သွေး(သာယာရွှေပြည်ဟိန်း)

လွန်ခဲ့သော နှစ်ပေါင်း ၅၅ နှစ်ခန့် ၁၃၂၃ ခု၊ နတ်တော်လပြည့်ကျော် ၆ ရက် နေ့ထုတ် မိုးကြိုး သတင်းစာ၌ ဖော်ပြထားသည်မှာ ရန်ကုန်မြို့ (၈)မိုင် နာဂလိုဏ်ဂူ သစ္စာဝါဒီ ကျောင်းအတွင်း တရားအားထုတ်နေသော နေရာတစ်ခုတွင် ခွေနေသော မြွေအပေါ်၌ ၎င်း၏ အစာဖြစ်သော ဖားတစ်ကောင် အေးချမ်းစွာထိုင်နေသော ဓာတ်ပုံ သတင်းစကားပင်ဖြစ်၏။ အကြောင်းကို သေချာစွာ စုံစမ်းကြည့်သော အခါ ထိုကျောင်း၌ သတင်းသုံးနေသော ဆရာတော်ဦးသုမန နှင့် ဦးဝိမလသည် မေတ္တာဘာဝနာကို ထက်သန်စွာ ပွားများကြောင်း သိခဲ့ရလေ၏။

ဆရာတော်ကြီးတစ်ပါး၏ ညပွဲတစ်ခုတွင် မေတ္တာဘာဝနာအကြောင်း တရားတော်ကို နာကြားခဲ့ရဖူးလေ၏။

ဆရာတော်က "ဘုန်းကြီးတို့ကိုကြည့်၊ မေတ္တာဘာဝနာ ပွားများထားတာ ဟုတ်မဟုတ် သိသာပါတယ်"ဟု မိန့်လေ၏။ မှန်ပါသည် ဆရာတော်မှာ အသက် ၅၀ ကျော်ပြီဖြစ်သော်လည်း အသက် ၄၀ ပင် မပြည့်သေးသော ရဟန်းတော် တစ်ပါးဟု ထင်ရလောက်အောင် နုပျိုနေသည်ကို တွေ့ရလေ၏။ ဆရာတော်၏မျက်နှာမှာ နူးညံ့သိမ်မွေ့ ကြည်လင်လျက်ရှိလေ၏။

ဆရာတော်က အဲဒီလို စိတ်နှလုံး နူးညံ့သိမ်မွေ့ပြီး မေတ္တာဓာတ်တွေ ကြွယ်ဝနေတယ်ဆိုတာ အလာကားရတာတော့မဟုတ်ဘူး။ မီးချောင်းလင်းဖို့ ဘက်ထရီလိုတယ်။ အဲဒီဘက်ထရီမှာ အမြဲတမ်း အားဖြည့်ထားမှ မီးချောင်းလင်းမှာပေါ့။ အဲဒီလိုပဲ မိမိသန္တာန်မှာ မေတ္တာဓာတ်တွေ အစဉ်ကိန်းအောင်းနေဖို့ဆိုတာ နှစ်ရှည်လများ မေတ္တာဘာဝနာကို ပွားများထားရတယ်ဟု မိန့်ဆိုလေ၏။

ကျွန်ုပ်သည် လွန်ခဲ့သော ငါးနှစ်ခန့်က သစ်သီးရောင်းသော ကိုလှမြင့်နှင့် ခင်မင်ရင်းနှီးခဲ့ကြ၏။ ကိုလှမြင့်သည် ဘာသာရေးလိုက်စားသူဖြစ်ပြီး နေ့စဉ်ဝတ်မပျက် ဆူးလေစေတီတော်သို့သွား၍ ဘာသာရေးကျင့်စဉ်များ လေ့ကျင့်နေသူ ဖြစ်၏။

ကိုလှမြင့်ထံသို့ရောက်တိုင်း သူပြောလေ့ရှိသော



www.burmeseclassic.com

www.burmeseclassic.com

စကားများကို သတိထားမိ၏။

ယောက်ျားဆိုးကြောင်း လာပြောသော မိန်းမများကို ယောက်ျားကို မေတ္တာများများ ပို့ပေးဟုပြော၏။ ကြွေးတောင်း မရကြောင်း ညည်းသော ကြွေးရှင်ကို ငွေရမည့်သူထံ မေတ္တာ ပွားပို့လိုက်ပါဟု ဆို၏။

ဈေးရောင်းမကောင်းသော ဈေးသည်က စိတ်ပျက် စကားပြောလာလျှင်လည်း ဈေးဝယ်သူများကို မေတ္တာပို့ လိုက်ပါဟုအကြံပေးလေ၏။

သားသမီးများ ဆုံးမရခက်ကြောင်း ပြောသော မိဘ များကိုလည်း ကလေးတွေကို မေတ္တာလှိုင်လှိုင်ပို့ပါဟု လမ်း ညွှန်လေ၏။

သူ၏ မိတ်ဆွေများကို အကြံပေးလေ့ရှိသော ကိုလှ မြင့်၏ စကားများကို ကြားရဖန်များလာသော ကျွန်ုပ်က -

“ကိုယ့်လူဟာက မန်ကျည်းသီး တစ်ကျပ်၊ ဆား တစ်ကျပ် ဗေဒင်ဆရာလို ဖြစ်နေပြီ” ဟု ပြောရာ

“ဆရာ့ဗေဒင်ဆရာအကြောင်း ပြောပါဦး”

“နွားပျောက်လို့ ဗေဒင်လာမေးတဲ့လူကို မန်ကျည်း သီးတစ်ကျပ်သားနဲ့ ဆားတစ်ကျပ်သားရောပြီး စားလိုက်လို့ ပြောလိုက်တယ်။ သူပြောသလို စားလိုက်တာ ဝမ်းသွားချင် လာပြီး တောထဲဝင်တော့ သူခိုးက ခိုးပြီးချည်ထားတဲ့ သူ့နွား ကို တွေ့တာပေါ့ဗျာ။ ကိုယ်ဝန်သည် မိန်းမက မီးမဖွားနိုင်လို့ လာမေးတော့လည်း မန်ကျည်းသီးတစ်ကျပ်နဲ့ ဆားတစ်ကျပ် စားလိုက်လို့ ပြောပြန်ရော။ သူပြောသလို စားလိုက်တာ ကိုယ်ဝန်သည် ဝမ်းသွားရင်းနဲ့ ကလေးပါ ထွက်ကျပါလေရော”

ကိုလှမြင့်က ဆရာ့ဗေဒင်ဆရာကို သဘောကျတယ် ဟု ပြောရင်း တဟားဟားရယ်ကာ -

“ဆရာပဲ စဉ်းစားကြည့်၊ ကျွန်တော်တို့ ဘုရားရှင် အောင်ခြင်း ရှစ်ပါးကို အောင်တော်မူခဲ့တာ တုတ်၊ ဓား၊ သေနတ်တွေနဲ့ အောင်မြင်ခဲ့တာမှ မဟုတ်တာ”

“ဟုတ်ပါ့ဗျာ။ မေတ္တာလက်နက်နဲ့ အောင်မြင်ခဲ့တာ ထောက်ခံပါတယ်။ ဦးလှမြင့်က မေတ္တာအကြောင်းချည်း ပြော ပုံထောက်တော့ မေတ္တာဘာဝနာ တော်တော်ပွားတယ် ထင် တယ်”

“ရွှေပေါ်ကျွန်းဆရာတော်ဘုရားကြီးရဲ့ နည်းကို အခြေ ခံပြီး ကိုယ်လေ့လာထားတာတွေနဲ့ပေါင်းပြီး မေတ္တာပွားတဲ့ ကျင့်စဉ်ကို သုံးလလောက် မပြတ်လေ့ကျင့်ဖူးတယ် ဆရာ”

“ဒါဆို ကိုလှမြင့်မှာ မေတ္တာအကျိုး ထူးခြားဖြစ်စဉ် တော့ ကြုံဖူးလိမ့်မယ် ထင်တယ်”

“အများကြီး ကြုံဖူးတယ်။ ကောင်းတဲ့ဖြစ်စဉ် တစ်ခု တော့ ပြောပြမယ်” ဟုဆိုသောကြောင့် -

“ဆိုးတဲ့ဖြစ်စဉ်ကော ရှိသေးလို့လားဗျာ” ဟုမေးရာ ကိုလှမြင့်က -

“ဆိုးတယ်ဆိုတာ ကိုယ့်ကို ကာယကံ၊ ဝစီကံနဲ့ နေ့ တိုင်း ရန်ပြုနေတဲ့လူကို လိုက်လိုက်လဲ့လဲ့ မေတ္တာပွားပို့လိုက် မိတာ ခမျာ ဆိုးဆိုးဝါးဝါး ဒုက္ခရောက်သွားတာ ကြုံဘူးလို့ဗျ”

“ကိုလှမြင့် မေတ္တာကလည်း ကြောက်စရာကြီးပါလား။

“ဒါကြောင့် ဆရာတော်ကြီးတွေက မိန့်တာပေါ့ ဆရာ ရယ်။ မေတ္တာဟာ နှစ်ဖက်သွား ဓားနဲ့ တူတယ်တဲ့။ ကိုယ့်သား သမီးအပေါ် မေတ္တာထားသလိုမျိုး မေတ္တာပွားပို့လေ့ရှိတဲ့သူကို ရန်ပြုမိရင် ကိုယ့်ဒုက္ခ ကိုယ်ရှာသလို ဖြစ်တတ်တယ်။ မေတ္တာ ကျင့်စဉ်ကြောင့် အခက်အခဲပြေလည်ခဲ့တာကို ပြောတော့မယ်”

ဟု အစချီကာ ၎င်း၏ မေတ္တာနှင့် ပတ်သတ်သော ကိုယ်တွေ့ ဖြစ်စဉ်ကို ပြောပြလေတော့၏။

တစ်ခါတစ်ရံ ငါးရိုးချတဲ့အခါ ငါးရိုးမထွက်ခင် အနေ ရခက်သလိုမျိုး အသေးအဖွဲ့ စိတ်ဆင်းရဲစရာလို့ ဆိုရမှာပေါ့။ ဈေးရောင်းပါတော့ ကုန်ကြိုဖို့ ငွေက ခါတိုင်းလို မပြည့်ဘူး။ ငွေငါးသောင်းလိုနေတယ်။ ဇနီးလုပ်တဲ့လူက အဲဒါကို တဗျစ် တောက်တောက် ပြောပြီး ပူဆာနေတယ်။ ကျွန်တော်က မင်းလိုတဲ့ငွေ ရစေရမယ်လို့ ပြောတော့ ဇနီးသည်က နေ့သွင်း နဲ့ ယူတဲ့ငွေတော့ မလိုချင်ဘူးလို့ပြောတယ်။

ငွေကိုနေ့သွင်းနဲ့ယူပြီး ရင်းတဲ့ ဈေးသည်ဆိုတာ ခွေး လျက်ခံရတဲ့ ထန်းလျက်ခဲလိုပဲ တဖြည်းဖြည်း ပုံမပျက် လုံး ပါးပါးတော့တာဗျ။ ငွေငါးသောင်းယူရင် တစ်နေ့ နှစ်ထောင် ပြန်သွင်းရတယ်။ တစ်လပြည့်တော့ ကျေသွားတာပေါ့။ အတိုး အတွက်က ငွေတစ်ရာကို နှစ်ဆယ်ကျပ်တိုးကျတယ်။ နေ့စဉ် ငွေပြန်သွင်းရင်း ၁၀ ရက်လောက်ကြာတော့ အရင်းထဲက ငွေနှစ်သောင်းလျော့သွားတာပေါ့။ မရင်းလောက်တော့ နောက် ထပ် နေ့သွင်းပေးတဲ့လူဆီက ထပ်ယူပြန်ရော။ တစ်နေ့

www.burmeseclassic.com

အတွက် နေ့သွင်းပြန်သွင်းရတဲ့ ငွေက လေးထောင်ဖြစ်သွားပြီပေါ့။ ကြာတော့ ရေဝဲကန်တော့ထဲက အမှိုက်ဖက်လိုပဲ နေ့သွင်းသံသရာထဲမှာ တဝဲလည်လည်ပေါ့။ ဒါကြောင့် ဘဝတူ ဈေးသည်တွေကို နေ့သွင်းယူပြီး ဈေးမရင်းကြဖို့ မကြာခဏ ပြောမိတယ်ဗျ။ ဦးကျော်သူက နာရေးကူညီမှု အသင်းထောင်တော့ အခက်ခဲဖြစ်နေသူတွေ အဆင်ပြေကြတယ်။ သာရေးကူညီမှုအသင်းဆိုပြီး ငွေထုတ်ချေးတဲ့သူတွေ ပေါ်လာရင်တော့ ကောင်းမှာပဲလို့တွေးရင်း ဆူးလေစေတီတော်ဆီကို လာခဲ့တယ်။ ဘုရားဝတ်ပြု သီလဆောက်တည်ပြီး ဒမေတ္တာဘာဝနာ ပွားနေလိုက်တယ်။ အဲဒီ မေတ္တာကျင့်စဉ်က အရင်က လနဲ့ချီပြီး လေ့ကျင့်ထားတဲ့ ကျင့်စဉ်ဆိုတော့ အဆင်ပြေရမယ်လို့ စိတ်ထဲက ယုံကြည်နေတယ်။

ငါချမ်းသာချင်သလို အခြားသူတွေ ချမ်းသာချင်ကြမှာပဲ၊ ငါးဘေးကင်းချင်သလို အခြားသူတွေ ဘေးကင်းချင်ကြမှာပဲ၊ ငါပြည့်စုံချင်သလို အခြားသူတွေ ပြည့်စုံချင်ကြမှာပဲဆိုတဲ့ ကိုယ်ချင်းစာစိတ်ကို မွေးပြီး ဝေနေယျအားလုံး ကိုယ်ရော စိတ်ပါ ချမ်းသာကြပါစေလို့ စိတ်နှလုံးထဲကနေ လှိုက်လှိုက်လှဲလှဲ အာရုံပြုရတာ မေတ္တာပါပဲ။ ကျွန်တော့် မေတ္တာဘာဝနာကျင့်စဉ်က မေတ္တာသုတ် ၁၁ ခေါက်ရွက်ရတယ်။ ဒါပေမယ့် မေတ္တာပွားပို့ရတဲ့ ပုဂ္ဂိုလ်တွေ နေရာတွေကများတော့ အချိန်တစ်နာရီလောက်တော့ကြာတာပေါ့။

ပထမ မေတ္တာသုတ် တစ်ခေါက်ရွတ်လိုက်တယ်။ မိမိ **ခန္ဓာကိုယ်**နဲ့ ဘုရားဝန်းကျင်မှာရှိတဲ့ မြင်အပ်၊ မမြင်အပ်၊ ပုဂ္ဂိုလ်တွေ၊ အနန္တသတ္တဝါတွေ ကိုယ်ရော စိတ်ပါ ချမ်းသာကြပါစေလို့ စိတ်နှလုံးကနေ မေတ္တာပို့တယ်။

သမုတိ နတ်လို့ ခေါ်တဲ့ တိုင်းပြည်အုပ်ချုပ် မင်းလုပ်သူတွေ၊ သံဃာတော် အရှင်သူမြတ်တွေ၊ ရဟန္တာ မထေရ်မြတ်ကြီးတွေ၊ မြို့တော်ရှင်၊ နယ်တော်ရှင် သိုက်နန်းရှင်းတွေနဲ့ သိုက်ချုပ်ဘိုးတော်အပေါင်း၊ အဘဘိုးဘိုးအောင် အဘဘိုးမင်းခေါင်နဲ့ ဝိဇ္ဇာရှစ်သောင်း ဆရာအပေါင်း၊ ရုက္ခစိုး၊ ဘုမ္မစိုး အာကာသစိုးနဲ့ နတ်အပေါင်း ၃၇ မင်းသော နတ်အပေါင်း၊ မြေပေါ် မြေအောက် မှီတင်းနေထိုင်ကြတဲ့ ဝေနေယျ အားလုံးနဲ့ မြေကိုစောင့်တဲ့ ဝသုန္ဓရေ နတ်မင်း၊ ရေထုအတွင်း မှီတင်းနေထိုင်တဲ့ သတ္တဝါအပေါင်းနဲ့ ရေစောင့်နတ်မင်း၊ မီးစောင့်နတ်၊ မိုးစောင့်နတ်၊ လေစောင့်နတ်အပေါင်း ကိုယ်ရောစိတ်ပါ ချမ်းသာကြပါစေလို့ မေတ္တာပွားပို့တယ်။

ဒုတိယ မေတ္တာသုတ် တစ်ခေါက်ရွက်တယ်။ အထက် ဖြဟ္မာဘုံ ၂၀၊ နတ်ပြည် ခြောက်ထပ် ၊ ဘိုးတော်သကြားနဲ့ သာသနာစောင့်နတ်အပေါင်း အာကာသအတွင်း နေထိုင်ကြတဲ့ ဝေနေယျအပေါင်း ကိုယ်ရော စိတ်ပါ ချမ်းသာကြပါစေလို့ နှလုံးသွင်းတယ်။

တတိယ မေတ္တာသုတ် တစ်ခေါက်ရွတ်တယ်။ အောက်အရပ်မှာနေထိုင်တဲ့ ဝေနေယျသတ္တဝါအားလုံးနဲ့ အပါယ်လေးဘုံသားတွေ၊ ငရဲသနင်း ယမမင်းကြီးပါ ကိုယ်ရောစိတ်ပါ ချမ်းသာကြပါစေလို့ အာရုံပြုတယ်။

ကျန်တဲ့ မေတ္တာသုတ် ရှစ်ခေါက်ကတော့ အရပ်ရှစ်မျက်နှာအတွက်ပေါ့။ ဗေဒင်ဆရာတွေသုံးတဲ့ အဋ္ဌလက်ဂြိုလ်ခွင်အတိုင်း အရပ်တစ်မျက်နှာ မေတ္တာသုတ် တစ်ခေါက်၊ တနင်္ဂနွေ၊ တနင်္လာ၊ အင်္ဂါ၊ ဗုဒ္ဓဟူး၊ စနေ၊ ကြာသပတေး၊ ရာဟု၊ သောကြာအထိပေါ့။ တနင်္ဂနွေအရပ်တစ်ခုကို ပြောရင် ကျန်တဲ့အရပ်တွေအတွက်ပါ သိသွားမှာပါ။ အရပ်မျက်နှာတွေမှာ စောင့်တဲ့နတ်တွေရဲ့ အမည်တွေကို ဇယားမှာ ပြထားပါတယ်။

အရှေ့မြောက်(တနင်္ဂနွေ) အရပ်အတွက် မေတ္တာသုတ် တစ်ခေါက်ရွတ်ပါတယ်။ အရှေ့မြောက်အရပ်ကို အစိုးရတော်မူတဲ့ "ဣသွမဟေသရ"နတ်မင်းကြီး ကိုယ်ရော စိတ်ပါ ချမ်းသာပါစေ။ အရှေ့မြောက်အရပ်မှာ နေထိုင်ကြတဲ့ အနန္တသတ္တဝါများ တနင်္ဂနွေဂြိုဟ်မင်းကြီးနဲ့ ခြွေရံသင်းပင်းအားလုံး တနင်္ဂနွေနေ့ဖွား လူနတ်၊ ဗြဟ္မာ၊ ဝိဇ္ဇာများနှင့် သံဃာတော် အရှင်သူမြတ်များ၊ အခြားဝေနေယျအပေါင်း ကိုယ်ရော စိတ်ပါ ချမ်းသာကြပါစေ။ စားဝတ်နေရေး ပြေလည်ပြည့်စုံကြပါစေ။ ရန်သူမျိုးငါးပါးဘေးနဲ့ သူတော်မဟုတ်၊ သူယုတ်မာနဲ့တို့၏ ကာယကံ၊ ဝစီကံ၊ မနောကံဘေးမှ ကင်းဝေးကြပါစေ။ ဆီရေချိုးပြီး ဆန်ကို တောင်လို ပုံနိုင်ကြပါစေ။ ဘေးရန်ကြောင့်ကြ ဆင်းရဲကင်းပြီး နှလုံးစိတ်ဝမ်း အေးချမ်းကြပါစေ။ မဂ်ဖိုလ် နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်မယ့် တရားထူး၊ တရားမြတ်များကို ရကြပါစေလို့ စိတ်က အာရုံပြု၊ နှုတ်ကဆိုပေါ့။

ကျန်တဲ့ ဂြိုဟ်မင်းတွေ အရပ်တွေအတွက်လည်း

www.burmeseclassic.com

ဒီအတိုင်း မေတ္တာပွားပို့တယ်။ ပြီးတော့ ၃၁ ဘုံကို အမျှဝေတယ်။ သစ္စာပြုတယ်။ အားလုံးပြီးသွားတော့ ဇနီးသည်နှင့် အတူ အိမ်ပြန်လာခဲ့တာပေါ့ဗျာ။

နောက်တစ်နေ့သည် တနင်္ဂနွေနေ့ဖြစ်သောကြောင့် နေ့စဉ် အလုပ်ဆင်းကြသော သားသမီးများပါ နားကြ၏။ မိသားစုအားလုံး နေအိမ်တွင်ရှိနေကြပြီး ချက်ပြုတ်စားသောက်ကြ၊ တီဗီကြည့်ကြနှင့်နေသော်လည်း ကိုလှမြင့်၏ ဇနီးမှာ မျက်နှာမကောင်း မနက်ဖြန် ကုန်ကြိုဖို့ ငွေလိုနေတာ ဘယ်လိုလုပ်မလဲဟု မေးသယောင်ဖြင့် ကိုလှမြင့်၏ မျက်နှာကို ကွက်ကြည့် ကွက်ကြည့် လုပ်နေလေ၏။ ကိုလှမြင့်က တစ်စုံတစ်ရာ မပြော၊ စိတ်အေးချမ်းနေသော ရုပ်သွင်နှင့်သာ ရှိနေ၏။

နေ့လယ်လောက်တွင် သင်္ဘောတည်ဆောက်သော လုပ်ငန်းလုပ်သည့် ညီဝမ်းကွဲတော်သူ မောင်မိုးလွင်တို့ ဇနီးမောင်နှံ ရောက်လာကြ၏။ တနင်္ဂနွေနေ့ အစ်ကိုရှိမယ်ထင်လို့ လာတာ မေးစရာလေးလဲရှိလို့ဟု ဆိုကြသောကြောင့် ကိုလှမြင့်က ဘောပင်နှင့် စာရွက်ကို ထုတ်ရလေတော့၏။ ၎င်းတို့ ဗေဒင်မေးရန် လာကြကြောင်း သိသောကြောင့် ဖြစ်လေ၏။ ဇနီးမောင်နှံနှစ်ယောက်အား ဗေဒင်တွက်ပေးပြီး ငွေဝင်ကောင်းသော်လည်း ကျန်းမာရေးညံ့တတ်သောကြောင့် ယတြာချေရ အစီစဉ်များကို ပြောပြနေစဉ် မောင်မိုးလွင်က -

"ညီအစ်ကိုချင်းမို့ ပြောရဦးမယ်။ ဒီတစ်ပတ် အလုပ်ကောင်းတယ်အစ်ကို ဆယ့်ငါးသိန်းလောက် ကျန်တယ်။ အစ်ကို ငွေအသုံးလိုရင် ယူသုံးထားလို့ရတယ်"

ဟု ဆိုလေ၏။ ကိုလှမြင့်သည် မောင်မိုးလွင်စကားကြောင့် အံ့အားသင့်သွားပြီး -

"ကောင်းလိုက်တဲ့ စကားပါလား မောင်မိုးလွင်ရာ။ ဟောဟိုမှာ မင်းအစ်မ ကုန်ရင်းဖို့ငွေ ငါးသောင်းလိုနေတာ သူ့မျက်နှာသာ ကြည့်ပေတော့"

ဟု ဆိုလိုက်ရာ မောင်မိုးလွင်က -

"ငါးသောင်း နည်းပါတယ်၊ တစ်သိန်းသာယူထားလိုက်။ အဆင်ပြေတော့မှ ပြန်ပေးပေါ့"

ဟုဆိုရာ ကိုလှမြင့်၏ဇနီးက -

"မလုပ်ပါနဲ့ မောင်မိုးလွင်၊ အစ်မလိုတာ ငွေငါးသောင်းထဲပါ။ ခါတိုင်း ငွေသုံးသိန်းရင်းနေကျ ခုတစ်ပတ်အရှုံးပြတာ နှစ်သိန်းခွဲပဲ ကျန်တော့လို့"

ဟုပြောရင်း မောင်မိုးလွင်ထုတ်ပေးသော ငွေတစ်သိန်းထဲမှ ငါးသောင်းသာယူထားပြီး ပိုငွေကို ပြန်ပေးလိုက်လေ၏။

၎င်းတို့ ပြန်သွားသောအခါ ကိုလှမြင့်က ဇနီးသည်အား အဆင်ပြေသွားပြီမဟုတ်လားဟူသော အကြည့်နှင့် ကြည့်လိုက်လေ၏။ မောင်မိုးလွင်တို့ ဇနီးမောင်နှံအားလည်း ကိုယ်ရောစိတ်ပါ ချမ်းသာကြပါစေဟု မေတ္တာပို့ရင်း မိမိပွားများခဲ့သော မေတ္တာဘာဝနာကျင့်စဉ်၏ အစွမ်းသတ္တိကို ကြည်နူးကျေနပ်စွာ တွေးနေမိလေတော့၏။

အဘမင်းသိခ်၏ ပညာအမွေ လက်ဆင့်ကမ်းပွဲ ၄၅ ကြိမ်မြောက် ဗေဒင်သင်တန်းကို သတိရ၏။ ထိုသင်တန်းကာလအတွင်း အဘဦးမောင်မောင်မြင့်အေးက အဖွင့်အမှာစကားပြောသော နေ့တွင်လည်းကောင်း အင်းစမနှင့် ယောင် ပညာရပ်များ သင်ကြားပေးသော နှစ်ရက်တွင်လည်းကောင်း သင်တန်းဆင်းအမှာစကားပြောသော နေ့တွင်လည်းကောင်း "ခင်ဗျားတို့အားလုံးကို ချမ်းသာစေချင်တယ်"ဟူသော စကားကို အကြိမ်ကြိမ်ပြောခဲ့သည်ကို သတိထားမိ၏။

ထိုစကားကို ကြားရဖန် များသောအခါ ဒီစကားဟာ ဝစီကံစကားစုပါလားဟု တွေးမိလေ၏။ မေတ္တာဆိုတာ မနော၊ ဝစီ၊ ကာယတို့နှင့် တစ်ပါးသူ၏အကျိုးကို ဆောင်ခြင်းပဲဟု ထပ်၍ တွေးမိပြန်၏။ လက်ဖက်ရည်တိုက်၊ မုန့်ကျွေးအခမဲ့ ပညာပေးတဲ့ ဗေဒင်သင်တန်းဆိုတာလည်း မေတ္တာပို့သာ ဖြစ်လာတာပါလားဟု တွေးမိပြန်၏။ ဤသင်တန်းတွင် ဆရာမကြီး ဒေါက်တာစောယုနွယ်၊ အဘဦးမောင်မောင်မြင့်အေး၊ ဆရာကြီးသုတဇော်၊ ဆရာမ အိနိုင်ပွင့်တို့သည် မိမိတို့ တတ်မြောက်ထားသော ပညာရပ်များကို ပညာစိတ်ဝင်စားသည့် လူသားတို့အား မေတ္တာလက်ဆောင်ပေးနေခြင်းဖြစ်ကြောင်း တွေးမိလေ၏။ ထိုအတွေးတို့သည် ကိုယ်တွေ့ကြုံကြသော မေတ္တာဘာဝနာ ပွားများသူတစ်ယောက်အကြောင်းကို ရေးသားမိလေတော့၏။

**ကျော်ဇင်သွေး(သာယာရွှေပြည်ဟိန်း)**



www.burmeseclassic.com

www.burmeseclassic.com

# ခေတ်ပြိုင်အနုပညာပြတိုက် [ဖို့(တ်)ဝိန်း]

## မောင်ကောင်းမြင့်

ဖို့(တ်)ဝိန်းမြို့၏ 'မြစ်သုံးသွယ်ပွဲတော်' (Three River Festival)အကြောင်း ပြောစဉ်က ပွဲတော်နှင့်အတူ ပြုလုပ်ပေးသော 'လမ်းပေါ်မှ ပန်းချီ' Street Art ရေးဆွဲကြသူများကို ဖော်ပြခဲ့ပါသည်။ ထိုအနုပညာဝါသနာရှင် (အနုပညာသမားများ) ရေးဆွဲသော (Mian St) လမ်းမကြီးပေါ်မှ တကယ့်အနုပညာရပ်အသီးသီးတို့ ဆုံစည်းရာ လမ်းမကြီး ဖြစ်ပါသည်။ မြို့တွင်းသို့အဝင် လာဖီယက်လမ်းနှင့် မိန်းလမ်းတို့ဆုံရာ၏ လက်ယာဘက်တွင် အနုပညာပြတိုက် Museum of Art ရှိသည်။ ထိုနှင့်တစ်ဆက်တည်းတွင် Arts United Center ခန်းမကြီး ရှိသည်။ လမ်း၏လက်ဝဲဘက်တွင်မူ Auer Center of Art & Culture ခန်းမဆောင် ရှိ၏။ ထိုသုံးခုစလုံးသည် အနုပညာ၊ ဂီတနှင့် ယဉ်ကျေးမှုပွဲတော်များ ကျင်းပရာ သုံးပွင့်ဆိုင်နေရာ ဖြစ်နေပေသည်။

ထိုနေ့က 'အနုပညာပြတိုက်'ရှေ့တွင် ရောက်ခဲ့၏။ 'စာရင်းတို့'ထားလိုက်သော ပြတိုက်သို့ ယခုရောက်နေပေပြီ။ ပြတိုက်အဝင်၌ ဖြူဖြူဖွေးဖွေး ခေတ်သစ်ပန်းပုလက်ရာက ဆီးကြိုနေသည်။ ပြခန်းအတွင်းသို့ ဝင်လိုက်လျှင် အလယ်ဇင်လမ်း၏ လက်ဝဲဘက်၌ ပန်းချီလက်ရာများ၊ ပန်းပုလက်ရာများနှင့် ဓာတ်ပုံလက်ရာများက ဆီးကြိုနေသည်။ ခေတ်အဆက်ဆက်ကို ဖြတ်သန်းရသကဲ့သို့ ပန်းချီလက်ရာများ၏ ပြောင်းလဲမှုကို တွေ့ရသည်။ ၁၈၅၀ ပြည့်နှစ်ဝန်းကျင်မှ ယနေ့ ၂၀၀၀ ပြည့်နှစ် ဝန်းကျင်အထိ လက်ရာများဖြစ်သည်။ ဖို့(တ်)ဝိန်း၏ ရှေးဦးအမေရိကန်တို့၏ လက်ရာများပါ တွေ့မြင်ခံစားနိုင်သည်။ ပန်းချီလက်ရာများ၊ ပန်းပုလက်ရာများသည် အမေရိကန်ပန်းချီကျော်တို့သာမက ခေတ်ပြိုင်အခြားနိုင်ငံများ (ဒတ်ချ်၊ ပြင်သစ်၊ ဂျပန်)မှ အနုပညာလက်ရာများကိုလည်း ခံစားနိုင်ပေသည်။ (အဆောက်အအုံ၏ အဝင်မျက်နှာစာတစ်ခု၌ နံရံတွင် အမေရိကန် Pop Art ပန်းချီကျော် Andy Warhol ၏ CoCa-Cola ပုလင်းလက်ရာကို ချိတ်ဆွဲပြသထားသည်) ပြခန်းခင်းကျင်းထားပုံမှာ ပန်းချီလက်ရာများပေါ်၌ အာရုံစိုက်နိုင်အောင် အလင်းပေးထား၍ အခန်းတစ်ခုလုံး၏ အလင်းမှာ မှိန်ပျပျရှိနေသည်။

ပန်းပုလက်ရာ ပြခန်းများက ခေတ်ဟောင်း၊ ခေတ်သစ် လက်ရာစုံလှသည်။ ပန်းပုလက်ရာကလေးတစ်ခုကို အမှတ်တရရှိနေသည်။ ကြေးဖြင့်သွန်းထားပြီး ရွှေအိုရောင်ဖော်ထားသော လဲလျောင်းနေသည့် မိန်းမပျိုရုပ်တုမှာ အဖြူရောင်အောက်ခံ၌ ဝင်းလက်ပြိုးပြက်လျက်ရှိသည်။ ရုပ်တုကလေးကိုကြည့်ရင်း ဂျိမ်း(စ်)ဘွန်းရုပ်ရှင်ဇာတ်ကားများမှ goldfinger ဇာတ်ကားကို သတိရလျက်ရှိပါသည်။ ရွှေရေးခြယ်ထားသော သဘာဝအလှပေကိုး။

ခေတ်သစ်ပန်းပုလက်ရာများတွင် အမှတ်ရနေသော လက်ရာတို့အနက် 'လူ၏ဘေးတိုက်ဖြတ်ပိုင်း'ဟု အမည်ပေးထားသော လက်ရာတစ်ခု အပါအဝင်ဖြစ်သည်။ ထိုပန်းပုလက်ရာမှာ ခေတ်သစ်ဖြစ်သော်လည်း ကြည့်၍ပင်ပုံမဖော်နိုင်ခဲ့ပေ။ ထို့နောက်တွင် အဆိုပါ ပန်းပုကိုပင် ပန်းချီပြန်၍ဆွဲထားသော လက်ရာတစ်ခု ပြသထားသည်။ Abstract of Art 'သဘာဝနယ်နှင့် အလှမ်းကွာသော စိတ်ကူးနှင့် ခံစားချက်ကို အခြေခံကာ လိုင်းများ၊ ရောင်စုံများ၊ ထုထည်များဖြင့် ဖော်ထုတ်ထားခြင်း' ဖြစ်သည်။ ဤပန်းချီကားမျိုးကို နယူးယောက် MOMA-Museum of Modern Arts ပြတိုက်၌လည်း တွေ့ရသည်။ ပင်အပ်များ၊ ဓားနှင့် သံလိုက်တုံးတို့ကို ဆွဲငင်ကပ်ငြိနေသည့်အတိုင်း ပြသထားသည်။ သူတို့၏ ခံစားချက်၊ စိတ်ကူးတို့ကို ထုတ်ဖော်ပြသသော အနုပညာပြကွက် Pet for mance ဟု ဆိုပေသည်။ ရှိစေတော့။ အချို့ကို အမည်ပေးထားပုံနှင့် အဓိပ္ပာယ်ကောက်ယူ၍ မရခဲ့ပေ။

အခန်းတစ်ခန်း၌ ပြသထားသော တီထွင်ဆန်းသစ်သည့်လက်ရာများအနက်မှ လှိုင်းဟူသော လက်ရာကို မှတ်မိနေ၏။ ကနုတ်ဟန်နှင့် ခေတ်သစ်ဟန် ပေါင်းစပ်ထားသကဲ့သို့ရှိပြီး ဂျပန်ဆန်သည်ဟု ထင်ရ၏။ 'လှိုင်း'တက်လာနေပုံ အမျိုးမျိုးတို့ကို အမြင်အမျိုးမျိုးဖြင့် တီထွင်ဖန်တီးပြသထားသည်။ အခြားအမှတ်တရရှိနေသော လက်ရာတစ်ခုမှာ ခန်းလုံးပြည့်မျှ ဖန်တီးချိတ်ဆွဲပြသထားသော The Tale of Rainbow Crow အမည်ရှိ လက်ရာ

www.burmeseclassic.com

www.burmeseclassic.com

သည်။ အမေရိကန်အနုပညာရှင် Dennis Mc Nett ၏ လက်ရာဖြစ်သည်။ ၁၉၇၂ ခုနှစ်ကပင် ဖန်တီးခဲ့သည်ဟု ဖော်ပြထားသည်။ သစ်သားတုံးများ၊ စက္ကူ၊ သံနန်းကြိုးများ၊ မှတ်ဆေးရောင်စုံများ၊ သစ်စေးများ၊ အခရိုင်းလစ်တို့ဖြင့် ပေါင်းစပ်ထားသည်ဟု ဆိုသည်။ တိုင်းရင်းအမေရိကန် လူနီတို့၏ ပုံပြင်လာ 'ကျီး'တို့သည် ရှေးအခါတုန်းက ငှက်အားလုံးတွင် အလှအပဆုံး အမွေးအတောင် သက်တံ့ကဲ့သို့ ရောင်စုံရှိခဲ့ဖူးသလို အသံမှာ သာယာငြိမ့်ညောင်းခဲ့သည်။ သို့သော် တစ်ကြိမ်တွင် ဆောင်းရာသီ၌ သတ္တဝါများအားလုံး အလွန်အေးချမ်းကြ၍ အနွေးဓာတ်လိုနေရာ ကျီးက ဖန်ဆင်းရှင်ထံသို့ သွား၍ပြောပြသည်။ ထိုအခါ ဖန်ဆင်းရှင်က နေမင်းထံသို့ သစ်ကိုင်းတစ်ကိုင်းကို ယူသွားရန် ပြောလိုက်သည်။ ကျီးလည်း ထိုသစ်ကိုင်းကို နေမင်းထံသို့ ယူသွားရာ မီးစွဲလောင်၍ ထိုသစ်ကိုင်းကို ကမ္ဘာသို့ ပြန်သယ်လာရင်း အတောင်တို့ကို မီးလောင်၍ အဆုတ်ထဲသို့ မီးခိုးငွေ့များဝင်ပြီး အနက်ရောင်နှင့် 'အား .. အား'ဟု ယနေ့ပုံစံ ကျန်ရစ်ခဲ့ပုံကို သရုပ်ဖော်ထားသည်။ ကျီး၏ စွန့်လွှတ်မှုကို တင်စားထားခြင်းဟု ဆို၏။ အကြောင်းအရာကောင်းသလောက် ဖန်တီးထားပုံမှာ အနုပညာမြောက်စွာ ဆွဲဆောင်မှုရှိလှရာ ကျီးများနှင့် လိုက်ဖက်သော အခန်းဒီဇိုင်းကိုပါ တွေ့ထိခံစားနိုင်ပေသေးသည်။

အနုပညာပြခန်းအတွင်း ကြည့်ရှုရင်း ခေတ္တအနားယူနိုင်ရန် ဧည့်ခန်းလေးတစ်ခန်း ဖန်တီးပေးထား၍ နားနားနေနေ ထိုင်ကာ အပန်းဖြေမိသည်။

ဤအနုပညာပြခန်းတွင် အမြဲတမ်းပြသထားသော လက်ရာများနှင့် အမေရိကန်ပြည်ထောင်စု ပြတိုက်များအဖွဲ့အစည်းကြီးက နယ်လှည့်ပြသနေသော အနုပညာလက်ရာတို့အပါအဝင် အမြဲတမ်း ၁၄၀၀ ကျော် ပြသနေသည်။ ဤပြခန်းသို့ နှစ်စဉ် လူတစ်သိန်းကျော် လာရောက်ကြည့်ရှုသည်။ (ပြတိုက်ဝင်ကြေးမှာ လူကြီး ခုနစ်ဒေါ်လာ၊ ကျောင်းသားနှင့် အသက် ၆၅ နှစ်အထက် ငါးဒေါ်လာ ဖြစ်သည်။)

အနုပညာပြတိုက်၏ သမိုင်းကြောင်းမှာ ၁၈၈၈ ခုနှစ်တွင် ဂျေ၊ အော့တစ်၊ အဒမ်နှင့် ဝီလီယံ၊ ဖို့ဆစ်တို့က ပန်းချီသင်တန်းတစ်ခု စတင်ဖွင့်လှစ်ပေးခဲ့ရာ ကိုးနှစ်ခန့် ကြာသောအခါ ထိုလက်ရာများကို အနုပညာကျောင်းပြခန်းကလေးအဖြစ် ပြသခဲ့ပေသည်။ ၁၉၂၁ ခုနှစ်တွင် ပြတိုက်တစ်ခုအသွင် ပြည့်ပြည့်ဝဝ ဖြစ်လာသည်။ ၁၉၄၉ ခုနှစ်တွင် ဖို့(တ်)ဝိန်းမြို့လယ် ဝက်(စ်)ဝိန်းလမ်းပေါ်ရှိ ပေါလ် မော့စ်မင်း အိမ်ကို လှူဒါန်းခဲ့ရာမှ ပြတိုက်ကြီးအသွင်ဆောင်လာတော့၏။ အနုပညာကျောင်းသည် နောင်အခါ ပါဂျူးတက္ကသိုလ်၏ အနုပညာဌာန ဖြစ်လာပြီး ပြတိုက်သည် ၁၉၇၇ ခုနှစ်မှစ၍ ပြပွဲများဖြင့် ဖွံ့ဖြိုးတိုးတက်လာသည်။ ယခုပြတိုက်သစ်နေရာ၌ ၁၉၈၄ ခုနှစ်တွင် တည်ဆောက်ခဲ့သည်။ စတုရန်းပေ ၅၀၀၀၀ ကျယ်သည်။ အဆောင်သုံးဆောင်ပါဝင်သည်။ ပြတိုက်ပုံစံဒီဇိုင်းကို ဝေါလ်တာနှင့် နက်(ရှ်)အဖွဲ့က ရေးဆွဲသည်။

ပြခန်းဆောင်နှင့် အနုပညာလက်ရာအရောင်းဆိုင် ဟောပြောခန်းမနှင့် ရုံးခန်းများပါဝင်သည်။ စာကြည့်တိုက်တွင် အနုပညာစာအုပ် ၁၈၀၀၀ ကျော် စုဆောင်းပြသထားသည်။ ၂၀၁၀ ပြည့်နှစ်တွင် စတုရန်းပေ ၁၀၀၀၀ ကျော် ထပ်မံတိုးချဲ့ဆောက်လုပ်ခဲ့ရာ ဒေါ်လာ ၇. ၅ သန်း ကုန်ကျခဲ့၏။ ပြတိုက်၏ အစီအစဉ်ဖြင့် မြစ်သုံးသွယ်ပွဲတော်နှင့်အတူ လမ်းပန်းချီရေးဆွဲပွဲကို ၁၉၉၉ ခုနှစ်မှ စပြီး နှစ်စဉ် ပြုလုပ်ပေးခဲ့သည်။

ဤခေတ်ပြိုင် အနုပညာပြတိုက်၏ အနီးရှိ Arts United Center သည် ၁၉၇၃ ခုနှစ်တွင် တည်ဆောက်ခဲ့သော ခမ်းနားလှသည့် ကပွဲရုံနှင့် အနုပညာသင်တန်းခန်းမများ ပါဝင်၍ မျက်နှာချင်းဆိုင် (လမ်း၏ အခြားတစ်ဖက်ရှိ) Auer Center of Arts & Culture မှာ အရောင်းပြခန်းများ၊ ကပွဲနှင့် သင်တန်းခန်းမများ ပါရှိသော အနုပညာ၊ ဂီတ၊ လူမှုသင်တန်းများ ပြုလုပ်နိုင်သည့် ယဉ်ကျေးမှုဗိမာန်ဟု ဆိုနိုင်ပေသည်။ အနုပညာရိပ်သာ သုံးသွယ်ဆုံရာပေတည်း။

ခေတ္တအနားယူ အပန်းဖြေပြီးနောက် 'အနုပညာလက်ဆောင်အရောင်းဆိုင်'သို့ ဝင်ရောက်ကြည့်ရှုသည်။ ဖန်ထည်နှင့် ကြွေထည်လက်ရာများမှာ အနုပညာမြောက်လှသည်။ ပန်းချီကားများ၊ ပန်းပုရုပ်များနှင့် အနုပညာစာအုပ်များ၊ လက်ဆောင်ပစ္စည်းများကို ရောင်းချပေးနေသည်။ ထိုဆိုင်နှင့်အတူ တွဲဖက်ဖွင့်လှစ်ထားသော စားသောက်ဆိုင်ရှိ၍ အေးအေးလူလူ စားသောက်ကာ ပြပွဲကို ဆက်လက်ကြည့်ရှုနိုင်ပေသေးသည်။

ဖို့(တ်)ဝိန်းကား မြို့ဂုဏ်ဆောင်အနုပညာပြတိုက်ကြီးများ ရှိသကဲ့သို့ ကိုယ်ပိုင်အနုပညာပြခန်းကလေးများစွာဖြင့်လည်း ဖွံ့ဖြိုးနေတော့သည်။

**မောင်[illegible]မြင့်**



www.burmeseclassic.com

www.burmeseclassic.com

# ပေးလှူခြင်းအမျိုးမျိုး (နှင့်) အကျိုးရှိအောင် လှူဒါန်းလိုလျှင်

တင့်ထူး(ဇေယျဝတီ)

ဗုဒ္ဓဘာသာဝင်တိုင်းလိုလိုပင် ဒါနပြုခြင်းအမှု၊ သီလဆောက်တည်ခြင်းအမှုနှင့် ဘာဝနာပွားများခြင်းအမှုတို့ကို နားလည်သိရှိကြပါသည်။

ပေးအပ်သော အရာဟူသမျှနှင့် ပေးခြင်းဟူသမျှတို့သည် ဒါနချည်းပင် ဖြစ်သည်။ ပေးလှူသောအခါ ကံ ကံ၏အကျိုးကို ယုံကြည် ကြည်လင်သောစိတ်ဖြင့် ပေးလှူရသည်။ ယင်းသို့ ပေးလှူသောအခါ အလှူရှင်၏စိတ်၌ဖြစ်သော စေတနာသည် ဒါနမည်ပေသည်။ ,ပေးလှူအပ်သော ဝတ္ထုပစ္စည်းတို့မှာ ယင်းဒါနကုသိုလ်၏ ဖြစ်ကြောင်းတရားတို့သာဖြစ်၍ ဒါနမမည်ဘဲ ဒါနဝတ္ထုသာ မည်ပေသည်။ သို့ရာတွင် ဒါနပြုခြင်းအရာ၌ စေတနာချည်းရှိ၍ မဖြစ်သေးပေ။ ဝတ္ထုပစ္စည်းမထင်ရှားသော အသံအလှူ၊ တရားဒေသနာအလှူတို့သည်လည်း ပေးလှူစရာ ဝတ္ထုပစ္စည်းသဘော ရှိကြသည်သာ ဖြစ်သည်။ ထို့ကြောင့် ဒါနကို အမည်ပေးကြရာတွင် အလှူဝတ္ထုကို အစွဲပြု၍ အမည်ပေးရသည်။ သင်္ကန်းလှူလျှင် သင်္ကန်းအလှူ၊ ကျောင်းဆောက်လှူလျှင် ကျောင်းအလှူ၊ ဆေးဝါးလှူလျှင် ဆေးအလှူဟူ၍ အမည်ပေးကြရသည်။

ဒါနပြုကြရာ၌ ရည်ညွှန်းအပ်သော အလှူခံကို အစွဲပြု၍ ပုဂ္ဂိုလ်အားလှူသော် ပုဂ္ဂလိကဒါန၊ သံဃာအားလှူသော် သံဃိကဒါနဟူ၍ ခေါ်ဝေါ်ကြလေသည်။

ဒါနပြုကြရာတွင် အင်္ဂါလေးပါး ပြည့်စုံရသည်။ ယင်းအင်္ဂါလေးပါးမှာ -

(၁) အလှူပေးပုဂ္ဂိုလ်၊ (၂) လှူလိုသောစေတနာ၊ (၃) လှူဖွယ်ဝတ္ထု၊ (၄) ထင်ရှားရှိနေသော အလှူခံပုဂ္ဂိုလ်တို့ပင် ဖြစ်သည်။

ဒါနဟူသော တရားနှင့်ပတ်သက်၍ စေတနာ စေတသိက်ကို ဒါနခေါ်၏။ စေတနာနှင့် အလားတူသောကြောင့် စေတနာနှင့်ယှဉ်သော အလောဘစေတသိက်ကိုလည်း ဒါနဟုခေါ်သည်။ သမ္မာဝါစာ၊ သမ္မာကမ္မန္တနှင့် သမ္မာအာဇီဝတို့ကိုလည်း ဒါနဟုပင်ခေါ်သည်။ ဒေယျဓမ္မော၊ ဒါနဝတ္ထုအမည်ရှိအရဆွမ်း၊ သင်္ကန်း စသော လှူဖွယ်ဝတ္ထုကိုလည်း ဒါနဟူ၍ပင ခေါ်လေသည်။

အဖန်ဖန် ပဋိသန္ဓေနေခြင်းဖြင့် သံသရာကို ရှည်စေတတ်သည့်တရားမှာ တဏှာ(လောဘ)ဖြစ်သည်။ ဒါနဟူ အလောဘမှာ ယင်းတဏှာ(လောဘ)၏ ဆန့်ကျင်ဘက်ဖြစ်၍ တဏှာ(လောဘ)ကိုလည်း ပယ်သတ်နိုင်သည့် တရားဖြစ်သည်။ စစ်မှန်သော ဒါနသည် သံသရာကို တိုစေနိုင်လေသည်။

ဒါနဟူသည့် တရားလေးမျိုး ဖော်ပြထားသော်လည်း အလောဘနှင့် သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမာအာဇီဝတို့မှာ စေတနာ၏ အသင်းအပင်းများဖြစ်၍ စေတနာဒါနအဖြစ် တစ်ခုတည်း မှတ်ယူရပါမည်။ ဆွမ်း၊ သင်္ကန်း စသည့် လှူဖွယ်ဝတ္ထုဟူသော ဒေယျဓမ္မကို ဝတ္ထုဒါနအဖြစ် မှတ်ယူရပါမည်။ ထို့ကြောင့်ပင် ဒါနတွင် စေတနာဒါနနှင့် ဝတ္ထုဒါန နှစ်မျိုးသာ ရှိလေသည်။

လှူဒါန်းမှု ပြုကြရာတွင် စေတနာမရှိလျှင် မလှူဒါန်းနိုင်ပေ။ စေတနာရှိမှသာ လှူဒါန်းနိုင်သည်။ စေတန ာဟုဆို



www.burmeseclassic.com

www.burmeseclassic.com

ရာတွင် လှူဒါန်းနေစဉ်အတွင်း ဖြစ်ပေါ်သော မုဉ္စဟူသည့် စွန့်လွှတ်ခြင်းဟု အဓိပ္ပာယ်ရသော မုဉ္စစေတနာသာ ဖြစ်ပေသည်။ စွန့်လွှတ်လှူဒါန်းနေစဉ်၌ဖြစ်သော မုဉ္စစေတနာသည် သာလျှင် ဒါန၏တရားအစစ် ဖြစ်လေသည်။ မစွန့်လွှတ်မီ ရှေးက ကြိုတင်၍ဖြစ်သော စေတနာကို ပုဗ္ဗစေတနာဟု ခေါ်၏။ စွန့်လွှတ်ပြီးမှဖြစ်သော စေတနာကို အပရစေတနာဟု ခေါ်ကာ စေတနာသုံးတန်ကို စေတနာဒါနဟု ခေါ်သည်။

လူတို့တွင် အလှူဒါနပြုကြရာတွင် အမျိုးမျိုး တွေ့ကြရလေသည်။ တချို့က ကံကံ၏အကျိုးကို ယုံကြည်ကာ ကြည်လင်သောစိတ်ဖြင့် ပေးလှူတတ်ကြသည်။ တစ်ချို့မှာမူ အခြားလူများ လှူကြသည်ကို အားကျမခံ လှူကြခြင်း ဖြစ်သည်။ တချို့ကတော့ မိမိပေးလှူသော အလှူဒါနသည် အခြားသူတို့ ပေးလှူသည်ထက် သာလွန်စေရမည်ဟု တွေးကာ လှူဒါန်းပေးတတ်ကြ၏။ တချို့က စေတနာသဒ္ဓါတရား မရှိဘဲ လူကဲ့ရဲ့မည်စိုး၍ ပေးလှူတတ်ကြ၏။ တချို့က မိမိ၏ ဂုဏ်ပျက်မည်စိုး၍ ပေးလှူမှ သင့်လျော်မည်ဟု မိမိ၏ဂုဏ်ကို ငဲ့ကွက်၍ ပေးလှူတတ်ကြသည်။ တချို့ကမူ အခြားအလှူရှင်များက ဟင်းတစ်မည် နှစ်မည်နှင့် လှူကြလျှင် မိမိ အလှူတွင် ဟင်းအမည်စုံလင်စွာနှင့် သူတကာထက် သာလွန်အောင် သဘောထားကာ ပေးလှူတတ်ကြသည်။

တချို့မှာကား အလှူသို့ ကြွရောက်လာကြသူတို့အား ဟင်းအမည်များကို အကြိုက်ထည့်စားစေကာ အကယ်၍ ဟင်းကုန်မည်ထင်လျှင် ထပ်ပေါ်၍ချက်ကာ လှူမည်ဟု အဆင်သင့် ဖမ်းချည်ထားသော ဝက်၊ ဆိတ်၊ နွားတို့ကို လက်ညှိုးထိုး၍ အားပါးတရ ပြောဆိုတိုက်တွန်းကျွေးမွေး၍ လှူတတ်ကြလေသည်။ ထိုကဲ့သို့ ပေးလှူတတ်သူတို့မှာ ကုသိုလ်တစ်ဝက်၊ အကုသိုလ်တစ်ဝက် ဖြစ်ကြရလေသည်။

ထို့ကြောင့် ပေးလှူခြင်းဟူသမျှတွင် လှူဒါန်းလိုက်ရ၍ ကုန်ခန်းသာသွားခဲ့သည်။ မိမိအတွက် အကျိုးမရှိသော အလှူပေးခြင်းမျိုး မဖြစ်ကြစေရန် အထူးသတိထားကြရမည် ပင် ဖြစ်သည်။ မိမိတို့ပေးလှူမှု မှန်သမျှအား ပုဗ္ဗ၊ မုဉ္စ၊ အပရစေတနာသုံးတန်နှင့် ညီညွတ်အောင် ပေးလှူကြပါမှ စေတနာဒါန၏ အကျိုးကို ခံစားကြရမည်ဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။

ထို့ကြောင့် ပေးလှူကြခြင်း အမျိုးမျိုးတို့အား စေတနာ ဒါနထား လှူဒါန်းမှုပြုနိုင်ကြစေရန် ဒါနပြုခြင်းအမျိုးမျိုးကို အောက်ပါအတိုင်း ဖော်ပြပေးအပ်ပါသည်။

## ဒါနအမျိုးမျိုး

(၁) ကိုယ်တွင်းဆိုင်ရာ အသက်ခန္ဓာ အင်္ဂါကြီးငယ်တို့ကို လှူဒါန်းခြင်း ဒါန။
(၂) အပြင်အပဖြစ်သော ပစ္စည်းတို့ကို လှူဒါန်းခြင်း ဒါန။
(၃) အသက်စည်းစိမ် ဘေးမဲ့ပေးခြင်း ဒါန။
(၄) ဆွမ်း စသည့်ပစ္စည်းဝတ္ထုကို ပေးလှူခြင်း ဒါန။
(၅) လောဘ၊ ဒေါသ စသည်တို့ဖြင့် ညစ်နွမ်းသော စိတ်အလျှင်းမရှိဘဲ သူတစ်ပါးတို့အား မဖောက်မပြန် မှန်ကန်သော တရားဟောပေးခြင်းဖြင့် တရားကို ပေးလှူခြင်း ဒါန။
(၆) အလှူခံပုဂ္ဂိုလ် ဆိုက်ရောက်သောအခါ လှူဖွယ်ဝတ္ထုကို အကြွင်းထား၍ လှူဒါန်းသော ဒါန။
(၇) အလှူခံပုဂ္ဂိုလ် ဆိုက်ရောက်သောအခါ လှူဖွယ်ဝတ္ထုကို အကြွင်းမထားဘဲ အကုန်လှူဒါန်းခြင်း ဒါန။
(၈) ပုဂ္ဂိုလ်တစ်ဦးနှစ်ဦး စသည်အား ပိုင်းခြားသတ်မှတ်၍ လှူဒါန်းခြင်း ဒါန။
(၉) သံဃာတော်ကို ရည်မှန်း၍ လှူဒါန်းသော ဒါန။
(၁၀) ဝဋ်ဆင်းရဲဖြစ်သော လောကီစည်းစိမ်ချမ်းသာကိုသာ တောင့်တ၍ လှူဒါန်းသော ဒါန။
(၁၁) ဝဋ်ဆင်းရဲကင်းကာ နိဗ္ဗာန်ချမ်းသာကိုသာ တောင့်တ၍ လှူဒါန်းသော ဒါန။
(၁၂) အချိန်အခါနှင့် တိုက်ဆိုင်သော စီမံလှူဒါန်းသော ကထိန်သင်္ကန်း၊ ဝါဆိုသင်္ကန်း၊ ဖျားနာသော ရဟန်းအတွက် ဂိလာနဆွမ်း၊ ဧည့်သည် အာဂန္တုရဟန်းတို့အတွက် ဆွမ်း၊ ခရီးထွက်မည့် ဂမိကရဟန်းတို့အတွက် ဆွမ်းလှူခြင်း စသည့် ဒါန။
(၁၃) အချိန်အခါကိုမရွေးချယ်ရဘဲ လှူလိုသည့်အချိန် လှူလိုက်နိုင်သော ဒါန။
(၁၄) တဏှာဒိဋ္ဌိတို့ဖြင့် သုံးသပ်အပ်သော ဒါန။



www.burmeseclassic.com

www.burmeseclassic.com

(၁၅) တဏှာဒိဋ္ဌိတို့ဖြင့် မသုံးသပ်အပ်သော ဒါန။
(၁၆) နေရာတည်မြဲနေသည့် ဘုရားတန်ဆောင်း၊ ကျောင်း၊ ဇရပ်၊ ရေတွင်း၊ ရေကန် စသည်တို့ကို လှူဒါန်းသော ဒါန။
(၁၇) ခေတ္တခဏမျှ သုံးစွဲရသော ဆွမ်း၊ သင်္ကန်း စသည်တို့ကို လှူဒါန်းခြင်း ဒါန။
(၁၈) မိမိ အသက်ထင်ရှားရှိစဉ် လှူဒါန်းသောဒါန။
(၁၉) မိမိသေပြီးနောက် မိမိပိုင်ပစ္စည်းစုကို မည်သူ့အား ပေးခဲ့သည်။ ထိုသူယူ၍ အလိုရှိတိုင်း အသုံးပြုလော့ဟု သေသည့်နောက် ရည်မှန်း၍ ပေးကမ်းလှူဒါန်းခြင်း ဒါန။
(၂၀) ဆွမ်းတစ်မျိုးတည်း လောင်းလှူခြင်း ဒါန။
(၂၁) ဆွမ်းဟင်းနှင့်တကွ လောင်းလှူခြင်း ဒါန။
(၂၂) အကြွင်းအကျန် အညံ့အဖျင်းဖြစ်သော ပစ္စည်းကို လှူဒါန်းခြင်း ဒါန။
(၂၃) အကြွင်းအကျန် အညံ့အဖျင်းမဟုတ်သော ပစ္စည်းကို လှူဒါန်းခြင်း ဒါန။
(၂၄) တရားသဖြင့် ရှာဖွေရရှိသော ပစ္စည်းဝတ္ထု လှူဒါန်းခြင်းဒါန။
(၂၅) တိုက်ခိုက်ခိုးဝှက်သတ်ဖြတ်ခြင်း စသည်ဖြင့် ရှာဖွေရရှိသော ဝတ္ထုပစ္စည်း လှူဒါန်းခြင်းဒါန။
(၂၆) အလှူဒါနပြုကြရာမှာ တန်းတူညီမျှ ရနိုင်၊ လှူဒါန်းနိုင်သော အလှူဒါန။
(၂၇) အချင်းချင်း အပြိုင်အဆိုင်လှူကြရာမှာ တစ်ဖက်သားများ မလိုက်နိုင်အောင် အနိုင်လှူအပ်သော ဒါန။
(၂၈) မျက်မြင်ကိုယ်တွေ့ဖြစ်သော ဒါန။
(၂၉) မျက်မြင်ကိုယ်တွေ့မဟုတ်၊ ကိုယ့်မျက်ကွယ်၌ လှူအပ်သော ဒါန။
(၃၀) ကွယ်လွန်လေပြီးသော ဆွေမျိုးသားချင်းများ တမလွန်ဘဝ၌ ကြီးပွားချမ်းသာရေးအတွက် ရည်ရွယ်လှူဒါန်းအပ်သော အလှူဒါန။
(၃၁) မိမိ နောင်တမလွန်ဘဝ ကြီးပွားချမ်းသာရေးအတွက် ရည်မှန်း၍ လှူဒါန်းအပ်သော အလှူဒါန။
(၃၂) ကံ ကံ၏အကျိုးကို သိရှိ၍ လှူဒါန်းအပ်သော အလှူဒါန။
(၃၃) ကံ ကံ၏အကျိုးကိုမသိဘဲ လှူဒါန်းအပ်သော အလှူဒါန။
(၃၄) နေ့စဉ်မပြတ် ဆွမ်းလောင်းခြင်း စသည်ဖြင့် အမြဲမပြတ် ပြုအပ်သော အလှူဒါန။
(၃၅) နေ့စဉ်မဟုတ်ဘဲ တတ်နိုင်သည့်အခါမှသာ ဆွမ်းလောင်းခြင်း စသည်ဖြင့် ပြုလုပ်အပ်သော အလှူဒါန။
(၃၆) သားငါး စသော သတ္တဝါများကို သတ်ဖြတ်၍ ကျွေးမွေးလှူဒါန်းအပ်သော ဒါန။
(၃၇) သားငါး စသော သတ္တဝါများကို သတ်ဖြတ်ခြင်း မပြုဘဲ ဈေးမှဖြစ်ပေါ်သော သားငါးများကျွေးမွေးလှူဒါန်းခြင်း ဒါန။
(၃၈) ကိုင်တိုယ်ကိုယ်ကျ မိမိလက်ဖြင့် ကိုယ်တိုင်လှူဒါန်းအပ်သော အလှူဒါန။
(၃၉) မိမိကိုယ်စား သူတစ်ပါးကို စေခိုင်း၍ လှူဒါန်းအပ်သော အလှူဒါန။
(၄၀) မိမိသဘောဖြင့် ပြုအပ်သော အလှူဒါန။
(၄၁) သူတစ်ပါးတို့ပြုသည်ကို မြင်၍ ပြုအပ်သော အလှူဒါန။
(၄၂) စိတ်နေ ရွှင်လန်းသာစွာ လှူဒါန်းအပ်သော ဒါန။
(၄၃) ဝမ်းလည်းမသာ၊ ဝမ်းလည်းမနည်း၊ အလယ်အလတ်ခံစားခြင်းရှိ၍ လှူဒါန်းအပ်သော အလှူဒါန။
(၄၄) ကံ ကံ၏အကျိုးကို သိမြင်နားလည်၍ လှူဒါန်းခြင်းသည် ဉာဏ်နှင့်ယှဉ်သည့် ဒါန။
(၄၅) ကံ ကံ၏အကျိုးကို မသိမမြင်ဘဲ သူတစ်ပါး၏ အတုအပဖြင့် လှူဒါန်းခြင်းသည် ဉာဏ်နှင့်မယှဉ်သည့်ဒါန။
(၄၆) သူတစ်ပါးတို့ တိုက်တွန်းခြင်းဖြင့် ပြုအပ်သော အလှူဒါန။
(၄၇) သူတစ်ပါးတို့ တိုက်တွန်းခြင်းမရှိဘဲ မိမိဆန္ဒအတိုင်း ပြုအပ်သော ဒါန။
(၄၈) ကောင်းမှု၏ အရာဖြစ်သော ပေးလှူခြင်း ဒါန။
(၄၉) ကောင်းမှု၏ အရာမဟုတ်ဘဲ လောက၌ ပြုကျင့်မြဲဝတ္တရားအတိုင်း ပေးလှူရခြင်းဒါန။



www.burmeseclassic.com

www.burmeseclassic.com

(၅၀) လှူဖွယ်ဝတ္ထုများကို ကောင်းမွန်စွာပြုပြင်၍ ရိုသေစွာ လှူဒါန်းခြင်း ဒါန။

(၅၁) လှူဖွယ်ဝတ္ထုများကို ကောင်းမွန်စွာ မပြုပြင်ဘဲ ဖြစ်သလို လှူဒါန်းသော အလှူဒါန။

(၅၂) မြတ်သောပုဂ္ဂိုလ်၊ ကြီးသောပုဂ္ဂိုလ်တို့အား ငယ်သူက ပူဇော်သောအားဖြင့် ပေးလှူခြင်း ဒါန။

(၅၃) ကြီးမြတ်သူက ငယ်ရွယ်သူအား ချီးမြှောက်ပေးလှူခြင်း ဒါန။

(၅၄) တဏှာ၏ကျွန်အဖြစ်ဖြင့် လောကီစည်းစိမ် ချမ်းသာကို တောင့်တ၍ လှူဒါန်းသော အလှူဒါန။

(၅၅) တဏှာအရှင်သခင်ကို ပုန်ကန်၍ လောကုတ္တရာ မဂ်ဖိုလ်နိဗ္ဗာန်ကို ရည်မှန်းတောင့်တပြီး လှူသော အလှူဒါန။

(၅၆) မိဘတို့က သားသမီးတို့ကို နောင်အခါတွင် ငါတို့အား ဤကဲ့သို့ ပြန်လည်ကျွေးမွေးလိမ့်မည်ဟု မျှော်မှန်း၍ သားသမီးတို့အား ကျွေးမွေးခြင်းဒါန။

(၅၇) သားသမီးတို့က အိုမင်းမစွမ်းရှိသည့် မိဘတို့ကို ကျေးဇူးဆပ်သောအားဖြင့် ပြန်လည်ကျွေးမွေးခြင်းဒါန။

(၅၈) အလှူခံပုဂ္ဂိုလ်များအား လှူဒါန်းကျွေးမွေးခြင်း ဒါန။

(၅၉) အလှူဒါန ပြုလုပ်ရာမှာ လိုအားလှူ၊ အားထုတ်မှု၊ ပိုင်းခြားသိမြင်မှုနှင့် ထိုးထွင်းသိမြင်ခြင်း တရားလေးပါး အားနည်းလျှင် ထိုဒါနသည် ညံ့သော အလှူဒါန။

(၆၀) တရားလေးပါးကို အတန်အသင့် နားလည်၍ လှူဒါန်းလျှင် အလတ်စားအလှူဒါန။

(၆၁) တရားလေးပါးကို အသေအချာ သဘောပေါက်နားလည်ပြီး လှူဒါန်းလျှင် မြင့်မြတ်သော အလှူဒါန။

(၆၂) အလွန်တရာ ပြုနိုင်ခဲသော အလှူဒါန။

(၆၃) ကြီးကျယ်ခမ်းနား အံ့ဖွယ်ကောင်းအောင် ပြုသော ဒါန။

(၆၄) ပြုလုပ်ရန် ခဲယဉ်းသည်လည်းမဟုတ်၊ ကြီးကျယ်များပြားလှသည်ဟု ပြောဆိုဖွယ်လည်း မရှိသော အလှူဒါန။

(၆၅) တရားသဖြင့် လှူဒါန်းအပ်သော တရားနှင့်ညီညွတ်သော ဒါန။

(၆၆) သူတစ်ပါးအသက်ကို ရှည်အောင် ပြုလုပ်လှူဒါန်းခြင်းဒါန။

(၆၇) ရံဖန်ရံခါ စေတနာသဒ္ဓါတရားမရှိဘဲ လူကဲ့ရဲ့မည်စိုး၍ ပေးလှူသော ဒါန။

(၆၈) ရံဖန်ရံခါ စေတနာသဒ္ဓါတရားမရှိဘဲ မိမိဂုဏ်ပျက်မည်စိုး၍ ပေးလှူမှသင့်လျော်မည်ဟု မိမိဂုဏ်ကို ငဲ့ကွက်ပေးလှူသော ဒါန။

(၆၉) သူတော်ကောင်းတရားကို အလေးဂရုပြု၍ ပေးလှူသော ဒါန။

(၇၀) အဆွေခင်ပွန်းအား ပြုစုသကဲ့သို့ အလှူခံပုဂ္ဂိုလ်တို့အား မိမိသုံးဆောင်စားသောက်သည့်အတိုင်း တစ်တန်းတစ်စားတည်း လှူဒါန်းခြင်း ဒါန။

(၇၁) အရှင်သခင်အား ပေးလှူသကဲ့သို့ အလှူခံပုဂ္ဂိုလ်တို့အား မိမိသုံးဆောင်စားသောက်သည်ထက် မြင့်မြတ်သော ပစ္စည်းဝတ္ထုကို ပေးလှူခြင်း ဒါန။

(၇၂) အလှူခံပုဂ္ဂိုလ်အား မိမိသုံးဆောင်စားသောက်သည့်အောက် ညံ့သောပစ္စည်းဝတ္ထုကို လှူဒါန်းခြင်းဒါန။

ဟူ၍ ဒါနပြုခြင်းအမျိုးမျိုး ရှိလေသည်။

ထိုပေးလှူခြင်း အမျိုးမျိုးတို့မှ မိမိအတွက် အကျိုးရှိစေမည့် ပေးလှူခြင်းမျိုးများကိုသာ စေတနာသုံးတန် ပြဋ္ဌာန်းကာ ပေးလှူကြပါလျှင် ပစ္စုပ္ပန်၊ သံသရာ နှစ်ဖြာအကျိုးကို ရရှိပြီး နောင်တမလွန်တွင်လည်း မြင့်မြတ်သော ဘုံဗိမာန်တွင် ခံစားရကာ အဆုံးစွန်တွင် မဂ်ဖိုလ်နိဗ္ဗာန်သို့ ကူးရောက်နိုင်ကြမည်သာ ဖြစ်ပါ၍ မှန်ကန်သော ပေးလှူခြင်းများဖြင့် လှူဒါန်းနိုင်ပါစေကြောင်း အကြံပြု တင်ပြအပ်ပါသည်။

**တင့်ထူး(ဓေယျဝတီ)**

**ကျမ်းကိုး**


(၁) ကုသိုလ်အကျိုးပြတရားတော် (ပဌမတွဲ) ပါဠိပါရဂူ ဦးအောင်မိုး

(၂) ဗုဒ္ဓဘာသာကောင်းတစ်ယောက် သာသနာရေးဝန်ကြီးဌာန။



www.burmeseclassic.com

www.burmeseclassic.com



# မြွေဆိုမကြောက် နှီမိတ်ကောက်

ဂန္ဓာရီဆြာအံ့

ကျွန်ုပ်သည် ငယ်စဉ်ကပင် နေရာဒေသ အနှံ့အပြားသို့ ရောက်ရှိခဲ့ရသည်။ ထိုသို့ရောက်ရှိခဲ့ခြင်း၏ အကြောင်းအရင်းကို ဆင်ခြင်သုံးသပ်ရလျှင် ကျွန်ုပ်၏ ဖခင်ကြီးကြောင့်ဟု ဆိုနိုင်၏။ ဖခင်ကြီးသည် နယ်လှည့်ကုသော ဆေးဆရာကြီး ဖြစ်၏။ ဆေးကုသမှုအပေါ် ဝါသနာပါခြင်း၊ လူနာတွေအပေါ်၌ သနားကရုဏာကြီးမားခြင်း၊ နယ်တကာအနှံ့သွားရမည်ကို မညည်းညူတတ်ခြင်းတို့ကြောင့် မကြာခဏဆိုသလို ဇာတိရပ်ရွာကို ခွဲခွာလျက် ရပ်တကာ နယ်အနှံ့ ရောက်လေ့ရှိချေ၏။ ထိုသို့ သွားလေတိုင်း ကျွန်ုပ်ကိုလည်း တစ်ပါတည်း ခေါ်ဆောင်သွားလေ့ရှိရာ ငယ်စဉ်ကတည်းကပင် နေရာဒေသအနှံ့အပြားသို့ ရောက်ရှိခဲ့ရခြင်းဖြစ်လေသည်။ ကျွန်ုပ်တို့မှာ အဖေတစ်ခု၊ သားတစ်ခု။ မိခင်ကြီးကလည်း ဖခင်ကြီးနယ်ထွက်နေခိုက် မမျှော်လင့်ဘဲ ကွယ်လွန်ခဲ့လေရာ ကျွန်ုပ်အား မခွဲနိုင်တော့ဘဲ သွားလေရာ၊ လာလေရာ ခေါ်ဆောင်ခြင်း ဖြစ်လေတော့၏။

ထို့ကြောင့်ပင် ကျွန်ုပ်သည် ငယ်စဉ်ကတည်းက ဒေသအနှံ့ကို ရောက်ဖူးနေ၏။တိုင်းရင်းသားပေါင်းစုံနှင့် တွေ့ဖူးနေ၏။ သူတို့ပြောဆိုသော စကားအချို့ကိုပင် နားလည်နေသေး၏။ တစ်ဖန် ဖခင်ကြီး ဆေးကုသမှုအပေါ် ပါဝင်ကူညီရသဖြင့် ဆေးအချိန်အဆ၊ လူနာ၏ အနေအထား၊ ရောဂါနှင့်ဆေး၊ လူနာနှင့် ဓာတ်စာ၊ ပြီးတော့ ဗေဒင်၊ ယတြာကိစ္စများကိုပါ ယဉ်ပါးတတ်ကျွမ်းနေလေရာ ဖခင်ကြီးခမျာ ကျွန်ုပ်အား သူ့သွေးအပြည့်အဝ ပါသည်ဆို၍ ချစ်မြတ်နိုးမဆုံးတော့။ တစ်ပင်လဲခဲ့သော်လည်း နောက်ထပ် တစ်ပင်ထူဖို့ ဆိုသည်မှာ ဝေလာဝေး။

ဖခင်ကြီး၏ ကျေးဇူးကား အတိုင်းမသိကျေးဇူးကြီးမားလှပါဘိ။

ပမာအားဖြင့် တောလမ်းတစ်ခုကို ဖြတ်သန်းသွားကြပြီဆိုပါစို့။ လမ်းခရီး၌ တွေ့ရသော သစ်ပင်ကြီးငယ်တို့အားပြသပြီး အမည် ဘယ်သို့ရှိပုံ၊ ဆေးဖက်မည်သို့ဝင်ပုံ၊ ရောဂါအနေအထားပေါ် မူတည်၍ ဘယ်သို့ တိုက်ကျွေးရပုံ အစရှိသည်တို့ကို မသိမသာ သင်ကြားပြသပေးတတ်၏။ တစ်ရပ်



www.burmeseclassic.com

www.burmeseclassic.com

တစ်ကျေးသို့ ရောက်ရှိပြီးသကာလလည်းကောင်း ကြည်ညို လေးစားရသော ဆရာသမားများနှင့် ဆုံတွေ့ရမည်ဆိုသည့် အခါဝယ် ကျွန်ုပ် ဗဟုသုတ တိုးပွားစေရေးအတွက် ခေါ်ဆောင်သွားလေ့ရှိ၏။ ထို့ကြောင့်ပင် မြွေဆရာကြီး ဦးတက်ခေါင်ဆိုသော အဘိုးကြီးနှင့် တွေ့ခဲ့ရခြင်း ဖြစ်ပါသည်။

"မှတ်ထားကွယ့် လူကလေး။ မြွေကိုတွေ့ရင် ဘယ်တော့မှ ကိုယ်က အန္တရာယ်ပေးဖို့ မကြိုးစားနဲ့။ မေတ္တာပို့ပေးပါ။ တတ်နိုင်ရင် ပရိတ်ကြီး ၁၁ သုတ်ထဲက ခန္ဓသုတ်ကို ရွက်ပေးပါ။ ကိုယ်ပေးပို့တဲ့ မေတ္တာဓာတ်ကို ခံယူရတဲ့ မြွေဟာ ကိုယ့်အပေါ်အန္တရာယ် မပေးတော့ပါဘူး။ ပြီးတော့ ကိုယ့်ရှေ့လျှောက် ဘာတွေဖြစ်တော့မယ်ဆိုတာကိုတောင် အတိတ်နိမိတ် ပေးတတ်ပါတယ်"

ကျွန်ုပ် အလွန်တရာမှ စိတ်ဝင်စားသွားတော့၏။ မြွေဆိုသည်မှာ ကြောက်စရာမဟုတ်။ ကိုယ်က ရန်သတ္တုမပြုလျှင် သူကလည်း မပြု၊ ကိုယ့်မှာ မေတ္တာဓာတ်တွေ ကိန်းအောင်းနေလျှင် ၎င်းကလည်း တုံ့ပြန်လျက်။ ဆင်ခြင်နိုင်ရန် အတိတ်နိမိတ်တွေ ပြသည်ဆိုပါလား။

"ဒါဖြင့်ရင် မြွေက ပေးတဲ့ အတိတ်နိမိတ်ကို ပြောပြပါ ဘကြီးတက်ရယ်နော်"

"အဟား···ဆရာကြီးဘရင်ရဲ့ သားတော်မောင်က အလာကြီးပဲ။ တစ်နေ့ ထွန်းတောက်မယ့် သူငယ်လေးပဲ ဆရာရဲ့။ ခုကတည်းက ဗဟုသုတရှာမှီးတတ်တာ။ ကျုပ်တော့ သူ့ကို သဘောကျသွားပြီ။ တစ်နေ့ ကျုပ်တို့ထက် အဆရာထောင်မကသာမယ့် သူငယ်။ ကိုင်း···ကိုင်း မှတ်သားထား။ ဘကြီးတက်ပြောပြမယ်"

သည်သို့ ကျွန်ုပ်အား သဘောအကျကြီးကျလျက် ကျွန်ုပ်၏ ဦးခေါင်းကို ပွတ်သပ်ကာ မြွေဆိုး၊ မြွေကောင်းတို့၏ သွင်ပြင်လက္ခဏာများ၊ ဓလေ့စရိုက်များ၊ မှီတင်းနေထိုင်တတ်သည့် နေရာဒေသများ၊ ဂမ္ဘီရဆန်သော အတိတ်နိမိတ်များ စသည်တို့ကို အတွေ့အကြုံအဖြစ်အပျက်များ ထုံမွမ်းလျက် နားဆင်ရငြီးမသွားလေအောင် ရင်ခေါင်းသံကြီးဖြင့် ပြောပါလေတော့၏။ ယခုဆိုလျှင် ကျွန်ုပ်၏မွေးသဖခင် ကျေးဇူးရှင်ကြီးလည်း မရှိတော့၊ မြွေနှင့် ပတ်သတ်၍ နိမိတ်ကောက်ပညာကို သင်ကြားပို့ချပေးခဲ့လေသော မြွေဆရာကြီး ဦးတက်ခေါင်လည်း မရှိတော့။ ဇာတိ၊ ဇရာ၊ ဗျာဓိ၊ မရဏသဘောအရ ခန္ဓာရွေ့ခဲ့ပြီဖြစ်၏။ ကျွန်ုပ်သည်ပင် ဇရာသို့ တဖြည်းဖြည်း ချဉ်းခဲ့ပြီပဲ။ နှစ်ပရိစ္ဆေဒတွေလည်း ရင့်ခဲ့ပြီပဲ။ မြွေဆရာကြီး၏ မြွေနိမိတ်ကောက်မှုကား စိတ်ဝင်စားဖွယ် ကောင်းလှသည်နှင့်အမျှ မှန်ကန်မှုလည်း ရှိပါသဖြင့် နိမိတ်ကောက်ပညာကို စိတ်ဝင်စားသူတို့ လေ့လာနိုင်ရန် ကျွန်ုပ် မှတ်မိသမျှ အောက်ပါအတိုင်း ဖော်ပြလိုက်ပါ၏။

(၁) မြွေတစ်ကောင်သည် သင်ရှိနေသော အရပ်၊ သင်သွားတော့မည့် အရပ်၏ရှေ့၌ ကန့်လန့်ခံနေပါသလား။ (ထိုသို့ ကန့်လန့်ခံ၍နေသည်ကို ကြုံရပါလျှင် လူပြုစားခြင်း ခံရတတ်ပါသည်။)

(၂) မြွေတစ်ကောင်သည် မိမိ၏ရှေ့၌ ဖြတ်သွားပါသလား။ (ဖြတ်သွားခဲ့ပါက ရင်းနှီးသော ဆွေမျိုး၊ မိတ်ဆွေသင်္ဂဟတစ်ဦးမဟုတ် တစ်ဦး၏နာရေးသတင်းကို ကြားရတတ်ပါသည်)

(၃) မြွေတစ်ကောင်သည် မမျှော်လင့်ဘဲ မိမိ၏ နောက်ဘက်ခြေထောက်ကြားမှ ဝင်ကာ ရှေ့သို့ ပြေးသွားနေသည်ကို မြင်ရပါသလား။ (မြင်ရပါက မမျှော်လင့်ဘဲ အန္တရာယ် တစ်ခုခုနှင့် ရင်ဆိုင်ရတတ်ပါသည်။)

(၄) မြွေအသေကောင်ကို မြင်ရပါသာလား။ (မြင်ရပါက လာဘ်လာဘတွေ ဝင်လာပါတော့မည်။)

(၅) ညဘက်၌ အိမ်ခေါင်ပေါ်မှ မြွေပြုတ်ကျလာပါသလား။ (ပြုတ်ကျလာပါက ငွေဝင်ပါလိမ့်မည်။ ဥစ္စာပစ္စည်းပေးမည့်သူ ရောက်ရှိလာပါတော့မည်။)

ဤကား ကျွန်ုပ်ငယ်စဉ်ကတည်းက လေ့လာမှတ်သားမိခဲ့သော မြွေနိမိတ်ကောက်ပညာရပ်မှ အချို့သော နိမိတ်များပင် ဖြစ်ပါ၏။

ဂန္ဓာရီဆြာအုံ



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# ကျော်မြသန်း

# မွန်းတည့်ချိန်မှာ အရိပ်ရှာသူ



www.burmeseclassic.com

www.burmeseclassic.com

# မွန်းတည့်ချိန်မှာ အရိပ်ရှာသူ

## ကျော်မြသန်း

(ယခင်လမှအဆက်)

(သုံး)

ကျွန်တော် မည်သို့နေနေ၊ မည်သို့သွားသွား၊ မည်သို့စားစား ကျွန်တော် စိတ်ဆောနေရသူမှာ ထောင်ထဲမှ ဦးလာဘ ဖြစ်သည်။ ယခုအချိန်အထိ သူ့အကြောင်း၊ သူ့ကိစ္စ လှုပ်ရှားမှု မပြသေးသော်လည်း မမျှော်လင့်သော တစ်ချိန်ချိန်တွင် အရေးပေါ်လာမည်ကတော့ အမှန်ပင်။ ထိုအခါမျိုးတွင် ကျွန်တော့်ဘက်မှ အဆင်သင့်ရှိနေဖို့တော့ ပြင်ဆင်ထားရမည်။

ယင်းအတွက် ကျွန်တော် ပြင်ဆင်နေရပါသည်။

ဦးလာဘကိစ္စပေါ်လာလျှင် ကြိုတင်စိတ်ကူးထားသည့်အတိုင်း ကိုဝမ်းဖေကို ကြားခံထားရပါလိမ့်မည်။

လက်ဖက်ခြံတွင် ကိုဝမ်းဖေမရှိလျှင် လုပ်ငန်းမလစ်ဟာရေးမှာ ကျွန်တော့်တာဝန်သာ ဖြစ်သည်။ လုပ်ငန်းသဘောကို သူ့လောက်နီးနီး သိထားမှ ဖြစ်မည်။

ထို့ကြောင့်လည်း အစစအရာရာတွင် ပိုင်ရှင်သူဌေးတစ်ယောက်၏ အပြုအမူမျိုးမပြဘဲ အောက်ခြေသိမ်းမှအစ လေ့လာရသည်။ တွေ့ကြုံရသမျှတို့မှာလည်း ဆန်းသစ်၍ စိတ်ဝင်စားစရာ ကောင်းလှပါ၏။

လောလောဆယ်အားဖြင့်မူ ကျွန်တော့်ကို အကူအညီပေးနေသူမှာ မပန်းလှိုင်ပင် ဖြစ်သည်။ သူမက တောင်ပေါ်သူတို့၏ ဓလေ့အတိုင်း ပွင့်လင်းရိုးစင်းစွာဖြင့် ကူညီလုပ်ကိုင်ပေးနေခြင်း ဖြစ်ပါလိမ့်မည်။

ကျွန်တော့်ဘက်မှ ထိုသို့သဘောမထားနိုင်သည်မှာ ခက်လှသည်။ မိန်းမနှင့်ပတ်သက်လျှင် အတွေ့အကြုံရှိထားသော ကျွန်တော်က သူမနှင့်ဖတ်သက်လာလျှင် ဆယ်ကျော်သက်လေးလို ကိုယ့်ရင်ခုန်သံကို ကိုယ်ပြန်ကြားနေတတ်သည်။ မျက်လုံးအကြည့်ချင်းဆုံလျှင် ရင်ဖိုနေတတ်သည်။ မတော်တဆ အမှတ်မထင်လက်ချင်းထိမိတာလေးကိုပင် နှလုံးမငြိမ်မသက် ဖြစ်နေတတ်သည်။

မပန်းလှိုင်နှင့် ကျွန်တော်၏ ဆက်ဆံရေးမှာလည်း မကွဲမကွာ ရှိလှပါသည်။

ကြည့်ပါ။

မနက်မိုးလင်း ကျွန်တော် အိပ်ရာမှ ထသည်ဆိုလျှင်ပင် မျက်နှာသစ်သည်ကအစ နံနက် မုန့်၊ လက်ဖက်ရည်သောက်စားခြင်းကိစ္စမှာ မပန်းလှိုင်က အဆင်သင့်ပြုလုပ်ထားပြီးဖြစ်သည်။ သို့တစေ ကျွန်တော်တစ်ယောက်တည်းကို ခွဲခြားလုပ်ကိုင်ပေးခြင်း မဟုတ်ပါ။ ကျွန်တော်နှင့်အတူ ကိုဝမ်းဖေအတွက်ပါ လုပ်ဆောင်ပေးခြင်း ဖြစ်ပါသည်။

ဤနေရာ၌ ကိုဝမ်းဖေနှင့် မပန်းလှိုင်တို့မှာ ကျွန်တော့်ထက် အရင်ဦး၍ ရင်းနှီးကြသည်မှာ မှန်ပါ၏။ ဆိုစရာရှိသည်မှာ ကိုဝမ်းဖေသည် အိမ်ထောင်သည်ဖြစ်၏။ ကျွန်တော့်ထက် အသက်ဆယ်နှစ်ခန့် ကြီးသဖြင့် မပန်းလှိုင်ထက် ဆယ့်ငါးနှစ်မျှ ကြီးနေသည်။ ထို့ပြင် လက်ဖက်လုပ်ငန်းတွင် သူသည် ကျွန်တော့်လက်အောက်က ဖြစ်သည်။

ထို့ကြောင့် သူတို့နှစ်ယောက်ကြားတွင် စိတ်လှုပ်ရှားစရာအကြောင်း မရှိ။ မပန်းလှိုင် ကိုယ်၌ကလည်း ကိုဝမ်းဖေကို တကယ့် အစ်ကိုကြီးအရင်းပမာ လေးစားစွာ ပြောဆိုဆက်ဆံတတ်သည်။

ကျွန်တော့်ကျတော့ . . . ထိုသို့မဟုတ်။

ကျွန်တော့်အဝတ်အစား၊ အသုံးအဆောင်၊ ကျွန်တော်နှစ်ခြိုက်တတ်သော အစားအသောက် ဟင်းအမယ်ကအစ ဂရုတစိုက် ရှိလှသည်။ အချို့ကိစ္စများဆိုလျှင် ပွင့်လင်းစွာပင် မေးတတ်သည်။ အချို့မေးခွန်းများမှာ အသေးစိတ်ကျလွန်းသဖြင့် စကားကပ်မေးသလို ဖြစ်နေ၍ အမြဲတမ်းပေါ့ပေါ့နေခဲ့သော ကျွန်တော့်အဖို့ ချောက်ကျနေရတတ်သည်။

မပန်းလှိုင်မှာ အရာရာကို တတ်



www.burmeseclassic.com

www.burmeseclassic.com

သိနားလည်ချင်စိတ် ရှိသည်။

"အစ်ကို ... လုံချည်တွေက အပြာ၊ အပြာဖျော့၊ မီးခိုးရောင်တွေ များတယ်။ အဲဒီအရောင်တွေ ကြိုက်တယ်နော်။ ဘာကြောင့်လဲ အစ်ကို"

"အိုကွာ ... အပြာရောင်ဆိုတာက ကြည်လင်တယ်၊ အေးမြတယ်၊ သန့်စင်တယ်ပေါ့"

"ဒါဖြင့် အစိမ်းရောင်ကကော"

"အစိမ်းကတော့ မျက်လုံးအေးတာမှန်ပေမယ့် စိမ်းကားတဲ့သဘောကို ဆောင်တယ်လို့ ပြောကြတာပဲ"

"ဒါကြောင့် ... အစ်ကို့အဝတ်အစားတွေမှာ အစိမ်းရောင် မတွေ့ရတာကိုး။ ဘယ်အရောင်ဟာ အလှပဆုံးလဲဟင်"

"ပန်းရောင်လို့ ပြောကြတာပဲ"

"ဘာဖြစ်လို့လဲဟင်"

"လှလို့ပေါ့"

"ဟင် ... အစ်ကို့ဟာကလည်း ဘာထူးလို့လဲ"

"ဟ ... ဘာကို ပြောတာလဲ"

"အလှဆုံးအရောင်ဟာ ပန်းရောင်၊ ပန်းရောင်ဖြစ်လို့ လှတယ်ဆိုတာ ဘယ်လိုဟာကြီးလဲ။ လေးနက်တဲ့အကြောင်းတော့ ရှိရမှာပေါ့"

"သြော် ... အေးအေး၊ ဒီလို ဒီလို။ ပန်းရောင်ဆိုတာ အချစ်ရဲ့ နိမိတ်တဲ့။ အချစ်ကို လူတိုင်း စိတ်ဝင်စားတယ် မဟုတ်လား။ ဒါကြောင့် ပန်းရောင်ကို လူကြိုက်များတယ်လေ"

"သြော် ... ဒါဆို ရန်ကုန်က မမတွေ ပန်းရောင်ပဲ အများဆုံးဝတ်ကြမှာပေါ့နော်"

"ဟာ ... ဘာဖြစ်လို့လဲ"

"ဟို ... ရန်ကုန်က မမတွေက သိပ်ချစ်စရာကောင်းအောင် လှတယ်ဆိုလို့ပါ"

"အဲလိုလည်း မဟုတ်ဘူး ပန်းလှိုင်ရဲ့"

"ဒါဖြင့် ... ဘယ်လိုလဲဟင် အစ်ကို"

"ဟို ... ဟို"

ကျွန်တော် ဆက်မပြောနိုင်တော့ပါ။

ပြောချင်ပါသည်။ စိတ်ထဲတွင် သိသလိုလည်း ရှိပါသည်။ ဒါပေသိ တကယ်တမ်းမှ စမ်းတဝါးဝါးဖြစ်နေ၍ မပြောတတ်တော့ပါ။

ကျွန်တော့်အဖြစ်ကို ကြည့်ပြီး မပန်းလှိုင် တခစ်ခစ်ရယ်နေတော့သည်။

ရယ်လိုက်လျှင် မျက်ပေါက်ကလေး ကျဉ်းသွားပြီး ပါးချိုင့်ကလေး ပေါ်လာသည်ကို ကျွန်တော်က ကြည့်ကောင်းကောင်းဖြင့် ကြည့်နေသည်ကိုလည်း အလွတ်မပေးတတ်ပါ။

"ဘာကြည့်နေတာလဲ အစ်ကိုရဲ့"

"ကြည့်ကောင်းလွန်းလို့ပါကွာ"

"ဘာကို ကြည့်ကောင်းတာလဲ"

"သြော် ... ပန်းလှိုင်ရဲ့ ရီဝေနေတဲ့ မျက်လုံးလေးတွေ၊ ပါးချိုင့်လေးတွေ၊ ပြေပြေလေး ရဲနေတဲ့ နှုတ်ခမ်းလေးတွေကိုပေါ့"

"ဟင်းနော် ... အစ်ကို၊ ကိုယ့်ညီမကို အဲဒီလို မကြည့်ရဘူး၊ မပြောရဘူးလေ။ ငရဲကြီးတတ်တယ်"

ဤအခါမျိုးတွင်လည်း ကျွန်တော့်မှာ ပြောစရာမရှိသလို ဖြစ်သွားတတ်ပြီး ယောင်တောင်ပေါင်တောင်လည်း ဖြစ်သွားတတ်ပါသည်။

မည်သို့ပင် အပြောင်အပျက်၊ အလွဲအချော် စကားများ ပြောဖြစ်ကြစေကာမူ စိတ်ကောက်စိတ်ဆိုးမှုများ သူမထံမှာ မတွေ့ရပါ။ အချိန်တန်လျှင် ကျွန်တော်တို့အတွက် အဆင်သင့်ဖြစ်နေတတ်လေ့ရှိပါသည်။

သူမ မပါလိုက်ရသည့် ကိစ္စ၊ သူမ မလုပ်လိုက်ရသည့်ကိစ္စတို့မှာလည်း ရှာမှရှားလှသည်။ တစ်နေကုန် တစ်နေခန်း တလှုပ်လှုပ်နှင့် အလုပ်ရှုပ်နေတတ်သူမှာလည်း သူမပင် ဖြစ်သည်။ အဘိုးဦးလောဝမ်၏ ဝေယျာဝစ္စများကိုသာမက ကိုဝမ်းဖေနှင့် ကျွန်တော့်ကိစ္စများကိုပင် အိပ်ရာအခင်းအကျင်းကအစ ဆောင်ရွက်ပေးတတ်သည်။

ကျွန်တော်တို့ အိပ်ရာဝင်ပြီးမှသာ သူဝင်တတ်သော်လည်း ကျွန်တော်တို့ အိပ်ရာမထမီ သူနိုးနေတတ်သည်ကိုလည်း အမှတ်ရရ သတိပြုမိပါသည်။

ဤသို့လျှင် အနေနီးစပ်လာသောကြောင့်လည်း ကျွန်တော့်မရိုးသားမှုကို တိုးပွားစေခဲ့ပါသည်။ တစ်ခါတစ်ရံတွင် စိတ်ဆင်ရိုင်းက ကြမ်းချင်ရမ်းချင်လာတတ်ပါသည်။ ထိုအခါမျိုး၌ ကျွန်တော့်အသိ အတွက်ကို ခွာကြည့်တတ်သော စိတ်သာမရှိခဲ့လျှင် ဆိုးဆိုးဝါးဝါး ဖြစ်လာနိုင်စရာ ရှိပါသည်။

ကျွန်တော်သည် ပညာတတ်၊ ကျွန်တော်သည် သူ့လုပ်ငန်းရှင်၊ ကျွန်တော်သည် သူဌေးကလေး။ ယင်းအကြောင်းများက ကျွန်တော့်ကို စိတ်



www.burmeseclassic.com

www.burmeseclassic.com

သွားတိုင်း ကိုယ်မပါစေနိုင်ရန် နှောင်ကြိုးတည်းထားပါသည်။

ရှိပါစေ။ သူမဘက်က ရိုးစင်သည်ကို ကျွန်တော်သိသကဲ့သို့ ကျွန်တော့်ဘက်မှ မရိုးသားခြင်းကိုလည်း သူမသိလိမ့်မည်ဟု ကျွန်တော်ထင်သည်။ အကြောင်းမှာ သူမရော ကျွန်တော်ပါ အရွယ်ရောက်ပြီးကြသော ဆန့်ကျင်ဘက်လိင်များ ဖြစ်နေသောကြောင့် ဖြစ်ပါ၏။

ဤရက်များအတွင်း ကျွန်တော်တို့ ပို၍ အနေနီးစေရသည့် ကိစ္စများလည်း ပေါ်ခဲ့ကြသေး၏။

လုပ်ငန်းသဘောသဘာဝအရ သင်္ကြန်ရက်များ ကျော်လွန်လာသည်နှင့် ကျွန်တော်တို့ လက်ဖက်ခြံသို့ လက်ဖက်ခူးသူများ အလျှိုလျှို ထပ်ရောက်လာကြသည်။

မကြာမီ မိုးကျတော့မည်ဖြစ်ရာ အကောင်းဆုံး ရွှေဖီမိုးလွတ် လက်ဖက်များ အများဆုံးရနိုင်ရန် ကြိုးစားဖို့ အချိန်ရောက်ခဲ့ပါပြီ။

ဤကာလသည် အလုပ်အများဆုံး ဖြစ်တတ်၏။

ထို့ကြောင့် တစ်ရပ်တစ်ကျေးမှ လက်ဖက်ခူးလုပ်သားများကို ရနိုင်သမျှ ခေါ်ယူခဲ့ရသည်။ ယင်းလုပ်သားများအနက် အမျိုးသမီးများမှာ အထူးခူးကောင်းလှသည်။

နံနက် အိပ်ရာထသည်နှင့် ထမင်းထုပ်ကိုယ်စီ၊ ပလိုင်းကိုယ်စီဖြင့် လက်ဖက်တောင်ပေါ် တက်သွားလိုက်ကြသည်မှာ ညကြီးမိုးချုပ်မှ ပြန်ရောက်လာတတ်ကြသည်။ ကျွန်တော်တို့ နေထိုင်ရာ အိမ်ခြံဝင်းထဲတွင်ပင်

**ဒါကြောင့် အစ်ကိုတို့ ကျောင်းက ဆရာကြီးက ပြောဖူးတယ်။ မိန်းမတွေဟာ ဖေဖော်ဝါရီလမှာသာ စကားနည်းကြတယ်တဲ့ .....**

ချက်ပြုတ်စားသောက်ကြပြီး ဖြစ်သလို ထိုးထားသော ယာယီတဲများတွင် ကိုယ့်အစုနှင့်ကိုယ် အိပ်ကြသည်။

သူတို့ကို အားကျသည်ကလည်း တစ်ကြောင်း၊ လုပ်ငန်းကို ကိုယ်တိုင် ကွင်းဆင်း ကြည့်ချင်သည်က တစ်ကြောင်းတို့ကြောင့် မပန်းလိုင်နှင့်အတူ ကျွန်တော် လက်ဖက်ဖူးထွက်ဖြစ်ခဲ့သေးသည်။ ကိုယ့်ကိုယ်ကို ခြံလုပ်သားလို သဘောထားပြီး ထွက်ဖြစ်ခဲ့ခြင်း ဖြစ်သည်။

အများအားဖြင့် လက်ဖက်ပင်တို့မှာ လူတစ်ရပ်ခန့်သာ အမြင့်ဆုံးရှိကြသည်။ သို့တစေ ... ခူးရန်ကား မလွယ်ပါ။

ဆင်ခြေလျှော တောင်စောင်းကြီးများတွင် ပေါက်ရောက်နေကြခြင်း ဖြစ်သဖြင့် တစ်ပင်မှတစ်ပင်သို့ အကူးတွင် လျှောကျသွားနိုင်သည်။ လက်ဖက်ခူးစဉ် ခြေမြဲရန်ကုပ်ထားဖို့ သတိလက်လွတ်လို့မဖြစ်ပေ။ ထို့ပြင် အဆင်းအတက်လည်းများသဖြင့် ကျွန်တော့်လိုလူမျိုးအဖို့ ပင်ပန်းလှပါဘိ။

"လက်ဖက်ပင်တွေဟာ ပေ ထောင့်ငါးရာနဲ့ သုံးထောင်မြင့်တဲ့ တောင်စောင်းတွေမှာသာ ပေါက်တာ အစ်ကိုရဲ့။ ဒီထက်မြင့်တဲ့ တောင်တွေမှာရော၊ နိမ့်တဲ့နေရာတွေမှာပါ မပေါက်တတ်ဘူး သိလား"

မပန်းလိုင်က ရှင်းပြသည်။

"နောက်ပြီး စနစ်တကျ ခူးတတ်ဖို့လည်း လိုသေးတယ်"

သူမက ပြောပြောဆိုဆို ဖြူနုသော လက်ပြည့်ပြည့်လေးဖြင့် လက်ဖက်ရွက်များကို ခူးဆွတ်ပြသည်။

"ဟောဒီလို နှစ်ရွက်တစ်ညွန့် ခူးရတယ်။ အောက်မှာက အဆစ်ကလေး ရှိတယ်မဟုတ်လား။ အဲဒီ အဆစ်အပေါ်ကနေပြီး ခူးမှ နောက်ထပ် အညွန့်တက်နိုင်မှာကိုး"

ကျွန်တော်က ပန်းလိုင်ခူးပြနေသည်ကို စိတ်ဝင်တစား ကြည့်နေမိသည်။ လျင်လိုက်သည့် ဖြစ်ခြင်း။ ကျွမ်းကျင်လိုက်သည့်ဖြစ်ခြင်း။ ကြည့်နေစဉ်မှာပင် တစ်ပင်လုံး ခူးဖြစ်သွားတော့သည်။

"ခူးလေ အစ်ကို"

"အစ်ကိုမှ မခူးတတ်တာ"

"အို ... ဒီမှာ ခူးပြနေလျက်သားနဲ့၊ ခူးမှပေါ့လို့"

"အစ်ကိုက လက်ဖက်ရွက်ခူးချင်တာ မဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com

"ဒါဖြင့် ဘာဝယ်ချင်လို့လဲ"

"ဒီက ပန်းကလေးကိုလေ၊ ပန်းကလေးကို"

ရုတ်တရက် အဓိပ္ပာယ်ကောက်မရ၍ ထင်သည်။ ကျွန်တော့်ကို ကြောင်၍ကြည့်နေသည်။ အဓိပ္ပာယ်ရှိသည့် ကျွန်တော့်အပြုံးကိုတွေ့မှ သူမ သဘောပေါက်သွားရှာသည်။

သူမက ဤမျှသာပြောပြီး ပြုံးသည်။ ခေါင်းငုံ၍ မျက်လွှာချထားပုံမှာလည်း ရှက်စိတ်ကို ဖုံးကွယ်လိုက်ခြင်းပင် ဖြစ်၍ ကျွန်တော် ဆက်ပြောရခက်နေသည်။

အခွင့်အရေး ယူချင်စိတ်ပင် ပျောက်သွားရသည်။

ထို့ကြောင့် စကားပြောင်းပစ်လိုက်သည်။

"ဟေး ... ပန်းလှိုင်၊ ဒါအတွင်းတောင်လား၊ အပြင်တောင်လား"

ကျွန်တော်က ဟိုဟိုသည်သည် ကြည့်ရင်း ကြားဖူးနားဝရှိသည့် စကားကို မေးလိုက်ရသည်။

"ဒါ ... မိုင်းလုံလေ အစ်ကိုရဲ့၊ အပြင်တောင်ပေါ့"

ပန်းလှိုင်က ရှင်းပြသည်။

"အတွင်းတောင်ဆိုတာက မိုင်းဇော့ရယ်၊ နမ့်ဆန်ရယ်ကို ပြောတာ"

ကျွန်တော်က သူမ ညွှန်ပြသော မြင့်မြင့်မားမား တောင်ကြီးများကို လှမ်းကြည့်မိသည်။

ခပ်လှမ်းလှမ်း တောင်ကမ်းပါးများတွင် လက်ဖက်ခူးသူတို့မှာ ကိုယ့်အုပ်စုနှင့်ကိုယ် ဝိုင်းဖွဲ့၍ ခူးနေကြသည်။ အချို့က အခြားအုပ်စုကို လှမ်း၍ အော်ပြောနေသည်။ ပြောသော စကားများမှာ မြန်မာစကားများမဟုတ်သဖြင့် ကျွန်တော် နားမလည်ပါ။

"သူတို့ ဘာတွေပြောနေကြတာလဲ ပန်းလှိုင်"

"မိန်းမတွေပြောတာဟာ အတင်းစကားပေါ့ အစ်ကို"

"ဟုတ်ပါ့မလား ပန်းလှိုင်"

"အို ... လူပဲ၊ ပါးစပ်ပါရင် အစားစားတယ်၊ စကားများတယ်၊ မိန်းမတွေက ပိုစကားများတယ်လေ"

ရှက်စိတ်ကလေး ပြယ်သွားပြီဖြစ်၍ ပန်းလှိုင်၏ မျက်နှာပေါ်မှ ကြည်စင်သောအသွင်ကို ပြန်မြင်နေရသည်။

"ဩော် ... ဟုတ်မယ်၊ ဒါကြောင့် အစ်ကိုတို့ကျောင်းက ဆရာကြီးက ပြောဖူးတယ်။ မိန်းမတွေဟာ ဖေဖော်ဝါရီလမှာသာ စကားနည်းကြတယ်တဲ့"

"ဟင် ... ဒီလက ဘာဖြစ်လို့လဲ အစ်ကို"

"ဩော် ... တစ်နှစ်လုံးမှာ အဲဒီလဟာ ရက်အနည်းဆုံးပဲလေ။ ၂၈ ရက်ပဲ ရှိတယ်မဟုတ်လား"

ပန်းလှိုင်က ခဏလေးစဉ်းစားလိုက်ပြီး အတွေးပေါက်သွားသည်။

"အား ... ဟုတ်မယ်၊ ဟုတ်တယ်။ မဆိုးပါဘူး။ အစ်ကိုတို့ကျောင်းဆရာက ပညာရှိပဲ"

ပန်းလှိုင် ပြောရင်း ရယ်နေသည်။

ပန်းလှိုင်၏ ရယ်သံလွင်လွင်လေးမှာ တစ်တောင်မှတစ်တောင်သို့ ကူးပျံနေသော ငှက်တော်တစ်ကောင်လို နိမ့်လိုက်မြင့်လိုက် ပျံ့လွင့်နေသလား အောက်မေ့ရသည်။

ထိုနေ့က တစ်နေ့လုံးလိုလိုပင် အခြားလက်ဖက်ခူးသမားများကဲ့သို့ပင် ကျွန်တော်တို့လည်း တောင်ပေါ်တွင် အချိန်ကုန်ခဲ့ကြသည်။ ပင်ပန်းလိုက်သည်မှာ ပြောစရာမရှိ။ ကုန်းမြင့်မြင့်သို့ တက်လိုက်၊ မတ်စောက်သော တောင်အောက်သို့ ဆင်းလိုက်ဖြင့် ကုန်းတစ်ကုန်းပေါ်ခူးပြီး အခြားကုန်းသို့ တွယ်တက်၍ ခူးကြရပြန်သည်။

ထိုနေ့က မိုးကြီးချုပ်မှ ကျွန်တော်တို့ခြံထဲမှ အိမ်သို့ပြန်ရောက်ခဲ့သည်။

ကျွန်တော့်မှာ မလှုပ်ချင်၊ မကိုင်ချင် ဖြစ်နေမိသော်လည်း ပန်းလှိုင်ကမူ ရေမိုးချိုးနိုင်သည့်အပြင် ညစာကိုပင် ပူပူနွေးနွေး ပြင်ဆင်ပေးထားသည်။

ကျွန်တော် ကောင်းကောင်း မစားနိုင်။ ပင်ပန်းလှသဖြင့် ဟန်ပင် မဆောင်နိုင်တော့ပါ။ စောစီးစွာ အိပ်ရာဝင်ဖြစ်ခဲ့ပါသည်။

× × ×

နောက်တစ်နေ့သည် ကျွန်တော် အိပ်ရာမှ အထူးနောက်ကျစွာ ထခဲ့သော နေ့ပင်ဖြစ်သည်။

ယမန်နေ့က လက်ဖက်အခူးကောင်းခဲ့သဖြင့် ယနေ့ အိပ်ရာမှမထချင်လောက်အောင် တစ်ကိုယ်လုံး နာကျင်နေသည်။ အိပ်ရာထဲ လှဲခွေချင်သေးသော်လည်း လေ့လာစရာ၊ လုပ်ကိုင်စရာများက ရှိသေးသည်မို့ မထမဖြစ်၍ အိပ်ရာမှ ထခဲ့ရသည်။

တစ်ကိုယ်လုံး နှမ်းနယ်နေသော်လည်း ပန်းလှိုင်၏ ရွှင်ကြည်သော



www.burmeseclassic.com

www.burmeseclassic.com

**ပန်းလှိုင်မှာ ဖဲစကားနှင့်ပြောရလျှင် ဂျိုကာပင် ဖြစ်သည်။ အရာရာကိုလေ့လာထား ရှိသူ ဖြစ်သည့်အတိုင်း အကျအပေါက် အယိုအဖိတ်ကအစ သူသိသည်။**

အပြုံးများက ကျွန်တော့်ခံစားမှုကို သက်သာသွားစေပါသည်။ သူမကိုယ်တိုင်မှာမူ ဘာမှမဖြစ်သလို ရွှင်လန်းတက်ကြွနေသည်ကို အံ့သြစွာ တွေ့နေရ၏။

"ဘယ်လိုလဲ အစ်ကို။ ဒီနေ့ကော လက်ဖက်ခူးထွက်ချင်သေးလား"

သူမက အရယ်တစ်ဝက် လေသံဖြင့် မေးသည်။

"တော်ပါပြီ ပန်းလှိုင်ရယ်။ ကိုယ့်တစ်သက်မှာ ဒီလောက်ပင်ပန်းတာမျိုး ဒီတစ်ကြိမ်ပဲ လုပ်ဖူးသေးတယ်။ အံ့မှန်က အလုပ်သဘော သိအောင်သာ လေ့လာကြည့်တာပါ"

"လေ့လာတော့ ဘာတွေရခဲ့သလဲဟင်"

ကျွန်တော် စားပွဲတွင်ဝင်ထိုင်လိုက်စဉ် ပန်းလှိုင်က စားစရာများလာချရင်း မေးလာသည်။

"လက်ဖက်ရွက် နှစ်ပိဿာအတွက် ခူးခငွေ သုံးကျပ်တော့ ဝင်ငွေရှိလာတာပေါ့"

ကျွန်တော့်ပြောစကားကြောင့် ပန်းလှိုင် ရယ်သည်။

"ပန်းလှိုင်ကော မနေ့က ဘယ်လောက်ရခဲ့သလဲ"

"ရှစ်ပိဿာ အစ်ကိုရဲ့။ တစ်ဆယ့်နှစ်ကျပ် ဝင်တာပေါ့ ... ဟင်း ... ဟင်း"

"ဟား ... ဘယ်ဆိုးလို့လဲ။ ဘဏ်မှာ ငွေစုရင်တောင် ဖြစ်ပြီပဲ။ ကြိုးစား၊ ကြိုးစား ကလေးမ"

"ဟင်း ... ဟင်း၊ အစ်ကိုကတော့ ပြောတော့မယ်။ ဒီရာသီမှာ တချို့ ပလောင်မတွေဆိုရင် တစ်နေ့ ပိဿာနှစ်ဆယ်ကျော်တောင် ခူးနိုင်တာ အစ်ကို"

"မဆိုးဘူးနော်"

"ဒါပေမယ့် ဒီတစ်ရာသီပဲ လုပ်ရတာ အစ်ကိုရဲ့။ ဒါကြောင့် အပင်ပန်းခံပြီး ကြိုးစားကြတယ်။ မိုးရာသီဆို ကိုယ့်ခြံထဲမှာ စားပင်တွေလောက်ပဲ စိုက်ကြတယ်။ တချို့လည်း မြေအကျယ်ကြီးပိုင်ပြီး လူတော်အများကြီး စိုက်ကြတာ"

"လက်ဖက်ခူးလာကြတာ မိန်းမတွေပဲ များတယ်"

"ရှမ်းပြည်နယ်က မိန်းမတွေက ရိုးတယ်လေ အစ်ကို။ လင်ကိုလည်း သိပ်ချစ်ကြတယ်။ ကျိုးကျိုးကန်းကန်း တစ်သက်လုံးပေါင်းကြတယ် အစ်ကို"

ထိုအချိန်မှာပင် ကျွန်တော်တို့ စားသောက်ပြီးသွားကြသည်။ ယနေ့ နံနက် စားရသည်မှာ ထန်းလျက်ရည်နှင့် မုန့်လက်ကောက်ကြော် ဖြစ်သည်။ ဘယ်အချိန်က ထပြီး စီမံလိုက်သည်ပင် မသိပါ။

ထုံးစံအတိုင်း အိမ်ရှေ့တွင်တော့ အလုပ်လုပ်နေသူများ ဝင်ထွက်နေကြသည်။ ကျယ်ဝန်းသော ခြံကြီးထဲတွင် ဦးလောဝမ်သည်လည်း သူ့လူများနှင့် အလုပ်များနေရှာသည်။

ကိုဝမ်းဖေမှာ အရောင်းအဝယ်ကိစ္စဖြင့် ကျောက်မဲသို့ သွားနေသည်မှာ နှစ်ရက်ရှိနေပြီ။

စားသောက်ပြီး ကျွန်တော် အိမ်ရှေ့ထွက်ခဲ့သည်။ ယခုအချိန်ထိ နာကျင်မှုမှာ မပျောက်သေးပါ။ ဒါပေသိ ကိုယ်က လူကြီးဖြစ်ရမည့်သူမို့ အစစအရာရာကို အမှုမဲ့ အမှတ်မဲ့ နေ၍ မဖြစ်ပါ။ လေ့လာဆည်းပူးရပါဦးမည်။

နေအိမ်ဘေး ကွက်လပ်ကျယ်တွင် ဦးလောဝမ်က လုပ်သား သုံးလေးယောက်ကို တာဝန်ပေးခိုင်းစေနေသည်။ ဖျာကြမ်းကြီးများပေါ်တွင် လက်ဖက်ရွက်များကို ဖြန့်ခင်းနေသည်။ ကျွန်တော် လျှောက်သွားပြီး မခြောက်တခြောက် လက်ဖက်ရွက်များကို ကိုင်ကြည့်သည်။

"ဒါ အပါးလှန်းထားတာလေ။ ဖျာနဲ့ကပ်ပြီး တစ်ခါတည်း ခြောက်တဲ့အထိ ခပ်ကျဲကျဲလှန်းရတယ်"

ဦးလောဝမ်က ရှင်းပြသည်။

"ဟောဟိုက ခပ်ထူထူလှန်းထားတာတွေကိုတော့ အထူးလှန်းလို့ ခေါ်တယ် မောင်သက်ထွန်း။ နေ့လယ်လောက်ကျရင် ပြန်ဖွပေးရဦးမယ်။ ဒါမှ အထုံးကလေးတွေ ပြေပြီး ပြန့်နေ



www.burmeseclassic.com

www.burmeseclassic.com

တဲ့ လက်ဖက်ခြောက် ဖြစ်မှာကိုး''

"ဩော် ... ဟုတ်ကဲ့၊ ဒါနဲ့ ဟို ဘာလဲ ... အစိုဖယန်း၊ အကြမ်း တောင်ကျော်၊ အမော်လွယ်ခမ်း၊ ရောင်းပန်းလှတယ်ဆိုတာ ဘာပြော တာလဲခင်ဗျ''

ကျွန်တော်က ကြားဖူးနားဝ စကားဖြင့် မေးကြည့်သည်။

"ရှင်းသားပဲ မောင်သက်ထွန်း ရဲ့။ လက်ဖက်အစိုဆိုရင် ဖယန်းလက် ဖက်က အကောင်းဆုံးကိုး။ အဲဒီလိုပဲ အကြမ်းသောက်ကျတော့ တောင် ကျော်က ထိပ်ပေါ့ကွယ်။ အဲ ... ရောင်းပန်းအလှဆုံးကတော့ လွယ် ခမ်းလက်ဖက်ပဲပေါ့။ ဒါက စာဆိုအရ ပေါ့လေ။ ဒါပေမယ့် တစ်ရွာတစ်ပုဒ် ဆန်းပါပဲ။ လားရှိုးဘက်ကျတော့ ကိုး ကန့်ခြောက်က အကောင်းဆုံးလို့ ဆို ကြတယ်။ တချို့ကလည်း ကွမ်းဟယ် က အကောင်းဆုံးလို့ ပြောကြတာပဲ''

နားသာထောင်နေရသည်၊ ကျွန် တော် သဘောမပေါက်ပါ။ တစ်နေ့ နေ့တွင် ထိုဒေသများမှ လက်ဖက် ခြောက်ကို မှာယူပြီး မြည်းစမ်းကြည့် ရန် စိတ်ထဲမှ တေးမှတ်ထားလိုက်ရ ၏။ အမျိုးအစားအသွင်သဏ္ဌာန် ပြ ပြင်ထားပုံမှအစ လေ့လာရပါဦးမည်။

ယခု လောလောဆယ်အားဖြင့် ကျွန်တော် ကျေနပ်နေရသည်မှာ ဦးလောဝမ်လို လူကောင်းသူကောင်း လုပ်သားကောင်းကို ရရှိထားခြင်းပင် ဖြစ်ပါသည်။

ကိုဝမ်းဖေမှာ စာရင်းအင်း၊ ငွေ ကြေးကိစ္စကို တာဝန်ခံရသူ ဖြစ်သည်။ လက်ဖက်ခြောက်ကုန်သည်များနှင့် ကျွန်တော့်ကို မိတ်ဆက်ပေး၍ စကား စမြည်ပြောကြသော်လည်း တကယ် တမ်း အပေးအယူလုပ်သူမှာ ဦးလော ဝမ်သာလျှင် ဖြစ်သည်။ သူ့အဆုံး အဖြတ်သည် အတည်ဖြစ်သည်။

ကျွန်တော့်မှာ သူတို့အထာကို သိသူမဟုတ်။ ဘယ်သူက ရိုးမှန်၍ ဘယ်သူက တည်ကြည်သည်၊ ဘယ် သူက အမြဲတမ်းဖောက်သည်၊ ဘယ် သူက ပျံကျ စသည်ဖြင့် လုပ်နေကျ ဦးလောဝမ်က ကျွမ်းပြီးသားဖြစ်သည်။

ဘာကြောင့် ဘယ်သူ့တောင်းဆို မှုကို လက်ခံလိုက်ရသည်၊ ဘယ်သူ့ ကိုမှ ကုန်လျှော့ပေးလိုက်ရသည်တို့ကို လည်း ညပိုင်း ကျွန်တော်တို့ အရက် သောက်ကြစဉ်တွင် ရှင်းလင်းပြော တတ်သည်။

ကြားရသမျှ၊ သိရသမျှတို့သည် ကျွန်တော့်အတွက် အထူးအဆန်း ချည်း ဖြစ်နေတတ်ပါသည်။ အသုံး အနှုန်း ဝေါဟာရမှအစ ဒေသ၏ ဓလေ့ထုံးစံတို့ကိုလည်း ပြောပြတတ် ပေသေးသည်။

ဤသို့ဖြင့် ကိုဝမ်းဖေသည် ကျွန် တော်၏ ကိုယ်ရေးကိစ္စတွင်ပင် အကြံ ပေးတတ်သူ ဖြစ်လာရချေပြီ။

ပန်းလှိုင်၏အဘိုး ဦးလောဝမ်မှာ လုပ်သားအဆင့်ဆင့်နှင့် တိုက်ရိုက်ထိ တွေ့ရသူ ဖြစ်သည်။ ကုန်စည်းများ စနစ်တကျ ဖြစ်ရေးတွင် သူသည်ပင် အခရာ။ သူ၏ ကြိုတင်စီမံထားချက် များကြောင့် ကိုဝမ်းဖေ၏ အစီအစဉ် တို့မှာ အဆင်ချောနေခြင်း ဖြစ်သည် ဟု မှတ်ယူရပါမည်။

ပန်းလှိုင်မှာ ဖဲစကားနှင့်ပြော ရလျှင် ဂျိုကာပင် ဖြစ်သည်။

အရာရာကို လေ့လာထားရှိသူ ဖြစ်သည့်အတိုင်း အကျအပေါက် အယိုအဖိတ်ကအစ သူသိသည်။ အထူးသဖြင့် လက်ဖက်ခူးအလုပ် သမားများအကြောင်းကို သူက ပိုသိ သည်။

ဘယ်သူဖြင့် ဒီနှစ်မလာဘူး၊ ဘယ်သူကတော့ ဟိုနှစ်က မလာဘဲ ဒီနှစ်မှ ပြန်ရောက်လာသည်၊ ဘယ်သူ့ စံချိန်က ယနေ့တက်လာသည်၊ ကျ သွားသည် စသည်ဖြင့် ပြောတတ်ပါ သည်။ တစ်ခါတစ်ရံ ကြိုတင်ဟော ကိန်းထုတ်တတ်သဖြင့် သူ့ဘိုးအေကြီး ဦးလောဝမ်က "ဟဲ့ ... မြေးရယ်၊ လုံမရယ်''ဟု ဟန့်တတ်သည်အထိ ဖြစ်ရသည်။

ပန်းလှိုင်၏ မြတ်နိုးစရာ ကောင်း လှသည့် အချက်မှာ အမှန်ဘက်မှ ရပ် တည်တတ်ခြင်းပင် ဖြစ်သည်။ ဥပမာ လက်ဖက်ရွက်စိမ်းများ ချိန်တွယ်သည့် အခါ လုပ်သားများဘက်မှဖြစ်စေ၊ အခူးသမားဘက်မှဖြစ်စေ မရိုးသားမှု များ ရှိတတ်ကြသည်။ ယင်းအခါမျိုး တွင် ပန်းလှိုင်က ဘက်မလိုက်၊ မှား သည့်ဘက်၊ မရိုးသားသည့် ဘက် သားများကို ပြတ်ပြတ်သားသား ပြော တတ်သည်။ ထို့ကြောင့် သူ့ကိုတော့ အများက လန့်သည်။

တောင်ပေါ်ဒေသကဲ့သို့ ရိုးသား သူများအကြားတွင် ပန်းလှိုင်၏ အမှန် တရားသည် လှပသည်ဟုဆိုရပါမည်။

အထူးသဖြင့် ကျွန်တော်၏ ကိုယ်ရေးကိုယ်တာ ကိစ္စများ ပန်းလှိုင် က တာဝန်ယူနေသည့်အတွက် သူ့မှ



www.burmeseclassic.com

www.burmeseclassic.com

အပေါ် ပို၍ တွယ်တာရသည်။

ကျွန်တော်သည် ခုအချိန်အထိ အစားအသောက်၊ အဝတ်အစား၊ အနေအထိုင်နှင့် ပတ်သက်၍ ကိုယ်တိုင် လုပ်ဆောင်ရသူ မဟုတ်ပါ။ ငွေကြေးတတ်နိုင်ခဲ့၍လည်း ယင်းတို့အတွက် အခက်အခဲမရှိခဲ့ပါ။ ဒုက္ခဟူ၍လည်း မထင်ခဲ့ပါ။

ခုလို အရာရာ ဆက်လက်အဆင်ပြေနေခြင်းမှာ ငွေကြေးကြောင့် မဟုတ်ပါ။ မပြောပလောက်သော အရှိန်အဝါနှင့် ကျွန်တော်၏ ပျော့ပျောင်းသော ဆက်ဆံရေးကြောင့်သာ ဖြစ်ပါသည်။

ကျွန်တော်တို့ချင်း မည်မျှရင်းနှီးကြသနည်းဟူမူ ခြံအိမ်တွင် သိမ်းထားသော တောပစ်သေနတ်များကို ထုတ်ပစ်သည်အထိ တွဲလက်ဆက်ဖြစ်ခဲ့ကြသည်။ ပန်းလှိုင်မှာ အတော်ကလေး လက်ယဉ်သည်။ မိုးကုတ်တွင်နေစဉ် တောလိုက်တတ်သော ကျွန်တော့်လက်ကိုပင် မီချင်သည်။ နောက်မှသိရသည်မှာ ကိုဝမ်းဖေက သူ့အား သေနတ်ပစ်သင်ထားကြောင်းပင် ဖြစ်ပါသည်။

အပေါင်းအသင်းများခဲ့သော ကျွန်တော်မှာ လူကို အထင်မကြီးသလို၊ အထင်လည်း မသေးတတ်။ ဦးလာဘလို ဒုစရိုက်သမားပင်လျှင် အချိန်တန်လျှင် အကျိုးပြုတတ်ခဲ့သေးသည် မဟုတ်ပါလား။

ယင်းတို့ကြောင့်လည်း ပန်းလှိုင်နှင့် ကျွန်တော့်အခြေအနေမှာ တိုးတက်လာခဲ့ရသည်ဟုဆိုလျှင် မမှားပါ။ ကျွန်တော်မှာ ပိုင်ရှင်သူဌေး မဆန်လှခြင်းကြောင့်လည်း၊ ခြံထဲရှိ အမြဲတမ်းလုပ်သားများနှင့် ခင်မင်ရင်းနှီးမှု ရရှိခဲ့သည်။ သွေးသားဆန်သော တုံ့ပြန်ဆက်ဆံရေးကို ကျွန်တော်ရရှိခဲ့သည်။

ခြုံ၍ဆိုရလျှင် ကြုံရသမျှ ကျေနပ်စရာချည်းဟု ဆိုနိုင်ရာပါသည်။

ကျွန်တော်ကလည်း လုပ်ငန်းသဘောကို တီးမိခေါက်မိရုံမဟုတ်ဘဲ ထဲထဲဝင်ဝင်ရှိအောင် လေ့လာခဲ့၏။ လုပ်ငန်းအပေါ် အာရုံစူးဝင်ခဲ့၏။

ကျွန်တော်တွေ့နေရသမျှ လူတိုင်းသည် အလုပ်ဖြင့် လှုပ်ရှားနေကြသူများချည်း ဖြစ်သည်။ ထို့ကြောင့်လည်း ကျွန်တော်သိစရာမှန်သမျှကို မျက်စိဖွင့်၍ နားစွင့်ပြီး လေ့လာစူးစမ်းနိုင်ခွင့် ရခဲ့သည်။

တစ်ခါတွင် ပန်းလှိုင်အား ရွှေဖီမိုးလွတ်အကြောင်း မေးကြည့်မိသည်။

ပန်းလှိုင်က သူမှတ်မိသမျှကို ပြောပြသည်။

"ဒီလိုလေ အစ်ကိုရဲ့၊ တပေါင်းလပြည့်ကျော်ရင် တရုတ်ပြည်ဘက်ကနေ လာတတ်တဲ့ ထိပ်နီလည်ကျားငှက်ဝါဝါလေးတွေက ရွှေပီ . . . ရွှေပီ လို့ အော်မြည်တတ်တယ်။ ဒီကလူတွေရဲ့ အယူအဆကတော့ အဲဒီငှက်ကလေးတွေ တစ်ခါအော်ပြီး တစ်နာရီကြာတိုင်း လက်ဖက်ပင်တွေမှာ ရွက်ညွန့်တွေဟာ ဆန်စေ့တစ်စေ့လောက် ထွက်တယ်လို့ ယုံကြည်ကြတယ်။ သင်္ကြန်မကျမီ ခူးရတာမို့ မိုးလည်း မကျသေးတော့ ရွှေဖီဟာ မိုးလွတ်နေတာပေါ့"

ပန်းလှိုင်အပြောက ပုံပြင်ဆန်သလို ရှိစေကာမူ ကျွန်တော် သဘောတွေ့သည်။

အပေါင်းအသင်းများခဲ့သော
ကျွန်တော်မှာ
လူကို အထင်မကြီးသလို၊
အထင်လည်းမသေးတတ်။
ဦးလာဘလို
ဒုစရိုက်သမားပင်လျှင်
အချိန်တန်လျှင်
အကျိုးပြုတတ်ခဲ့
သေးသည် မဟုတ်ပါလား။

"ပန်းလှိုင်က ဘယ်ဆိုးလို့တုံး။ အားလုံးကို တီးမိခေါက်မိရှိသားပဲ"

"ဒါကတော့ အစ်ကိုရယ်။ ကိုယ်လုပ်ရမယ့်အလုပ်ဆိုတော့ မသိသိအောင် လေ့လာထားရတာပေါ့။ အိုး . . . ဟုတ်ဘူးလား"

ရိုးသားပွင့်လင်းစွာ ဆိုရလျှင် ကျွန်တော်သည် ပန်းလှိုင်အား အဖက်ဖက်မှ သဘောကျနေမိပါပြီ။ သို့တစေ သူမနှင့် ပတ်သက်၍ အဆုံးအဖြတ် မပေးရဲသေးပါ။ ကိုယ့်ကိုယ်ကို သံသယရှိနေသေး၍ အဆုံးအဖြတ်မပေးရဲသေးပါ။ ကိုယ့်ကိုယ်ကို သံသယရှိနေသေး၍ ဖြစ်ပါသည်။

ကျွန်တော့်တွင် လုပ်ငန်းနှင့်



www.burmeseclassic.com

www.burmeseclassic.com

**မပတ်သက်**သော ကိစ္စဝိစ္စများ ရှိနေပါ**သေးသည်။**

မျက်မှောက်ကိစ္စများ အာရုံပြတ်သည်နှင့် အဆိုပါကိစ္စမှာ ခေါင်းထဲသို့ ဝင်လာစမြဲ ရှိသည်။ အထူးသဖြင့် ရန်ကုန်ကိစ္စမှာ အရေးကြီးဆုံး ဖြစ်သည်။ ဦးလာဘကိစ္စမှာ အချိန်မရွေး ပေါ်လာနိုင်သည်။ ကိုဝမ်းဖေကို ရန်ကုန်လွှတ်ကြည့်ရလျှင် ကောင်းမလားလို့ စဉ်းစားမိသည်။ အကြောင်းစုံပြောလို့တော့ မဖြစ်။ ပရိယာယ်ဆင်ရမည်။

**ထိုအခါတွင်** ကျွန်တော် ကျောက်မဲခြံမှာ **ရှိနေရမည်။** လေ့လာစရာတွေကလည်း တစ်ပုံတစ်ပင်။

လက်ဖက်ပေါင်း လက်ဖက်နယ်သည်မှအစ အကြမ်းခြောက်၊ အချိုခြောက်၊ လက်ဖက်စိုတို့ အထွက်တိုးရန်လည်း ဉာဏ်ကူပေးရသည်။

လက်ဖက်ပွဲစားနှင့် ကုန်သည်ဘို့၏ ဝေဖန်မှုကိုလည်း မကြားနား မလေ့လာ၍ မဖြစ်။ လက်ဖက်လုပ်ငန်းသည် ဉာဏ်ရှိသမျှ ဖန်တီး၍ရသည်။ အဓိကကျသည်မှာတော့ ကုန်သည်အဝယ်လိုက်မှုသာ ဖြစ်သည်။

ကျွန်တော်၏ လေ့လာမှုနှင့် လုပ်ငန်းများကို ပိုင်နိုင်စွာ ချုပ်ကိုင်လာနိုင်မှုတို့အတွက် ဦးလောဝမ်က ရော၊ ကိုဝမ်းဖေကပါ ချီးကျူးကြသည်။ ပန်းလှိုင်ကပင် အလုပ်များနေတတ်သော ကျွန်တော့်ကိုကြည့်ပြီး တအံ့တဩ ရှိနေတတ်သည်။

ကျွန်တော့်လုပ်ငန်းတွင် တကယ်အရေးပါသည်မှာ ကျောက်မဲအိမ်ကြီးသာ ဖြစ်ပါသည်။ ကုန်သည်တို့က အရောင်းအဝယ်ကိစ္စကို ထိုအိမ်မှာ ပြောကြဆိုကြ၊ ငွေပေးငွေယူ လုပ်ကြသည်။

ဦးလောဝမ်တို့က ခြံထွက်လက်ဖက်အိတ်ပိုကြီးများကို ကျောက်မဲသို့ လှမ်းပို့သည်။ အိမ်ကြီးအောက် ဂိုထောင်တွင် စနစ်တကျ သိုမှီးရသည်။ ယင်းကမှတစ်ဆင့် ကုန်သည်များအား လွှဲပေးရခြင်း ဖြစ်သည်။

ထို့ကြောင့် . . . ကျွန်တော့်မှာ ကျောက်မဲအိမ်ကြီးတွင် အနေများစရာဖြစ်လာသည်။ ပန်းလှိုင်ကို တစ်ဖက်သတ် လွမ်းစိတ်ကြောင့်သာ ပန်စလေ့အိမ်ခြံသို့ တစ်ပတ်နှစ်ရက် သွားနေရခြင်းဖြစ်သည်။ ဤအခါများ၌ ပန်းလှိုင်၏ စေတနာပါသော လက်ရာများကို မြိန်မြိန်ရှက်ရှက်ကြီး စားရင်း လုပ်ငန်းကိစ္စကို စူးစမ်းရတတ်ပါသည်။

မိုးတစ်ပြိုက်နှစ်ပြိုက် ကျလာသော ခြံတွင်းရှိ လက်ဖက်လုပ်ငန်းမှာလည်း ပြီးသလောက်နီးနီး ဖြစ်နေပါသည်။ နေ့စားလုပ်သားများလည်း ပြန်ကုန်ကြပြီဖြစ်သည်။ အချိုခြောက်နှင့် လက်ဖက်စိုကိစ္စကိုမူ အမြဲတမ်းလုပ်သားများနှင့် လုပ်ကိုင်နေကြဆဲ ဖြစ်သည်။

ထိုအချိန်မှာပင် ဦးလာဘ၏အမှုကို ရုံးတင်စစ်ဆေးတော့မည်ဖြစ်ကြောင်း စာတစ်စောင်ကို ဦးဘသာထံမှ ရခဲ့သည်။ ထို့ကြောင့် ကိုဝမ်းဖေကို ပြောသင့်သလောက် ကျိုးကြောင်းပြော၍ ရန်ကုန်သို့လွှတ်ရန် စီစဉ်ရသည်။

ပထမတွင် ကိုဝမ်းဖေက သွားချင်ပုံမရပါ။ ရန်ကုန်မှကိစ္စကို ရန်ကုန်သားလိုဖြစ်နေသော ကျွန်တော်က ကိုယ်တိုင်မဆောင်ရွက်ဘဲ သူ့အား တာဝန်ပေးနေခြင်းကို သဘောမပေါက်သောကြောင့် ဘဝင်မကျ ဖြစ်ဟန်ရှိသည်။ ကျွန်တော်က ကြိုတင်စိတ်ကူးထားခဲ့သည့်အတိုင်း ဦးလာဘသည် ကျွန်တော်၏ အသက်သခင် ကျေးဇူးရှင်ဖြစ်ခဲ့ပုံနှင့် ယခုလို ကျွန်တော့်အခြေအနေမျိုးနှင့် သွားတွေ့လျှင် ပြဿနာရှုပ်ထွေးလာနိုင်သည့် အကြောင်းကို ပရိယာယ်သွယ်၍ ကြံဖန်ရှင်းပြရ၏။

ကိုဝမ်းဖေမှာ ထိုမျှနှင့် လက်မခံသေးပါ။ လုပ်ငန်းမပြီးပြတ်သေးခြင်းကို အကြောင်းပြခဲ့သည်။

အရောင်းအဝယ်ကိစ္စမှာ ကျွန်တော်ကိုယ်တိုင် အတော်အသင့် လုပ်တတ်နေပြီသာမက အလုပ်အေးချိန်ဖြစ်၍ ပူပင်စရာမရှိကြောင်း၊ ထို့ပြင် ဦးလောဝမ်ထံမှလည်း အကူအညီရယူမည်ဖြစ်ကြောင်း ပြောပြလိုက်သည်။

ကိုဝမ်းဖေ မငြင်းသာဘဲ ခေါင်းညိတ်လိုက်ရ၏။

သူ၏တာဝန်မှာ ရန်ကုန်နှင့် မန္တလေးကို ကူးချည်သန်းလှည့်လုပ်ရင်း ဦးလာဘ၏ အမှုအခြေအနေကို ကျွန်တော့်ထံ မပြတ်အကြောင်းကြားရန် ဖြစ်ကြောင်းနှင့် လိုအပ်သမျှကို ဦးလာဘထံမှ အကူအညီ ရယူနိုင်ကြောင်း ရှင်းလင်းပြောကြားလိုက်ကာ ငွေသုံးသောင်းကိုပါ ပေးလိုက်သည်။

***(ရွှေလဆက်ရန်)***

**ကျော်မြသန်း**

www.burmeseclassic.com

www.burmeseclassic.com

**စာရေးဆရာမောင်စိန်ဝင်း(ပုတီးကုန်း)ထံမှ နှစ်ပေါင်း(၂၀)နီးပါးက စာတစ်စောင်**

ဆရာဦးအောင်မိုးဇော်(အထက်တန်း နက္ခတ္တဗေဒ၊ လက္ခဏာပညာရှင်)အား
၁၉၇၃-ခုနှစ်တွင် တွေ့ဆုံ၍ ဘဝရေးရေးများကို
မေးမြန်းခဲ့ရာ ကျွန်တော့်အား ၁၉၇၄ ခု ဩဂုတ်လအတွင်း
မြန်မာပြည် အရှေ့မြောက်ဒေသ တိုင်းပြည်သို့
ပညာတော်သင်ခရီး သွားရောက်ရပြီဟု ဟောကြားခဲ့ပါသည်။
ယခုအခါတွင် ဆရာ၏ ဟောကြားချက်များအတိုင်း
တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ (၁၅-၈-၁၉၇၄)နေ့တွင်
ပညာတော်သင်အဖြစ် သွားရောက်ခဲ့ရပါသဖြင့်
တိကျမှန်ကန်စွာ ဟောကြားခဲ့သော ဆရာ၏ပညာရပ်များကို
အံ့ဩချီးကျူး ဂုဏ်ပြုလိုက်ပါသည်။

စိန်ဝင်း
B.E (Mech.)
စက်ပစ္စည်းစက်ရုံ အမှတ်(၁)

၂၁ ၇၁၈

# ဆရာဦးအောင်မိုးဇော်

(Ex. စာပေဗိမာန်)

အထက်တန်းလက္ခဏာ၊ နက္ခတ္တဗေဒပညာရှင်
ASTRO-PALMIST EXPERT
သင်တန်းနည်းပြ

အလုပ်ခန်းနေရာ
အမှတ်(၁၄)၊ ရွှေဘုန်းပွင့်ဘုရားစျေးတန်း၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
အလုပ်ချိန် - နံနက်(၈း၃၀)မှ ညနေ(၆း၀၀)နာရီထိ

# လိပ်ခေါင်းရောဂါရှင်များ ဝမ်းမြောက်ဖွယ်

## လိပ်ခေါင်းရောဂါမှန်လျှင် ဒို၅ပျောက်ကင်းရမည်။

- ဆရာ၏ဆေးခန်းတွင် လိပ်ခေါင်းရောဂါရှင်များအား မပူ မစပ်၊ မနာ၊ မကျင်၊ မလှီးမဖြတ်၊ မြန်မာ့နည်း၊ မြန်မာ့ဟန်သက်သက်ဖြင့် အမြစ်ပါမကျန် လုံးဝပျောက်ကင်းအောင် ကုသပေးလျက်ရှိပါသည်။
- ကုသ၍ပျောက်ကင်းသွားသော ရောဂါရှင်ပေါင်းများ၏ ဓာတ်ပုံနှင့် ထောက်ခံစာပေါင်းများစွာတို့ကို လက်တွေ့ လာရောက်လေ့လာနိုင်ပါသည်။(နိုင်ငံခြားမှ ခွဲစိတ်ကုသဖူးသူများ အပါအဝင်)
- ရောဂါအတွက် ပျောက်ကင်းအောင် တာဝန်ယူသည်။
- လိပ်ခေါင်းရောဂါသည် အနားယူမှသာ အမြစ်ပြတ် ပျောက်ကင်းနိုင်ပါသည်။

**မှတ်ချက်။ ။လိပ်ခေါင်းရောဂါသည် တားဆေးသက်သက်ဖြင့် လုံးဝမပျောက်ကင်းပါ။**

နိုင်ငံကျော် မန္တလေးမြို့ အဘိဓမ္မာတောင်သာဆရာကြီးဦးလှမောင်၊ ဆရာမကြီးဒေါ်သန်းဟန်(လိပ်ခေါင်းအထူးကုဝိဇ္ဇာ)

**ရန်ကုန်ဆေးခန်းဌာနခွဲ**


အမှတ်(၅၀)၊ (၅)လွှာ၊ (၁၂၁)လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၇၃၀၀၉၃၉၃၊ ၀၉-၂၅၀၃၁၃၄၂၇၊ ၀၉-၉၇၂...၄၂၂
၃၃-၃၄လမ်းကြား၊ ၈၀-၈၁လမ်းကြား၊ အကွက်-၅၄၊ ပြည်လုံးချမ်းသာ၊ မန္တလေး။ ဖုန်း-၀၂-၇၅၂၇၀၊ ၀၉-၉၁၀၄၄၀၂၅

www.burmeseclassic.com

www.burmeseclassic.com

ယခင်လမှအဆက်

ပန်းချီ စံလွင်မောင်



www.burmeseclassic.com

www.burmeseclassic.com

# ဘဝအာသဇော် (၇)

မင်းသိခ်

ယ ခင် လ မှ အ ဆက်

**မြန်မာအမည်ရှိ ဦးကျော်ဒင်**

တစ်နေ့တွင် လွန်စွာပျင်းရိပြီးငွေ့ဖွယ်ဖြစ်သော စာအုပ်တစ်အုပ်ကို ဖတ်နေ၏။ ကျွန်ုပ်၏ နာကြည်းဆွေးမြေ့မှုများကို ကျော်လွှားရင်း တောင်ကြီးမြို့မှာ အဆင်မပြေလှသဖြင့် ရန်ကုန်မြို့ ကျောက်မြောင်းရပ်သို့ ပြန်လည်ရောက်ရှိခဲ့လေ၏။ ထိုအချိန်၌ ကျွန်ုပ်မှာ အလုပ်အကိုင် မည်မည်ရရမရှိသောကြောင့် လွန်စွာမှပင် ချို့ငဲ့လှ၏။ ကျွန်ုပ်သည် စာဖတ်ရင်း ခံတွင်းချဉ်လာသဖြင့် ဆေးလိပ် သောက်မည်ဟု ဆေးလိပ်ကို ရှာဖွေသော်လည်း ဆေးလိပ် မတွေ့ဘဲ ရှိလေ၏။

ထို့ကြောင့် ဆေးလိပ် ဝယ်မည်ဟု အိတ်အတွင်းသို့နှိုက်၍ အကြွေကို စမ်းသော်လည်း ကျွန်ုပ်၏ အိတ်တွင်း၌ အကြွေလည်း မရှိ၊ ကျပ်တန်လည်း မရှိ ဗလာနတ္ထိဖြစ်နေကြောင်း တွေ့ရသောကြောင့် ခံတွင်းပြေစိမ့်သောငှာ သောက်ရေအိုးမှ ရေတစ်ခွက်ခပ်၍ ခံတွင်းကို ပါးလုတ်ကျင်းကာ 'ဂူး' ခနဲ အိမ်ရှေ့လမ်းမဘက်ဆီသို့ ထွေးထုတ်လိုက်လေ၏။

"အလို အလို ကြမ်းလှချည်လားဗျာ၊ ကျုပ်လည်း စိုကုန်ပါဦးမယ်"

ဟု တစ်စုံတစ်ယောက်က လှမ်း၍ပြောလိုက်သဖြင့် ကျွန်ုပ်က ထိုသူအား ကြည့်လိုက်လေ၏။ ထိုသူသည် ကျွန်ုပ်တို့နှင့် များစွာမဝေးလှသော သီတာလမ်းဈေးအတွင်း၌ နေထိုင်သော ဦးကျော်ဒင် ဆိုသည့် လူကြီးဖြစ်လေ၏။

"သြော်..ကန်တော့ ကန်တော့ ဦးကျော်ဒင်ရေ"

ဟု ကျွန်ုပ်က တောင်းပန်လိုက်လေ၏။

ဦးကျော်ဒင်သည်...

"ရပါတယ်ဗျာ၊ တခြားလူတွေမှ မဟုတ်ဘဲ၊ ခင်ဗျားအဖေနဲ့ ကျုပ်ကလည်း အင်မတန်ခင်တဲ့ မိတ်ဆွေတွေပဲ၊ စိတ်ဆိုးရမယ့်လူမှ မဟုတ်ဘဲ"

ဟု ဆိုကာ ကျွန်ုပ်တို့၏ အိမ်ပေါ်သို့ တက်လာလေ၏။

ထို့နောက် ငှင်းတွင်ပါလာသော အထုပ်တစ်ထုပ်ကိုလည်း ကျွန်ုပ်ကို လှမ်း၍ပေးလိုက်လေ၏။

"ဘာထုပ်ကြီးလဲ ဦးကျော်ဒင်"

ဟု ကျွန်ုပ်ကမေးရာ ဦးကျော်ဒင်က...



www.burmeseclassic.com

www.burmeseclassic.com

"မြစ်ဝကျွန်းပေါ်ဘက်က မနေ့ကမှ ပြန်ရောက်တဲ့ ငါးရုံ့ခြောက်တွေ လာပြီး လက်ဆောင်ပေးတာ"

ဟု ပြောလေ၏။

'သြော်…ကျေးဇူးတင်လိုက်တာဗျာ၊ ကျွန်တော့်အမေကလည်း မြစ်ဝကျွန်းပေါ်သူဗျ၊ ငါးခြောက်ကောင်းကောင်းဆို အားကြီးကြိုက်တာ၊ အမေကတော့ ဝမ်းသာမှာပဲ"

ဟု ကျွန်ုပ်က ပြောလိုက်လေ၏။

"အလကားရတာပဲ ငါ့လူရာ ဝမ်းသာရမှာပေါ့"

ဟု ဦးကျော်ဒင်က ပြောလေ၏။

"ဒီလိုတော့ မဟုတ်ဘူးထင်တယ် ဦးကျော်ဒင်၊ အလကားရတိုင်း ဝမ်းမသာနိုင်ဘူးဗျ။ ပေးတဲ့ပစ္စည်းကလည်း ကိုယ်နဲ့ အသုံးဝင်ဦးမှလေဗျာ"

ဟု ကျွန်ုပ်က ပြန်၍ပြောလိုက်ရာ ဦးကျော်ဒင်က…

"အလကားရတာပဲဗျာ၊ ကိုယ်နဲ့ အသုံးဝင်ဝင်၊ မဝင်ဝင် ကျေးဇူးကို တင်ရမယ်ဗျ"

ဟု ပြောလိုက်ရာ ကျွန်ုပ်လည်း စိတ်ဆိုးသွား၏။ ထို့ကြောင့် ကျွန်ုပ်က

"ကဲဗျာ၊ ဦးကျော်ဒင်ကို တစ်ယောက်ယောက်က မစင်ထုပ် တစ်ထုပ် လက်ဆောင်လာပေးမယ်၊ ခင်ဗျား ကျေးဇူးတင်မလား"

ဟု ပြောလိုက်ရာ ဦးကျော်ဒင်က…

"မဖြစ်နိုင်တာပဲ မောင်ရင်ရာ၊ လူလူချင်း မစင်ထုပ် ပေးတယ်လို့၊ ကျုပ်ဖြင့် တစ်ခါမှ မကြားဖူးပါဘူး။ ဒါဟာ လုပ်ကြံပြီးပြောတဲ့ စကားပဲ ဖြစ်ရမယ်"

ဟု ပြန်၍ပြောလေ၏။

"ဒါက စကားအဖြစ် ပြောတာပါဗျာ၊ ဒါတွေ ထားလိုက်ပါတော့။ လက်ဆောင်တွေ ဘာတွေ လာပြီးပေးတယ်ဆိုတော့ အရောင်းအဝယ် သွားခဲ့တာ ဟန်ကျခဲ့တယ် ထင်တယ်"

ဟု ကျွန်ုပ်က စကားလမ်းကြောင်းလွှဲ၍ ပြောလိုက်လေ၏။

"ထာဝရပဲ"

ဟု ဦးကျော်ဒင်က ပြန်၍ပြောလေ၏။

"ခင်ဗျားပြောတဲ့ ထာဝရဆိုတာ ဘာလဲ ဦးကျော်ဒင်ရဲ့"

ဟု ကျွန်ုပ်က ပြန်၍မေးရလေ၏။

"ကိုရင်က အရောင်းအဝယ် သွားပြီးလုပ်တာ ဟန်ကျခဲ့တယ်လို့ ပြောတယ် မဟုတ်လား၊ အဲဒါကို ကျုပ်က ထာဝရ ဟန်ကျတယ်လို့ ပြန်ပြီးဖြေတာ"

ဟု ဦးကျော်ဒင်က ပြောလေ၏။

"အရောင်းအဝယ် လုပ်တာပဲဗျာ၊ ခင်ဗျားပြောသလို ထာဝရ ဟန်ကျနိုင်ပါ့မလား၊ ရှုံးတဲ့အခါရော မရှိဘူးလား"

ဟု ကျွန်ုပ်က မေးလိုက်မိ၏။

"ဘယ်လိုလုပ်ပြီး ရှုံးမလဲဗျာ၊ တာမွေ နတ်ချောင်းက ရွှံ့ကို ခူးပြီး ရောင်းတာ ရှုံးစရာ ရှိလို့လား"

ဟု ဦးကျော်ဒင်က ပြန်၍ပြောလေ၏။

"နေစမ်းပါဦး ဦးကျော်ဒင်ရယ်၊ မြစ်ဝကျွန်းပေါ်မှာ ရွှံ့တွေ ပေါပါတယ်၊ အဲဒါ တာမွေ နတ်ချောင်းက ရွှံ့ကို ဝယ်ကြသတဲ့လား"

ဟု ကျွန်ုပ်က မေးလိုက်လေ၏။

'ရွှံ့ကို ရွှံ့အဖြစ်နဲ့ ရောင်းရင်တော့ ဘယ်ဝယ်ကြမလဲဗျာ၊ စောစောက မောင်ရင် ပြောသလိုပေါ့၊ အလကားပေးရင်တောင် ကျေးဇူးမတင်ပါဘူး"

ဟု ဦးကျော်ဒင်က ပြန်၍ပြောလေ၏။

ထိုအခါ ကျွန်ုပ်က…

'သြော်…သိပြီ သိပြီ၊ တာမွေ နတ်ချောင်းက ရွှံ့တွေကိုခူး၊ လောက်စာလုံးတွေ လုံးပြီး သွားရောင်းတာပေါ့"

ဟု ကျွန်ုပ်က မေးလိုက်လေ၏။

"ကျုပ် ဈေးရောင်းတာက တောတွေမှာဗျ၊ ကိုရင် နားလည်ဖို့က ဘယ်တောသားမှ လောက်စာလုံးဝယ်ပြီး လေးခွမပစ်ဘူး၊ ကိုယ့်ဟာကိုယ် လုံးပြီးပစ်ကြတာ၊ ရောင်းလို့ ဘယ်ရမှာတုံး"

ဟု ပြန်ပြောလေ၏။

"ဒီလိုဆို ခင်ဗျား ရွှံ့တွေကို ဘယ်လိုလုပ် ရောင်းတာတုံး"

ဟု ကျွန်ုပ်က မေးလိုက်ရာ…

"ကိုရင်လေး နားလည်အောင် ပြောရဦးမယ်၊ ကျုပ်မှာ သတ္တုနဲ့ လုပ်ထားတဲ့ အံခွက်ကလေးတွေ ရှိတယ်



www.burmeseclassic.com

www.burmeseclassic.com

ဘိုးဘိုးအောင်ပုံ၊ သူရဿတီပုံ စသည် ဖြင့်ပေါ့ဗျာ၊ ရွှံ့စေးစေးလေးကို အံခွက် ကလေးနှစ်ခွက်ထဲ ထည့်ပြီး ဖွင့်လိုက် တာနဲ့ ဘိုးဘိုးအောင်ပုံလေး ဖြစ်သွား တယ်၊ သူရဿတီပုံလေး ဖြစ်သွား တယ်။ အဲဒီပုံလေးတွေကို နေပူလှမ်း ပြီး ခြောက်တဲ့အခါမှာ ရွှေမင်သုတ် တယ်။ ပြီးတော့ နယ်ကဈေးတွေသွား ပြီး ဈေးနားက လမ်းမပေါ်မှာ ပန်း ပေါင်းနဲ့ ထုထားတဲ့ ဘိုးဘိုးအောင် တွေ၊ သူရဿတီတွေ အနူရာယ်ကင်း တယ်၊ လာဘ်ရွှင်တယ်ဆိုပြီး အော် ရောင်းတာပေါ့''

ဟု ဦးကျော်ဒင်က ပြောလေ၏။

ထိုအခါ ကျွန်ုပ်က…

''ဒီလိုဆို ဦးကျော်ဒင် လိမ်တာ ပေါ့၊ ရွှံ့နဲ့လုပ်ပြီး ပန်းပေါင်းနဲ့ လုပ် တယ်ပြောတာ လိမ်တာပေါ့''

ဟု ပြောလိုက်ရာ ဦးကျော်ဒင်က

''မလိမ်ပါဘူး၊ ဘုရားက စွန့်တဲ့ ပန်းတွေ သွားကောက်ပြီး နေပူလှမ်း တယ်၊ ခြောက်တော့ ထောင်းတယ်။ အဲဒါကို ပုလင်းလေးနဲ့ ထည့်သွား တယ်၊ ရွှံ့နယ်တဲ့အခါမှာ အဲဒီပန်း ပေါင်းမှုန့်လေး နည်းနည်းဖြူးပြီး နယ် တာပေါ့။ အဲဒီတော့ ကျုပ်ပြောတဲ့ ပန်းပေါင်းနဲ့ လုပ်ထားတယ်ဆိုတာ လိမ်ရာမရောက်တော့ဘူးပေါ့''

ဟု ဦးကျော်ဒင်က ပြန်၍ပြော လေ၏။

''ဒီလိုဆိုရင် ဦးကျော်ဒင်က နယ်သွားတဲ့ စားစရိတ်၊ ခရီးစရိတ်နဲ့ ရွှံ့ကို ပုံစံခွက်ထဲ ထည့်ရတဲ့ ပင်ပန်းမှု ဟာ အရင်းအနှီးပေါ့''

ဟု ကျွန်ုပ်က ပြောလိုက်လေ၏။

''အင်းလေ ကိုရင်က မေးတော့ လည်း ဖြေရသေးတာပေါ့၊ စရိတ် တော့ ကုန်ပါတယ်၊ စားစရိတ်ကတော့ မကုန်ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ နယ်ရောက်တာနဲ့ ဘုန်းကြီးကျောင်းမှာ တည်းတာကိုး။ ရောက်တဲ့ ဘုန်းကြီး ကျောင်းမှာ ပလိန်းကိတ်လေး ဘာ လေးကပ်ပြီး အဲဒီဘုန်းကြီးကျောင်းမှာ တည်းလိုက်တာပဲ။ ဘုန်းကြီးကျောင်း မှာပဲ ကပ်ပြီးစားလိုက်တာပါပဲ။ ပြီး တော့ ဘုန်းကြီးကျောင်းသားတွေကို ရွှံ့စေးခိုင်းတယ်။ ပြီးတော့ ပုံစံခွက်ထဲ ဘုန်းကြီးကျောင်းသားတွေကို ထည့် ခိုင်းတယ်။ ကလေးတွေဆိုတော့ လုပ် ချင်ကြလို့ လုနေကြတာပါပဲ။ ပုံ ကလေးတွေ ဖြစ်လာတော့လည်း သူတို့ကိုပဲ နေပူလှမ်းခိုင်းတယ်။ ခြောက်တော့ သူတို့ကိုပဲ ရွှေမင်သုတ် ခိုင်းတယ်။ ကျုပ် ဘာမှ မလုပ်ရပါ ဘူး။ ဘုန်းကြီးကျောင်းမှာ စားလိုက်၊ အိပ်လိုက်၊ ပုတီးစိပ်လိုက်နဲ့ အချိန်ကုန် နေတာပါပဲ။ ပုံတွေပြီးသွားလို့ ဈေး ရောင်းတဲ့အခါတော့ ကိုယ်တိုင်သွား ပြီး ရောင်းပါတယ်''

ဟု ဦးကျော်ဒင်က ပြောလေ၏။

''နယ်တစ်နယ်ကို ဆင်းသွား ရင် ပိုက်ဆံ အများကြီး ရလာမှာပေါ့ နော်''

ဟု ကျွန်ုပ်က မေးလျှင် ဦးကျော် ဒင်က…

''ပိုက်ဆံရတယ်၊ ဒါပေမယ့် ပိုက်ဆံကို ပိုက်ဆံအဖြစ်နဲ့ ယူမလာပါ ဘူး၊ လမ်းမှာ ဓားပြတွေ တွေ့မှာပေါ့။ အဲဒီတော့ ပိုက်ဆံကို အဲဒီနယ်ကထွက် တဲ့ ငါးပိတို့၊ ငါးခြောက်တို့၊ ဆန်တို့ ပြန်ပြီးဝယ်လာတယ်။ အဲဒီပစ္စည်းတွေ ကို ဒီရောက်တော့ ပြန်ပြီးရောင်းတယ် လေ။ အဲဒီတော့ ဒီရောက်တော့ အမြတ်ထပ်ရပြန်တာပေါ့''

ဟု ဦးကျော်ဒင်က ထပ်၍ပြော ပြန်လေ၏။

''နေပါဦး ဦးကျော်ဒင်၊ အဲဒီပုံ ကလေးတွေပဲ ရောင်းတာလား၊ တခြား ဘာလုပ်သေးသလဲ''

ဟု ကျွန်ုပ်က မေးလိုက်လေ၏။

''ကိုရင်မေးလို့ ပြောရဦးမယ်၊ ဆေးလည်းကုတယ် ကိုရင်။ ဆေးကု တယ် ဆိုပေမယ့် ရောဂါအားလုံးကု တာ မဟုတ်ဘူး။ မိန်းမ မီးယပ်ရောဂါ ရယ်၊ လေဖြတ်တဲ့ရောဂါရယ်၊ ပန်းနာ ရင်ကျပ်ရယ်၊ စိတ်ဝေဒနာရောဂါရယ် တာဝန်ယူပြီးကုတယ်''

ဟု ဦးကျော်ဒင်က ပြန်၍ဖြေ လိုက်လေ၏။

''ဩော်…ဦးကျော်ဒင်က အဲဒီ ရောဂါတွေ နိုင်သလား''

ဟု ကျွန်ုပ်က အားရဝမ်းသာ မေးလိုက်လေ၏။

''မနိုင်ပါဘူး၊ မနိုင်တာ ကျုပ် တစ်ယောက်တည်း မနိုင်တာ မဟုတ်



www.burmeseclassic.com

www.burmeseclassic.com

ပါဘူး၊ တော်တော်များများ မနိုင်ကြတာပါ။ ဒီရောဂါတွေဟာ သက်သာသလို၊ သက်သာသလိုနဲ့ လုံးဝအမြစ်ပြတ်အောင် ပျောက်တဲ့ ရောဂါမျိုးတွေမှ မဟုတ်ဘဲ။ မိန်းမတွေ သွေးဆုံးခါနီးရင်ဖြစ်တဲ့ မီးယပ်ရောဂါဆိုတာဘာမှ မည်မည်ရရ ဖြစ်တဲ့ရောဂါမဟုတ်ဘူး။ တရှောင်ရှောင် ဖြစ်တတ်တာပါ။ ကုရင်လည်း ဒီအတိုင်းပဲ။ ပျောက်သလို ပျောက်သလိုနဲ့ တစ်ခုမဟုတ် တစ်ခု ထပ်ဖြစ်နေတာပဲ။

လေဖြတ်တဲ့ရောဂါလည်း ဒီလိုပဲ။ နည်းနည်းပူတဲ့ဆေးတွေ လိမ်းပေး၊ နှိပ်နယ်ပေး နည်းနည်းသက်သာသလို ရှိတာပဲ။ ဒါပေမယ့် မပျောက်ပါဘူး။ ပန်းနာရင်ကျပ်ရောဂါလည်း ဒီလိုပဲ။ နည်းနည်းသက်သာလိုက် ပြန်ပြီးပေါ်လာလိုက်၊ သလိပ်ပျော်တဲ့ဆေးလေး နည်းနည်းပါးပါး ဝယ်သွားတာပေါ့။ အဲဒါတွေ တိုက်တာပါပဲ။ ဒါပေမယ့် မပျောက်ပါဘူး။ စိတ်ဝေဒနာရောဂါလည်း ဒီလိုပဲ။ တောနယ်တွေ ရောက်တဲ့အခါမှာ စိတ်ဝေဒနာရောဂါတွေ လာပြီးပြကြပါတယ်။ စိတ်ဝေဒနာ တွေ့တာနဲ့ ကျုပ်က ခေါင်းတုံးတုံးလိုက်တာပဲ။ ပြီးတော့ ချောင်းထဲကို လှေနဲ့ ခေါ်သွားပြီး လှေပေါ်က တွန်းချတယ်။ စိတ်ဝေဒနာသည်ကလည်း သေမှာကြောက်တော့ တအားကူးတာပဲ။ အဲဒီလို တစ်ခါလောက်လုပ်ပြီးရင် ကျုပ်မြင်ရင် ကြောက်နေတော့တာပါပဲ။ အဲဒီမှာ စိတ်ဝေဒနာ နိုင်တယ်၊ စိတ်ဝေဒနာ နိုင်တယ်ဆိုပြီး လာလာပြီး ကုကြတာပေါ့။ ရောဂါက မပျောက်ပါဘူး။ တစ်ခါတလေ ပယောဂတောင် လက်ခံပြီး ကုလိုက်သေးတယ်။

ဟု ပြောကာ ဦးကျော်ဒင်သည် ရေနွေးတစ်ခွက်ကို မော့ချလိုက်လေ၏။

"ခင်ဗျားက တော်တော်ဉာဏ်များတဲ့ လူကြီးပဲ"

ဟု ကျွန်ုပ်က ပြောလျှင် ဦးကျော်ဒင်သည် ပြုံးလျက်…

"ဉာဏ်များတာဟာ အပြစ်လား ကိုရင်ရယ်"

ဟု ပြန်၍ပြောလေ၏။

"နောက် ဘာလုပ်သေးလဲ ဦးကျော်ဒင်"

ဟု ကျွန်ုပ်က မေးလိုက်လေ၏။

"သြော်…နောက်ပြီး ခံတွင်းချဉ်လည်းပြေ၊ ပါးစပ်အနံ့လည်း ပျောက်တဲ့ ဂျင်တန်ဆေးလုံးလေးတွေကို ရောင်းတယ်"

ဟု ဦးကျော်ဒင်က ပြောလိုက်လေ၏။

"သြော်…ဦးကျော်ဒင်က ဂျင်တန်ဆေးလုံးလေးတွေ လုပ်တတ်သလား"

ဟု ကျွန်ုပ်က မေးလိုက်လေ၏။

"မလုပ်တတ်ပါဘူး၊ ဝယ်ပြီးရောင်းတာပါ"

ဟု ပြန်၍ပြောလေ၏။

"ဘယ်လို ဝယ်ပြီးရောင်းတာလဲ"

ဟု ကျွန်ုပ်က မေးလိုက်ရာ…

"အဲဒီဂျင်တန် အထုပ်လေးတွေ ငါးဆယ်ပါတဲ့ဘူးကို ဝယ်ရင် ငွေငါးဆယ်ပဲ ပေးရတယ်။ တစ်ထုပ်ကို တစ်ကျပ်နဲ့ရောင်းရင် ငါးဆယ်ပဲ ရတယ်။ ဘာမှ မမြတ်ဘူး။ အဲဒီတော့ ဘယ်လိုလုပ်ရသလဲဆိုရင် ဂျင်တန်အထုပ်ကလေး တစ်ရာပါတယ်။ အဲဒီထဲက အလုံးလေးဆယ် ထုတ်ယူထားလိုက်တယ်။ အထုပ်ငါးဆယ်ဆိုတော့ အလုံးပေါင်း နှစ်ထောင်ကို ပြန်ပြီး အထုပ်လေးတွေ ထုပ်လိုက်ရင် သုံးဆယ့်သုံးထုပ်ကျော်ကျော် ရတယ်။ မူလက အထုပ်ငါးဆယ်နဲ့ဆိုရင် အထုပ်ရှစ်ဆယ့်ရှစ်ထုပ် ဆိုကြပါစို့။ အဲဒီတော့ ဂျင်တန်ဘူးတစ်ဘူး ဝယ်ရင် ကျပ်က သုံးဆယ့်သုံးကျပ် အမြတ်ရတယ်။ အဲဒီတော့ ကျုပ်က ခရီးသွားရင် စရိတ်မလိုဘူး။ ဂျင်တန် ရောင်းပြီး သွားတယ်။ သင်္ဘောနဲ့သွားသွား၊ မီးရထားနဲ့ပဲသွားသွား ကျုပ်က အငြိမ်နေတာ မဟုတ်ဘူး၊ ဂျင်တန်ရောင်းသွားတာ"

ဟု ဦးကျော်ဒင်က ပြောပြန်လေ၏။

"နေပါဦး ဦးကျော်ဒင်ရယ် ဂျင်တန်တစ်ဘူးမှာ အိတ်ငါးဆယ်ပါတော့ အိတ်ကလေးလည်း ငါးဆယ်ပဲပါမှာပေါ့၊ ကျန်တဲ့ သုံးဆယ့်သုံးအိတ်



www.burmeseclassic.com

www.burmeseclassic.com

ကို ခင်ဗျား ဘာနဲ့ထည့်ရောင်းတာလဲ"

ဟု ကျွန်ုပ်က မေးလိုက်လေ၏။

"ဒီလို ကိုရင်ရဲ့၊ အဲဒီဂျင်တန် အိတ်ကလေးတွေ ရိုက်ဖို့ ကျုပ်မှာ ဘလောက်တုံးလေးတစ်တုံး လုပ်ထားတယ်။ စက္ကူဖြတ်စတွေ ဝယ်ပြီး အစိမ်းရောင်မင်နဲ့ ရိုက်လိုက်ရင် ဂျင်တန်အိတ်ကလေးတွေ အများကြီး ရတာပေါ့"

ဟု ဦးကျော်ဒင်က ပြောလေ၏။

"ခင်ဗျားဆီက ဂျင်တန် ဝယ်စားတဲ့လူက ခင်ဗျားပေးတဲ့ အိတ်မှာ ဂျင်တန် လို့နေတယ်လို့ မပြောဘူးလား"

ဟု ကျွန်ုပ်က မေးလိုက်လျှင် ဦးကျော်ဒင်က…

"လူတိုင်းလောက်နီးနီး ဂျင်တန် ဝယ်စားဖူးပါတယ်ဗျာ၊ ဒါပေမယ့် တစ်ထုပ်မှာ ဘယ်နှစ်လုံးပါတယ်လို့ သိတဲ့လူ နည်းပါတယ်။ အိတ်ခွံမှာ ရေးထားတာကလည်း တရုတ်လို ရေးထားတာဆိုတော့ ဖတ်တတ်တဲ့လူနည်းပါးတယ်ဗျာ၊ ဒီအတွက် မပူပါနဲ့"

ဟု ပြောလေ၏။

"ဒီလိုဆိုတော့ ခင်ဗျားဟာက အမြတ်ချည်းပါပဲလား"

ဟု ကျွန်ုပ်က ပြောလိုက်ရာ ဦးကျော်ဒင်က…

"ဈေးရောင်းတယ် ဆိုကတည်းက အမြတ်ချင်လို့ပဲ မဟုတ်လား၊ အဲဒါ အပြစ် မဟုတ်ပါဘူး"

ဟု ပြန်၍ ပြောလိုက်လေ၏။

ထို့နောက် ဆေးပြင်းလိပ်တစ်လိပ်ကို ထုတ်၍ မီးညှိရှိုက်ဖွာနေလေ၏။ ကျွန်ုပ်လည်း သစ္စာပန်းတံဆိပ် မသိန်းဆေးပေါ့လိပ်ကို မီးညှိ၍ မီးခိုးများ မှုတ်ထုတ်ပြီး ဦးကျော်ဒင်၏ မျက်နှာကို ကွက်ခနဲ ကြည့်လိုက်လေ၏။

"ဒါပဲလား ဦးကျော်ဒင်၊ နောက်ထပ် ဘာတွေလုပ်သေးလဲ"

ဟု ကျွန်ုပ်က မေးလိုက်လေ၏။

"သြော်…ပြောရဦးမယ်၊ သန္တာဖြူ ရောင်းတယ်"

ဟု ဦးကျော်ဒင်က ပြောလေ၏။

"သန္တာနီနဲ့ သန္တာနက်ပဲ ကြားဖူးပါတယ်၊ သန္တာဖြူတော့ မကြားဖူးပါဘူး"

ဟု ကျွန်ုပ်က ပြောလိုက်ရာ ဦးကျော်ဒင်က…

"ကိုရင်လေး မကြားဖူးရင် နေပါ၊ သန္တာဖြူကတော့ ကျုပ်တကယ် ရောင်းနေတဲ့ ပစ္စည်းပဲ"

ဟု ပြောလေ၏။

"သန္တာနီတို့ သန္တာနက်တို့က ပင်လယ်အောက်မှာ ခဲရာခဲဆစ် ငုပ်ပြီး တူးယူရတာ၊ သန္တာဖြူကရော အဲဒီလို ပဲလား"

ဟု ကျွန်ုပ်က မေးလိုက်လေ၏။

'ဒီလို ကိုရင်ရဲ့၊ ပင်လယ်ကြမ်းပြင်အောက်ကို ခဲရာခဲဆစ် ငုပ်ပြီး တူးယူခဲ့ရတာပါလို့ ပြောရတာပေါ့ဗျာ။ ဒါပေမယ့် တကယ်ကတော့ ကျောက်ချဉ်ကို ညောင်စေးကျအောင် ကျိုပြီး မခြောက်ခင်မှာ သန္တာခက်တွေနဲ့တူအောင် အတန်းတန်း အလိမ်လိမ်တွေ ဆွဲရတာပေါ့။ အဲဒီလိုဆွဲပြီးလို့ ခြောက်သွားတဲ့အခါမှာ ဖြူဖွေးပြီး ကြည့်လို့ သိပ်ကောင်းတာ၊ သန္တာနဲ့လည်း သိပ်တူတာ။ ယားနာတွေရှိရင် သွေးပြီးလူးပါ၊ မျက်စိနာရင် သွေးပြီးကွင်းပေးပါလို့ ပြောပြီးရောင်းတာ။ လက်တစ်ဆစ်ကို တစ်ကျပ်ရတယ်။ တော်ရုံတန်ရုံ ယားနာဟာလည်း ကျောက်ချဉ်နဲ့တွေ့တော့ ပျောက်သွားတာပေါ့"

ဟု ဦးကျော်ဒင်က ပြောလိုက်လျှင် ကျွန်ုပ်သည် အပြစ်မတင်တော့ဘဲ ရယ်မိလေတော့၏။ ဦးကျော်ဒင်သည် ကျွန်ုပ်နှင့် စကားပြောပြီးလျှင် ပြန်သွားလေ၏။

သူသည် နှစ်ထပ်ကျွန်းအိမ်ကြီး တစ်လုံး ဆောက်လုပ်နိုင်ခဲ့၏။ သူ ၏ သားများကို ကောင်းစွာရှင်ပြုနိုင်ခဲ့၏။ ချောင်ချောင်လည်လည် နေထိုင်ခဲ့၏။ သူသည် တစ်ခါတွင် အထက်အညာ ဒေသဆီသို့ ရွှံ့များ သွား၍ရောင်း၏။ ဈေးရောင်းကောင်းသဖြင့် ပြန်မလာဘဲ တစ်မြို့ပြီး တစ်မြို့ဆက်၍ ရောင်းခဲ့ရာ တစ်နှစ်နီးပါး ကြာသွားလေတော့၏။ ဦးကျော်ဒင် ပြန်လာသောအခါ၌ သူ၏ မိန်းမ မကြည်ဆိုသူမှာ နောက်အိမ်ထောင်ပြုလိုက်ပြီဖြစ်၏။ ဦးကျော်ဒင်သည် အိမ်သို့ရောက်သောအခါ၌ ထိုအဖြစ်အပျက်ကို သိသွားရာ ဒေါသဖြစ်ရမည့်အစား ဒေါသမဖြစ်ရုံမက အော်ဟစ်၍ရယ်မောလေတော့၏။



www.burmeseclassic.com

www.burmeseclassic.com

ထိုသို့ ရယ်ပြီးနောက် သူ၏မိန်းမကို ကြည့်ကာ…

"သြော်…မိကြည် မိကြည်၊ ငါက အဟုတ်အောက်မေ့လို့ ဈေးရောင်းထွက်နေလိုက်တာ၊ လက်စသတ်တော့ နင်က နောက်ယောက်ျား ယူသွားပြီကိုး၊ ယူကြပေတော့"

ဟု ဆိုကာ အိမ်နှင့်တကွ ပစ္စည်းများကိုထား၍ လွယ်အိတ်ကလေး လွယ်ကာ ထွက်သွားလေတော့၏။ ၄င်းဦးကျော်ဒင်အား မတွေ့ရတော့ပေ။

အထက်ပါ အဖြစ်အပျက်များ ဖြစ်ပွားပြီး သုံးနှစ်ခန့်ကြာသောအခါ၌ ဦးကျော်ဒင်သည် ကျွန်ုပ်တို့အိမ်သို့ ရောက်ရှိလာလေ၏။ ကျွန်ုပ်ကို တွေ့လျှင်တွေ့ချင်း ဦးကျော်ဒင်က…

"ကိုရင်ရေ ကျုပ်လည်း ခရီးသွားလိုက်တာ အတော်ကြာသွားတယ်"

ဟု ပြောလေ၏။

"အိမ်ထောင်ရေး အဆင်မပြေလို့ ကွဲသွားကြပြီ ဆိုပါတော့"

ဟု ကျွန်ုပ်ကပြောရာ ဦးကျော်ဒင်က…

"အိမ်ထောင်ရေး အဆင်မပြေလို့ ကွဲတာမဟုတ်ပါဘူး၊ ကျုပ် ဈေးရောင်းထွက်တာ နည်းနည်းကြာသွားလို့ ကွဲသွားတာပါ၊ ဒါတွေ ထားလိုက်ပါတော့လေ၊ ကျုပ် အခု အညာမှာ နေတယ်၊ ရန်ကုန် လာတာက စာအုပ်တစ်အုပ် ထုတ်ချင်လို့၊ ရှင်းရှင်းပြောရရင် ကျုပ်က စာကောင်းကောင်း မတတ်ဘူး။ ဒါပေမယ့် ဘုရားရှိခိုး စာအုပ် တစ်အုပ်လောက်တော့ ထုတ်ချင်တယ်"

ဟု ပြောလေ၏။

"စာအုပ်က ဘယ်သူရေးမှာလဲ"

ဟု ကျွန်ုပ်က မေးလိုက်လေ၏။

"ဘယ်သူ ရေးမှာလဲဗျာ၊ ကျုပ်ပဲ ရေးရမှာပေါ့"

ဟု ဦးကျော်ဒင်က ပြောပြန်လေ၏။

"စာမတတ်ဘဲနဲ့ ဘယ်လို ဘုရားရှိခိုးစာအုပ် ရေးမှာတုံး"

ဟု ကျွန်ုပ်က မေးလိုက်ရာ ဦးကျော်ဒင်က…

"စာအုပ်ထွက်တော့ ဖတ်ကြည့်လေ"

ဟု ဆိုကာ ကျွန်ုပ်ကို နှုတ်ဆက်၍ ထွက်သွားလေ၏။

ဦးကျော်ဒင်သည် နံနက်ကိုးနာရီခန့်က ထွက်သွားရာ နေ့လယ် ဆယ်နာရီခွဲခန့်တွင် ဘုရားရှိခိုးစာအုပ် ဆယ်အုပ်ခန့်ကို ပိုက်၍ ပြန်ရောက်လာ၏။ သူ၏လက်ထဲတွင် ကတ်ကြေး တစ်လက်နှင့် ကော်ထုပ်တစ်ထုပ်လည်း ပါလာ၏။ ထို့နောက် ကြမ်းပြင်ပေါ်တွင် ထိုင်ကာ စာအုပ်တစ်အုပ်ကို ဖြန့်လိုက် ကြိုက်သည့်အခန်းကို ကတ်ကြေးဖြင့် ဖြတ်ထုတ်လိုက်၊ ကော်ဖြင့် ကပ်လိုက် လုပ်နေ၏။ တစ်နာရီခန့် ကြာသောအခါ၌ ဖြတ်ထုတ်ထားသော စာရွက်များ တစ်ထပ်ကြီး ဖြစ်လာ၏။ ထို့နောက် ထိုစာရွက်ထပ်ပေါ်တွင် စက္ကူဖြူ တစ်ရွက်ကပ်၍ အောက်ပါစာကို ရေးလေတော့၏။

## မြန်မာပညာရှိ ဦးကျော်ဒင် ပြုစုရေးသားသော ဘုရားရှိခိုး အမျိုးမျိုး

ထိုစာအုပ်ကို ပုံနှိပ်တိုက် တစ်တိုက်၌ ရိုက်နှိပ်ခဲ့၏။ ဖြန့်လည်း ဖြန့်ဝေခဲ့၏။ ဦးကျော်ဒင်သည် ထိုစာအုပ်စည်း တစ်စည်းကို ကျွန်ုပ်တို့ မိသားစုအား လက်ဆောင်ပေးခဲ့၏။ ထို့နောက် နှုတ်ဆက်ကာ ထွက်သွားလေတော့၏။ ထိုအချိန်မှစ၍ ကျွန်ုပ်တို့ ကျောက်မြောင်းရပ်မှ မြန်မာပညာရှိ ဦးကျော်ဒင် ပျောက်ဆုံးသွားလေတော့သတည်း။

ကျွန်ုပ်သည်လည်း အင်းစိန်ရွာမရှိ ဖွဲနုဆီစက်တွင် အလုပ်ရ၍ ဝင်ရောက်လုပ်ကိုင်နေလေတော့၏။

(ရှေ့လ ဆက်ရန်)

သဗ္ဗေသတ္တာ ကမ္မသကာ

မင်းသိခ်



www.burmeseclassic.com

www.burmeseclassic.com


# ဆရာကြီး အရယ်ာ ဆရာအောင်

(အကြားအမြင် ဂမ္ဘီရပညာပါရမီရှင်)　　(ဝါတွင်းဝါပ တနင်္လာနေ့တိုင်းပိတ်သည်)

မော်လမြိုင်(ခေါင်းဆေးကျွန်း)၊ ပဲခူး(ဒေးစွန်းပါ)၊ သန်လျင်(ကျောက်တန်း) ဘုရားတည်၊ စာမေးပွဲ၊ ကျန်းမာရေး၊ အချစ်ရေး၊ ထူးချွန်ထက်မြက်မည့် ကလေးနာမည်ပေးခြင်း၊ ဆိုင်၊ ကုမ္ပဏီနှင့် လုပ်ငန်းအမည်ရွေးချယ်ခြင်း၊ ထူးခြားအောင်မြင်သော စီးပွားရေးလုပ်ငန်းများ နိုင်ငံခြားကိစ္စ၊ သင်္ဘောသားများ လိုင်းကောင်း၊ လစာကောင်းပြီး အမြန်ထွက်ခွာရန်၊ အမှုအခင်းများ၊ အိမ်၊ ခြံ၊ မြေ၊ ကားရောင်း၊ သားသမီးများ လိမ္မာယဉ်ကျေးပြီး မိဘစိတ်တိုင်းကျဖြစ်စေရန် ကူညီခြင်း၊ အိမ်ထောင်ရေးကိစ္စ အထူးဆောင်ရွက်သည်(မူလအိမ်ထောင်ရှင်ဘက်မှသာ)၊ ယီနှင့် ကံစမ်းလုပ်ငန်းများအတွက် လမ်းညွှန်သည်။ ဓာတ်ရိုက်၊ ဓာတ်ဆင် အာမခံဖြင့် ဆောင်ရွက်သည်။

ဆိုင်အမှတ်(၈)၊ ဆူးလေဘုရားအဝိုင်း၊ ရန်ကုန်မြို့။ ဖုန်း/၀၉-၅၁-၁၂၁၄၆၊ ၀၉-၇၃၁-၅၃၁၈၈
နံနက် (၈း၃၀) နာရီ မှ နေ့လည် (၁၂း၃၀) နာရီ။
အိမ်အမှတ်(၁၇)၊ အောင်နီလာလမ်း၊ အောင်မင်္ဂလာရပ်ကွက်၊ သန်လျင်မြို့။ ဖုန်း/၀၅၆-၂၁၆၀၉(အိမ်)
ညနေ (၄း၀၀) နာရီ နောက်ပိုင်း



လိုင်စင်အမှတ် - ၁/၂၀၁၅ တဆထလ(၂၇၄၆)

# အောင်ဝိဇ္ဇာစိုးရိဆေးတိုက်

- ကျားအားနည်း၊ သေ/ညှိုး၊ တစ်ခဏပြီးသွားခြင်း၊ အားမထိန်းနိုင်၊ ပန်းလန်းပြီး ရုတ်တရက် ညှိုးနွမ်းခြင်း၊ အကြောများ ရှန်းကန်မှုနည်း၊ ရာနှုန်းပြည့် မစွမ်းဆောင်နိုင်ခြင်းများအတွက် အောင်ဝိဇ္ဇာစိုးရိမှ ကုသရင်း ထုတ်လုပ်ထားသည့် အကြောအားဖြည့် စားဆေး၊ လိမ်းဆေး၊ ဆေးမျိုးစုံ (TMR 011176), (1114), (TMR 011177), (1114)
- လိပ်ခေါင်းတွင်း/ပြင်၊ စအိုဝဖုသီးထွက်၊ ဝမ်းသွားအားမရ သွေးပါ၊ စအိုယောင်ရမ်းနာကျင်ခြင်း၊ လိပ်ခေါင်းအဖု တဖြည်းဖြည်းကြီးလာခြင်း၊ အရိအချွဲကျခြင်းတို့ကို အထူးကုသ ဆေးများဖြင့် အမြစ်ပြတ် ကုသပေးနေပါပြီ။ (1208 y 7427942)
- ခရုသင်း၊ သမင်ဖြူ၊ နှင်းခူစို/ခြောက်၊ ကာလသားရောဂါများ ကုသပေးနေပါပြီ။ အထူးကုဆေးများလည်း ရရှိနိုင်ပါသည်။ (0813 y 10568)သွေးသန့်ဆေး၊ သွေးညှိဆေး၊ မီးယပ်၊ ထိမ်ငုပ်၊ ယားယံ/ဖုပိမ့်ထခြင်း၊ အပူငြိမ်းဆေး၊ အဆီကျဝမ်းပျော့၊ သွေးသန့်ဆေးများလည်း ရရှိသည်။

- ဆေးခန်း - အမှတ်(၃၁၄)၊ ရွှေဘုံသာအလယ်လမ်း၊ KBZ ဘဏ်ဘေး၊ (၀၁-၃၈၇၀၉၇)၊ (၀၉-၃၁၉၂၅၁၃၅)
- ပင်ရင်းဖြန့်ချိရေး - အမှတ်(၈၆)၊ (၉၄)လမ်း၊ မင်္ဂလာတောင်ညွန့်၊ (၀၉-၅၀၁၆၃၇၂၊ ၀၉-၅၀၃၃၈၃၉)
- ပင်မဖြန့်ချိရေး - ကိုဝင်းမြင့်+မဘောဘီ(ကမ်းနားလမ်း)၊ (၁၅)လမ်းထောင့်၊ ကိုလှစိုး(သိမ်ကြီးဈေး)၊ လှထုမေတ္တာ(သိမ်ကြီးဈေး)၊ သီဟ(သန်လျင်မြို့မဈေးအနီး)၊ အောင်ရတနာ(၂၈×၈၃)လမ်းထိပ်၊ ကောင်းသန့်(၂၆၄/၂၈)၊ (၈၂×၈၃ လမ်းထိပ်)၊ မတူး-မရှူး(၂၉×၂၂) မြန်မာ့ဂုဏ်ရည်(၂၆)၊ (၈၈×၈၉)၊ ပန္နလ(ဈေးချို)၊ အာရောဂျံ(သိမ်ကြီးဈေး)၊ အာရောဂျံ န(၄)၊ နေပြည်တော်မြို့မဈေး ပွဲကတော်မင်္ဂလာရပ်(ပျဉ်းမနား)၊ ကိုတူးတူး(မကွေးတိုင်းဆေးရုံကြီးနောက်ဘက်)တို့တွင် ရရှိနိုင်ပါသည်။


www.burmeseclassic.com


www.burmeseclassic.com

မောင်ယဉ်မွန် (မောင်နေခြည်)

# မာယာဒေဝီနှင့် ကျောက်စိမ်းရုပ် အရုပ်တော်ပုံ(၄)

ယခင်လမှအဆက်

ပန်းချီ စံလွင်မောင်



www.burmeseclassic.com

www.burmeseclassic.com

# မာယာဒေဝီ နှင့် ကျောက်စိမ်းရုပ် အရှုပ်တော်ပုံ(၄)

မောင်ယဉ်မွန်(မောဝ်နေခြည်)

(ယ ခင် လ မှ အ ဆက်)

"သုဇိလ၊ ငါ ကျောက်သွေးဂူ ပြန်သွားချင်ပြီ နင်လိုက်ခဲ့ပါလား၊ ငါတစ်ယောက်တည်းနဲ့တော့ ဒီလောက် ဝေးတဲ့ခရီး မသွားရဲဘူး"

ဟု မာယာဒေဝီက သူမ သွားရ မည့် ခရီးအတွက် သုဇိလကို အပါ ဆွဲခေါ်သည်။

"သွားတာတော့ သွားကြတာ ပေါ့ မာယာဒေဝီရယ်၊ ဒါပေမဲ့ တိကျ တဲ့ သတင်းတော့ အရယူသွားမှ ဖြစ် မယ်၊ မတိမကျနဲ့သွားရင် ငါတို့ ရှိုင်း ရာကျမှာပေါ့"

"ကောင်းပြီ မောရတောင်ရဲ့ အနောက်မြောက်ဘက်မှာ ကနား လူမျိုးစုတွေရှိတယ်၊ ငါတို့ ကနား နယ်ဝင်ပြီး မောရတောင်ရဲ့သတင်း စုံစမ်းကြတာပေါ့"

သုဇိလသည် နန္ဒိသေနအား အကျိုးအကြောင်း ရှင်းပြရာတွင် နန္ဒိသေနကလည်း ကနားနယ်တွင်း မှာ ကပြစည်းရုံးရင်း မောရတောင် အကြောင်း စုံစမ်းရန် သဘောတူ သဖြင့် သူတို့တွေ ဟန်လင်းနယ်မှ ကနားနယ်သို့ ခရီးထွက်ခဲ့ကြသည်။

□

"အရှင့်သား တကောင်းမဟာ ဒေဝီ အခစားဝင်ရန် ခွင့်ပန်ကြောင်း ပါ"

ဇရာဇာ လေ့သမားကြီး၏ စကားကြားလိုက်ရသဖြင့် အနည်း ငယ် တုန်လှုပ်မိသည်။ မိမိအနေဖြင့် တကောင်းမဟာဒေဝီကိုယ်တိုင် မောရတောင်သို့ ကြွမည်ဟု လုံးဝ ထင်မထားခဲ့ပေ။

မာယာဒေဝီ၊ သုဇိလ၊ နန္ဒိ သေနတို့၏ ကြိုးစားမှုဖြင့် အစိတ် စိတ်အမွှာမွှာ ကွဲနေကြသော တကောင်းပြည်သူများ မောရ တောင်ပေါ်သို့ တက်ခဲ့ကြသည်။ အရှင်သခင် ကင်းမဲ့နေသော ပြည်သူများသည် မင်းကောင်းမင်း မြတ် စောင့်မျှော်နေကြသည်။ မာယာဒေဝီ၏ စည်းရုံးမှုဖြင့် စကြာ ရှင်ကို သူတို့ အမြန်ရှာခဲ့ကြရာ မောရတောင်တော် တစ်ခုလုံး လူ တွေ တိုးမပေါက်အောင် ရောက်ရှိခဲ့ ကြသည်။

စကြာရှင် ဇရာဇာသည် အလယ်နန်းဆောင်တွင် နေထိုင်



www.burmeseclassic.com

www.burmeseclassic.com

လျက် လာသမျှ ပြည်သူများအား မကြာမီကာလမှာ တကောင်းမြို့ကို ပြန်လည်သိမ်းဖိုက်ပါမည့်အကြောင်း သတင်းကောင်း ဖြန့်ဝေပေးရသည်။ ရောက်လာသမျှ ပြည်သူများကလည်း စကြာရှင် ဓဇရာဇာ၏ စကားကိုပင် အကြွင်းမဲ့ ယုံကြည်ကြသည်။ အကြောင်းမဲ့ ယုံကြည်ခြင်းမျိုးတော့ မဟုတ်ပေ။ စိုပြည်၍ ဖြူဖွေးသော အသား၊ ရှည်လျားသောဆံကေသာ၊ နက်မှောင်သောမျက်လုံး၊ ထူထဲသောမျက်ခုံး၊ သွယ်တန်းသောနှာတံ၊ မြင့်မားသောအရပ်၊ ယောကျ်ားမြတ်တို့၏ ကိုယ်အင်္ဂါနှင့် ပြည့်စုံလှသဖြင့် 'ဒါမှ တို့ရဲ့ကယ်တင်ရှင် စကြာမင်း အစစ်' ဟု ချီးကျူးသြဘာထောပနာ ပြုကြသည်။

ထိုသို့သော သတင်းများ ဖြစ်ပေါ်လာသဖြင့် တကောင်းမဟာဒေဝီ ကိုယ်တော်တိုင် မောရတောင်တော်သို့ ကြွချီလာသည်ဟု ဓဇရာဇာ အပိုင်တွက်သည်။

"မဟာဒေဝီ အခွင့်တော် သာပါတယ်၊ ဝင်လာပါလို့ လျှောက်တင်ပါတော့ မောင်မင်းများ"

တကောင်းမဟာဒေဝီသည် ရံရွေတော်ဆယ်ယောက် ဝန်းရံခလျက် ရာဇကကုန္ဒြေအပြည့်ဖြင့် တစ်လှမ်းချင်း ရွှေနန်းတွင်းသို့ ဝင်ရောက်လာတော့သည်။ ဓဇရာဇာသည် ဘိန္နကမင်း၏ မိဖုရားဟောင်းဖြစ်သော မဟာဒေဝီနာဂဆိန်အား ဦးခေါင်းမှ ခြေမသို့တိုင် အကဲခတ်သည်။

မဟာဒေဝီသည် ဇမ္ဗူမှာ တစ်လူဆိုရလောက်အောင် ခံ့ညားထည်ဝါလှပေသည်။ မဟာဆီ မဟာသွေး ဆိုသော်လည်း ဒေသအလိုက် အသားတော်မှာ အနည်းငယ် ညိုသယောင်ရှိသည်။ မျက်ခုံး၊ မျက်လုံး၊ နှာတံတို့က သူမသည် သာကီသွေး စစ်စစ်ဖြစ်ကြောင်း ဖော်ပြနေသည်။

မဟာဒေဝီ၏ သက်တော်မှာ နှစ်ဆယ့်ငါးနှစ်ပင် ကျော်မည်မဟုတ်ပေ။ မဟာဒေဝီသည် လင်သေပြီးစ မိန်းမတို့ ဓမ္မတာအရ သူမ၏ ဆံကေသာများကို ဖားလျားချ၍ ဓဇရာဇာ၏အနီးတွင် ဝင်ရောက်ခစားသည်။

မဟာဒေဝီ၏ မျက်နှာတော်မှာ ညှိုးလျော်၍နေပါ၏။ တောက်ပသော မျက်လုံးအစုံမှာလည်း မျက်ရည်ကြည်တို့ ဝဲလှည့်နေသဖြင့် အရောင်လင်းလက်နေသည်။ သောကတွေ မည်မျှဖိစီးနေသော်လည်း အရှုံးပေး အညံ့ခံမည့်အသွင် လုံးဝမတွေ့ရပေ။

"ကျန်းမာတော်မူပါစ အစ်မတော်"

"တိုင်းပျက် လင်သေ မုဆိုးမမို့ အပူရုပ်ကတော့ ဖုံးဖိလို့ မရပါဘူး မတ်တော်မောင်ရယ်"

မဟာဒေဝီသည် ထိန်းမနိုင်သိမ်းမရသော မျက်ရည်များကို ပဝါနှင့် အသာတို့လျက် မျက်နှာတော်ကို ပင် မော်၍မကြည့်နိုင် ဖြစ်ရသည်။

"ရွှေအားတော် မလျှော့လိုက်ပါနဲ့ အစ်မတော်၊ ယခုအခါ တောင်ပေါ်မှာ စစ်သည်ဗိုလ်ပါတွေ စုမိတော့မှာပါ။ လုံလောက်တဲ့ အင်အားပြည့်ဝတာနဲ့ နယ်ချဲ့ရန်သူတော်တွေကို မတ်တော်မောင် နှိမ်နင်းပေးပါမယ်"

"ယုံကြည်ပါတယ် မတ်တော်မောင်ရယ်၊ ဒါပေမဲ့ တံခွန်မရှိတဲ့ ဘုရား၊ အလံမရှိတဲ့ရထား၊ လင်သားမရှိတဲ့ မိန်းမ ဘယ်တိုင်းဘယ်ပြည်က လေးစားခံ့ညားတော့မှာလဲ"

ဓဇရာဇာ ဘာပြန်ပြောရမည် မသိတော့ပေ။ မဟာဒေဝီသည် သူ့ထက်ကြီးရင့်သူဖြစ်၍ အစစအရာရာ သူ့ထက် သာမည်ဟု တွေးသည်။ မည်သို့ဆိုစေ မိမိရွှေနန်းတက်ရန်မှာ အတွေ့အကြုံရှိသော မဟာဒေဝီလို မိန်းမမျိုးလည်း လိုသည်ဟု စိတ်ကူးယဉ်လိုက်သည်။

"အစ်မတော် ကိုယ်ရေး[illegible] တာကိစ္စတွေဟာ ဒီလို နန်းရင်ပြင်မှာ ပြောဖို့ မသင့်ပါဘူး၊ ဒီတော့ အစ်မတော်နဲ့ နှစ်ကိုယ်ကြား ပြောဆိုကြရအောင် ယခုည တောင်ကလပ်သို့ ကြွတော်မူခဲ့ပါ အစ်မတော်"

"အခွင့်တော်သာလို့ ဝမ်းမြောက်ဝမ်းသာ ဖြစ်ပါတယ် မတ်တော်မောင်ရယ်၊ အမောင့်ရဲ့ နူးညံ့တဲ့ နှလုံးသားနဲ့ တကောင်းတစ်နိုင်ငံလုံးကို ထွေးပိုက်ယုယတော်မူနိုင်ပါ



www.burmeseclassic.com

www.burmeseclassic.com

စေလို့ မဟာဒေဝီက ဆုတောင်း မေတ္တာပို့ လိုက်ပါတယ်"

ဟု ဆိုကာ မဟာဒေဝီ ထွက်ခွာသွားတော့သည်။

□

ဟန်လင်းနှင့် ကနားနယ်သည် နီးသောခရီး မဟုတ်ပေ။ မာယာဒေဝီတို့၏ အဖွဲ့တော်သားများသည် တစ်ရွာဝင် တစ်ရွာထွက် နွားလှည်းများဖြင့် ခရီးဆက်ကြရသည်။ အဖွဲ့သားများ နွားလှည်းဖြင့် သွားရသော်လည်း ခေါင်းဆောင်များ ဖြစ်ကြသော မာယာဒေဝီ၊ နန္ဒိသေနနှင့် သုဇိလတို့မှာ မြင်းကိုယ်စီဖြင့် ခရီးနှင်ခဲ့ကြသည်။

လှည်းပေါ်တွင် လိုက်ပါလာကြသော အတီးသမားများကလည်း ရွာမြင်သည်နှင့် ဗုံတိုကို ခေါက်သည်။ ဗုံသံကြားသည်နှင့် ရွာတွင်းမှ ကလေး၊ လူကြီးအားလုံး ပြေးထွက်၍ ကြိုကြသည်။

"တစ်ညလောက် ကပြပါဦး"

"ထမင်းစားပြီးမှ ခရီးဆက်ကြပါ"

"ရွာထိပ်မှာ ရေကန်ကြီးနဲ့ ဘုက္ကိုပင်မှာ နားသွားကြပေါ့"

သဘောကောင်းသော တကောင်းပြည်သားများက ညှိ ဝတ်ကျေပွန်စွာ ဖိတ်ခေါ်ကြသည်။ သူတို့အဖွဲ့ ညအခါ ကျေးရွာများ အနီးတွင် တည်းခိုကြသော်လည်း ကပြနိုင်ခြင်း မရှိကြတော့ပေ။ အကြောင်းမှာ မာယာဒေဝီမင်းသမီးလေးနှင့် သုဇိလတို့မှာ အဖွဲ့သားများ၏ လှည်းများကို မစောင့်တော့ပေ။ ရှေ့သို့ ခရီးပြင်းနှင်၍ သွားနှင့်ကြပြီ ဖြစ်သည်။

"မာယာဒေဝီ မြင်းကိုဖြည်းဖြည်း စီးပါ၊ နင်က ဘာအရေးကြီးနေတာလဲ"

"သုဇိလ. . နင့်ကို ငါ စကားမပြောအားသေးဘူး၊ နောက်က တိတ်တိတ်လိုက်ခဲ့"

သုဇိလ ဘာမှ ပြန်မမေးရဲပေ။ မာယာဒေဝီသည် ငယ်စဉ်မှစ၍ သုဇိလအပေါ် အမြဲဗိုလ်ကျလာသူ ဖြစ်သည်။ မထင်လျှင် နားရွက်ထဆွဲ တတ်သူလည်းဖြစ်၍ သုဇိလ အထွန့်မတက်ရဲပေ။

မြေဒူးလွန်၍ ခမောက်တောင် ရောက်တော့ နေမွန်းလွဲစပြုနေပေပြီ။ မြင်းများမှာ တစ်နေ့လုံး အပြေးနှင်နေရသဖြင့် မောဟိုက်လာကြသည်။

မာယာဒေဝီ မြင်းကို ဇက်သတ်၍ သူသွားရမည့် ခရီးစဉ်ကို လှမ်းမျှော်ကြည့်သည်။ ခမောက်တောင်မှာ မည်သည့်တောင်နှင့်မှ ဆက်စပ်မနေ၊ မြေပြန့်လွင်ပြင်တွင် ထီးထီးမားမားကြီး တည်ရှိနေသည်။

ခမောက်တောင်မှ မြောက်အရပ်သို့ ဆက်လက်သွားပါလျှင် မှန်ကင်းတောင်ထိပ်တွင် ကန့်လန့်ကာတောင်များ ဝန်းရံပတ်ခွေထားသော မောရတောင် ရှိရာသို့ ရောက်မည်။ မာယာဒေဝီသည် သူမ၏ စီးတော်မြင်းအား ဖနောင့်နှင့် အသာတို့လိုက်သည်။

သခင်၏ အလိုတော်ကို သိနေသော မြင်းကြီးက နေရာမှ အမြန်ထွက်ခွာသည်။ သုဇိလမှာလည်း ဘာမှမမေးရဲ နောက်မှ မာယာဒေဝီ၏ အရိပ်အခြည်ကြည့်၍သာ လိုက်ပါလာရသည်။

မာယာဒေဝီသည် မှန်ကင်းတောင်ကို ကွေ့ကာကောက်ကာ တက်လာခဲ့သည်။ မှန်ကင်းတောင်ထိပ်မှ မြောက်အရပ်သို့ ဆက်ခဲ့ကြရာ ကန့်လန့်ကာတောင်သို့ ရောက်ကြသည်။ ကန့်လန့်ကာတောင်ပေါ် ရောက်သည်နှင့် ပေ ၅၅၀၀ ကျော်မြင့်သော မောရတောင်ကြီးကို လှမ်း၍မြင်နေရသည်။

မာယာဒေဝီသည် နန်းမချောင်း ရောက်သည်နှင့် မြင်းကြီးအား အနားပေး၍ ရေချိုးသည်။ သုဇိလမှာတော့ ကျောက်တုံးကြီးအနီးထိုင်၍ တုတ်တုတ်မျှ မလှုပ်ရဲပေ။

"သုဇိလ. . နင် ရေမချိုးဘူးလား၊ ရေကတော့ အရမ်းကိုအေးတယ်၊ ဒီရေဟာ မောရနန်းမဆောင်ကြီးဘေးက စပြီးစီးဆင်းလာလို့ နန်းမချောင်းလို့ ခေါ်ကြတာတဲ့"

သုဇိလ အံ့သြနေမိသည်။



www.burmeseclassic.com

www.burmeseclassic.com

ကျောက်သွေးတောင်မှ အတူထွက်ခဲ့ကြသည်။ မောရတောင်သို့ မာယာဒေဝီလည်း မရောက်ဖူးသလို သုဇိလလည်း မရောက်ဖူးပေ။ မရောက်ဖူးသူချင်းအတူတူ မာယာဒေဝီက ဒါတွေ ဘယ်လိုသိနေပါလိမ့်ဟု တွေးနေမိသည်။

မာယာဒေဝီ ရေကြာကြာမချိုးနိုင်ပါ။ ရေမှာ လွန်စွာအေးသည့်အတွက် ကြာကြာချိုးပါက အန္တရာယ်ဖြစ်နိုင်သည်။

"နင် ရေမချိုးရင် ခရီးဆက်ကြစို့"

ဟု ဆိုကာ မာယာဒေဝီ မြင်းပေါ်တက်သည်။ မောရတောင်ထိပ်တွင် ကညင်ဆီမီးရောင်များ ထိန်လင်းလျက် မြင်ကြရသည်။ မောရတောင်ပေါ်တွင် ယခုလည်း ဥဒေါင်းငှက်များ ထောင်သောင်းမက နေထိုင်ကြသည်။ ဥဒေါင်းငှက်များသည် ဗျဂ္ဃဂါမ လယ်ကွင်းများသို့ဆင်း၍ အစာရှာကြသဖြင့် ဗျဂ္ဃဂါမအနီးမှ ချောင်းကို ဒေါင်းမြူးချောင်းဟုလည်း ခေါ်ကြသည်။

"သုဇိလ. . တို့မြင်းတွေကို ဒီမှာ ထားခဲ့မယ်၊ နင်လိုက်ချင် နောက်က အသာလိုက်ခဲ့၊ ဘာဘာညာညာ ငါ့လာမမေးနဲ့နော်"

ဟု ဆိုလိုက်သဖြင့်. . .

သုဇိလမှာ 'အင်း' ဟု တစ်လုံးတည်းသာ ဖြေလိုက်တော့သည်။

□

မောရတောင်ထိပ်ပေါ်တွင် ကျောက်မျှော်စင်ကြီး လေးခုရှိသည်။ ထိုကျောက်မျှော်စင်ကြီး လေးခုမှာ အရှေ့တောင်ထောင့်၊ အရှေ့မြောက်ထောင့်၊ အနောက်တောင်ထောင့်၊ အနောက်မြောက်ထောင့်ဟု ထောင့်လေးခုတွင် တည်ဆောက်ထားခြင်းဖြစ်သည်။

ဓဇရာဇာသည် တကောင်းမဟာဒေဝီအား အရှေ့တောင်ထောင့် မျှော်စင်မှာ တွေ့ဆုံရန် ချိန်းဆိုခဲ့သည်။ ဓဇရာဇာ အရှေ့တောင်မျှော်စင်ပေါ် ချိန်းဆိုရခြင်းမှာ အကြောင်းမဲ့ မဟုတ်ပေ။ တကောင်းရွှေမြို့တော်သည် မောရတောင်၏ အရှေ့တောင်ထောင့် အရပ်တွင် တည်ရှိသောကြောင့်ဖြစ်သည်။

လပြည့်ညမို့ မိုးကောင်းကင်မှ လမင်းကြီးက ထိန်ထိန်သာ၍နေသည်။ ဓဇရာဇာမင်းသား ကျောက်မျှော်စင်ပေါ်မှ မောရတောင်ကို ပြန်ကြည့်သည်။ ကညင်မီးတိုင်များက တောင်ပေါ်တွင် လေတဟူးဟူး တိုက်ခတ်နေမှုကြောင့် မီးညွန့်လေးများမှာ ဘယ်ညာယိမ်းကလို့နေကြသည်။

မောရတောင်ကြီးသည် ပေ ၅၅၀၀ ကျော်မြင့်၍ ဂမုန်းပေါင်းစုံ ပေါက်သည်။ ထို့ကြောင့် ရှေးအခါမှစ၍ ယနေ့တိုင် မောရတောင်ပေါ်မှာ ဝိဇ္ဇာ၊ ဇော်ဂျီ၊ တပသီတို့ ဆေးမြစ်ရှာကြရသည်ဟု ဆိုကြပေသည်။

ပန်းပေါင်းစုံလည်းရှိ၍ ညဉ့်လေအေးအေးနှင့်အတူ ပန်းရနံ့တို့မှာလည်း မွှေးပျံ့လို့သာနေ၏။

"မဟာဒေဝီသခင်မ ကြွချီလာပါပြီ"

ဟု လှေသမားကြီးက သတင်းပို့သဖြင့် ဓဇရာဇာသည်လည်း မဟာဒေဝီအား ဆီးကြိုရသည်။

"ကျန်းမာပါစ အစ်မတော်"

"မတ်တော်မောင်ရဲ့ ပို့သသော မေတ္တာကြောင့် ကျန်းခဲ့သာလို့ မာကြောင်းပါ မတ်တော်မောင်"

ဓဇရာဇာသည် အစောင့်များကို ဝေးဝေးမှာ နေကြရန် လက်ဟန်ပြလိုက်သည်။ အကင်းပါးနပ်သော အစောင့်များမှာ နောက်သို့ ဆုတ်ခွာသွားကြသည်။

"အင်အားတောင့်တင်းလာပြီဆိုတော့ လုပ်ငန်းစဖို့ ပြင်ဆင်ပြီးပြီလား မင်းသား"

မဟာဒေဝီနာဂဆိန္နသည် လူအများရှေ့တွင် ဓဇရာဇာအား ရင်းနှီးစွာ မတ်တော်မောင်ဟု ခေါ်သော်လည်း နှစ်ကိုယ်တွေ့သည်နှင့် မင်းသားဟုပင် သူစိမ်းဆန်ဆန် ခေါ်ဆိုလာသည်။

"စစ်ဆင်ရေး စတာ မစတာ မဟာဒေဝီနဲ့ မဆိုင်ပါဘူး၊ ကျုပ်တို့ အဆင်ပြေတဲ့တစ်နေ့ စကြမှာပါ"

ဓဇရာဇာသည်လည်း ဒေသ မဟုတ်ပါ။ မိဖုရားက အထက် လေသံ သုံးလာသည်နှင့် အ



www.burmeseclassic.com

www.burmeseclassic.com

ပြန်၍ပက်လိုက်သည်။

"ဒီလိုပါ ရာဇာရယ်၊ မမနဲ့ မင်း ပူးပေါင်းပြီးတိုက်မှ ဒီစစ်ပွဲက အောင်နိုင်မှာပါ၊ မင်း မမနဲ့ မပူးပေါင်းနိုင်ဘူးလား"

ဟု မူနွဲ့နွဲ့လေသံဖြင့် ဆိုလိုက်ပြန်သည်။

"မလည်နန်းက စစ်သည်တွေဟာ မလည်ယာယီနန်းရဲ့ လုံခြုံရေးတောင် ပြည့်ပြည့်ဝဝ မချလောက်ပါဘူး။ ကျုပ် တကောင်းကို ပြန်သိမ်းပိုက်တဲ့အခါ မောရစစ်သည်တွေနဲ့ မလောက်ရင် သုနာပရန္တစစ်သည်နဲ့ အရှေ့ရှမ်းကုန်းမြင့် စစ်သည်တွေရဲ့ အကူအညီ ယူမှာပါ"

ဟု ဓဇရာဇာက ခပ်ပြတ်ပြတ်ပင် ဆိုလိုက်သည်။

မဟာဒေဝီနာဂဆိန်သည် သူ တစ်ခါမှ မတွေးမိသောအတွေး ဓဇရာဇာက တွေးနေပါလားဟု သိလိုက်ရသည်နှင့် အနီးသို့ ပိုမိုတိုးကပ်လျက် ဓဇရာဇာ၏လက်ကို ဆွဲကိုင်ကာ. .

"တော်လိုက်တာ ရာဇာရယ်၊ မမ တစ်ခါမှ စစ်ကူတောင်းမယ့်အရေး မတွေးမိခဲ့ဘူး၊ အမြန်ဆုံး အကောင်အထည်ဖော်ကြစို့လား ရာဇာ၊ အချိန်တွေကြာလာရင် ရန်သူတလည်း အင်အားပိုမိုတောင့်တင်းသွားနိုင်တယ်"

နာဂဆိန်သည် နှုတ်က တဖွဖွပြောနေသော်လည်း လက်က ဓဇရာဇာအား ကိုင်မြဲတိုင်းကိုင်လျက်ပင်ဖြစ်သည်။ မာဟာဒေဝီနာဂဆိန်သည် အဖြူရောင် တူညီဝတ်စုံ ဝတ်ဆင်လျက် ရည်လျားသော ဆံကေသာကို ဖားလျားချထားသည်။ သူမ၏ ဆံကေသာမှာလည်း ပန်းပေါင်းစုံ နံ့သာ လိမ်းခြယ်ထားသဖြင့် သင်းသင်းပျံ့ပျံ့လေး မွှေးလို့နေသည်။

"ရာဇာ. . ဘာပဲဖြစ်ဖြစ် မင်းနဲ့ မမ ပူးပေါင်းမှ ဒီစစ်ပွဲဟာ အောင်ပွဲခံနိုင်မယ်လို့ မမ ထင်တယ်၊ မင်း မမနဲ့ ပူးပေါင်းရမှာ ဘာအခက်အခဲရှိလို့လဲ ပြောပါ ရာဇာရယ်"

ဓဇရာဇာ ဘာမှပြန်မပြောပါ။ ပြန်မပြောရသော အကြောင်းရင်းမှာ သူ့ရင်ထဲတွင် မာယာဒေဝီ ရှိနေခြင်းကြောင့်ဖြစ်သည်။ ယခုနေများ မာယာဒေဝီ ရောက်လာပါလျှင်ဟုလည်း သူ တွေးပူမိသည်။ မာယာဒေဝီသည် မိန်းမသားတစ်ဦးဖြစ်သော်လည်း အကြောက်တရားကင်းသူဖြစ်သည်။ ပြောရဲသည်၊ ဆိုရဲသည်၊ လုပ်ရဲသည်၊ သွားရဲသည်၊ လာရဲသည်၊ လက်ရဲဇက်ရဲနိုင်သည်။ မဟာဒေဝီနာဂဆိန်လို ဟန်မဆောင်တတ်ပေ။

"ရာဇာ. . မင်း ဘာတွေ တွေးနေတာလဲ၊ တို့နဲ့ ပူးပေါင်းမယ်မို့လား၊ ဘာလဲ မင်းမှာ ကြင်ယာလောင်း ရှိပြီးသားမို့ အခက်တွေ့နေတာလား၊ မခက်ပါဘူး ရာဇာရယ်၊ လက်ဝဲလက်ယာ စံစားရတာ ဘုရင်မင်းမြတ်တို့ရဲ့ ဓမ္မတာမို့လား"

ဟု အရှက်မဲ့သော စကားကိုပင် ဆိုလိုက်ပြန်သည်။

ဒီစကားများသာ မာယာ ကြားသွားပါက မဟာဒေဝီ၏ပါးကို ရိုက်မည်မှာသေချာသည်။ မာယာသည် အရှုံးပေးတတ်သူ မဟုတ်၊ အမြဲ အနိုင်ယူလိုသူ ဖြစ်သည်။ ယခုလည်း မာယာဒေဝီတို့ မြို့တကာ၊ ရွာတကာ လှည့်၍ စည်းရုံးနေသည်မှာ အကြောင်းမဲ့မဟုတ် တကောင်းထီးနန်း ဓဇရာဇာ သိမ်းပိုက်နိုင်ပါက သူသည်သာလျှင် အဂ္ဂမဟေသီ မိဖုရားခေါင်ကြီး ဖြစ်လို၍ ဤကဲ့သို့ပင်ပန်းဆင်းရဲခံကာ လှည့်လှည်သွားလာနေခြင်း ဖြစ်သည်။

"တောင်ပေါ်ဆိုတော့ လေအရမ်းတိုက်တာပဲ ရာဇာရယ်၊ မမ ဖြင့် ချမ်းလို့တောင်လာပြီ"

ဟု ဆိုကာ မဟာဒေဝီသည် ရပ်နေရာမှ ထိုင်မည့်ဟန်ပြင်ရင်း နောက်ပြန်လဲကျသွားတော့သည်။

"အစ်မတော်. . အစ်မတော်"

ဓဇရာဇာသည် မဟာဒေဝီအား ဆီးပွေ့လျက် တစာစာခေါ်သည်။ လရောင်အောက်တွင် မဟာဒေဝီ၏ နှုတ်ခမ်းနှစ်လွှာ အနည်းငယ် တွန့်သွားသည်ကိုတော့ ဓဇရာဇာ မမြင်လိုက်ပါချေ။ ထိုအပြုံးသည်ကား မဟာဒေဝီ၏ အောင်ပွဲခံအပြုံးသာ ဖြစ်ပေ၏။

□



www.burmeseclassic.com

www.burmeseclassic.com

"နင်. . လေးကြီး တရှုယ်ရှုယ်နဲ့ ဘာကြောင့် မပစ်တာလဲ"

မာယာဒေဝီ တောင်ပေါ်မှ ဒေါသူပုန်ထကာ လေးကြီးကိုင်လျက် ပြန်ဆင်းလာသည်နှင့် သုဇိလ နောက်မှ အပြေးလိုက်၍ မေးနေခြင်း ဖြစ်သည်။

"ငါ ပစ်မလို့ပေါ့ဟယ်၊ ဒါပေမဲ့ ငါ မပစ်ရက်ဘူး"

မာယာဒေဝီ၏ အသံမှာ ငိုသံပါနေသည်။ သုဇိလသည်လည်း မာယာဒေဝီအား ကြည့်၍ နားမလည်နိုင်အောင် ဖြစ်ရသည်။

"နေပါဦး. . နင်က အဲဒီမိဖုရားကို ဘာကြောင့် သနားနေရတာလဲ"

မာယာဒေဝီ လှမ်းလက်စ ခြေလှမ်းများ ရပ်တန့်ကာ သုဇိလကို စိုက်၍ကြည့်သည်။ ပြီးမှ. . .

"ငါ ဟိုမိဖုရားကို သနားတယ်လို့ ဘယ်တုန်းက ပြောလို့လဲ"

"အေးလေ. . . ဒါဆို နင် လေးကြီးတရှုယ်ရှုယ်နဲ့ ချိန်ပြီး ဘာကြောင့် မပစ်တာလဲ"

ဟု သုဇိလက မေးပြန်သည်။ မာယာဒေဝီသည် သုဇိလ၏ နားရွက်ကိုဆွဲ၍. . .

"ငါ လေးနဲ့ချိန်နေတာ ဘယ်သူ့ကို ချိန်တယ်လို့ နင်ထင်သလဲ"

ဟု ဒေါသသံနှော၍ ပြောလိုက်သည်။

"ဟိုမိဖုရားပေါင်းကြီးကိုပေါ့"

ဟု သုဇိလက ကြောက်ကြောက်လန့်လန့်နှင့် ဖြေလိုက်ရ၏။

"ငတုံးကောင်. . နင် မသေမချင်းမှတ်ထား၊ ငါ လေးနဲ့ချိန်နေတာ ဇေရာဇာကို"

ဟု ဆိုလိုက်၏။

သုဇိလ အံ့သြရပြန်သည်။ ချစ်လှချည်ရဲ့၊ ကြိုက်လှချည်ရဲ့ ဆိုပြီးမှ ဘာကြောင့် လေးနှင့် ချိန်သည်ကို သုဇိလ စဉ်းစားလို့ပင် မရပေ။

"ဇေရာဇာကို ဘာကြောင့်လေးနဲ့ ချိန်ရတာလဲ၊ သူ့မှာ ဘာအပြစ်ရှိလို့လဲ"

ဟု အရဲကိုး၍ မေးလိုက်ပြန်သည်။

မာယာဒေဝီ ဘာမှပြန်မပြောပေ။ သူမ၏ အောက်နှုတ်ခမ်းကို နာနာဖိကိုက်လျက် ထိုင်ချလိုက်သည်။ သုဇိလလည်း မာယာဒေဝီ အနီးတွင် ဘုမသိဘမသိ ဝင်၍ထိုင်လိုက်သည်။ မာယာဒေဝီက သုဇိလကို မကြည့်ပါ။ အရှေ့ဘက်ဆီမှ ထိန်ထိန်သာနေသော လမင်းကြီးကိုသာ ကြည့်သည်။ ကြည့်ရင်း. . ကြည့်ရင်း မျက်ရည်စများ စီးဆင်းကျလာသည်။ သုဇိလသည် မာယာဒေဝီ ဖြစ်နေပုံကိုကြည့်၍ သနားသည်။ သို့သော် အားပေးစကားပင် သူ မပြောတတ်ပေ။ သုဇိလ မာယာဒေဝီအား စိုက်ကြည့်နေခိုက် မာယာဒေဝီ၏ အောက်နှုတ်ခမ်းမှ ယိုစီးကျလာသော သွေးများကို မြင်လိုက်ရသဖြင့်. . .

"မာယာဒေဝီ. . နင့်နှုတ်ခမ်းမှာ သွေးတွေ စီးကျလာပြီ"

ဟု ဆိုကာ အဝတ်နှင့် သုတ်ပေးရန် လက်လှမ်းလိုက်စဉ် မာယာဒေဝီက လက်ကို ပုတ်ချလိုက်သည်။

မာယာဒေဝီသည် ထိုင်ရာမှ ထ၍ မောရတောင်ပေါ်သို့ လှမ်းမျှော်၍ ကြည့်ပြန်သည်။ မျက်ရည်စများကို လက်နှင့်သုတ်ပြီး 'ထို့'ကနဲ ပါးစပ်တွင်းမှ သွေးများကိုလည်း ထွေးထုတ်လိုက်၏။ ထို့နောက် မြင်းပေါ်တက်သည်။

သုဇိလ သိလိုက်ပါပြီ။ မာယာဒေဝီသည် ဘယ်သောအခါမှ ဇေရာဇာ ရှိရာသို့ ပြန်လာတော့မည် မဟုတ်ပေ။ အချစ်ကြီးသူတို့၏ နှလုံးသားသည် မုန်းပြီဆိုလျှင်လည်း ဘယ်သောအခါမှ နောက်ပြန်၍ လှည့်ကြည့်တော့မည် မဟုတ်ပေ။

ထိုညက မာယာဒေဝီ မောရတောင်ပေါ် လာသွားသည်ကို ဇေရာဇာ မသိ။

သို့သော် သူ၏ ကျွန်ယုံတော် လေ့သမားကြီးကတော့ မာယာဒေဝီနှင့် ခေတ္တစကားပြောလိုက်ရသည်။ ထိုအကြောင်းကို ဇေရာဇာများ သိသွားပါက မည်သို့မည်ပုံ ဖြစ်လာမည် မသိနိုင်ပေ။ ကံမခိုင်လျှင် သံတိုင်ပင်ကျိုးတတ်စမြဲမို့ မာယာဒေဝီတို့၏ ချစ်ခရီးသည်လည်း နီးမလိုနှင့် တကယ်ပင် ဝေးရတော့မည်လားဟု သုဇိလ တွေးရင်း မာယာဒေဝီ၏ နောက်သို့သာ လိုက်ရပေဦးမည်။

□



www.burmeseclassic.com

www.burmeseclassic.com

ဥရုနဒီမြစ်ရေသည် မိုးအခါ ရေစီးကြမ်းသလောက် နွေအခါ ရေလွှာပါးပါးလေးသာ စီးဆင်းသည်။ ဥရုနဒီရေသည် ကြည်လင်အေးမြသည်။ ကြည်လင်အေးမြသော ရေလွှာပါးပါးတွင် လူးလွန့်ပြေးလွှားနေကြသော ရွှေရောင်ငါးကြီးများရှိ၍ အသက် (၁၂) နှစ်အရွယ် သာကီလူငယ်လေးနှစ်ဦး နေ့စဉ် ငါးရှာထွက်ကြသည်။

လူငယ်နှစ်ဦး၏လက်တွင် လူတစ်ရပ်သာသာရှိ အဖျားချွန်ဝါးတစ်ခုစီ ကိုင်ဆောင်လျက် ရေစပ်မှ ခြေသံမကြားအောင်နင်း၍ ငါးရှာကြသည်။ ကျောက်တုံးကျောက်လွှာများကြား လူးကာလွန့်ကာ ပြေးလွှားနေသော ငါးများကို အပိုင်ထိုးစိုက်နိုင်ရန် အသင့်စောင့်နေကြသော်လည်း အမြင်လွယ်သလောက် လက်တွေ့မှာ ခက်ခဲလှပေသည်။

"ကျော်စွာ. . ဒီနေရာမှာ ငါတို့အမြဲချောင်းနေတော့ ငါးတွေ မလာတော့ဘူး။ ခုဆိုရင် ရေလည်း မများဘူး၊ တို့ ဟိုဘက်ကမ်းကူးပြီး ငါးရှာရင် မကောင်းဘူးလား"

"ကောင်းတယ် တို့တစ်တွေ ဒီမှာ နေခဲ့တာကြာပြီ၊ ဒါနဲ့တောင် ဟိုဘက်ကမ်း တစ်ခေါက်မှ ရောက်သေးတာ မဟုတ်ဘူး"

သူတို့နှစ်ဦး ဥရုနဒီမြစ်၏ မြောက်ဘက်ကမ်းသို့ ကူးကြသည် ။ မြောက်ဘက်ကမ်းတွင် ငါးတွေ ပို၍များကြောင်း တွေ့လိုက်ရသဖြင့် သူတို့တွေ ဝမ်းမြောက်ဝမ်းသာ ဖြစ်ကြရသည်။

မြောက်ဘက်ကမ်းမှ ကျောက်များသည် ကျောက်သွေးတောင်ခြေမှ ကျောက်များနှင့် မတူကြောင်းကိုလည်း သူတို့ သတိပြုမိကြသည်။ ကျောက်သွေးတောင်ခြေမှ ကျောက်များမှာ အနက်ရောင်ကျောက်များသာရှိပြီး မြောက်ဘက်ကမ်းမှ ကျောက်များမှာ အစိမ်းရောင်ကျောက်များ ရောနှောပါဝင်နေကြောင်း သတိပြုမိကြသည်။

"နန္ဒ. . ဒီမှာကြည့်ပါဦး၊ ဒီကျောက်က ရေညှိတက်လို့ စိမ်းတာလား၊ ဒါမှမဟုတ်ရင် ပင်ကိုစိမ်းတာလား၊ နားမလည်နိုင်အောင် ဖြစ်ရတယ်"

ကျော်စွာက အစိမ်းရောင်အကွက်ကြီးများပါသော ကျောက်တုံးကြီးအား ကိုင်တွယ်၍ ကြည့်ရင်းပြောသည်။

"မခက်ပါဘူး ကျော်စွာရယ်၊ သေချာသိချင်ရင် အဲဒီကျောက်တုံးကို ရိုက်ခွဲကြည့်ပေါ့"

"ဘာဆိုင်လို့လဲကွာ"

"ဆိုင်မှဆိုင်ပေါ့ ကျော်စွာရယ်၊ မင်းထင်သလို ရေညှိတက်တဲ့ကျောက်ဆိုရင် ကျောက်အတွင်းမှာ ရေညှိစိမ်းတွေ မဝင်မှာ သေချာတယ် ငါ့လူရဲ့"

ကျော်စွာ ဘာမှပြန်ပြောမနေတော့ပါ။ ကျောက်တုံးကြီးအား ကိုင်မြှောက်၍ အခြားကျောက်တုံးတစ်တုံးပေါ်သို့ ထုချလိုက်တော့သည်။ မကွဲပါ၊ လုံးဝမကွဲပါ။ တစ်ခါ နှစ်ခါ သုံးခါ ကိုင်မြှောက်ပေါက်ချသည်။

"ဘာကျောက်မို့ ဒီလောက်မာရတာလဲ၊ ပေးစမ်း ငါ ကြည့်မယ်"

ဟု နန္ဒ ပြောပြောဆိုဆိုပင် ကျော်စွာလက်မှ ကျောက်တုံးကြီးအား မ,ယူကြည့်သည်။

"အမယ် တယ်လေးပါလား၊ ကျောက်ချင်းအတူတူ သူက ပိုလေးတယ် ကျော်စွာရဲ့၊ ဒါကြောင့် ပိုပြီးမာတာဖြစ်မယ်၊ ကိုင်း ဒီတစ်ခါ ငါ့အလှည့်ပေါ့ကွာ"

ဟု ဆိုကာ နန္ဒသည် ကျောက်တုံးကြီး မ,၍ အားကုန်ထုခွဲတော့သည်။

အချိန်အတော်ကြာအောင် ထုခွဲမှ ကျောက်တုံးကြီးမှာ မနေသာ၍ 'ဖြန်း' ဟု အသံပေးကာ နှစ်ခြမ်းကွဲသွားတော့သည်။

ကျော်စွာနှင့် နန္ဒတို့ ကျောက်ခွဲခြမ်းများရှိရာ ပြေး၍ကြည့်ကြသည်။ ကျောက်မှာ မျက်နှာပြင် တစ်ခုလုံးစိမ်းနေသဖြင့် အံ့သြကြရသည်။

"ကျော်စွာ ဒီကျောက်ဟာ သာမန်ကျောက် မဟုတ်တာ သေချာတယ်။ ဒီတော့ မင်းတစ်ခြမ်းယူခဲ့ ငါတစ်ခြမ်းယူခဲ့မယ်၊ ကျောက်သွေးဂူရောက်မှ ဘဘသုခကို ပြကြည့်ကြတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com

ကျော်စွာနှင့် နန္ဒတို့ ဂူအတွင်း ရောက်သွားချိန် သုန္ဒရလည်း ပြန်ရောက်နေသဖြင့် ဆီးကြို၍ ဆူပူတော့သည်။

"ဘဘအနားမှာ နေကြပါလို့ ငါ မှာခဲ့တယ်၊ ဒါကို မင်းတို့က နားမထောင်ဘဲ ဘယ်တွေသွားနေကြတာလဲ"

"ဟို. . ဟိုဘက်ကမ်း မရောက်ဖူးလို့ သွားကြည့်ကြတာပါ ဦးဦးသုန်"

"မြစ်ကူးချောင်းခြား လူကြီးသူမ မပါရင် မသွားရဘူး၊ မင်းတို့ လုပ်ပုံနဲ့ ဘယ်နေ့ ရေနစ်သေမလဲ၊ ပခုံးပေါ်က ဘာတွေထမ်းလာကြတာလဲ၊ ပြစမ်း ကြည့်ရအောင်"

ဟု သုန္ဒရက ဆိုသဖြင့် ကျော်စွာနှင့် နန္ဒ မရဲတရဲ ချ၍ပြရသည်။

"ဘဘသုခ လာကြည့်ပါဦး ထူးတော့ထူးတယ်ဗျ၊ ဒီကျောက်သားရဲ့ အတွင်းပိုင်းအရောင်ဟာ သရက်ကင်းလိုအရောင်မျိုး ဖြစ်နေတယ်"

"ဦးသုန် နေရောင်မှာချပြီး လက်နဲ့ကာကြည့်ပါလား၊ အတွင်းမှာ အရည်တွေလဲ့နေတာ တွေ့ရတယ်"

ဟု ကျော်စွာက ပြောသည်။ သုန္ဒရ ကျောက်ခြမ်းကြီးမ,၍ နေရောင်ရှိရာ သွားကြည့်ပြန်သည်။

"ဟုတ်တယ် အဘသုခ၊ ဒီမှာ လာကြည့်ပါဦး၊ အတွင်းက အရည်တွေလဲ့ပြီး အပြင်ထွက်ကျလာတော့မလိုတောင် ထင်ရတယ်"

ဘဘသုခမှာလည်း မနေသာ၍ သုန္ဒရအနီးတွင် ဝင်ရောက်ထိုင်ပြီးကြည့်သည်။ ဟုတ်ပေသည်။ အမှောင်မှာ ထားစဉ်က အစိမ်းရောင်ကျောက်ဟုသာ ဆိုနိုင်ပြီး အလင်းရောင်မှာ လက်နှင့်ကာကြည့်မှ အစိမ်းတွင် အဝါရောင်သမ်းနေမှန်း သိသာတော့သည်။ ဥပမာပြရလျှင် သစ်ရွက်ကို နေရောင်မှာ ထောင်ကြည့်သည့်အခါ အဝါရောင်ကို တွေ့ရသလို ဖြစ်သည်။

"ဒါဟာ စိန့်တိုင်းသားတွေ ဘုရားလို ကိုးကွယ်ကြတဲ့ ရတနာကျောက်စိမ်းပေါ့၊ ဒီဒေသမှာ ဒီလို ရတနာကျောက်စိမ်းတွေ ထွက်မှန်း စိန့်တိုင်းသားတွေ သိသွားရင်. . "

ဟု ဆိုကာ ဘဘသုခ စကားမဆက်နိုင် ဖြစ်နေသည်။

"ဘဘ. . ဒီနေရာကို စိန့်တိုင်းသားတွေ သိသွားရင် ဘာတွေဖြစ်လာမလဲ"

"ရတနာကျောက်စိမ်းအတွက် နယ်မြေပိုင်ဆိုင်မှု စစ်ပွဲကြီးတွေအထိ ဖြစ်လာနိုင်တယ်၊ စစ်ဖြစ်ရင် လူတွေသေမယ်၊ ကံမကောင်း အကြောင်းမလှရင် မင်းတို့ ငါတို့လို တိုင်းပြည်ပါ ပျောက်သွားနိုင်တယ်"

"ဒါဆို ဒီကျောက်စိမ်းနေရာကို စိန့်တိုင်းသားတွေ သိလို့မဖြစ်ဘူးပေါ့"

"အေး. . ဟုတ်တယ်၊ စိန့်တိုင်းသားတွေ သိလို့မဖြစ်သလို တိဘက်တွေလည်း သိလို့မဖြစ်ဘူး၊ တိဘက်တွေဟာ နယ်တကာလှည့်လည်ပြီး စီးပွားရှာနေသူတွေ ဖြစ်တယ်၊ ဒီကျောက်စိမ်းကို တိဘက်တွေ ရသွားရင် စိန့်တိုင်းသားတွေ လက်ရောင်းစားကြမှာ သေချာတယ်၊ စိန့်တိုင်းသားတွေလက် ရောက်ပြီဆိုတာနဲ့ ဘယ်ကရသလဲဆိုတာ ခြေရာခံလိုက်ကြတော့မှာ"

"ဒါဆို ဒီကျောက်စိမ်းနှစ်ခြမ်း ဥရုမြစ်ထဲ ပစ်ချလိုက်ရတော့မှာလား"

ဟု သုန္ဒရက မေးလိုက်သည်။

"ရေထဲတော့ ပစ်မချလိုက်ပါနဲ့ ဦးသုန်ရယ်၊ သားတို့မှာ ဒီကျောက်စိမ်းတုံးကြီးကို မနည်းခဲ့လာရတာ"

ဟု နန္ဒကလည်း တောင်းပန်သည်။

"ဟုတ်ပါတယ်ဗျာ၊ ရေမှာတော့ မချပါရစေနဲ့၊ ဘဘသုခ သားကို ဒီကျောက်စိမ်းတုံးနဲ့ မယ်တော်ပုံတူ ထုပေးပါ၊ သားမယ်မယ်ကို လွမ်းတဲ့အခါ အလွမ်းပြေ ကြည့်ချင်လို့ပါ"

ဟု ကျော်စွာက ဘဘသုခ လက်ကိုဆွဲ၍ ပူဆာပြန်သည်။

"ဟာ ဒါဆို သားကိုလည်း မာယာဒေဝီမင်းသမီးလေးရဲ့ ပုံတူ ထုပေးပါလား"

ဟု နန္ဒကလည်း ခိုင်းပြန်သည်။

ဘဘသုခ မငြင်းဆန်ပါ။ သူလက်ရာကို လူငယ်များ မြင်စေချင်သည်။

ဘဘသုခ ကပိလမှ သယ်ယူလာသော စူး၊ ဆောက်၊ တံစဉ်းများ ထုတ်၍ ကျောက်စိမ်းတုံးအနီးမှာ ချလိုက်သည်။ ကျောက်စိမ်းမှာ



www.burmeseclassic.com

www.burmeseclassic.com

တစ်ခြမ်းစီ ခွဲထားသဖြင့် ကုန်းလိပ်ကြီး ဝပ်နေသည်နှင့် တူတော့၏။ ဘဘသုခ ပုံကြမ်းလျာကြည့်သည်။

ကျောက်စိမ်း၏ ပြင်ညီဘက်ကို နောက်ကျော၊ အခုံးဘက်ကို ရှေ့မျက်နှာထား ပုံကြမ်းလျာသည်။ လျာကြည့်ပြီးသည်နှင့် ရှားနှစ်တိုလက်ရိုက်နှင့် ဆောက်ကြမ်းကိုင်ကာ တစ်ချက် နှစ်ချက် ရိုက်ကြည့်သည်။

ကျောက်တကာတို့၏ ဘုရင်ဖြစ်သော ကျောက်စိမ်းကို ဘဘသုခ၏ ဆောက်ကမတိုးနိုင်ပေ။ အဖျားမှ လိပ်ခွေ၍သွားတော့သည်။

"ဆေးသားတင်မှရမယ်၊ မင်းတို့ မီးသွေးခဲ စုထားနှင့်ကြ ဘဘတောင်ပေါ်တက်ပြီး ဝါးပိုးဝါး ခုတ်လိုက်ဦးမယ်"

ဟု ဆိုကာ ဘဘသုခ တောင်ပေါ်သို့ တက်သွားသည်။

ကျော်စွာနှင့် နန္ဒတို့လည်း မီးသွေးခဲများ ရအောင်ရှာကြရသည်။ သူတို့နှစ်ဦး မီးသွေးများထမ်း၍ ပြန်လာသည်နှင့် ဘဘသုခလက်တွင်းမှာ ဝါးပိုးဖြင့် ပြုလုပ်ထားသော ဖော်ဂျီဖိုကြီးဆွဲ၍ တောင်ပေါ်မှ ဆင်းလာသည်။

ဘဘသုခသည် ဖော်ဂျီဖိုကြီး ပြင်ဆင်ပြီးသည်နှင့် ဆောက်သွားယူကာ မီးမှာထည့်၍ အသွားဖော်သည်။ ထို့နောက် အအေးခံကာ ထက်အောင်သွေးပြီးမှ မီးပြန်ဖုတ်သည်။ ဆောက်သွားအဖျားပိုင်း နီနီရဲရဲဖြစ်လာမှ ယူ၍ရေသို့ ရှဲကနဲချသည်။ ရေသို့ချရာတွင် တကယ့်ကိုပင် အဖျားပိုင်းလေးကိုသာ ပထမချသည်။ နောက် တစ်လက်မခန့် ချပြန်သည်။ နောက် လက်နှစ်သစ်၊ သုံးသစ်ချပြီးမှ အားလုံးနှစ်ချလိုက်သည်။

ဆောက်ပြင်ပြီးသည်နှင့် ဘဘသုခ ကျောက်စိမ်းအနီးမှာ ထိုင်၍ ထုဆစ်ပြန်သည်။ ထုဆစ်ရာတွင် လောဘကြီး၍ မရပေ။ စိတ်ရှည်လက်ရှည် စိမ်ပြေနပြေ ထုဆစ်သည်။ တစ်နေ့သာ ကုန်သွားသော်လည်း ဘာပုံမှတော့ ထွက်မလာသေးပေ။

ဘာပုံမှ ပေါ်မလာသေးသော်လည်း ဘဘသုခ အရှုံးမရှိပါ။ ကျောက်စိမ်း ကျောက်ရိုင်း ခွဲခြား၍ ကြည့်တတ်လာသည်။ ကျောက်ရိုင်းသည် ပြင်ပမှာ အခွံမပါ။ ကျောက်စိမ်းမှာတော့ အပေါ်ဆုံးလွှာမှာ အခွံဖုံးအုပ်ထားသည်ကို တွေ့ရသည်။ အခွံမှာလည်း ကျောက်စိမ်း သန္ဓေတည်ရာ မြေအနေအထားလိုက်၍ ခွံဝါ၊ ခွံနီ၊ ခွံမွဲ၊ ခွံမည်းဟု ကွဲပြားနေသည်။

နေ့စဉ် ကျော်စွာနှင့် နန္ဒတို့ ရှာဖွေလာသော ကျောက်စိမ်းများကို ကြည့်ခြင်းအားဖြင့် ကျောက်စိမ်းဆိုတိုင်း စိမ်းနေသည် မဟုတ်ဟု သိရသည်။ အချို့ကျောက်စိမ်းသည် လုံးဝအစိမ်းရောင် မတွေ့ရပေ။ အချို့မှာ အစိမ်းရောင် မတွေ့ရသော်လည်း အသားမှာ ဖန်ရောင်မှန်ရောင်ပေါက်၍ ကြည်လင်နေသည်ကို တွေ့ရသည်။ အချို့မှာ တစ်လုံးလုံး စိမ်း၍နေသော်လည်း အသားမှာ မွဲခြောက်ခြောက် ဖြစ်နေသည်။ နေရောင်မှာ ကြည့်သော်လည်း အလင်းရောင်မရှိ ဖြစ်နေသည်။ ကျောက်သားမှာလည်း ပွရှုံးရှုံးနေသည်။ ထို့ထက် အသေးစိတ်လေ့လာသောအခါ သဲမှုန်လေးများ ပမာ အခွံမှာ တွေ့ရခြင်း၊ အချို့မှာ ရှည်မျောမျောလည်း တွေ့ရသည်။ အချို့အလုံးများတွင် အတွင်းမှ အသားများလျှံ၍ တက်နေသလို တွေ့ရသည်။ ထိုသို့တွေ့သောအလုံးကို ရိုက်ခွဲကြည့်သောအခါ ကြည်လင်သောအသားကို တွေ့ရသည်။

"ဘဘ ကျောက်တွေ တစ်လုံးပြီး တစ်လုံး ခွဲကြည့်နေတာနဲ့ သားတို့အရုပ်တွေ ဘယ်တော့လုပ်မှာလဲ"

ဟု နန္ဒက မေးသည်။

"ပြီးတော့မှာပါ ကလေးတို့ရယ် နောက်လပြည့်လောက်ဆိုရင် ပြီးပါပြီ"

ဟု ဘဘသုခက ဖြေသည်။

ထိုအခိုက် ကျောက်သွေးတောင်ဂူအနီးသို့ မြင်းနှစ်ကောင် လာနေသည်ကို တွေ့ကြသဖြင့်. . .

"ဟိုမှာ ဘယ်သူတွေလဲ မသိဘူး"

ဟု နန္ဒက ပြောလိုက်သည်။

"အဲဒါ အစ်ကို သုဇိလနဲ့ မမမာယာ မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com

"ဘဘသုခ ကျန်းမာတယ်နော်"

ဟု သုဇိလက နှုတ်ခွန်းဆက်စကား ဆိုလိုက်သည်။

"အမောင်တို့ ပို့သသောမေတ္တာကြောင့် ကျန်းမာပါရဲ့ကွယ်"

ဟု ဘဘသုခ ပြန်၍ဖြေသည်။

"အစ်ကိုသုဇိလ. . နောက်နေ့ဆိုသားတို့ မြင်းကျောင်းပေးမယ်နော်"

ဟု နန္ဒပြောလိုက်လျှင် သုဇိလက **နန္ဒ၏** ဦးခေါင်းအား လက်နှင့် **အသာကိုင်၍. . .**

"ဘာလဲ မင်းက မြင်းကျောင်းမှာလား၊ မြင်းစီးမှာလား"

"နှစ်ခုလုံးပေါ့ အစ်ကိုကြီးရဲ့၊ ဟဲ. . ဟဲ. . ဟဲ. ."

"ကလေးမ မာယာ. . . ဒီကိုလာလေ ဘာဖြစ်လာကြတာလဲ၊ မျက်နှာလည်း မကောင်းပါလားကွယ်"

ဟု ဘဘသုခ ပြောလိုက်ပါမှ မာယာဒေဝီ ပြေးလာပြီး ဘဘသုခအား ဖက်၍ငိုတော့သည်။

ညပိုင်း လူစုံသည်နှင့် မာယာဒေဝီက သူမ၏ အဖြစ်သနစ် ဇာတ်စုံခင်းပြသည်။ ကြားရသူအပေါင်းက မာယာဒေဝီအား သနားကြသည်။ ဓရာဇာအပေါ်လည်း အငြိုးအတေးထား၍ 'တွေ့မှသိမယ်' ဟု ဆိုကြသည်။ သို့သော် ကံတရားဟူသည် မြင်နိုင်သောအရာ မဟုတ်ပါပေ။

□

**မာယာဒေဝီသည် သူမ၏ မြင်းဖြူကြီးအား စီးနင်း၍** ကျောက်သွေးဂူမှ ထွက်ခဲ့သည်။ အမြဲ သူမ၏နောက်မှ အရိပ်လိုကပ်ပါတတ်သော သုဇိလပင် မာယာဒေဝီ ထွက်လာသည်ကို မသိလိုက်ပေ။ နွေအခါဖြစ်၍ ဝေခါချောင်းရေသည်လည်း ဒူးခေါင်းခန့်သာ ရှိနေသည်။ မာယာဒေဝီသည် ဝေခါချောင်း ကူးပြီးသည်နှင့် ကျောက်ဂူ၏အရှေ့ဘက် တောင်တန်းများဆီသို့ ခရီးနှင်ခဲ့သည်။

သုဇိလများ နောက်မှပါလာလေမလားဟု သမင်လည်ပြန်ကြည့်သည်။ သုဇိလ ပါမလာသဖြင့် မြင်းကို ပုံမှန်အနေထားဖြင့်စီးသည်။ ခရီးအတော်ပေါက်သည်နှင့် ဂူကြီးတစ်ဂူတွေ့သည်။ မာယာဒေဝီ မြင်းပေါ်မှဆင်း၍ ဂူအတွင်း ဝင်ကြည့်သည်။

ဂူသည် အကွေ့အကောက်များသော ဝက်ပါဂူကြီးမှန်း သိရသည်နှင့် မာယာဒေဝီ အပြင်သို့ပြန်ထွက်ကာ မီးသွေးခဲရှာသည်။ မီးသွေးခဲတွေ့သည်နှင့် သုံးလေးခဲကောက်ယူကာ ဂူတွင်းသို့ ပြန်၍ဝင်သည်။

မာယာဒေဝီသည် မိမိသွားလေရာ ဝင်ပေါက်များအား မီးသွေးခဲဖြင့် အမှတ်အသားပြု၍ ဝင်သည်။ ထိုသို့ အမှတ်သင်္ကေတ ပြုမထားပါက အပြန်လမ်းတွင် မျက်စိလည် လမ်းများနိုင်သည်။

မာယာဒေဝီ အတွင်းပိုင်း ရောက်လာသည်နှင့် အလင်းရောင်ပို၍ရရှိလာသည်ကို သတိထားမိသည်။ အလင်းအားကောင်းလာလေလေ ဂူမှာလည်း အောက်သို့ အဆင်းလမ်းများ ပို၍များလာလေလေဖြစ်သည်။

မာယာဒေဝီ ဆက်၍ဆင်းလာခဲ့ရာ ရေစီးသံ ကြားလာရသည်။ ရေစီးသံသည် ကြမ်းတမ်းခက်ထန်လာသည်နှင့် မာယာဒေဝီ သတိပြုလိုက်ရာ ပေ(၃၀) ပတ်လည်ခန့်ကျယ်သော ဂူကြီးကို တွေ့လိုက်ရသည်။ ဂူသည် ကျောက်ခက် ကျောက်ပန်းများ အတွဲအရွဲ ကျနေသည်။ ထိုကျောက်ခက်ပန်းဆွဲများမှာ ရွှေပိန်းချထားသော ပန်းခက်များနှင့် တူသဖြင့် မာယာဒေဝီ ခြေဖျားထောက်၍ ကိုင်ကြည့်သည်။

ထိုအခါမှ ကျောက်ခက်ကျောက်ပန်းများ မဟုတ်၊ ကိုင်လိုက်လျှင် အိ၍ဝင်သွားသော ရွှေသားအစစ်ဖြစ်နေလေတော့သည်။ ထိုဂူကြီး၏ အလယ်တွင် ကြည်လင်အေးမြသော ချောင်းတစ်ခု ဖြတ်၍စီးဆင်းနေသည်။ အခိုးအငွေ့များ ထွက်၍နေသဖြင့် မာယာဒေဝီ ရေစပ်မှာထိုင်၍ ရေကိုကိုင်ကြည့်သည်။

ရေမှာ အေးမြလှပေသည်။ ထိုချောင်း၏ တစ်ဖက်ကမ်းတွင် တစ်ယောက်အိပ် သလွန်တော်ကြီး



www.burmeseclassic.com

www.burmeseclassic.com

တစ်ခု တွေ့ရသည်။ ထိုသလွန်တော်၏ ခေါင်းရင်းတွင် ရွှေစေတီတစ်ဆူကို တွေ့ရသည်။

မာယာဒေဝီ ချောင်းကိုဖြတ်၍ ကူးကာ သလွန်တော်သို့ အရောက်သွားသည်။ သလွန်တော်အနီးသို့ ရောက်လျှင် ခြေစုံရပ်လျက် သလွန်တော်ကို လက်နှင့် ကိုင်ကြည့်သည်။ ရွှေအစစ် သလွန်တော် ဖြစ်သည်ကို တွေ့ရသည်။ မာယာဒေဝီသည် သလွန်ပေါ်တက်၍ထိုင်သည်။ အိပ်၍ ဝင်မသွားပါ။ သလွန်တော်ရွှေမှာ မာကျော၍နေသည်ကို တွေ့ရသည်။ ထို့ကြောင့်ပင် မာယာဒေဝီ သလွန်ပေါ်သို့ လှဲချလိုက်တော့သည်။ မာယာဒေဝီ ကပိလနေပြည်တော်မှာ နေခဲ့စဉ်က မှန်စီရွှေချ သလွန်တော်ပေါ်မှာ ဖဲမွေ့ရာခင်း၍ အိပ်စက်ခဲ့ဖူးပါ၏။ ယခုလို ရွှေသားအစစ် သလွန်တော်ကိုဖြင့် မတွေ့ဘူးခဲ့ပေ။

မာယာဒေဝီဘဝသည် ဓဇဆုဇ စွန့်ပစ်သော်လည်း ယခုတော့ ရွှေသားအစစ် သလွန်တော်ပေါ်မှာ အိပ်စက်ခွင့်ရ၍ ဝမ်းသာပီတိ ဖြစ်ရသည်။ မာယာဒေဝီ၏ဘဝမှာ ရည်းစား စွန့်ပစ်ကာမှ ရွှေတောင်ကြီးအနီး ရွှေသလွန်တော်ကြီးကိုပါ ပိုင်ဆိုင်ရတော့သည်။ အာဏာမရှိသော်လည်း လောကတွင် စည်းစိမ်ပြည့်စုံပါက အရာအားလုံး ပြည့်စုံသည်။ အခက်အခဲ မှန်သမျှ မာယာဒေဝီ ရွှေနှင့် ဖြေရှင်းရင်ရမည်ဟုတွေးရင်း သလွန်တော်ပေါ်မှာ အိပ်ပျော်သွားတော့၏။

□

ကျောက်သွေးဂူကြီးအတွင်းမှ ဘသုခသည် သူထုဆစ်ထားသော ကျောက်စိမ်းပန်းပုရုပ်ကလေးနှစ်ခုအား ဝါးနှင့်တိုက်၍ အရောင်တင်ပေးနေသည်။

"ဘဘ ဘယ်ဟာက သားမယ်မယ်ပုံတူလဲ၊ ပန်းပုရုပ်လေးတွေက နှစ်ခုလုံးလှနေတော့ သားဖြင့် မခွဲခြားတတ်တော့ဘူး"

"ဟုတ်တယ် ဘဘ၊ သားလည်း ဘယ်ဟာ မာယာဒေဝီ ပန်းပုရုပ်မှန်း မသိတော့ဘူး၊ ပန်းပုရုပ်နှစ်ခုက အမြွှာညီအစ်မလို ဖြစ်နေတယ်"

ဟု နန္ဒကပါ ဝင်၍ မေးပြန်သည်။

"မှန်တယ် သားတို့ရဲ့၊ တို့သာကီအမျိုးသမီးတွေဟာ အချိုးအဆစ်သိပ်ကျတာ၊ ဒါကြောင့် ပန်းပုထုဆစ်ရာမှာ တစ်ခုနဲ့ တစ်ခု ဝေခွဲရခက်တယ်၊ မောင်ကျော်စွာရဲ့ မယ်မယ်ဟာလည်း အပျိုတော်ဘဝ ကပိလ ရွှေနန်းမှာ အချောအလှ နာမည်ကြီးမင်းသမီးတစ်ပါးဖြစ်တယ်။ သူ့ရဲ့ မျက်နှာတော် ကိုယ်နေဟန်ထားအားလုံး မာယာဒေဝီနဲ့ ဘာမှမခြားဘူး၊ ဒါကြောင့် ဒီရုပ်တုနှစ်ခုဟာ အမြွှာညီအစ်မလို ဖြစ်သွားတာပေါ့"

"ဒါဆို သားရဲ့ပန်းပုရုပ်တုနဲ့ ကျော်စွာပန်းပုရုပ်တု ဘယ်လိုခွဲခြားသိတော့မှာလဲ"

ဟု နန္ဒက ပြောသည်။

"မခက်ပါဘူးကွယ်၊ အမှန်တော့ မောင်ကျော်စွာရဲ့ မိခင်မယ်တော်ကြီးရဲ့ပါးမှာ စံပယ်တင်မှဲ့ကြီးပါတယ်၊ ဒီတော့ . . စံပယ်တင်မှဲ့ပါတဲ့ ပန်းပုရုပ်ဟာ မောင်ကျော်စွာ့ဟာပေါ့"

ဘသုခသည် ဆူးတစ်ချောင်းယူ၍ စံပယ်တင်မှဲ့နေရာကို အရာပေးသည်။ ကျောက်သားမှာ မာကျောလှသဖြင့် အချိန်အတော်ကြာအောင် ပြုလုပ်ရသည်။ လိုချင်သော အတိုင်းအတာရမှ ထိုနေရာကို သစ်စေးအစက်ကလေး ချလိုက်သည်နှင့် စံပယ်တင်မှဲ့ကလေး ဖြစ်လာတော့သည်။

သူတို့ ပြုလုပ်နေကြသည်ကို မာယာဒေဝီ ခေတ္တရပ်၍ ကြည့်သည်။ စိတ်မပါသလိုလိုနှင့် သူမ၏ အိပ်ရာထက်တွင် လှဲနေလိုက်သည်။

မကြာမီ သုဇိလ ရောက်လာပြီး ပန်းပုရုပ်ကလေးနှစ်ခုကို ကိုင်တွယ်ကြည့်သည်။

"လှလိုက်တာ၊ ဒါ ဘကျောက်ကို ထုဆစ်ထားတာလဲ ဘဘ"

ဟု မေးသည်။

"ဒါ ကျောက်စိမ်းပန်းပုရုပ်ပေါ့၊ သုဇိလရဲ့၊ အရှားပါးဆုံး ရတနာတစ်မျိုး ဆိုပါတော့"



www.burmeseclassic.com

www.burmeseclassic.com

ဟု ဘသုခက ရှင်းပြသည်။

သုဇိလမှာ လှတယ်ဆိုတာက လွဲ၍ ဘာမှမဝေဖန်တတ်ပါ။ မည်၍ မည်မျှ တန်ဖိုးကြီးမည်ဟုလည်း မခန့်မှန်းတတ်ပါ။ ထို့ကြောင့် ထိုင်ရာမှထ၍ မာယာဒေဝီ ရှိရာသို့ လှမ်းလာခဲ့သည်။ သို့သော် မာယာဒေဝီက သူမ၏ အိပ်ရာတွင် ရှိမနေ။ သုဇိလ ဂူပြင်ထွက်၍ရှာသည် မတွေ့။ မာယာဒေဝီတစ်ယောက် ခုတလော သုဇိလ မသိအောင် ဘာတွေလုပ်နေသည် မသိရသဖြင့် ပို၍ တွေ့လိုစိတ်က စေ့ဆော်နေသည်။

မြင်းလည်းမရှိ လူလည်း မတွေ့ရသဖြင့် သုဇိလ မြင်းပေါ်တက်၍ မာယာဒေဝီ ရှာပုံတော် ဖွင့်ရသည်။ ကျောက်သွေးဂူကြီး၏ တောင်ဘက် သွားပါက သစ်ဆိမ့်တောကြီးရှိသည်။ ထိုသစ်ဆိမ့်တောတွင် သုန္ဒရတို့လူစု သစ်ဆိမ့်သီးများ ခူး၍ သစ်ဆိမ့်ဆီ ထုတ်နေကြသည်ကို တွေ့ရသည်။

"သုဇိလ မြင်းကြီးစီးလို့ ဘယ်သွားမှာလဲ"

ဟု သုန္ဒရက မေးသည်။

"ခုတစ်လော မာယာဒေဝီ ပျောက်ပျောက်သွားလို့ လိုက်ရှာနေတာ"

"လွှတ်ထားလိုက်ပါ သုဇိလရယ်၊ မာယာဒေဝီက စိတ်နဲ့ကိုယ် ကပ်တာ မဟုတ်ဘူး၊ သူမ ဒီလိုဖြစ်ရတာဟာ ဇဗရာဇာကြောင့် ဖြစ်ရတာ၊ မာယာဒေဝီ စိတ်ချမ်းသာသလို နေပါစေ"

သုန္ဒရပြောသည်မှာ မှန်၏။ မာယာဒေဝီသည် သူမချစ်သူ ဇဗရာဇာအတွက် မြို့တကာ ရွာတကာ လှည့်လည်၍ စည်းရုံးပေးခဲ့ပါလျက် ဇဗရာဇာ၏ မဆင်မခြင် ပြုမူမှုကြောင့် မာယာဒေဝီတစ်ယောက် သာကီတို့အလယ်တွင် မျက်နှာမဖော်ရဲအောင် ဖြစ်ခဲ့ရသည်။ မာယာဒေဝီသည် ငြိမ်၍နေမည့်သူ မဟုတ်။ တစ်နေ့ထ၍ ပေါက်ကွဲလာနိုင်သဖြင့် သုဇိလ မာယာဒေဝီ နောက် တကောက်ကောက် လိုက်နေရသည်။

သစ်ဆိမ့်တောမှထွက်၍ အရှေ့တောင်တန်းသို့ ရောက်သည်နှင့် မြောက်အရပ်ဆီသို့ ခရီးနှင်သည်။ ခရီးအတော် ပေါက်လာသည်နှင့် ကျောက်တောင်ကြီးတစ်လုံး အနီးတွင် မာယာဒေဝီ၏ မြင်းကြီးကို တွေ့လိုက်ရသည်။ မာယာဒေဝီ၏ မြင်းကြီးအနီးတွင် သုဇိလ မြင်းဇက်သတ်၍ရပ်သည်။

ဟိုဟိုဒီဒီ ကြည့်သော်လည်း မာယာဒေဝီ၏ အရိပ်အရောင်သော်မှ မမြင်ရပေ။ မြင်းပေါ်မှ ခုန်ဆင်း၍ ကျောက်တောင်ကြီးအနီးသို့ သွားရောက်ကြည့်ရာတွင် လူဝင်ပေါက် တစ်ခုကို တွေ့ရသည်။

သုဇိလ ဂူတွင်းသို့ ဝင်လိုက်သည်နှင့် လမ်းကွေ့များ၍ ဘယ်လမ်းသို့ လိုက်ရမည်မသိ ဖြစ်ရပြန်သည်။ ဂူနံရံများကို သေချာကြည့်မှ မီးသွေးဖြင့် မြားပြထားသည်ကို မြင်ရသည်။ သုဇိလ နံရံမှ မြားများကြည့်၍ဝင်သည်။ ထိုဂူမှာ အခြားသော လိုဏ်ဂူများလို လင်းနို့များ မတွေ့ရသဖြင့် အနံ့ဆိုးများလည်း မရှိပေ။ ဂူတွင်းလမ်းလေးသည် အောက်သို့ တဖြည်းဖြည်း ဆင်းသွားသည်ကို သတိထားမိသည်။

လမ်းကလေး အောက်သို့နိမ့်ဆင်းသွားသလို ရေစီးသံလည်း ကြားနေရသည်။ ရေစီးသံမှာ သတ္တဝါတစ်ကောင် ရေကူးနေသည့်အလား တစ်ချက် တစ်ချက် ထွက်ပေါ်၍လာသည်။ သုဇိလ ခြေသံကို လုံးဝမကြားရန် သတိထား၍ ရှေ့သို့ ဆက်လျှောက်သည်။

ကွေ့တစ်ခုလွန်သည်နှင့် ရွှေရောင်တောက်နေသော လိုဏ်ကြီး တစ်ခုကို တွေ့လိုက်ရသည်။ သုဇိလ လှမ်းလက်စ ခြေကို နောက်သို့ အသာဆုတ်၍ လိုဏ်ဂူကြီးကို ချော့လာကြည့်သည်။ ကျယ်ဝန်းသော လိုဏ်ဂူကြီး၏အပေါ်တွင် ချွန်ထက်သော ရွှေရောင်ပန်းဆွဲကြီးများ အတွဲအရွဲ ကျနေသည်။

ရှေ့လဆက်ရန်

မောင်ယဉ်မွန်(မောဝ်နေခြည်)



www.burmeseclassic.com

www.burmeseclassic.com

# ဘန်ကောက် – ကမ္ဘောဒီးယား ခရီးစဉ်မှတ်တမ်း

ဒေါ်ဝမ္မစာရီ (သမီးဇဂျင်အောင်စိုး)

ဘန်ကောက်မြို့မှ 'မြဘုရား' ဖူးချင်သည်မှာ ကြာပါပြီ။ အဖော်မရှိ၊ အဆက်အသွယ်မရသေးသောကြောင့် မသွားဖြစ်ခဲ့ပါ။ ယခု ကံအားလျော်စွာ အဖော်လည်းရ၊ အဆက်အသွယ်လည်းရသောကြောင့် ၂၁.၈.၁၆ မှ ၂၅.၈.၁၆ ထိ လေးညအိပ်၊ ငါးရက်ခရီး ဘန်ကောက်၊ ကမ္ဘောဒီးယား၊ အယုဒ္ဓယမြို့များသွားသော ခရီးစဉ်ကို သွားဖြစ်ခဲ့ပါသည်။

အဆက်အသွယ်ရသော ကုမ္ပဏီမှာ 'ရွှေဘုန်းပြည့်' ခရီးသွားဝန်ဆောင်မှုလုပ်ငန်းနှင့် ဖြစ်ပါသည်။ ဤကုမ္ပဏီ၏ ဖုန်းနံပါတ်ကို စာရေးသူတို့ သန်လျင်မြို့၊ မြဝတီကျောင်းတိုက်မှ ဒေါ်သေုထေရီ သီလရှင်ဆရာကြီးထံမှ ရရှိခဲ့ပါသည်။ ထိုဆရာကြီးမှာ ဤကုမ္ပဏီနှင့် ဗုဒ္ဓဂယာသို့ ဘုရားဖူးသွားခဲ့ရာ ကုမ္ပဏီကောင်းကြောင်းကို ပြောပြ ဖုန်းနှင့် ဆက်သွယ်ပြီး ကုမ္ပဏီသို့ ကိုယ်တိုင်သွားရောက်ကြကာ ဈေးနှုန်းနှင့် အစီအစဉ်များကို စုံစမ်းပြီး လိုက်ပါလာကြခြင်း ဖြစ်ပါသည်။

ဤကုမ္ပဏီသည် ခရီးစဉ်အတိုင်း မခိုမကပ်ဘဲ ပို့ပေးကာ ဈေးနှုန်းသက်သာခြင်း၊ နွေးထွေးစွာ ဆက်ဆံခြင်း တို့ကြောင့် ဘုရားဖူးသွားလိုကြသော ဓမ္မမိတ်ဆွေများ ပြည်တွင်းပြည်ပ သွားလာနိုင်ကြစေရန် သတင်းကောင်းပါး






www.burmeseclassic.com

www.burmeseclassic.com

အပ်ပါသည်။ စာရေးသူတို့သည် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ ထိုင်းနိုင်ငံ သုဝဏ္ဏဘူမိလေဆိပ်သို့ Mai လေကြောင်းလိုင်းဖြင့် နံနက် ၈း၄၀ နာရီတွင် ထွက်ခွာလာကာ ဘန်ကောက်မြို့သို့ ၁၀း၂၅ နာရီတွင် ရောက်ရှိပါသည်။ ဘန်ကောက်လေဆိပ်တွင် ကုမ္ပဏီမှ နေ့လယ်စာကျွေးပြီး လေဆိပ်မှ ထွက်ခွာလာကြပါသည်။ ကမ္ဘောဒီးယားနိုင်ငံ၏ ရှေးဟောင်းမြို့တော်ဖြစ်သော ဆီယမ်ရိမ်မြို့သို့ နှစ်နိုင်ငံနယ်စပ်မှတစ်ဆင့် ကားဖြင့်ထွက်ခွာလာကြပါသည်။ ညစာကို ကမ္ဘောဒီးယားနိုင်ငံ၏ နာမည်ကြီးစားသောက်ဆိုင်တွင် ကျွေးရာ လူများက Buffet Dinner ကို သုံးဆောင်ရပြီး လိုက်ပါလာကြသော ဆရာတော် ခြောက်ပါးနှင့် သီလရှင် နှစ်ပါးမှာ အအေးကို သောက်ရင်း Angkor ိုးရာ Apsara Dance Show ကို ကြည့်ရပါသည်။

ညစာစားကြပြီးနောက် အကောင်းဆုံးဟိုတယ်တစ်ခုဖြစ်သော Starry Angkor Hotel တွင် အနားယူအိပ်စက်ကြပါသည်။ နံနက် ၇ နာရီတွင် နံနက်စာစားပြီး ကမ္ဘောဒီးယားနိုင်ငံတွင် ကမ္ဘာ့အံ့ဖွယ်တစ်ခုဖြစ်သော ဗိသုကာလက်ရာများဖြင့် ခံ့ညားလှသည့် Angkor Wat ဘုရားကျောင်းကြီးသို့ သွားရောက်ကြည့်ရှု လေ့လာကြပါသည်။ ဤဘုရားကျောင်းကြီးတွင် ဓာတ်ပုံအမှတ်တရ ိုက်ရမည့် နေရာများ များပြားသောကြောင့် ဘုရားကျောင်းတစ်မုလုံးပါသော အုပ်စုအမှတ်တရ ဓာတ်ပုံတစ်ပုံကိုသာ ိုက်ကူးထားပါသည်။ ဤပုံတွင်ပါဝင်သော လူများတွင် ဒကာကြီးတစ်ဦးဘေးတွင် စာရေးသူ၊ စာရေးသူဘေးတွင် အတူပါ ဒေါ်နန္ဒထွေးရီ ဒေါ်နန္ဒဘေးတွင် ဒကာမကြီး ဒေါ်ခင်သန်းဌေးတို့ ဖြစ်ပါသည်။ ထိုင်နေကြသူများထဲတွင် အင်္ကျီအဖြူ မျက်မှန်အနက် တပ်ထားသော မိန်းကလေးမှာ ကုမ္ပဏီမှ guide ဒေါ်ခက်ရီလိုင် ဖြစ်ပါသည်။ အားလုံးက သဘောကောင်းသော ခက်ရီလိုင်ကို ခက်ခက်ဟုသာ ရင်းနှီးစွာဖြင့် ခေါ်ကြပါသည်။ 'ရွှေဘုန်းပြည့်'ကုမ္ပဏီမှ ဝန်ထမ်းအားလုံးမှာ သဘောကောင်းကြပါသည်။ ၎င်းကုမ္ပဏီမှ ဒါ်ိုက်တာတစ်ဦးဖြစ်သော ဒေါ်ဝါဝါခိုင်မှာလည်း သဘောကောင်းပါသည်။ စကားပြောလျှင် 'ဝါဝါ'ဟု မိမိကိုယ်ကို ထည့်ပြောပြီး မေးမြန်းသမျှကို စိတ်ရှည်စွာဖြင့် ရှင်းလင်းပြသပါသည်။

Angkor Wat ဘုရားကျောင်းကို သွားရောက်ပြီး



**Bayon Temple ကို အဝေးမှမြင်ရပုံ**

နောက် ခမာတို့၏ နောက်ဆုံးမြို့တော်ဖြစ်သော Sou Gate of Angkor Thom အရုပ်လေးမျက်နှာသို့ မျက်နှာမူထားသည့် ပိတုများဖြင့် တည်ဆောက်ထားသော ခံ့ညား ထည်ဝါလှသည့် ကျောင်းတော်ကြီးဖြစ်သော Bayon Temple၊ ခရစ်နှစ် ၁၁၈၆ ခုနှစ်တွင် Jayavarman VII တည်ထားခဲ့သော နှစ်ပေါင်းများစွာ စွန့်ပစ်ထား ကြောင့် သစ်ပင်ကြီးများ ဝါးမျိုခြင်းကို ခံထားရသော ကျောင်းတော်ကြီးဖြစ်သည့် Taprohm Temple တို့အား သွားရောက်လေ့လာကြပါသည်။ ညစာကို ကမ္ဘောဒီးယ အစားအစာများဖြင့် လူများကို ဧည့်ခံပြီး စာရေးသူတို့ အအေးသောက်ကြပါသည်။ ထို့နောက် ညဈေးကြီး လိုက်ပို့ပါသည်။ ဟိုတယ်တွင် ညဘက် ပြန်အိပ်ကြပါသည်။

နံနက် ၇ နာရီတွင် ပစ္စည်းများကို ကားပေါ်တင် နံနက်စာစားပြီး ကမ္ဘောဒီးယားနိုင်ငံ၊ ဆီယမ်ရိမ်မြို့ရှိ အ တောင်အာရှတွင် အကြီးဆုံး ရေကန်ကြီးဖြစ်သော တုံ ဆပ်ရေကန်သို့ သွားရောက်လည်ပတ်ကြပါသည်။ ထို ကန်ကြီးကို လှည့်လည်ကြည့်ရှုရန် စက်လှေဆိပ်သို့ ရော သောအခါ ဓာတ်ပုံများ ိုက်သောကြောင့် လူ



www.burmeseclassic.com

www.burmeseclassic.com

ိုက်ကူးသည်ဟု ထင်ကြပါသည်။ အပြန်၌ မိမိပုံကို စတစ်ကာဖြင့် ကပ်ထားပြီး ကြွေပန်းကန်ပြားပတ်လည်တွင် ုပ်တုပုံများ ဆေးိုက်ထားကာ အပေါ်တွင် Angkor Wat (Angkor Thom) စာသားများဖြင့် အမှတ်တရပုံများ ပြုလုပ်ထားကာ ပန်းကန်ပြားတစ်ချပ်လျှင် သုံးဒေါ်လာ (မြန်မာငွေသုံးထောင့်ခြောက်ရာကျပ်)ကျကာ မဝယ်မနေရ အတင်းရောင်းချကြပါသည်။ စာရေးသူလည်း ဝယ်ခဲ့ရပါသည်။ ပန်းကန်ပြားကို ထောင်ထားရန် ပလတ်စတစ် သုံးချောင်းထောက်တစ်ခု ပါပါသည်။ ကမေ့ာဒီးယားနိုင်ငံသည် ဖွံ့ဖြိုးတိုးတက်မှု နောင့်နှေးသည်ဆိုစေကာမူ နိုင်ငံခြားသားများထံမှ မိမိတို့ငွေရှာဖွေသည့် လုပ်ငန်းတစ်ခုကို လုပ်ကိုင်နိုင်ပါသည်။ စီးပွားရေးအမြင် ရှိပါသည်။ စာရေးသူတို့မြန်မာနိုင်ငံမှာ ဤကဲ့သို့ ငွေရှာဖွေခြင်းအသစ်အဆန်းတီထွင်မှုများ မရှိခဲ့ပါ။ ချီးကျူးစရာတစ်ခုပင် ဖြစ်ပါသည်။

လေှဆိပ်မှ လေှများတွင် မိမိငှားထားသော စက်လေှပေါ်သို့ အဖွဲ့လိုက် တက်ရောက်နေရာယူထိုင်ကြပြီး ရေကန်ကြီးအတွင်း လှည့်လည်ကြည့်ရှုလေ့လာကြပါသည်။ ရေကန်ကြီးသည် ပင်လယ်နီးနီး ကျယ်ဝန်းပါသည်။ ဤရေကန်ကြီးအတွင်းတွင် လူနေအိမ်များ၊ ဈေးဆိုင်များ၊ ကျောင်းများ၊ အဆောက်အဦအမြောက်အမြား တွေ့ရှိခဲ့ရပါသည်။



တုံလီဆပ်ရေကန်အတွင်း ရေပေါ်ရွာမှ စာသင်ကျောင်း

ဤအဆောက်အဦများကို ရေကန်ထဲတွင် တည်ဆောက်ထားပြီး ရေပေါ်ရွာ (floating village) ဟု ခေါ်ဆိုကြပါသည်။ ဆောက်လုပ်ထားပုံမှာ ရေထဲတွင် ရေစိုင်ကီများကို ချထားပြီး ၎င်းတို့ပေါ်တွင် သစ်သားပြား၊ ဇလီဖားတုံးများ တင်ချီထားကာ ပျဉ်များခင်းထားပါသည်။ ၎င်းနောက်လိုရာအဆောက်အဦပုံများကို ဆောက်လုပ်ကြပါသည်။

စက်လေှက ဈေးဆိုင်သို့ ကပ်ပေးပါသည်။ ရေပေါ်ရွာဈေးဆိုင်ကြီး ဖြစ်သည်။ ဤဆိုင်ကြီး၏အောက် ရေကန်ကြီးထဲတွင် မိကျောင်းများ မွေးထားကြပါသည်။ မိကျောင်းအစစ်သာမက မိကျောင်းုပ်များကိုပါ ပြထားပါသည်။ မိကျောင်းသားများ စားကြလားမသိပါ။ မိကျောင်းပေါပါသည်။ ဤဆိုင်မှ ပစ ည်းများကို ဘုရားဖူးအဖွဲ့မှ လက်ဆောင်ပေးရန် ဝယ်ကြပါသည်။ ဤဒေသတွင် ရောင်းချသော လူသုံးကုန်ပစ ည်းတစ်ခုမှာ ကြိုးပုခက်ကြီးများ ဖြစ်သည်။ ၎င်းတို့သည် ပုခက်ကြီးများပေါ်တွင် အိပ်ကြသည်ကို မြင်တွေ့ခဲ့ရပါသည်။ ဒကာမကြီး ဒေါ်ခင်သန်းရွှေကလည်း ပုခက်ကြီးတစ်ခု ဝယ် ဈေးမေးကြည့်ရာ ၁၀ ဒေါ်လာ (မြန်မာငွေ တစ်သောင်းနှစ်ထောင်ကျပ်) ဖြစ်သည်။ အလွန်ခိုင်ခံ့သော နိုင်လွန်ကြိုးများဖြင့် ရက်လုပ်ထ ားပြီး ကွင်းကြီးနှစ်ခု ပြုလုပ်ထားပါသည်။ လှပအောင် ဆေးခြယ်ထားပါသည်။ အခြားပစ ည်းများလည်း အစုံတွေ့ခဲ့ရပါသည်။

တုံလီဆပ်ရေကန်မှ ထွက်လာပြီးနောက် ပရာအမ်နှင့် ပရာချိတ် မယ်တော်နှစ်ပါး နတ်နန်းသို့ ပို့ပေးပါသည်။ မြို့ထဲသို့ ကားဖြင့်သွားပြီး ကားကို တစ်နေရာတွင် ရပ်ထားကာ မယ်တော်အား ဆက်ရန် ပန်းများ၊ အုန်းပွဲများ၊ ငှက်ပျောသီးများ ရောင်းသော ဆိုင်ကိုဖြတ် မယ်တော်နှစ်ပါးနတ်နန်းကို သွားရပါသည်။ ဆရာတော် ခြောက်ပါးနှင့် စာရေးသူတို့ ဆရာလေးနှစ်ပါးမှာ ဗဟုသုတရရန် လိုက်ပါသွားကြပြီး ဓာတ်ပုံများ ိုက်ကြပါသည်။ ကမေ့ာဒီးယား guide ပြောပြချက်အရ ဤမယ်တော်နှစ်ပါးမှာ တန်ခိုးကြီးကြောင်း၊ ကတိသစ ာဖြင့် တိုင်တည်လျှင် ဆုတောင်းပြည့်ကြောင်း ပြောသောကြောင့် ပါလာကြသူများ သွားပြီးလှူကြတန်းကြ၊ ဆုတောင်းကြပါသည်။

ထိုမှနေ့ ဘန်ကောက်မြို့သို့ ဆက်လက်ထွက်ခွာခဲ့ပါသည်။ ဘန်ကောက်မြို့သို့ ညမိုးချုပ်မှ ရောက်ပါသည်။ ဘန်ကောက်မြို့တွင် Baiyoke-Boutique Hotel တွင်



www.burmeseclassic.com

www.burmeseclassic.com



**ပရာအမ်နှင့် ပရာချိတ် မယ်တော်နှစ်ပါးပုံနှင့် နတ်နန်း**

တည်းပါသည်။ ဆရာတော်ခြောက်ပါးနှင့် သီလရှင်နှစ်ပါးမှာ ဟိုတယ်တွင် ကျန်ခဲ့ပြီး ကျန်လူအားလုံးသည် အထပ်ပေါင်း ၈၃ ထပ်ရှိသော Baiyoke Sky Hotel ၏ ၇၇ ထပ်မြောက်တွင် အကောင်းဆုံးအစားအစာများကို စားခဲ့ရကြောင်း ပြောပြကြပါသည်။ အပေါ်ဆုံး ၈၃ ထပ်မြောက်မှ အောက်သို့ကြည့်သောအခါ ဘန်ကောက်တစ်မြို့လုံး၏ ညအလှကို အံ့မခန်းစကားကောင်းအောင် ကြည့်ခဲ့ရကြောင်း ပြန်ပြောကြပါသည်။

လေးရက်မြောက်ဖြစ်သော ယနေ့သည် ခရီးစဉ်၏ Free Day ဖြစ်သောကြောင့် ဟိုတယ်တွင် နံနက်စာစားပြီးနောက် ခက်ခက်က ဆရာတော်တစ်ပါး၊ စာရေးသူတို့ သုံးယောက်၊ ၎င်းနှင့် အဖော်ဒကာမကြီးတစ်ယောက်၊ စုစုပေါင်း ခြောက်ယောက်ကို တက စီငှားပြီး မြို့တွင်း လှည့်လည်ပို့ဆောင်ပေးပါသည်။ ကျန်လူများမှာ သွားတတ်ကြောင်း ပြောပါသည်။ ယနေ့တွင် ကုမဏီက သွားလာစရိတ်၊ စားစရိတ်များ လုံးဝတာဝန်မယူဘဲ မိမိအစီအစဉ်ဖြင့်မိမိ ဈေးဝယ်ခြင်း၊ လည်ပတ်ခြင်းပြုရန် ဖြစ်သည်။ တက စီကို အချိုးကျထည့်ဝင်ကာ ခက်ခက်က မထည့်ဝင်ပါ။ နေ့လယ်စာကို စာရေးသူတို့အား ဝယ်ကျွေးပြီး ဒါနပြု ဆွမ်းကပ်ပါသည်။ တက စီသမားက ထုံးစံအတိုင်း ကျောက်မျက်ရတနာဆိုင်နှင့် Thep-prasit ပျားရည်ကုမဏီမှ ဖွင့်ထားသော ဆိုင်တစ်ဆိုင်သို့ ဝင်ပေးရန် ပြောသောကြောင့် အားလုံးက ပျားရည်ဆိုင်ကို ရွေးချယ်ပြီး ပျားရည်များနှင့် ပျားရည်နှင့်ပတ်သက်သော ဆေးဝါးများကို ဝယ်ယူခဲ့ကြပါသည်။ ဘန်ကောက်မြို့ရှိ ဈေးဆိုင်ကြီးတစ်ဆိုင်နှင့် တည်းခိုသော ဟိုတယ်နှင့်နီးသော တစ်နေကုန်ရောင်းချသော လမ်းဘေးဈေးဆိုင်များတွင် ဈေးဝယ်ကြပါသည်။ ဤလမ်းဘေးဈေးဆိုင်များမှာ သုံးနာရီတစ်ဈေး ဖြစ်သည်။ သုံးနာရီပြည့်လျှင် ပထမဈေးတန်းများ မရှိတော့ဘဲ နောက်ဈေးတန်းများ ထွက်ပါသည်။ ညဘက်တွင် တည်းသော ဟိုတယ်တွင် ပြန်အိပ်စက်ကြပါသည်။

ငါးရက်မြောက်ခရီးစဉ် ပြီးဆုံးသည့်နေ့တွင် ဟိုတယ်မှာ နံနက်စာစားပြီး ဘန်ကောက်မြို့ရှိ တန်ခိုးကြီးဘုရားဖြစ်သော 'မြဘုရား'ကို သွားရောက်ဖူးမြော်ကြပါသည်။ ဘုရားဝင်းမှာ အလွန်ကျယ်ပြီး ဘုရားပရိဝုဏ်မှာ စိမ်းလန်းသော မြက်ခင်းပြင်များရှိပြီး သန့်ရှင်းနေပါသည်။ ဘုရားနန်းတော်အား လှည့်လည်ကြည့်ရှု လေ့လာခဲ့ကြပါသည်။ 'မြဘုရား'အား ဓာတ်ပုံရိုက်ခွင့်မရှိ၊ ဓာတ်ပုံမရောင်းပါ၊ မြဘုရားအား အဝေးမှ မြင်ရသော ပုခင်းကိုသာ ဓာတ်ပုံရိုက်ခဲ့ရပါသည်။ မြဘုရားဝင်းထဲတွင် လူများ ကြိတ်ကြိတ်တိုးပြီး လူများ၏နောက်ဘက် တန်ဆောင်းအမြင့်ကြီးထဲတွင် မြဘုရားကို ပူဇော်ထားပါသည်။ ဝင်ပေါက်တစ်ဖက် ထွက်ပေါက်တစ်ဖက်မှ ထွက်ခဲ့ရပါသည်။ ပိုက်ဆံပုံးများထဲတွင် ဒေါ်လာအလှူငွေများ ထည့်ခဲ့ရပါသည်။ ပိုက်ဆံပုံးများ တန်းစီထားပြီး အလှူစောင့်ခံနေသူများ မရှိပါ။ စာရေးသူတို့မှာ ဘုရားရှိခိုးဆုတောင်းပြီး အပြင်ဘက် စုရပ်နေရာသို့ အမြန်ရောက်ရန် လာရပါသည်။ ကျန်ခဲ့လျှင် မပြန်တော့ပါ။ မှတ်တမ်းဓာတ်ပုံရိုက်ကြပါသည်။

ထို့နောက် အယုဒ္ဓယမြို့သို့ သွားရောက်ပြီး ရှေးဟောင်းဘုရားများအား ဖူးမြော်လေ့လာကြပါသည်။ ဤ



www.burmeseclassic.com

www.burmeseclassic.com



မြဘုရားပရိုဏ်အား
အဝေးမှ မြင်ရပုံ


အယုဒ္ဓယမြို့မှ ရှေးဟောင်းဘုရားတစ်ဆူ၏
ဦးခေါင်းတော်အား သစ်ပင်ပုံပြီး ပေါက်နေပုံ

ဓ ဘုရားများမှာ ကိုယ်အင်္ဂါတော်များ ပျက်စီးယိုယွင်းလျက် ရှိပါသည်။ ဘုရားဦးခေါင်းတော်အပျက်အစီးများ၊ ကိုယ်ထည်အပျက်အစီးများ အမြောက်အမြားရှိပြီး ပြုပြင်ထိန်းသိမ်းခြင်း မရှိပါ။ ဘုရားဦးခေါင်းတော်အား ပတ် အပင်ကြီးများ ပေါက်နေပုံကို ိုက်ထားခြင်းဖြစ်သည်။

ထိုမှဆက် ကြက်များ အမြောက်အမြား အသေးဆုံးမှ အကြီးဆုံးအထိ ထုလုပ်ထားသော ကြက်နန်းတော်ကို ရောက်ခဲ့ပါသည်။

ထိုမှအပြန် နေ့လယ်စာ သုံးဆောင်ပြီးနောက်


အကြီးဆုံးကြက်ရုပ်ကြီးမှ အဆင့်ဆင့် အသေးဆုံး
အထိ တွေ့မြင်ရပုံ

မြန်မာနိုင်ငံသို့ ပြန်ရန် ဘန်ကောက်လေဆိပ်သို့ ရောက်ရှိခဲ့ပါသည်။ ဘန်ကောက်လေဆိပ်မှ ည ၁၉း၁၅ နာရီ လေယာဉ်ဖြင့် ရန်ကုန်မြို့သို့ ပြန်ခဲ့ရာ ည ၂၀း၁၅ နာရီတွင် ချောမောစွာ ပြန်လည်ရောက်ရှိပါသည်။

မှတ်ချက် ။ ဤခရီးစဉ်တွင် သွားရောက်ခဲ့သော 'ရွှေဘုန်းပြည့်'ကုမ ဏီ လိပ်စာနှင့် ဖုန်းနံပါတ်များကို ဖော်ပြပေးလိုက်ပါသည်။ လိပ်စာ – ရွှေဘုန်းပြည့် ခရီးသွားဝန်ဆောင်မှုလုပ်ငန်း၊ အမှတ်(၇၄၈)၊ ပထမထပ်၊ ဗဒိုလလမ်း၊ (၁၆/၁)ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း – ၀၉–၇၃၀၆၀၀၄၈၊ ၀၉–၂၀၁၁၃၁၃၊ ၀၉–၃၀၀၄၃၁၀၁၊ ၀၉–၃၀၈၄၃၂၀၂။ ဒေါ်ဝါဝါခိုင် (ဒါိုက်တာ) ၀၉–၅၀၃၆၅၀၅။

စာရေးသူတို့ စိတ်ချမ်းသာ ကိုယ်ချမ်းသာဖြင့် ခရီးသွားလာခဲ့ရသော ဝန်ဆောင်မှုကောင်းသော ဤ'ရွှေဘုန်းပြည့်'ကုမ ဏီအား ဓမ္မမိတ်ဆွေများ ဆက်သွယ်နိုင်ရန် လိပ်စာနှင့် ဖုန်းနံပါတ်များ ဖော်ပြပေးလိုက်ရခြင်း ဖြစ်ပါသည်။

ဒေါ်ဓမ္မစာရှိ



www.burmeseclassic.com

www.burmeseclassic.com

# ပြည့်တွင်းပြည့်ပ
# ဝိညာဉ်လောက ယုံကြည်ချက်များ

လှတိုး(စိတ်ပညာ)

### သေရွာပြန်တို့၏ နိမိတ်အာရုံ

ကျွန်ုပ်တို့ အရှေ့တိုင်းရင်းသားများသည် ပရလောက တမလွန်ဘဝတို့ကို ယုံကြည်လက်ခံကြ၏။ ဘဝတဏှာ၏ အားပေးလှုံ့ဆော်မှုကြောင့် လူသတ္တဝါတို့သည် အမြဲ သက်ဝင်လှုပ်ရှားနေကြရပြီး အသက်ဇီဝိန် လုံးဝချုပ်ငြိမ်းသွားသောအခါ၌ ခန္ဓာကိုယ်သည် ဘဝကူးပြောင်း၍ အခြားပုံပန်းသဏ္ဌာန်ဖြင့် ဘဝသစ်ဖြစ်ပေါ်လာလိမ့်မည်ဟု ယုံကြည်ကြလေသည်။ အနောက်နိုင်ငံသားတို့အတွက်မှာမူ တစ်ဘဝတွင်နေပြီး နောက်ဘဝမရှိ။ မိမိတို့ပြုမိသော ကောင်းမှု မကောင်းမှုများအရ ကောင်းကင်ဘုံ၊ သို့မဟုတ် ငရဲပြည်သို့ တိုက်ရိုက်ရောက်ရှိကြရသည်ဟူ၍ ယုံကြည်လက်ခံထားကြသည်။ အချို့လူတို့ကမူ ဤအယူကို လက်မခံဘဲ လူသတ္တဝါသည် သေသောအခါ မိမိ၏ ဘဝကံကြမ္မာက စီမံဖန်တီးသည့်အတိုင်း ဘဝ အမျိုးမျိုးသို့ ကူးပြောင်း၍ ဘဝသံသရာ၌ ကျင်လည်ကြရသည်ဟု ယုံကြည်ကြလေသည်။

### NDEs လေ့လာမှု

၂၀ ရာစု နှစ်ဦးပိုင်းကစ၍ သေခါနီးသူတို့၏ စုတေစိတ်နိမိတ်အာရုံများ NDEs ခေါ် (Near-Death Experiences) ကို မှတ်သားလေ့လာကြရာ၌ များစွာသော လူနာတို့သည် တစ်ရပ်တစ်ရွာ၌ သေဆုံးကုန်ပြီဖြစ်သော လူများ၊ ဆွေမျိုးများနှင့် တွေ့ဆုံရခြင်း၊ ၎င်းတို့၏ ဝိညာဉ်သည် ကိုယ်ခန္ဓာမှ ခွဲခွာ၍ တခြားဒေသများသို့ သွားရောက်လည်ပတ်ခြင်း အစရှိသည်တို့ကို ပြုမူကြကြောင်း တွေ့ရှိရလေသည်။ သို့ဖြစ်၍ လူတို့၏ နာမ်ခန္ဓာ (သို့မဟုတ်) ဝိညာဉ်သည် သေခါနီးအချိန်၌ တမလွန်ဘဝနှင့် ဆက်စပ်နေသည်ဟူ၍ ယူဆလာကြသည်။ တစ်နည်းအားဖြင့် လူ၏ရုပ်ခန္ဓာကိုယ် ချုပ်ငြိမ်းပျက်စီးပြီးသည့်နောက်ပိုင်းတွင် ယင်း၏ ဝိညာဉ်၊ သို့မဟုတ် နာမ်ခန္ဓာသည် ဆက်လက်ရှင်သန်နေဦးမည်။ (Soul Survival) ဟူ၍ ယူဆကြပါသည်။

မကျန်းမမာဖြစ်ပြီးနောက် သေငယ်ဇောနှင့် မျောသွားရာမှ အချို့လူများသည် သူတို့၏ တမလွန်လောကအကြောင်း၊ သေရွာမှ ပြန်လည်ရောက်ရှိလာကြရပုံအကြောင်း လှုပ်တစ်ပြက် အတွေ့အကြုံများကို ရင်ဖွင့်ပြောပြတတ်ကြ၏။ မြန်မာနိုင်ငံတွင် ထိုသေရွာပြန် လူတို့၏ ပြောပြချက်များ ကိုယ်တွေ့ဖြစ်ရပ်ဆန်းကြယ်များကို တစ်ခါတစ်ရံ ကြားကြရတတ်၏။ မကြာခင်က အမေရိကန်နိုင်ငံ ဆေးရုံကြီးတစ်ခုတွင် ခွဲစိတ်ခန်းထဲမှ လူနာရှင် အမျိုးသမီး ကျောင်းဆရာမတစ်ဦးသည် နက်ရှိုင်းသော ဥမင်လိုဏ်ခေါင်းအတွင်း သေငယ်ဇောနှင့် မျောသွားရာမှ လုပတောက်ပြောင်သော အဖြူရောင်အလင်းတန်းများနှင့် တွေ့ဆုံရပြီးလျှင် လွန်ခဲ့သော နှစ်ပေါင်း ၂၀ ခန့်က ကွယ်လွန်ပြီးသူ နာမည်ကျော်အဆိုတော် ရုပ်ရှင်မင်းသားချော အဲလ်ဗစ်ပရက်စလေ (Elvis Presley)က သူမကို ညင်သာစွာ ဆွဲယူခေါ်ဆောင်သွားသည်ကို အသေအချာ မြင်တွေ့ရကြောင်း ထွက်ဆိုလေသည်။

ရှေးအခါက သေခြင်းအကြောင်းကို စိတ်ဝိညာဉ်သုတေသီဆရာတို့ လေ့လာမှု နည်းပါးသော်လည်း ယခုအခါ၌မူ သုတေသီဆရာ တော်တော်များများက စေ့စေ့ငုငု စူးစမ်းလေ့လာနေကြပေပြီ။ အဓိကအကြောင်းမှာ သေခြင်း



www.burmeseclassic.com

www.burmeseclassic.com

တံခါးဝသို့ ရောက်ရှိပြီးနောက် ပြန်လည်သတိရလာသော သူများနှင့် သေခါနီးဆဲဆဲ လူနာများ၏ ပြောပြချက်များကို စုံစမ်းလေ့လာခြင်းဖြစ်၏။

## သေရွာပြန်ပုဂ္ဂိုလ်

သေရွာပြန်ပုဂ္ဂိုလ် ဆိုသည်မှာ အသည်းအသန်ဖျား နေသောကြောင့်၊ သို့မဟုတ် အပြင်းအထန် ထိခိုက်ဒဏ်ရာ ရရှိသောကြောင့် ဆရာဝန်က သေပြီဟု ဆုံးဖြတ်ထားပြီး နောက်မှ ပြန်လည်သတိရလာသောသူနှင့် ဖျားနာ၍၊ သို့မဟုတ် ထိခိုက်ဒဏ်ရာရရှိ၍ မေ့မျောသွားပြီးနောက် ဆရာဝန်၏ အားထုတ်မှုကြောင့် သေဘေးမှ လွတ်မြောက်လာသူကို ဆိုလိုခြင်းဖြစ်၏။

အမေရိကန်ပြည်၌ ဒေါက်တာ-ရေမွန်မူဒီ (Dr-Raymand Moody) ဆိုသော သုတေသီဆရာဝန်တစ်ဦးသည် ထိုသေရွာပြန်ပုဂ္ဂိုလ် ၁၅၀ တို့၏ ပြောပြချက်များကို စုဆောင်း၍ ဆန်းစစ်လေ့လာခဲ့ရာ ထိုသူတို့၏ သေမင်းနိုင်ငံ တံခါးဝရောက် အတွေ့အကြုံများမှာ အတော်များများ တူညီနေသည်ကို တွေ့ကြရလေသည်။

သေရွာပြန်ပုဂ္ဂိုလ်တို့၏ အဆိုအားဖြင့် သူတို့သည် မေ့မျောနေစဉ် ကောင်းကင်ဘုံသို့ ရောက်ရှိသွား၍ ဘုရားသခင်ကို ဖူးမြင်ပြီး ကောင်းကင်တမန်များနှင့် ကွယ်လွန်ပြီးသူ ဆွေမျိုးသားချင်းများကို တွေ့ကြရသည်ဆို၏။ ရှေးယခင်က သူမတွေ့မြင်ဖူးသော မေတ္တာရှင် အလင်းရောင်ပုဂ္ဂိုလ်တစ်ဦးသည်လည်း သူ့ရှေ့မှောက်၌ ပေါ်လာကာ ထိုပုဂ္ဂိုလ်က သူ့အား မိမိဘဝကို ပြန်လည်သုံးသပ်ရန် နှုတ်ဖြင့်မဟုတ်ဘဲ စိတ်တန်ခိုးဖြင့်ပြော၏။ သူသည် စိတ်သာယာငြိမ်းချမ်းမှုကိုရ ကာ သူ၏ကိုယ်ကို မေတ္တာဓာတ် လွှမ်းခြုံခြင်းခံရ၍ ကာမဂုဏ်စည်းစိမ်ဥစ္စာတို့ကို တပ်မက်မှုမရှိတော့ဘဲ သတ္တဝါအားလုံးကို ကူညီစောင့်ရှောက်လိုသော စိတ်ဆန္ဒများ ပွားများလာ၏။ နစ်ရှည်လများ မိမိတို့၌ စွဲကပ်နေသော စရိုက်ဆိုးများ အလိုလို ပျောက်ကွယ်သွား၏။ ဥပမာ ယခင်က ခက်ထန်ကြမ်းတမ်းသော အရက်သမားအချို့သည် အသက်မသေဘဲ တမလွန်လောကမှ ပြန်လည်ရောက်ရှိလာပြီးနောက် လုံးဝ အရက်ပြတ်သွားကြသည်ဆို၏။

## ဘာသာရေးကိုင်းရှိုင်းမှု ပိုလာ

မူလက ဘုရားသခင်ရှိသည်ဟု မယုံကြည်ကြသူ ခရစ်ယာန်နွယ်ဝင် သေရွာပြန်ပုဂ္ဂိုလ်တို့သည် သေခါနီးဘဝ စုတေစိတ် နိမိတ်အာရုံများ ခံစားရပြီးနောက် ဘုရားသခင် (God) ရှိနေသည်ဆိုခြင်းကို စွဲစွဲမြဲမြဲ သက်ဝင်ယုံကြည် သွားတတ်ကြလေသည်။ မူလက ဘာမျှ ကိုးကွယ်မှုမရှိသူ ဘာသာမဲ့များသည်လည်း သူတော်စင်များကို ကိုးကွယ် ဆည်းကပ်လာတတ်ကြသည်။ "Most neardeath survivors say they don't think three is a God. They know."

## ဂုဏ်ပကာသနနှင့် တန်ခိုးအာဏာ မမက်မောတော့

တစ်သက်တစ်ကျွန်း ပြစ်ဒဏ်ကျခံ ရာဇဝတ်သား ကောင်အချို့ဆိုလျှင် သေခါနီးအတွေ့အကြုံ ခံစားရပြီးနောက် သူတစ်ပါးကို ကူညီချင်သော စိတ်စေတနာကောင်းများ ဝင်လာသည်အထိ ပြောင်းလဲသွားကြသည်ဆို၏။ အထူးခြားဆုံးမှာ သေရွာပြန်တို့သည် ဘာသာတရား ဆည်းကပ်ကိုးကွယ်မှုတွင် အလေးအနက်ဖြစ်သွားပြီး လောဘ၊ ဒေါသ၊ မောဟများ ထူးထူးခြားခြား လျော့ပါးသွားကာ တန်ခိုးအာဏာကို မက်မောတွယ်တာမှု မရှိတော့ခြင်းပင် ဖြစ်သည်။

## မြန်မာနိုင်ငံမှ ဖြစ်ရပ်တစ်ခု

ဒေါက်တာအောင်ကျော်(သွား/ဆရာဝန်)၏ "တမလွန်ခရီး ပျော်ပျော်ကြီးသွားကြစို့"ဟူသော စာအုပ်တွင် ဖော်ပြထားသော အသက်ရှစ်ဆယ်ကျော်အရွယ်ရှိ အဘွားဥ၏ သေရွာပြန်ဖြစ်ရပ်က ဆန်းကြယ်လှ၏။ အဘွားဥသည် ရုတ်တရက် နေမကောင်းဖြစ်ရာမှ လုံးဝ သတိမေ့မြောသွား၏။ သို့ရာတွင် နောက်တစ်နေ့ နံနက်လင်းခါနီးတွင် အဘွားဥ၏ အခြေအနေမှာ အံ့သြဖွယ်ရာ ပြောင်းလဲသွား၍ နှလုံးခုန်ပုံနှင့် သွေးပေါင်ချိန် စသည်တို့ ပုံမှန်ပြီး ကောင်းစွာ ပြန်လည်သတိ



www.burmeseclassic.com

www.burmeseclassic.com

ရလာ၏။ ဒေါ်ခြာက မိမိသည် ဝေဒနာရှုမှတ်ကို လေ့ကျင့်နေစဉ် ရုတ်တရက် မေ့မျောသွားခဲ့ကြောင်း၊ ထိုအခါ မိမိသည် ခြံကျယ်ကြီးတစ်ခုထဲရှိ ဘုံဗိမာန်ကြီးတစ်ခုထဲသို့ ရောက်ရှိခဲ့ကြောင်း၊ ထိုဗိမာန်ကြီးမှာ ရွှေရောင်ပြိုးပြက်ဝင်းထိန်လျက် မိမိမှတစ်ပါး အခြား မည်သူမှမရှိကြောင်း၊ အထဲရှိ ပစ္စည်းအားလုံးမှာ ရွှေများဖြင့်သာ ပြုလုပ်ထား၍ ဝင်းတောက်နေကြောင်း၊ အဝတ်အထည်နှင့် စားသောက်ဖွယ်ရာများလည်း အလျှံပယ် အားလုံးပြည့်စုံနေကြောင်း စသည်တို့ကို ပြောပြလေသည်။

## သေခါနီး အတွေ့အကြုံ သုတေသနအစ

ယခုအခါ သေခါနီး လူနာများ၏ နိမိတ်အာရုံ တွေ့မြင်ရမှုများသည် မြန်မာနိုင်ငံ၌သာလျှင် မဟုတ်ဘဲ ကမ္ဘာအရပ်ရပ်၌ ကြားသိရသော အမှုများ ဖြစ်နေပေပြီ။ လွန်ခဲ့သော နှစ်ပေါင်း ၂၀၀၀ လောက်ကပင် ဂရိဒဿနိကပညာရှင်ကြီး ပလေတို၏ ရေးသားချက်များတွင် သေခါနီး စစ်သားတစ်ယောက်၏ နိမိတ်အာရုံ တွေ့မြင်ရပုံကို ဖော်ပြထား၏။ ယခုအခါတွင် သေရွာပြန်တို့၏အတွေ့အကြုံများကို အနောက်နိုင်ငံများ၌ စိတ်ဝင်စားမှုများလာ၍ အမေရိကန်နိုင်ငံ၌ ထိုအကြောင်းကို ဗာဂျီးနီးယားဆေးတက္ကသိုလ်မှ စိတ်ပညာရှင်အချို့ အထူးလေ့လာနေကြ၏။

ရှေးအခါက သေခါနီးသူတို့၏ စုတေစိတ် နိမိတ်အာရုံများ NDEs ကို ကွက်ကျား ကွက်ကျား စဆောင်းခဲ့သော်လည်း ၁၉၆၁ ခုနှစ်အတွင်းက ဒေါက်တာ ကာလစ်အိုစစ် Dr.Karlis Osis က ဉာဏ်ကိစ္စနှင့်ပတ်သက်၍ မေးခွန်းလွှာများကို အမေရိကန်နိုင်ငံ ဆေးရုံဆရာဝန် ၂၀၀၀၊ ပြင်ပဆရာဝန် ၂၀၀၀၊ ပညာသင်ဆရာဝန် ၂၀၀၀၊ ဆေးရုံ သူနာပြုဆရာ၊ ဆရာမများ ၁၀၀၀ နှင့် ပြင်ပသူနာပြု ဆရာ၊ ဆရာမ ၁၀၀၀ တို့ထံ စာတိုက်မှပို့၍ မေးမြန်းစုံစမ်းရာ၌ အဖြေလွှာ ၆၄၀ ပြန်လည်ရရှိပြီး သေခါနီးလူနာပေါင်း (၃၅ ၊ ၅၄၀) တို့၏ တွေ့ကြုံခံစားချက် မှတ်တမ်းများကို ရရှိခဲ့သည်။ ယင်းအဖြေလွှာများကို ခေတ်မီကွန်ပျူတာစက်များဖြင့် ကိန်းဂဏန်းအပြည့်အစုံ သိပ္ပံနည်းကျကျ ရေးသားထုတ်ဝေခဲ့သော်လည်း စာကြည့်ပရိသတ်တို့အတွက် ဖတ်ရှုရန် ငြီးငွေ့စရာဖြစ်နေ၍ လူသိမများ မတွင်ကျယ်ခဲ့ပါချေ။

သို့ရာတွင် ၁၉၇၅ ခုနှစ်တွင် ဒေါက်တာ ရေမွန်မူဒီက (Life after Life) "တစ်ဘဝပြီး တစ်ဘဝ" အမည်ရှိသော စာအုပ်ကို လူထုအကြိုက် လူထုစကားဖြင့် ရေးသားထုတ်ဝေလိုက်သောအခါ အောင်မြင်ကျော်ကြားသွားခဲ့၏။

## မကွာခြားသော နိမိတ်အာရုံထင်မှု

အနောက်နိုင်ငံများ၌ သေရွာပြန်တို့၏ နိမိတ်အာရုံထင်မှုသည် မြန်မာဗုဒ္ဓဘာသာဝင်တို့၏ သေခါနီးအာရုံထင်မှုနှင့် များစွာ ကွဲပြားခြားနားခြင်းမရှိချေ။ သို့ရာတွင် နိမိတ်အာရုံထင်မှု နှစ်မျိုးစလုံးသည် ငယ်ရွယ်စဉ်က စိတ်သန္တာန်တွင် စွဲမြဲနေသော အမှတ်သညာနယ်မှ ပေါက်ဖွားလာကြောင်း ထင်ရှားသိသာသည်။ ခရစ်ယာန်ကျမ်းစာများ၌ သခင်ယေရှုသည် ကယ်တင်ရှင်ဖြစ်၍ နိဗ္ဗာန်လမ်းခရီးကို ညွှန်ပြသော မြတ်ဗုဒ္ဓထက် နေရာကဏ္ဍကျယ်ပြန့်၏။ သို့ဖြစ်၍ သေငယ်ဇောနှင့် မေ့မြောပြီး ကောင်းကင်ဘုံသို့ ရောက်သွားသော ခရစ်ယာန်လူမမာသည် ထာဝရဘုရားကို ဖူးမြင်၍ ကယ်တင်ခြင်းခံရမည်မှာ မုချမလွဲဖြစ်သည်ဟု ခရစ်ယာန်ဝါဒီတို့က ယုံကြည်ကြလေသည်။ ထို့ကြောင့် သေခါနီး၌ မိမိပြုခဲ့သော ကောင်းမှု မကောင်းမှု ကံအတိုင်း ခံစား စံစားကြရသည်ဟု စွဲမှတ်ထားသော မြန်မာဗုဒ္ဓဝါဒီတို့ကဲ့သို့ ပြိတ္တာ၊ အသုရကာယ်စသော တမလွန်ဘုံသား မကောင်းဆိုးဝါးများကို နိမိတ်အာရုံထင်ကြောင်း ခရစ်ယာန်နွယ်ဝင် သေရွာပြန် ပုဂ္ဂိုလ်တို့၏ ပြောပြချက်များ၌ မတွေ့ရချေ။

သို့ဖြစ်၍ သေရွာပြန်ပုဂ္ဂိုလ်တို့၏ ပြောပြချက်များသည် အထင်အမြင်မျှသာဖြစ်၍ သဿတဒိဋ္ဌိ၏ အစွယ်အပွားသော အတ္တဝိညာဉ်၊ အသက်၊ ဇီဝ၊ လိပ်ပြာ စသည်တို့ ရှင်းပြရန် မဖြစ်နိုင်ချေ။ သေငယ်ဇောနှင့် မျောနေခိုက်တချို့လည်း နတ်ဘုံနတ်နန်း ဗိမာန်ကြီးများသို့ ရောက်သွားကြ၏။ ကောင်းသောအမြင်၊ ကောင်းသောဘုံဌာနများကို တွေ့ကြုံကြရ၏။ တချို့မှာမူ မကောင်းသောအမြင်၊ ကြောက်မက်ဖွယ်ရာ သတ္တဝါ၊ ပုဂ္ဂိုလ်များနှင့် တွေ့ကြုံကြရခြင်း



www.burmeseclassic.com

www.burmeseclassic.com

ဘုံ၊ ပြိတ္တာဘုံ၊ အသူရကာယ်ဘုံများသို့ ရောက်သွားတတ်ကြ၏။ သေရန်အလွန်ကောင်းသော အခြေအနေမှသည် မမျှော်လင့်ဘဲ သတိပြန်လည်ကာ အသက်ပြန်ရှင်ကြသည့်သူများကြောင့် မျောနေချိန်မှာ ဘယ်သို့ဘယ်ဝါဖြစ်ကြပြီး ဘယ်ဘုံ ဘယ်ဌာနသို့ ရောက်သွားကာ ဘာတွေ တွေ့မြင်ကြုံကြိုက်ရကြောင်း ပြောပြကြသည်။ အကယ်စင်စစ် သေငယ်ဇောနှင့် မျောနေချိန်၌ ကမ္မနိမိတ်၊ ကံနမိတ်၊ ဂတိနိမိတ်များ ထင်မြင်ခြင်းသာလျှင်ဖြစ်ကြောင်း၊ ထိုဘုံဌာနများသို့ တကယ်ရောက်ရှိသွားခြင်း မဟုတ်ပါကြောင်း ကွဲပြားခြားနားစွာ သိထားရန် အထူးအရေးကြီးလှ၏။ ညအိပ်ပျော်စဉ် အိပ်မက် မက်သကဲ့သို့ အိပ်မက်၌ ရောက်ချင်သည့်အရပ်သို့ ရောက်ပြီး ဖြစ်ချင်သည့်ကိစ္စများ ဖြစ်ပျက်ကြောင်း မြင်မက်ကြသကဲ့သို့ ဖြစ်ပေသည်။

## အိပ်မက် မက်သလို

ခန္ဓာကိုယ်ကြီး အိပ်စက်အနားယူနေချိန်၌ အိပ်မက်မြင်မက်ရာဌာနများသို့ ခန္ဓာကိုယ်ကြီး မရောက်ရှိသွားသလိုနာမ်ခန္ဓာကလည်း ရောက်ရှိသွားခြင်း တကယ်မရှိပါ။ နိုးလာသောအခါ အိပ်မက်ခြင်းရာကို ပြန်လည်ဆင်ခြင်အောက်မေ့နိုင်ရုံသာ ရှိ၏။ လက်ဆုပ်လက်ကိုင် ဖမ်းပြ၍မရပါ။ ထို့နည်းတူစွာ မျောသွားချိန်၌ ထင်မြင်သော နိမိတ်အာရုံများသည်လည်း အိပ်မက်ခြင်းရာကဲ့သို့ ပြန်ဆင်ခြင်အောက်မေ့ သိရှိနိုင်ရုံသာ ဖြစ်ပေလိမ့်မည်။

## အနောက်နိုင်ငံမှ ယုံကြည်မှု

အနောက်နိုင်ငံများတွင် လူဦးရေ လေးပုံတစ်ပုံသည် ဘဝလွန်ဘဝရှိ၍ သေပြီးနောက်တွင် ဘဝသံသရာ၌ ဆက်လက်ကျင်လည်ရကြောင်း ယုံကြည်ကြသည်ဆို၏။ အမေရိကန်နိုင်ငံ၏ လူဦးရေ ၈၀ ရာခိုင်နှုန်းသည် တမလွန်ဘဝနှင့် ကောင်းကင်ဘုံရှိသည်ဟု ယုံကြည်ကြကာ ၁၈ ရာခိုင်နှုန်းနေသာ သေလုမြောပါး အခြေအနေရောက်၍ ထူးထူးခြားခြားအာရုံများ တွေ့ကြုံကြရသည်ဟု ဆို၏။ တစ်ခါက မြန်မာနိုင်ငံတွင် လူဝင်စားများကို နှစ်ပေါင်းအတော်ကြာ လေ့လာခဲ့သူ ဗာဂျီးနီးယားတက္ကသိုလ်မှ ပရစိတ္တဗေဒပညာရှင် ဒေါက်တာ အီယန်စတီဗင်ဆင် (အသက် ၇၉ နှစ်) ကိုယ်တိုင် အသက် ၅၀ အရွယ်ရှိ စိတ်ရောဂါကုဆရာဝန် ဘရုစ်ဂရေဆန် Bruce Greyson နှင့်အတူ သေခါနီးလူနာများ၏ နိမိတ်အာရုံ တွေ့မြင်ရမှုများ NDEs ကို သုတေသနပြု လေ့လာလျက်ရှိ၏။ ကမ္ဘာကျော် လူဝင်စား သုတေသီကြီးဖြစ်သူ ဒေါက်တာစတီဗင်ဆင်က သေရွာပြန်ဖြစ်ရပ်များသည် လူဝင်စား ကလေးသူငယ်များကို လေ့လာရမှုလောက် စိတ်ဝင်စားဖွယ်မကောင်းကြောင်း၊ ယခုအခါ အနောက်နိုင်ငံသားများအား တမလွန်ဘဝသို့ ယုံကြည်မှုသို့ ဆွဲဆောင်နေသောအရာမှာ လူဝင်စားများအကြောင်းပင်ဖြစ်သည်ဟု ပြောဆိုပါသည်။

မည်သို့ပင်ဖြစ်စေ ယခုအခါ ကမ္ဘာပေါ်တွင် ပြုလုပ်လျက်ရှိသည့် လူဝင်စားသုတေသနအပါအဝင် သေခါနီးသူများ၏ အတွေ့အကြုံလေ့လာမှု သုတေသနလုပ်ငန်းများအားလုံးသည် ဗုဒ္ဓဘာသာ သာသနာကို ကမ္ဘာပေါ်တွင် ပြန့်ပွားထွန်းကားရေးအတွက် တစ်စိတ်တစ်ဒေသ ကူညီပံ့ပိုးနိုင်ကြလိမ့်မည်ဟု မျှော်လင့်ရပါသည်။

---

**လှတိုး(စိတ်ပညာ)**

---

၀၉-၇၃၂၄၃၈၅၁

စာကိုး

၁။ 31.3.1997 ထုတ် U.S News & World Report မှ Is three life after death?

၂။ ဦးအေးမောင်၊ ဦးဝင်းမောင် "သေသည်၏ အခြားမဲ့၌" ၁၉၉၄။


၃။ ဒေါက်တာအောင်ကျော် (သွား/ဆရာဝန်)၏ "တမလွန်ခရီး ပျော်ပျော်ကြီးသွားကြစို့"၊ ၁၉၉၇။



www.burmeseclassic.com

www.burmeseclassic.com

# သက်ရောက်အလိုက် ဆီမီးပူဇော် အဓိဋ္ဌာန်ယတြာ



အောင်ကောင်းမြ(သာကေတ)

ကျွန်ုပ်ဗေဒင်ဟောရာ ကြံ့တိုင်းအောင် ဟောခန်းသို့ တစ်ရပ်ကွက်တည်းနေ ဦးကျော်စံဟုခေါ်သော အမျိုးသား တစ်ဦး ရောက်ရှိလာပါသည်။ သူသည် အညာဇာတိဖြစ်ကာ ရန်ကုန်တွင် လက်သမားအလုပ်ပြုလုပ်ရာမှ ပရိဘောဂလုပ်ငန်း တည်ထောင်ကာ အခြေချနေထိုင်သူတစ်ဦးဖြစ်ပါသည်။

"ဆရာအောင် ကျွန်တော့်ကို အကူအညီပေးပါဦး။ ဆရာတတ်တဲ့ပညာနဲ့ စီးပွားရေးယတြာပြုလုပ်ပေးပါ"ဟု ပြတ်သားသောစကားနှင့် ပြောဆိုလာပါသည်။ ဦးကျော်စံနှင့်ကျွန်ုပ်သည် ရပ်ကွက်တွင်း လူမှုရေးလုပ်ငန်းတင် ၁၀ နှစ်ခန့် တစ်ဖွဲ့တည်းဆောင်ရွက်ခဲ့သော်လည်း ကျွန်ုပ်ထံသို့ ယခု ဒုတိယအကြိမ်ရောက်ရှိ ဗေဒင်မေးခြင်းဖြစ်ပါသည်။ ပထမအကြိမ်က သူ၏အိမ်ရှေ့မှ သပြေပင်အကြောင်း လာမေးခြင်းဖြစ်ပါသည်။ ကျွန်ုပ်လည်း သဘောပေါက်အောင် ရှင်းပြလိုက်ပါသည်။ အိမ်ရှေ့သပြေပင်စိုက်လျှင် စိတ်ရှည်သည်းခံစိတ်ရှိရှိလည်း လိုပါသည်။ အင်္ဂါသားသမီး အကျိုးမပြုကြောင်း တွေ့ရှိရပါသည်။

ယခုကိစ္စကတော့ သူ၏လုပ်ငန်းများ ရပ်ဆိုင်းနေပြီး အကြွေးတင်နေသော ဒုက္ခအတွက် အကူအညီလာတောင်းခြင်းဖြစ်ပါသည်။ မွေးသက္ကရာဇ် ယူတွက်ကြည့်လိုက်သော် အင်္ဂါသက်ရောက် အယသေလောကမံဖြစ်နေပြီး ဆိုးတာ

www.burmeseclassic.com

ပေါ်နိစ်ပညာရေးအရ (၅+၇) တန်းစီး၊ တိုင်ထိပ်ဖြစ်နေပါသည်။ သူ၏အသက် ၅၀ ကို (၈) ဖြင့်စားရပါသည်။

၅၀ ÷ ၈ = ၂ ကြွင်း

အင်္ဂါသက်ရောက် (အယသောလောကစံ)

| | | |
|---|---|---|
| ၁ | ၂ | ၃ |
| ၆ | | ၄ |
| ၈ | ၅ | ၇ |

ရာဟုသမသတ်မျှော်၍ နောက်တစ်ခွင် ဆုတ်လိုက်ပါက တန်းစီး (၅) ဖြစ်ပါသည်။

(အင္ဂလက်ခွင်)

၇ တိုင်ထိပ်
၆
၅ တန်းစီး
၄
၃
၂
၁

အင်္ဂါ၊ ဗုဒ္ဓဟူးသက်ရောက် တန်းစီးကိုင်ထိပ် တူပါသည်။ ၅ တေးနေ့မှစ၍ ပိတောက်သား မီးထွန်းပူဇော်ယတြာပြုလုပ်နိုင်းလိုက်ပါသည်။

ညနေဘက် သူခုတ်ယူအချောသတ်လာသော သူ၏ သက်ခလယ်တစ်ချောင်း အရှည်ရှိ ပိတောက်သားအဖျားပိုင်း အပေါ်ဘက်တွင် "တ"အက္ခရာရေးနိုင်းပြီး ၅ တေးနေ့မှစ၍ အနည်းဆုံး ၁၂ ရက်၊ အများဆုံး ၂၉ ရက် ဗုဒ္ဓါဂုဏ်တော်ပုတီး ၁၂ ပတ်စိပ်၍ လိုရာဆန္ဒဆုတောင်းနိုင်းလိုက်ပါသည်။

(၅+၇) ၁၂ ရက်၊ ၁၂ ပတ်ဟု ယူနိုင်သလို ဂြိုဟ်သက်နှစ်ခုပေါင်း ၂၉ ရက် ယူနိုင်ပါသည်။ ပိတောက်သားကို ရေစင်အောင်ဆေး၊ အမွှေးနံ့သာပက်ဖျန်း၍ ဆော့ပင်၌ "တ"အက္ခရာကို စနစ်တကျ ပီပြင်အောင် ရေးပေးပြီး ဗုဒ္ဓဂုဏ်တော်ပုတီး စိပ်နိုင်းသော သက်ရောက်ဆီမီးပူဇော်ယတြာပြုလုပ်ပြီး နှစ်ပတ်ခန့်အကြာတွင် သတင်းကောင်းကြားရပါတော့သည်။

ဦးကျော်စံ အမည်နှင့် လိပ်စာအတိအကျရှိသော်လည်း လူမှုရေးအရ မဖော်ပြပေးခြင်းဖြစ်ပါသည်။

ဦးကျော်စံရောက်ရှိလာပြီး "ဆရာ . . .ကျွန်တော် လုပ်ငန်းအဆင်ပြေပြီး ကိုရီးယားကုမ္ပဏီနဲ့ ဆက်သွယ်မှုရပြီး သိန်း ၂၀ ကျော်ဖိုး ပရိဘောဂပစ္စည်းတွေ လာအပ်သွားတယ်။ လုပ်ငန်းပြီးရင်တော့ နဝင်းပွဲလာလုပ်ဦးမယ်"ဟု လာရောက်ပြောဆိုပါသည်။ ကျွန်ုပ်လည်း သူ့လုပ်ငန်း အရှိန်မပျက်စေရန် နဝင်းယတြာ သုံးပတ်ဆောင်ရွက်ပေးလိုက်ပါသည်။

ထိုပိတောက်ယတြာနှင့် ထူးခြားအောင်မြင်သူ သုံးဦးရှိသွားပေပြီ။ ငွေကုန်ကြေးကျသက်သာ၍ လုပ်ငန်းအဆင်ပြေစေသောယတြာဟု မှတ်တမ်းတင်ထားလိုက်ပါသည်။

သက်ရောက် ၈ ခုရှိပါသည်။ တနင်္ဂနွေမှ သောကြာအထိ သက်ရောက်တွင် အင်္ဂါ၊ ဗုဒ္ဓဟူး၊ စနေသက်ရောက်သည် ခုနစ်နေ့သားသမီးများ အဆင်မပြေ အခက်အခဲဒုက္ခတွေ့ရတာ များပါသည်။ မကောင်းမှုရှောင်၍ ကောင်းမှုကုသိုလ်ယတြာများ အထူးပြုလုပ်သင့်ပါသည်။ ယခုသက်ရောက်အလိုက် ဆီမီးထွန်းယတြာကို ဖော်ပြပေးလိုက်ပါသည်။

မိမိရောက်ဆဲအသက်ကို ၈ ဖြင့်စား၊ အကြွင်းကို မွေးနံ့ရှိရာ ဂြိုဟ်ခွင်မှ လက်ယာရစ်လှည့်ပတ်ရေတွက်ခြင်းကို သက်ရောက်၊ သက္ခတ်ဟုခေါ်ပါသည်။ သက်ရောက်တွက်နည်း အသေးစိတ်ကိုတော့ မဖော်ပြတော့ပါ။ ယခု ဥပမာတစ်ခုထပ်မံဖော်ပြပေးထားပါသည်။

တနင်္ဂနွေသား အသက် ၄၆ နှစ် -

၄၆ ÷ ၈ = ၆ ကြွင်း

| | | |
|---|---|---|
| ၁ မွေးနံ့ | ၂ | ၃ |
| ၆ | | ၄ |
| ၈ | ၅ | ၇ |

ကြာသပတေးသက်ရောက်ဖြစ်နေပါသည်။

အသက် ၄၅ စနေသက်ရောက်

အသက် ၄၇ ရာဟုသက်ရောက်ဖြစ်ပါမည်။



www.burmeseclassic.com

www.burmeseclassic.com

## (ဗြိုဟ်ရှစ်ခွင်)

| သက်ရောက် | အသား | ရေးရန် အက္ခရာ | ရက်ပေါင်း |
|---|---|---|---|
| ၁နွေ | သရက် | သ | ၁၀ |
| ၂လာ | ဒန်းကြီး | က | ၉ |
| ၃ဂါ | ပိတောက် | တ | ၁၂ |
| ၄ဟူး | ပိတောက်၊ ပိန္နဲ | တ | ၁၂ |
| ၅တေး | ဩဇာ | စ | ၁၄ |
| ၆ကြာ | စိန်ပန်း | ပ | ၈ |
| စနေ | အုန်းသီး၊ ဥသျှစ် | အ | ၇ |
| ရာဟု | ခရေ၊ ငုဝါ | ယ | ၆ |

တနင်္ဂနွေသက်ရောက်တွင် သရက်သား၊ လသာပင် အသား၊ သီဟိုဠ်သား တစ်မျိုးမျိုးပေါ်တွင် ထွန်းနိုင်ပါသည်။ သို့သော် နေရာတိုင်း လွယ်ကူစွာရနိုင်သော "သရက်"သားဖြင့် ဆောင်ရွက်လျှင် ဖြစ်နိုင်ပါသည်။ လောက်သေသားမှာ အလုံးသေး၍ မဖြစ်နိုင်ပါ။

ထိုသရက်သားအဖျားပိုင်းပေါ်တွင် "သ"အက္ခရာရေး၍ ရှင်သီဝလိ ဂါထာပုတီးတစ်ပတ်စိပ်၊ ၁၀ ဂါထာ၊ ၁၀ ရက် အဓိဋ္ဌာန်ဝင် ရွတ်ဆို "သ"နှင့်စသောဂါထာ ရွတ်ဆိုနိုင်ပါသည်။

ဥပမာ- သမ္ဗုဒ္ဓေဂါထာ၊ သိရသ္မိံဂါထာ၊ သူရသသတီ ဂါထာ၊ သံရှစ်ချက်ဂါထာ စသည်တို့ကို နှစ်သက်ရာတစ် ဂါထာရွတ်ဆို အဓိဋ္ဌာန်ဆောင်ရွက်နိုင်ပါသည်။

တနင်္လာသက်ရောက်တွင် ဒန်းကြီးသား မိမိလက် ခလယ်တစ်ချောင်းစာတိုင်းဖြတ်။ အကယ်၍ ဒန်းကြီးသား မရပါက ဓာတ်ခဲ၊ ထောက်ကြံ့သားတစ်ခုခုပေါ်တွင် မီးထွန်း (ဆီမီးပူဇော်) ကိုးရက် အဓိဋ္ဌာန်ဆုတောင်းပါ။

ရွတ်ဆိုရမည့်ဂါထာမှာ ဒိဝါတပတိဂါထာ၊ မေ့စကြာ၊ ဂုဏ်တော်ကိုးပါး၊ ကိုးနဝင်းအဓိဋ္ဌာန်…

အင်္ဂါသက်ရောက်နှင့် ဗုဒ္ဓဟူးသက်ရောက်တွင် ပိတောက်သား (သို့မဟုတ်) ပိန္နဲသား "တ"အက္ခရာရေး ၁၂ ရက် ဗုဒ္ဓေါဂုဏ်တော် ၁၂ ပတ်၊ ၁၂ ရက်စိပ် ဆုတောင်းပါ။

စနေသက်ရောက်တွင် အုန်းသီး၊ ဥသျှစ်သီးပေါ်တွင် မီးထွန်းပူဇော်ပါ။ သံပန်းကန်ပြားတစ်ချပ်ပေါ်တွင် သဲထည့်၍ သဲပေါ်တွင် အုန်းသီးအခွံကျွတ်တင်၍ ဆီမီးပူဇော် "အရဟံ" ဂုဏ်တော် ကိုးပတ် ကိုးရက်စိပ်ပါ။ အနည်းဆုံး ခုနစ်ရက် ပူဇော်ပြီးပါက အုန်းသီးကို ရေမျှောပစ်ပါ။ သစ်အယ်သားရပါ ကလည်း ပိုကောင်းပါသည်။ သစ်သားအသားဆိုပါက အဆောင် သဘော တစ်နှစ်တာအတွက် ဆောင်ထားနိုင်ပါသည်။

၅ တေး သက်ရောက်တွင် ဩဇာသားပေါ်တွင် "စ" အက္ခရာရေး သရဏဂုံသုံးပါး ပုတီးစိပ် ဇယစက္ကောဂါထာ ၈၊ ၆၊ ၅၊ ၀ ဂါထာတစ်မျိုးမျိုး ရွတ်ဆိုနိုင်ပါသည်။ ၄ ဂဏန်း အစား ၁၄ ရက် ဆောင်ရွက်သင့်ပါသည်။

ဩဇာသား မရပါက ဆီး(ဇီး)သားပေါ်တွင် ပူဇော်ပါ။ ဆီအုန်းသား၊ ဩဇသြား၊ ဆီးသား တစ်မျိုးမျိုး။

သောကြာသက်ရောက်တွင် စိန်ပန်းသား၊ ပျဉ်းမသား ပေါက်သား၊ အရာဝတ္ထုဆိုပါက ဆေးဘူး၊ ဆပ်ပြာ၊ ပုန်းညက် သား စသည် အင်္ဂါနှင့် ကြာသပတေးနံအတွဲ အသားပေါ်တွင် အင်္ဂါ၊ ကြာသပတေး တစ်နေ့နေ့မှစ၍ ဆီမီးပူဇော်၍ ဝဏ္ဏာ မုနိဂါထာ၊ ဘဂဝါဂုဏ်တော်၊ ဘုရားငါးဆူဂါထာတော်၊ ဇလွန် ပြည်တော်ပြန်ဂါထာ စသည့် တစ်မျိုးမျိုးကို အဓိဋ္ဌာန်တင် ရွတ်ဆိုပါ။

ရာဟုသက်ရောက်တွင် ခရေသား၊ ငုဝါသားပေါ်တွင် "ယ"အက္ခရာရေးပြီး တနင်္လာ၊ ဗုဒ္ဓဟူးနေ့ တစ်ရက်ရက်မှ၍ လောကဝိဒူဂုဏ်တော်၊ လာဘ်ခေါ်ကပ်ကျော်ဂါထာ၊ လာဘ် ရွှင်ငွေရဂါထာတော် တစ်ပုဒ်ပုဒ်ကို ရွတ်ဆိုပူဇော်ဆုတောင်း နိုင်ပါသည်။

(၂ + ၄) ၆ ရက် တစ်နေ့ ပုတီးခြောက်ပတ်ခိပ် ဆုတောင်းပါက လိုရာဆန္ဒပြည့်ဝနိုင်ပါသည်။

စာရေးသူ၏ ကိုယ်တွေ့အရ အင်္ဂါ၊ ဗုဒ္ဓဟူးသက် ရောက်နေသူများ တနင်္ဂနွေ၏ မိတ်ဓာတ် ပိတ်တောက်ဖြစ် နေခြင်း၊ တန်းစီးတိုင်ထိပ်၊ ပိတောက်ပုတီး ဗုဒ္ဓေါဂုဏ်တော် အကျိုးကြောင့် ပြုလုပ်ဆောင်ရွက်သူအားလုံး အဆင်ပြေသွား သည်ကို တွေ့မြင်ရပါသည်။

အဆင်ပြေသွားပါကလည်း ဘုရား၊ တရား၊ သံဃာ မိဘ၊ ဆရာ ဂုဏ်ကျေးဇူး မမေ့ဘဲ ဆက်၍ ကြိုးစားဆောင် ရွက်နေသင့်ပါသည်။ ကျေးဇူးမေ့သူ ရေရှည်မကောင်းနိုင်ပေ။

**အောင်ကောင်းမြ(သာဓေတ)**



www.burmeseclassic.com

www.burmeseclassic.com

ဝိဇ္ဇာဓရ ဆေးပညာဖြင့် အောက်ပါရောဂါများကို ကုသပေးသည်

# ရွှေပြည်မင်း တိုင်းရင်းဆေးကုဌာန

ဆရာဦးခင်မောင်လှ (တဆ-၀၂၂၉၀)

* အသည်းရောင်၊ အသားဝါ၊ အသည်းကြွပ်၊ အသည်းခြောက်၊ ရေဖျဉ်းစွဲ၊ အသည်းကြီးခြင်း၊ အသည်းအဆီဖုံးခြင်း၊ အသည်းအနာဖြစ်ခြင်း၊ နာတာရှည်အသည်းရောဂါအမျိုးမျိုး။
* နှစ်ရှည်လများ ဆီးချို၊ သွေးချိုကြောင့် အမျိုးသားအားနည်းရောဂါ နှင့် ဆီးကျောက်ကပ်ရောဂါ။
* လိပ်ခေါင်း၊ ဂရင်ဂျီနာ၊ စအိုဝတွင် အဖုအကျိတ်၊ စအိုနာအမျိုးမျိုး။
* အမျိုးသမီးများသားအိမ်အတွင်းအလုံးအကျိတ် တည်ခြင်း၊ ရက်ရှည်မီးယပ်အဖြူဆင်းခြင်း၊ ရင်သားအဖုအကျိတ် မခွဲမစိတ်မနာမကျင်စေဘဲနှင့် သိဒ္ဓိဝင်ဆေးတောင့်၊ ဓါတ်လုံးများဖြင့် သီးသန့် သက်သာပျောက်ကင်းစေရမည်။
* ခန္ဓာကိုယ် အတွင်းအပြင် နှစ်ရှည်လများ ဖြစ်ပွားနေသော အလုံး၊ အကျိတ်၊ အဖု၊ ကင်ဆာ(စေါ်)ဖြစ်ပွားနိုင်သောရောဂါ အမျိုးမျိုးကို လက်ခံ၍ ကုသပေးသည်။

ဆေးခန်းဖွင့်ချိန် - နေ့လယ်(၁၂)နာရီ မှ ည(၇း၀၀)နာရီထိ တနင်္လာနေ့တိုင်း ပိတ်သည်။

ရွှေပြည်မင်းဆေးတိုက်နှင့်ဆေးကုဌာန

အမှတ် - ၂၇၊ အပိုင်း(၃)၊ ၁၄ ရပ်ကွက်၊ သံသုမာလမ်းမကြီး၊ မြင်သာ၊ တောင်ဥက္ကလာ၊ ရန်ကုန်မြို့ ☎ - ၅၇၇၆၄၃၉၊ ☎ ၀၉ ၄၃၁၉၁၉၄၃၁၉၊ ☎ ၀၉ ၈၅၁၃၁၆၆

## မြင့်စေတနာဆေးတိုက်

(အရေပြားရောဂါမှန်သမျှဒိဋ္ဌပျောက်ကင်းစေရမည်။)

# ခရုသင်း (သမင်ဖြူ)

LEUCODERMA

ခရုသင်း (သမင်ဖြူ)၊ ဖြူ နီ နက်ကွက်များ ◆ အနာကြီးရောဂါ ◆ ယားနာ၊ ပွေး၊ ဝဲ၊ နှင်းခူ နှင့်အရေပြားရောဂါ အမျိုးမျိုးကို အာမခံနှင့် ကုသပေးသည်။


LEUCODERMA, LEPROSY, YAWS, FUNGUS, PINTA, EC-ZEMA, RING WORM, DERMATITIS, Etc.

ဆရာ **ဦးခင်မောင်မြင့်** (မြင့်စေတနာဆေးတိုက်) ၊ အမှတ် (၃)၊ ပိတောက်ရိပ်မြိုင်၊ မော်တွန်-အင်းစိန်လမ်းမကြီး၊ ကုလားကျောင်းမှတ်တိုင်၊ သမိုင်း၊ ရန်ကုန်မြို့ ၊ ဖုန်း-၀၁-၆၆၆၆၄၇၈၀၉-၇၉၈၀၆၁၉၉၈

**ဌာနခွဲ** - အမှတ် (၂)၊ ၆၂-လမ်း၊ ၂၈ × ၂၉ လမ်းကြား၊ အောင်တော်မူရပ်၊ မန္တလေးမြို့ ၊ ဖုန်း - ၀၂-၂၄၆၀၉၊ ဖုန်း - ၀၉၂၀၀၂၈၄၃

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# မေတ္တာမျက်ကန်း

မုံရွာအောင်စကြာ

(၁)

လူတွေဟာ အရူးတွေချည်းပဲလို့ ဆင်အုပ်ကြီးက ပြောဘူးတယ်။ သူက လူကြီးဆိုတော့ ဘုရားစာတွေ ဘာတွေ လည်းရတယ်။ ငါတို့ ဘုရားရှင် ကိုယ်တော်မြတ်ကြီးက ဘယ်လိုဟောခဲ့တာ ဘာညာ သာရကာ သူကမှပြောတတ်တာ။ ကျုပ်ကတော့ သူ့လို မပြောတတ်ဘူး။

ကျုပ်က ဗုဒ္ဓဘာသာဆိုပေမယ့် ဆင်သမားဘဝက လပြည့်လကွယ်ရှိတာ မဟုတ်ဘူး။ သတ်မှတ်ထားတဲ့သစ်တွေ ဆိပ်ကမ်းရောက်အောင် ဆင်နဲ့ဆွဲပြီး ပို့နေရတာဆိုတော့ တစ်ခါတလေ သတိတောင်မထားမိလိုက်ဘူး။

ဝါဆိုဦး လခထုတ်ရက်နဲ့ကြုံရင်တော့ ဝါဆိုသင်္ကန်းလေးဘာလေး ဆင်ပိုင် ကိုရဲမြင့်နဲ့ အကြုံပါးပြီး ကပ်တာမျိုးတော့ ရှိတာပေါ့။ ကျုပ်ကိုယ်တိုင်တော့ တစ်ခါမှ မကပ်ဖူးပါဘူး။ ကျုပ်ကြွားပြောနေတာ မဟုတ်ဘူး။

ငယ်ငယ်တုန်းကတော့ မကြာမကြာရောက်ဖူးပါတယ်။ ဖအေတွေ၊ မအေတွေခေါ်သွားလို့ ဘုန်းကြီးကျောင်းမှာ ဟင်းကောင်းနဲ့စားရတော့ ရောက်ဖြစ်တာပေါ့။ အခု ဖအေ၊ မအေလည်း ဆုံးကုန်ကြပြီ။ ခေါ်မယ့်သူလည်းမရှိဘူး။ ကျုပ်ကိုယ်တိုင်ကလည်း သားကျွဲမှု၊ မယားကျွဲမှုနဲ့ လုံးချာလိုက်နေတော့ ဘုန်းကြီးကျောင်း မရောက်တာကို ကြာလှပြီ။

ဘုန်းကြီးနဲ့လည်း စကားမပြောတတ်ဘူး။ ဘုရား၊ တရား၊ သံဃာဆိုတဲ့ ရတနာသုံးပါးကတော့ မေ့လို့မရဘူး။ အမြဲရွတ်ရတယ်။ ဆင်ဆိုတာ ဦးစီးကိုသတ်ဖို့ တစ်နေ့ လေးငါးကြိမ်လောက် ကြံနေတာဆိုတော့ ပေါ့လို့မရဘူး။ အမြဲတမ်းကို သတိထားပြီး နေရတာ။

ဒါတောင် တစ်ချက်ကလေးသတိလစ်သွားတာနဲ့ ကျုပ်မယ် ခံလိုက်ရတာ။ ကျုပ်မူးနေလို့ပြောတာ မဟုတ်ပါဘူး။ ဆင်သမားဆိုတော့ ပါးပါးလေးတော့ သောက်ထားရတာပေါ့ ဆရာရယ်။

မေတ္တာဆိုတာ အလျားအနံ မရှိပေမယ့် အသွားအပြန်တော့ ရှိတယ်လို့ ကျုပ်တို့ငယ်ငယ်က ခေတ်စားခဲ့တဲ့ ပန်းချီလေးဝင်းတို့၊ မြတ်လေးတို့၊ ထွန်းဝေတို့ ကက်ဆက်ဇာတ်လမ်းခွေထဲမှာ ကြားဖူးပါရဲ့။

အခု ကျုပ် အလုပ်ဝင်နေတဲ့ ပေဝါးဆင်စခန်းမှာ ဆင်အုပ်ကြီးဦးစိန်ရဲ့ ကက်ဆက်လေးနဲ့ အဆင်ကိုပြေနေတာပဲ။ ရွှေမန်းတင်မောင်ရဲ့ ရွှေကုန်သည်တို့၊ မောင်မှူးတို့ ရှိပါသေးဗျာ။ တခြားကက်ဆက်ခွေတော့ ဖွင့်သံမကြားဘူး။ တစ်ခါတလေ ကြာနီကန်တရားခွေတွေ ဘာတွေ ဖွင့်တယ်။ ကျုပ်တို့ကလည်း မနက်မလင်းခင်ကတည်းက တောထဲဝင်၊ ဆင်သွားထောက်နေရတော့ တရားခွေလည်း မနာနိုင်ပါဘူး ဆရာရယ်။

မေတ္တာမှာ အလျားအနံ မရှိဘူးဆိုလို့ ပြောရဦးမယ်။ ရှင်ဘုရင်ခေတ်တုန်းက ရနောင်မောင်မောင်တုတ်ဆိုတာ ရှိသတဲ့။ သူက မိန်းမတွေ အများကြီးယူထားတာဆိုပဲ။ တစ်နေ့တော့ မရွှေမြင့်ဆိုတဲ့ မင်းသမီးလေးကိုလည်း တွေ့ရော မြင်မြင်ချင်း ချစ်လွန်းကြိုက်လွန်းလို့ တော်ကောက်မယ်ကြံပါရော။

မင်းသမီး မရွှေမြင့်က အပျိုမဟုတ်ဘူး။ ကလေးနှစ်ယောက်နဲ့ လင်ရှိသတဲ့။ သူ့လင်နဲ့ကွာပြီးမှ တော်ကောက်ပါလို့ တောင်းပန်တာနဲ့ သူ့ဇာတိကို ပြန်လွှတ်လိုက်သတဲ့။ မင်းသမီး မရွှေမြင့်က မိန်းမတစ်ယောက်ကို ပိုက်ဆံငါးရာပေးပြီး သူ့လင်ကို စောင့်ရှောက်ဖို့ မှာခဲ့ရတာတဲ့။

ရနောင်မောင်မောင်တုတ်ကလည်း မာန်တက်နေတော့ သွားတာကြာတယ်ဆိုပြီး ဆင်နဲ့လိုက်ပြီး ခေါ်တာတဲ့။ အဲဒီမှာ မင်းသမီးမရွှေမြင့်ကို ဆင်ခိုးမလေးလို့ ခေါ်ကြတာတဲ့။ ဆင်ခိုးမလေးရဲ့ယောကျ်ားဆို ရူးမတတ်အောင်တောင် ခံစားရတာတဲ့။ ကိုယ်ချင်းစာကြည့်ပေါ့ ဆရာရယ်။ ကိုယ်ချစ်လို့ယူထားတဲ့

www.burmeseclassic.com

မယားကို သူတစ်ပါးက အနိုင်ကျင့်ပြီးယူသွားတာ ဘယ်လောက်များ အသည်းယားစရာကောင်းလဲ။ ရနောင်မောင်မောင်တုတ်ကလည်း ဆင်နိုးမလေးကို တော်တော်ကလေး ချစ်သတဲ့။

ရနောင်မောင်မောင်တုတ် ရာဇဝတ်သင့်လို့ အဖမ်းခံရတော့ ဆင်နိုးမလေးလည်း ကြိမ်ဒဏ်တောင် အရိုက်ခံရတာတဲ့။ ဆင်နိုးမလေးလည်း အကျယ်ချုပ်နဲ့ နေရရှာတာပေါ့ ဆရာရယ်။ မိဖုရားခေါင်ကြီးက ချစ်မြတ်နိုးလေတော့ ဆင်စိုးမလေးကို ယိုးဒယားအက သုံးနှစ် အသင်ခိုင်းသတဲ့။

နိုင်ငံအတွင်းမှာ ဆင်နိုးမလေးက လွဲပြီး မင်းသမီးမရှိစေရလို့တောင် အမိန့်ထုတ်တာတဲ့။ ရနောင်မောင်မောင်တုတ် ကြေးတိုက်ထဲမှာ သေသွားတော့ မိဖုရားခေါင်ကြီးက ဆင်နိုးမလေးကို လင်ပေးစားသတဲ့။ ဆင်နိုးမလေးက သူ့မှာ လင်ရှိပါတယ်ဆိုပြီး တောင်တွင်းကြီးမှာရှိတဲ့ ငယ်လင်၊ ငယ်မယား လယ်တော်အုပ်နဲ့ ပြန်ပေါင်းတာပေါ့။

အင်္ဂလိပ်တွေ အုပ်ချုပ်နေတဲ့ အချိန်ဆိုပေမယ့် မင်းသမီးဆင်နိုးမလေးကတော့ မြန်မာအနုပညာနဲ့ ဘဝကို ရပ်တည်ခဲ့ရတာပေါ့။ သီပေါမင်း ပါတော်မူတော့ ဆင်နိုးမလေးက ဖွဲ့နွဲ့ပြီး သီချင်းတွေဆိုလို့ ဆုတွေတောင် မနည်းဘူးရတာပဲ။

ရတနာဂီရိမှာ သီပေါမင်းရဲ့ သမီးတော်တွေ နားထွင်းမင်္ဂလာလုပ်တာတောင် ဆင်နိုးမလေးက သွားရောက်သီဆို ကပြခဲ့ရတာဆိုတော့ နိုင်ငံခြားမှာတောင် နာမည်ကျော်ခဲ့တာပေါ့ ဆရာရယ်။ ဆင်နိုးမလေးဟာ သူ့ရဲ့အနုပညာနဲ့ ပြည်သူကို အကျိုးပြုရင်း အသက် ၇၀ မှာ ဆုံးသွားတာတဲ့။

ကျုပ်က ဒီအကြောင်းတွေ ဘာဖြစ်လို့ပြောနေတာလဲဆိုတော့ ကျုပ်ပြောမှာလည်း ဆင်အကြောင်းဖြစ်နေလို့ပေါ့ ဆရာရယ်။ ကျုပ်က ဆင်ဦးစီးဆိုတော့ ဆင်အကြောင်းပဲသိတယ်။ ကျုပ်သိတာပ ကျုပ်ပြောမှာပေါ့။

ဆင်လို့ ပြောလိုက်တာနဲ့ သာမန်လူတွေဟာ အကောင်ကြီးကြီး။ အစွယ်ကြီးနဲ့ သစ်ဆွဲနေတဲ့ ဆင်တစ်ကောင်ကို မျက်စိထဲမြင်လာမှာပဲ။ ဆင်ဆိုတာ အင်မတန်အားကြီးတော့ သစ်ဆွဲတဲ့နေရာမှာ အသုံးဝင်တာပေါ့။ ဒါပေမယ့် သူ့ချည်းတော့ မရဘူးပေါ့။

ရင်သိုင်းကြိုးတို့ ဘာတို့ကို လူက လုပ်ပေးရတာပေါ့။ ဆင်ဆိုတာ ဘာသာစကား ၁၂ မျိုးလောက် တတ်တယ်လို့ ဆင်ပိုင် ကိုရဲမြင့် ပြောဖူးတယ်။ သူက စာအုပ်တွေဖတ်တော့ သိတာပေါ့ ဆရာရယ်။

ကျုပ်တို့ ဆင်လောကမှာ မိန်းသင်တယ်ဆိုတာ အသက် လေးနှစ်သားမှ သင်ရတာ။ ဥလေနပွဲတို့၊ မင်းညီနောင်တို့ ကန်တော့ပွဲနဲ့ တင်ရမြှောက်ရတာပေါ့။ အဲဒီလို မိန်းသင်ပြီး အသက် ၁၈ နှစ်ပြည့်တဲ့အခါ လုပ်သားဆင်အဖြစ်နဲ့ အလုပ်ဝင်တဲ့ အချိန်ကစပြီး အသက် ၅၀ အနားပေးတဲ့ အချိန်အထိ ဆရာတို့ လူတွေလို အထူးမွမ်းမံသင်တန်းတို့၊ စကားပြောသင်တန်းတို့ ဘယ်မှာတက်ရလို့တုံး

ကျုပ်တို့ လူတွေသာ နိုင်ငံခြားသွားတဲ့သူတွေ ကိုယ်သွားမယ့်နိုင်ငံက ဘာသာစကားကို အရင်သင်ပြီးမှ သွားကြရတာလို့ ကြားဖူးတယ်။ ကျုပ်ကတော့ နိုင်ငံခြားကို မရောက်ဖူးပါဘူး။ ဆင်လောကမှာ ဒါမျိုးတွေ မရှိဘူး။ တစ်ခါပဲ မိန်းသင်ရတယ်။

ဆင်ဦးစီးက ကျုပ်လို ကရင်ဆိုရင် ကရင်လို ခိုင်းလို့ရတယ်။ ကချင်လို ခိုင်းရင်လည်း ရတယ်။ ရှမ်းလိုခိုင်းရင်လည် လုပ်တာပဲ။ ကျုပ်တို့ ဆင်လောကမှာက လူမျိုးပေါင်းစုံရှိပေမယ့် စကားပြောသင်တန်း တက်စရာမလိုဘူး။ သူ့ဘာသူ့ အဆင်ကိုချောလို့။

ဒီလို တတ်သိလိမ္မာတဲ့ ဆင်တွေဟာ ၃၁ ဘုံသား ဖြစ်နေလေတော့ ကျုပ်တို့လူတွေလိုပဲ ချစ်ခြင်းတွေ၊ မုန်းခြင်းတွေ ဆင်တွေမှာလည်း ရှိတာပေါ့ ဆရာရယ်။ တချို့ ဆင်တွေဆိုရင် စိတ်ကူးယဉ်တာမျိုးတောင် ရှိတယ်။

ဆင်ကြံ့ကြံ့တယ်ဆိုတာ ကြားဖူးမှာပေါ့။ သူ့စိတ်ထဲမှာ အမြဲတမ်းကို ကြံ့စည်နေတတ်တာ။ ဒါကြောင့်လည်း နားနောက်မှာရှိတဲ့ မေးကြောကို ခြေနဲ့တို့ပြီး အမြဲသတိပေးနေရတာ။ ကျုပ်တို့ ဆင်သမားဘဝက မနက်လင်းလို့ မျက်စိနှစ်လုံးဖွင့်တာနဲ့ သတိထားရတော့တာပဲ။

ကိုယ်စီးရတဲ့ဆင်ရဲ့ အလေ့အထ အမူအကျင့်တွေကို အားလုံး သိထားရတယ်။ ဆင်တစ်ကောင်ကို စပြီးကိုင်ရပြီဆိုတာနဲ့ ဆင်နဲ့လူ ပညာဖွေ ပြိုင်ကြတော့တာဘဲ။ ဆင်တွေ ဘယ်လောက်ပဲလည်တယ်ပြောပြော နောက်ဆုံးတော့ ဉာဏ်များတဲ့ ဦးစီးရဲ့ ဒူးထောက်ရတော့တာပေါ့။



www.burmeseclassic.com

www.burmeseclassic.com

ဗန်းမော်ဘက်က ဆင်တစ်ကောင်ဝယ်ပြီး ကျုပ်တို့ ဆင်ဝိုင်းမှာ အလုပ်လာဝင်တာပေါ့။ သိန်း ၂၀ တောင် ပေးရတာတဲ့။ ဆင်ကတော့ စွယ်စုံပဲ။ နာမည်က စိန်တိုး။ သူ့ရဲ့ ဦးစီးက ကိုရဲမောင်တဲ့။ စိန်တိုးက ကိုး ဆယ်လောက်ရှိတယ်။

ခြေသုံးထိုင်လို့ခေါ်တဲ့ ရှေ့လက်နှစ်ချောင်းကမြင့်ပြီး နောက်ခြေနှစ်ချောင်းက နိမ့်နေတယ်။ ကျောကုန်းက ငှက်ပျောရွက်လေးလို ကိုင်းနေတော့ သစ်ဆွဲလို့ လွတ်ကောင်းတဲ့ ဆင်ဆိုပါတော့။ သိန်းနှစ်ဆယ်ကတော့ တန်ပါတယ်ဗျာ။

ကိုရဲမောင်နဲ့ကျုပ်က ဆင်ဝိုင်းတစ်ဝိုင်းတည်းဆိုပေမယ့်လို့ လူချင်းတော့ မဆုံဖြစ်ကြပါဘူး ဆရာရယ်။ ရင်းရင်းနှီးနှီးလည်း မရှိဘူး။ လုပ်ကွက်တွေက ခွဲထားတော့ လူချင်းမတွေ့ဖြစ်တာလည်း ပါတာပေါ့။ ကိုရဲမောင် ဆင်ဝိုင်းကိုရောက်လာတော့ သူ့ရဲ့မိန်းမ ဆွေဆွေဝင်းဆိုတာလည်း ဆင်ဝိုင်းကို ပါလာ

ဆင်ဦးစီးလုပ်ပြီး အသက်မွေးနေတာဆိုပေမယ့် ဆင်ကျမ်းကျေအောင်တော့ ကျုပ်လည်း အသေအချာမသိဘူး။ ဆင်လောကမှာ ကျုပ်မသိတာတွေ အများကြီးကိုရှိသေးတာ မပြောချင်လို့ မသိဘူးပြောတာ မဟုတ်ပါဘူး ဆရာရယ်။

ကျုပ်တို့ ဆင်သမားတွေဟာ လူတွေဆိုတော့ သားနဲ့ မယားနဲ့ ရှိတာပေါ့။ တောထဲက ဆင်ဝိုင်းမှာစုပြီး နေကြတော့ ရွာကလေးတစ်ရွာလိုပါပဲ။ စုစုစည်းစည်း ညီညီညွတ်ညွတ်နဲ့ ဇရစ်ရိုးတို့ ကြိမ်ဖူးတို့ကအစ မျှဝေပြီး စားကြတာပေါ့။ မြို့တွေ၊ ရွာတွေနဲ့ မနီးတဲ့ တောထဲမှာ နေကြရတာဆိုတော့ နည်းနည်း စရိုက်ကြမ်းတယ် ဆိုရမှာပေါ့။ ဆင်အုပ်ကြီးဦးစိန်ဆိုတာ ကျုပ်တို့ဆင်ဝိုင်းရဲ့ အုပ်ချုပ်သူ လူကြီးပေါ့။ သူ့စကားကို နားထောင်ကြရတယ်။ တောထဲမှာ ဆင်အကောင် သုံးလေးဆယ်နဲ့ သစ်ထုတ်နေကြတာဆိုတော့ ဆင်ခေါင်းတွေခွဲပြီး အုပ်ချုပ်ရတယ်။

မြို့မှာလို ငါ့ယောက်ျားက စိန်နားကပ်ဝယ်ပေးတာ၊ ပါတိတ်ဝယ်ပေးတာ ဒီလို ပကာသနတွေ မရှိဘူး။ သူ့ထိုက်နဲ့သူလို ရိုးသားတဲ့ ဘဝတွေပေါ့။ ဆရိုလက်တံကလေးလို ပုံမှန်ပဲ သွားလာလုပ်ရှားနေကြတာ။ ငါ့သားသမီးတွေကို ဘွဲ့ရပညာတတ်ကြီးဖြစ်အောင် ကြိုးစားမယ်လို့ ဘယ်မိဘကမှ စိတ်ကူးမယဉ်ဘူး။

ရေးတတ်၊ ဖတ်တတ် ဖားရာငါး လောက်တတ်ရင် တော်ပြီပေါ့။ ဒီလိုနဲ့ တောင်ရိုးထဲမှာ ဘဝတွေ ကုန်ဆုံးသွားခဲ့တာ အများကြီး။ သားတွေ၊ သမီးတွေနဲ့ မြေးတွေသာ ရသွားတယ်။ မိုးမိတ်ကို မရောက်ဖူးတဲ့လူတွေ ကျုပ်တို့ဆင်ဝိုင်းမှာ အများကြီး။

ဆင်အုပ်ကြီးကတော် ဒေါ်ချစ်မေကတော့ မိုးမိတ် စည်တဲ့အကြောင်း၊ တန်ခိုးကြီးဘုရားတွေ ရှိတဲ့အကြောင်း၊ မိုးမိတ်စော်ဘွားကြီး စပ်ခွန်ချို ချမ်းသာလိုက်ပုံများ နိုင်ငံခြားမှာ ပညာသွားသင်နေတဲ့ သားကိုလွမ်းတာတောင် ဘုရားတည်ပြီး လွမ်းတာတဲ့။ သူ့စိတ်ကူးရတဲ့ အခါမျိုးဆို ပြောပြတတ်တယ်။ ကျုပ်ကတော့ မိုးမိတ်ကို ဆင်ပိုင် ကိုရဲမြင့်ခေါ်လို့ မကြာမကြာ ရောက်ဖူးပါတယ်။ ဆေးရုံတက်တုန်းကတော့ အကြာကြီးပေါ့။ ကျုပ်ဆေးရုံကဆင်းလာတော့ ကျုပ်တို့ဆင်ဝိုင်းမှာ ဆင်တစ်ကောင် အလုပ်လာဝင်တယ်။ ဆင်ပိုင်က မဘိမ်းက ကိုချစ်တင်တဲ့။ သူလည်း ဆင်ပိုင် ကိုရဲမြင့်လို ဆင်တွေ အများကြီးပိုင်တဲ့သူပေါ့။

**အမြင်ချင်းတော့ တူချင်မှတူမှာပေါ့ ဆရာရယ်။ တောင်သူလယ်သမားအရေးတော်ပုံကို စတင်ခဲ့တဲ့ ဂဠုန်ဆရာစံဆိုရင် နယ်ချဲ့တွေဘက်ကကြည့်ရင် သူပုန်တဲ့။ ကျုပ်တို့ မြန်မာတွေဘက်က ကြည့်ရင်တော့ သူရဲကောင်းတဲ့။**



www.burmeseclassic.com

www.burmeseclassic.com

ခဲ့တာပေါ့ ဆရာရယ်။

စကားပြောရင် အဝင်းကလေ အဝင်းကလေနဲ့ ပြောတတ်တယ်။ တော်တော်က္ခလေးလည်း ချောတယ်ဆိုပါတော့။ သူတို့လင်မယား ရောက်လာမှ ကျုပ်တို့ဆင်ဝိုင်းတစ်ခုလုံး ပေါ်လစ်တင်ထားသလို ဝင်းပြောင်တောက်ပသွားတော့တာပဲ။

အဝင်းက အင်္ကျီစတွေ၊ ထဘီတွေ လခထုတ်ပေး အကြွေးရောင်းတော့ ဝယ်ကြတာပေါ့။ အလကားပေးတာကျနေတာပဲ။ ဟိုဟာယူမယ် ဒီဟာယူမယ်နဲ့ အဝင်းရဲ့ပုံစံကို ကျုပ်ကတော့ သိပ်ဘဝင်မကျဘူး။

ဘာဖြစ်လို့လဲဆိုတော့ သူက စကားပြောရင် ခြေပုတ်၊ လက်ပုတ် ပြောတတ်တာ။ သားသမီးကလည်းမရှိ၊ ဘာသာရေးလည်း နားမလည်ဘူး။ အဝင်းရောက်လာမှဘဲ မိတ်ကပ်တို့၊ ကာချယ်တို့၊ ဟတ်ချိုးတို့တဲ့ မခေါ်တတ်ပါဘူး။

တောထဲမှာ ရုပ်ရှင်လာရိုက်တာများ မှတ်နေသလား ပြောတတ်ပါဘူး ဆရာရယ်။ အဝင်းက ရုပ်ချောတယ်။ အပြောကောင်းတယ်။ ကျုပ် မကြိုက်ဆုံးအရာကတော့ ငွေသုံးကြမ်းတဲ့ဟာပဲ။ ကျုပ်နဲ့တော့ မပတ်သက်ပါဘူး။ အိမ်က မိန်းမတောင် အဝင်းရောက်လာမှ အဝတ်အစားအသစ်တွေ ဝယ်ပြီး ဂိုက်ပေးတွေ ကြမ်းနေတယ်။

ကျုပ်က အမြင်မတော်တော့ ပြောမိတာပေါ့။ ကိုယ်က ဆင်ဦးစီးမယား။ ကလေးအမေ။ လူမှာအဝတ်တောင်းမှာအကွပ်ဆိုပေမယ့် တော်ရုံပဲကောင်းတယ်။ ဒီလို ဝတ်ချင် စားချင်ရင် ပိုက်ဆံချမ်းသာတဲ့ ဆင်ပိုင်ကို ယူပါလားလို့ ကျုပ်လည်း ပြောပြစ်လိုက်တယ်။

ဘာပြောတယ် မှတ်လဲ။ သူများလုတာ မနာလိုလို့တဲ့။ ကြားလို့မှကောင်းသေးရဲ့လား။ ကိုယ့်မိန်းမလုတာ မနာလိုတဲ့ယောကျ်ား ရှိမယ်မထင်ပါဘူး။ ကျုပ်လည်း စကားမများချင်တာနဲ့ ဆင်အုပ်ကြီးတို့တဲဘက် ထွက်လာခဲ့တာပေါ့။

ဟိုရောက်တော့ ဝိုင်းကကောင်းနေပြီ။ ဆင်လုပ်သားတွေစုပြီး အရက်သောက်ရင်း စကားပြောကြတာပေါ့။ ကချင်ကလာတဲ့သူက ကချင်အကြောင်း မုံတောင်ကလာတဲ့လူကလည်း မုံတောင်အကြောင်း ဒီလိုပြောကြတာပေါ့။

ကိုယ်စီးရတဲ့ဆင် လိမ္မာတဲ့အကြောင်းကတော့ အများဆုံးပေါ့။ ကျုပ်တို့ ဆင်လုပ်သားတွေ အများစုက အိမ်ထောင် အိမ်ထောင်သည်တွေပဲ။ လူပျိုဆိုလို့ နှစ်ယောက်လားရှိတယ်။ ဆင်လုပ်သားတွေအားလုံး အရက်သောက်ကြ၊ ဘိန်းရှုကြနဲ့ ဘယ်သူကမှ တောထဲလာပြီး အရက်ရဲ့ဆိုးကျိုးတွေ မူးယစ်ဆေးရဲ့ ဆိုးကျိုးတွေ လာပြီး တရားမဟောဘူး။

ကိုယ်ကြိုက်တာကိုယ်လုပ်၊ ကိုယ်ဖြစ်ရင်တော့ ကိုယ်ခံပဲ။ ဘယ်သူကမှ လာပြီး ကူညီကြမှာတော့ မဟုတ်ဘူး။ ဒါကို သိထားဖို့တော့ လိုတယ်။ ငါ့ဆင်ပိုင်က သဘောကောင်းတယ်ဆိုပြီး ထင်ရာမြင်ရာ သွားတော့မလုပ်လေနဲ့။ မိဘမဟုတ်ဘူး။

အတိုင်းအတာ တစ်ခုအနေနဲ့တော့ ကူညီလိမ့်မယ်။ အတိုင်းအတာလွန်လာရင်တော့ ဘယ်ရလိမ့်မလဲ။ ဆင်အုပ်ကြီးကတော့ အလုပ်ကို ပီပီပြင်ပြင်လုပ်ဖို့ မှာတာပေါ့။ အခက်အခဲရှိလို့ သူတို့ပြောရင် တတ်နိုင်သမျှ ကူညီမှာပေါ့။

တောကောင်ရေမြေ ဆိုတာ သဘာဝအတိုင်း သူ့ဟာသူ ပြောင်းလဲနေတော့။ ကျုပ်တို့လူတွေက အလိုက်သင့်လေး နေပေးဖို့တော့ လိုတာပေါ့။ ဆောင်းတွင်းမှာ ချမ်းတယ်ဆိုရင် အနွေးထည်ဝတ်မယ်၊ စောင်ခြုံမယ်၊ မီးလှုံမယ်။

ကိုယ့်အသက်ကို ကြံဖန်မွေးရမှာပေါ့။ အရက်နင်းကန်သောက်၊ ရင်ဘတ်ဟောင်းလောင်းနဲ့ နှင်းတောထဲမှာအိပ်၊ အအေးပတ်လို့ သေသွားရင် ဘယ်သူမှ မသနားဘူး။ ယူဆိုတာ သေမျိုးလို့ ဆိုပေမယ့် သေတာတောင် သနားအောင် သေတတ်ဖို့ လိုတယ်လို့ ဆင်အုပ်ကြီးက ပြောတယ်။ မှတ်တောင်ထားရဦးမယ်ဗျာ။ သေမှတော့ ဘယ်လိုလုပ် သိမှာတုံး။ သူပြောသလို သနားအောင် ဘယ်လိုသေရမှန်းမှ မသိတာ။

မိသားစုကို သနားသဖြင့် ရှာဖွေကျွေးမွေးရမှာတဲ့။ ကျုပ်တို့ကပဲ မတရားရှာကျွေးနေတာကျနေတာပဲ။ ရပ်ရွာအတွက် အကျိုးရှိအောင် လုပ်ရမယ်၊ တိုင်းပြည်အတွက် အကျိုးရှိအောင် လုပ်ရမယ်တဲ့။

တောထဲက ဆင်ဝိုင်းမှာ မိသားစုလိုက်လာနေမှတော့ ရပ်ရွာအကျိုး ဘာမှလုပ်မပေးနိုင်ဘူး။ ဒီတော့ မခက်ပေဘူးလား။ လူမှုရေး၊ ဘာသာရေး၊ စီးပွားရေးနဲ့ စစ်ရေးတွေမှာ ထူးချွန်အောင်



www.burmeseclassic.com

www.burmeseclassic.com

စွမ်းဆောင်ခဲ့တဲ့သူတွေကို သောတာ တောင်မှ ပြည်သူတွေ အမြဲတမ်း သတိရနေကြတာလို့ ပြောတယ်။

အမြင်ချင်းတော့ တူချင်မှတူမှာပေါ့ ဆရာရယ်။ တောင်သူလယ်သမားအရေးတော်ပုံကို စတင်ခဲ့တဲ့ ဂဠုန်ဆရာစံဆိုရင် နယ်ချဲ့တွေဘက်က ကြည့်ရင် သူပုန်တဲ့။ ကျုပ်တို့ မြန်မာတွေဘက်က ကြည့်ရင်တော့ သူ့ရဲ ကောင်းတဲ့။ ဒါတွေဟာ တကယ်ဟုတ်လို့ပေါ့ ဆရာရယ်။

အဲဒါမျိုး အမြင်မတူတာတွေ လောကကြီးမှာ အများကြီးရှိမှာပေါ့။ ကျုပ်တို့ဘဝက တောထဲမှာမွေး။ တောထဲမှာပဲနေကြရတော့ ဒါမျိုးတွေ သိစရာ မလိုဘူး။ သိအောင်လည်း မလေ့လာဘူး။ သူများပြောမှသိရတာ။ ကျုပ်သိတာကတော့ ဆင်အကြောင်းပဲ။ ကျုပ်မိသားစုကို ဆင်က လုပ်ကိုင်ကျွေးနေတာကို ဆရာရဲ့။ ကျုပ်ဘဝနဲ့ ကျုပ်မိသားစုဘဝကတော့ ဘာမှမလိုပါဘူး။ ကျုပ်မှာ သားတစ်ယောက်၊ သမီးတစ်ယောက် မွေးထားတယ်။

ကျုပ်သားကြီးလာရင် ကျုပ်လိုဆင်ဦးစီးပဲဖြစ်မှာ။ သမီးကြီးလာရင် သူ့အမေလို ဆင်ဦးစီးကတော်ပဲ ဖြစ်လာမှာ။ ဒါပြီးပြီပေါ့။ ရွာထဲမှာ အိမ်တွေယာတွေနဲ့ တခမ်းတနားနေဖို့လည်း ကျုပ်ဘဝမှာ စိတ်ကူးမရှိဘူး။

နေရအောင်လည်း အချိန်မပေးဘူး။ နွေရာသီ သစ်ဆွဲနားတဲ့အခါဆင်ဝိုင်းမှာပဲ ဆင်ကျောင်းရင်းနဲ့ နေရတာ။ ဆင်တစ်ကောင်ကို အစာဝယ်ကျွေးရရင် ဘယ်ချောင်လိမ့်မလဲ။ တချို့ဆင်ဦးစီးတွေက စိတ်ကူးယဉ်ဖူးတယ်။

ဒီဘဝကလွတ်အောင် သမီးလေးကို မြို့မှာ ကျောင်းထားပေးတယ်။ ဘွဲ့ရပညာတတ်ကြီးဖြစ်အောင်ပေါ့။ ၁၀ တန်းလောက်အောင်လို့ ကျောင်းဆရာမဖြစ်ရင်တောင် ဒီဘဝကလွတ်ပြီ။ သမီးအားကိုးနဲ့ မြို့မှာ အေးအေးချမ်းချမ်းနေနိုင်ပြီဆိုပြီး အရိပ်တကြည့်ကြည့်နဲ့အားကိုးရှာတယ်။

သမီးလေးက တော်ရှာပါတယ်။ ၁၀ တန်းတောင် မအောင်ဘူး။ လင်နောက်လိုက်သွားတယ်။

# ကိုယ်စီးရတဲ့ဆင် သနပ်ခါးလိမ်းပြီး ပန်းပန်တယ် ဆိုရင်တော့ ဦးစီးရဲ့ မယားလင်ငယ်နေလို့ပေါ့ ဆရာရယ်။ ဆင်လောကမှာ လူတိုင်းသိထားတဲ့ အရာတစ်ခုပဲ။

သူကတော့ ခေတ်မီတယ် ဆိုရမှာပဲ။ မအေလို ဆင်ဦးစီးကိုမယူဘူး။ ကားသမားကို ယူတာပေါ့။ သူယူတဲ့ ကားသမားက သစ်ကားမောင်းတဲ့သူဆိုတော့ သမက်နဲ့မြေး ထိန်းရတဲ့အလုပ်တောင် ရလိုက်သေး။

ဘဝဆိုတာ ကိုယ်ဖြစ်ချင်တဲ့အတိုင်းတော့ ဖြစ်လာမှာတော့ မဟုတ်ဘူး။ ဖြစ်ချင်တိုင်းသာ ဖြစ်မယ်ဆိုရင် ဆင်ဦးစီးတော့ မလုပ်ချင်ဘူး။ လေယာဉ်ပျံဦးစီး...အဲလေ.. မောင်းလို လေယာဉ်ပျံမောင်းတဲ့သူ ဖြစ်ချင်တာပေါ့ ဆရာရယ်။

ဖြစ်ချင်တာ မဖြစ်တဲ့ဘဝမှာ ဖြစ်နေတဲ့ဘဝကိုပဲ အကောင်းဆုံး ရင်ဆိုင်ရမှာပေါ့။ ဒီလိုဘဝတွေထဲမှာ ကျုပ်နဲ့တဲချင်းကပ်နေတဲ့ အဘဖော်နဇော် ကိုလွန်းဖေ၊ ကိုမြမောင်၊ ကိုတင်အေး၊ ကိုသန်းအောင်တို့ ရဲမောင်တို့ ရှိကြတယ်။

ခင်ရာဆွေမျိုး ဆိုသလို မရှိအတူဝိုင်းပြီးစားသောက် ကြတာပေါ့။ အဘဖော်က ကချင်လူမျိုး။ အသက်လည်းကြီးပြီး သားတောက်သမီးခဲ မရှိဘူး။ တူ၊ တူမတွေပဲ အမျိုးအရင်း ရှိတော့တာ။ အသက်ကြီးပေမယ့် မပျက်စီးသေးဘူးဆိုသလို ကျုပ်တို့ လူငယ်တွေနဲ့တန်းတူလိုက်နိုင်တယ်။

အရက်လည်း တအားကြိုက်တယ်။ သူစီးရတဲ့ဆင်က ကံကြီးမောင်လို့ခေါ်တဲ့ စွယ်စုံဆင်ကြီးဆိုတော့ ဆင်ကောင်းတာလည်း ပါတာပေါ့ ဆရာရယ်။ ဆင်သမားတိုင်း အရက်သောက်ကြပေမယ့် ကိုရဲမောင်ကတော့ အရက်



www.burmeseclassic.com

www.burmeseclassic.com

မသောက်ဘူး။

သူက ဘိန်းစွဲနေတာ။ ကျုပ်တို့ ဆင်လောကမှာ စကားတစ်ခွန်းရှိတယ် ဆရာရဲ့။ စိမ်းကားတော့ ဘုရားဖြစ်သတဲ့၊ ဘိန်းစားတော့ မယားချစ်သတဲ့။ ဘယ်လိုအဓိပ္ပာယ်ဆိုတာတော့ ကျုပ်လည်း ဘိန်းစားမဟုတ်လေတော့ အသေအချာ မသိဘူး။

မေးလည်း မကြည့်မိပါဘူး။ သူများပြောတာသာ ကြားဖူးတာပါ။ ကိုရဲမောင်တို့လင်မယား ရောက်လာမှ ကက်ဆက်ခွေတွေတောင် အသစ်တွေရောက်လာသံ ကြားရတော့တာပဲ။ မေဆွိရဲ့ ကိုကိုရေတဲ့။ ကြုံကြုံဖန်ဖန်ဗျာ။

မြို့မှာ အသစ်တစ်ခွေ ၂၅/ တောင် ပေးရတာဆိုပဲ။ ရောင်းအားအကောင်းဆုံး ကက်ဆက်ခွေလို့ပြောတယ်။ ကျုပ်တို့ ဆင်ဝိုင်းကလူတွေတောင် ကြိုက်လွန်းလို့ ကက်ဆက်ခွေငှားပြီး မဘိမ်းမှာ သွားကူးပြီး ဖွင့်လိုက်ကြတာ နေ့ရော ညရော ကိုကိုရေပဲ။

ခေတ်ကိုက တိုးတက်ပြောင်းလဲလာတာကို ဆရာရဲ့၊ ကျုပ်တို့ကတော့ သီချင်းဆိုရင် တွံတေးသိန်းတန်တို့၊ မာမာအေးတို့မှ နားထဲဝင်တာ။ အရင်ခေတ်က ခေတ်ပြား။ အခု တိတ်ခွေနဲ့ ပြောင်းလဲလာကြတာပေါ့။ လူငယ်တွေနဲ့တော့ အကြိုက်ချင်း ဘယ်တူနိုင်ပါ့မလဲ။ အကြိုက်ချင်းတူရင်လည်း ဓားနဲ့ တက်ခုတ်ရုံ ရှိတော့တာပဲ။

အဝင်းကတော့ သူ့လင် ကိုရဲမောင်ကို တော်တော်ကလေး ချစ်တာ။ ဘိန်းစားလို့လားတော့ မပြောတတ်ပါဘူး။ သူတို့ တဲနားမှာ ကိုရဲမောင်က အဝင်းရေချိုးဖို့ သက်ငယ်နဲ့ကာပြီး အခန်းလုပ်ပေးထားတယ်။

ပလီတာပါ ဆရာရယ်။ ကျုပ်တို့ တစ်ဝိုင်းမှာ တစ်ခါမှ မတွေ့ဖူးပါဘူး။ ရေချိုးဖို့ အခန်းလုပ်ပေးတယ်ဆိုတာ ကျုပ်တို့ဖြင့် ဆင်ရော လူရော နမ်းမော်ချောင်းထဲ ဆင်းချိုးကြတာ ကြာလှပေါ့။ အဝင်းကလည်း မြင်သူတကာငေးအောင်လှတဲ့သူဆိုတော့ ဒီလောက်တော့ ရှိမှာပေါ့။

လှတဲ့မိန်းမတွေဟာ ကြောက်စရာကောင်းတယ်လို့ ကျုပ်တော့ သူများပြောတာ ကြားဖူးတာပဲ။ ကိုရဲမောင်က သူ့မိန်းမအဝင်း လိမ္မာကြောင်း၊ လင်ကိုချစ်တဲ့အကြောင်း တဖွဖွပြောပါတယ်ဗျာ။ လင်နဲ့မယားဆိုဟာ ချစ်လို့ညားတာပေါ့ ဆရာရယ် မဟုတ်ဘူးလား။

ချစ်တိုင်းမညား။ ညားတိုင်းမချစ်ဆိုတာမျိုးတော့ ရှိချင်လည်း ရှိမှာပေါ့။ အားလုံးကိုတော့ မဆိုလိုပါဘူး။ ကျုပ်က ဗဟုသုတမရှိလို့ မသိတာတွေလည်း ရှိချင်ရှိမှာပေါ့။ လူ့လောကမှာ ကိုယ်မသိတာတွေက အများကြီး။

ရန်ကုန်မရောက်ဖူးတာနဲ့ ရန်ကုန်မရှိဘူးလို့ ပြောလို့မရဘူး။ ဒီသဘောတော့ ရှိမှာပေါ့။ ကိုယ်မမြင်ရလို့ မယုံဘူးလို့တော့ ကျုပ်မပြောပါဘူး။ အဘဖော်ပြောလိုက်တဲ့စကားကြောင့် ကျုပ်ဖြင့် ခေါင်းတောင်ကြီးသွားတယ်။

ဆင်လောကမှာ ဒါမျိုးဆိုတာ ကျုပ်ဖြင့် တစ်ခါမှကို မကြားဖူးဘူး။ မကြုံဖူးဘူး။ အဘဖော်က သူကိုယ်တိုင်မြင်ခဲ့တာဆိုတော့ ကာယကံရှင်က မသိဘူးလား။ သိပါရက်နဲ့ မသိချင်ယောင်ဆောင်နေတာလား ဆိုတာကိုတော့ ကျုပ်လည်း မပြောတတ်ဘူး။

ကျုပ်ပြောပါတယ် ဆရာရယ်။ ကျုပ်က ဘာမှမသိပါဘူးလို့။ ကျုပ်တစ်သက်တော့ တစ်ခါမှကို မကြုံဖူးခဲ့ဘူး။ မကြုံဖူးလို့ မယုံဖူးလို့တော့ ကျုပ်မပြောရဲဘူး။ ယုံတယ်ဆိုရင်တော့ ပြဿနာက အကြီးကြီးကို ဖြစ်သွားပြီ။

ဆင်ဆိုတာ လူတွေနားမလည်နိုင်တဲ့ သတ္တဝါပဲ။ အနည်းဆုံး သူသေမယ့်ရက်ကို သူသိတယ်။ လောကဓာတ်ပညာနဲ့ ဘယ်လို တိုင်းတာကြမလဲ။ အဘဖော်ပြောတာကတော့ အလုပ်နားနေတုန်း ဟင်းစားရအောင် အကောင်လိုက်ပစ်ရင်း စွယ်စုံဆင်ပေါက် စိန်ကိုးနဲ့တွေ့ခဲ့တာတဲ့၊ တွေ့တာက ရိုးရိုးတွေ့တာ မဟုတ်ဘူး။ ရှယ်ကို တွေ့ခဲ့တာ။ စိန်တိုးရဲ့ပါးမှာ ရွှံ့တွေကို သနပ်ခါးလိမ်းထားတာတဲ့။ နားရွက်ကြားမှာလည်း နဘူးပန်းတွေ ပန်ထားသတဲ့။

ကိုယ်စီးရတဲ့ဆင် သနပ်ခါးလိမ်းပြီး ပန်းပန်တယ်ဆိုရင်တော့ ဦးစီးရဲ့ မယား လင်ငယ်နေလို့ပေါ့ ဆရာရယ်။ ဆင်လောကမှာ လူတိုင်းသိထားတဲ့ အရာတစ်ခုပဲ။ ကိုရဲမောင် က ဘိန်းစားဆိုပေမယ့် စိန်တိုးနဲ့ အချိန်ပြည့်တွေ့နေရတာ သူက မသိဘူးလား။

သိရက်နဲ့ မသိချင်ယောင်ဆောင်နေတာလားဆိုတာကိုတော့ ကျုပ်တော့ မသိဘူး။ ကိုရဲမောင်ပဲ သိလိမ့်မယ်။ ဆင်ဝိုင်းမှာဖြစ်တဲ့ ပြဿနာဆိုတော့ ဆင်အုပ်ကြီးကိုတော့ အသိပေးထားမှဖြစ်မှာ။ သူက လူကြီးဆိုတော့ အတွေ့အကြုံရှိတယ်။



www.burmeseclassic.com

www.burmeseclassic.com

သူ့ခီက အကြံဉာဏ်တွေ ရနိုင်တာပေါ့။ ကျုပ်က အိမ်က မိန်းမတောင်ပြောတာမဟုတ်ဘူး။ သူက အဝင်းနဲ့ခင်တဲ့သူဆိုတော့ ပြောလို့မဖြစ်ဘူး။ ကျုပ်ရယ်၊ အဘဖော်ရယ် ဆင်အုပ်ကြီးဆီသွားပြီး စကားပြောကြတာပေါ့။

အဘဖော်က ကချင်လူမျိုးဆိုတော့ ဘာမှ ဝေ့ဝိုက်မနေဘူး။ ဆင်တွေ သနပ်ခါးလိမ်းရင် ဘာဖြစ်တတ်သလဲလို့ ဆင်အုပ်ကြီးကို မေးတယ်။ ဆင်အုပ်ကြီးကလည်း ပေါ်တင်ကြီးပြောတယ်။ မိန်းမ လင်ငယ်နေလို့ပေါ့တဲ့။ ဆင်သမားလုပ်ပြီး ဒါလေးတောင် မသိဘူးလားတဲ့။ ဆင်ဝိုင်းမှာ ခင်ဖျားအသက်အကြီးဆုံး။ မယားမရှိ၊ သားမရှိနဲ့ ခင်ဖျားဆင်က ဘယ်လို သနပ်ခါးလိမ်းရတာတုန်းလို့ ပြောတယ်။

အဘဖော်ကလည်း ကျုပ်ဆင်မဟုတ်ဘူး။ နောက်မှ အလုပ်လာဝင်တဲ့ စိန်တိုးလို့ ပြောလိုက်တော့ မင်းတို့မဟုတ်တာတွေ မပြောကြပါနဲ့ကွာလို့ပြောတယ်။ အဲဒါကို တဲထဲမှာ ထမင်းချက်နေတဲ့ ဆင်အုပ်ကြီးကတော် အရည်းဒေါ်ချစ်မေက ဘာတွေမဟုတ်တာတွေ ပြောနေတာလဲလို့ လှမ်းမေးတယ်။

ဆင်အုပ်ကြီးက မြို့မှာ ဘိန်းစားတွေကို ရဲက ဖမ်းနေလို့တဲ့လို့ ပြောလိုက်တော့ အလိုတော် ဘိန်းစားတိုင်းသာ ရဲက ဖမ်းရရင် ကျုပ်တို့ဆင်ဝိုင်းမှာတောင်ကျန်မှာ မဟုတ်ဘူးတဲ့။ ကဲကိုယ်နဲ့မဆိုင် မရွှေကြိုင်ရေ ငါတို့ဆင်ဝိုင်းထဲ ဝင်မရှုပ်စမ်းပါနဲ့လို့ပြောပြီး အသံနိမ့်ပြီး သေချာရဲ့လားကွာလို့ပြောတယ်။

အဘဖော်ကလည်း ကျုပ် ဘယ်တုန်းက မဟုတ်တာ ပြောဖူးလို့တုံး။ ကျုပ်ကိုယ်တိုင်မြင်ခဲ့လို့ ဆင်အုပ်ကြီးကို လာပြောတာ။ သူ့ရဲ့ ဦးစီး ရဲမောင်က မသိဘဲနေပါ့မလား။ မသိချင်ယောင်ဆောင်နေရင်တော့ ကျုပ်လည်း မပြောတတ်ဘူးလို့ ပြောတယ်။

ဆင်အုပ်ကြီးက မင်းတို့ ဒီကိစ္စဘယ်သူမှ လျှောက်မပြောကြနဲ့ဦး။ ငါအကောင်းဆုံးဖြစ်အောင် စီစဉ်မယ်လို့ပြောတယ်။ ဆင်ဝိုင်းမှာ တာဝန်အရှိဆုံးသူဆိုတော့ မဖြစ်သင့်တာတွေ မဖြစ်အောင် သူတတ်နိုင်သလောက် အစွမ်းကုန်လုပ်ပေးမှာ နေမှာပေါ့။

အတွေ့အကြုံ ရင့်ကျက်နေတဲ့ဆင်အုပ်ကြီးကတော့ သားရွှေအိုးထမ်းလာတာကို မြင်ချင်တာနဲ့ တူပါရဲ့။ ဆင်ဝိုင်းမှာ ဘာဖြစ်ရင် ဘယ်လိုလုပ်မယ်ဆိုတဲ့ အကြံအစည်တွေ သူက ကြံပြီးတွေးထားမှာပေါ့။

နမ့်မော်ချောင်းထဲမှာ ဆင်တွေရေချနေတော့ ဆင်ဦးစီး ကိုစိန်မြကဖထီး ဟိုသတင်း ကြားပြီးပြီလားလို့ကျုပ်ကိုမေးတယ်။ ကျုပ်က ဘာကိုကြားရမှာတုံး။ ကျုပ်က အမြဲတမ်းမူးနေတော့ ဘာမှမကြားမိပါဘူးလို့ ပြောလိုက်တယ်။

ဖထီးကသာ မူးနေလို့ ဘာမှမသိတာ။ သတင်းကတော့ ဟိုးဟိုးကို ကျော်နေတာပဲတဲ့။ ဘာသတင်းတွေများ ဟိုးဟိုးကျော်နေတာလဲလို့ ကျုပ်ကမေးတော့ အဝင်းက မြို့မှာ လင်ငယ်ရှိတယ်လို့ ကိုစိန်မြက ပြောတယ်။

ဒီမှာ . . . တောက်တီးတောက်တက်။ ဟုတ်ရေဟုတ်ရဲ့လား ကိုစိန်မြရယ်။ မတော် ကိုရဲမောင်ကြီးကြားသွားရင် အားနာစရာကြီးလို့ ကျုပ်ကပြောလိုက်တော့ ကိုမြမောင်က ဖထီးကလည်း မကောင်းလို့ မကောင်းဘူးပြောတာ ဘာမှ အားနာစရာမလိုဘူး။

အဝင်းက အထည်တွေရောင်းတာ အကြောင်းပြပြီး မြို့မှာ လင်ငယ်နဲ့နှစ်ပါးသွားကနေတာ မကြားချင်မှအဆုံးဘဲတဲ့။ ရုပ်ကလေး သနားကမားနဲ့အကျင့်ကကောင်းတာမဟုတ်ဘူး။ လင်ငယ်က ကားသမားဆိုတော့ ငွေထောလို့နေမှာပေါ့။

ကားသမားဆိုတာက လူလည်တွေ။ သူလို မနှမနပ်ကို တူးခတ်ပြီးထားလိုက်မှာပေါ့။ ကိုရဲမောင်ဘိန်းစားကလည်း စိန်တိုးပြောတာကို မယုံဘူးဆိုတော့ အချစ်ဆေးမိနေတာ နေမှာပေါ့လို့ပြောတယ် ဆရာရဲ့။

နေပါဦး ကိုမြမောင်ရဲ့ ခင်ဖျားပြောတဲ့ အချစ်ဆေးက ဘယ်ဆိုင်မှာဝယ်ရင် ရသလဲ။ ကျုပ်လည်း တစ်ဖုံလောက် ဝယ်ချင်လို့ပါလို့ ပြောလိုက်တော့ ကိုမြမောင်က ဒါမျိုးတွေ ဖထီးမသိဘူးတဲ့။ မသိလို့ ကျုပ်က မေးတာပေါ့။ တစ်နေ့တော့ ဖထီး သိလာလိမ့်မယ်ပြောပြီး သူ့ဆင်ကြီး ကိုစိန်ကြီးစီးပြီး ချောင်းထဲကနေ တက်သွားတယ်။

သူများအပူ ကိုယ့်အပူ ဖြစ်နေပါပြီ။ သတင်းကတော့ အတော်လေးကိုသင်းနေတာပဲ။ သူတို့လင်မယားကတော့ အစားမပျက်၊ အသွားမပျက်ပဲ။ ဒီလို လူမှုရေးဖောက်ပြန်မှုတွေက ရှိ



www.burmeseclassic.com

www.burmeseclassic.com

ဘုရင်လက်ထက်ကတည်းက ရှိခဲ့တယ် ဆိုပေမယ့် သူလင်တောင် မသိတဲ့ကိစ္စကို ဆင်က ဘယ်လိုသိတာလဲ။

စိတ်ဝင်စားစရာတော့ အတော်ကောင်းတာတဲ့။ ဒီကိစ္စကို ကျုပ်လည်း ဉာဏ်မမီးဘူး။ ညဉ့်ရောက်တော့ ကျုပ်မိန်းမက အဝင်းတို့လင်မယားတော့ ဒုက္ခရောက်တော့မယ် ထင်တယ်လို့ ကျုပ်ကို လာပြောတယ်။ မင်းကလည်း ကွာ အရင်းမရှိ မဖျားမရှိ အဝင်းတို့လင်မယားက ဘာလုပ်လို့ ဒုက္ခရောက်ရမှာတုံးလို့ ကျုပ်ကပြောတော့ အဝင်းကို ငွေအရင်းထုတ်ပေးတဲ့သူက လူပါသိမ်းလိုက်တာလို့ ကြားတာဘဲ။ အဝင်းက ချောတယ်။ ခေတ်ဆန်တယ်။ ငွေသုံးကြမ်းတယ်။

ဒီခုလည်း အထည်ဖိုးတွေစုပြီး မြို့ကိုတက်သွားတာ မြို့မှာ ဖဲဝိုင်းတွေ့လို့ ဝင်ရိုက်တာ ပါသမျှငွေတွေ ဖဲရှုံးကုန်တာတဲ့။ မင်းဟာက ဟုတ်ရဲ့လားကွာ။ မိန်းမတွေ ဖဲရိုက်တာ ငါဖြင့် တစ်ခါမှ မတွေ့ဖူးဘူးလို့ ကျုပ်က ပြောလိုက်တော့···

မိန်းမတွေ ဖဲရိုက်တာ တော်က မြင်ဖူးရအောင် မိုးမလင်းခင်ကတည်းက မိဖြူနဲ့ စိန်ပြေးတမ်းကစားနေတော့ ဘယ်လိုလုပ်ပြီး မြင်ဖူးမှာလဲ။ အဝင်းက ဖဲတွေရှုံးတော့ အထည်ဖိုးငွေတွေ မပေးနိုင်ဘူး။ အဲဒီဖဲဝိုင်းမှာ ကားသမားတစ်ယောက်က ကူညီတဲ့အနေနဲ့ ပိုက်ဆံတွေ ထုတ်ပေးတာတဲ့။

အဝင်းကလည်း အရမ်းကို ကျေးဇူးတင်တာပေါ့။ ကျေးဇူးတင်လို့ ကျေးဇူးဆပ်တယ်။ ဟာ···ဒါဆို အဝင်းက။ အဲဒါ တော့်ကိစ္စမဟုတ်ဘူး။ တော့်ကိစ္စက ကျုပ်သားအရွယ်ရောက်လာရင် ရှင်ပြုပေးဖို့ ခေါင်းထဲထည့်ထား။ ဒါမှ ကျုပ်တို့ အလှူဒကာ အလှူအမ ဖြစ်မှာတဲ့။

သူကလည်း သူ့စိတ်ကူးနဲ့သူတော့ ဟုတ်နေတာပဲ။ မိန်းမဆိုတာက စပ်စုတယ်။ သူတို့ဆီက သတင်းတွေက တစ်ခါတလေ မြန်မာ့အသံထက်တောင် မှန်သေးတယ်။ ကိုရဲမောင်ကြီးပဲ သနားတာပါ။ လုတာမက်ရင် ညစာခက်တယ်ဆိုတဲ့စကား ဟုတ်လေလား မသိပါဘူး ဆရာရယ်။

ကျုပ်က ဆင်သမားဆိုတော့ ဆင်လုပ်သား မိသားစုတွေ ချစ်ချစ်ခင်ခင် ပျော်ပျော်ရွှင်ရွှင် နေကြတာကိုပဲ မြင်ချင်တာပေါ့။ သူတို့ဆီက ဘာမှ မမျှော်လင့်ပါဘူး။ ဆင်သမားဆိုတာက အသက်နဲ့ရင်းပြီး လုပ်ကိုင်နေကြရတာ။

ဆင်ဆိုတာ အချိန်မရွေး အသက်အန္တရာယ်ကို ရန်ရှာနိုင်တယ်။ စည်းဆိုတာ မဖောက်ရဘူး။ သူ့စည်းကိုယ့်စည်းပေါ့။ စည်းဖောက်ရင်တော့ ခံရမှာပဲ။ ဘာကြာလို့တုံး ဆရာရယ်။ စွယ်စုံဆင်ပေါက် စိန်တိုးက ဦးစီးကိုရဲမောင်ကို နင်းသတ်ပစ်တာ ဂုန်နီအိတ်နဲ့ ထုပ်ယူရတယ်။

စိန်တိုးက တောထဲဝင်ပြေးလို့ ကွန်ကျို(ဖမ်းဆင်)တစ်ကောင်နဲ့ စွယ်စုံဆင်တွေစုပြီး လိုက်ဖမ်းကြလေရဲ့။ လူသတ်ထားတဲ့ဆင်ဆိုတော့ လွှတ်ထားလို့မှ မရတာ။

အဝင်းကလည်း လင်ငယ်နောက်လိုက်ပြေးတာ လမ်းမှာ ကားမှောက်လို့ သေရော။ ဆေးရုံမှာ ဆရာဝန်က ဗိုက်ခွဲကြည့်တော့ အဝင်းမှာ ကိုယ်ဝန်နဲ့တဲ့။ ဘယ်သူနဲ့ရတဲ့ ကိုယ်ဝန်ဆိုတာတော့ ကျုပ်လည်း မသိဘူး။ ကာယကံရှင် အဝင်းပဲ သိလိမ့်မယ်။

ဒီလိုအဖြစ်မျိုး ကျုပ်တစ်သက်တစ်ခါမှကို မကြုံဖူးပါဘူး။ စိတ်ထဲလည်း မကောင်းဘူး။ ကိုယ့်ထက်ငယ်ပြီး ရုပ်ချောတဲ့ မိန်းမတစ်ယောက်ကို ယူခဲ့မိတဲ့ ကိုရဲမောင်ရဲ့အဖြစ်က တကယ့်ကို ရင်နာစရာပါပဲ။

နတ်ကတော် ဒေါ်နန်းမြ ပြောတာကတော့ မိဆိုင် ဖဆိုင် ရိုးရာမတင်လို့ နတ်ကိုင်တာလို့ ပြောတာပဲ။ ဒါမျိုးတွေက ကျုပ်တို့ ဆင်လောကမှာ မယုံလို့ကလည်း မရပြန်ဘူး။ ယုံရှယ်သုံးမို့ မေတ္တာမျက်ကန်း တဇွဲမကြောက်လို့ ပြောရမလားမသိတတ်တော့ပါဘူး ဆရာရယ်။

လူတွေဟာ အရူးတွေချည်းပဲလို့ ဆင်အုပ်ကြီးက ပြောဖူးတယ်။ သူက လူကြီးဆိုတော့ ဘုရားစာတွေ ဘာတွေလည်း ရတယ်။ ငါတို့ ဘုရားရှင် ကိုယ်တော်မြတ်ကြီးက ဘယ်လိုပြောခဲ့တာ ဘာညာသာရကာ သူကမှ ပြောတတ်တာ ကျုပ်ကတော့ သူလို မပြောတတ်ဘူး။

(ဆင်းဆိုးစီး သူရဲကောင်းဆင်ဦးစီး စောမိုးဆင်ပြောပြခဲ့သော ဆင်ဇာတ်လမ်းများထဲမှ ကောက်နုတ်ရေးသားကြောင်း ဝန်ခံပါသည်။)

**မုံရွာအောင်စကြာ**



www.burmeseclassic.com

www.burmeseclassic.com



ကချင်ဆေး ဆရာမကြီး ဒေါ်ကော့၏ သမီး

# ကချင်ဆေးဆရာမကြီး

# ဒေါ်နန်းတု

မှ

## လေမဖြတ်၊ အကြောရောဂါကြိုတင်ကာကွယ်လိမ်းဆေး

ယာယီတိုင်းရင်းဆေးမှတ်ပုံတင်အမှတ် - ၀၁၀၁ Y ၁၀၇၄

လေဖြတ်၊ လေဖြန်း၊ ပါးတစ်ခြမ်းရွဲ့ခြင်း၊ အာရုံကြောအားနည်းခြင်းများ၊ ဇက်ကြော နောက်ကြောတက်ခြင်း၊ ခါးကြောတစ်လျှောက် အမြောင်းထပြီးတက်ခြင်း၊ အကြောကပ်၊ အကြောလွဲ၊ အကြောရောင်ရမ်းကာ ကိုက်ခဲခြင်း နှင့် အကြောရောဂါအမျိုးမျိုး။

လူကြီးလူငယ်မရွေး အကြောရောဂါအမျိုးမျိုးနှင့် ၊ လေဖြတ်ခြင်းမခံရအောင် ကြိုတင် ကာကွယ်လိုသူများ ဆရာမနှင့် တိုင်ပင်ဆွေးနွေးနိုင်ပါသည်။


**အစွမ်းထက်သော ကချင်ရိုးရာနည်းစနစ်အတိုင်း ကုသပေးသည်။**

## ဆရာမနှင့်တွေ့ချိန်

- ❋ မြစန္ဒာဆေးတိုက် ❋ အမှတ်(၃၁၄)၊ ရွှေဘုံသာအလယ်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၁-၃၇၇၀၉၇
(နံနက် ၁၂ နာရီ မှ ညနေ ၄ နာရီထိ) "တနင်္ဂနွေနေ့တိုင်းပိတ်သည်"
- ❋ နေအိမ်ဆေးခန်း ❋ အမှတ်(၃၁၆)၊ စိမ်းကိုင်း (၁)လမ်း၊ သခင်ဖိုးလှကြီးလမ်း၊ တောင်ဥက္ကလာပမြို့။
(နံနက် ၇ နာရီ မှ ၁၁ နာရီထိ) တဆင့်/ဖုန်း - ၀၉-၄၂၅၀၁၁၇၇၅, ၀၉-၇၉၉၅၉၃၁၉၈,
၀၉-၇၉၉၈၉၉၁ ၁၁၆

www.burmeseclassic.com

www.burmeseclassic.com




# မယ်ဇယ်ပင်စောင့်နတ်ကြလဲ့အား

## လေးမောင်

ဇာတ်သိမ်း

www.burmeseclassic.com

www.burmeseclassic.com

# မယ်ဇယ်ပင်ခေါင့်နတ် ကလွဲ့စား

(ဇာတ်သိမ်း)

လေးမောင်

ကျွန်တော်တို့လူကြီးသုံးဦး နံနက်စောစော အဆာပြေ မိုက်ဖြည့်လိုက်ကြပြီး ဘိုကေစိန်ကိုခေါ်လျက် ရွာအစွန်တောစပ်တွင် သားကောင်တို့၏ခြေရာ၊ ဝင်လမ်းထွက်လမ်းတို့ကို လိုက်လံရှာဖွေကြည့်ရှုပြီး ပြန်ရောက်လာကြသည့်တိုင် လူငယ်တို့က အိပ်ရာမှမနိုးကြသေး။ သူတို့အဖွဲ့ မိုးလင်းပိုင်းမှပြန်ရောက်ကြသဖြင့် အိပ်မောကျနေကြတုန်းပင်။ ထိုစဉ် ဘိုဆိုင်က ကျွန်တော်တို့အနီး ဝင်ထိုင်လိုက်ပြီး -

"ဒီကောင် လက်ရဲဇက်ရဲနဲ့ သိပ်တရားလွန်လွန်းလာပြီ။ သတ္တိရှိရှိ လူကြီးချင်းတော့ မယှဉ်ဘူး။ အပြစ်မရှိတဲ့ ကလေးကိုမှကွာ၊ လုပ်ရက်ပေတယ်။ တွေ့ကြသေးတာပေါ့"

ဒေါသတကြီးနှင့် ပြောဆိုရင်း မြန်ထွက်တော့မည့်အလုပ် ဘာဖြစ်သည်ကို လှမ်းမေးလိုက်တော့ သူပြန်ပြောသည်က -

"ကလေးကို မက်ဇယ်ပင်ကြီးအောက်မှာ လက်ကိုကြိုးနဲ့တုပ်၊ အကိုင်းဆွဲချည်၊ လက်မြှောက်ခိုင်းထားပြီး ဆံပင်ကိုဆွဲချွတ် ငယ်ပါကို ကုလားဘော် ရေတတ်သီးစိမ်းတောင့်ကို ထောင်းထားတာတွေနဲ့ ပွတ်သွားတယ်လေ"

"ဟိုက်...ဟာ...ဟင်"

ကြားလိုက်သည့် စကားတို့ကြောင့် နားထောင်နေကြသော ကျွန်တော်တို့တအံ့တသြနှင့် အာမေဋိတ်သံများ ပြိုင်တူထွက်သွားကြပေသည်။ ဘိုဆိုင်မှာ ဒေါသဖြစ်လွန်းသဖြင့် ထရံတွင် ချိတ်ဆွဲထားသည့် ငှက်ကြီးတောင်ဓားကိုဆွဲကာ နှုတ်မှ ကြမ်းတမ်းစွာဆဲဆိုရင်း ပြေးဆင်းသွားသည်မို့ ကျွန်တော်တို့ တားဆီးချိန်ပင် မရလိုက်ကြ။

အဖြစ်အပျက်တို့က အပျက်အပျက်နှင့် နာခေါင်းသွေးထွက်သည့်ကိန်း။ အိမ်ခန်းထဲတွင် ကျုံ့ကျုံ့ပါအောင် ငိုနေသည့် ဝင်းနိုင်(ခ)အရိုးလေးကို လှမ်းကြည့်လိုက်တော့ ကြမ်းပြင်ထက်တွင် ခွေခွေကလေးနှင့် ငိုယိုနေသည့်အတွက် ရေတတ်သီးအပူဒဏ်ကို ခံစားနေရဟန်ထင့်။ တညည်းညည်း တညူညူနှင့် ငယ်ပါကို လက်နှစ်ဖက်ဖြင့်အုပ်ကာ "ပူတယ်၊ ပူတယ်" ဟုအော်ရင်း ငိုနေရှာသည်။ ကလေးကို မြင်တွေ့လိုက်ရသည်ကပင် ကျွန်တော်တို့တစ်တွေ ဒေါသထွက်သွားမိကြသည်က အမှန်။

"ပူလိုက်တာအမေရယ်၊ လုပ်ပါဦး...ပူလိုက်တာ၊ ပူလိုက်တာ"

ကလေး၏ တညည်းညည်း တညူညူပြောရင်း ငိုနေသည့်အသံကြောင့် မိခင်ဖြစ်သူ အေးမူမှာ ခြေမကိုင်မိ လက်မကိုင်မိ ဘာလုပ်ရမှန်းမသိ တရှုံ့ရှုံ့ငိုနေရုံမှတစ်ပါး မည်သို့မှ မတတ်နိုင်ဖြစ်နေသည်မို့ ကျွန်တော်တို့သုံးဦးသား ကလေးအနီးတွင် ဝိုင်းထိုင်ရင်း ချော့မော့ဖျောင်းဖျနေကာ မေးမြန်းလိုက်မိတော့ -

"သမီးဒန်းလွှဲစီးနေတုန်း နောက်ကနေ အတင်းဝင်ဖက်ပြီး လက်ကိုဒန်းလွှဲတဲ့ကြိုးနဲ့တုပ်၊ အပင်ပေါ်ကိုဆွဲမြှောက်ထားပြီး လုံချည်ကိုချွတ် သူယူလာတဲ့ ရေတတ်သီးထောင်းတွေနဲ့ပွတ်၊ သမီးကိုထားပြီးပြေးတော့တာပဲအဘရဲ့"

"ဟုတ်လားသမီးလေး၊ ဒီကောင် ဘယ်ဘက်ကိုပြေးလဲဟင်"

"ထန်းတောဘက်ဆီကို ပြေးတာပဲ အဘရဲ့"

ကျွန်တော်တို့ ကလေးပြောပြသည့်စကားကို ကြားလိုက်ကြရသဖြင့် ဒေါပွသွားကြရင်း ချိတ်ဆွဲထားသည့် ဒူးလေးနှင့်မြား ကျည်တောက်ကိုဆွဲကာ ထန်းတောဘက်ဆီ လိုက်မည်ကြံသော်လည်း တရားခံဖြစ်သူ လူနိုင်တစ်ယောက် ဖြူသလား၊ မည်းသလားမှန်းလည်းမသိ၊ မည်သူမည်ဝါမှန်းကိုလည်း မသိ၊ ကျွန်တော်တို့ ဆူညံစွာပြောဆိုနေကြသံတို့ကြောင့် အိပ်ပျော်

www.burmeseclassic.com

နေကြသည့် လူငယ်တွေပင် နီးလာကြသည်။ အကျိုးအကြောင်း ပြောပြလိုက်သော်လည်း သူတို့ကလည်း ထိုလူကို မမြင်ဖူးကြသဖြင့် ထူးခြားမလာ။

"ဘိုတို. . .ဘိုတို. . .ဘိုတို"

ဖိုးခေါင်ငှက်ကလေး တစ်ကောင်၏အသံက မယ်ဇယ်ပင်ကြီးထက်ဆီမှ အဆက်မပြတ် ဟစ်ကြွေးတေးသီနေသံ ကို ကြားနေရသည်နှင့်အတူ,-

"ဝေါင်း. . .ဝေါင်း. . .ဝေါင်း"

"ကိန်. . .ကိန်. . .ကိန်"

ခွေးဟောင်သံများကိုလည်း ကြားလိုက်ရပြန်သည်။ အဆက်မပြတ်ဟောင်သံမျိုးဖြစ်သည့်အတွက် ထူးထူးခြားခြားပင်။ အဘယ့်ကြောင့်ဆိုသော် ဘိုဆိုင်နှင့် ဘိုကေစိန်တို့မွေးထားသည့် အမဲလိုက်ခွေးသုံးကောင်ပင်။ ဟောင်နေသည့်ပုံစံက သားကောင်နံ့ကို ရသဖြင့်လိုက်ကြသောအခါ သားကောင်ကိုတွေ့သဖြင့် သခင်ထံကို အသိပေးသည့်အသံမျိုး။

ကျွန်တော်တို့အဖွဲ့သည် သားကောင်တွေကို အမဲလိုက်ခွေးများအကူအညီကိုရယူကာ တောမောင်း၊ တောခြောက် ပစ်ခတ်နေကြသူများဖြစ်သဖြင့် မိမိတို့ခွေး မည်သည့်အသံမျိုး ဟောင်သံပေးလျှင် သားကောင်ကို ခြေရာခံမိသည်၊ သားကောင်ကိုရှာရင်း အနံ့ရသည့်အခါပေးသည့်အသံ၊ သားကောင်ကိုတွေ့ပြီး နောက်ကလိုက်သည့်အသံ၊ အမဲပစ်သူအား သားကောင်နောက်သို့လိုက်သည့်အခါ ပေးသည့်အသံတို့ကို သိရှိနားလည် သဘောပေါက်ထားကြသူများမို့ ယခုလည်း ထိန်တောကြီးအလွန် မယ်ဇယ်ပင်ကြီးနှင့် ရေကန်ဘက်ဆီမှ အသံတွေကိုကြားနေရသည့်အတွက် ခွေးတွေမှာ သားကောင်တစ်ကောင်ကောင်ကို မြင်တွေ့ပြီး သားကောင်ပြေးမည့်လမ်းကို ရှေ့မှပိတ်လျက် ဝိုင်းပတ်ဟောင်ရင်း သခင်ကို ပစ်ခတ်နိုင်ရန် အသိပေးနေသည့်အသံမျိုး။

"အိုင်. . .အိုင်. . .အိုင်. . .ဂိန်"

ထိုအသံက သားကောင်ကို ပိတ်ဆို့ဝိုင်းညှပ်ထားသည့်အကြားမှ သားကောင်၏ တုံ့ပြန်ရန်မူလိုက်ခြင်းကို ခံလိုက်ရသည့်အတွက် နာနာကြည်းကြည်းနှင့် မြေပြင်တွင် လူးလိမ့်အော်မြည်လိုက်သည့်အသံမျိုးမို့ ကျွန်တော်တို့ မနေသာတော့။

တဲတွင်ရှိသည့် လက်နက်များဖြစ်သော ဓား၊ လှံ၊ လေး၊ ဒူးလေးစသည့် လက်နက်ကိုယ်စီဆွဲယူကာ အသံကြားရာဆီ ပြေးလွှားသွားလိုက်ကြပေသည်။ အနီးသို့ ခွေးသုံးကောင်မှာ မိုးကျလက်ဖက်ပင်တို့နှင့် ရောထွေးနေသည့်ချုံနွယ်တောအတွင်း ဝိုင်းကာလှည့်ပတ်ပြေးလွှားရင်း ဟောင်နေကြသည့် သားကောင်ကို ဝိုင်းကာကြည့်လိုက်ကြပေသည်။ ခွေးသုံးကောင်မှာ သူတို့နှင့်အတူ အမဲလိုက်နေကျ သခင်များ စစ်ကူရောက်လာကြပြီဖြစ်သည့်အတွက် ပိုမိုအားတက်လာကြပြီး ချုံတောကြီးအတွင်း တိုးဝင်လိုက်ကြသည်နှင့် -

"ကိန်ညံညံ. . .ကိန်ညံညံ. . . ဂိန်ညံညံ"

ချုံတောကြီးအတွင်း ထိုးဝင်လိုက်ကြသည်နှင့် မြေပြင်ထက်ဆီသို့ဘေး တိုက်လဲကျသွားကြရင်း နာနာကြည်းကြည်း လူးလိမ့်အော်မြည်နေကြသည်ကို တွေ့လိုက်ကြရသော်လည်း တုံ့ပြန် ရန်မူလိုက်သည့်သားကောင်ကိုမူ မည်သည့်သားကောင်ဖြစ်သည်ကို မမြင်ကြရသေး။ ကျား၊ ကျားသစ်၊ ဝံ တောဝက် ဆိုသည့် အကောင်မျိုးဆိုကလည်း တစ်ဦးမဟုတ်တစ်ဦး ကျွန် တော်တို့အဖွဲ့ မြင်ဖို့ကောင်းပါလျက် ဘာတစ်ကောင်ကိုမှ မမြင်တွေ့ကြရ သော်လည်း လူးလိမ့်အော်ဟစ်နေသည့် ခွေးသုံးကောင်က နေရာမှကြုံးထလျက် သဲကြီးမဲကြီးဟောင်ရင်း အတင်းပင် ဝိုင်းဝန်းကိုက်ခဲဖို့ ကြိုးစားနေကြသည် က အံ့စရာ။ ထိုအချိန် ကျွန်တော်တို့ ကို အုပ်မိုးထားသော မယ်ဇယ်ပင် အကိုင်းကြီးမှာ ရုတ်တရက် အင်အား ကြီးမားသည့် လေနီကြမ်းတိုက်ခံလိုက် ရသည့်နှယ် ယိမ်းထိုးလှုပ်ရှားကာ အရွက်၊ အခက်၊ အကိုင်းကြီးများ သိမ့် သိမ့်ခါအောင် လှုပ်ယမ်းလျက် သစ် ရွက်ခြောက်များ အောက်သို့ကြွေကျ ကန်သည်ကို တွေ့လိုက်ရသလို၊ ရေ ကန်အတွင်းရှိ ကန်ရေတို့မှာ မူလငြိမ် သက်နေရာမှ ရုတ်ခြည်း ဝဲကတော့ကြီး ထိုးလျက် အင်အားပြင်းထန်စွာ ပတ် ချာလည်နေသလို ကန်တွင်းရှိငါးများ လည်း လေပေါ်ကိုခုန်တက်ကာ တ ဝုန်းအသံတွေကို တွေ့မြင်နေရသည် အံ့စရာ။

ကျွန်တော်တို့အားလုံးပင် မ

www.burmeseclassic.com

ကြည်နိုင်စရာကောင်းသည့် အဖြစ်အပျက်ကို မျက်ဝါးထင်ထင် စိုးရိမ်စိတ်နှင့် မင်းတက်မိကာ ဝိုင်းကြည့်နေကြစဉ် တောချုံပင် အကိုင်းထက်ဆီသို့ ဖြူဖွေးနေသော အကောင်သေးသေးလေးတစ်ကောင် တက်လာသည်ကို တွေ့မြင်လိုက်ကြရပေသည်။

နဘူးချုံပင်ကိုင်းပေါ် တက်လာနေသည့်အကောင်က ကြီးကြီးမားမားတော့ မဟုတ်။ အိမ်တွင် တွေ့နေကြရသည့် ကြွက်ဝမ်းဖြူအရွယ် ပုံစံမျိုး။ တစ်ကိုယ်လုံး ဆွတ်ဆွတ်ဖြူနေသည်။ မျက်လုံးအစုံက ရဲရဲတောက်နေပြီး နားရွက်တိုဝိုင်းဝိုင်းကလေးတွေနှင့်။ ကိုင်းဖျားတွင်ရပ်တန့်ကာ အောက်မှ သူ့ကို စားမတတ် ဝါးမတတ် ဟိန်းဟောက်မာန်ဖီနေကြသော အမဲလိုက်ခွေးကြီးသုံးကောင်အား ထီမထင်သော အသွင်မျိုးနှင့် ဟိုမှာဘက် ဝါးပင်ဆီတက်မည်အပြု အမဲလိုက်ခွေး သုံးကောင်က တစ်ပြိုင်တည်းကိုက်ရန် ပြေးအဟပ် ခွေးတို့မှာ ငရဲမီးနှင့် မျက်နှာကို လှမ်းအပက်ခံလိုက်ရသည့်နယ် မြေပြင်ကို ကျွမ်းစိုက်ဟပ်ထိုးလဲ၍ ဘူးထောင်းထောင်းလျက် "တအိုင်အိုင်" နှင့် အော်မြည်နေကြသဖြင့် လူတွေက လက်ထဲတွင် ကိုင်ဆောင်ထားကြသည့် လောက်လေးခွ၊ ဓားတို့နှင့် အနီးကပ်ပစ်ပေါက်ကြသော်လည်း မထိဘဲ မြေပြင်ကိုဆင်းကာ ယပင်ကြီးရှိရာကိုသွားလျက် ပင်လုံးကိုတက်ပြီး ကိုင်းဆုံရှိ သစ်ပေါက်အတွင်း ဝင်ရောက်ပျောက်ကွယ်သွားသည်ကို တွေ့မြင်ကြရသည်။

ထိုအချိန် စောစောက ဝဲဂယက်ထနေသည့် ရေကန်အတွင်းမှရေတို့သည် ငြိမ်သက်သွားပြီး ငါးတွေလည်း မခုန်တော့သည့်အပြင် လုံးဝငြိမ်သက်ပြီး စောစောကဖြစ်ပျက်မှုသည် သူတို့နှင့် လုံးဝမသက်ဆိုင်သလိုမျိုး ငြိမ်သက်လျက်။

နာနာကြည်းကြည်း မြေပြင်တွင် လူးလိမ့်ကာ အော်မြည်နေကြသည့် အမဲလိုက်ခွေးသုံးကောင်မှာလည်း နေရာမှကြုံးထကာ ကြောက်ရွံ့ထိတ်လန့်သည့် အသွင်မျိုးနှင့် တဲဘက်သို့ ပြန်ပြေးသွားကြသည်ကို တွေ့လိုက်ကြရပေသည်။

✤ ✤ ✤

"ဒီကိစ္စကို ရပ်ကွက်လူကြီးကို အသိပေးထားဖို့တော့ လိုမယ်ကွ။ ဘိုဆိုင်ကလည်း ဟိုကောင်နောက်ကို လိုက်သွားတယ်ဆိုတော့ ဘယ်လိုတွေဆက်ဖြစ်ကြဦးမယ် မသိဘူး။ တော်ကြာ ကိုယ့်ဘက်က အလွန်ဖြစ်နေရင် ခက်ကုန်မယ်"

တဲဆီပြန်ရောက်တော့ ဘကြီးကောင်းက လူကြီးပီပီ တွေးတွေးဆဆနှင့် ဘိုကေစိန်ကိုပြောလိုက်သည်။ ထိုအချိန် "ဝင်းနိုင်(ခ)အရိုးလေး"မှာ မိခင်ဖြစ်သူ အေးမူရင်ခွင်တွင် မျက်နှာအပ်ကာ ငိုနေသည်ကို တွေ့လိုက်ရသဖြင့် ကျွန်တော်က သူတို့မိသားစုအနီးသွားလိုက်ရင်း မေးလိုက်တော့ ကလေးပြောပုံက --

"သမီးတစ်ယောက်တည်း အဲဒီမှာ ဒန်းစီးနေတုန်း နောက်က သူရောက်လာပြီး လက်ကို ဒန်းလွှဲတဲ့ကြိုးနဲ့တုပ်ပြီး လုံချည်ကိုဆွဲချွတ်၊ အသင့်ထောင်းလာတဲ့ ငရုတ်သီးစိမ်းထောင်းတွေနဲ့ပွတ်ပြီး ထွက်ပြေးသွားတာပဲ။ သမီးလည်း ကြောက်ပြီးရုန်းရင်းက ကြိုးကွင်းက လွတ်သွားပေမယ့် ပူလွန်းတာနဲ့ ရေကန်ထဲကရေနဲ့ဆေးနေတုန်း အဖေရောက်လာတာပဲ"

အရိုးလေးပြောပြလိုက်ပုံက ရှင်းနေသည်။ လူငယ်တွေမှာ ယခုမှပင် အကြောင်းစုံကို သိသွားကြသဖြင့် မကျေမနပ်ဖြစ်ပြီး ဒေါသူကြသော်လည်း ကျွန်တော်တို့လှုပ်ရှားမှုကို မတွေ့ကြရသဖြင့် ငြိမ်နေကြသည်မို့ နောက်ထပ် သိလိုသည့်အချက်ကို ထပ်မံမေးလိုက်သည်။

"ဒါနဲ့ ဘိုကေစိန် ခုတွေ့ကြုံခဲ့ရတဲ့ မယ်ဇယ်ပင်နဲ့ရေကန်ကြီး ဖြူဖြူအကောင်လေးက ဘယ်လိုအဆက်အစပ်နဲ့လဲဆိုတာ ပြောပါဦး။ ဒီကိစ္စကို ပြောပြရင်တောင် ယုံကြမှာမဟုတ်ဘူး။ ဘယ်လိုတုံးဆိုတာကို"

"သူမကြိုက်တာကို လုပ်မိလို့ သတိပေးတာနဲ့တူတယ်ဗျ ဘိုလေးရဲ့။ အဲဒီအပင်ကြီးကို ကျွန်တော်တို့က မယ်ဇယ်ပင်လို့ သိထားကြပေမယ့် အဘိုးအဘွားတွေ ပြောသွားတာက 'မဥ္ဇူသကနတ်ပန်းပင်'လို့ ပြောသွားတယ်။ အပင်ကို စောင့်တဲ့နတ်လည်း ရှိတဲ့အတွက် မလေးမစားမလုပ်ကြဖို့ မှာသွားဘူးတယ်ဗျ။ ကျွန်တော်တို့



www.burmeseclassic.com

www.burmeseclassic.com

အတွေ့အကြုံအရ ဟုတ်လည်းဟုတ်တယ်ဗျ။ သူ့ကို တလေးတစား တင်မြှောက်ပသရင် မ,တယ်။ မလေးမစား သွားလုပ်ရင် တစ်ခုခုဖြစ်တယ်ဗျ။ ဒါကြောင့် အမဲမပစ်ခင် ကျွန်တော်တို့ ဒီအပင်ကြီးအောက်မှာ တောလမိုင်း တင်မြှောက်ပသ တောင်းခံနေကြတာ ခင်ဗျားတို့လည်း အသိပဲဟာ"

ခုကိစ္စဟာလည်း သူမကြိုက်တာကိုသွားလုပ်မိလို့ သတိပေးတာများလား မသိဘူး။ ကျွန်တော် ဉာဏ်မီသလောက်ကတော့ ကလေးရဲ့ဝေးစေ့ ..ုိ ရေတ်စိမ်းထောင်းနဲ့ စိတ်ကြိုက်ပွတ်ပြီးထွက်ပြေးတော့ ကလေးက ပူလွန်းတာနဲ့ ကန်ထဲဆင်းပြီး ကန်ရေနဲ့ ဆေးတယ်ဗျ။ အဲဒီမှာ အမှားနှစ်ခုကို တွေ့ရတယ်။

တစ်ခုက ဒီနတ်ပန်းပင်ကြီး အောက်မှာ ကလေးကို မဖွယ်မရာလုပ်တဲ့ လုနိုင်ရဲ့အမှားဖြစ်ပြီး ဒုတိယအမှားကတော့ ပူလွန်းလို့ မနေနိုင်ဘဲ ကန်ထဲဆင်းပြီးရေဆေးတဲ့ ကလေးရဲ့အမှားပဲ။ ဘယ်လိုတုံ့ပြန်မယ်ဆိုတာ စောင့်ကြည့်ရမှာပဲလေ။ ကလေးအတွက်ကတော့ မသိလည်းမသိ၊ မလိမ်မိုးမလိမ္မာ ကလေးမို့ ကျေနပ်အောင် တောင်းပန်ရမှာပဲ။ ကဲ. . .အေးမူ ကွမ်း၊ ဆေး၊ လက်ဖက်ပြင်ကွာ။ သွားတောင်းပန်လိုက်ကြရအောင်"

ဘိုကေစိန်က အေးမူပြင်ပေးသော ကွမ်း၊ ဆေး၊ လက်ဖက်ပွဲတို့ကို ယူလျက် မယ်ဇယ်ပင်ကြီးရှိရာဆီသို့ သွားနေသည်ကို ကြည့်နေလိုက်ကြသည်။ အတန်ကြာတော့ ဗိုက်ဖြည့်စားသောက်ကြရန် ပြင်ဆင်နေစဉ် နွားကျောင်းသားအချို့ ရွာတွင်းဆီ ပြေးဝင်လာကြရင်း အော်ဟစ်အကူအညီတောင်းနေသည့် အသံကို နားစွင့်လိုက်တော့ -

"လာကြပါဦးဗျို့။ လူတစ်ယောက် ထန်းပင်ပေါ်ကပြုတ်ကျတယ်။ သေပြီနဲ့တူတယ်။ လုပ်ကြပါဦးဗျို့"

ကလေးသုံးလေးဦး နွားတွေကို လွှတ်ကျောင်းနေရာမှ ရွာတွင်းကိုပြေးဝင်လာကြရင်း အော်ဟစ်ကာ အကူအညီတောင်းနေသည့် အသံများကို ကြားလိုက်ရသဖြင့် ထမင်းဝိုင်းကိုမထိုင်ကြသေးဘဲ တဲရှေ့ကိုထွက်ပြီး ထန်းပင်များရှိရာ ရွာအနောက်ဘက်ဆီသို့ လှမ်းကြည့်လိုက်ကြသည်။ ထန်းရည်ရောင်းသည့် တဲကလေးက တည်တည်ငြိမ်ငြိမ်နှင့် ထန်းတက်သမားမရောက်သေးသဖြင့် ထန်းရည်ရောင်းပုံမရသေး။ စောနေသေးသည်ကိုး။ ထိုဝန်းကျင်တွင် နွားနှင့်ကျွဲ ဆယ်ကောင်လောက်က မြက်စားနေသည်က ပြန့်ပြန့်ကျဲကျဲ တွေ့နေရသည်။ ထိုစဉ် ရွာတွင်းမှ လူကြီးလေးငါးဦး ထန်းတောဘက်ဆီ ပြေးလွှားသွားနေကြသည်ကိုလည်း တွေ့လိုက်ရသည်။ ထန်းပင်အောက်ဆီရောက်တော့ ငုံ့ကြည့်ကာ အပြန်အလှန်ပြောဆိုနေသည်ကိုလည်း တွေ့မြင်နေရသည်မို့ ကျွန်တော်တို့အဖွဲ့ တိုင်ပင်မထားကြဘဲ အပြေးသမား စတင်တာလွှတ်လိုက်သည့်နှယ် အပြေးအလွှားသွားလိုက်ကြစဉ် -

"ဟုတ်တာပေါ့ လုနိုင်မှ လုနိုင်အစစ်။ ဒီကောင်. . .ခုလိုသေတာပဲ ကောင်းတယ်"

အနားကိုမရောက်မီ ပြန်လာနေသည့်လူနှစ်ဦးအနက် တစ်ဦးကပြောလိုက်သည့်စကားကို ကြားလိုက်ရသဖြင့် ရှေ့ကို ကျွန်တော် ဆက်မတိုးတော့။ နောက်ကြောင်းဆီ ပြန်လှည့်လိုက်ရင်း အောက်ပါစကားလေးကို စိတ်တွင်းက ရေရွတ်နေလိုက်မိပေတော့သည်။

"ကောင်းမှု၊ မကောင်းမှု ကံအားလျော်စွာ ဘဝတစ်ပါးသို့ပြောင်းသွားရသော သူတစ်ပါးတို့ကိုလည်း သေချာစေ့ငုကြည့်ရှုပါလော့။ ဤလောကဥ္စ သေမင်း၏အလိုနိုင်ငံသို့ မငြင်းဆန်သာလိုက်ပါရကုန်သော သတ္တဝါတို့သည် ကြောက်ရွံ့သောအား တုန်လှုပ်သွားကြကုန်သတည်း"

ထိုစာသားကလေးကိုသာ အလိုလိုနှုတ်က ထွက်သွားမိသည်က အမှန်ပင်ဖြစ်ပေသည်။

✣ ✣ ✣

တဲတွင်လူပြန်စုလိုက်မိချိန် စောစောက တူတော်မောင်အတွက် ဒေါ်ပွကာ ဓားကိုကိုင်ဆင်းသွားပြီး လုနိုင်ထံလိုက်သွားသည့် ဘိုဆိုင်က -

"ဒီကောင် ကျွန်တော့်လက်ချက်နဲ့မိလည်း သေမယ့်ကောင်ပဲ။ ကျွန်တော်နဲ့မတွေ့လိုက်တာ အတော်လေးကံကောင်းသွားတယ်။ တစ်နေ့အသေဆိုးနဲ့ သေမယ့်ကောင် ခုလိုသေတာကောင်းသလို သူ့ကိုမလုပ်လိုက်ရတဲ့ ကျွန်တော်လည်း အတော်ကံကောင်းသွားတယ်ဗျ"



www.burmeseclassic.com

www.burmeseclassic.com

ဘိုဆိုင်က လုနိုင်တစ်ယောက် သူ့လက်ချက်နဲ့မသေရဘဲ သူ့စရိတ်သူစားသွားသည့်အတွက် ဂဏ်ကောင်းကြောင်းပြောနေစဉ် နားထောင်နေကြသည့် ကျွန်တော်တို့အတွင်း မွန်က-

"တောက်···ဘုံး"

ပြင်းထန်စွာ တောက်ခေါက်လိုက်ပြီး ထမင်းစားစားပွဲကို လက်နှင့်ရိုက်ချလိုက်သည်ကို မြင်လိုက်ရသဖြင့် အဘကောင်းက စိုးရိမ်စွာနှင့်

"မွန်···မင်း ဘာဖြစ်တာလဲကွ"

"ဟော့ကောင် မောင်ကောင်း။ ငါ မွန်မဟုတ်ဘူးကွ"

ခပ်ဆတ်ဆတ်ဖြေသည်။ မျက်ထောက်ကြီးကလည်း နီရဲနေသည်။ သို့အတွက် အဘကောင်းက -

"နေပါဦး။ မင်းက မွန်မဟုတ်ရင် ဘာကောင်တုံးကွ"

"ငါ ရေကန်ကြီးဘေးက မဥ္ဇူသကနတ်ပန်းပင်မှာနေတဲ့နတ်။ လုနိုင်ဆိုတဲ့အကောင်က ငါ့အပင်အောက်မှာ မလေးမစားလုပ်သွားတဲ့အပြင် ကလေးကပါ ငါ့ကန်ထဲကရေနဲ့ မဖွယ်မရာကို ဆေးကြောစော်ကားသွားကြတာ။ နှစ်ဦးစလုံးကို ငါအသေလုပ်မလို့။ ဘာမှမသိတဲ့ကလေးလည်းဖြစ်၊ ပြန်သည်းတောင်းပန်လို့ အလျှော့ပေးလိုက်ပြီး ငါလုပ်မယ့်အကောင်ကို ဘိုဆိုင်ဆိုတဲ့ကောင်က ဓားနဲ့ ခုတ်သတ်ပိုလိုက်လို့ ငါ သူနဲ့မတွေ့အောင်ကွယ်ထားပြီး ထန်းပင်ပေါ်တက်တော့မှ ခုလိုအသေဝက်သေဖြစ်အောင် လုပ်လိုက်တာ ငါပဲကွ။ မောင်ကောင်း···မဥ္ဇူသကနတ်ပန်းပင်မှာ စောင့်တဲ့နတ်အကြောင်းကို ပြောပြလိုက်စမ်း ဒီကောင်တွေကို။ ငါ့ကို ပမာမခန့်လာမလုပ်ကြနဲ့လို့"

ထိုစကားကြောင့် ဘိုကေစိန်က သဘောပေါက်သွားပြီး လက်အုပ်ကလေးချီ၍ ရှိသေစွာဖြင့် -

"ခွင့်လွှတ်ပါနတ်မင်း။ မသိလို့ပြောမိတာ တောင်းပန်ပါတယ်"

"အေး···ဒါဆို မင်းတို့ထုံးစံအတိုင်း ကလေးအတွက် ငါ့ကိုကျေနပ်အောင် ပြန်တောင်းပန်။ ငါစိတ်ဆိုးအောင်မလုပ်နဲ့။ ချက်ချင်းလုပ်ကြ"

"ဟုတ်ကဲ့ပါ။ ခုပဲ အပင်ကြီးအောက်သွားပြီး ထုံးစံအတိုင်း လုပ်ပါ့မယ်"

"အေး···ကောင်းပြီ။ ဒီလိုဆို ငါသွားတော့မယ်။ ဝါး···ဝါး"

ဟု သမ်းလိုက်ပြီး နတ်မင်းထွက်သွားသည်။ မွန်ကတော့ ကျွန်တော်တို့ကို ကြောင်ကြည့်နေသည်။ စောစောကလို မျက်လုံးမနီတော့။ ကျွန်တော်က အဖန်ရည်ခွက် လှမ်းပေးလိုက်သဖြင့် မော့သောက်နေသည်။

"အဘကောင်း ကျွန်တော် ဘာဖြစ်တာလဲဟင်"

အဘကောင်းက ဖြစ်ပျက်ပုံကို ရှင်းပြနေစဉ် အေးမှုပေးလာသည့် ပစ္စည်းတွေကို ဘိုကေစိန်ကယူဆောင်ပြီး မဥ္ဇူသကနတ်ပန်းပင်ကြီးဆီသို့ တိုးလျိုးတောင်းပန်ဖို့အတွက် ထွက်သွားသည်ကို တွေ့လိုက်ရပေသည်။ ကျွန်တော်တို့ ထမင်းမစားကြသေးဘဲ ဘိုကေစိန်အပြန်ကိုစောင့်ရင်း ဝိုင်းထိုင်လိုက်ကြပြီး စကားပြောနေကြစဉ် -

"ဒါနဲ့ အဘကောင်း မဥ္ဇူသကနတ်ပန်းပင်အကြောင်း ပြောပြပါလား"

ကုလားကြီးသန်းညွန့်က မေးလိုက်သည်။ သူက ကျွန်တော့်မှဆိုးအဖွဲ့ဝင်တစ်ဦးဖြစ်သည်က မှန်သော်လည်း လုပ်ငန်းတာဝန်က အရက်ဆိုင်မန်နေဂျာတစ်ဦး ဖြစ်သည့်အတွက် အမဲပစ်ခရီးကို ကျွန်တော်တို့အဖွဲ့ ရက်ရှည်ထွက်လေတိုင်း မလိုက်နိုင်ရှာသူတစ်ဦးဖြစ်ပေသည်။ သို့အတွက် တောအကြောင်း၊ တောင်အကြောင်းကို စုံလင်စွာမသိသည့်အတွက် မေးမြန်းလိုက်ခြင်း ဖြစ်ပေသည်။ အဘကောင်းက အဖန်ရည်တစ်ခွက်ကိုမော့သောက်လိုက်ပြီး -

"အေးကွ၊ ငါတို့လည်း အဖွဲ့သားတွေနဲ့ ဒီသာယာကုန်းဆိုတဲ့ရွာကလေးဆီကို ရောက်ခဲ့ဖူးပေါင်းများပါပြီ။ ခုဖြစ်ပျက်ခဲ့တဲ့ အတွေ့အကြုံမျိုး ဒီတစ်ခါသာ တွေ့ကြုံရတာကို မင်းတို့လည်းသိကြသားပဲမို့လား။

အေး···မယ်ဇယ်ပင်ဆိုတဲ့အပင်ကို ငါတို့ မိဘဘိုးဘွားတွေကတော့ မသိကြလို့ မပြောခဲ့တာလားတော့မသိဘူး။ သူတို့ပြောဆိုကြတဲ့ စကားတွေထဲမှာ မဥ္ဇူသကနတ်ပန်းပင်ဆိုတဲ့စကားမျိုးကိုတော့ ကြားခဲ့ဖူးတယ်။ မယ်ဇယ်ပင်နဲ့ မဥ္ဇူသကနတ်ပန်းပင်ဟာ အခေါ်အဝေါ်သာ လွဲပေမယ့် အပင်အမျိုးအစားတူတယ်ဆိုတာကို ငါလည်းမသိခဲ့ရိုး အမှန်ပဲကွ။



www.burmeseclassic.com

www.burmeseclassic.com

အဲ…ငါ့စိတ်ထဲမှာ မှတ်မှတ်သားသားတစ်ခုတော့ ရှိတယ်ကွ။ ကုန်လွန်ခဲ့တဲ့ နှစ် ၂၀ လောက်အချိန်တုန်းက ပေါ့ကွာ။ ရေဝတီတိုင်း ငသိုင်းချောင်းမြို့ကနေ ဝေနမြစ်ကို ဖြတ်ကူးပြီး သီတာကုန်းမြေကနေ ရခိုင်ရိုးမ ဂွလမ်းကြောင်းအတိုင်း ရခိုင်ရိုးမကြီးဘက်တက်ပြီး သွားရောက်ပစ်ခတ်ခဲ့ဖူးတယ်ကွ။

အမှန်တော့ အဲဒီနယ်မြေတစ်ကြောမှာ ဟိုတစ်ချိန်က ဆင်ဘိုးထွန်းတောဆင်ရိုင်းအတွက် လုံနဲ့ထိုးသတ်နေတဲ့ ဒေသတွေပေါ့။ ငါသွားတာက သူ့ရဲ့ လက်ရင်းတပည့် အငယ်ဆုံးဖြစ်တဲ့ 'ဦးညှပ်တာ'နေတဲ့ စာဥစမ်းစခန်းကို ရောက်သွားတဲ့ အမဲပစ်ခရီးတစ်ခုပေါ့။

ပြောရရင်တော့ အဲဒီခရီးမှာ တောဆင်ရိုင်းကလွဲလို့ ကျန်တဲ့ အကောင်တွေကို တဝကြီး သူ့အကူအညီနဲ့ ပစ်ခဲ့တယ်လေ။ အလွန်ပေါတာကွ။ ဒါနဲ့ ပြောရဦးမယ်။ ရိုးမမုဆိုးကြီး ဦးညှပ်တာက နယ်မြေအလွန်ကျွမ်းတော့ သီတာကုန်းမြေကနေ ရခိုင်ထိသွားတဲ့ ကားလမ်းကို နိုင်ငံတော်က အင်မတန်ကျွမ်းကျင်ပါတယ်ဆိုတဲ့ ဘူမိဗေဒပညာရှင်တွေနဲ့လမ်းဖောက်ခဲ့ပေမယ့် အလွန်ဆုံးခံ တစ်နှစ်ခုပဲကွ။ မိုးအခါ တောင်ကျ ရေစီးဒဏ်နဲ့ ပျက်တာပဲ။ နောက် လမ်းတံတားအင်ဂျင်နီယာတွေနဲ့ လမ်းကိုပြုပြင်ပေမယ့် မိုးတွင်းဆို ထပ်ပြီး လမ်းကပျက်ပြန်ရောကွ။ အလွန်ရာသီဥတုဆိုးတဲ့ နေရာတွေပဲ။

*ဒီလမ်းကို ဘယ်လိုမှ ပြုပြင်လို့* မရတော့တဲ့အဆုံး…လူကြီးတွေက ဦးညှပ်တာဆီကိုသွားပြီး ဂွလမ်းကြောင်းဖောက်ရန်အတွက် အခက်အခဲတွေကို ကျော်လွှားနိုင်ဖို့ အကူအညီတောင်းတော့ ရိုးမကြီးအတွင်း သူပြပေးသည့် လမ်းကြောင်းအတိုင်း ကားလမ်းကို ဖောက်လုပ်ခဲ့တာ ယနေ့ထက်တိုင် ကားတွေသွားလာနေသည့် ဂွလမ်းကြောင်းမှာ သူပြသည့်လမ်းဖြစ်ပြီး နောက် ဘယ်အခက်အခဲမျိုးမှ ပေါ်မလာတော့သည်က ယနေ့ထက်တိုင်။

ထိုလမ်းကြောင်းကို ပြပေးသည့်အစား ကျေးဇူးတင်သည့်အနေနှင့် သူနေထိုင်သည့် စာဥစမ်းစခန်းတွင်နေစေ ပြီး လုံခြုံရေးတာဝန်အဖြစ် တာဝန်ပေးအပ်ထားခြင်းခံရသူ ဖြစ်ပေသည်။

အဲဒီလို သူ့ဆီကို ငါရောက်တဲ့ လမ်းလုပ်နေတဲ့အချိန်မှာ လမ်းဖောက်လုပ်ကိုင်နေကြတဲ့ အလုပ်သမားတွေကို ဒုက္ခပေးခဲ့တဲ့ ရိုးမကျားဆိုးကြီးတစ်ကောင် အန္တရာယ်ပေးလို့ ရင်ဆိုင်ကြုံတွေ့နေရတဲ့ အချိန်မျိုးကိုးကွ။

အဲဒီကျားဆိုးကြီးဟာ အလုပ်သမားလေးဦးကို ကိုက်သတ်ဝါးမျိုစားသောက်ခဲ့ပြီး နောက်ထပ်အလုပ်သမား သုံးဦးကိုလည်း ပြင်းထန်စွာ ဒဏ်ရာရစေခဲ့တဲ့အတွက် ဟသ်ာတဆေးရုံ တင်ပို့ကုသရာမှ သတင်းပြန့်နေတဲ့အချိန်။ ငါကလည်း သူ့ဆီရောက်သွားတော့ ကျားဆိုးကြီးကိုနှိမ်နင်းဖို့ သူ့အားတက်လာတာပေါ့။ ငါနဲ့တိုင်ပင်တော့ သူနဲ့ငါ နှစ်ယောက်ပေါင်းပြီး ကျားဆိုးကြီးကို နှိမ်နင်းဖို့ သဘောတူလိုက်ကြတာပေါ့လေ။

ညနေ ၃ နာရီခန့် လုပ်ငန်းခွင်လုပ်ကိုင်နေကြတဲ့ အလုပ်သမားတွေ ငါတို့ဆီကို အပြေးအလွှား ရောက်လာကြပြီး သူတို့အပြောအရ ကျားကြီးလိုက်လံချောင်းမြောင်း အတပ်ရှိနေတဲ့အတွက် အသက်လု ပြေးလာခဲ့ရကြောင်း၊ ကျားဆိုးမှာ လမ်းဖောက်နေတဲ့အနီးမှာ ကပ်နေကြောင်း ပြောတဲ့အတွက် နှစ်ဦးသား ယူဆောင်လာတဲ့ ဂျစ်ကားနဲ့ မီးထိုးပစ်ခတ်ကြဖို့ပဲ။ ကိုညှပ်တာက ငါ့ကို အပစ်ခိုင်းပေမယ့် သူက ကားမမောင်းတတ်တဲ့အတွက် ငါကိုင်တဲ့သေနတ်ကို သူ့ကိုပဲ အပစ်ခိုင်းလိုက်ရတယ်ကွ။

အဲဒီည ၇ နာရီသာသာမှာ ငါတို့နှစ်ယောက် ကျားဆိုးကို မီးထိုးရှာပစ်ခတ်ဖို့ ကားလမ်းကြောင်းအတိုင်း လမ်းလယ်ကကားကိုမောင်းပြီး ကားမီးနဲ့ ဘယ်ညာကွေ့ပတ် ထိုးကြည့်ရှာဖွေရင်း ထွက်ခဲ့ကြတယ်။ ငါက ကားမောင်းသလို သူကပစ်ခတ်မယ့်သူမို့ သေနတ်ကိုကိုင်ပြီး တွေ့လျှင်ပစ်ခတ်ဖို့ အသင့်အနေအထား"

စာဥစမ်းစခန်းကထွက်ပြီး ရှေ့ပြောစမ်းခစန်း သုံးမိုင်ခန့်အရောက် ကားမီးကို လမ်းလယ်ကနေ ဘယ်ဘက်ဆီချိုးကွေ့လိုက်တော့ မီးရောင်တွင် ကျားကြီးသည် ဝပ်လျက် ဂျီ(ချေ)ပေါက်တစ်ကောင်ကို ကိုက်ဖဲ့စားသောက်နေသည်ကို တွေ့လိုက်ရသည့်အတွက် ရပ်တန့်လိုက်စဉ် ကိုညှပ်တာက ကားပေါ်မှ လျှပ်တစ်ပြက် အောက်ကိုဆင်းလိုက်ပြီး ချိန်ရွယ်ပြီးသားမို့ ပစ်ခတ်ရန်



www.burmeseclassic.com

www.burmeseclassic.com

အသင့်အနေအထား။

အစာကို မြေပြင်တွင် ဖိုက်ကပ်ဝပ်စဉ်း စားသောက်နေသည့် ကျားဆိုးကြီးမှာ မျှော်လင့်မထားဘဲ ကားမီးရောင် အထိုးခံလိုက်ရသည့်အတွက် မျက်လုံးရဲရဲနှင့် နေရာမှထရပ်ပြီး လှမ်းကြည့်နေစဉ် -

"ဒိုင်း...ဒိုင်း"

ကျယ်လောင်စွာ ပေါက်ကွဲသံကြီးနှင့်အတူ ကျားဆိုးကြီးမှာ နောက်ပိုင်းကို ပြန်လည်သွားရင်း မြေပြင်ထက် ဘေးတိုက်လဲကျသွားသည်ကို တွေ့လိုက်ရပေသည်။ ကျားဆိုးကြီးကို ထိမှန်သွားသည့် ကျည်ဖူးတို့သည် မျက်စိနှစ်လုံးအကြား ငယ်ထိပ်ကိုဖြတ်ဖောက်သည်က တစ်တောင့်ဖြစ်သလို ကျန်ထိပ်ဖူးက လည်တိုင်ရင်းကို ဖြတ်ဖောက်သွားသည်။ သို့အတွက် ဇီဝိန်ကြွေသွားရခြင်း ဖြစ်ပေသည်။

"ကုလားကြီးသန်းညွှန့်မေးတဲ့ မေးခွန်းကို ဖြေရမှာက ခုမှစရမှာလေကွာ။ ငါတို့နှစ်ယောက် ကျားဆိုးကြီးကို အလုပ်သမားတွေနဲ့သယ်ပြီး စခန်းပြန်ရောက်တော့ အဖွဲ့သားတွေလည်း ဝမ်းသာအားရဖြစ်ကြတာပေါ့။ သူတို့တွေကို အရေချုခိုင်းပြီး မအိပ်ခင် ပုလင်းကိုဖွင့်ပြီး မော့မယ်အလုပ် ကိုညပ်တာက အနီးကိုရောက်လာပြီး -

ကျားဆိုးကြီးတစ်ကောင်ကို ဒီလောက်လွယ်လွယ်ကူကူနဲ့ ပစ်ခတ်သတ်ဖြတ်နိုင်တာ မင်းရဲ့ကျေးဇူးကြောင့်ပဲ။ ဒါကြောင့် မနက်ဖြန်ညနေ မင်းမြင်ဖူးသေးတဲ့ တအံ့တသြဖြစ်သွားစေမယ့် သားကောင်တွေရဲ့ သဘာဝတစ်ခုလိုက်ပြမယ်။ အိပ်ပြီးနားလိုက်တော့။

"အဲလိုပြောပြီး ငါ့အနားကထွက်သွားတယ်။ ငါလည်း ဘာမှန်းမသိဘဲ ကျန်ခဲ့တယ်လေ။ အိပ်စက်အနားယူပြီး နောက်တစ်နေ့ ထမင်းစားချိန်လောက်မှာ နိုးလာတယ်။ ရေချိုးစားသောက်လို့အပြီး ညနေ ၃ နာရီလောက် ငါ့ဆီကို သူပြန်ရောက်လာပြီး -

"ကဲ...စောစောသွားပြီး စောစော ပြန်လို့ရအောင် ခုသွားလိုက်ကြရအောင်။ ပြင်တော့ကွာ"

သူပြော၍သာ နားထောင်လိုက်ရသည်။ ဘာကိုရည်ရွယ်ပြောနေမှန်းမသိတာက အမှန်။ သို့အတွက် -

"ဘယ်ကိုသွားပြီး ဘာလုပ်မှာလဲဟင်"

"မင်းကျေးဇူးကို ဆပ်တဲ့အနေနဲ့ မင်းမကြုံဖူးတဲ့ အတွေ့အကြုံတစ်ခုကိုပြပြီး ကျေးဇူးပြန်ဆပ်ချင်လို့။ စခန်းနောက်ဘက် ငါးဖာလုံလောက်ပဲ သွားရမှာ။ သေနတ်ယူခဲ့ပေမယ့် မပစ်ရဘူးနော်။ ငါကပစ်ဆိုမှ မင်းပစ်ရမယ်ကြားလား"

"အိုဗျာ ပစ်ချင်လို့ဒီကိုလာတာ။ သားကောင်တွေ့ပါရဲ့နဲ့ မပစ်ရတော့ ဘာသွားလုပ်မှာလဲ"

"မင်းကိုတားနေတာ။ ငါက မပစ်နဲ့ဆိုတဲ့အကောင်ကို မပစ်ဖို့ ပြောနေတာ။ ပစ်ရမယ့်အကောင်ဆိုရင် မင်းမပစ်လည်း ငါကပစ်မှာကွ။ နားလည်လား"

တစ်ခုခု အကြောင်းရှိသည်ဟု သဘောအသိနှင့် သူ့နောက်က သေနတ်ကိုင် လိုက်သွားခဲ့ပေသည်။ စခန်း၏နောက်ကျောသို့တိုးဝင်ကာ နာရီဝက်လောက် လျှောက်လိုက်တော့ -

"တို့လိုလူသားတွေက ဒီအချိန်ဆို အရက်သောက်ကြဖို့ တာစူနေတဲ့အချိန်ကွ။ မင်း တောထဲမှာနေကြတဲ့ တိရစ္ဆာန်တွေ ညနေပိုင်းမှာ အရက်သောက်တာ တွေ့ဖူးလား"

သူပြောလိုက်သည့်စကားက ထူးထူးဆန်းဆန်းမို့ ငါက -

"တောထဲကတိရစ္ဆာန်က ညနေအရက်သောက်တယ်လို့ ကိုညပ်တာရယ်။ ခင်ဗျားကလည်း မဟုတ်ကဟုတ်က ပြောတော့မယ်။ တောထဲတောင်ထဲ သူတို့သောက်ကြဖို့ အရက်ကို ဘယ်ကရမှာလဲ။ ဝယ်လို့ကော ဘယ်သူ့ဆီသွားဝယ်မှာလဲ။ မဟုတ်ကဟုတ်ကတွေ"

"ဟုတ်တယ်ကွ။ တောထဲမှာ ပေါက်နေကြတဲ့ သီးပင်စားပင်တွေဟာ သူတို့အတွက် မူးယစ်ထုံထိုင်းစေတဲ့ အပင်တွေရှိတယ်လေကွာ။ အဲဒီအပင်က ထွက်တာတွေကိုစားပြီး မူးယစ်ကြတာပေါ့ ဟဲ့ကောင်ရဲ့ မင်း မသိသေးဘူး မှတ်လား"

သူပြောလိုက်တဲ့စကားကို ကြားလိုက်ရတဲ့ငါ့အဖို့ အလွန်အမင်း အံ့သြသွားတယ်ကွ။ ငါတို့လို အသိဉာဏ်ရင့်ကျက်တဲ့ လူသားတွေအတွက်မပြောနဲ့ တောထဲမှာ နေထိုင်ကျက်စားကြတဲ့ တောတိရိစ္ဆာန်တွေ အတွက်ကိုတောင် မူးယစ်ဆေးဝါးကိုပေးနေတဲ့ သဘာဝလောကကြီးရဲ့ အံ့သြဖွယ်ကောင်းလောက်အောင် ဖန်တီးပေးထားတဲ့



www.burmeseclassic.com

www.burmeseclassic.com

အဖြစ်ကို တအံ့တသြဖြစ်ရင်းက ပြန်ပြီးမေးလိုက်တော့ သူပြန်ဖြေလိုက်ပုံက

"ခု ငါတို့သွားမယ့်နေရာက သူတို့ ညနေပိုင်းဆိုတော့ လူသားတွေဆိုတစ်နေကုန် စားရေးသောက်ရေး ကျိုးရှာဖွေရင်း စားသောက်ရေးကို ဦးစားပေးလုပ်နေကြတဲ့ လူကွေလို ညနေစောင်းရင် ဘဝအမောလေး ပြေပျောက်စေဖို့ ယမကာလေးကိုမှီဝဲပြီး အပန်းဖြေကြတဲ့ သူတို့ရဲ့ အိုအေစစ်နေရာလေးကို မင်းကိုပြချင်လို့ကွ"

"ဟုတ်လား ကိုညှပ်တာ။ ကျွန်တော် တောထဲတောင်ထဲတွေဝင်ပြီး အမဲသားကောင်တွေ ပစ်ခဲ့တာ ကြာခဲ့ပါပြီ။ ဘယ်မှုဆိုးကမှ ခင်ဗျားပြောသလိုမျိုးကို ပြောသံလည်း မကြားမိပါဘူး။ ထူးဆန်းအံ့သြဖွယ်ရာတွေပါပဲနော်"

"အေးပေါ့၊ ဒါကြောင့် မင်းကို ငါ ပြောတာ။ သေနတ်ကို ငါပစ်ခိုင်းမှ ပစ်ဆိုတာ အဲဒါကိုရည်ရွယ်ပြောတာလေ။ သူတို့သဘာဝ စားသောက်ပျော်ပါးနေကြတဲ့အချိန် ငါတို့က သူတို့အသက်ကို ပစ်သတ်လိုက်ရင် အလွန်အမင်း မတရားရာကျမှာ စိုးလို့ပါ"

"ဒါနဲ့ ကိုညှပ်တာ။ သူတို့က ဘယ်လိုအပင် စားကြတာလဲ။ ဘာကို စားပြီး မူးယစ်ကြတာလဲဆိုတာ ပြောပါဦး။ ဘယ်အနားမှာလဲဟင်"

"ဘယ်အနားလဲဆိုတော့ မင်းလည်းသိနိုင်မှာပါ။ သတိမထားမိလို့နေမှာပေါ့။ ဒါကြောင့် မသိတာဖြစ်မှာပါ။ မသိတာက မင်းလိုကောင်တွင် မဟုတ်ပါဘူး။ အတော်တောကျွမ်းပါတယ်ဆိုတဲ့ ရိုးမမုဆိုးကြီးတွေတောင် မသိကြတာ တွေ့ရှိတယ်ကွ။ ဒါကြောင့် မင်းကို ငါပြောပြီး လက်တွေ့ ပြချင်လို့ပါ။ အပင်ကတော့ စားပင်ပါပဲ"

"ဟုတ်လား စားပင်။ ဘယ်လို စားပင်မျိုးလဲဗျ"

"ဟုတ်တယ် စားပင်ပဲ။ ဒါပေမယ့် ရှားရှားပါးပါးပေါက်တဲ့ စားပင်မျိုးကွ။ ဘယ်လိုစားပင်မျိုးလဲဆိုတော့ မယ်ဇယ်ပင်လို့လည်း မင်းတို့သိထားကြမယ်။ လူကြီးမိဘတွေ ပြောနေကြတဲ့ မဥ္ဇူသကနတ်ပန်းပင်ဆိုတဲ့ စားပင်ပေါ့ကွ"

သူပြောပြနေသည့် စကားကြောင့် ငါလည်း အတော် အံ့သြသွားရပြန်တယ်။ မေးလိုက်မိတာက -

"မယ်ဇယ်ပင်ကို မဥ္ဇူသက နတ်ပန်းပင်လို့ခေါ်တယ်ဟုတ်လား။ အရွက်ကို စားတာလားဟင်"

"မင်းကို ငါပြောပြီးသားလေ။ စားပင်ဆိုတာနဲ့ အရွက်ကိုသာစားလို့ရတဲ့အပင်ကို မဆိုလုပ်နေပြီး မသိဘူးလား။ အပွင့်ရယ်၊ အသီးရယ်၊ အညွန့်အပါအဝင် အရွက်ကိုပါ စားလို့ရတဲ့အပင်ကို စားပင်ခေါ်တာကွ မှတ်ထား"

"မယ်ဇယ်ပင် (မဥ္ဇူသကနတ်ပန်းပင်)မှာ အပွင့်နဲ့အသီးရှိလို့လား"

"အေး・・・ရှိလို့ စားပင်လို့ခေါ်တာပေါ့ကွ"

"ဘာကောင်တွေ စားကြလဲ၊ ဘယ်လိုစားကြတာလဲဟင်"

"အထူးသဖြင့် တောဆင်ရိုင်းတွေ၊ မျောက်တွေ၊ ဝက်ဝံတွေ၊ ဆတ်၊ သမင်နဲ့ဒရယ်၊ ဂျီ(ချေ)၊ တောဝက်၊ ဖြူတွေ စားကြတယ်ကွ။ စားကြပုံချင်းတော့ မတူဘူးဟ"

"ဘယ်လိုမတူတာလဲ ကိုညှပ်တာ"

"ပြောရရင် အပင်ပေါ်တက်စားတဲ့အကောင်နဲ့ အောက်ကနေစောင့်ပြီးစားကြတဲ့အကောင်မျိုးပေါ့ကွာ။ မင်းသိအောင်ပြောရရင် တောဆင်ရိုင်းလိုအကောင်က အပင်ပေါ်တက်စားလို့မရဘူးလေ။ ဒါကြောင့် အပင်ပေါ်ကအသီးတွေကို ဦးခေါင်းနဲ့ဆောင့်ခါချပြီး ခြွေချစားတယ်။ အဲဒီအချိန် ကြွေကျတဲ့အသီးတွေကို အခြား အပင်ပေါ်မတက်နိုင်တဲ့ အကောင်တွေ တောဝက်၊ ဆတ်၊ သမင်၊ ဒရယ်၊ ဂျီတွေက စောင့်ပြီးစားကြတယ်ကွ။

အပင်ပေါ်ကိုတက်နိုင်ကြတဲ့ ဝက်ဝံ၊ မျောက်၊ တောကြောင်တို့လို အကောင်မျိုးတွေက အပင်ပေါ်တက်စားကြတာကလား"

"စားကြတော့ ဘယ်လိုနေကြလဲဟင်"

"အပင်ပေါ် တက်စားနိုင်တဲ့ အကောင်တွေက အဖူး၊ အပွင့်၊ အသီးနဲ့ အညွန့်တွေကိုစားကြတယ်။ အပင်ပေါ်မတက်နိုင်တဲ့ တောဆင်ရိုင်းလို အကောင်မျိုးက ပင်စည်လုံးကို ဦးကင်းနဲ့ဆောင့်ပြီး အသီးနဲ့အပွင့်ကို ခြွေချစားသလို လက်လှမ်းမီရာ အောက်ဘက်မှာရှိတဲ့အကိုင်းကို နှာမောင်းနဲ့ ဆွဲလိမ်ချိုးဖဲ့ပြီး စားကြတယ်။ ကျန်တဲ့အကောင်ငယ်တွေကလည်း တောဆင်ရိုင်းတွေလာရင် သူတို့ပါ အပင်အောက်ကိုရောက်လာကြပြီး ကြွေကျလာတဲ့ အသီးနဲ့အပွင့်တွေကို စားကြတယ်ကွ"



www.burmeseclassic.com

www.burmeseclassic.com

"အဲဒီလိုစားပြီး ဘာဖြစ်လဲဟင်"

"ငါ့အထင် စားရင်းစားရင်း အီနောက်နောက်ဖြစ်လာပြီး မူးကြတော့တာပဲကွ။ အပင်ပေါ်တက်စားကြတဲ့အကောင်တွေက စိတ်ကြိုက်စားရလို့ ပိုမူးကြတယ်ကွ။ ဝက်ဝံတို့ မျောက်တို့ တောဆင်ရိုင်းတို့ဆို ပိုပြီးမူးကြတာပေါ့။ သွားရင်လာရင်လည်း လူတွေအရက်မူးလာသလို ယိုင်ထိုးယိုင်းထိုးနဲ့။ အဲဒီအပင်ကြီးအောက်မှာ မူးပြီးလဲတော့တာပဲ။ မူးလဲတဲ့နေရာမှာ တစ်ညလုံး အိပ်ပျော်သွားပြီး နောက်တစ်နေ့ မိုးလင်းတော့မှ အမူးပြေပြီး တောထဲ အစာရှာထွက်ကြပြန်တယ်။ ညနေပိုင်းအချိန်ကျရင် ဒီနေရာဆီကိုပဲ ပြန်ရောက်လာကြတယ်လေကွာ"

"အံ့သြစရာပဲနော် ကိုညှပ်တာ"

"အေးကွ။ မင်းလည်း အရက်သောက်တတ်တဲ့အကောင်ဆိုတော့ သူတို့ မူးနေတဲ့အချိန် မပစ်လိုက်မိဖို့၊ ကိုယ်ချင်းစာစိတ်ရှိဖို့အတွက် မပစ်နဲ့လို့တားရတာပဲ။ ဒီကိစ္စကို တော်ရုံမှဆိုး မသိဘူးလေ။ မင်းကျေးဇူးရှိလို့ ဒီလျှို့ဝှက်ချက်ကို ငါပြောပြပြီး လက်တွေ့ မင်းမြင်ရတော့မှာပါ။ လာသွားကြမယ်"

သူနဲ့ငါ နှစ်ယောက်သားလျှောက်လိုက်တော့ တစ်ဖာလုံလောက်ရောက်တော့ မယ်ဇယ်ပင်ကြီး(မဥ္ဇူသကနတ်ပန်းပင်ကြီး)အောက် မြေပြင်မှာ သူပြောတဲ့အတိုင်း မူးပြီးမှောက်နေကြတဲ့ တောဆင်ရိုင်းနှစ်ကောင်၊ တောဝက်ငါးကောင်၊ ဝက်ဝံနှစ်ကောင်၊ ဂျီ၊ ဒရယ်၊ ဆတ်တွေအပြင် မျောက်တွေက အများကြီး မူးလဲနေကြတာကို အံ့သြဖွယ်လက်တွေ့ မြင်ခဲ့ရတာပါပဲကွာ။

အနီးကို အခြေအနေသိရအောင် သွားကြည့်ဖို့ပြောတော့ သူက မသွားဖို့ တားတယ်လေ။ ဘာကြောင့်လဲဆိုတော့ သူတို့တွေမူးပြီး မှောက်ပြီးလဲကျနေပြီး အသိစိတ်မဲ့နေကြတဲ့ အကောင်တွေမို့ အလွန်ရန်လိုကြတဲ့အကြောင်း ပြောပြီး ပြန်ခဲ့ကြရတယ်ကွ။

ခု…မင်းတို့ကို ငါကိုယ်တိုင်ပြောပြတဲ့ ရခိုင်ရိုးမကြီးအတွင်းက ဆင်မိုးထွန်း လက်ရင်းတပည့် ဦးညှပ်တာဆိုတဲ့ ရိုးမမုဆိုးကြီး လက်တွေ့ပြလိုက်တဲ့ တကယ့်ဖြစ်ရပ်ပဲ။ ခုဒီရွာကိုပြန်ရောက်လို့ ဘိုကေစိန်တို့ဆီက မယ်ဇယ်ပင်(မဥ္ဇူသကနတ်ပန်းပင်)ဖြစ်ရပ်နဲ့တော့ တခြားစီဖြစ်နေတယ်ကွ။

ဒါနဲ့ ပြောတဲ့လက်စနဲ့ ဆက်ပြောရဦးမယ်။ ပြီးခဲ့တဲ့နှစ်ထဲမှာ ငါ့သားအငယ်ကောင် ဝင်းနိုင်က ဗွီဒီယိုအခွေတစ်ခွေ ဝယ်လာတယ်ကွ။ အခွေရဲ့နာမည်က (THE JUNIOR NOVEL) တဲ့။ ပြောရရင် အမင့်ရဲ့ လျှို့ဝှက်ချက် (DOLPHIN TALE 2)ပဲ။ အဲဒီအခွေထဲမှာ(ONE LIFE) ဆိုတဲ့ ကားထဲမှာ ငါပြောသလိုမျိုး အဲဒါတွေစားပြီး မူးပြီး လန်ပုံနေကြတာ တွေ့တော့ ဆက်စပ်ပြီး ကိုညှပ်တာပြတာနဲ့ ရောပြီးတွေးလိုက်တော့ ဟုတ်လောက်တယ်ဆိုပြီး လက်ခံလိုက်တာပဲကွ။

ခု ငါတို့အဖွဲ့ ဒီရွာကိုရောက်ပြီး မယ်ဇယ်ပင်(မဥ္ဇူသကနတ်ပန်းပင်)နှင့် ပတ်သက်ပြီး ဖြစ်ပျက်ခဲ့တာတွေနဲ့ ငါကြုံ တွေ့ခဲ့ရတာတွေနဲ့က တခြားစီပဲဖြစ်နေတယ်။ ငါတို့ပြောရရင် ခုနက မွန်ကိုဝင်ပူးပြီး နတ်ပန်းပင်စောင့်နတ်က တောင်းပန်နိုင်းတာနဲ့ လုနိုင်ဆိုတဲ့ကောင်စော်ကားလို့ ထန်းပင်ပေါ်က ကန်ချလိုက်လို့ အသေဆိုးသေရတာနဲ့ ငါကြုံခဲ့ရတာတွေက ဘယ်လိုမှ ဆက်စပ်တွေးတောလို့မရဘူး ဖြစ်နေတယ်။

ငါ မင်းတို့ကို ပြောပြခဲ့တာကလည်း ကိုယ်တွေ့ပဲ။ ခု ဒီမှာဖြစ်နေတဲ့ ပြဿနာဟာလည်း ကိုယ်တွေ့ပဲ။ ကိုယ်တွေ့ဖြစ်ရပ်တွေမို့ မင်းတို့ ယုံချင်လည်း ယုံ၊ မယုံချင်လည်း ပုံပြင်သာမှတ်ကြတော့ကွာ"

အဘကောင်း စကားအဆုံးသတ်လိုက်ချိန် ဘိုကေစိန်ပြန်ရောက်လာသဖြင့် နံနက်စာကို စားသောက်နေလိုက်ကြပေတော့သည်။

အမေ(အစ်မ)က ညီမောင်ဖြစ်သူ ယူဆောင်လာသည့် ခရေပွင့်နှင့်တူသော ပန်း(မယ်ဇယ်ပွင့်) မဥ္ဇူသကနတ်ပန်းဟုဆိုကာ ဘုရားရှင်နှင့်အတူ အိမ်တွင်းမင်း မဟာဂီရိတို့ကို ပန်းကို ကုသိုလ်ထူးတွေရအောင်ဆိုပြီး တရိုတသေ ကပ်လှူပူဇော်တာကို မြင်တွေ့ပြောပြခဲ့ဖူးသည့် ကျွန်တော်သည် ယခု ရိုးမမုဆိုးကြီး လက်တွေ့ပြသည့် မြင်ကွင်းကို တွေ့မြင်လိုက်ရသည့် ကျွန်တော့်အဖို့ ဘယ်လိုပြောရမည်မှန်းကိုပင် မသိလောက်အောင် ဖြစ်သွားပေတော့သည်။

**လေးမောင်**

www.burmeseclassic.com

www.burmeseclassic.com

# ရုပ်ပဌမ်-နာမ်ပဌမ် ပုတီးစိပ်နည်း

ဘိုးဘိုးအောင်၏ ပုတီးစိပ်နည်းဖြစ်သော ရုပ်ပဌမ်း၊ နာမ်ပဌမ် ပုတီးစိပ်နည်းကို သတ္တမမြောက် ကျော်အောင်စံထား ဆရာတော်ကြီးထံမှ နည်းနာခံယူ၍ စာရေးသူ အဓိဋ္ဌာန်ဝင်ခဲ့ဖူးသည်ကို တစ်ဆင့်လက်ဆင့်ကမ်း ဖော်ပြရပါသည်။

(၁) ရုပ်ပဌမ်ပုတီးစိပ်နည်းမှာ တန်ခိုးကြီးဘုရားစေတီတွင် ဗုဒ္ဓဟူးအရပ်မှဝင်၍ ဘုရားကို ဦးတိုက်ရှိခိုးပြီး လက်အုပ်ချီလျက် ဘုရားကို လက်ျာရစ် တစ်ပတ်ပတ်ပြီး ဗုဒ္ဓဟူးအရပ်သို့ ပြန်ဝင်ပါ။ ထိုဗုဒ္ဓဟူးအရပ်မှာ ထိုင်လျက် ဘုရားကို မျက်နှာမူရှိခိုး၊ ပရိကံယူ၊ အရဟံသိဒ္ဓိဂုဏ်တော်ကို ရုပ်ပဌမ်ပုတီးစိပ်နည်း အဓိဋ္ဌာန်ဖြင့် ဗုဒ္ဓဟူးဂြိုဟ်သက်အရ ပုတီး ၁၇ ပတ် စိပ်ပါမည်ဟု လျှောက်ထားပြီး ပုတီးစိပ်ပါ။

(၂) ထို့နောက် ဗုဒ္ဓဟူးအရပ်မှ ဘုရားကို လက်ျာရစ် လက်အုပ်ချီလျက် တစ်ပတ်ပတ်ပြီး ဗုဒ္ဓဟူးအရပ်သို့ ဂင်ပါ။ ထိုမှတစ်ဖန် ဘုရားကို လက်အုပ်ချီ လက်ျာရစ်ပတ်လျက် တနင်္လာနံအရပ်သို့ဝင်၍ ဘုရားကို ဦးသုံးကြိမ်ရှိခိုးကာ ရုပ်ပဌမ် အဓိဋ္ဌာန်ပုတီးစိပ်ရန် လျှောက်ထားပြီးနောက် တနင်္လာဂြိုဟ်သက် ပုတီး ၁၅ ပတ် စိပ်ပါ။

(၃) ထို့နောက် အထက်ပါအတိုင်း ဘုရားကို လက်ျာရစ်ပတ်လျက် တနင်္လာနံအရပ်မှ အင်္ဂါအရပ်သို့ဝင်၍ အင်္ဂါဂြိုဟ်သက်အရ ပုတီး ၈ ပတ် စိပ်ပါ။

(၄) ဤအတိုင်း အင်္ဂါအရပ်မှ သောကြာအရပ်သို့ဝင်၍ သောကြာဂြိုဟ်သက်အရ ပုတီး ၂၁ ပတ် စိပ်ပါ။

(၅) ဤနည်းအတိုင်းပင် သောကြာအရပ်မှ စနေအရပ်သို့ဝင်၍ စနေဂြိုဟ်သက်အရ ပုတီး ၁၀ ပတ် စိပ်ပါ။

(၆) ဤနည်းအတိုင်းပင် စနေအရပ်မှ ရာဟုအရပ်သို့ဝင်၍ ရာဟုဂြိုဟ်သက်အရ ပုတီး ၁၂ ပတ် စိပ်ပါ။

(၇) ဤနည်းအတိုင်း ရာဟုအရပ်မှ တနင်္ဂနွေအရပ်သို့ဝင်၍ တနင်္ဂနွေဂြိုဟ်သက်အရ ပုတီး ၆ ပတ် စိပ်ပါ။

(၈) ဤနည်းအတိုင်း တနင်္ဂနွေအရပ်မှ ကြာသပတေးအရပ်သို့ဝင်၍ ကြာသပတေးဂြိုဟ်သက်အရ ပုတီး ၁၉ ပတ် စိပ်ပါ။

ဤကဲ့သို့ အရပ်ရှစ်မျက်နှာ အပြီးတွင် ပုတီးအပတ်ပေါင်း ၁၀၈ ပတ် ရပါမည်။ ဤသို့ စိပ်ပြီးပါက ရှေ့နည်းအတိုင်း ကြာသပတေးအရပ်မှ ဗုဒ္ဓဟူးအရပ်သို့ အလယ်တည့်တည့်ဝင်ကာ (ဂြိုဟ်ရှစ်လုံးတို့၏ အလယ်ကို ဆိုလိုသည်) ဘုရားကို ဦးသုံးကြိမ်ရှိခိုးပြီး အရှေ့အရပ်သို့ မျက်နှာမူပြီး ပုတီး ၁၀၈ ပတ်ကို တစ်ထိုင်တည်း စိပ်ရပါမည်။ ဤကဲ့သို့ စိပ်ပြီးပါက ရုပ်ပဌမ်တစ်ကြိမ်ပြီးပါသည်။

ဂုဏ်တော်ကိုးပါးကို သိဒ္ဓိတပ်၍ "အရဟံသိဒ္ဓိ၊ သမ္မာသမ္ဗုဒ္ဓေါသိဒ္ဓိ၊ ဝိဇ္ဇာစရဏသမ္ပန္နောသိဒ္ဓိ ... စသည်ဖြင့်" ကျန်ဂုဏ်တော် ရှစ်ပါးကိုလည်း ဤနည်းအတိုင်း စိပ်ရပါမည်။

ဤရုပ်ပဌမ်ပုတီးစိပ်နည်းမှာ အောင်ပကုလား၊ ဆွေသားတော်ရင်း ဟူသော မိတ်ဓာတ်ကို ယူထားပါသည်။ ဗုဒ္ဓဟူးဂြိုဟ်မှစ၍ ဝင်ရသောကြောင့် ကုလား၊ ဆွေသားတော်ရင်း၊ အောင်ပ ဟူ၍ ယူထားပါသည်။

ထို့ပြင် တစ်နည်းအားဖြင့် ဥသာ၊ စိန်ပန်း၊ ဒန်းလှ ကိုရှာ ဟူသော မိတ်ဓာတ်ဖြင့်လည်း ယူ၍ စိပ်နိုင်ပါသည်။ ဗုဒ္ဓဟူးဂြိုဟ်မှ စရမည်ဖြစ်၍ 'လှဒါန်း၊ ကိုရှာ၊ ဥသာ၊ စိန်ပန်း' ဟူ၍ ယူရပါမည်။ အောက်ပါ ပြထားသော ပုံစံကို ကြည့်ပါ။

| | | |
|---|---|---|
| အောင် (၇) | ကု (၂) | ဆွေ (၃) |
| သား (၄) | | (၁) လား |
| (၆) ရင်း | (၈) ပ | (၅) တော် |

**လားကု၊ ဆွေသား၊ တော်ရင်း၊ အောင်ပ**

| | | |
|---|---|---|
| ဥ (၅) | ကို (၃) | စိန် (၇) |
| သာ (၅) | | (၁) လှ |
| (၄) ရှာ | (၈) ပန်း | (၂) ဒန်း |

**လှဒန်း၊ ကိုရှာ၊ ဥသာ၊ စိန်ပန်း**

နာမ်ပဌမ် ပုတီးစိပ်နည်းနှင့် ကျင့်စဉ်များကိုလည်း ဆက်လက်ရေးသား ဖော်ပြပေးပါဦးမည်။

လိုရာဆန္ဒ ပြည့်ကြပါစေ

**ဇေယျထူ (B.A)**




www.burmeseclassic.com

www.burmeseclassic.com

# မြို့ရန်ကုန်ဝန်းကျင်မှ ဂမ္ဘီရဆန်းကြယ် ဖြစ်ရပ်များ (၄)

ပထမံဝိဇ္ဇာအောင်



ဒဂုံမြို့ကို ပါဠိဘာသာဖြင့် 'တြိ-ဂုမ္ဗ' ဟု ခေါ်ဆိုကြပြီး ကုန်း ၃ ကုန်း အထွတ်အထိပ်၌ရှိသော မြို့ဟု အဓိပ္ပာယ်ဖွင့်ဆိုသည်။ ပုဂံပြည့်ရှင် အနော်ရထာမင်းသည် ခရစ်နှစ် ၁၀၅၇ ခုနှစ်ခန့်တွင် ဒဂုံမြို့သို့ ရောက်ရှိလာကာ ရွှေတိဂုံစေတီတော်မှ ဋ္ဌာပနာ ပစ္စည်းများအား ပုဂံသို့ ပင့်ဆောင်ရန် ကြိုးပမ်းခဲ့ကြောင်း အဆိုရှိခဲ့ဖူးသည်။ ထို့ပြင် ကျောက်စာအထောက်အထား အရ ခရစ်နှစ် ၁၁၉၈-ခုနှစ်တွင် ဒဂုံမြို့နှင့် အလှမ်းမကွာလှသော ဒလမြို့၌ အုတ်ခွက်ဘုရားတစ်ဆူကို တွေ့ရှိခဲ့ရ၍လည်း ပုဂံနှင့် ဒဂုံတို့၏ ဆက်စပ်ပုံကို သော့လာနိုင်ပေသည်။

ဒဂုံရောက် နိုင်ငံခြားသားနှစ်ဦး၏ မှတ်တမ်း

အေဒီ-၁၅၈၃ ခုနှစ်၊ နိုဝင်ဘာလ ၃ ရက်နေ့တွင် အီတလီပြည် ဗင်းနစ်မြို့သား ကျောက်ကုန်သည် (ဂက်စ်)ဖရီဘာဘီသည် ဒဂုံမြို့သို့ ရောက်ရှိလာသည်။ သူ၏ မှတ်တမ်းထဲတွင် ထိုမြို့ကို အနောက်တောင်သို့ မျက်နှာမူလျက် တည်ထား၏။ မြင့်မားလှသော လှေကားထစ် နှစ်ဆယ်တို့မှာ သစ်သားဖြင့် ကြီးမားခိုင်ခံ့စွာ တည်ဆောက်ထားပါသည်။ ထိုနေရာတွင် ရေတက်ရေကျချိန်၌ ကျူးကို တွေ့ရသည်မှာ ပင်လယ်ဆိပ်ကမ်းမြို့ဖြစ်သော စီရီယန်၏ ဒင်အထွက်ဖြစ်သည့် မာကာရီရှိနှင့် နီးသောကြောင့် ဖြစ်သည်ဟု ဖော်ပြထားသည်။

အေဒီ-၁၅၈၆ ခုနှစ်တွင် ဒဂုံသို့ ရောက်ရှိခဲ့သည့် အင်္ဂလိပ်လူမျိုး ရက်ဖစ်(စ်)၏ မှတ်တမ်း၌လည်း ပဲခူးမှ



www.burmeseclassic.com

www.burmeseclassic.com

ဖယ်ရှားပစ်ရန် ဆန္ဒဖြင့် မြို့တော်ကို အောင်မြင်ရန်နင်းဟု အမည်ပေးခဲ့သည်။ အေဒီ-၁၈၄၁ ခုနှစ်၊ အောက်တိုဘာလ ၂ ရက်နေ့တွင် တာဝန်း (၁၈၈၁)ပေ ရှိသော မြေ၌ တည်ထားခဲ့ခြင်းဖြစ်ပြီး သာယာဝတီမင်းသည် ခေတ္တထီးနန်း စိုက်ခဲ့ရာ နန်းတော်ကိုမူ မြတ်နန်းအောင်ချာဟု အမည်ပေးခဲ့သည်။ သာယာဝတီမင်းသည် ဘေးတော်ဖြစ်သူ အလောင်းမင်းတရား တည်ခဲ့သော မြို့မှာ မြစ်ကမ်းနှင့် နီးကပ်နေသဖြင့် ရန်သူများ အလွယ်တကူ ရေကြောင်းမှ ဝင်ရောက်လာနိုင်သည်ဟု ယူဆထားဟန် ရှိပါသည်။ ထို့ကြောင့်လည်း မြို့တော်ကို မြစ်ဆိပ်မှ အတန်ငယ် ကွာဝေးသောနေရာ၌ တည်ခဲ့ခြင်းဖြစ်သည်။

အောင်မြေရန်နင်းမြို့မှာ မြို့ရိုး (၁၆)ပေ မြင့်ပြီး အရှေ့ဘက်၌ ခံကတုပ်များဖြင့် တည်ဆောက်ထားသည်ဆို၏။ ယင်းမြို့မှာ သာယာဝတီမင်း ရန်ကုန် ခေတ္တလာရောက်စိုးစံစဉ်အတွင်း (၅)လ နီးပါးခန့်သာ အသုံးပြုပြီး ဘုရင်မင်းမြတ် ပြန်လည်ကြွချီသောအခါ ပျက်စီးရခဲ့သည်။

## ရန်မကုန်သေးသောရန်ကုန်(သို့မဟုတ်)ရန်ကုန်နိဒါန်း

အလောင်းမင်းတရားကြီးသည် ရန်အပေါင်းကို ကုန်စင်အောင် တိုက်ခိုက်ချေမှုန်းနိုင်ပြီ ဖြစ်သဖြင့် မြို့တော်အား 'ရန်ကုန်' ဟူ၍ အမည်ပေးခဲ့ကြောင်း ဆိုစမှတ်ပြုကြသည်။ သို့သော် ရန်ကုန်သည် ရန်အပေါင်း ကုန်စင်ခြင်းသဘောဖြင့် ပေးခဲ့သော အမည်မဟုတ်ပေ။ ရန်သူတို့အား ဤမြို့တော်မှနေ၍ ကုန်စင်အောင် တိုက်ခိုက်သွားမည်ဟူသော သဘောဖြင့် ယင်းသို့ အမည်ပေးခဲ့ခြင်း ဖြစ်ပါသည်။ ကုန်းဘောင်ဆက် မဟာရာဇဝင်တော်ကြီး (ပထမတွဲ) စာမျက်နှာ-၁၂၈ တွင် မြို့၏အင်္ဂါ ပြည့်စုံစွာ ခုနစ်ရက်နှင့် ပြီးအောင် တည်ဆောက်တော်မူ၍ ရန်သူတို့ကို ဤတွင် ကုန်စင်အောင် လုပ်ကြံတော်မူမည်ဟု အမိန့်တော်ရှိ၍ ရန်ကုန်မြို့ဟု သမုတ်တော်မူ၏ဟု ဖော်ပြပါရှိ၏။

## ဦးဝိစာရအဝိုင်းနှင့် ကျောက်တိုင် ဦးဝိစာရ ထေရုပ္ပတ္တိအကျဉ်း

ဒဂုံမြို့နယ်၏ အမှတ်သင်္ကေတများထဲတွင် ဆရာတော် ဦးဝိစာရ အထိမ်းအမှတ်ကျောက်တိုင်လည်း အပါအဝင် ဖြစ်ပါသည်။

ဦးဝိစာရအဝိုင်းသည် ဦးဝိစာရလမ်း အလုံလမ်းနှင့် ဦးထောင်ဘိုလမ်းတို့ ဆုံရာ၌ တည်ရှိသည်။

ဦးဝိစာရသည် ကိုလိုနီခေတ်ကာလတစ်လျှောက် ရန်ကုန် ဝေဠုဝန်ကျောင်း၌ သီတင်းသုံးလျက်ရှိစဉ် ဆရာတော် ဦးဉတ္တမ ဦးဆောင်မှုအောက်တွင် နိုင်ငံရေး ဆောင်ရွက်ခဲ့သူ ရဟန်းတစ်ပါး ဖြစ်၏။ ဦးဝိစာရကို ၁၈၈၉-ခုနှစ်၊ ဧပြီလ ၂၃ ရက်နေ့တွင် မုံရွာခရိုင်၊ ကမ်းနိမ့်ရွာ၌ ဦးပြား+ဒေါ်ဇလပ်တို့မှ ဖွားမြင်ခဲ့သည်။ ငယ်မည်မှာ မောင်လှကျော် ဖြစ်၏။ လူငယ်ဘဝတွင် အိမ်ထောင်နှစ်ဆက် ရှိခဲ့ပြီး အသက်နှစ်ဆယ့်သုံးနှစ်အရွယ်တွင် ရှင်ရဟန်း ဖြစ်ခဲ့သည်။

ဆရာတော် ဦးဝိစာရသည် အိန္ဒိယနိုင်ငံ ဂယာမြို့၌ ကျင်းပသည့် ပြည်လုံးကျွတ် ကွန်ဂရက်အစည်းအဝေးသို့ တက်ရောက်ခဲ့ပြီး ကာလကတ္တားမြို့တွင် နိုင်ငံရေးပညာကို (၂)နှစ်တိုင် လေ့လာခဲ့သည်။

ဆရာတော် ဦးဝိစာရသည် မြန်မာပြည်သို့ ပြန်လည်ကြွရောက်လာပြီးနောက် မြန်မာ့လွတ်လပ်ရေးအတွက် ရဲရဲတောက် မိန့်ခွန်းများ ပြောကြားမှုဖြင့် ပုဒ်မ(၁၈၈)အရ ဖမ်းဆီးခံရကာ ၁၉၂၆-ခုနှစ်၊ နိုဝင်ဘာလ ၂၂ ရက်နေ့တွင် ထောင်ဒဏ် (၂)လ စီရင်ချက်ချခံခဲ့ရ၏။ ထို့နောက် သာယာဝတီထောင်မှ လွတ်မြောက်သောနေ့တွင် ပုဒ်မ (၁၂၄-က)အရ ဒုတိယအကြိမ် ဖမ်းဆီးခံခဲ့ရပြန်သည်။

ဆရာတော်သည် ထောင်အတွင်း လပြည့် လကွယ်နေ့များ၌ ဥပုသ်စောင့်နိုင်ရန် တောင်းဆိုရာ မရသဖြင့် အစာငတ်ခံ ဆန္ဒပြခဲ့၏။ ရက်ပေါင်းလေးဆယ်အကြာတွင် လိုက်လျောမှု ရရှိခဲ့သော်လည်း သင်္ကန်းဝတ်ခွင့် မရသဲ



www.burmeseclassic.com

www.burmeseclassic.com

နှစ်ရက်ခရီးတွင် ပဲခူးမြို့သူမြို့သားများ သွားရောက်ဖူးမြော်လေ့ရှိသော ဒဂုံ(ခေါ်)ဘုရားတစ်ဆူရှိပြီး ထိပ်ဖျားမှ ခြေတော်ရင်းအထိ ရွှေအပြည့်ချထားပါသည်။ ၎င်းမြို့သည် ပင်လယ်သို့ စွန်းထွက်နေသည့် လှပသော ဆိပ်ကမ်းမြို့လည်းဖြစ်ပြီး ထိုမြို့မှ သင်္ဘောများစွာတို့သည် မလက္ကာ မက္ကာနှင့် အခြားဒေသများသို့ သွားရောက်ကြသည်။ ဒဂုံမြို့သည် မြစ်ကမ်းနံဘေးရှိ မြို့ကလေးဖြစ်ကာ လမ်းဘေးတစ်ဖက်တစ်ချက်တွင် ဇရပ်များရှိသောလမ်းမှာ ဘုရားသို့သွားသောလမ်းဖြစ်၏ဟု ဆိုသည်။

ဒဂုံမြို့စားများ

ဒဂုံမြို့ဟူ၍ တိတိပပ ပေါ်ပေါက်လာချိန်တွင် ဒဂုံကို ပဲခူး ဟံသာဝတီ လက်အောက်ခံ မြို့တစ်မြို့အဖြစ် တွေ့ရှိရ၏။ ဒဂုံမြို့စားများ ထားရှိအုပ်ချုပ်စေရာ…

ပုညလက်ာအမတ် အမတ်အာသောက(၁၃၃၁)၊ နီးဒေါ်(၁၃၄၄)၊ မဟာဒေဝီ(၁၃၈၃)၊ ဗညားရံခိုက်(၁၄၁၁)၊ ရှင်စောပု(၁၄၂၂)၊ ဓေယျသူ(၁၄၅၂)၊ ဇောရို(ဓမ္မစေတီသက်ထက်)၊ ဗညားကျန်းတော(၁၅၄၄)၊ သီရိဇေယျကျော်ဆင်(၁၅၅၅)၊ အောက်ဗြစက္ကိ(၁၅၆၉)၊ ပုညကမ္မာ(၁၆၂၇) သူတို့ ဖြစ်ကြသည့် ပုညကမ္မာကို ဘယတော်သူ သီရိဒေဝမင်းရဲကျော်နိုင်တို့က ဆက်ခံခဲ့ကြသည်ဟု ဆိုသော်လည်း ထိုသူတို့အား ရာဇဝင်ကျမ်းများ၌ ဒဂုံမြို့သားဟူ၍ အတိအကျ ညွှန်းဆိုခဲ့ခြင်း မရှိပေ။

ဒဂုံမြို့သားများထဲတွင် နိုင်ငံခြားသား ထိုင်း(ယိုးဒယား)လူမျိုးတစ်ဦး ပါဝင်နေခြင်းမှာမူ စိတ်ဝင်စားဖွယ်ကောင်းလှပါသည်။ ထိုင်းအမျိုးသား၏ အမည်မှာ အောက်ဗြစက္ကိဖြစ်ပြီး ဘုရင့်နောင်မင်း ၁၅၆၉–ခုနှစ်တွင် ယိုးဒယားသို့ ချီတက်တိုက်ခိုက်စဉ်က မြို့တွင်းသို့ အလွယ်တကူဝင်ရောက်နိုင်ရန် အကူအညီပေးခဲ့သူ ဖြစ်သဖြင့် ဒဂုံမြို့စားအရာ ပေးအပ်ခဲ့ခြင်း ဖြစ်သည်။

ရန်ကုန်မြို့ကို တည်စကာလ ရန်ကုန်သည် ရန်သူများ ဝန်းရံလျက်ရှိနေသော မြို့တစ်မြို့ အမှန်ပင်ဖြစ်သည်။ အလောင်းမင်းတရားကြီးသည် ရတနာသိင်္ဃသို့ ပြန်လည်ထွက်ခွာသွားလျက်ပင် ရှိချိန်တွင် ရန်ကုန်မြို့စောင့်တပ်ကို ရန်သူများ လာရောက်တိုက်ခိုက်ကြတော့သည်။ ထို့ပြင် အရေးကြီးသော တိုက်ပွဲများဖြစ်သည့် တာမွေတိုက်ပွဲ၊ ဒလတိုက်ပွဲ၊ သန်လျင်တိုက်ပွဲ၊ ဒေါပုံတိုက်ပွဲ စသည့် တိုက်ပွဲများမှာ ရန်ကုန်မြို့ တည်ပြီးမှ ဖြစ်ပွားခဲ့ကြခြင်း ဖြစ်၏။ သို့ဖြစ်၍ ရန်ကုန်မြို့ တည်ပြီး အချိန်အတန်ကြာသည်အထိ ရန်မကုန်သေးကြောင်း ထင်ရှား၏။

ရန်ကုန်မှ ရန်နှင်သို့



အလောင်းမင်းတရားကြီး အေဒီ ၁၇၅၅–ခုနှစ်တွင် တည်ဆောက်သော ရန်ကုန်မြို့ကို မင်းတရားကြီး၏ မြစ်ဖြစ်သူ သာယာဝတီမင်းလက်ထက် ၁၈၄၁–ခုနှစ်၌ အသစ်ပြန်လည်တည်ခဲ့သည့် သက်တမ်း ၈၆ နှစ်ရှိပြီဖြစ်သော မြို့တော်ဟောင်းကို စွန့်ပယ်၍ ယခု ဒဂုံ အ·ထ·က (၂) မြို့မကျောင်းရှေ့ကွင်းပြင် နေရာတစ်ဝိုက်၌ မြို့တည်ခဲ့ခြင်းဖြစ်သည်။ ဗညားနွဲ့မင်းသားလက်ထက်က အောင်မြေနင်းခဲ့ရာအရပ်ဖြစ်သော ဒဂုံတွင် ရန်အပေါင်းအား နှင်ထုတ်



www.burmeseclassic.com

www.burmeseclassic.com

သာမန်အဝတ်အစားကိုသာ ဝတ်စေသဖြင့် ထပ်မံအစာငတ်ခံ ဆန္ဒပြခဲ့ပြန်သည်။ နောက်ဆုံးတွင် ထောင်အာဏာပိုင်တို့က အိန္ဒိယနိုင်ငံ မေဒနီထောင်သို့ ပို့လိုက်၏။

အေဒီ-၁၉၂၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၄ ရက်နေ့တွင် ရန်ကုန်သို့ ပြန်ပို့ပေးခဲ့ပြီး ဖေဖော်ဝါရီလ ၂၈ ရက်နေ့တွင် ပြန်လွှတ်ပေးခဲ့၍ ဆရာတော်သည် ဥယျာဉ်တိုက်အတွင်း၌ သီတင်းသုံးရင်း ဆေးဝါးကုသခံယူခဲ့သည်။

ထို့နောက် အတန်ငယ် ကျန်းမာလာသောအခါ နိုင်ငံရေးတရားကို ပြန်လည်ဟောကြားမှုဖြင့် ပုဒ်မ(၁၂၄-က)အရ ၁၉၂၉-ခုနှစ်၊ ဧပြီလ ၆ ရက်နေ့တွင် တတိယအကြိမ် ဖမ်းဆီးခံခဲ့ရသည်။ ဆရာတော်သည် ထောင်တွင်း၌ သင်္ကန်းဝတ်ဖြင့်ထားရန် တောင်းဆိုရာ မရသဖြင့် အစာငတ်ခံ ဆန္ဒပြစဉ် ၁၆၆ ရက်မြောက်ဖြစ်သော ၁၉၂၉-ခုနှစ်၊ စက်တင်ဘာလ ၁၉ ရက်နေ့တွင် ရန်ကုန်ထောင်အတွင်း၌ပင် ပျံလွန်တော်မူခဲ့ပါသည်။

ဆရာတော် ဦးဝိစာရအား ဂုဏ်ပြုသောအားဖြင့် ဝတ်လုံသခင်ချန်ထွန်း၊ M.A ဒေါ်မြစိန်၊ လွယ်အိတ်ကြီး ဦးဘလှိုင်တို့၏ ကြိုးပမ်းဆောင်ရွက်မှုကြောင့် မြိုင်လမ်းနှင့် ဆင်လမ်းတို့အား ဦးဝိစာရလမ်းဟု အမည်ပေးခဲ့သည်။ ကျောက်တိုင်ကိုလည်း မြောင်းမြဦးဘလှတို့က ဦးဆောင်၍ စိုက်ထူခဲ့ကြသည်။

## အောင်မြေရန်နှင်းမြို့တော်

သာယာဝတီမင်းလက်ထက် ၁၈၄၁-ခုနှစ်တွင် တည်ဆောက်ခဲ့သည့် အောင်မြေရန်နှင်းမြို့တော်မှာ ဒဂုံမြို့နယ်အတွင်း၌ တည်ရှိခဲ့ပါသည်။ သာယာဝတီမင်း၏ နန်းတော်နေရာမှာ မြို့မကျောင်းလမ်း မြင်းပြိုင်ကွင်းဟောင်းအတွင်း၌ တည်ရှိနေခဲ့၏။ မြို့တော်မှာ တာဝန်း ၁၈၀၀ စီ ရှိပြီး မြို့ရိုးတစ်ဖက်စီ၌ တံခါးပေါက် သုံးပေါက်စီ ရှိပါသည်။

ရွှေတိဂုံစေတီတော်ကြီး၏ တနင်္ဂနွေထောင့်မှာ မြို့တော်၏ အရှေ့မြောက်ထောင့်အဖြစ် တည်ရှိ၏။ အရှေ့ဘက်တွင် လိပ်ခုံးဆင်စုနှင့် ကန်တော်လေးတံခါး၊ အနောက်ဘက်တွင် သစ်ညိုရောင်ပင်နှင့် ပန်းပဲတန်း၊ တံခါးတောင်ဘက်တွင် ဝက်စုတံခါး(ကျန်တံခါးနှစ်ခု အမည်မသိ)နှင့် မြောက်ဘက်တွင် ရှင်စောပုတံခါး၊ မသာတံခါးနှင့် ကျန်အမည်မသိတံခါးတစ်ခုတို့ ပါဝင်သည်။

အောင်မြေရန်နှင်းမြို့တော်နှင့် ပတ်သက်၍ အေဒီ ၁၈၃၄-ခုနှစ်ဖွား ထပ်ကလေးဈေးဇာတိ သက်တော် ၇၈ နှစ်၊ သိက္ခာတော် ၅၈ ဝါရှိ အရှေ့ကြီး တောရတိုက်ဆရာတော် ဦးအရိယတ် မိန့်ဆိုချက်အရ မြို့ရိုး၏ အရှေ့တောင်ထောင့်သည် ဂေါ်ရာကုန်း(ယခု အလံပြဘုရားတည်ရာကုန်းမြေ)၊ အနောက်တောင်ထောင့်မှာ မစ်ရှင်လမ်း၊ အနောက်ဘက်ထောင့်မှာ မစ်ရှင်လမ်း(လမ်းမတော်)၊ အရှေ့မြောက်ထောင့်မှာ ရှင်စောပုမြို့ဟောင်း မြောက်ဘက်၌ ရှိကြောင်း သိရ၏။

## သာဓုကန် တောင်ညီနောင်

တောင်ညီနောင်သို့ ရွှေပြည်သာမြို့နယ် သာဓုကန်စေတီ မြောက်ဘက်စောင်းတန်းမှ ကန်ပေါင်အတိုင်းဆင်း၍ အတန်ငယ်သွားလျှင် ရောက်ရှိနိုင်ပါသည်။ မွန်ရာဇဝင်အရ ဘီလူးညီနောင်တို့ နေထိုင်ရာအရပ်ဟု အဆိုရှိပါသည်။ တောင်ညီနောင်အနီးဝန်းကျင်တွင် ပုတ္တလုတ်ရေကန်တစ်ခုလည်း ရှိခဲ့ဖူးကြောင်း ဒဂုံမြို့စား ဦးကြာဒိုး၏ ကြေးပုရပိုက်မှတ်တမ်း၌ ဖော်ပြထားသည်ဟု ဆိုပါသည်။ ပုတ္တလုတ်ရေကန်မှာ သာဓုကန်စေတီ၏ အရှေ့ဘက် ချောက်ကြီးအတွင်း၌ တည်ရှိပြီး ယခုအခါ လှောင်ကန်ကြီးအောက်သို့ ရောက်ရှိပျောက်ကွယ်သွားပြီ ဖြစ်ပါသည်။

တောင်ညီနောင်(ခေါ်)တောင်နှစ်လုံးအထက်၌ သီးခြားတည်ထားခြင်း ဖြစ်ပါသည်။ အနောက်ဘက်ရှိတောင်ကို ညီတော်တောင် အရှေ့ဘက်ရှိတောင်ကို နောင်တော်တောင်ဟု ဆိုကြသည်။ ကိုလိုနီခေတ်ဦးကာလတွင် ပျက်စီးယိုယွင်းခဲ့ရသဖြင့် ၁၉၀၄-ခုနှစ်၊ နိုဝင်ဘာလ၌ ဦးဘရီ ဆိုသူက ပြုပြင်ခဲ့သည်။ စကျင်ကျောက်ဖြင့်



www.burmeseclassic.com

www.burmeseclassic.com

ဘီလူးညီနောင် ရုပ်တုကိုလည်း ထုလုပ်လှူဒါန်းခဲ့၏။

သာစုကန်ဘုရား

သာစုကန်ဘုရားသည် ရွှေပြည်သာမြို့နယ် အမှတ်(၄)လမ်းမကြီးအနီး သာစုကန်ရွာ အရှေ့ဘက်ခြမ်း မလှမ်းမကမ်းတွင် တည်ရှိ၏။ မူလ မွန်ဘာသာတွဲ့မည်မှာ ကျိုက်ဒိုခရ ဖြစ်ပြီး 'ဝန်ခံရာတောင်ကုန်းထက်မှ ဘုရား' ဟု အဓိပ္ပာယ်ရပါသည်။ ဘီလူးမင်းသည် တရားတော်နှင့် အညီ ကျင့်ကြံနေထိုင်ပါတော့မည်ဟု ဝန်ခံရာနေရာ၌ တည်ထားသော ဘုရားဖြစ်သဖြင့် ယင်းသို့ ခေါ်ဆိုကြခြင်း ဖြစ်သည်။ မွန်တိုင်းရင်းသားတို့က ဘုရားရှင် သာစုခေါ်ရာ နေရာ၌ တည်ထား၍ ကျိုက်ဆာစု ဟူ၍လည်း ခေါ်ဆိုကြ သည်။ သာစုကန်ဘုရားကို မွန်ဘုရင် ရာဇာဓိရာဇ်အဖြစ် ထင်ရှားခဲ့သည့် ဗညားနွဲ့မင်းသားက ခရစ်နှစ် ၁၃၈၃-ခုနှစ် ဝန်းကျင်တွင် မူလကျောက်စေတီအား ငုံကာ အသစ် ထပ်မံတည်ခဲ့သည်ဟု ဆိုပါသည်။

ဗညားနွဲ့သည် စေတီတော်ကို ၁၄၁ ပေ၊ ၅ လက်မအထိ တိုးမြှင့်တည်ထားခဲ့ပြီး အထိမ်းအမှတ်အဖြစ် စေတီရင်ပြင်၌ ကျွန်းပင်ကြီး တစ်ပင်ကိုလည်း စိုက်ပျိုးထား ခဲ့သည်။ ယင်းကျွန်းပင်ကြီးမှာ အနှစ် ၆၀၀ ကျော်အကြာ တွင် စေတီတော်ကို ထိခိုက်လာသဖြင့် ဂေါပကအဖွဲ့က (၅-၁-၁၉၉၃)ရက်နေ့တွင် ခုတ်လှဲပစ်ခဲ့ရကြောင်း ဆိုပါ သည်။ စေတီတော်သည် ကုန်းဘောင်ခေတ်တစ်လျှောက် တွင် မှော်ဘီမြို့သူကြီး အုပ်ချုပ်ရာ နယ်မြေအတွင်း ပါဝင် ခဲ့၏။ ဘကြီးတော်မင်းလက်ထက် ၁၈၃၄-ခုနှစ်တွင် ရှပေါက်ပင် ဆရာတော်နှင့် မှော်ဘီမြို့သူကြီး ဘိုးဝသီတို့ က ပြုပြင်မွမ်းမံကြပြီး သာယာဝတီမင်းလက်ထက်၌ မြို့သူ ကြီးမင်း ဗန္ဓုလက ထပ်မံပြင်ဆင် မွမ်းမံခဲ့သည်။

ကိုလိုနီခေတ်ဦးကာလ ၁၈၈၂-ခုနှစ်တွင် ရန်ကုန် မြို့ ၂၁ လမ်းနေ ဒေါ်စိန်ညာကလည်းကောင်း၊ ၁၈၈၆- ခုနှစ်တွင် ပုဇွန်တောင် အိုးဘိုရပ်နေ ဦးကုလားနှင့် ဒေါ်မင်း ရာတို့ကလည်းကောင်း ဆက်လက်ပြုပြင်ခဲ့ကြ၏။ ဘုရား မြောက်ဘက် မလှမ်းမကမ်းရှိ ရေကန်ကြီးအား သာစုကန်ဟု ခေါ်ဆိုခဲ့ကြသည်။ သာစုကန်ကြီး ဆယ်ယူတူးဖော်စဉ်က ၁၉၈၀-ပြည့်နှစ်၊ မေလ ၂ ရက်နေ့ ရက်စွဲပါ ဦးကုလား၊ ဒေါ်မင်းရာတို့၏ ကုသိုလ်တော် ခေါင်းလောင်းကို တွေ့ရှိခဲ့ ရ၏။

ရမ္မာနဂရမြို့ဟောင်း

ရွှေပြည်သာမြို့နယ်၏ အနောက်ဘက် နယ်နိမိတ် ဖြစ်သော လှိုင်မြစ်ကမ်းဘေးရှိ ဝါးတစ်ရာကျေးရွာအနီးတွင် ရမ္မာနဂရ အမည်ရှိ ရှေးမြို့ဟောင်းတစ်ခု တည်ရှိပါသည်။ ယင်းမြို့ကို ပဲခူး ဟံသာဝတီဘုရင် ပုဏ္ဏရိကမင်းလက်ထက် ခရစ်နှစ် ၁၃၁၄-ခုနှစ်တွင် စတင်တည်ထောင်ခဲ့သည်ဆို၏။ ယခုအခါ မြို့ရိုးဟောင်းနေရာအချို့ကိုသာ တွေ့ရှိနိုင်ပါတော့ သည်။ ပုဏ္ဏရိကမင်းသည် ရမ္မာနဂရမြို့အနီးဝန်းကျင်၌ မှော်ဘီမြို့ကို ခရစ်နှစ် ၁၃၀၈-ခုနှစ်၌လည်းကောင်း၊ လှိုင် မြို့(ယခု တိုက်ကြီးမြို့နယ် လှိုင်ရွာ)ကို ၁၃၁၁-ခုနှစ်၌ လည်းကောင်း တည်ခဲ့၏။

ရမ္မာနဂရမြို့ဟောင်းနေရာနှင့် ပတ်သက်၍မူ လော်ကားကန်ကြီး၏ အရှေ့ဘက်ခြမ်းရှိ မင်းကြီးကုန်းနေရာ ဟူ၍လည်း ဆိုစမှတ်ပြုကြပါသည်။ ယင်းနေရာတွင် ရှေး ဟောင်းအုတ်ချပ်ကြီးများ၊ အင်္ဂတေအုတ်ခုံအကျိုးအပျက်၊ အပိုင်းအစများ တွေ့ရှိကြရသည်ဟု ဆို၏။

ဝါးတစ်ရာရွာ

ဝါးတစ်ရာရွာသည် ရှေးခေတ် မွန်ဘုရင်များ လက်ထက်ကပင် အထင်အရှား ရှိခဲ့သော ကျေးရွာကြီး တစ်ရွာဖြစ်၏။ ဝါးတစ်ရာရွာသည် မွန်ဘာသာအမည် 'ဝယ်ကရ' မှ ဆင်းသက်လာပြီး 'ဝယ်'မှာ ကွင်းပြင်၊ 'ကရ'မှာ ကမ်းစပ်တောတန်းဟူ၍ အဓိပ္ပာယ်ရပါသည်။ ထို့ကြောင့် ဝါးတစ်ရာ(ခေါ်)ဝယ်ကရမှ မြစ်ကမ်းစပ်ရှိသော တောတန်းဟူ၍ ဆိုနိုင်ပါသည်။ ဝါးတစ်ရာရွာတွင် ရှေး ခေတ်ကာလကပင် ကင်းစခန်းတစ်ခု ထားရှိခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com

အလောင်းမင်းတရားလက်ထက် ဒဂုံမြို့ပေါင်းကို သိမ်းပိုက်ပြီးနောက် မြန်မာဘုရင်လက်အောက်သို့ ကျရောက်သွားချိန်တွင် ဝါးတစ်ရာ၌ ကင်းစခန်းကို ဆက်လက်ထားရှိခဲ့သည်။

ရှေးခေတ် ရန်ကုန်ကင်းစခန်းများကို လေ့လာခဲ့သူ မှော်ဘီဆရာသိန်းကြီးကမူ ဝါးတစ်ရာကင်းစခန်းသည် 'ကလိန်လက်ကြား' ဟုခေါ်သော ဒေသအနီးမှ ကျေးရွာတစ်ရွာဖြစ်ပြီး အနောက်ဘက်ကမ်းရွာ၌ ကင်းစခန်းကို ထားရှိကြောင်း ဆိုပါသည်။ ၁၈၇၂-ခုနှစ်၊ နှစ်ဦးကာလ ရွှေတိဂုံစေတီတော်သို့ လှူဒါန်းခဲ့သည့် ဆည်းလည်းစာ မှတ်တမ်းများ၌မူ ဝါးတစ်ရာရွာကို မှော်ဘီမြို့ ဝါသရရွာ ဟူ၍ ရေးထိုးထားသည်ကို တွေ့ရှိရ၏။

## ဆင်ခြေရာ ဆုတောင်းပြည့်စေတီ

ဆင်ခြေရာကျေးရွာတွင် ဒဂုံမြို့သစ်ဆိပ်ကမ်းမြို့နယ်၊ အမှတ်(၈၉)ရပ်ကွက်အတွင်းရှိ ရှေးဟောင်းကျေးရွာတစ်ရွာဖြစ်သည်။ ဆင်ခြေရာဆရာတော် သီရိဘဒ္ဒန္တရေဝတ၏ မွေ့လက်ာအရ ဆဒ္ဒန်ဆင်မင်း ခြေတော်ရာ ချခဲ့ဖူးရာ အရပ်ဖြစ်ကြောင်း အဆိုရှိပါသည်။ (ကုန်းဘောင်ခေတ် မင်းတုန်းမင်းလက်ထက်တွင် ဆင်ဖြူတော်တစ်ကောင်မှာ ပဲခူး လှည်းကူးနယ်စပ်၊ ကဝမြို့နယ်၊ နိဗ္ဗာန်ရွာမှ ရရှိခဲ့ဖူးရာ ယင်းဆင်ဖြူတော်နှင့်လည်း ဆက်စပ်နေဟန်ရှိ၏) ဆင်ခြေကျေးရွာ၌ လွန်ခဲ့သော နှစ်တစ်ရာကျော်က စေတီတော်တစ်ဆူ တည်ရှိခဲ့ပါသည်။ စေတီတော်၏ ဘွဲ့တော်မှာ 'ဆုတောင်းပြည့် အောင်စေတီ' ဖြစ်ပြီး သီပေါမင်း ပါတော်မူ ၁၀ နှစ်ပြည့် အထိမ်းအမှတ်အဖြစ် ၁၈၉၅-ခုနှစ်က ဦးဘိုးလှိုင်၊ ဒေါ်ငွေဥတို့ မိသားစုက တည်ထားကိုးကွယ်ခဲ့ကြောင်း ကမ္ပည်းထိုး မှတ်တမ်းတင်ထားသည်။ ဆရာတော် အရှင်ပဏ္ဍိစ (၁၈၉၇-၁၉၇၃)က ထိန်းသိမ်းစောင့်ရှောက်ခဲ့ပြီး ယခုအခါ ဆရာတော် အရှင်ကေလာသက ဆက်လက်စောင့်ရှောက်ထားပါသည်။

ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ အမှတ်(၉၃)ရပ်ကွက် အတွင်း၌လည်း တာပသွန်စေတီ(ခေါ်)ရှေးဟောင်းစေတီငယ်တစ်ဆူ တည်ရှိပါသေးသည်။ ယင်းစေတီမှာ ယခင်က ဘုရားငုတ်တိုအဖြစ်သာ တွေ့ရှိရပြီး ဘုန်းတော်ကြီးတစ်ပါးက ကြွရောက်ပြုပြင်ပေးခဲ့ရာ ယခုအခါ အောင်ဇမ္ဗူ ဆုတောင်းပြည့်စေတီအဖြစ် ထင်ရှားလာပါသည်။

စစ်ပင်ကျေးရွာသည် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်အတွင်း ငမိုးရိပ်ချောင်း၏ အရှေ့ဘက်ကမ်း၌ တည်ရှိပါသည်။ ယခုအခါ စစ်ပင်ကျေးရွာကို စစ်ပင်ရွာ(မြောက်)နှင့် စစ်ပင်ရွာ(တောင်)ဟူ၍ ကျေးရွာနှစ်ရွာ တွေ့ရ၏။ စစ်ပင်ရွာနှင့် အနီးဝန်းကျင်ကျေးရွာများကို ကိုလိုနီခေတ်ဦးကာလက တိုက်သူကြီး၏ အမည်မှာ 'ဦးဆိုင်' ဖြစ်သည်။ တိုက်သူကြီး ဦးဆိုင်သည် မြင်းကွန်းမြင်းခုံတိုင်မင်းသားများ အရေးကြောင့် ရန်ကုန်သို့ စုန်ဆင်းလာကာ လမ်းမတော် အရပ်၌ နေထိုင်ခဲ့သူ အကြီးတော် ဦးသံမှိုထံ၌ သဒ္ဒါ၊ သင်္ဂြိုဟ်များ ဆည်းပူးလေ့လာခဲ့ဖူးသူဖြစ်သည်။ စစ်ပင်ကျေးရွာ၌ သူကြီးအဆက်ဆက် အုပ်ချုပ်ခဲ့ရာ၌ ကိုလိုနီခေတ်ဦးကာလမှ ပါလီမန်ခေတ်အထိ ဦးလူဝ၊ ဦးထွန်းတင်၊ ဦးပုတ်ကြီး၊ ဦးစိုးရင်တို့ဖြစ်ကြောင်း သိရှိရသည်။

စစ်ပင်ကျေးရွာတွင် ရှေးဟောင်းစေတီတော်တစ်ဆူလည်း ရှိ၏။ စေတီတော်ကြီးမှာ လေးကျွန်းစကြာရှင်မဟာဆုတောင်းပြည့်စေတီတော်ကြီးဖြစ်ပြီး ၂၀၀၃-ခုနှစ်၊ ဖေဖော်ဝါရီလ ၂၃ ရက်နေ့တွင် ပြန်လည်ပြုပြင် ပန္နက်ချခဲ့သည်။ စေတီတော်ကြီးအနီးရှိ စစ်ပင်ဘုန်းတော်ကြီးကျောင်းမှာလည်း ရှေးဟောင်းကျောင်းကြီးတစ်ကျောင်းဖြစ်သည်။ ဆရာတော် ရှင်စန္ဒိမာ၊ ရှင်တေဇ၊ ရှင်နန္ဒိယ၊ ရှင်သိဒ္ဓိ၊ ရှင်ဝိမလ၊ ရှင်သုမနတို့ အဆက်ဆက် ကျောင်းထိုင်ခဲ့ကြ၏။ ကျောင်းဝင်းအတွင်းရှိ မဟာဓမ္မာသိမ်တော်ကြီးမှာ ပျက်စီးယိုယွင်းလာသဖြင့် ၁၉၈၆-ခုနှစ်တွင် အသစ်တစ်ဖန် ပြန်လည်ပြုပြင်ခဲ့ကြသည်။


## ဒေါပုံဟူသည်

ဒေါပုံသည် မွန်ဘာသာအမည် 'တော်ပွန်'မှ



www.burmeseclassic.com

www.burmeseclassic.com



ဆင်းသက်လာခြင်းဖြစ်ပြီး တော်မှာ တောင်ကုန်း၊ ပွန်မှာ နဘဲပင် ဖြစ်သဖြင့် နဘဲပင်ကုန်းဟု အမည်တွင်ရပါသည်။ ဒေါပုံသည် ဒဂုံမြို့ငယ်လေးတစ်မြို့ ဖြစ်ခဲ့၏။ ကုန်းဘောင်ခေတ်ဦးက အလောင်းမင်းတရားလက်ထက် တိုက်ပွဲများတွင်လည်း ဒေါပုံတပ်ကို ဖြိုခွင်းရသည့် တိုက်ပွဲတစ်ပွဲ ပါဝင်ခဲ့သည်။ ဒေါပုံသည် မြန်မာမင်းများလက်ထက်တွင် မြို့တစ်မြို့ ဖြစ်လာပြီး တစ်စတစ်စ စည်ကားလာခဲ့၏။ နောက်တွင် နန်းတွင်းအဆက်အနွယ်များအား မြို့စားအရာ ပေးအပ်ရာ မြို့တစ်မြို့ပင် ဖြစ်လာပါသည်။ သာယာဝတီမင်း၏ မိဖုရားများထဲတွင် ဒေါပုံမြို့စား မိဖုရားတစ်ပါး အပါအဝင် ဖြစ်ပါသည်။ ယင်းမိဖုရားသည် အသက်အလွန်ရှည်သူဖြစ်ပြီး ဗြိတိသျှအစိုးရလက်ထက်၌ လစဉ်ထောက်ပံ့ကြေး ကျပ် ၅၀ ရရှိခဲ့၏။

ကုန်းဘောင်ခေတ်နှောင်းကာလတွင် ဒေါပုံ၌ မြို့အုပ်တစ်ဦး ထားရှိအုပ်ချုပ်စေခဲ့သည်။ ပုဂံမင်းလက်ထက် ဒေါပုံမြို့အုပ်မှာ နေမျိုးသီရိနော်ရထာ ဖြစ်ပြီး ရန်ကုန်မြို့ဝန်ဦးအုပ် ကပ္ပတိန်လူးဝစ်အမှုကို စစ်ဆေးစဉ်က တရားသူကြီးအဖွဲ့ဝင်အဖြစ် ဆောင်ရွက်ခဲ့၏။ ၁၈၅၃-ခုနှစ်တွင် ဒေါပုံမြို့ အင်္ဂလိပ်လက်အောက် ကျရောက်ခဲ့ရသည်။ ပါလီမန်ခေတ်တွင် ဒေါပုံသည် ရန်ကုန်ခရိုင်၊ ရန်ကုန်ဆပ်ဒီဗီဇံအတွင်း ကိုက်နယ်တစ်ခုဖြစ်ပြီး လှိုင်ဘုံ(၆)အိမ်တန်း၊ မီးရထားလမ်းကုလားစု၊ အာရကန်၊ ချီလိမ်ရွာ၊ နာနာပိုင်ကုလားစု၊ ဘော်ကုန်း(ခေါ်)လိမ်ကုန်း၊ အစိုးရသင်္ဘောကျင်း၊ ဝါးဆိုပိုင်း၊ ပုသိမ်မြေ၊ ဆေးစက်ဝိုင်း၊ ကျည်စု၊ အီတာလျံကုလားစု၊ ဝက်စု၊ ဗမာရော၊ ဗမာမူဆလင်ရွာများ ပါဝင်ပါသည်။

ကံဘဲ့တိုက်ပွဲ

အင်္ဂလိပ်-မြန်မာ ပထမစစ်ပွဲကာလအတွင်း ဖြစ်ပွားခဲ့သည့် ကံဘဲ့တိုက်ပွဲမှာ သမိုင်းဝင် တိုက်ပွဲကြီးတစ်ပွဲ ဖြစ်သည်။ ၁၈၂၄-ခုနှစ်၊ ဒီဇင်ဘာ ၁၅ ရက်နေ့တွင် ဗိုလ်ချုပ် ကင်းဘဲနှင့် ဗိုလ်မှူးချုပ် ကော်တွန်တို့ ဦးစီးသော ဗြိတိသျှစစ်ကြောင်းနှစ်ကြောင်းသည် ကံဘဲ့ရှိ မြန်မာ့ခံတပ်သို့ ချီတက်တိုက်ခိုက်ခဲ့ကြ၏။ ထိုစဉ်က ကံဘဲ့ခံတပ်ကို ကွပ်ကဲနေသူမှာ တပ်မှူးမင်းထင်မင်းခေါင်ဘွဲ့ခံ ဦးအေး (စစ်သူကြီး မဟာဗန္ဓုလ၏ညီ) ဖြစ်ပါသည်။ ဗြိတိသျှစစ်ကြောင်းနှစ်ကြောင်းသည် ကံဘဲ့ခံတပ်ကို ရှေ့နောက်ညှပ်ကာ ပြင်းပြင်းထန်ထန် တိုက်ခိုက်ခဲ့ကြ၏။

မြန်မာစစ်သည်တို့သည် ချီတက်လာကြသည့် ဗြိတိသျှတပ်များအား ရှုပ်ရှုပ်ချွံချွံ ခုခံတိုက်ခိုက်ခဲ့ကြသည်။ သို့သော် လက်နက်အင်အား မမျှတသဖြင့် မြန်မာတို့ဘက်စ တစ်စ ဆုတ်ခွာပေးကြရ၏။ တိုက်ပွဲတွင် မြန်မာတို့ဘက်မှ အများအပြား ကျဆုံးခဲ့သည့်နည်းတူ ဗြိတိသျှတို့ဘက်မှလည်း အထိနာခဲ့၏။ ဗြိတိသျှအရာရှိ သုံးဦး၊ တပ်သား ၁၈ ဦး ကျဆုံးခဲ့ပြီး အရာရှိ ၁၄ ဦး အပါအဝင် ၁၁၄ ဦး ဒဏ်ရာရရှိခဲ့သည်။ ကံဘဲ့တိုက်ပွဲမှာ စစ်သူကြီး မဟာဗန္ဓုလ၏ တပ်ပေါင်းစု ရန်ကုန်စစ်မျက်နှာသို့ ရောက်ရှိလာပြီးနောက် အကြီးမားဆုံးသော ဆုံးရှုံးမှုတစ်ရပ် ဖြစ်သည်ဟု ဆိုကြ၏။

မဟာသိမ်တော်ကြီးနှင့် သိမ်ကြီးဈေး

ယခု မဟာဗန္ဓုလလမ်းမရှိ မြတ်စွာဘုရားကျောင်းတော်ကြီး၏ နောက်ဘက်တွင် ရှေးခေတ်အခါက မဟာသိမ်တော်ကြီး(ခေါ်)သိမ်ကြီးတစ်လုံး ရှိခဲ့ဖူးပါသည်။ သိမ်ကြီး၏ အနောက်ဘက်(ယခု သိမ်ကြီးဈေး စီရုံနေရာ) တွင် ဆူးလေစေတီတော်နှင့် ပုံပန်းသဏ္ဌာန်တူညီသော ဉာဏ်

www.burmeseclassic.com

www.burmeseclassic.com

တော်မှာ ရွှေတိဂုံရင်ပြင် နောင်တော်ကြီးစေတီခန့် ရှိသည့် ကျိုက်မြတ်သံချိုဘုရားကြီး တည်ရှိခဲ့သည်။ ယင်းဘုရားကြီးအား အစွဲပြုကာ သိမ်ကြီးကိုလည်း ကျိုက်မြတ်သံချိုသိမ်တော်ဟု ခေါ်ဆိုကြ၏။ သိမ်ကြီး၏ တောင်ဘက်ကပ်လျက်တွင် တပ်ကလေးဈေး တည်ရှိပြီး မြောက်ဘက်တွင် ဆရာတော်ဦးပုည၏ ကျောင်းတိုက် တည်ရှိခဲ့သည်။

၁၈၅၂-ခုနှစ်တွင် ရန်ကုန်မြို့ အင်္ဂလိပ်လက်အောက် ကျရောက်သွားပြီးနောက် မော်လမြိုင်၌ အကျိုးအမြတ် ဖြစ်ထွန်းနေသည့် စူရတီဘဇားခေါ် ဈေးကြီး ပေါ်ပေါက်လာတော့သည်။ အနီးရှိ သိမ်တော်ကြီးနှင့် ကျိုက်မြတ်သံချိုစေတီတို့မှာမူ လမ်းဖောက်လုပ်ရာ၌ မလွတ်ကင်းဟူသော အကြောင်းပြချက်ဖြင့် ဖယ်ရှားခြင်း ခံခဲ့ရ၏။ သို့သော် သိမ်တော်ကြီးအနီးရှိ ဈေးကြီးကို သိမ်ကြီးဈေးဟူ၍သာ ယနေ့တိုင် အမည်တွင်ခဲ့သည်။ ရန်ကုန်အရေးပိုင် အက်စ်ဒီစပက်သည် ၁၈၅၄-ခုနှစ်၊ မတ်လ ၁ ရက်နေ့တွင် ယခုလက်ရှိ မြတ်စွာဘုရားကျောင်းတော်ကြီးနေရာသို့ သာသနာ့မြေအဖြစ် ပြန်လည်ပေးအပ်ခဲ့သည်။

## ထန်းပင်ကုန်းသိမ်

ငါးထပ်ကြီးဘုရားလမ်း၊ သိမ်ကုန်းကျောင်းတိုက်အတွင်းရှိ ထန်းပင်ကုန်းသိမ်မှာ ရှေးဟောင်းသိမ် ကိုးလုံးအနက် အပါအဝင် ဖြစ်သည်ဆိုပါသည်။ သိမ်တော်နေရာမှာ ကိုလိုနီခေတ်အခါက တောတောင်ချုံနွယ်များ ဖုံးလွှမ်းလျက်ရှိခဲ့၏။ ယင်းနေရာတွင် မင်းတုန်းမင်း၏ မွေးစားသားဟု ဆိုစမှတ်ပြုကြသည့် ဟံသာဝတီပုံနှိပ်တိုက်ပိုင်ရှင် မစ္စတာရစ်ပလီက အင်္ဂလိပ်အစိုးရထံမှ မြေဝယ်ယူကာ ခုတ်ထွင်ရှင်းလင်းစဉ် သိမ်တော်ကျောက်စာတိုက်ကို တွေ့ရှိခဲ့ရ၏။ သို့ဖြင့် သူဌေးကတော် ဒေါ်သေားမ၊ ဒေါ်ဘွယ်တို့က ရွှေကြက်ယက်ကျောင်း၊ ပထမဆရာတော်ထံ လျှောက်ထားကြရာ ဆရာတော်ကြီးက ရဟန္တာအရှင်သူမြတ်များ သမုတ်ခဲ့သည့် သိမ်ကိုးလုံးအနက် အပါအဝင်ဖြစ်ကြောင်း မိန့်ဆိုခဲ့၏။ သို့ဖြင့် သူဌေးကတော်တို့ ဒါယိကာပြုလျက် သိမ်ဟောင်းနေရာ၌ သိမ်သစ်ဆောက်လုပ် လှူဒါန်းခဲ့ကြသည်။

သိမ်ကော်အနီးရှိ သိမ်ကုန်းကျောင်းတိုက်ကို ဆရာတော် ဦးရေဝတက စတင်တည်ထောင်ခဲ့ပြီး ဆရာတော်မှာ သက်တော် ၈၀ အရွယ် ၁၉၅၃-ခုနှစ်၊ ဩဂုတ်လ ၂၄ ရက်နေ့၌ ပျံလွန်တော်မူခဲ့၏။ ထို့နောက် ဆရာတော်အဆက်ဆက် ထိန်းသိမ်းစောင့်ရှောက်ခဲ့သည်မှာ ယနေ့တိုင်ဖြစ်သည်။

## စစ်ကဲမောင်ထော်လေး

စစ်ကဲမောင်ထော်လေးလမ်းကို ကုန်းဘောင်ခေတ်ကာလက မုန့်တီကုန်းဟု ခေါ်ဆိုပါသည်။ နောင် စစ်ကဲမောင်ထော်လေး နေထိုင်ရာလမ်း ဖြစ်သဖြင့် စစ်ကဲမောင်ထော်လေးလမ်းဟု အမည်မှည့်ခေါ်ခဲ့ကြသည်။ ဦးထော်လေးကို ၁၇၇၆-ခုနှစ်တွင် ပဲခူးမြို့၌ ဖွားမြင်ခဲ့သည်။ သူသည် စစ်ကိုင်းမင်း(ဘကြီးတော်) လက်ထက်တွင် မင်းကျော်သီဟာဘွဲ့ခံ ဒလမြို့အုပ်အဖြစ် အမှုထမ်းခဲ့၏။ ၁၈၂၄-ခုနှစ် အင်္ဂလိပ်-မြန်မာ ပထမစစ်ပွဲ ဖြစ်ပွားစဉ်က စကြာဝန်ကြီး ဦးမြတ်ရာ၏ လက်အောက်တွင် စစ်သည် ၇၀၀ ကျော်အား အုပ်ချုပ်ကွပ်ကဲလျက် တိုက်ပွဲဝင်ခဲ့သည်။ သို့သော် စစ်ကြီးပြီးဆုံးသွားချိန်တွင် ဗြိတိသျှတို့၏ သွေးထိုးလှုံ့ဆော်မှုအရ သန်လျင်မြို့ဝန် သမိန်မရှုဘွဲ့ခံ ဦးစပ်က မြန်မာဘုရင်အား ပုန်ကန်ခြားနားရာတွင် မပါဝင်လိုသဖြင့် မော်လမြိုင်မြို့သို့ ပြောင်းရွှေ့နေထိုင်ခဲ့၏။ ထို့နောက် ဗြိတိသျှအစိုးရလက်အောက်တွင် စစ်ကဲအဖြစ် အမှုထမ်းခဲ့သည်။ ဦးထော်လေးသည် အင်္ဂလိပ်-မြန်မာ ဒုတိယစစ်ပွဲအပြီး ရန်ကုန်သို့ ပြောင်းရွှေ့နေထိုင်စဉ်အတွင်း ရွှေတိဂုံစေတီတော်၌ ဗိုလ်ဖရေဇာ ဦးဆောင်လျက် ဌာပနာတိုက် ဖောက်ထွင်းနေမှုကို ကန့်ကွက်တားမြစ်ပေးပါရန်လည်း သက်ဆိုင်ရာသို့ တင်ပြခဲ့၏။ ဦးထော်လေး၏ စွမ်းဆောင်မှုကြောင့်ပင် အိန္ဒိယဘုရင်ခံချုပ် လော့ဒါလဟိုဇီက အမိန့်ထုတ်ပြန်တားဆီးပေးခဲ့ပါသည်။ ၁၈၆၉-ခုနှစ်၊ အသက် ၉၃ နှစ်အရွယ်တွင် ဒလမြို့၌ စစ်ကဲဦးထော်လေး ကွယ်လွန်သွားပါသည်။



www.burmeseclassic.com

www.burmeseclassic.com

## ဗိုလ်ဆွန်ပက်

၁၉၈၉–ခုနှစ်၊ ဇူလိုင်လ ၁၉ ရက်နေ့တွင် စစ်ကဲမောင်ထော်လေးလမ်းအား ဗိုလ်ဆွန်ပက်လမ်းအဖြစ် ပြောင်းလဲသတ်မှတ်ခဲ့၏။ နယ်ချဲ့ဆန့်ကျင်ရေးခေါင်းဆောင် ချင်းတိုင်းရင်းသား ကြွမ်ဘိ(စ်)ခေါ် ဗိုလ်ဆွန်ပက်အား ဂုဏ်ပြုခေါ်ဆိုခဲ့ခြင်း ဖြစ်ပါသည်။ ဗိုလ်ဆွန်ပက်ကို ၁၈၃၄–ခုနှစ်၌ ဦးကိပ်ဘိ(စ်)နှင့် ဇနီးတို့မှ ချင်းပြည်နယ်၊ ဖလမ်းမြို့နယ်၊ တာစွန်းရွာ၌ ဖွားမြင်ခဲ့သည်။ သူသည် ၁၈၈၇–ခုနှစ်၊ မေလ ၄ ရက်နေ့တွင် အင်းဒင်ရွာရှိ ဗြိတိသျှတပ်သားများအား စတင်တိုက်ခိုက်ခဲ့ပြီး ဒီဇင်ဘာလ ၇ ရက်နေ့တွင် ဖြစ်ပွားခဲ့သော စီယင်နှင့် ကန်ပုလဲဒေသကြားတိုက်ပွဲမှာ အပြင်းထန်ဆုံးဖြစ်၏။ ၁၉၁၀ ပြည့်နှစ်၊ ဧပြီလ ၁၁ ရက်နေ့တွင် ဗိုလ်ဆွန်ပက် ကွယ်လွန်ခဲ့သည်။ ဗိုလ်ဆွန်ပက်သည် ဇနီးခေါ်ဇာတီလ်နှင့် သားဖန်မှုန်း(တိုက်သူကြီး)၊ ခင်နောင်နှင့် သမီးနှစ်ဦးကိုလည်းကောင်း၊ ဇနီး ခေါ်ကိန်းကြွယ်နှင့် ဗန်နွဲ့လျန်ကြောင်းလျန်နှင့် ဆူးမ်းလျန်တို့ကိုလည်းကောင်း ဖွားမြင်ခဲ့ကြောင်း သိရှိရ၏။

ပန်းဘဲတန်းမြို့နယ်အတွင်းမှ လမ်းများ၏ ရှေးခေတ်အခေါ်အဝေါ်များမှာ စိတ်ဝင်စားဖွယ် ဖြစ်ပါသည်။ ယင်းတို့မှာ စာဆိုတန်း(၂၅)လမ်း၊ ကျောက်တံတားလမ်း(၂၆)လမ်း၊ အက်ဒွပ်လမ်း(ကုန်းဈေးတန်းလမ်း)၊ ပုဆိုးတန်းလမ်း(၂၇)လမ်း၊ သံဖြူတန်း(၂၈)လမ်း၊ ချက်တီးတန်း(မင်္ဂလာလမ်း၊ နောင်ရွှေဘုံသာလမ်း)၊ အာရကတ္တီလမ်း(လမ်း ၃၀)၊ စစ်ကဲမောင်ထော်လေးလမ်း(ဗိုလ်ဆွန်ပက်လမ်း)၊ ရေလယ်ကျောင်းလမ်း(၃၁)လမ်းတို့ ဖြစ်ကြ၏။ ၎င်းလမ်းများအနက် စာဆိုတန်း(ယခု ၂၅ လမ်း)မှာ မွန်တိုင်းရင်းသား စာဆိုတော်တစ်ဦးဖြစ်သူ ဦးပုတ်နီကို အစွဲပြု၍ ခေါ်ဆိုခြင်းဖြစ်သည်။ ဦးပုတ်နီသည် ပုဂံမင်းလက်ထက် ၁၈၄၉–ခုနှစ်တွင် ကျောက်တံတားရပ်၌ ဖွားမြင်ခဲ့ပြီး နောင်စာဆိုတော်အမိန့်တော်ရမင်းအဖြစ် ထင်ရှားခဲ့သည်။ သူသည် ကုမ္မာသည့် ပြဇာတ်များကို ရေးဖွဲ့ခဲ့သူဖြစ်ပြီး ၁၈၈၈–ခုနှစ်၌ ကွယ်လွန်ခဲ့၏။

နောင်တွင် စာဆိုတန်း၌ ဦးပုတ်နီသာမက အခြားစာပေပညာရှင်များ၊ ဝါသနာရှင်များပါ လာရောက်နေထိုင်ခဲ့ကြရာ ပြည်ကြီးမဏ္ဍိုင် ပိဋကတ်တိုက်၊ ကဝိမျက်မှန် စာပုံနှိပ်တိုက် စသည့် ပုံနှိပ်တိုက်များလည်း အလျှိုလျှိုပေါ်ပေါက်လာခဲ့သည်။ ၁၈၆၆–ခုနှစ်တွင် မြင်ကွန်းမင်းသားကြီး မန္တလေးမှ ရန်ကုန်သို့ ထွက်ပြေးလွတ်မြောက်လာစဉ်က စာဆိုတန်းကဝိမျက်မှန် ပုံနှိပ်စက်တိုက်အထက်ထပ်တွင် နေထိုင်သည့် အကြီးတော် ဦးသံမှိုင် မကြာခဏ လာရောက်ခဲ့ဖူးသည် ဆိုပါသည်။

## ပန်းပဲတန်းဟူသည်

ပန်းပဲတန်းရပ်သည် ကုန်းဘောင်ခေတ်အခါကပင် ပန်းပဲအစုသားများ နေထိုင်ရာဒေသ ဖြစ်သည်။ သာယာဝတီမင်းလက်ထက် ၁၈၄၁–ခုနှစ်၊ အောက်တိုဘာ






www.burmeseclassic.com

www.burmeseclassic.com

လအတွင်း ထွန်းကားစည်ပင်လာခဲ့သည့် အောင်မြေရန်နှင် မြို့တော်၏ တောင်ဘက်မြို့ရိုးမှ တံခါးသုံးပေါက်အနက် အရှေ့ဘက်အစွန်တံခါးကို ပန်းပဲတန်းတံခါးဟူ၍ အမည်ပေးထားပါသည်။ ပန်းပဲတန်းရပ်ဘက်သို့ သွားရာလမ်းကို ယင်းသို့ အမည်ပေးထားခဲ့ခြင်းဖြစ်၏။ ၁၈၅၂-ခုနှစ် အင်္ဂလိပ်-မြန်မာ ဒုတိယစစ်ပွဲအပြီး ရန်ကုန်မြို့ ဗြိတိသျှ လက်အောက်သို့ ကျရောက်ချိန်တွင် ပန်းပဲတန်းရပ်သည် အနောက်ဘက်မြို့ အဝင်အထွက် နံပါတ်(၃) ဖြစ်လာခဲ့ပြီး ရာဇဝတ်အုပ် မီလာက အုပ်ချုပ်ရကြောင်း သိရှိရ၏။ ၁၈၇၁-ခုနှစ်၊ ရွှေတိဂုံစေတီတော်အတွက် မင်းတုန်းမင်း၏ ထီးတော် ရန်ကုန်သို့ ပင့်ဆောင်ခဲ့စဉ်က ပန်းဘဲတန်းရပ်မှ ကျောင်းဒကာ ဦးစံ၊ ဦးညိုတို့က တပည့် ၁၀ ဦးနှင့်အတူ ထီးတော်အောက်ခံ သံကိုင်း၊ သံပေါင်များကို ကုသိုလ်ယူ လုပ်ဆောင်ပေးခဲ့ကြသည်။

## သွေးဆေးကန်

ရွှေတိဂုံစေတီတော် မြောက်ဘက်မုခ်မှဆင်းလျှင် အာဇာနည် လမ်းနံဘေး၌ သွေးဆေးကန်ကို တွေ့ရှိနိုင်၏။ သွေးဆေးကန်သည် ကုန်းဘောင်ခေတ်ကပင် ဆေးဖက်ဝင် ရေကန်တစ်ကန်အဖြစ် ထင်ရှားခဲ့သည်။ ခရစ်နှစ် ၁၇၉၆-ခုနှစ်တွင် မြန်မာနိုင်ငံသို့ ရောက်ရှိခဲ့သည့် ဗြိတိသျှ ကပ္ပတိန် ဟီရန်ကောက်သည် သွေးဆေးကန်မှ ရေကို သိပ္ပံနည်းကျ လေ့လာခဲ့ဖူး၏။ ဟီရန်ကောက်က သွေးဆေးကန်ရေ၌ သံသတ္တုနှင့် ဆာလ်ဖျူရစ်အက်ဆစ်တို့ ဓာတ်ပြုလျက် သံသတ္တုဆားများ ပျော်ဝင်နေကြောင်း၊ ထို့ပြင် မဂ္ဂနီဆီယမ် အောက်ဆိုဒ်အနည်းငယ်နှင့် ပိုတက်စီယမ်ဖလိုရိုဒ် ဓာတ်ဆားများကိုလည်း တွေ့ရှိရကြောင်း၊ သို့ဖြစ်၍ သတ္တုများ ပျော်ဝင်နေသည့်ရေ ဖြစ်ကြောင်း မှတ်တမ်းတင်ခဲ့၏။

ဘိုးတော်ဘုရားလက်ထက် ၁၈၁၁-ခုနှစ်၊ နိုဝင်ဘာလ ၅ ရက်နေ့တွင် ထုတ်ပြန်သည့် အမိန့်တော်၌ 'ရန်ကုန်မြို့ သွေးဆေးကန်ကရေ လုံးရေ ၁၀ ကန်ကို ဟံသာဝတီမြို့ဝန်က ရွှေဖဝါးတော်အောက် ကောင်းမွန်အောင် ဆောင်ယူဆက်သလာစေ' ဟူ၍ တွေ့ရှိရသည်။ သွေးဆေးကန်သည် ခေတ်အဆက်ဆက်တွင် ထင်ရှားခဲ့ပြီး အင်္ဂလိပ်-မြန်မာ စစ်ပွဲကာလအတွင်းကလည်း သွေးဆေးကန်တစ်ဝိုက်၌ တိုက်ပွဲပြင်းထန်စွာ ဖြစ်ပွားခဲ့ဖူးပါသည်။ ယခုအခါ သွေးဆေးကန်ဒဝင်ဝတွင် အောက်ပါအတိုင်း ကမ္ပည်းထိုးထားသည်ကို တွေ့ရှိရ၏။

## တိုင်တစ်ရာကျောင်း

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ အမှတ်(၃၃) ရပ်ကွက်အတွင်း ငမိုးရိပ်ချောင်းနှင့် မလှမ်းမကမ်းတွင် တိုင်တစ်ရာကျောင်း(ခေါ်)ရှေးဟောင်းဘုန်းတော်ကြီးကျောင်း တစ်ကျောင်းကို တွေ့ရှိရ၏။ တိုင်တစ်ရာကျောင်းကြီးမှာ လွန်ခဲ့သည့် နှစ်တစ်ရာကျော်ကာလကတည်းကပင် တည်ရှိခဲ့သည်။ ကျောင်းတွင် ထိန်းသိမ်းထားရှိသော ပုရပိုက် မှတ်တမ်းတစ်စောင်အရ ၁၉၈၀-ပြည့်နှစ်၊ ဧပြီလ ၂၉ ရက်နေ့တွင် သက်တော်ရှည် မြင်သာဆရာတော်ဘုရားကြီးက တပည့်ရှင်ညေယျအား ရဟန်းတော်ဦးဝရ၊ ရှင်ရေဝတ၊ ရှင်ဥက္ကံသ၊ ရှင်ဝိလာသ၊ ကျောင်းဒကာ ကိုရွှေဘုံ၊ ကိုချင်းအို၊ ကိုတုတ်၊ ကိုခုံ၊ ကိုသာအောင်တို့ ရှေ့မှောက်၌ ကျောင်းကို လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရှိရ၏။

ဆရာတော် ဦးရန်ကုန်(ခေါ်)အရှင်သုဇာတာဘိဝံသ (တိပိဋကဓရ မဟာဓမ္မရာဇာဓိရာဇဂုရု)သည် တိုင်တစ်ရာ အရှေ့ကျောင်း၌ ပညာသင်ယူဆည်းပူးနေရာမှ မန္တလေးသို့ ကြွသွားခဲ့ခြင်းဖြစ်၏။ တိုင်းတစ်ရာကျောင်းမှ ကျောင်းထိုင် သံဃာအဆက်ဆက်မှာ ရှင်အာစိဏ္ဏ၊ ရှင်ဇဝန၊ ရှင်တေဇဝန္တ နှင့် ရှင်တေဇိန္ဒတို့ ဖြစ်ကြသည်။ တိုင်တစ်ရာကျောင်းအနီး၌ ငါးမာရ်အောင်ဘုရားမှာလည်း ထင်ရှားသော ရှေးဟောင်းစေတီတစ်ဆူ ဖြစ်ပါသည်။

## ရန်အောင်မြင်စေတီ

ရန်အောင်မြင်စေတီသည် ရှေးခေတ် မွန်ဘုရင်များလက်ထက်ကပင် ထင်ရှားခဲ့သော စေတီတော်တစ်ဆူ ဖြစ်၏။ မွန်ဘာသာအမည်အားဖြင့် 'ကျာ်အင်ဇွး'ဟု ရေးသားဖော်ပြကြသည်။ ၄င်းရန်အောင်မြင်စေတီတော်မှာ



www.burmeseclassic.com

www.burmeseclassic.com

သက္ကရာဇ် ၁၅၄-ခုနှစ်၊ ပြာသိုလပြည့်ကျော် ၉ ရက်နေ့၌ ပုဏ္ဏသာရမင်းက တည်ထားကိုးကွယ်ခဲ့ကြောင်း အဆိုရှိကြပြီး ကိုလိုနီခေတ်ဦးကာလတွင် ပျက်စီးယိုယွင်းလျက်ရှိပြီ ဖြစ်ပါသည်။ ငမိုးရိပ်ချောင်းကမ်းနံဘေး၌ တည်ရှိသော ရန်အောင်မြင်စေတီတော်သို့ လူသူအရောက်အပေါက်လည်း နည်းပါးဟန်တူပါသည်။ ထို့နောက် ရန်အောင်မြင်ကျောင်း ဆရာတော် ရှင်နေမိန္ဒက စေတီတော်အား ပြုပြင်မွမ်းမံခဲ့၏။ ဆရာတော်လက်ထက်တွင် ကျောင်းတိုက်အတွင်း ကထိန်ပွဲများ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ရာ ဘုရားဖူးများ၊ အလှူရှင်များဖြင့် ပြန်လည်စည်ကားလာခဲ့သည်။ ဆရာတော်သည် ၁၉၈၁-ခုနှစ်တွင် ပျံလွန်တော်မူပြီးနောက် ၁၉၈၂-ခုနှစ်၊ ဇန်နဝါရီလ ၉ ရက်နေ့တွင် ဒါယကာအချို့က စေတီတော် ငှက်ပျောဖူးနှင့် အထက်ပိုင်းကို ရွှေသင်္ကန်းကပ်လှူခဲ့ကြ၏။ ရန်အောင်မြင်စေတီသည် ယခုအခါ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ အမှတ်(၄၂)ရပ်ကွက်အတွင်း တည်ရှိပြီး အလွယ်တကူ သွားရောက်ဖူးမြော်နိုင်ကြပြီ ဖြစ်ပါသည်။

## ယောက်ကော်ကျွန်း

ယောက်ကော်ကျွန်းသည် ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်အတွင်း ငမိုးရိပ်ချောင်းနံဘေး၌ ချောင်းငယ်များဖြင့် ဝန်းရံနေသည့် ကျွန်းငယ်တစ်ခုအဖြစ် ထူးခြားစွာ တည်ရှိ၏။ ယောက်ကော်သည် မွန်ဘာသာအမည် ယံက်တကံ (အသံထွက် ယောက်တကော့)မှ ဆင်းသက်လာခြင်း ဖြစ်၏။ 'ယောက်'မှာ ဟင်းချိုလိုက်ဖွန်းကြီးဖြစ်ပြီး 'တကော့' မှာ ကျွန်းဖြစ်သဖြင့် ဟင်းချိုလိုက်ဖွန်းကြီးနှင့်တူသော ကျွန်းဟု အဓိပ္ပာယ်ရပါသည်။ ယောက်ကော်ကျွန်းသည် ရှေးခေတ်မွန်ဘုရင်များလက်ထက်ကပင် အထင်အရှား ရှိခဲ့သော ဒေသ ဖြစ်သည်။ ကိုလိုနီခေတ်ဦးကာလတွင် ရှေးဟောင်းစေတီပျက်ကလေးတစ်ဆူ ရှိခဲ့ရာ ရက်ကန်းစင်ကျောင်း ဆရာတော်ကြီး ဦးဩဘာသ၏ တာဝန်ပေးချက်ဖြင့် ဆရာတော် ရှင်သဒ္ဓမ္မသိဒ္ဓိက ပြုပြင်မွမ်းမံခဲ့၏။

ယောက်ကော်ကျွန်းထက်ရှိ စေတီတော်မှာ ရှေးခေတ်မွန်ရာဇဝင်များနှင့်လည်း ဆက်နွယ်လျက်ရှိ၏။ သာသနာ ၂၃၅-ခုနှစ်(ဘီစီ ၃၀၈)ခုနှစ်ခန့်တွင် ... အချင်းချင်း စစ်ဖြစ်ကြရာမှ စစ်ရှုံးသူ သုဝဏ္ဏဒေဝီမိဖုရားကြီးနှင့် သမီးတော် ဝေဿဝဏ် မင်းသမီးတို့ ဆင်းရဲသား အသွင်ယူလျက် ထွက်ပြေးကြရာ မိဖုရားကြီးမှာ လမ်းခရီး၌ပင် ကံကုန်ခဲ့ရ၏။ သမီးတော်မှာမူ ပရိဒေဝမီးတောက် လောင်လျက် ယောက်ကော်ကျွန်း၌ သီတင်းသုံးနေသူ ဥပတိဿရသေ့ကြီးထံ ရောက်ရှိလာခဲ့သည်ဟု ဆိုပါသည်။ ရသေ့ကြီးက တရားရေအေး တိုက်ကျွေးသဖြင့် မင်းသမီးမှာ တရားသံဝေဂ ရရှိကာ မိမိပိုင်ရတနာပစ္စည်းများအား ထုခွဲရောင်းချလျက် စေတီတော် တည်ခဲ့၏။ ထိုစေတီကလေးမှာ နှစ်ကာလကြာမြင့်သည်နှင့်အမျှ ပျက်စီးယိုယွင်းလာခဲ့ရာ ရက်ကန်းစင်တောင်ဆရာတော်က ပြုပြင်မွမ်းမံခြင်းဖြစ်သည်။

## ကျိုက္ကလို့စေတီ

ကျိုက္ကလို့စေတီတော်သည် ပဲခူး-... ကားလမ်းနံဘေး၌ တည်ရှိ၏။ ကျိုက္ကလို့မှာ ... အမည် 'ကျာကလံ'(အသံထွက် ကျိုက်ကလို့)မှ ဆင်းသက်လာပြီး ကန်တော့ဘုရားဟု အဓိပ္ပာယ်ရပါသည်။ ... တို့သည် မြတ်စွာဘုရားအား ရှာ၍မရသောအခါ ... ကန်တော့သောနေရာ၌ တည်ထားကိုးကွယ်သော ... ကြောင်း မွန်ရာဇဝင်ကျမ်းတို့က ဆို၏။ ရှေးခေတ်... များလက်ထက်က အထင်အရှား ရှိခဲ့သည့် ကျိုက္ကလို့စေတီတော်ကို ခရစ်နှစ် ၁၃၈၃-ခုနှစ်တွင် မွန်ဘုရင်... (ရာဇာဓိရာဇ်)က ပြုပြင်ခဲ့ကြောင်း သမိုင်းမှတ်တမ်း... တွေ့ရှိရ၏။ စေတီတော်မှာ တောင်ကုန်းထိပ်၌ ... ခံ၍ ပန်းတင်ခုံရှစ်မြောက်ချိုးနှင့် တည်ထားခြင်း... ကုန်းဘောင်ခေတ်တစ်လျှောက် ပြုပြင်မှုမှတ်တမ်း... ရသော်လည်း အင်္ဂလိပ်-မြန်မာ ပထမစစ်ပွဲ... ကျိုက္ကလို့ကုန်းတော်အနီး၌ တိုက်ပွဲပြင်းထန်စွာ ဖြစ်ပွား ကြောင်း သိရှိရ၏။

ကိုလိုနီခေတ်ဦးကာလ ၁၉၂၆-ခုနှစ်တွင် ...

www.burmeseclassic.com

ကြီးဘုရား ဒါယကာ ဦးကျော်မိသားစုက စေတီတော်ကို ပြုပြင်မွမ်းမံကာ အာရုံခံတန်ဆောင်းကိုလည်း ဆောက်လုပ်လှူဒါန်းခဲ့သည်။ ဂျပန်ခေတ်တွင် စေတီကုန်းတော်ထက်၌ တပ်စခန်း ပြုလုပ်ခဲ့သဖြင့် စေတီတော် ပျက်စီးယိုယွင်းခဲ့ရပြန်ရာ တော်လှန်ရေးကောင်စီလက်ထက်တွင်မှ ကျိုက္ကလို့ကျောင်း ဆရာတော် ဦးဥတ္တမသာရက ကြီးမှူးပြုပြင်နိုင်ခဲ့၏။

ကျိုက္ကလဲ့ဘုရား

ကျိုက္ကလဲ့ဘုရားသည် မင်္ဂလာဒုံမြို့နယ် အမှတ် (၁)လမ်းမကြီး၏ အနောက်ဘက်ဘေး၊ ကျိုက္ကလဲ့ဘူတာ ခုံးကျော်တံတားနှင့် မလှမ်းမကမ်းတွင် တည်ရှိပါသည်။ မွန်ဘာသာအမည်ဖြစ်ပြီး 'ကျိုက်' မှာ 'ဘုရား' 'ကလဲ့' မှာ 'ပျောက်ကွယ်ခြင်း' ဖြစ်သဖြင့် ပျောက်ကွယ်သွားသော ဘုရားဟု အဓိပ္ပာယ်ရပါသည်။ ဂေါတမမြတ်စွာဘုရားသည် နတ်ဘီလူးများအကြား ကိုယ်ရောင်ဖျောက် ဖန်ဆင်း ပုန်းကွယ်ရာနေရာ၌ တည်ထားခဲ့သည် ဆိုပါသည်။ ကျိုက္ကလဲ့ဘုရားသည် ရှေးခေတ်မွန်ဘုရင်များလက်ထက်ကပင် ရှိခဲ့ပြီး ခရစ်နှစ် ၁၃၈၃-ခုနှစ်၌ ဟံသာဝတီဘုရင် ဗညားနွဲ့က ထီးတော်သစ် တင်လှူခဲ့သည်။ ဓမ္မစေတီမင်းလက်ထက်တွင် သီဟိုဠ်(သီရိလင်္ကာ)မှ ပင့်ဆောင်လာသော ဒက္ခိဏသာခါရုပ်ပွားတော်နှစ်ဆူကို အသစ်ထပ်မံ ဌာပနာပြုလျက် စေတီဟောင်းကိုငုံ၍ စေတီအသစ် တည်ခဲ့သည်။

ကျိုက္ကလဲ့စေတီဝန်းကျင်မှာ သစ်ပင်များ အုပ်ဆိုင်းလျက်ရှိပြီး သာယာအေးချမ်းလှသဖြင့် ရှေးခေတ်အခါကပင် တရားဘာဝနာ လာရောက်အားထုတ်သူများ ရှိခဲ့သည်။ အင်္ဂလိပ်-မြန်မာ ပထမစစ်ပွဲအတွင်း ကျိုက္ကလဲ့စေတီဝန်းကျင်၌ စစ်မြေပြင် ဖြစ်ခဲ့ရ၏။ ထို့နောက် ချုံနွယ်ပိတ်ပေါင်းများအကြား တိမ်မြုပ်ပျောက်ကွယ်နေရာမှ ဒေသခံရွာသူရွာသားတို့ကြောင့် ပြန်လည်ထင်ရှားလာခဲ့သည်။ သူဌေးဦးကျော်တို့ ဇနီးမောင်နှံက ၁၉၃၀-ပြည့်နှစ်၊ ဖေဖော်ဝါရီလ ၁၇ ရက်နေ့တွင် ကျိုက္ကလဲ့စေတီသို့ ဘိလပ်ပြန်ဘုရားကို ပင့်ဆောင်ခဲ့ကြသည်။ ဘိလပ်ပြန်ဘုရား ရောက်ရှိလာပုံမှာလည်း စိတ်ဝင်စားဖွယ်ကောင်းလှပါသည်။ ၁၉၂၉-ခုနှစ် ဧပြီလ ၂၀ ရက်နေ့က လန်ဒန်မြို့မှ မာရီရှစ်ချက်ဆန် ဆိုသူသည် ရွှေတိဂုံဂေါပကလူကြီးများထံ စာတစ်စောင် ရေးပို့ခဲ့၏။ စာတွင် ရှေးနှစ်အတန်ကြာကာလက ရန်ကုန် ဘုရားကျောင်းတွင်းမှ ခိုးယူလာဟန်ရှိသော ဗုဒ္ဓရုပ်ပွားတော် တစ်ဆူကို ပေးပို့လိုက်ကြောင်း ဖော်ပြထားသည်။

ဗုဒ္ဓရုပ်ပွားတော်သည် ပေါလ်အော်လ်အာမခံကုမ္ပဏီမှတစ်ဆင့် အီရားဖို့ဒ်ရှိုင်းယားသင်္ဘောဖြင့် ၁၉၂၉-ခုနှစ် ဇွန်လ ၁၂ ရက်နေ့တွင် ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိလာ ရွှေတိဂုံဂေါပကအဖွဲ့က ၂၁ ကျပ် ၂ ပဲဖြင့် ရွေးယူခဲ့ရ ထို့နောက် ကိုးထပ်ကြီး ဒါယကာ သူဌေးဦးကျော်က ကျိုက္ကလဲ့သို့ ပင့်ဆောင်ခဲ့ခြင်း ဖြစ်ပါသည်။



ပထမပိဋကအောင်

ကျမ်းကိုး

မြို့တော်များရဲ့သမိုင်း
မဟာရန်ကုန်
တင်နိုင်တိုး (၁၁-၁၀-၂၀
Weekly Eleven မှ ထုတ်
ရေးသားကြောင်း ဝန်ခံ



www.burmeseclassic.com

www.burmeseclassic.com

# ပျောက်ဆုံးသွားသော ထူးထူးခြားခြား နီးဘုရား

## ပန်းတနော်နောင်လတ်

တစ်ခေတ်တစ်ခါက မန္တလေးသည် မင်းနေပြည်တော်မြို့ကြီး ဖြစ်သည်။ နေပြည်တော်ကြီး ဖြစ်သောကြောင့် အဘက်ဘက်မှ တိုးတက်ခဲ့ဖူးသည်။ အတိုးတက်ဆုံးမှာ ဘာသာ၊ သာသနာဖြစ်သည်။

"စေတီ၊ တန်ဆောင်း၊ ဘုရားကျောင်းကန်တွေ အများကြီးလှူပြီးတာတောင် မောင်ကြီးက အားမရသေးဘူး ဟုတ်လား"

မောင်ကြီးဟု အခေါ်ခံရသူ၏ အမည်မှာ ဦးဘုန်းပွင့် ဖြစ်ပြီး မောင်ကြီးဟု ခေါ်သူမှာ ဦးဘုန်းပွင့်၏ဇနီး ဒေါ်မှုန် ဖြစ်သည်။ ဒေါ်မှုန်က ဦးဘုန်းပွင့်ကို မောင်ကြီးဟုခေါ်ပြီး ဦးဘုန်းပွင့်က ဇနီးကို မှုန်လေးဟု ခေါ်သည်။

"မှုန်လေးလည်း အားမရသေးဘူး ဟုတ်လား"

ထိုအခါ ဒေါ်မှုန်က -

"ဟုတ်ပါရဲ့ မောင်ကြီးရယ်။ ကျုပ်တို့ ရတနာသုံးပါးနဲ့ ပတ်သက်လာရင် [illegible]လှူချင်စိတ် ရှိနေတော့တာ"

ဆိုပြီး ပြောသည်ကို ဦးဘုန်းပွင့်က ထောက်ခံစကား ဆိုခဲ့သည်။

"အေးဗျာ၊ ကျုပ်လည်း လှူပြီးရင်း လှူချင်နေတော့တာပါပဲ"

ဦးဘုန်းပွင့်တို့ ဇနီးမောင်နှံက နေ့လယ်ခင်းကမှ ဆောက်လုပ်ပြီးသွားသည့် ဓမ္မာရုံကြီးကို ရေစက်ချ အမျှဝေကာ လှူဒါန်းပြီးစ ထိုည၌ ထူးခြားသော အိပ်မက်ဆန်းတစ်ခုကို ဖြိုင်တူမက်ခဲ့ကြသည်။ အိပ်မက်ထဲ၌ပင် အမည်မသိ ဝတ်ဖြူစင်ကြယ်ဝတ်ထားသည့် ပုဂ္ဂိုလ်ကြီးတစ်ဦးကို မြင်တွေ့ခဲ့ရသည်။ ထိုပုဂ္ဂိုလ်ကြီးက သူတို့ကို ဖြိုင်တူအိပ်မက်ပေးသည်ဆိုက မမှား။

"မင်းတို့က စေတီတွေ၊ တန်ဆောင်းတွေ၊ ဘုန်းတော်ကြီးကျောင်းတွေ၊ ဓမ္မာရုံတွေ၊ ဗုဒ္ဓရုပ်ပွားဆင်းတုတော်တွေ၊ ရေတွင်းရေကန်တွေ လှူဒါန်းတာ များပြီ။ ဒါပေမယ့် နီးဘုရားတည်လှူပူဇော်တဲ့ ကုသိုလ်တော့ မယူရသေးဘူး။ နီးဘုရားတည်တဲ့ကုသိုလ်ကို မလိုချင်ဘူးလား"

သူတို့က ဖြေဆိုခဲ့ကြသည်။

"လိုချင်ပါတယ်"

"လိုချင်ရင် ရအောင်ယူပေါ့"

"ဘယ်လိုယူရမှာလဲ။ ကျုပ်တို့မှ နီးဘုရားကို မပြုလုပ်တတ်တာ"

"မင်းတို့ စေတနာသဒ္ဓါတရား ကောင်းကောင်းသာ ထားပါကွာ။ အဲဒီကုသိုလ်ကို မင်းတို့အလိုလိုရလာမှာပါ"

ဟု ပြောပြောဆိုဆိုဖြင့် ထိုပုဂ္ဂိုလ်ကြီး၏ ရုပ်ပုံလွှာနှင့်အသံ ပျောက်ဆုံးသွားသောအခါ ဦးဘုန်းပွင့်တို့ နိုးလာခဲ့ကြသည်။ အိပ်မက်မက်သော ညက လပြည့်ည။ အိပ်မက်မှ နိုးလာချိန်က မိုးသောက်အရုဏ်ခြည်ပင် မတောက်သေး။

□

သီပေါမင်းတို့ စုဖုရားလတ်တို့ နယ်ချဲ့လက်အောက် ကျရောက်သွားသောအခါ နေပြည်တော်ဖြစ်သော မန္တလေးရွှေမြို့တော်မှာလည်း သာလာယံဇရပ်နှင့် တူခဲ့သည်။

နယ်ချဲ့တို့က မင်းနေပြည်တော်ကိုသာမက မန္တလေးမြို့ကြီးကိုပါ ဖျက်

www.burmeseclassic.com

ဆီးခဲ့ကြသည်။ စေတီ၊ တန်ဆောင်း၊ ဘုရားကျောင်း စသည့် သာသနိက အဆောက်အအုံများကိုလည်း ဖြိုဖျက်ခဲ့ကြသည်၊ ဖျက်ဆီးခဲ့ကြသည်။ မြို့သူမြို့သားများကို ကျွန်သဘောက်များ သဖွယ် သဘောထားလာသောအခါ ဘုရားဒါယကာ၊ ကျောင်းဒါယကာ၊ ရဟန်းဒါယကာ စသည့် သာသနာ့ဒါယကာ၊ ဒါယိကာမများဖြစ်သော ဦးဘုန်းပွင့်နှင့် ဒေါ်မှုန်တို့က မန္တလေး ရွှေမြို့တော်၌ မနေလိုတော့။

"မှုန်လေး ဘယ်လိုသဘောရလဲ"

"ဘာတုံး မောင်ကြီးရဲ့ စကားလုံး ကွဲအောင် ပြောမှပေါ့တော်"

"ဟုတ်ပါရဲ့ဗျာ။ ကျုပ်က စိတ်လောသွားလို့ပါ။ ဒီရွှေမြို့တော်မှာဆက်နေပြီး ကုလားဖြူလက်အောက်မှာ ကျွန်သဘောက်လုပ်မလား။ အောက်ပြည်အောက်ရွာကို ထွက်ပြေးတိမ်းရှောင်မလား"

"မောင်ကြီး သဘောထားကရော"

"ကျုပ်ကတော့ ဒီဒေသမှာ လျှပ်စီးတစ်လက်၊ မျက်စေ့တစ်မှိတ် အချိန်ကလေးတောင်မှ နေချင်စိတ်မရှိတော့ဘူး"

"ဒါဆို အောက်ပြည်အောက်ရွာကို ရှောင်သွားမယ်လို့ ဆိုချင်တာလား"

"အေးပေါ့ဗျာ။ ဒါ့အပြင် ဘာရှိမလဲ"

"ကဲ‥အထုပ်အပိုးပြင်ပြီး မောင်ကြီး ရှေ့ကကြွ။ မှုန်လေးက နောက်ကဖဝါးချင်းထပ်ပြီး လိုက်မယ်"

သာသနာ့ဒါယကာ ဒါယိကာမများဖြစ်ကြသော ဦးဘုန်းပွင့်နှင့် ဒေါ်မှုန်တို့ ဇနီးမောင်နှံမှာ ရန်ကုန်မြို့သို့ရောက်ရှိခဲ့သည်။ ဒဂုန်မြို့မှနေ၍ ရန်အပေါင်းကုန်စင်သည့် အထိမ်းအမှတ်အဖြစ် "ရန်ကုန်"ဟု အမည်ပြောင်းခဲ့သော ရန်ကုန်သည် ထိုအချိန်က ရန်မကုန်သေး။ လူဆိုးများ၊ ခါးပိုက်နှိုက်များ၊ သူခိုးဓားပြများ ရှိနေသေးသည်။

"မောင်ကြီးရေ ကျုပ်တို့ ရန်ကုန်မှာ ကြာကြာမနေချင်တော့ဘူး။ ရန်တွေတယ်များတာပဲ"

"ဟုတ်တယ် မှုန်လေးရေ။ ကျုပ်တို့မှာပါလာတဲ့ ရတနာပစ္စည်းတွေနဲ့ဆိုတော့ ရန်ကုန်မှာနေရတာ တယ်ပြီး အန္တရာယ်များတယ်။ အောက်အကျေဒေသကို ခရီးဆက်ရင် ကောင်းမယ်"

"ကောင်းမယ်မဟုတ်ဘူး မောင်ကြီး။ ကောင်းကိုကောင်းတာ။ ကျုပ်တော့ ဆိုင်းမနေချင်တော့ဘူး"

"အေး‥ဒါဆို အခုပဲပြောင်းမယ်"

ဤသို့ဖြင့် ရွှေမန်းသား၊ ရွှေမန်းသူများဖြစ်ကြသော သာသနာ့ဒါယကာ ဦးဘုန်းပွင့်တို့ ဇနီးမောင်နှံမှာ ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ်ရှိ "တံခွန်တိုင်ရွာ"သို့ ရောက်ခဲ့ကြတော့သည်။ ထိုစဉ်က ဧရာဝတီတိုင်း ဒေသကြီးဆိုသော အခေါ်အဝေါ် မရှိသေး။

□

တံခွန်တိုင်ရွာသည် ရွာတည်ပြီးစကာလဖြစ်၍ ထိုစဉ်က အိမ်ခြေအစိတ်သာရှိသေးသည်။ ထိုအချိန်၌ တံခွန်တိုင်ရွာသို့ ဦးဘုန်းပွင့်တို့ ရောက်လာကြခြင်းဖြစ်သည်။ ဒေသခံများအဖြစ် ရောက်ရှိပြီးဖြစ်သော ကရင် တိုင်းရင်းသားကြီးများက သူတို့ကို လိုက်လံပျူငှာစွာ ကြိုဆိုကြသည်။

"ဦးမင်းတို့ ဘာလိုလဲ။ တို့တတ်နိုင်တာ ကူညီမယ်"

ကရင်တိုင်းရင်းသားများက စကားပြောပြတ်သည်။ စိတ်ထားကမြတ်သည်။ သူတစ်ပါးကို ကူညီတတ်သည်။ ထိုရ[illegible] ထိုရွာ၌ ဦးဘုန်းပွင့်တို့ အိုးသစ် အိမ်[illegible] သစ်ဘဝသစ်ဖြင့် ရှိခဲ့ဖူးသည်။ ဖူးမြော် ကြည်ညိုစရာ စေတီရှိသော်လည် ဘုန်းတော်ကြီးကျောင်းမရှိ။ အကာအ[illegible] ကင်းမဲ့သော ဥပုသ်သီတင်းစောင့်[illegible] ဆောက်လုပ်ထားသည့် ဇရပ်သာ [illegible] သည်။ ဘုန်းတော်ကြီးကျောင်း မ[illegible] ခြင်းမှာ ကျောင်းထိုင်သီတင်းသုံး[illegible] သံဃာတော်အရှင်သူမြတ် မရှိခြ[illegible] ကြောင့်ဖြစ်နိုင်သည်။ ထိုစဉ်က ခေ[illegible] ကာလကလည်း ကောင်းလှသည်[illegible] မဆိုနိုင်။

သာသနာ့ဒါယကာ ဇနီးမောင်[illegible] က တံခွန်တိုင်ရွာသို့ရောက်ရှိပြီးနော[illegible] ထူးခြားဆန်းကြယ် အံ့ဩဖွယ်တ[illegible] ဖြစ်ပေါ်ခဲ့သည်။ တစ်နေ့သော ည[illegible] နေဝင်ဆည်းဆာချိန်။

"အိမ်ရှင်တို့‥အိမ်ရှင်တို့"

အိမ်ရှေ့မှလာသော "အိမ်ရှ[illegible]" ဆိုသော ခေါ်သံကြောင့် ဦးဘုန်း[illegible] အိမ်ထဲမှထွက်လာသည်။ သူ[illegible] မောင်နှံက ညစာထမင်းစားပြီး၍ [illegible] ဖက်ရည်ကြမ်းသောက်နေကြ[illegible] ဖက်သုပ်နှင့် ထန်းလျက်ခဲ[illegible]

www.burmeseclassic.com

ဒေါ်မွန်ကလည်း အိမ်ရှေ့တံခါးပေါက်ဝ အထိ ထွက်လာသည်။

ဦးဘုန်းပွင့်တို့ မြင်ရသည်မှာ အသက်ခုနစ်ဆယ်နီးပါး အဘိုးအိုတစ်ဦး။ ဆိုင်းထမ်းတံပိုးဖြင့် တောင်းများ၊ ပလုံးများ၊ ဆန်ကော၊ ဆန်ခါများ ထမ်းလာသော အဘိုးအိုတစ်ဦး။

"အဘက ဒီပစ္စည်းတွေကို နယ်လှည့်လိုက်ရောင်းတဲ့ ဈေးသည်ပါကွယ်။ ကျောင်းကုန်းကို သွားဖို့ ခရီးလမ်းကလည်းဝေး၊ ညအမှောင်လည်း ရောက်လာတော့မှာဆိုတော့ သားတို့အိမ်မှာ တစ်ညတာ တည်းခိုပါရစေ။ အဘကို တည်းခိုခွင့်ပြုပါ"

အဘဆိုသောအဘိုးအိုကို ဦးဘုန်းပွင့်တို့ ဇနီးမောင်နှံက ရိုရိုသေသေ လေးလေးစားစား ဆက်ဆံဧည့်ခံပါသည်။

"တည်းပါအဘ တည်းပါ။ ရေမိုးချိုး အနားယူပါ"

ဦးဘုန်းပွင့်ကပြောသကဲ့သို့ ဒေါ်မွန်ကလည်း -

"ထမင်းသုံးဆောင်ပြီးပြီလား အဘ။ မသုံးဆောင်ရသေးရင် အားမနာပါနဲ့။ သမီးတို့အိမ်မှာ အဆင်သင့်ရှိထားပါတယ်၊ ထမင်းပွဲ ပြင်ပေးပါ့မယ်"

အဘိုးအိုက တားမြစ်ခဲ့ရသည်။

"တစ်ညတာ တည်းခိုခွင့်ရတာကိုပဲ သားတို့ သမီးတို့ကို ကျေးဇူးတင်ရပါပြီ အဘက အစာအာဟာရအတွက် စားပြီးသားပါ။ အပိုအလုပ်ရှုပ်မခံကြပါနဲ့"

ရေနွေးကြမ်းဝိုင်း၌ ဦးဘုန်းပွင့်က မေးသည်။

"အဘ ဘယ်ကလာတယ်ဆိုတာ သိခွင့်ရရင်သိပါရစေ"

"ဟိုး...ရန်ကင်းတောင်က လာတာသားရဲ့၊ ရန်ကင်းတောင်ဆိုတာ သားတို့သိတယ်မဟုတ်လား"

"သိပါတယ် အဘ"

"သားတို့ ဒီရွာမှာနေတာ ကြာပြီလား"

"မကြာသေးပါဘူး။ အရင်တုန်းက မန္တလေးရွှေမြို့တော်မှာ နေခဲ့ကြတာပါ"

"အင်း...ရွှေမြို့တော်ကြီးမှာ နေခဲ့ကြတာကိုး"

ဟုဆိုပြီး အဘိုးအိုက -

"သားနဲ့ သမီးက ဘာသာ၊ သာသနာကို တော်တော် ရိုသေကိုင်းရှိုင်းကြတယ်ဆိုတာ ဘုရားစင်ကိုကြည့်တာနဲ့ အဘသိတယ်"

ဦးဘုန်းပွင့်တို့ဘုရားစင်မှာ မြင်သူပီတိဖြစ်စရာ၊ စိတ်ချမ်းမြေ့စရာကောင်းလှသည်။ ဘုရားပန်းများကလည်း လန်းလန်းဆန်းဆန်း။ သောက်တော်ရေချမ်းများကလည်း သန့်သန့်ရှင်းရှင်း၊ ကြည်ကြည်လင်လင်။ ဘုရားစင်ရှိ ညောင်စောင်းပလ္လင်တော်ပေါ် ကိန်းဝပ်စံပယ်တော်မူသော မြတ်စွာဘုရား ကိုယ်စား ဗုဒ္ဓရုပ်ပွားဆင်းတုတော်သည်လည်း ဖူးပြီးရင်း ဖူးချင်စရာ။

"သားတို့ အလှူဒါနပြုတာလည်း ဝါသနာထုံတယ် ထင်တယ်"

"ဟုတ်ပါတယ်အဘ။ လှူပြီးတဲ့ သာသနိကအဆောက်အအုံတွေ၊ စေတီတော်တွေ တော်တော်များနေပါပြီ"

"သာဓုပါဗျာ။ သာဓု သာဓု သာဓု။ ဗုဒ္ဓရုပ်ပွားဆင်းတုတော်တွေ လှူဖူးတယ်ဆိုတော့ ဆင်းတုတော်တစ်မျိုးဖြစ်တဲ့ နီးဘုရားကိုရော လှူဖူးလား"

"မလှူဖူးပါဘူး အဘ"

"ဘာဖြစ်လို့တုံးကွယ်"

"သားတို့က နီးဘုရားဖြစ်အောင် မဆောင်ရွက်တတ်လို့ပါ"

ထိုအခါ အဘိုးအိုက -

"ဆောင်ရွက်တတ်သူရှိရင် သားတို့က နီးဘုရားကို လှူမလား"

ဟု မေးရာ သာသနာ့ဒါယကာ ဇနီးမောင်နှံက ပြိုင်တူ -

"လှူပါမယ်"

ဆိုပြီး အဖြေပေးခဲ့သည်။

ဦးဘုန်းပွင့်က ဘဘိုးအိုကို စုံစမ်းသည်။

"အဘက နီးဘုရားဖြစ်အောင် ဆောင်ရွက်တတ်လား"

"တတ်ပါပြီကောကွယ်။ အဘက ဒီလိုအလုပ်မျိုးလုပ်နေတာ ကြာပြီ။ သားတို့ ဒီနယ်မှာ ဝါးပင်တွေပေါတာ တွေ့ရတယ်။ လိုသလောက်ရမလား"

"ရပါတယ်အဘ။ နီးထိုးဖို့ ဝါးပင်တွေ လိုသလောက်ပြောပါ။ ခုတ်လှဲဖြတ်တောက်ပေးပါမယ်"

"အဘ သားတို့ကိုပြောမယ်။ မင်းတို့ ကုသိုလ်ယူသလို တစ်ရွာလုံး ကုသိုလ်ရအောင် တစ်အိမ်ကို ဝါးတစ်လုံးခုတ်ယူပြီး မင်းတို့အိမ်ရှေ့က ဟောဟို မြေပြင်ညီတဲ့ ကွင်းပြင်ထဲမှာ စုပုံချထားနိုင်း။ မဖြတ်မတောက်ကြနဲ့။ အဲဒါတွေကို အဘလုပ်မယ်။ အဘက



www.burmeseclassic.com

www.burmeseclassic.com

နံနက်မိုးလင်းတာနဲ့ ခရီးဆက်ရမှာဆို တော့ ညတွင်းချင်းလုပ်မယ်။ ခုချက်ချင်း ရွာသားတွေကို သွားပြောပြီး ဝါးတွေကို ပုံထားခိုင်း"

ဘဘိုးအိုးစကားအတိုင်း ဦးဘုန်း ပွင့်က မဆိုင်းမတွ ဆောင်ရွက်ခဲ့ပါသည်။

❒

ထိုညက လသာသည်။ လပြည့် ညဖြစ်သည်။ လောကဓာတ်တစ်ခွင် လုံး အလင်းရောင်များ ဖုံးနေသည်။

ဦးဘုန်းပွင့်တို့ အပါအဝင် တံခွန် တိုင်တစ်ရွာလုံးရှိ အိမ်ထောင်စုဝင်အား လုံး လုံးဝအိပ်မောကျနေခဲ့သည်။ ငြိမ် သက်နေခဲ့ကြသည်။ သက်ရှိလူသား များနည်းတူ မွေးမြူထားသော ကြက်၊ ဘဲ၊ ဝက်၊ နွားများနှင့် ငှက်သံပင် မကြား ရ။ ညညဟောင်တတ်သော ခွေးများ ပင် မဟောင်။

သို့သော် ရွာသူရွာသားများမှာ အိပ်မောကျနေကြသည်ဟု တရား သေပြော၍တော့ ရမည်မထင်။ နားထဲ၌ ဝါးခွဲသံ၊ ဖြတ်သံ၊ နီးဖြာသံများ ကြား ကြရသောကြောင့် ဖြစ်သည်။ ထိုအသံ များကိုကြားသော်လည်း မည်သူမျှ အိပ် ရာမှထခဲ့ခြင်းမရှိအောင် စွမ်းအင်တစ် ခု၏ ထိန်းချုပ်ခံထားရသလို ရှိနေခဲ့ကြ သည်။

ယခင်ရက်များကဆိုလျှင် ဦးဘုန်း ပွင့်တို့ ဇနီးမောင်နှံက စောစောနိုးကြ၊ ဆွမ်းထချက်နေကြ။ ထိုနေ့မှ နောက် ကျပြီးနိုးသည်။

"မောင်ကြီး . . . ဘကြီးနိုးပြီး ဘုရားရှိခိုးနေလားမသိဘူး တိုးတိုး"

အိပ်ရာထလာသော ဦးဘုန်း ပွင့်က ခြံစောင်ကြီးကို ခေါက်ရန် ဖျန်း ခနဲ ခါလိုက်မိသောကြောင့် ဒေါ်မှုန်က သတိပေးခဲ့သည်။

"သတိမေ့သွားလို့ မှုန်လေးရေ"

သူတို့က အိပ်ခန်းထဲ၌အိပ်ပြီး အဘိုးအိုကို ဘုရားခန်းဘေးနားရှိ ဧည့် ခန်း၌ နေရာပေးခဲ့ခြင်းဖြစ်သည်။ ဘုရား ရှိခိုးနေပြီဟု ထင်ရသော ဘဘိုးအိုကို ဘုရားစင်ရှေ့ ဘုရားခန်း၌မတွေ့။

မောမောဖြင့် အိပ်ပျော်နေတာ များလားဟု တွေးပြီး ဘဘိုးအိုအိပ်သော ဇာခြင်ထောင်နား ကပ်ကြည့်သည်။

"ဟာ . . . အဘ . . . အဘ မရှိ တော့ဘူး"

ဦးဘုန်းပွင့်က ခြင်ထောင်ကို ပင့် တင်ပြီးပြောရာ ဒေါ်မှုန်က -

"ခရီးဆက်သွားတာ ထင်တယ်"

ဟုပြောရင်း အိမ်ရှေ့ ခြေကျော် တံခါးဘက်ကို ကြည့်သည်။ တံခါးမှာ အတွင်းမှ သော့ခတ်ထားသည့် အနေ အထားမပျက်။

သော့ဖွင့်ပြီး တံခါးဖွင့်လိုက်သော အခါ အိမ်ရှေ့မြေညီ ပြင်ကျယ်တွင် သပ္ပာယ်စွာ ကိန်းဝပ်နေသော နီးဘုရား ဗုဒ္ဓရုပ်ပွားတော်တစ်ဆူကို ဖူးမြင်လိုက် ရလေသည်။

နီးဘုရားမှာ ရောင်ခြည်တော်များ ကွန့်မြူးဖြာထွက်လျက်ရှိသည်တကား။

❒

သာသနာ့ဒါယကာ ဦးဘုန်းပွင့်နှင့် သာသနာ့ဒါယကာမ ဒေါ်မှုန်တို့သာ မက တံခွန်တိုင်းတစ်ရွာလုံး ဝမ်းသာ မဆုံး။

"ခွဲပြီး စုပုံထားတဲ့ ဝါးလုံးတွေ ဘယ်ရောက်သွားလဲ"

"ဖြတ်တောက်ခွဲစိတ်၊ နီးဖြာပြီး ဘုရားရုပ်လုပ်လိုက်လို့ ဝါးလုံးတွေမရှိ တော့တာ ဖြစ်မှာပေါ့"

"ဒါဆို ဝါးတိုဝါးစတွေ၊ နီးအတို အပိုင်းအစတွေ ဘာလို့ရှိမနေတာလဲ"

"တစ်နေရာရာကို ယူပစ်လိုက် လို့ ထင်တယ်"

"မထင်နဲ့ ရှာပြီးပြီ။ ဘယ်နေရာ မှာမှ မတွေ့ဘူး။ ကျင်းတူးချိုင့်တွေ ထဲမှာတောင် မတွေ့ဘူး"

"ထူးတော့ တော်တော်ထူးတာပဲ"

"ထူးတာပေါ့ကွ။ ဒီလောက်များ တဲ့ဝါးလုံးတွေ အကုန်လုံးကို သာမ လူဆိုရင် ခုတ်ဖြတ်ခွဲစိတ်နီးဖြာပြီး ည တွင်းချင်း ဘယ်လိုနီးဘုရားဖြစ်အောင် ဆောင်ရွက်နိုင်မှာ မဟုတ်ဘူး"

"ဟုတ်တယ်ဗျ။ နီးဘုရားက ရ ကြီးတစ်ရပ်ထက်တောင်မြင့်တဲ့ ဗု ရုပ်ပွား မတ်ရပ်တော်ဘုရား။ စင်ေ သက်န်းမကပ်ရသေးဘဲနဲ့ ပကတိ သ တော်ထင်ရှား မြတ်စွာဘုရားနဲ့တူ အောင် ဆောင်ရွက်နိုင်တာ သာမ ဘဘိုးအို မဟုတ်နိုင်ဘူး"

"သေချာတာပေါ့ဗျာ။ သ ဒေဝနတ်ကောင်းနတ်မြတ်တွေက ယောင်ဆောင်လာတာလား။ ထွက် ပေါက်ပုဂ္ဂိုလ် သူတော်စင်တစ်ပါးလား



www.burmeseclassic.com

www.burmeseclassic.com

မသိဘူး"

"ဘာပဲဖြစ်ဖြစ် ထူးခြားလို့လည်း ထူးထူးခြားခြား နီးဘုရားက ရောင်ခြည်တော်တွေ ကွန့်မြူးတာမေ့"

□

"ဒီထူးထူးခြားခြား နီးဘုရားကို အကာအရံမရှိတဲ့ ဒီဇရပ်ပေါ်မှာ မထားသင့်ဘူး၊ လုံခြုံမှုမရှိဘူး။ နီးဘုရားဆိုတာ သိပ်ရှားတယ်။ ဒီထူးထူးခြားခြား နီးဘုရားက ပိုရှားတယ်။ အကာအရံတွေ အခိုင်အမာနဲ့ လုံလုံခြုံခြုံထားသင့်တယ်"

စာရေးသူဖူးမြင်ရသောအခါ ထူးထူးခြားခြား နီးဘုရားကို စစ်စေးသက်န်းသပ်လှူပူဇော်ထားပြီးသည်မှာ ကြာပြီ။

ချောင်းကလေးကျေးရွာ အုပ်စုအတွင်းရှိ ဆုတောင်းပြည့် အရှေ့ကျောင်းသည် ထိုစဉ်က "အမက"ဆိုသော မူလတန်းကျောင်းမဖြစ်သေး။ ကျောက် အမကဘာဝဋ္ဌပင် ရှိသေးသည်။ ထိုစဉ်က ရွာခံဖြစ်သော လုပ်အားပေးဆရာမများအဖြစ် ကျောင်းကုန်းမြို့နယ် တံခွန်တိုင်ရွာသူ နမ့်ဌေးဌေးဝင်းနှင့် သူငယ်ချင်းမိန်းကလေးတစ်ဦးကို ကျောင်းအုပ်ကြီး၊ ကျောင်းဆောက်ရေးကော်မတီဥက္ကဋ္ဌ ဦးရွှေ အပါအဝင် ကော်မတီဝင်များက ဖားရမ်းခန့်ထားခဲ့ကြသည်။

ထိုစဉ်က စာရေးသူက "အမက" ကျောင်း၏ ကျောင်းအုပ်ဆရာကြီး။ ကျောင်းမိသားစုခေါင်းဆောင် ဌေးဌေးဝင်းနှင့် သူငယ်ချင်းဆရာမ တို့ကို ကျေးရွာသားများက "အပုမ" နှင့် "အရှည်ကြီး"ဟု တရင်းတနှီး ခေါ်ခဲ့ကြသည်။

နမ့်ဌေးဌေးဝင်းတို့က သူတို့ရွာသို့ အလည်လိုက်ရန် အကြိမ်ကြိမ်ခေါ်သောကြောင့် စာရေးသူက -

"သမီးတို့ရွာမှာ ဘာထူးခြားတာရှိလို့ ခေါ်တာလဲ"

ဟု မေးခဲ့ဖူးသည်။

"ရှိတာပေါ့ ဆရာကြီးရဲ့ သမီးတို့ တံခွန်တိုင်ရွာမှာ ထူးထူးခြားခြား နီးဘုရားရှိတယ်"

ဆိုသော နမ့်ဌေးဌေးဝင်း၏ အဖြေစကားကြောင့် စာရေးသူက တံခွန်တိုင်ရွာသို့ ရောက်ခဲ့ခြင်း ဖြစ်သည်။

တံခွန်တိုင်ရွာသို့ ရောက်ပြီး နီးဘုရားကို ရှိသေစွာ ပူဇော်ခဲ့ရသော်လည်း ထိုစဉ်က စာရေးသူ၌ ကင်မရာမရှိသောကြောင့် ဓာတ်ပုံမရိုက်ယူနိုင်ခဲ့။ ထိုစဉ်က ဓာတ်ပုံရိုက်၍ရသော လက်ကိုင်ဖုန်းလေးများ မပေါ်သေး။

□

"ထူးထူးခြားခြားနီးဘုရား မရှိတော့ဘူး ဆရာကြီး။ ပျောက်သွားပြီ"

နမ့်ဌေးဌေးဝင်း၏ စကားကြောင့် စာရေးသူ အံ့အားသင့်သွားသည်။

"ဘာ… နီးဘုရားပျောက်သွားပြီ"

"ဟုတ်ပါတယ် နီးဘုရား အခိုးခံလိုက်ရပါပြီ"

"ငါအကြံပေးခဲ့သလို ဇရပ်ကို လုံလုံခြုံခြုံ အကာမကာဘူးလား"

"မကာရသေးဘူး ဆရာကြီး။ ရွာသားတွေက နီးဘုရားကို ဇရပ်မှာမထားဘဲ ဂန္ဓကုဋီတိုက်ဆောက်ပြီး ပူဇော်ဖို့ စီစဉ်နေတုန်း ပျောက်သွားတာ"

"တော်တော်ကြာပြီလား"

"အခုဆို ဆယ့်ငါးရက်ရှိပြီ"

"မစုံစမ်းဘူးလား"

"စုံစမ်းတာပေါ့ ဆရာကြီးရယ်။ ဒါပေမယ့် ပြန်ရမယ် မထင်တော့ပါဘူး"

"ဘာလို့လဲ"

"ဒန်အိုးပေါက်၊ ကြေးအိုးပေါက် တွေဝယ်တယ်၊ ပဲလှော်နဲ့လဲတယ်ဆိုတဲ့ လူတွေ ရွာထဲဝင်လာတဲ့ညမှာပဲ ပျောက်သွားတာ"

"တောက်… တော်တော်မိုက်ရိုင်းတာပဲ"

"ဟုတ်တယ်ဆရာကြီး။ သူတို့ကို စုံစမ်းလို့မရလို့ ရွာကလူတွေ ဒေါသထွက်ပြီး တော်တော်စိတ်ပျက်နေတာ"

ကျောင်းကုန်းမြို့နယ်ရှိ တံခွန်တိုင်ရွာ ဥပုသ်ဇရပ်၌ ကိန်းဝပ်စံပယ်တော်မူခဲ့သော "ထူးထူးခြားခြားနီးဘုရား"မှာ ထိုစဉ်ကတည်းက ပျောက်ဆုံးခဲ့သည်မှာ ယခုအချိန်အထိ သတင်းအစအနပင် မရတော့။

(ဖြစ်ရပ်မှန်ကို အမည်နာမများ ပြောင်းလွဲရေးသားထားခြင်း ဖြစ်ပါသည်။)

**ပန်းတနော်နောင်လတ်**



www.burmeseclassic.com

www.burmeseclassic.com

# အဆင်ပြေမည့် အရောင်များ

■ နိုင်မမ(ပညာရေး)

အသွေးအရောင်တို့၏ သဘောသည် ရာသီဥတုနှင့်သော်လည်းကောင်း၊ အလုအပနှင့်သော်လည်းကောင်း၊ စိတ်သန္တာန်နှင့်သော်လည်းကောင်း၊ လုပ်ငန်းခွင်၏ သဘောသဘာဝနှင့်သော်လည်းကောင်း၊ အစုအသင်းအဖွဲ့နှင့်သော်လည်းကောင်း ဆက်စပ်နေသည်ဟု ထင်ပါသည်။ ထို့ပြင် အရောင်အသွေးတို့သည် လောကကြီးကို တစ်နည်းတစ်ဖုံဖြင့် စိုးမိုးချုပ်ကိုင်လျက် ရှိလေသည်။

လောကီရေးရာအရ ဘဝအောင်မြင်ရေးနှင့် အသွေးအရောင်တို့သည် တစ်နည်းမဟုတ်တစ်နည်း ဆက်စပ်မှုရှိနေကြောင်းကို လောကီပညာရှင်တို့က လေ့လာတွေ့ရှိထားကြလေသည်။ လူသားတို့၏မွေးနေ့မွေးရက်ပေါ် မူတည်လျက် အသွေးအရောင်တို့က မိတ်ဓာတ်၊ ရန်ဓာတ်တွေပြနေကြလေသည်။ စာရေးသူသည် အလုပ်အကိုင်တစ်ခုအတွက် လူတွေ့အစစ်ဆေးခံစရာရှိစဉ်က လောကီပညာရှင်တစ်ယောက်မှ မည်သို့သောအရောင်တွေပါသည့် အဝတ်အစားများကို ဝတ်ဆင်ပြီးမှ လူတွေ့ အစစ်ဆေးခံရန်သွားပါဟု ညွှန်ကြားခဲ့ဖူးရာ အဆိုပါညွှန်ကြားချက်အတိုင်း ဝတ်စားသွားသဖြင့် အဆင်ပြေချောမွေ့ခဲ့ပါသည်။ တစ်ကြိမ်တစ်ခါသာဆိုလျှင်ဖြင့် တိုက်ဆိုင်မှုဟု၍ဆိုနိုင်သော်ငြား အခြားအခြားသော ကိစ္စရပ်များနှင့် ကြုံတွေ့ရင်ဆိုင်ရသည့်အခါများ၌လည်း မိမိ၏မွေးရက်နှင့် မိတ်ဓာတ်ကျသည့် အဝတ်အစားအရောင်များကို ရွေးချယ်ဝတ်ဆင်သွားခဲ့၍ အထစ်အငေါ့ ဘာမျှမရှိဘဲ အဆင်ပြေချောမွေ့ခဲ့သည်ချည်းသာ ဖြစ်ပါသည်။ သို့ဖြစ်၍လည်း အသုံးတည့်လိုသူတို့ အကျိုးငှာ ဤစာစုကို ရေးသားလိုက်ရခြင်းဖြစ်ပါသည်။

(၁)၊ (၁၀)၊ (၁၉)၊ (၂၈) စသည့်ရက်တို့၌ မွေးဖွားသူဖြစ်လျှင် အစိမ်းရောင်နှင့် အဝါရောင်ပါသော အဝတ်အစားများကို ရွေးချယ်ဝတ်ဆင်ပါ။

(၂)၊ (၁၁)၊ (၂၀)၊ (၂၉) စသည့် ရက်တို့၌ မွေး... သူဖြစ်လျှင် အဖြူရောင်နှင့် အစိမ်းရောင်ပါသော အဝ... အစားများကို ရွေးချယ်၍ ဝတ်ဆင်ပါ။

(၃)၊ (၁၂)၊ (၂၁)၊ (၃၀) စသည့် ရက်တို့၌ မွေး... ဖွားသူဖြစ်လျှင် အနီရောင်နှင့် ကြက်သွေးရောင်ပါသော အဝတ်အစားများကို ရွေးချယ်၍ဝတ်ဆင်ပါ။

(၄)၊ (၁၃)၊ (၂၂)၊ (၃၁) စသည့် ရက်တို့၌ မွေး... သူဖြစ်လျှင် အဖြူရောင်ပါသော အဝတ်အစားများကို ရွေး... ၍ ဝတ်ဆင်ပါ။

(၅)၊ (၁၄)၊ (၂၃) စသည့်ရက်တို့၌ မွေးဖွားသူ... လျှင် အပြာရောင်ပါသော အဝတ်အစားများကို ရွေးချယ်... ဝတ်ဆင်ပါ။

(၆)၊ (၁၅)၊ (၂၄) စသည့်ရက်တို့၌ မွေးဖွားသူ... လျှင်လည်း အပြာရောင်ပါသော အဝတ်အစားများကိုပင် ... ချယ်၍ ဝတ်ဆင်ပါ။

(၇)၊ (၁၆)၊ (၂၅) စသည့်ရက်တို့၌ မွေးဖွားသူ... လျှင် အဖြူရောင်နှင့် အစိမ်းရောင်ပါသော အဝတ်အစား... ကို ရွေးချယ်၍ဝတ်ဆင်ပါ။

(၈)၊ (၁၇)၊ (၂၆) စသည့်ရက်တို့၌ မွေးဖွားသူ... လျှင် အနက်ရောင်ပါသော အဝတ်အစားများကို ရွေးချယ်... ဝတ်ဆင်ပါ။

(၉)၊ (၁၈)၊ (၂၇) စသည့်ရက်တို့၌ မွေးဖွားသူ... လျှင် အနီရောင်နှင့် ခရမ်းရောင်ပါသော အဝတ်အစား... ရွေးချယ်၍ ဝတ်ဆင်ပါ။

● နိုင်မမ(ပညာ...



www.burmeseclassic.com

www.burmeseclassic.com

# ဂုဏ်ထူးပဒေသာ

## သင်ရိုးကုန်လေ့ကျင့်ခန်း နှင့် အဖြေစုံ

**အမှတ်ပေးစည်းမျဉ်းအတိုင်း အမှတ်(၁၀၀)ဖိုး အပြည့်ပါသည်။**

(၂၀၁၄-၂၀၁၅ ခရိုင်မေးခွန်းဟောင်းများ လေ့လာဖို့ပါသည်)

**စာကျက်မှတ်ရ လွယ်ကူအောင် လေ့ကျင့်ရလွယ်ကူအောင် စီစဉ်ထားပါသည်။**

**စတုတ္ထတန်း GRADE - 5**

♦မြန်မာစာ ♦စာရိတ္တနှင့် ပြည်သူ့နီတိ ♦ဘဝတွက်တာကျွမ်းကျင်စရာ ♦သင်္ချာ ♦အခြေခံသိပ္ပံ
♦သမိုင်း ♦ပထဝီဝင် ♦English Exam Special Guide Book

ရွှေပဒေသာစာပေ - အမှတ်-၂၂၁၊ ပထမထပ်၊ ၃၁-လမ်း(အထက်)၊ စင်ထရယ်ဟိုတယ်ဘေး၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉-၂၆၃၄၄၁၀၀၈၆၊ ၀၉-၇၉၅၉၈၅၇၇၇၉၊ ၀၁-၃၈၄၉၂၇

# ဂုဏ်ထူးပဒေသာ

**အဋ္ဌမတန်း GRADE - 9**

## သင်ရိုးကုန်လေ့ကျင့်ခန်း နှင့် အဖြေစုံ


(နမူနာမေးခွန်း၊ အမှတ်ပေးစည်းမျဉ်းနှင့် လေ့လာရန် မေးခွန်းဟောင်းပါသည်)

♦မြန်မာစာ ♦အထွေထွေသိပ္ပံ ♦ပထဝီဝင် ♦သမိုင်း
♦MATHS 1 Exam Special Guide Book
♦MATHS 2 Exam Special Guide Book
♦English Exam Special Guide Book

ရွှေပဒေသာစာပေ - အမှတ်-၂၂၁၊ ပထမထပ်၊ ၃၁-လမ်း(အထက်)၊ စင်ထရယ်ဟိုတယ်ဘေး၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉-၂၆၃၄၄၁၀၀၈၆၊ ၀၉-၇၉၅၉၈၅၇၇၇၉၊ ၀၁-၃၈၄၉၂၇

www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com

# သစ်ကြမ်းခေါင်တိုင်

## မင်းဟိန်းထိုက်

မောင်အေးချမ်း (ဤစာရေးသူ) တို့ ငယ်စဉ်က ဖြစ်သည်။ ရွာထဲတွင် လူကိုစားသော ခေါင်တိုင်တစ်လုံး အကြောင်း အတော်လေးပင် နာမည်ကြီးခဲ့သည်။ ၎င်း၏အိမ်မှာ ကောင်စီဥက္ကဋ္ဌ ဦးထွန်းကျော်၏ အိမ်တွင်ဖြစ်သည်။ (ဦးထွန်းကျော်သည် ကောင်စီမှ အနားယူပြီးနောက် ၂၀၀၂ ခုနှစ်တွင် ကင်ဆာရောဂါဖြင့် ရန်ကုန်မြို့ မိုးမခ ဆေးခန်းတွင် ကွယ်လွန်သွားခဲ့သည်။)

ဦးထွန်းကျော်သည်ကား အုပ်စုတွင် ကောင်စီဥက္ကဋ္ဌဖြစ်သလို ဆင်သည့်ပိုင်သည်။ သစ်ကန်ထရိုက်လုပ်ငန်းကိုလည်း လုပ်ကိုင်သည်။ ထိုအချိန်က ရွာနားတခိုတွင် ပျဉ်းကတိုးသစ်များ အလွန်ပေါသည်။ ရွာနားက စားကျက်မြေများမှာပင် တန်ကျပျဉ်းကတိုးပင်ကြီးများ အများအပြားရှိသည်။

ထိုပျဉ်းကတိုးပင်ကြီးများကို ဦးထွန်းကျော်က အစိုးရထံတွင် ကန်ထရိုက်ယူပြီး အလုပ်သမားများစွာတို့နှင့် လှဲဖြတ်ကာ ဆင်နှင့်ဆွဲသည်။ သစ်ဖောင်ဖွဲ့ပြီး အစိုးရထံကိုပို့သည်။ သစ်ခုတ်၊ သယ်ဖြတ် အလုပ်သမားပေါင်းလည်း ရာထောင်ချီနေသည်။ ထို့ကြောင့် ဦးထွန်းကျော်မှာ သောက်သောက်လဲမျှ ဝင်ငွေကောင်းသော တောသူဌေးကြီး ဖြစ်နေလေသည်။

တောသူဌေးကြီး ဖြစ်လာခဲ့သည်နှင့်အမျှ ပျဉ်းကတိုးသစ်ဖြင့် ကျောင်းလောက်ရှိသော အိမ်ကြီးတစ်ဆောင်ကိုလည်း ဆောက်လုပ်သည်။ သို့မှလည်း သူ့အိမ်နှင့် သူ့ပရိသတ် တန်ရုံမျှသာရှိသည်။ နေ့စဉ်နေ့တိုင်း အလုပ်လာတောင်းသူ၊ သစ်လာအပ်သူ၊ ငွေလာထုတ်သူဟု ဦးထွန်းကျော်အိမ်၌ လူပေါင်း လေးငါးဆယ် ရှိနေတတ်သည်။

ထို့ကြောင့် သူ့မှာ ပရိသတ်များ လွန်းသဖြင့် ယခင် အိမ်ကျဉ်း၍ အိမ်ကို ကြီးကြီးဆောက်လိုက်ခြင်းဖြစ်သည်။ ဆိုခဲ့သည့်အတိုင်း သစ်ကလည်းပေါသဖြင့် သဘောကျ ဆောက်လုပ်ထားသောကြောင့် ဦးထွန်းကျော်၏အိမ်မှာ စံချိန် မီရုံသာမက အကောင်းတကာ့ အကောင်းဆုံးထဲ၌ စံချိန်ပင် ကျော်နေလေသည်။

မြို့ပေါ်က အင်ဂျင်နီယာ ဒီဇိုင်းနှင့် မြို့ပေါ်က အတော်ဆုံး လက်သမားများကိုခေါ်ပြီး ဆောက်လုပ်ထား၍ ဦးထွန်းကျော်အိမ်မှာ လှပြီး ခံ့လည်းခံ့သည်။ တချို့ မြို့ပေါ်က အိမ်ဆောက်လိုသော





www.burmeseclassic.com

www.burmeseclassic.com

သူငှေးများပင် ဦးထွန်းကျော်၏အိမ်ကို လာကြည့်ပြီး လှေ့လာကြရလေသည်။ တချို့ ဓာတ်ပုံလာရိုက်ကြသူများလည်း ရှိသည်။ ထို့ကြောင့် ဦးထွန်းကျော်၏ အိမ်မှာ အကောင်းဆုံး၊ အသာဆုံး၊ အလှဆုံးဖြစ်သဖြင့် နာမည်ကြီးနေလေသည်။

သို့သော်လည်း ဦးထွန်းကျော်၏ အိမ်ခံ့ အိမ်လှကြီး ကို အိမ်သစ်တက်ပွဲ ပြုလုပ်ပြီးနောက်တွင် ပြဿနာပေါ်လာလေသည်။ အိမ်သစ်ကြီးက ပြဿနာ ပေါ်လာလေသည်။ အိမ်သစ်ကြီးက ပြဿနာပေးလာခြင်းပင်ဖြစ်သည်။ ညတွင် အိမ်သစ်ကြီးထဲက လူတစ်ယောက် အိပ်ပျော်လွန်ပြီး ပျောက်သကဲ့သို့ ပျောက်သည်ဟု ဆိုကြသည်။

ဤသတင်းသည် အစတွင် တိုးတိုးသာရှိသော်လည်း နောက်ပိုင်းတွင် ကျယ်လောင်လာလေသည်။ အိမ်ရှင်များက အစတွင် အဘယ့်ကြောင့် ဖုံးဖိထားခဲ့သည်မသိ။ သို့သော်လည်း နောက်ပိုင်းတွင် ဖုံးဖိ၍မရတော့ဘဲ တစ်ယောက်ပြီးတစ်ယောက် သိလာကြသဖြင့် ကျယ်မှန်းမသိ ကျယ်လောင်လာခဲ့လေသည်။

ထိုခေါင်တိုင်သည် ပျောက်ရုံသာမက နောက်သုံး လေးရက်အကြာတွင် ညလူအိပ်ချိန်၌ တက်ခေါက်သည်ဟုလည်း ဆိုကြသည်။ အလွန်အမင်း ဒေါသထွက်နေသောလူ တစ်ယောက် တောက်ခေါက်သံကဲ့သို့ ကျယ်လောင်သည်ဟုလည်း ဆိုကြသည်။ ထို့နောက် ခေါင်တိုင်ကြီး၏ ထိပ်ဖျားက အလင်းရောင်များ ဖြာထွက်သည်ဟုလည်း ဆိုကြပြန်သည်။

အလင်းရောင် ဖြာထွက်သည်ဟု ဆိုသော်လည်း ထိုအလင်းရောင်သည် မှိန်မှိန်မျှသာရှိသည်ဟု ဆိုသည်။ မီးဝင်လိုက်၊ မဝင်လိုက် ရှိနေသော ဖန်ချောင်းများကို ဖျတ်ခနဲ မီးဝင်စတွင် မြင်လိုက်ရသော အရောင်ကဲ့သို့ ရှိသည်ဟု တိတိကျကျ မြင်လိုက်သူအချို့က ပြောပြကြသည်။

ဦးထွန်းကျော်၏အိမ်၌ အလုပ်သမားများထဲမှ ညအိပ်ညေ့သည် တစ်ဆယ်/ကိုးယောက်မပြတ် ရှိနေတတ်သလို ထိုသတင်းထွက်လာပြီးနောက် ရွာသားများထဲကလည်း ဆိုခဲ့သည့် သတင်းဆိုးကို လေ့လာချင်၍ လာအိပ်ကြသောလူများလည်း တစ်ဆယ်/ကိုးယောက်ဆိုသလို ရှိနေတတ်သည်။ ထိုလူအားလုံးပင် ခေါင်တိုင်ကြီး၏ ပျောက်သံ၊ တက်ခေါက်သံများကို ကြားကြရသလို အလင်းရောင်များကိုလည်း မြင်ကြရသည်ဟု ဆိုသည်။

ထို့နောက် ခေါင်တိုင်ကြီးသည် ထိုမျှနှင့် မနေသေးဘဲ ပို၍ဆိုးလာလေသည်။ ဦးထွန်းကျော်၏ သားသမီးထဲက ကလေးတစ်ယောက်သည် နေ့ခင်းတွင် ထိုခေါင်တိုင်ကြီးကို လန့်ဖျပ်ပြီး တက်သွားရင်း ပြန်မကျတော့ဘဲ အသက်ပါသွားလေသည်။ ထို့နောက် တစ်ယောက်ပြီး တစ်ယောက် ဆက်တိုက် သုံးယောက်သေဆုံးသွားလေသည်။

သေဆုံးသွားသော ကလေးအားလုံးသည်လည်း ထိုခေါင်တိုင်ကြီးကို ကြည့်မိ၍ လန့်ဖျပ်ပြီး သေဆုံးသွားကြခြင်းသာဖြစ်သည်။ လန့်ဖျပ်ပြီးတက်သွားလျှင်လည်း ဆေးကုချိန်ပင်မရပေ။ တစ်ကိုယ်လုံး တောင့်တင်းပြီး ပါးစပ်မှ အမြှုပ် တစီစီထွက်ရင်းက နာရီပိုင်းအတွင်းတွင် သေဆုံးသွားခြင်းသာ ဖြစ်သည်။

ထို့နောက် နတ်ဆရာကိုခေါ်ပြီး မေးမြန်းကြည့်ရာ သည်ခေါင်တိုင်၌ သစ်ကြမ်း(နတ်ဆိုး)ကပ်နေသည်ဟု ဆိုသည်။ သစ်ပင်ကြီးကို ခေါင်တိုင်အဖြစ် အသုံးပြုရန် ခုတ်လှဲမည် ပြုရာတွင်လည်း တောစောင့်နတ်၊ တောင်စောင့်နတ်များထံတွင် ခွင့်မတောင်း။ သစ်ပင်ကို ခုတ်လှဲပြီးနောက်လည်း အစားပြန်မပေးဟု သစ်ကြမ်းနတ်ဆိုးက ပူးဝင်ပြီး နတ်ဆရာ၏ ပါးစပ်က ဆိုသည်။

သစ်ပင်ကို ခုတ်လှဲပြီးနောက် အစားပြန်ပေးသည်ဟု ဆိုရာ၌ သစ်ပင်မြေကြီးသို့ ဗုန်းဗုန်းလဲသွားပြီးနောက် သစ်ကိုင်းလေးတစ်ကိုင်းကို ကပျာကယာချိုးပြီး "အစားပေးပါတယ်"ဟု ဆိုကာ ထိုသစ်ငုတ်ပေါ်တွင် ထိုးစိုက်ပေးလိုက်ရသည်။ ထိုသို့ လုပ်လိုက်ခြင်းအားဖြင့် အစားပေးရာရောက်၍ သစ်ကြမ်း/ သစ်ပင်စောင့်နတ်က နှောင့်ယှက်၍မရဟု ဆိုသည်။

သည်ခေါင်တိုင်ကို မည်သူခုတ်သည်၊ မည်သည့်အနားက ခုတ်သည်ဟုလည်း ဦးထွန်းကျော် မမှတ်မိတော့ပေ။ ဦးထွန်းကျော်၏ သစ်လုပ်ငန်း၌ သစ်ခုတ်သမားတွေကလည်း များစွာပင် ရှိကြသည်။ ထိုအထဲတွင် ထွက်လိုက်၊ ဝင်လိုက်လည်း ရှိနေကြ၍ သည်ခေါင်တိုင်ကို မည်သူခုတ်သနည်းဟု လိုက်မေးရန်လည်း မတတ်နိုင်တော့



www.burmeseclassic.com

www.burmeseclassic.com

သဖြင့် များစွာအခက်တွေ့ရလေသည်။

ထို့ကြောင့် ဘာဆက်လုပ်ရလျှင် ကောင်းမည်ကို လူကြီးများနှင့် တိုင်ပင်ကြသည်။ သို့သော်လည်း အဖြေမရပေ။ နတ်ဆရာနှင့် ဆက်ပြီး တိုင်ပင်ရာတွင်လည်း အဖြေထွက်၍မလာ။ သားငါးအရက်များကိုကျွေးပြီး (သစ်ကြမ်း)နတ်ဆိုးကြီးအား တောင်းပန်၍လည်း မရ။ အတော့်ကို ကြမ်းသော နတ်ဆိုးကြီးဟု ဆိုရမည်။

နောက်တော့ မတတ်သာသည့် အဆုံး ခေါင်တိုင်ကြီး ကိုနတ်၍ ဆင်နှင့်ဆွဲကာ ခုတ်လှဲယူလာခဲ့သည့်နေရာသို့ ရောက်အောင် ပြန်ပို့လိုက်ရလေသည်။ သို့မှ အိမ်တွင်း၌ တွေ့ကြုံနေရသော အနှောင့်အယှက်များ ကင်းပြီး တွေ့ကြုံနေရသော ခြောက်လှန့်ခြင်းများလည်း ပျောက်သွားလေသည်။

သို့ဖြစ်၍ ဤဇာတ်လမ်းသည် ဤနေရာ၌ ဆုံးသင့်၏။ အနည်းငယ်မျှ ပြုပြင်ရေးပြီး အဆုံးသတ်လိုက်လျှင်လည်း ရနိုင်၏။ သို့သော်လည်း ဇာတ်လမ်းကား ဆုံး၍မသွားပေ။ နောက် ဆယ်နှစ်ကျော်သောအခါ တစ်ဖန် ပြန်၍ပေါ်လာပြန်သည်။

✦✦✦

မောင်အေးချမ်းတို့ ကျောင်းသားကြီးအရွယ်တွင် ဖြစ်သည်။ ကျောင်းထိုင်ဆရာတော်(ယခုပျံလွန်)သည်လည်း အင်္ဂရိတ်ထိုးခြင်းကို အလွန်ဝါသနာပါသည်။ ယခင်က အင်္ဂရိတ် ထိုးလေ့ရှိသော်လည်း သူ၏ ဝမ်းကွဲအစ်ကိုတော်တစ်ယောက် လာပြီးနောက် အင်္ဂရိတ်ထိုးကြရင်းက စွဲစွဲမြဲမြဲ ဝါသနာပါသွားခြင်း ဖြစ်သည်။

ဆရာတော်က နွေရာသီ၊ သင်္ကြန်နီးသော ရက်တစ်ရက်တွင် တောထဲသို့ မီးသွေးသွားဖုတ်ကြရန် မောင်အေးချမ်းတို့ ကျောင်းသားကြီးများအား လွှတ်သည်။ ထို့ကြောင့် ကျောင်းသားကြီး လေးငါးယောက် ကျောင်းမှထွက်ပြီး ရွာထဲတွင် လူပျိုလုပ်နေကြသော ကျောင်းသားဟောင်းကြီး လေးငါးယောက်၊ ပေါင်းဆယ်ယောက်ကျော်တို့သည် မီးသွေးဖုတ်ရန် တောထဲသို့ ရောက်လာခဲ့ကြသည်။

ရွာနှင့်တောကလည်း ကြားတွင် လယ်တစ်ကွင်းသာ ခြားသဖြင့် နီးသည်ဟု ပြောနိုင်သည်။ ကျောင်းမှထွက်ပြီး ဆယ့်ငါးမိနစ်ခန့် လျှောက်လျှင်ပင် တောထဲကို ရောက်သည်။ သည်နှစ်နွေ မိုးရွာထား၍ တောင်ကျချောင်းကြီးတစ်လျှောက်တွင် ချောင်းရေများ အိုင်ထွန်း၍ ရှိသည်။

မီးသွေးဖုတ်ခြင်းမှာ ရေနှင့်အနီးမှာသာ ဖုတ်ရသဖြင့် အလွန်မှ အဆင်ပြေသည်။ ထို့ကြောင့် ထင်းများများရနိုင်မည့်နေရာကို လိုက်လံရှာရင်းက ဒိုးပင်အင်ဒိုင်းသို့ ရောက်ရှိလာကြသည်။ ဒိုးပင်အင်ဒိုင်းတွင် ထင်းပေါသည်။ သစ်ခုတ်သမားများ ခုတ်ထားခဲ့ကြသည့် သစ်ကိုင်းများ အတော်များများရှိနေသည်။ ထို့အပြင် လွှပကာတွေလည်း အတော်များများ ရှိသည်။

ထို့ကြောင့် ဒိုးပင်အင်ဒိုင်းမှာပင် မီးသွေးဖုတ်ရန် စခန်းချလိုက်ကြသည်။ ဦးစွာ ရေအိုင်နှင့်နီးသည့်နေရာတွင် မီးသွေးဖုတ်ရန် သတ်မှတ်ပြီး ရရာထင်းချောင်းများကို ဆွဲပုံကြသည်။ ထင်းဆွဲနေကြဆဲမှာပင် ဆရာတော်လည်း ရောက်လာပြီး -

"မီးလောင်ကောင်းအောင် ဝါးခြောက်ထည့်ရမယ်ကွ။ ဒါကြောင့် ဝါးခြောက်တွေကိုလည်း သွားကောက်ကြစမ်း"

ဟု ဆို၍ အနီးအနားက ဝါးတောကိုဝင်ပြီး ဝါးခြောက်များကို သွားဆွဲကြပြန်သည်။

ဝါးခြောက်နှင့် ထင်းခြောက်များကို လိုသလောက်ရပြီးမှ စည်းကမ်းတကျပုံပြီး မီးရှို့ရန်ဖြစ်သည်။ ထို့ကြောင့် ဝါးခြောက်များနှင့် ထင်းခြောက်များကို အားသွန်ခွန်စိုက် ဆွဲသယ်ကြရင်းက လိုသလောက်ရသွားသည်။ သတ်မှတ်ထားသော ရေအိုင်နားတွင်ပုံပြီး မီးရှို့ရုံသာရှိတော့သည်။

ဆရာတော်က -

"ဟဲ့…ကောင်တွေ မီးသွေးဖုတ်ရာမှာ အောက်ခံအုန်းတုံးကြီးမှ ကောင်းတာကွ။ ဒါကြောင့် အောက်ခံအုန်းတုံး သုံးလေးတုံးလောက် သွားရှာကြဦး"

ဟု ဆို၍ တောထဲသို့ ပြန်ဝင်ကြရပြန်သည်။ အုန်းတုံးကြီးကြီး လိုက်ရှာရင်းက မြေတွင်တစ်ဝက်မြုပ်ပြီး အပေါ်ဘက်ကို မီးလောင်ထားသော တုံးဖြောင့်ဖြောင့်တစ်တုံးကို တွေ့ကြသည်။

ထိုတုံးမှာ သစ်ကြမ်းကပ်နေ၍ ဆင်နှင့်ဆွဲပြီး လာပို့ထားသော ဦးထွန်းကျော်၏ အိမ်တိုင်ဖြစ်သည်။ သို့သော်လည်း ဦးထွန်းကျော်၏ အိမ်တိုင်ဟု တစ်ယောက်မှ မသိကြပေ။ ဦးထွန်းကျော်၏အိမ်၌ သရဲစီး၍ ခေါင်တိုင်ကြီး ပြန်နတ်ပြီး သည်နေရာသို့ပို့သောအချိန်က ယခု မီးသွေးဖုတ်ရန် စီစဉ်နေကြ

www.burmeseclassic.com

သော ကျောင်းသားကြီးများပင် ကျောင်းသားကလေးအရွယ်မှုသာ ရှိသေး၍ ဆိုခဲ့သည့်အဖြစ်ဆိုးကို ကြားသာကြားဖူးလိုက်ကြသည်။

ထို့ကြောင့် မီးတစ်ခြမ်းလောင်ထားသော ခေါင်တိုင်ကြီးကို ကုတ်နှင့်မ၍ ဖော်လိုက်ကြပြီးနောက် ကျောင်းသားကြီးတစ်ယောက်က -

"ဟာ···ဒါ အိမ်တိုင်ကြီးပဲကွ။ ခုတ်ရွေထားပြီးမှ အိမ်ကို မသယ်ခင် တောမီးလောင်သွားတာ ဖြစ်မယ်"

ဟု ဆိုသည်။ မောင်အေးချမ်းကလည်း···

"ဟုတ်မယ်ဗျ။ ဒါကြောင့် တောမီးလောင်သွားလို့သာ ထားပစ်ခဲ့တာ ဖြစ်နိုင်တယ်။ နမြောစရာကြီးဗျာ"

"ကဲ···တောမီးလောင်ထားလို့ တစ်ခြမ်းကုန်နေပြီ။ နမြောမနေနဲ့။ လွှကိုသွားယူလိုက် ဖြတ်ရအောင်"

ဟု ဆို၍ မောင်အေးချမ်း ငါးမန်းလွှကြီးကို သွားယူလိုက်သည်။ ထို့နောက် ကျောင်းသားဟောင်းကြီးက လေးနေရာ(လေးပိုင်း)ဖြတ်ရန် ဓားနှင့်တောက်ပြီး သတ်မှတ်ပေး၍ မောင်အေးချမ်းနှင့် မောင်ရွှေကြည်က လွှနှင့်ဖြတ်ကြရာ လွှလေးပုံတစ်ပုံခန့် မြုပ်သည်နှင့် တိုင်ထဲမှ သေွးပုပ်များ ကျလာလေသည်။

သို့သော်လည်း ချက်ချင်း သွေးပုပ်ဟု မသိကြ။ အပုပ်နံ့ထွက်သည်ဟုသာ သိနေကြသည်။ အတော်လေး အပုပ်နံ့ရ၍ နှာခေါင်းကိုပင် လက်နှင့်ပိတ်ထားကြရသည်။ တိုင်၏အလယ်တွင် အခေါင်းကြီးဖြစ်နေ၍ လွှနှင့်ဖြတ်ရသည်မှာ အခက်အခဲမရှိဘဲ ငါးမိနစ်ခန့် ဖြတ်လိုက်ရလျှင်ပင် တိတိပြတ်သွားလေသည်။

ထို့နောက် သွေးပုပ်များ ဝေါခနဲ ကျသွားလေသည်။ သူတို့အားလုံး ဝိုင်းပြီးကြည့်ကြသည်။ သွေးပုပ်ဟုဆိုသော်လည်း စေးထန်း၍မနေဘဲ ခပ်ကျဲကျဲဖြစ်နေသည်။ အနံ့ကတော့ ဆိုးလွန်းသည်။ အားလုံးသူပင် နှာခေါင်းကို ပတ်ထားကြရသည်။ ထို့ကြောင့် ထူးဆန်းလွန်း၍ ဆရာတော် အနားသို့ လာကြည့်သည်။

"ဆရာတော်···ဘယ်လိုများပါလဲဘုရား။ သစ်ပင်ထဲက ရေပဲ၊ ဒီလောက်တောင် ပုပ်ရသလား။ တကယ့်လူတွေ၊ နွားတွေသေလို့ ပုပ်တာနဲ့ အတူတူပဲ။ ဆိုးလိုက်တဲ့အနံ့"

ဆရာတော်က ဘာမှမပြောဘဲ တိုင်ပိုင်းကြီးကိုကြည့်ပြီး စဉ်းစာ ုနေသည်။ တိုင်ပိုင်းကြီးမှ ထွက်ကျလာသည့် သွေးလိုလို၊ ရေလိုလို အနံ့ကြီးကလည်း ဆိုးလွန်းသည်။ ချက်ချင်းပင် ယင်မကြီးများ တစ်သုတ်ပြီးတစ်သုတ် ရောက်လာကြသည်။ ထို့နောက် တိုင်ပိုင်းကြီးမှ ကျလာသည့် သွေးလိုလို၊ ရေလိုလို အရည်များတွင် ယင်မကြီးများ အုံသွားလေသည်။

ဆရာတော် တစ်ချက်နှစ်ချက် ခေါင်းညိတ်လိုက်ပြီး -

"ဒါ···ထွန်းကျော်ရဲ့ အိမ်တိုင်မှာ သစ်ကြမ်းပါလာလို့ ညညကို ကြောက်မက်ဖွယ်ရာ အသံတွေ၊ အရောင်တွေ ပြတယ်။ ကလေးသုံးယောက်သေတယ်။ ဒါကြောင့် ခုတ်လှဲပြီး ယူလာခဲ့တဲ့ နေရာကို ပြန်ပို့လိုက်ရတယ်ဆိုတာလေ"

"မှန်ပါ့ဘုရား။ တပည့်တော်လည်း အခုမှ သတိပြုမိသာတယ်ဘုရား။ ဆင်ဦးစီးက အဲဒီခေါင်တိုင်ကြီးကို နိုးပင်အင်ဒိုင်းကို ပို့လိုက်ရတယ်ဆိုတော့ ဒီတိုင်ကြီး ဖြစ်နိုင်တာပေါ့ဘုရား"

"ဟုတ်ပါတယ်။ ခေါင်တိုင်ကြီးကို ဆင်နဲ့ဆွဲပြီး ပြန်ပို့တုန်းက ပဲ့ချိတ်အဖြစ် လိုက်ပါသွားတဲ့ ထွန်းဦးကိုယ်တိုင် ပြောပြလို့ ငါတိတိကျကျ သိနေတာပါ"

ဟု ဆရာတော်က ဆိုသည်။ ထို့ကြောင့် ဆရာတော် ပြောသည်မှာ သာ၍ပင် တိကျနေသည်။ တိုင်ပိုင်းကြီးမှ ကျနေသော ရေသည်လည်း အပုပ်နံ့နံလွန်း၍ ယင်ရိုင်းမများ အုံနေဆဲဖြစ်သည်။

သည်ငံ့ုံ်ကြီးမှာ အိမ်ခေါင်တိုင်အဖြစ် ရှိနေစဉ်က အနှောင့်အယှက်ပေးခဲ့သော်လည်း ယခု အနှောင့်အယှက်ပေးနိုင်ဟန် မရှိပေ။ သည်ခေါင်တိုင်၌ သစ်ကြမ်းသည်ပင် မရှိတော့၍လား ဆရာတော်ကိုယ်တိုင်ပါနေ၍ ဆရာတော်၏ တန်ခိုးတော်ကြောင့်လားတော့ မသိ။ ယခုအခါ ကုတ်နှင့်ဖော်ပြီး အပိုင်းပိုင်းဖြတ်၍ မီးဖုတ်သည်အထိ မီးသွေးဖြစ်သည်အထိ မည်သည့်အနှောင့်အယှက်မျှ မရှိတော့ပေ။

**စာကြွင်း ။** ဤနေရာ၌ သတိထားရန်မှာ သစ်ပင်ကြီးများကို ခုတ်လှဲရာ၌ ဆိုခဲ့သည့်အတိုင်း အပင်စားပေးရန်ကို မမေ့သင့်ဟု ထင်မြင်မိပါကြောင်း။

**မင်းဟိန်းထိဝ်**

www.burmeseclassic.com

# မင်းသိမ် ပြောတဲ့
# အဓိဋ္ဌာန်အကြောင်း

ခက်ခဲသောအမှုကို မည်သည့်အချိန်ကာလအတွင်း ပြီးမြောက်အောင် လုပ်ပါမည်ဟု ဆုံးဖြတ်လုပ်ကိုင်ခြင်းကို "အဓိဋ္ဌာန်"ဟု ခေါ်၏။

ဥပမာအားဖြင့် သား၊ ငါး အငွေ့နံကြိုက်သူသည် ဝါတွင်း လေးလအတွင်း သား၊ ငါးကို လုံးဝမစားဘဲ ရှောင်ကြဉ်ရန်မှာ ၎င်းအဖို့ လွန်စွာခက်ခဲသောအလုပ်ဖြစ်၏။ ဤသို့ ခက်ခဲပါလျက် မဖြစ်မနေ ဝါတွင်းတစ်လျှောက်လုံး အသားမစားဘဲ နေထိုင်ခြင်းသည် ထိုသူအဖို့ အဓိဋ္ဌာန်မြောက်လေ၏။ မည်သည့်အဓိဋ္ဌာန်မြောက်သနည်းဆိုမူ သက်သတ်လွတ် အဓိဋ္ဌာန်မြောက်ခြင်းဖြစ်၏။

လူ့ဘဝသည် အစဉ်သဖြင့် ချောမွေ့နေသည်မဟုတ်။ အခါအားလျော်စွာ အခက်အခဲများနှင့် ရင်ဆိုင်တတ်ရ၏။ ထိုအခါမျိုး၌ စိတ်ဓာတ်ပျော့ညံ့သူတို့သည် ထိုအခက်အခဲကို ကြောက်လန့်၍ အရှုံးပေးကြရ၏။

ထို့ကြောင့် အဓိဋ္ဌာန်ပြုလုပ်ခြင်းသည် မိမိကြုံတွေ့ရသည့် အခက်အခဲကို ရင်ဆိုင်နိုင်ရန်အတွက် ကြိုတင်၍ စိတ်ဓာတ်အားဖြင့် လေ့ကျင့်ခန်းဝင်ခြင်း သဘောပင်ဖြစ်၏။

အဓိဋ္ဌာန်သည် ပါရမီဆယ်ပါးတွင် တစ်ပါးအပါအဝင်ဖြစ်၏။ "ဗောဓိသတ္တ"ဟူသော ဘုရားလောင်းတို့သည် အဓိဋ္ဌာန်ပါရမီကိုလည်း အခြားသော ပါရမီများကဲ့သို့ ဖြည့်ကျင့်ခဲ့ရ၏။

ထို့ကြောင့် သင် ယခု အဓိဋ္ဌာန်ဝင်ခြင်းသည် ဗောဓိသတ္တတို့၏ လမ်းစဉ်အတိုင်း ပြုလုပ်ခြင်းဖြစ်သည်ဟု ခိုင်ခိုင်မာမာ ယုံကြည်လော့။

အဓိဋ္ဌာန် ပြီးမြောက်အောင်မြင်သည်အထိ ပြုလုပ်လော့။

အဓိဋ္ဌာန်ပြုလုပ်ခြင်း၌ ပြောပြရသော အကျိုးများရှိသကဲ့သို့ ပြောပြ၍လည်းမရ မြင်လည်းမမြင်နိုင်သည့် လွန်စွာထူးဆန်းသော သိဒ္ဓိသဘောများ ပါဝင်နေသည်ကို နောင်အခါတွင် သင်သိလိမ့်မည်။

ယခု သင်နှင့် ကျွန်ုပ်တို့ ပြုလုပ်သော အဓိဋ္ဌာန်ကို "သဗ္ဗသိဒ္ဓိ ဝိဇ္ဇာရေ အဓိဋ္ဌာန်"ဟု ခေါ်ကြပါစို့။

မြေအိုးတွင် ဖက်ဖူးရောင်သုတ်၍ အပေါ်၌ အစိမ်းရောင် အောင်အိုးစာတန်းကို ရေးထား၏။

အဘယ့်ကြောင့် အစိမ်းရောင် ဖက်ဖူးရောင်တို့ကို အသုံးပြုရသနည်းဟု သင့်အနေဖြင့် မေးမြန်းအံ့။ ကျွန်ုပ်အနေဖြင့် ဤသို့ အဖြေပေးရပေလိမ့်မည်။

အစိမ်းရောင်သည် ဤလောက၌ (MONEY COLOUR) ခေါ် ငွေအသပြာရောင် ဖြစ်၏။ ဤကမ္ဘာပေါ်ရှိ နိုင်ငံအသီးသီးတွင် ကြိုတင်ညှိမထားပါဘဲလျက် တန်ဖိုးမြင့်သော ငွေစက္ကူများကို အစိမ်းရောင်ဖြင့် ရိုက်လေ့ရှိကြ၏။

ဤသဘောမှာ ငွေအသပြာ၏ အရောင်ဖြစ်ကြောင်း ထင်ရှား၏။ ဥရောပတိုက်ရှိ "ဩဃာတစ်"ခေါ် လောကီပညာရှင်တို့သည် လာဘ်လာဘရွှင်လန်းစေခြင်းအလို့ငှာ အစိမ်းရောင်ကို များများအသုံးပြုရမည်ဟူ၍ ဖော်ထုတ်ခဲ့ကြ၏။

ဤအချက်ကို နားမလည်သူတို့သည် လောင်ပြောင်ကောင်း လောင်ပြောင်ကြပေလိမ့်မည်။ သို့သော် "ကာလာလော်ဂျီ"ခေါ် အရောင်အဆင်းပညာကို နားလည်လိုက်စားထားသူသည် ဤစကားကို ကြားရုံမျှဖြင့် ဦးညွှတ်၍ အရိုအသေပေးလိမ့်မည်။

ထို့ကြောင့် သင်တို့အား ငွေကြေးအသပြာ ပွင့်လန်း



www.burmeseclassic.com

www.burmeseclassic.com

စေခြင်းအလို့ငှာ ဤအမိဋ္ဌာန်ကို အစိမ်းရောင်များဖြင့် ပြုလုပ်စေခြင်း ဖြစ်၏။

အမိဋ္ဌာန်ကာလကို ၄၉ ရက် သတ်မှတ်ခဲ့၏။ အဘယ်ကြောင့်ဆိုသော် (၇)ဂဏန်းကို အလေးထားသောကြောင့် ပြုလုပ်ခဲ့ခြင်းဖြစ်၏။

(၇)ဂဏန်းကို အဘယ်ကြောင့် အလေးထားရသနည်းဟူမူ ရှေးအတီတေ ပဝေသဏီက "ဩယာတစ်"ခေါ် ပညာရှင်တို့သည် (၃)ဂဏန်းကို လူ၏ဂဏန်းဟူ၍လည်းကောင်း။ (၄)ဂဏန်းကို နတ်၏ဂဏန်းဟူ၍လည်းကောင်း မှတ်ယူကြ၏။

ထို့ကြောင့် (၃) နှင့် (၄) ပေါင်းထားခြင်းသည် နတ်နှင့်လူ သဟဇာတဖြစ်ခြင်းကို ဖော်ပြခြင်းဖြစ်ပေရာ နတ်နှင့်လူ သဟဇာတဖြစ်သောကြောင့် "လူလိုမှ နတ်လို"ဆိုသော စကား...တိုင်း ကံကောင်းထောက်မခြင်း ဖြစ်စေသဖြင့် (၇) ဂဏန်းခေါ် (ဆဲဗင်း)ကို (ဆဲဗင်း)ဟူ၍ ရိုးရိုးမခေါ်ဘဲ "လပ်ကီးဆဲဗင်း"ဟူ၍ ခေါ်နေခြင်းကို သင့်အနေဖြင့် ပြန်လည်အမှတ်ရစေလိုပါသည်။

၄၉ ဆိုသည်မှာ လပ်ကီးဆဲဗင်း ခုနစ်ကြိမ်ပွားထားခြင်းပင် မဟုတ်ပါလော။

ဤအမိဋ္ဌာန်၌ ရှစ်ပါးသီလ၊ ကိုးပါးသီလတို့ကို စောင့်ထိန်းခြင်းမပြုဘဲ အဘယ်ကြောင့် အာဇီဝ ဌမကသီလကို စောင့်ထိန်းနိုင်းရသနည်းဆိုသည်ကို သင့်အနေဖြင့် သိချင်လာပေလိမ့်မည်။

အကယ်၍ ရှစ်ပါးသီလ၊ ကိုးပါးသီလဖြင့် ရက်ရှည်အမိဋ္ဌာန်ပြုလုပ်သော် အိမ်ထောင်မရှိသူများအတွက် အကြောင်းမဟုတ်သော်လည်း အိမ်ထောင်ရှိသူများအဖို့ "အပြဟ္မ စရိယာပုဒ်"ကြောင့် အမိဋ္ဌာန်ဝင်သူတစ်ဦး၏ ဇနီးသည်လည်းကောင်း။ ခင်ပွန်းသည်လည်းကောင်း ဤအမိဋ္ဌာန်ကို တစ်နေ့နေ့တွင် ငြီးငြင်လာလိမ့်မည်။

ထို့ပြင် အရက်သေစာကို စွဲနေသူအဖို့လည်း ရုတ်တရက် အရက်ဖြတ်၍ ဤအမိဋ္ဌာန်ကို ဝင်ရန်မလိုပေ။ "သုရာမေရိယပုဒ်"မပါသောကြောင့် လိုအပ်လျှင် သောက်သုံးခွင့်ပြုထားပြီး ဖြစ်၏။ ဤအချက်သည် သာမန်အားဖြင့်ကြည့်က ရယ်စရာဖြစ်သော်လည်း အရက်သေစာသောက်စားခြင်းသည် အသက်မွေးဝမ်းကျောင်းအလုပ်တစ်ခုကဲ့သို့ ဖြစ်နေသော ပုဂ္ဂိုလ်များလည်း ဤအမိဋ္ဌာန်၌ ပါဝင်နိုင်၏။

ဤသီလမှာ ကမ္ဘာဦးရသေ့တို့ ဆောက်တည်သောသီလဖြစ်သောကြောင့် လောကီပညာနှင့် လွန်စွာလိုက်လျောညီပေသည်။

ထို့ကြောင့် အာဇီဝ ဌမကသီလကို တည်ဆောက်နိုင်ခြင်းဖြစ်သည်။

အမိဋ္ဌာန်တွင် ရေအိုးများ ပေးအပ်ခြင်းမှာ မိမိနေ့စဉ် ပြုလုပ်သော အမိဋ္ဌာန်ကို သစ္စာပြု၍ သစ္စာရေသောက်ရန်ဖြစ်၏။

ထို့ကြောင့် ဤဖက်ဖူးရောင် အောင်အိုးများသည် "သစ္စာရေအိုး"များဖြစ်ပေသည်။

နောင်တွင် သင်၌ အခက်အခဲရှိ၍ သစ္စာပြုလိုပါက ဤသစ္စာအောင်အိုးများဖြင့် သစ္စာပြုရပေလိမ့်မည်။

သစ္စာဆိုခြင်းသည် အကောင်းဆုံး မန္တန်ရွတ်ခြင်းပင်ဖြစ်၏။ ထို့ကြောင့် ရှေးဆရာမြတ်တို့က "သစ္စာထိပ်သီး မန္တန်ကြီး"ဟူ၍ပင် ဆိုခဲ့ကြ၏။

ဤနည်းအတိုင်း ၄၉ ရက် တစ်ဝါရ (သို့မဟုတ်) "တစ်ထုံ"ပြုလုပ်တိုင်း သစ္စာအောင်အိုးတို့ဖြင့် ပြုလုပ်ခဲ့သော်ကြာလျှင် သင်၏ဘုရားခန်း၌ သစ္စာအောင်အိုးများဖြင့် ပြည့်နက်လာပေလိမ့်မည်။

ထိုအိုးများကိုကြည့်၍ တစ်နေ့၌ သင်သည် "ငါကားနယ်နယ်ရရ လူမဟုတ်။ သစ္စာအမိဋ္ဌာန်များစွာ လုပ်ပြီးထားသော သစ္စာအမိဋ္ဌာန်များစွာ အောင်ပြီးထားသော သစ္စာသည် သစ္စာခဲကြီးပေတကား"ဟု တွေးမိသောအခါ၌ ကြက်သီးမွေးညင်းများ ထလာပေလိမ့်မည်။ ထိုအချိန်၌ သင်နှင့် ပတ်သက်ရှိသော ဝိဇ္ဇာသည် သင့်ထံသို့ မလွဲမသွေ ရောက်ရှိလာပေလိမ့်မည်။

သင့်အား အလိုရှိရာကို ဆောင်ကြဉ်းပေးမည် ... ဖြစ်သတည်း။



www.burmeseclassic.com

www.burmeseclassic.com

## ဥုမ်ရွတ်ခြင်း

ဥုမ်ရွတ်ဆိုရာ၌ အမျိုးသားရော၊ အမျိုးသမီးပါ တင်ပျဉ်ခွေ၍ ရွတ်ရမည်။ ခါးကို မတ်မတ်ထားရမည်။ ဒူးစွန်းနှစ်ဖက်ပေါ်တွင် လက်ဝါးနှစ်ဖက်ကို မှောက်၍ အုပ်တင်ထားရမည်။

"ဥုမ်"ဟူသော အသံသည် ဆီးစပ်လောက်ဆီမှ စတင်၍ ဖြစ်ပေါ်ပါ။

ခန္ဓာကိုယ်အထက်ပိုင်း။ ဝမ်းဗိုက်၊ ရင်ဘတ်၊ လည်ချောင်းမှ နှုတ်ခမ်းဖျားအထိ တစ်ဖြည်းဖြည်း အသံရောက်ရှိလာပြီးလျှင် "ဥုမ်"ဟု ပါးစပ်ကိုဖွင့်၍ ရွတ်ဆိုပါ။

အသံဆုံးသည်နှင့် ပါးစပ်ကို ပိတ်ချလိုက်ရမည်။ အသံရှိန်သည် ရင်ခေါင်းတွင်း၌ ပဲ့တင်ထပ်၍ ကျန်ရစ်စေရမည်။

ဤနည်းအတိုင်း နံနက်အိပ်ရာထတွင် "ဥုမ်"ကို ၁၀၈ ကြိမ် (ပုတီးနှင့်မှတ်၍ ရွတ်လျှင် ပို၍ကောင်း၏။)

ည အိပ်ရာဝင်ခါနီးတွင် ၁၀၈၀ ကြိမ် ရွတ်ဆိုရမည်။ (ပုတီး ၁၀ ပတ် ရွတ်ဆိုရမည်။)

"ဥုမ်"ရွတ်ခြင်းမှာ ၄၉ ရက် ကာလအတွင်း မပျက်မကွက်ရ။

ပျက်ကွက်သော် အဓိဋ္ဌာန်ပျက်ပြီဟူ၍ မှတ်ယူပါ။

### အနန္တသိဒ္ဓိဂါထာ

၁။ ဗုဒ္ဓေါ လောကေ သမုပ္ပန္နော
ဟိတာယ သဗ္ဗ ပါဏိနံ။
၂။ ဓမ္မော လောကေ သမုပ္ပန္နော
သုခါယ သဗ္ဗ ပါဏိနံ။
၃။ သံဃော လောကေ သမုပ္ပန္နော
ပုညာယ သဗ္ဗ ပါဏိနံ။
၄။ ဗုဒ္ဓ တေဇေန အရိဒ္ဓမော
ဗုဒ္ဓါ မေ ရက္ခန္တု နိစ္စံ။
၅။ ဓမ္မ တေဇေန မဟာ လာဘော
ဓမ္မောမေ ရက္ခန္တု သဒါ။
၆။ သံဃ တေဇေန မဟာ ယသော
သံဃော မေ ရက္ခန္တု ဒိနေ။
၇။ နမော တေ ဗုဒ္ဓ ဝီရတ္ထု၊ ဝိပ္ပ မုတ္တောသိ သဗ္ဗဓိ။
သမ္ဗာဓ ပဋိပန္နော သို့၊ တဿ မေ သရဏံ ဘဝ။
၈။ အရဟံ ဗုဒ္ဓေါ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ
အကာလိကော ဓမ္မံ သရဏံ ဂစ္ဆာမိ
သုပ္ပဋိပန္နော သံဃံ သရဏံ ဂစ္ဆာမိ။
၉။ ဗုဒ္ဓေါ သဗ္ဗညုတော ညာဏော
ဓမ္မော လောကုတ္တရော နဝ။
သံဃော မဂ္ဂဖလဋ္ဌော စ
ဣစ္စေ တေ ရတနတ္တယံ။
ယေန သစ္စေန သင်္ဃော
ဟောတု မေ ဇယမင်္ဂလံ။
(၉ ခေါက်စီရွတ်ပါ။)

အထက်ပါ ဂါထာကိုးပိုဒ်ကို အလွတ်ရသည်အထိ ပထမအဓိဋ္ဌာန် ၄၉ ရက်တွင် ထည့်သွင်းထားရခြင်းကား အဓိပ္ပာယ်ရှိပါသည်။ ထိုဂါထာကိုးပိုဒ်သည် အနန္တသိဒ္ဓိ မဟာဒီပံမီးတိုင် စီရင်ပြုလုပ်ပြုနိုင်သောကြောင့် ဖြစ်၏။ ဤနည်းကို ဘိုးတော်မင်းတရား ကိုးကွယ်အားထားတော်မူသော နန်းဦးဆရာတော်သည် ဘိုးတော်မင်းတရားအား ဤမီးတိုင်လုပ်နည်းကို ချီးမြှင့်ခဲ့၏။ ဖယောင်းတိုင်တွင် ပထမဂါထာသုံးပိုဒ်ကို ရေး၍ ထိုဂါထာကို သက်စေ့ရွတ်ဖတ်ပြီး မီးထွန်းပူဇော်ရ၏။

ဒုတိယဂါထာသုံးပိုဒ်ကို မီးတိုင်တွင်ရေး၍ ထိုဂါထာဖြင့်ပင် သက်စေ့ရွတ်ဖတ်၍ ထွန်းညှိပူဇော်ရ၏။

တတိယဂါထာသုံးပိုဒ်ကို တတိယမီးတိုင်တွင်ရေး၍ ထိုဂါထာဖြင့်ပင် သက်စေ့ရွတ်ဖတ်၍ ထွန်းညှိပူဇော်ရ၏။

ပထမ မီးတိုင်၊ ဒုတိယ မီးတိုင်၊ တတိယ မီးတိုင်တို့ကို တစ်နေ့စီ ပူဇော်သွားရ၏။ လေးရက်မြောက်သောနေ့၌ ပထမမီးတိုင်မှစ၍ ပူဇော်ရ၏။ ဤနည်းအတိုင်း ၄၅ ရက် ထွန်းညှိပူဇော်သော် ကျရောက်လတ္တံ့သော အန္တရာယ်မှလွတ်၏။ အခက်အခဲကို ကျော်လွှား၏၊ ပိတ်နေသော လာဘ်ပွင့်၏။

ထို့ကြောင့် လိုအပ်သောအခါ၌ အနန္တသိဒ္ဓိ မဟာဒီပံ စီရင်နိုင်ရန်အတွက် အဓိဋ္ဌာန်အတွင်း၌ ပုတီးစိတ်ခိုင်းရခြင်းဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com

# သစ္စာဆိုခြင်း

ဤသစ္စာကို ဆောက်တည်ခံယူသည်မှာ မှန်ပါ၏။ ဤသစ္စာမှန်ပါလျှင် ခုနစ်ရက်သားသမီးတို့ကကျွေးသော ခဲဖွယ်ဘောဇဉ် ချိုချဉ်ရသာတို့ကို စားမိလျှင် စားသောအစာဟူသမျှတို့သည် အာယုဝမုန ဆေးတော်ဖြစ်၍ အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ခွန်အားကြီးခြင်း၊ ဘုန်းတန်ခိုးတေဇော် **အာနုဘော်**ကြီးခြင်းတို့နှင့် ပြည့်စုံပါစေသား။ ကျွန်ုပ်၏လက်နှင့်ထိက ရောဂါဟူသမျှ **ပျောက်ကင်း**၍ ချမ်းသာခြင်းရောက်ရှိသည်ကိုသာ တွေ့ဆုံရပါစေသတည်း။ ဤသစ္စာမတည် **ပျက်ကွက်**ခဲ့ပါလျှင် ခုနစ်ရက်သားသမီးတို့ ကျွေးသော ခဲဖွယ်ဘောဇဉ် ချိုချဉ်ရသာတို့သည် အလဟဿဖြစ်၍ အချည်းနှီးဖြစ်ပါစေသတည်း။

ဤသစ္စာပါရမီကြောင့် အင်းပေါက်သော ပုဂ္ဂိုလ်၊ ပြဒါးပေါက်သော ပုဂ္ဂိုလ်၊ ဆေးပေါက်သော ပုဂ္ဂိုလ်၊ မန္တန်ပေါက်သော ပုဂ္ဂိုလ်၊ ဝိဇ္ဇာလေးပါး မဟာဒိဗ္ဗပေါက်သော ပုဂ္ဂိုလ် အရှင်တို့သည် ထင်ရှားစွာ စောင့်ရှောက်ကြည့်ရှုပါစေသား။

ဤသစ္စာတည်ပါ၏။ ဤသစ္စာမှန်ပါ၏။ ဤသစ္စာပါရမီတို့ကြောင့် ခုနစ်ရက်သားသမီးတို့ မျက်နှာမြင်လျှင် ချစ်ခင်စုံမက်၍ ဆရာကဲ့သို့ ဆရာ့ကိုယ်စား ဆင်းရဲသောသူများနှင့် ဒုက္ခရောက်သူများကို ကယ်ဆယ်လျက် တရားရေအေးကို တိုက်ကျွေးနိုင်သည့်ကိုယ် ဖြစ်ရပါစေသတည်း။

ဤသစ္စာပါရမီကြောင့် မြဟ္မစိုရ်တရား လေးပါး၊ သူတော်ကောင်းတရား ခုနစ်ပါးတို့သည် မိမိကိုယ်၌ မြဲစွာတည်တံ့၍ သွားလေရာ နေရာဌာနတိုင်းတွင် ခပ်သိမ်းသော သမ္မာဒေဝနတ်အပေါင်းတို့နှင့်တကွ လောကပါလ နတ်ကမ္ဘာကိုစောင့်သော နတ်အပေါင်း၊ ဝိဇ္ဇာအပေါင်းသည် ကြည့်ရှုစောင်မကြပါစေကုန်သတည်း။ ဤသစ္စာမှန်ပါလျှင် ဂေါတမမြတ်စွာဘုရား ထင်ရှားရှိတော်မူစဉ် ထင်ပေါ်ကျော်ကြားသော ဇီဝက ဆေးဆရာကဲ့သို့ မသေရသည့်လူကို တွေ့ကြုံရ၍ ၉၆ ပါးသော ရောဂါဟူသမျှတို့နှင့်တကွ စုန်းပယောဂ၊ နတ်ပယောဂ၊ သွေးပယောဂ၊ လေပယောဂတို့မှစ၍ လွယ်လင့်တကူ ကင်းပပျောက်ကင်းခြင်းသို့ ရောက်ပါစေသတည်း။

(တစ်ခေါက် ရွတ်ဆိုပါ။)



www.burmeseclassic.com

www.burmeseclassic.com

## နတ်ပို့

ဒုက္ခပ္ပတ္တာ စ နိဒ္ဒုက္ခာ။
ဘာယပ္ပတ္တာ စ နိဗ္ဘယာ။
သောကပ္ပတ္တာ စ နိသောကာ။
ဟောန္တု သဗ္ဗေပိ ပါဏိနော။
ဧတ္တာဝတာ စ အမှေဟိ။
သမ္ဘတံ ပုည သမ္ပဒံ။
သဗ္ဗေ ဒေဝါ နုမောဒန္တု။
သဗ္ဗသမ္ပတ္တိ သိဒ္ဓိယာ။
ဒါနံ ဒဒန္တု၊ သဒ္ဓါယ၊
သီလံ ရက္ခန္တု သဗ္ဗဒါ။
ဘာဝနာဘိရတာ ဟောန္တု၊
ဂစ္ဆန္တုဒေဝတာဂတာ။

ဒုက္ခပ္ပတ္တာ - သည်းအူလှိုက်လှဲ မီးပူစွဲမျှ အမြဲလောင် ...ာက် ဆင်းရဲခြင်းသို့ ရောက်ကြကုန်သော၊ သဗ္ဗေပိ- ...ာင်းကင်မြေလုံး ရေပြင်ဆုံးအောင် သိမ်းကျုံးဝန်းအုံ့ အလုံး ...ည်ဖြစ်ကုန်သော၊ ပါဏိနော - သံသရာဝဋ် မကျွတ်ကျွတ် ... မလွတ်သမျှ ဘုံဘဝ၌ ကြုံရာများစွာ သတ္တဝါတို့သည်၊ ...ုက္ခာစ - ဝရဇိန်ဖောက်ခွဲ၊ ကျောက်တောင်လဲသကဲ့သို့၊ ...တ်စဲပျောက်ရှင်း ဆင်းရဲခြင်း ကင်းကြကုန်သည်၊ ဟောန္တု- ...ဖြစ်ကြပါစေကုန်သတည်း။

သောကပ္ပတ္တာ - ဒေါနမရှိန် သောကနိမ်၍ စိုးရိမ်ခြင်း ... ရောက်ကြကုန်သော။ သဗ္ဗေပိ - ကောင်းကင်မြေလုံး ... ပြင်ဆုံးအောင် သိမ်းကျုံးဝန်းခြုံ အလုံးစုံလည်း ဖြစ်ကြ ...သော၊ ပါဏိနော - သံသရာဝဋ် မကျွတ်ကျွတ်၍ မလွတ် ... ဘုံဘဝ၌ ကျုံရများစွာ သတ္တဝါတို့သည်၊ နိသော

ကာစ - ဝဋ္ဋာလွှမ်းတိမ် လေကြမ်းနှိမ်သို့ နွမ်းမှိန်ရွှေယွင်း စိုးရိမ်ကင်းကြကုန်သည်လည်း။ ဟောန္တု - ဖြစ်ကြပါစေကုန် သတည်း။

ဧတ္တာဝတာစ - ဤမျှကျိုးကုတ် စွမ်းအားထုတ်၍ မဟုတ်စေရ ပြုလုပ်ရသဖြင့်လည်း၊ အမှေဟိ - ဘဝဝဋ် တန်း လွတ်ကျွတ်သန်းဖို့ ကျွတ်တန်းပန်ဆု ငါတို့တစ်စုသည်၊ သမ္ဘတံ - ယခုအေးမှု နောင်ကျွေးပြုံ၍ တွေးရှုရည်စူး ဖြည့် ဆည်းပူးအပ်သော၊ ပုညသမ္ပဒံ - အပေါင်းစုမြှုပ် ကောင်းမှု ထုတ်၍ မယုတ်မယွင်း ပြည့်စုံခြင်းက၊ သဗ္ဗေ - ရှိန်ဝါတောက် လင်း နောက်ပါသင်းနှင့် ခပင်းဥဿုံ အလုံးစုံကုန်သော၊ ဒေဝါ- စကြဝဠာသောင်းထိုက် ပေါင်းတစ်ပိုက်မှ ရောက်ဆိုက်လာ ကြား နတ်အများတို့သည်၊ အနုမောဒန္တု - ကြည်လင်မနော ဘဝဇော်နှင့် ရှင်မောဝမ်းမြောက်ကြပါကုန်စေသတည်း။

သဗ္ဗေသမ္ပတ္တိ သိဒ္ဓိယာ - လူ့,နတ်,နိဗ္ဗာန် အကျိုး မှန်ကို မျိုးခံနီးရင်း ပြီးစီးခြင်းငှာ၊ သဒ္ဓါယ - ကံကြောင့်အကျိုး မထောင်ညှိုးဟု ဖြောင့်ရိုးစွဲကပ် အမြဲမှတ်သဖြင့်၊ ဒါနံ - နည်းသည်များသည် ခြားမရည်ဘဲ ရှင်သည်မြတ်နိုး ဒါနမျိုးကို၊ ဒဒန္တု - သူတော်ရဟန်း ရည်ရော်မှန်း၍ လှူဒါန်းပူဇော်နိုင် ကြပါစေကုန်သတည်း။

သီလံ၊ ပဉ္စ၊ အဋ္ဌ၊ တဒင်္ဂဟု-ကိုယ်မှုမချွတ်၊ ကျင့်ခါး ဝတ်ကို၊ သဗ္ဗဒါ - နှစ်လတွက်မှတ် ရက်မပြတ်အောင်၊ ရက္ခန္တု-မကျားမပြောက် မမှားမှောက်ရအောင် စောင့်ရှောက် ထိန်းသိမ်းနိုင်ကြပါစေကုန်သတည်း။

ဘာဝနာ ဘိရတာ - သမထ ဝိပဿနာ လက်မကွာ ဘဲ ဆက်ခါနှေ့ည မွေ့လျော်ကြကုန်သည်။ ဟောန္တု - ဖြစ်ကြ ပါစေကုန်သတည်း။ အာဂတာ - အများညီညာ တရားနာဟု ထားခါခွဲစိတ် ခဲအကျိတ်နှင့် တွဲမိတ်စုဆုံ လာကြကုန်သော၊ ဒေဝတာ - အကြောင်းဆက်ကာ သောင်းစကြာက ရောက် လာကြသောင်း နတ်အပေါင်းတို့သည်၊ ဂစ္ဆန္တု - ပရိတ်တော် ပွဲ ပြီးကုန်စဲပြီမို့ နေမြဲရပ်ဘုံ ပြန်ကြကုန်လော့...။



www.burmeseclassic.com

www.burmeseclassic.com

(၁). ဗုဒ္ဓဂုဏော အနန္တော၊
ဓမ္မဂုဏော အနန္တော၊
သံဃဂုဏော အနန္တော။

(၂) ဗုဒ္ဓေါမေ သရဏံ အညံနတ္ထိ၊
ဓမ္မောမေ သရဏံ အညံနတ္ထိ၊
သံဃောမေ သရဏံ အညံနတ္ထိ။

(၃) ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
ဓမ္မံ သရဏံ ဂစ္ဆာမိ၊
သံဃံ သရဏံ ဂစ္ဆာမိ။
သော ဉာတ္တိ၊ ဂစ္ဆာ အမုမို၊ ဩကာသေ တိဌာဟိ။

(နံနက် အခေါက် ၂၀၊ ည အခေါက် ၂၀ ရွတ်လေ။ ၄၉ ရက်ပြီးသောအခါ အကျိုးတရားကို သင်ကိုယ်တိုင် သိပေလိမ့်မည်။)

သဗ္ဗေသတ္တာ ကမ္ဘသ
မင်းသိ
မရမ်းတလင်းတော အယူတော်မ



www.burmeseclassic.com

www.burmeseclassic.com

■ သုတေသီဆရာငြိမ်း

# အာဟာရပြည့် ဆေးဖက်ဝင် သီးနှံများ

## ဂေါ်ဖီထုပ်

ဂေါ်ဖီထုပ်သည် လူတိုင်းနှင့် ရင်းနှီးလျက်ရှိသော စားသောက်ဖွယ် ဟင်းသီးဟင်းရွက်တစ်မျိုးပင် ဖြစ်ချေသည်။ သင့်တင့်သော ဈေးနှုန်းဖြင့် ဝယ်ယူရရှိနိုင်ပြီး ကြော်ချက်၍သော်လည်းကောင်း၊ အတို့အမြှုပ်အဖြစ်သော်လည်းကောင်း၊ အသုပ်သုပ်ရာတွင်လည်းကောင်း အသုံးပြုစားသောက်ကြပေသည်။

ဂေါ်ဖီထုပ်အပါအဝင် ဂေါ်ဖီပန်း၊ ဆလပ်ရွက်ကဲ့သို့သော ဟင်းသီးဟင်းရွက်များသည် အာရှအမျိုးသားများအဖြစ်များနေသော ဆီးအိမ်ကင်ဆာကို ကာကွယ်နိုင်စွမ်းရှိကြောင်း ဟားဗတ်တက္ကသိုလ်မှ သုတေသီတစ်စုက အဆိုပြုသည်။ သိပ္ပံပညာရှင်တို့သည် အမျိုးသားရေးအတွက် ငါးသောင်းနီးပါး၏ စားသောက်မှုကို လေ့လာကြရာတွင် ရက်သတ္တတစ်ပတ်တွင် အဆိုပါ ဟင်းသီးဟင်းရွက်စိမ်း ငါးကြိမ် (သို့မဟုတ်) ငါးကြိမ်ထက်ပို၍ စားသောသူတို့သည် မစားသူတို့ထက် ၁၀ နှစ်တာ ကာလတစ်လျှောက်တွင် ဆီးအိမ်ကင်ဆာဖြစ်ရန် အလားအလာနည်းပါးကြောင်း တွေ့ရသည်။ အဆိုပါ ဟင်းသီးဟင်းရွက်တို့တွင် အကောင်းဆုံးအဖြစ် ဘရုက်ကိုလီ ဂေါ်ဖီနှင့် ဂေါ်ဖီထုပ်ပင် ဖြစ်ကြောင်း အဆိုပြုကြသည်။

ဂေါ်ဖီထုပ်၏အရသာမှာ ချို၏။ ဂုဏ်သတ္တိမှာ အေး၏၊ ဂေါ်ဖီထုပ်ကို စွဲမြဲစွာ စားသောက်သွားခြင်းအားဖြင့် ချုပ်လိုက်၊ ပျက်လိုက် ဖြစ်သည့် ဝမ်းမမှန်သောရောဂါ၊ ဝမ္မတာသွေးမမှန်သောရောဂါ၊ မျက်စိပူခြင်း၊ အသားပူခြင်း



www.burmeseclassic.com

ခြေဖဝါးပူခြင်း၊ လက်ဖဝါးပူခြင်း၊ ချောင်းခြောက်ဆိုးခြင်း စသော ဝေဒနာများကို သက်သာပျောက်ကင်းစေပါသည်။

**၁။ ဝမ်းတွင်း၌ ကျောက်တည်လျှင်**

ဂေါ်ဖီထုပ်အမြစ်ကို ပြာချ၍ စားသုံးပေးပါက ဝမ်းတွင်းရှိ ကျောက်များ ပြိုကျသွားပါလိမ့်မည်။

**၂။ မြွေဆိပ်၊ ကင်းဆိပ်တို့ တက်လျှင်**

ဂေါ်ဖီထုပ်အမြစ်ကို ပြာချ၍ စားသုံးပေးပါက မြွေဆိပ်၊ ကင်းဆိပ်တို့ ကျဆင်းသွားပါလိမ့်မည်။

**၃။ ကျွတ်တီးနာဖြစ်လျှင်**

ဂေါ်ဖီထုပ်ကို ပြာချပါ၊ ထိုပြာအား အနာဖြစ်ရာနေရာ၌ လိမ်းကျံပေးပါက ကျွတ်တီးနာများ ပျောက်ကင်းသွားပါလိမ့်မည်။

(ဂေါ်ဖီထုပ်နှင့် မျိုးနွယ်တူသော ဂေါ်ဖီပွင့် ခေါ်ပန်းဂေါ်ဖီအား အစိမ်းတို့စားခြင်း၊ ချက်စားခြင်း၊ ကြော်စားခြင်း၊ သနပ်လုပ်စားခြင်း၊ အချဉ်တည်စားခြင်းဖြင့် အသားနုမတက်သော အနာများ၊ အပူများခြင်း၊ အပူနာဖြစ်ခြင်း၊ အပူချောင်းဆိုးခြင်း၊ ပွေးရောဂါဖြစ်ခြင်း၊ ဆီးပူ,လည်ချောင်းပူခြင်း၊ သွေးအန်သွေးလျှံခြင်း၊ သွေးကျခြင်း၊ အသည်းပျက်သည့်ရောဂါ ဖြစ်ခြင်း၊ ဆီးချုပ်ဆီးအောင့်ခြင်း၊ နှလုံးအားနည်းခြင်းတို့ကို သက်သာပျောက်ကင်းစေပါသည်။)

ဂေါ်ဖီထုပ်နှင့် ပတ်သက်၍ သတိပြုရန်အချက်မှာ ဆီးချိုဝေဒနာရှင်များအတွက် မသင့်လျော်ခြင်း ဖြစ်ပါသည်။

□

## အာလူး


'အာလူး'သည် အာဟာရဓာတ် ပြည့်စုံကြွယ်ဝစွာ ပါရှိသည့် ဥအမျိုးအစားတွင် ပါဝင်သည်။ ကြော်၍လည်းကောင်း၊ အသီးအရွက်၊ အသားငါးများနှင့် ရောနှောချက်ပြုတ်၍သော်လည်းကောင်း စားသောက်ကြသည်။

အာလူးသည် စိုက်ပျိုးရ လွန်စွာလွယ်ကူသည်။ အခြားသော ကမ္ဘာ့အစားအများဆုံး ကောက်ပဲသီးနှံများဖြစ်ကြသည့် ဆန်၊ ဂျုံ ပြောင်းတို့နောက်တွင် အာလူးသည် စတုတ္ထနေရာဖြစ်၏။ ကမ္ဘာပေါ်တွင် အာလူးစားသုံးမှုအများဆုံးနေရာမှာ ဥရောပတိုက်ဖြစ်ပြီး၊ အရှေ့တောင် အာရှ၌ တရုတ်နှင့် ဂျပန်တို့ အစားများကြသည်။ အာလူးသည် အခြားကောက်ပဲသီးနှံများထက် ဈေးပေါသည့် အတွက်ကြောင့်လည်း ဖွံ့ဖြိုးဆဲနိုင်ငံများ၌ ထမင်းအစားသို့ ဗိုက်ပြည့်အစားအစာအဖြစ် စားသုံးလျက်ရှိကြသည်၊

အာလူးသည် ဟင်းတော်တော်များများနှင့် လိုက်ဖက်သော စားအိုးကြီးသော မိသားစုများအတွက် ဟင်းအပွားခတ်ပေးနိုင်၏။ အရသာရှိသလောက် ဈေးနှုန်းမှာလည်း ချိုသာလှသည့်အတွက် အိမ်ရှင်မတို့လက်စွဲဟု ဆိုရပေမည်။ ထိုသို့ စရိတ်စကနည်းပြီး ဗိုက်ဝစေသည့် အာလူးအား နိုင်ငံတကာရှိ လူမျိုးဘာသာစုံ၊ အလွှာစုံ အိမ်ရှင်မများသည် အသား (သို့မဟုတ်) ပုစွန်ရောထားသည့် အာလူးဟင်းလျာအမျိုးမျိုး၊ သက်သတ်လွတ်ဟင်းလျာများ၊ သီးသန့်ဟင်းလျာ၊ စွတ်ပြုတ်၊ အပူစာ၊ အအေးစာ၊ အသုပ်၊ အကြွပ်ကြော်၊ အကင်၊ မီးဖုတ်၊ ပြုတ်၊ ပူရီ၊ ကတ်တလိတ်၊ ဆန္ဒွင်းမကင်း၊ ရွှေကြည်၊ ကိတ်၊ Pan ကိတ်၊ Pie ကိတ်၊ ရေခဲမုန့်၊ အာလူးစိမ်းဖျော်ရည် စသည်ဖြင့် မတူညီသော အရသာတို့ဖြင့် နေ့စဉ်သုံး ဟင်းလျာအဖြစ် ရိုးရာဓလေ့အတိုင်း နည်းအမျိုးမျိုးဖြင့် စီမံချက်ပြုတ်လေ့ ရှိကြပါသည်။

အာလူးကို ပီရူးနိုင်ငံရှိ အင်ကာ(Inca) လူမျိုးက ရှေးနှစ်ပေါင်း ၇၀၀၀ ကျော်ကတည်းက စ၍ အင်းဒီးတောင်စောင်းတစ်လျှောက် စတင် စိုက်ပျိုးလာခဲ့ခြင်း ဖြစ်သည်။

အင်ကာလူမျိုးတို့သည် အာလူးကို "PaPa" ဟု



www.burmeseclassic.com


www.burmeseclassic.com

ခေါ်ဆိုကြပြီး ထိုဒေသထွက် အာလူးသည် ထွားကျိုင်းပြီး အနှစ်မှာ အဝါရောင်ဖြစ်ကာ မရန်းစေ့ရောင် အခွံဖြင့် ဖုံး အုပ်ထားပါသည်။ စပိန်တို့က အာလူးကို "Patata"ဟု ခေါ်ဝေါ်ကြပြီး ၎င်းတို့ဌာနေပြန်သော လမ်းခရီးတွင် သင်္ဘောသားများကို အာလူးကျွေးရာ ပင်လယ်ခရီးကြမ်း တွင် ဒုက္ခပေးနေကျ ဗီတာမင်စီခ်ာတ် ချို့တဲ့ရောဂါ လုံးဝ မဖြစ်တော့ဟု သိရသည်။ ထိုအချိန်မှစ၍ စပိန်ကုန်သည် များသည် ပီရူးနိုင်ငံရှိ အာလူးအမြစ်ဥတို့ကို ယူဆောင်လာ ပြီး စိုက်ပျိုးခဲ့ကြရာမှ စပိန်တွင် အာလူးစားသုံးသော ယဉ်ကျေးမှု စတင်လာခဲ့သည်။

အစဦးပိုင်းတွင် ဥရောပနိုင်ငံများအားလုံး၌ အာလူး က လူကို အဆိပ်ဖြစ်စေတတ်သည်ဟု ယူဆကာ မစားသုံး ကြသေးပေ။ ဆေးသိပ္ပံပညာရှင်များက အာလူးသည် စရိတ် နည်းနည်းဖြင့် ဓွန်အားကြွယ်ဝသည့် ကောက်နှံအစားထိုး အစားအစာဖြစ်၍ နေ့စဉ် အာဟာရဖြစ် အရွယ်သုံးပါးမရွေး စားသုံးသင့်ကြောင်း ဆိုကြသည်။ ဌာနေအာဏာပိုင်များ ကလည်း လယ်ယာစိုက်ခင်းများတွင် အာလူးကို မဖြစ်မနေ စိုက်ပျိုးစေနိုင်သည့်အတွက် ၁၇ ရာစုနှစ် အလယ်လောက် တွင်ပြီး ဥရောပတိုက်တစ်ခွင်လုံး၌ အာလူးကို တွင်ကျယ်စွာ စားသုံးလာခဲ့ကြပေသည်။

အာဟာရသုတေသီများ၏ လေ့လာဆန်းစစ်မှု မှတ် တမ်းများအရ အာလူးကို ကြော်၍စားခြင်းထက် ချက်ပြုတ် (သို့မဟုတ်) မီးဖုတ်စားခြင်းက ကျန်းမာရေးကို အထောက် အကူပြုစေသည်ဟု ဆိုကြသည်။ အာလူးသည် ဦးနှောက် အဆောင်ချက်ကို မြင့်မားလာစေခြင်း၊ သွေးတိုးကျစေခြင်း၊ ဗီတာမင်စီ ချို့တဲ့ရောဂါများဖြစ်သော နှုတ်ခမ်းကွဲခြင်း၊ နှုတ်ခမ်းထောင့်များ ကျိုးကန်းပါးစပ်ကွဲသို့ ကွဲအက်ခြင်း၊ သွားဖုံးများ သွေးယိုစီးခြင်းနှင့် မကြာခဏ အအေးမိဖျားနာ ခြင်းမှ ကာကွယ်ပေးနိုင်ခြင်း၊ အသားအရေကို ကောင်း မွန်စေခြင်း၊ အစာကြေညက်လွယ်ခြင်း၊ ပိန်လိုသူများကို ခန္ဓာကိုယ်အလေးချိန် တိုးပွားလာခြင်း စသည့် ကောင်းကျိုး များ ဆောင်ခွမ်းနိုင်ပေသည်။

သို့ဖြစ်၍ မိမိ၏ လက်တစ်ကမ်းတွင် ဈေးပေါပေါ ဖြင့် အလွယ်တကူ ဝယ်ယူနိုင်ပြီး မိသားစုကျန်းမာရေး အတွက် ကောင်းကျိုးပြုသော အာလူးကို သဘာဝ၏ လက်ဆောင်အဖြစ် စားသုံးသင့်ပေသည်။



၁။ ဝမ်းချုပ်ခြင်း၊ ရင်ပူခြင်းတို့ဖြစ်လျှင်

နံနက်စောစော အိပ်ရာထချိန်၌ ဝမ်းမသွားဘဲ ဝမ်းချုပ်နေလျှင်၊ ရင်ပူနေလျှင် အာလူးကို ရေစိမ်၍ သောက်သုံးပေးသင့်ပါသည်။

၂။ အစာအိမ်ရောင်ပြီး နာနေလျှင်၊ အူသိမ်အူမတို့၌ အနာဖြစ်နေလျှင်

အာလူးကို ကြိတ်ခြေပြီး ဖျော်ရည်ပြုလုပ်ကာ သောက်သုံးပေးပါက အစာအိမ်ရောင်ပြီး နာနေခြင်းများ၊ အူသိမ်အူမတို့၌ အနာဖြစ်နေခြင်းများကို သက်သာပျောက် ကင်းစေပါသည်။

၃။ နှင်းခူ၊ အရေပြားနာဖြစ်လျှင်

အာလူးစိမ်းဖျော်ရည်ကို အရေပြားပေါ်၌ အမြစ် တွယ်လျက်ရှိသော နှင်းခူနာများအား ဆွတ်ဖျန်းလိမ်းကျံ ပေးပါက ဝေဒနာလျော့ပါးကာ သက်သာပျောက်ကင်းသွား ပါလိမ့်မည်။

၄။ နာဖျားမကျန်းဖြစ်လျှင်

ခန္ဓာကိုယ်အရေပြားအနှံ့ အာလူးကို ခြမ်းပြီး ပွတ် တိုက်ပေးပါက နာဖျားမကျန်းဖြစ်ခြင်းများ အမြန်ဆုံး သက် သာပျောက်ကင်းသွား ပါလိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com

**၅။ ထင်း၊ မီးသွေးတို့ မီးမွှေးရခက်နေလျှင်**

အာလူးခွံအခြောက်များကို မီးမွှေးရခက်သော ထင်း၊ မီးသွေးထဲသို့ စုပုံကာ မီးမွှေးပါက အလွယ်တကူ မီးစွဲ၊ မီးတောက်သွားပါလိမ့်မည်။

❐

## ကနဖော့ပင်

ကနဖော့ပင်သည် ရေစပ်ရွှံ့နွံများ၌ ပေါက်လေ့ရှိသော အပင်အမျိုးအစား ဖြစ်သည်။ အမြင့်ပေ တစ်ပေမှ နှစ်ပေထိတိုင် ရှိတတ်၏။ တစ်ပင်လုံးသည် ပြောင်ချောနေတတ်သည်။ အမွှေးနုကလေးများလည်း ရှိသည်။ အကိုင်းမှာ ဖြာလျက်ရှိ၏။ အဆစ်များမှနေ၍ ဖော့ကဲ့သို့ ပေါ့ပါးသည့် အဖြူရောင်အမြစ်ကလေးများ ဖြာထွက်လေ့ရှိ၏။

အရွက်အနေအထားကို ကြည့်လျှင် ရွက်ဆိုင် အလှည့်ကျ ထွက်သည်။ အရွယ်အစားမှာ သေးငယ်၍ ငှက်တောင်ပုံစံဖြစ်၏။ အရှည်အားဖြင့် တစ်လက်မှ ရှစ်လက်မထိ ရှည်တတ်၏။ ရွက်ရင်းမှာ ကျဉ်း၍သွယ်၏။ အပွင့်မှာ စိမ်းနုရောင်ရှိ၏။ ညှာဖြူ၏။ သီတင်းကျွတ်လမှ တပေါင်းလတိုင် ပွင့်လေ့ရှိ၏။ အသီးမှာ တစ်စေ့သီးဖြစ်၏။ ငှက်တောင်ပုံရှိ၏။ ပေါက်ရောက်ပုံမှာ မြန်မာနိုင်ငံနေရာဒေသ အနှံ့အပြားတွင်လည်းကောင်း၊ ရေချိုပုင်း၊ ရေစပ်များတွင်လည်းကောင်း၊ အလွန်အေးသော ဒေသများတွင်လည်းကောင်း ပေါက်ရောက်လေ့ရှိကြသည်။

ကနဖော့ပင်၏ ပဥ္စငါးပါးစလုံးကို အသုံးပြုကြ၏။ အထူးသဖြင့် အရွက်ကို အသုံးများလေ့ရှိ၏။ ရသာမှာ ငန်၏၊ ခါး၏။ ဂုဏ်သတ္တိအားဖြင့် အေး၏။ ဝမ်းအနည်းငယ် သက်စေ၏။ သည်းခြေ၊ သလိပ်တို့ကို နိုင်၏။ ဖောရောင်ခြင်း၊ ချောင်းဆိုးခြင်းရောဂါတို့ကို ကင်းဝေးစေပါသည်။

**၁။ အားနည်းရောဂါဝေဒနာ ခံစားနေရလျှင်**

ကနဖော့ပင်တစ်ပင်လုံးအား ဆန်ဆေးရည်၊ မုန်ညင်းဆီထည့်၍ ပြုတ်ပြီး ဆားအနည်းငယ်ထည့်သောက်ခြင်းဖြင့် အသည်းအားနည်းသော ရောဂါကို ပျောက်ကင်းစေပါသည်။

**၂။ ကျောက်ရောဂါဖြစ်လျှင်**

ကနဖော့ပင်၏ ပဥ္စငါးပါးကို အရည်ညှစ်၍ ပျာ ရည်နှင့်သောက်ပေးပါက ကျောက်ရောဂါကို ပျောက်ကင် စေပါသည်။

**၃။ ကျောက်ဖြူပေါက်လျှင်၊ အရေပြားရောဂါဖြစ်လျှင် ခြင်ဆီရောဂါတိုးလျှင်**

ကနဖော့ပင်၏ ပဥ္စငါးပါးကို အရည်ရအောင်ညှစ် ပြီး နေ့စဉ် အနည်းငယ်သောက်သုံးပေးပါက ကျောက်ဖြ ပေါက်ခြင်း၊ အရေပြားရောဂါဖြစ်ခြင်း၊ ခြင်ဆီရောဂါတိုးခြင် များ သက်သာပျောက်ကင်းသွားပါလိမ့်မည်။

**၄။ တစ်ကိုယ်လုံး ဖောရောင်နေလျှင်**

ကနဖော့ပင်၏ ပဥ္စငါးပါးစလုံး ရေနွေးဖြော၍ ထမင်းစားသည့်အခါ တို့မြှုပ်စားပေးပါ။ သို့မဟုတ် ကနဖော့ ပင်၏ ပဥ္စငါးပါးလုံးကို ပြုတ်၍ ချွေးအောင်းပေးပါက တစ် ကိုယ်လုံး ဖောရောင်နေခြင်းများ သက်သာပျောက်ကင် သွားပါလိမ့်မည်။

**၆။ ဆီးပူညောင်းကျရောဂါဝေဒနာ ခံစားနေရလျှင်**

ကနဖော့ရွက်ကို သတ္တုရည်ရအောင် ညှစ်ပါ။ ထို့ နောက် နွားနို့နှင့်ဖြစ်စေ၊ ဆိတ်နို့နှင့်ဖြစ်စေ သောက်သုံး ပေးပါက ဆီးပူညောင်းကျဝေဒနာ သက်သာပျောက်ကင် သွားပါလိမ့်မည်။

**၇။ ဦးနှောက်တွေ ပူနေလျှင်**

ကနဖော့ရွက်ကို ကြိတ်၍ ဦးခေါင်းတွင် အုံပေးပါက ဦးနှောက်ပူခြင်းကို အေးစေပါသည်။ ကနဖော့ရွက်ကို အရေ ပြားရောဂါနှင့် အကြောရောဂါများအတွက်လည်း အသုံးပြု နိုင်ပါသည်။

■ သုတေသီဆရာငြိမ်း



www.burmeseclassic.com

www.burmeseclassic.com



# ကိုယ်ငွေ့အပူဖြင့် ကျန်းမာရေးကောင်းအောင်ယူ

**ကျော်ဇောဟိန်း(နှံ့သာ)**

လောကတွင် ဓာတ်ကြီးလေးပါးသည် အစုအဝေးနှင့် ဖြစ်ပေါ်နေသည်။ ပူခြင်း၊ အေးခြင်းနှစ်ပါးသည် သတ္တဝါတို့၌ အဓိကဖြစ်နေ၏။ ပူမှု၊ အေးမှု ညှိနှိုင်းခုခံမှု မီးဓာတ်ဖြစ်သည်။ ထို့ကြောင့် လောက၌ အရာဝတ္ထုအများစုတွင် အပူတေဇော ဦးဆောင်နေသည်ကို သိသာနိုင်ပါသည်။ အဘယ့်ကြောင့် ဆိုသော် လူတို့သည် ဝမ်းတွင်းရှိ ဝမ်းမီးတေဇော အားကောင်း နေလျှင် ကျန်းမာ၍ အစာများကြေညက်ကာ အသက်ရှည် ကြသည်။ ဝမ်းမီးပါစက တေဇောဓာတ်အားနည်းလာပါက အစာမကြေခြင်း၊ ဝမ်းဖောဝမ်းရောင်ဖြစ်ခြင်း၊ နှာချေခြင်း၊ အအေးပတ်ဖျားခြင်း၊ ရင်ပြည့်ရင်ကယ်ဖြစ်ခြင်း၊ အကြော တက် အကြောကပ်၊ ခြေလက်များထုံကျင်၊ လေဖြတ်ခြင်းတို့ ဖြစ်တတ်သည်။

ကမ္ဘာပေါ်တွင် အများဆုံးဖြစ်ရသော ရောဂါတို့မှာ အအေးမိသောကြောင့်ဖြစ်သည်။

ရှေးအခါက လူတို့သည် အရာဝတ္ထုပစ္စည်းများနှင့် ထိမိ၊ ခိုက်မိ၊ ဆောင့်မိပြီး အနာတရဖြစ်လျှင် အဖု၊ အလုံး များမထွက်စေအောင် ကာကွယ်သည့်အနေဖြင့် လောလော လတ်လတ်အပူငွေ့ပေးရသည်။ လက်ဖဝါးချင်းပွတ်ပြီး အပူရရှိ သောအခါ ထိမိ၊ ခိုက်မိသောနေရာသို့ အုပ်ပေးရလေသည်။ နောက်တစ်နည်းမှာ အဝတ်စကို မီမီး၏ပါးစပ် အာငွေ့ဖြင့် အပူပေးခြင်း၊ ရေနွေးအပူ သို့မဟုတ် ရေနွေးအငွေ့များဖြင့် လည်း အငွေ့ခံ၍ ကြပ်ထုတ်ထိုးပေးခြင်းဖြင့် အနာတရဖြစ် နေသောသူများ၏အနာကို သက်သာပျောက်ကင်းစေသည်။

ခေတ်တွေပြောင်းလဲလာသည်နှင့်အမျှ ဆေးပညာရှင် များသည် အနာတရဖြစ်နေသူများအတွက် အပူဓာတ်ပါရှိသော လိမ်းဆေးများကို ဖော်စပ်ထုတ်လုပ်ကြလေသည်။ ပရုတ်ဆီ၊ တေဇောဘမ်း၊ ရာပန်းဆီ၊ ဆေးအပူပါသော ပလာစတာများ၊ နှမ်းဆီ၊ ရေနံဆီ၊ ဓာတ်ဆီများနှင့်စိမ်၍ လိမ်းရသော လိမ်းဆေး များကို ဖော်စပ်ထုတ်လုပ်လျက်ရှိနေပါသည်။

လူ့ခန္ဓာကိုယ်တွင် အပူရှိနေရန် အဓိကဖြစ်သော



www.burmeseclassic.com

www.burmeseclassic.com

ကြောင့် ရေးအခါက မြန်မာတိုင်းရင်းဆေးဆရာကြီးများက လူနာကို နွေးနွေးထွေးထွေးပြုလုပ်လျှင် မနစ်ခြိုက်ကြပါ။ လူနာများအဖျားကြီး၍ အပူကြီးနေလျှင် ရေခဲအုပ်ခြင်း၊ ရေခဲတင်ခြင်း၊ အအေးခန်းများ၌ထားခြင်း၊ ခွဲစိတ်ရမည့် လူနာရှိလျှင်လည်း ခွဲစိတ်ခန်းထဲ၌ အအေးဓာတ်များဖွင့်ထားခြင်း စသည်တို့ကို အမြဲပြုလုပ်လေ့ရှိကြသည်။ ပျောက်ကင်းသွားသော လူနာများလည်း များစွာရှိနေပါသည်။ အနောက်တိုင်း သိပ္ပံပညာရှင်များ နောက်ဆုံးသုတေသနပြုချက်အရ အအေးဓာတ်ပေး၍ ခွဲစိတ်ထားသော လူနာများထက် နွေးနွေးထွေးထွေးထားပြီး ခွဲစိတ်ထားသောလူနာများက ပိုပြီးရောဂါ ပျောက်ကင်းမြန်ဆန်ကြောင်းနှင့် ကိုယ်ခွေ့ထိန်းသိမ်းမှုကို ဖြစ်စေကြောင်း ပိုမိုသိရှိလာကြသည်။

ယင်းတွေ့ရှိချက်နှင့် ပတ်သက်၍ ၁၉၉၇ ခုနှစ်၊ အောက်တိုဘာလထုတ် သိပ္ပံမဂ္ဂဇင်းတွင် အောက်ပါအတိုင်း တွေ့ရှိရပါသည်။

## လူနာနွေးမှ

အားကောင်းသော လျှပ်စစ်မီးလုံးများအောက်တွင် ခေါင်းဆောင်း၊ နှာခေါင်းအုပ်၊ ကိုယ်ရုံကြီးများဝတ်ဆင်၍ ခွဲစိတ်လူနာကို ကုသရန်မှာ ဆရာဝန်နှင့် သူနာပြုများအဖို့ များစွာပူလောင်စေ၍ အနေခက်ရသည်။ ထို့ကြောင့် ခွဲစိတ်ခန်းများတွင် လေအေးစက်များ တပ်ဆင်ခွဲစိတ်ကြရသည်။ အခန်းတစ်ခုလုံး အေးစက်နေသကဲ့သို့ လူနာလည်း အေးစက်နေရာ ခန္ဓာအပူချိန် လေးဒီဂရီခန့် ကျနေတတ်သည်။ ထိုသို့ အေးစက်နေသဖြင့် လေထဲ၌ ဘက်တီးရီးယားများ မပွားနိုင်ဘဲ လူနာအဖို့ ပို၍ပင်ကောင်းသေးသည်ဟု ယူဆခဲ့ကြသည်။ သို့သော် ယနေ့နောက်ဆုံး လေ့လာတွေ့ရှိချက်အရ ခွဲစိတ်အခန်းအတွင်း၌ အေးစက်နေလျှင် လူနာသည်သုံးဆခန့်ပို၍ ဒဏ်ရာ"ရင်း"နိုင်သည်ဟုဆိုသည်။

လူနာ၏ခွဲစိတ်ဒဏ်ရာကို "ရင်း"စေသော ဘက်တီးရီးယားများမှာ ခွဲစိတ်ခန်းအတွင်းရှိ လေထဲ၌လွင့်မျောနေကြသည့် ဘက်တီးရီးယားကြောင့်ချည်းသာ မဟုတ်ပေ။ ခန္ဓာကိုယ်အေးသွားပြီး ခုခံအားလျော့နည်းသွားသဖြင့် လူနာ၏ အရေခွံပေါ်နှင့် ခန္ဓာအတွင်းရှိ ဘက်တီးရီးယားကြောင့်လည်း အနာ"ရင်း"တတ်သည်ဟုဆိုသည်။

ဆန်ဖရန်စစ္စကိုမြို့ ကာလီဖိုးနီးယား ယူနီဗာစတီမှ မေ့ဆေးပါရဂူ DANIEL SESSLER ဒယ်နီရဲလ်စစ္စလာနှင့် အဖွဲ့သည် လူ ၂၀၀ကို ခွဲစိတ်ကုသမှုပြုရာ၌ လူနာ ၁၀၄ ဦးကို ခန္ဓာအတွင်း အရည်ပူထိုးသွင်းခြင်း၊ လေပူများပေးထားသော စောင်အုပ်ထားခြင်းဖြင့် ကိုယ်ခွေ့ကိုထိန်းထားကြည့်ကြသည်။ အခြားလူနာ ၉၄ ဦးကိုမူ အပူမပေးထားသဖြင့် ကိုယ်ပူရှိန် ၉၄·၅ ဒီဂရီသို့ ကျသွားသည်။

ကိုယ်အပူရှိန်ကျသွားသော လူနာ ၁၉ ရာနှုန်း၏အနာမှာ "ရင်း"လာပြီး နွေးနွေးထွေးထွေးထားသူများအနက် ၆ ရာနှုန်းသာ အနာ"ရင်း"ကြောင်း တွေ့ကြရသည်။ ကိုယ်ခန္ဓာအေးနေသောလူနာများမှာ ကိုယ်ခန္ဓာနွေးနေလူ နာများထက် ဆေးရုံတွင် သုံးရက်မျှပို၍ နေကြရကြောင်းလည်း တွေ့ကြရသည်။ ကိုယ်ပူကျသွားသော လူနာ၏ခုခံစွမ်းအားသည် အကြောင်းနှစ်ရပ်ကြောင့် ကျဆင်းသွားကြောင်းတွေ့ရသည်။

ကိုယ်ပူလျော့နည်း၍ သွေးလည်ပတ်မှု လျော့နည်းသည်။ ထိုအခါ ခွဲစိတ်ဒဏ်ရာအနာသို့ အောက်ဆီဂျင်အရောက်နည်းသည်။ ရိုးရိုးအောက်စီဂျင်သည် ရောဂါများကို မသေစေနိုင်။ သို့သော် ခုခံစစ်သည်တို့က ရိုးရိုးအောက်စီဂျင် (MOLECULAR OXYGEN)ကို ရောဂါပိုးသေစေနိုင်သော အောက်စီဂျင် (ATOMIC OXYGEN) အဖြစ် ပြောင်းလဲပြီး အနာရှိရောဂါပိုးများအနီးသို့ သယ်ဆောင်သွားကြသောအခါ ထိုအက်တောမစ် အောက်စီဂျင်ကြောင့် ရောဂါပိုးများသေကြသည်ဟုဆိုသည်။

ကိုယ်ခန္ဓာအေးသော လူနာတို့တွင် အောက်စီဂျင်အားနည်းခြင်း၊ အက်တောမစ်အောက်စီဂျင်နည်းခြင်းတို့ကြောင့် ခုခံစစ်သည်တို့က ဘက်တီးရီးယားသတ်နိုင်အား လျော့နည်းသွားကြရသည်။ ထို့ပြင် အအေးဓာတ်ကြောင့် ခုခံစစ်သည်တို့ကို တာဝန်ယူရသည့် ဆဲလ်ကာလပ်စည်းများနှင့် အင်ဇိုင်းဓာတ်များ ကောင်းစွာအလုပ် မလုပ်နိုင်ရှိကြသည်။ ထိုအခါ ခုခံအားစစ်သည်တို့ စွမ်းအားကျရသည်။ ထို့ကြောင့် ခွဲစိတ်ခန်းများတွင် ဒေါ်လာ ၃၀ ဖိုးခန့်ဖြင့် လူနာများ၏ ကိုယ်ခွေ့ထိန်းသိမ်းမှုများ မကြာမီ ကျင့်သုံးလာကြပါလိမ့်မည်ဟု ခန့်မှန်းထားပေသည်။



www.burmeseclassic.com

www.burmeseclassic.com

ထို့ကြောင့် ကိုယ်ငွေ့သည် လူသားတို့အတွက် **အရေး ကြီးဆုံး**ဖြစ်သော ဝမ်းမီးကဲ့သို့ မရှိလျှင်မဖြစ်သော **အနိုးအငွေ့** တစ်မျိုးဖြစ်လေသည်။ ၎င်းကို ကိုယ်ငွေ့ကိုယ်စောင့်ဓာတ်မီး ဟုလည်း ခေါ်လေသည်။ ကြေချက် ထုတ်လုပ်သော ဝမ်းမီးကို ပါစကတေဇောဟုခေါ်၍ ထုတ်လုပ်ပြီးသော ဓာတ်ခုနစ်ပါးတို့ကို ရောဂါနှင့် အနာမဖြစ်ပွားရအောင် ထိန်းသိမ်းစောင့်ရှောက်၊ ကာကွယ်ထားသော ဓာတ်မီးအား "တေဇော"ဟုခေါ်၏။ ၎င်းသည် အတွေ့ဖြင့်သိကောင်းသော နေရာမှန်သမျှ အတွင်း အပြင် တစ်ကိုယ်လုံးနေရာမလပ် စောင့်ကြပ်နေလေသည်။ အအေးကို ကာကွယ်ရ၏။ အပူကို ထုတ်ပစ်ရလေသည်။ အညစ်အကြေးမတင်ရအောင် စောင့်ရှောက်ရ၏။ ခန္ဓာကိုယ် **အတွင်း**ရှိ အညစ်အကြေး ဆွေးမြည့်စရာမှန်သမျှတို့ကို တွန်း **လှန်ပေး၏**။ ၎င်းသည် ရံခါ အားနည်းသောအခိုက်၌ အဖျား စသော ရောဂါဝင်၏။ အချို့ ခန္ဓာကိုယ်အစိတ်အပိုင်း၌ ၎င်းဆုတ်ယုတ်သွားသောနေရာတွင် ပျောက်နိုင်ခဲသော အနာ ဆိုးများရောက်လာ၏။ ခန္ဓာကိုယ်မှ ၎င်းကိုယ်ငွေ့ စွန့်သွားသော အခါ လူသည် သေဆုံးပြီဟုဆိုရပေမည်။ သို့ဖြစ်၍ အာဂန္တုက ရောဂါများမဝင်နိုင်ရန် ကိုယ်ငွေ့သည် အရေးကြီး၏။ နာတာ ရှည်ရောဂါများ သက်သာပျောက်ကင်းစေရန် ကိုယ်ငွေ့သည် အချက်အချာဖြစ်၏။ အနာဆိုးများမပေါက်ရန် ကိုယ်ငွေ့အား ရှိနေဖို့လို၏။ ဆွေးမြည့်ပုပ်ပွင်းအိုမင်းစေတတ်သော ဇီရဏ များ ခန္ဓာကိုယ်တွင်း၌ ရှိသည်နှင့်အမျှ လူတို့သည် အိုရ၏။ ...ပ်ဆင်းပျက်ရ၏။ ညစ်နွမ်းရ၏။ တစ်နေ့ထက်တစ်နေ့ ရုပ် ...လာ၏။ ထိုအညစ်အကြေး ဆွေးမြည့်မှုမှန်သမျှကို ထုတ် ပယ်ရန် ကိုယ်ငွေ့သည် တာဝန်ရှိသဖြင့် အဆင်းလှပရေး အတွက်လည်း ကိုယ်ငွေ့သည် အပြည့်အစုံ အလုပ်လုပ်ပေး ၏။ အခိုးတလူလူထွက်သည်အထိ ကိုယ်ငွေ့ရှိနေလျှင် ...နှင့်လည်း ကင်းကွာနေမည်သာ ဖြစ်လေသည်။ သို့ဖြစ်၍ ကိုယ်ငွေ့ကောင်းစေရန်အတွက် မိမိကိုယ်တိုင် မိမိအသိဖြင့် ကျန်းမာရေးကောင်းအောင် နေထိုင်တတ်ရမည်။ အစား သောက်၊ အနေအထိုင် ချင့်ချိန်၍နေထိုင်စားသောက်ရ ...။ အေးနေသောအချိန်၌ ရေမချိုးပါနှင့်။ မဖြစ်မနေ ...ရသည့်တိုင်အောင် ရေချိုးပြီး ကိုယ်ခန္ဓာကို ပြန်လည် နွေးသွားအောင် ပြုလုပ်ပါ။ ရေနွေးပူပူသောက်ပေးခြင်းဖြင့်၊ စောင်ခြုံပေးခြင်းဖြင့် ကိုယ်ငွေ့ကို ပြန်လည်ရရှိစေပါသည်။ ဝမ်းမီးကိုအမြဲကောင်းစေရန် လေ့ကျင့်နည်းများဖြင့် အား ကစားလှုပ်ရှားပေးခြင်း၊ ဝမ်းမီးကိုယ်ငွေ့ကောင်းစေသော အာယုဝဍ္ဍနဆေးများကို စားပေးခြင်းအပြင် သက်ကြီးရွယ်အို၊ လူငယ်လူရွယ်များပါမကျန် ဝင်လေထွက်လေ တရားရှုမှတ် ခြင်းတို့ဖြင့်လည်းကိုယ်ငွေ့အားကို ကောင်းစေပါသည်။ ကိုယ် ငွေ့ဝမ်းမီးကောင်းစေသော ဆေးနည်းများသည် များစွာရှိပြား သော်လည်း အလွယ်ဆုံးသော ဆေးနည်း သုံးမျိုးကို ဖော်ပြ လိုက်ပါသည်။

## တြိဖလရသာယန အသက်ရှည်ဆေး

၁။ ဖန်ခါးသီးအမှုန့် — တစ်ဆ
၂။ သစ်ဆိမ့်သီးအမှုန့် — နှစ်ဆ
၃။ ဆီးဖြူသီးအမှုန့် — သုံးဆ

တို့ကို ရောစပ်သမပြီး နံနက်ည မန်ကျည်းစေ့ခန့် သောက်ပါ။

## အာယုဝဍ္ဍနအားဆေး

(၁) ကြားဇသီး၊ (၂) သိန္ဓော၊ (၃) သကြား၊ (၄) သဘော်ချင်းခြောက်၊ (၅) ပိတ်ချင်း

၎င်းငါးပါးအမှုန့် ဆတူသမ၍ ပျားရည်နှင့်ရောပြီး နံနက်ည မန်ကျည်းစေ့တစ်စေ့ခန့် သောက်ပါ။

## စတုမဓုအသက်ရှည်ဆေး

၁။ ပျားရည် — ၂၅ ကျပ်သား
၂။ ထောပတ် — ၂၅ ကျပ်သား
၃။ နွားနို့ — ၂၅ ကျပ်သား
၄။ နှမ်းဆီ — ၂၅ ကျပ်သား တို့ကို စုပေါင်း

ရောစပ်ပြီး ငါးရက်ကြာမျှ နေလှမ်း၍ နေ့စဉ် ၁ ကျပ်သားခန့် စားပေးပါက ကိုယ်ငွေ့အပူကို အားကောင်းစေပါသည်။ ဤ ကား အသက်ရှည်ခြင်း ဆေးနည်းများပင် ဖြစ်ပါလေသတည်း။

ကျော်ဇောဟိန်း(နံ့သာ)



www.burmeseclassic.com

www.burmeseclassic.com

# မွေးနံ့တူတွေ ယတြာချေလျှင်

✦ ခိုင်မမ(ပညာရေး)

သည့်နည်းကလေးမှာ ခက်ခက်ခဲခဲ မဟုတ်ပါ။ ငွေကုန်ကြေးကျလည်း မများပါ။ အလွယ်တကူ လုပ်နိုင်သော အကျိုးများသည့် နည်းကလေးဖြစ်ပါသည်။ မွေးနံ့တူ အိမ်ထောင်ရှင်များ စိတ်အေးချမ်းသာကြစေရန် ဓာတ်ရိုက်ဓာတ်ဆင်နည်းကလေးကို ဖော်ပြလိုက်ပါသည်။

၁။ တနင်္ဂနွေမွေးနံ့တူ အိမ်ထောင်ရှင်များ သီးညွန့် ၂၇ ညွန့် ကပ်လှူပါ။

၂။ တနင်္လာမွေးနံ့တူ အိမ်ထောင်ရှင်များ ဝါးညွန့် ၂၇ ညွန့် ကပ်လှူပါ။

၃။ အင်္ဂါမွေးနံ့တူ အိမ်ထောင်ရှင်များ ပေါက်ညွန့် ၂၇ ညွန့် ကပ်လှူပါ။

၄။ ဗုဒ္ဓဟူးနံ့တူ အိမ်ထောင်ရှင်များ ဒေါနပန်း ၂၇ ညွန့် ကပ်လှူပါ။

၅။ ကြာသပတေးမွေးနံ့တူ အိမ်ထောင်ရှင်များ ဆီးညွန့် ၂၇ ညွန့် ကပ်လှူပါ။

၆။ သောကြာမွေးနံ့ အိမ်ထောင်ရှင်များ အုန်းညွန့် ၂၇ ညွန့် ကပ်လှူပါ။

၇။ စနေမွေးနံ့တူ အိမ်ထောင်ရှင်များ ရွှက်လှညွန့် ၂၇ ညွန့် ကပ်လှူပါ။

ယုံကြည်မှုအပြည့်ဖြင့် ယတြာချေခြင်း လိုရာဆုတောင်းခြင်းဖြင့် ကောင်းကျိုးအသီးသီး ပြည့်ဝစွာ ခံစားရမည့်အကြောင်း လေ့လာတင်ပြလိုက်ရပါသည်။

ခိုင်မမ(ပညာရေး)



www.burmeseclassic.com

www.burmeseclassic.com

# နိဗ္ဗာန်လမ်းပြ ဝိပဿနာ တရားတော်

## ပညတ်–ပရမတ်

**မဟာထွန်း**

ဤစာရေးသူ ဝိပဿနာတရားတော်ကို ပြသဟော ကြားလာခဲ့သည်မှာ နှစ်ပေါင်းဆယ်ကျော်လာခဲ့ပြီ။ အစပိုင်းတွင် ဟောတရား၊ နာတရားကို အဓိကထားသည်။ ထို့နောက် အစဉ်အတိုင်းသွား၍ ပရမတ်အခန်းကို ရောက်ပြီးမှ တရားလိုက်လာကြသော ဓမ္မယောဂီများ ခန္ဓာ ၊ အာယတန၊ ဓာတ်၊ သစ္စာ စသော တရားတော်များကို ပရမတ်ဖြင့် ဉာဏ်၌ရှင်း၍ ပြတ်သားနားလည်ပြီးမှ ထိုင်တရား၊ ရှုတရားများကို သီလယူ၊ မေတ္တာပို့၊ စကေးတကျထိုင်၊ ပညတ်ကိုပယ်ခွာပြီး ပရမတ်သား၊ ဓာတ်သား စစ်စစ်ကိုသာ ရှုတရားအဖြစ် သင်ပေးသည်။

တချို့သော ဆရာမြတ်တို့သည်ကား ဟောတရား နာတရားကို ဦးစားမပေးဘဲ ထိုင်၍ရှုမှတ်သော တရားကိုသာ ဦးစားပေးကြသည်။ ဟောတရား၊ နာတရားကို ဦးစားမပေးသောမက အပြစ်ပြောပြီးပင် ရှုတ်ချကြသည်ကိုလည်း ကြားရသည်။

ဤသည်မှာ ထိုဆရာမြတ်တို့သည် ဟောတရား၊ နာတရားကို စနစ်တကျ လေ့လာကြည့်ဖူးခြင်း မရှိဟုသိနိုင်သေသည်။ စနစ်တကျ လေ့လာကြည့်ဖူးခြင်းမရှိဟု သိနိုင်သေသည်။ စနစ်တကျသာ လေ့လာကြည့်ဖူးပါမူ ဟောတရား၊ နာတရား၏ သဘောကို ကောင်းစွာ နားလည်ပေလိမ့်မည်။

မည့်သည့် ဝိပဿနာ ရှုတရားကိုဖြစ်စေ၊ ရုပ်နာမ် ပရမတ် စသည်များကို စနစ်တကျ နာယူလေ့လာပြီး ဉာဏ်ရှင်းကာ ပြတ်ပြတ်သားသား ရှိပြီးမှ ရှုမှတ်ပွားများ၍ ရနိုင်သည်ကို တရားတော်အား လိုက်စားပွားများကြသော ယောဂီပုဂ္ဂိုလ်တိုင်းပင် သိနိုင်လေသည်။

ရုပ်နာမ်ကို ပရမတ်ဖြင့် ဉာဏ်၌ ပြတ်သားလင်းရှင်းခြင်း မရှိပါဘဲလျက် ရှုတရားအဖြစ် ထိုင်၍၊ ရှုမှတ်၍မရနိုင်သည်ကိုလည်း ဆရာမြတ်တို့အထံ၌ ဝိပဿနာတရားတော်ကို စနစ်တကျ နာကြားသင်ယူဖူးသော တရားသမားတိုင်းပင် နားလည်ကြမည် သာဖြစ်သည်။

ရုပ်နာမ်ခန္ဓာအပေါ်၌ ပရမတ်ဉာဏ်ဖြင့် ပြတ်ပြတ်သားသား နားမလည်သေးသမျှ ကာလပတ်လုံး တရားရှုမှတ်၍ မရနိုင်သလို ဆရာတကာလုပ်၍ကား ပို၍ သာ၍ပင်မရနိုင်ပေ။

ဤစာရေးသူ တရားစခန်းဖွင့်လှစ်တိုင်း မည်သည့်နေရာမှာဖြစ်စေ အခြေခံမှာသာ စလေ့ရှိသည်။ တရားလိုက်ကြမည့် ဓမ္မယောဂီတို့အထဲမှ တချို့သော ဓမ္မယောဂီများမှာ အတော်လေးပင် တရားဉာဏ် အမြင်သန်နေကြသည်ကိုလည်း တွေ့ဖူးသည်။ တချို့သော ဓမ္မယောဂီများမှာ တစ်ကြိမ်တစ်ခါမျှ တရားမလိုက်ဖူးသော အစိမ်းသက်သက် ဓမ္မယောဂီများလည်း ရှိကြသည်။

ဤစာရေးသူ ရည်ရွယ်သည်ကားအစိမ်းသက်သက် ဓမ္မယောဂီများသာ ဖြစ်ပေသည်။ ထို့ကြောင့် တချို့သော တရားအမြင်ရှိနေကြသည့် ဓမ္မယောဂီများ စိတ်ပျက်သွားကြသည်။

ထိုအခါ ၎င်းတို့နားလည် သဘောပေါက်အောင် ရှင်းပြရသည်။ မည်သည့် ဘာသာရပ်ကိုဖြစ်စေ၊ စတင်သင်ကြားရာ၌အခြေခံမှသာ စလေ့ရှိသည်။ ယခုလည်း ဤနေရာ၌ ဤစာရေးသူသည် ယခုမှစတင်၍ ဤပရိသတ်အား တရားပြမည် ဖြစ်သောကြောင့် အခြေခံမှသာ စတင်ခြင်း ဖြစ်ကြောင်းကို ပြောပြရသည်။



www.burmeseclassic.com

www.burmeseclassic.com

ဤစာရေးသူ ရှင်းပြသည်ကို တချို့လည်း လက်ခံသည်။ တချို့ကလည်း ပျော့လွန်းသည်ဟု ဆိုကြသည်။ တချို့လည်း ၎င်းတို့အလိုရှိသော (လိုက်လိုသော) အခန်းကဏ္ဍကိုရောက်မှ လိုက်တော့မည်ဟုဆိုကာ ထွက်သွားကြသည်။

ထိုကဲ့သို့ ထွက်သွားခြင်းဖြင့် ၎င်းတို့ နစ်နာခြင်းသာ ဖြစ်သည်။ ဆိုခဲ့သည့်အတိုင်း ဘာသာရပ်တိုင်းသည် ပြသသင်ကြားပေးကြသည့် ဆရာတစ်ဦးနှင့် တစ်ဦး မတူကြပေ။ နည်းစနစ်ချင်း ကွာတတ်သည်။

တရားလိုက်သော ဓမ္မယောဂီပုဂ္ဂိုလ်တို့သည် တရားပြဆရာလုပ်လိုသော ဆန္ဒရှိသည်ဖြစ်စေ၊ ဆရာနည်း မြောက်မြားစွာတို့ကို ရရှိထားသည်က အကောင်းဆုံးသာ ဖြစ်သည်။ တရားလိုက်ရာ၌ ဆရာစုံလေ၊ များလေ ကောင်းလေဟု ဆိုရမည်။

သို့ပါမှ ဆရာတစ်ယောက်၏ ဟောပြောပြသော နည်းဖြင့် အဆင်မပြေ နားမလည် တရားမရနိုင်လျှင် အခြားသော ဆရာတစ်ယောက်၏နည်းကို ဆက်ပွားရုံသာရှိသည်။ တစ်လက်ကိုင်ဖြင့်မူ ကျေနပ်၍ မနေသင့်ပေ။

တစ်လက်ကိုင်ဖြင့် ရှုမှတ်ပွားများနေခြင်းသည် တရားတတ်လျှင်တော်၏။ တရားမတတ်ဘဲ တိန်းချော်နေလျှင် ခက်တတ်သည်။ တိန်းချော်နေမှန်းကို မသိဘဲလည်း ဖြစ်နေတတ်သည်။

ဆရာတော်များများတို့၏ အထံ၌ တရားလိုက်ထားပါမှကား ထိုပြဿနာမျိုး မရှိနိုင်ပေ။ ဆိုခဲ့သည့်အတိုင်း တစ်ယောက်သော ဆရာ၏ နည်းကို မကြိုက်လျှင် နောက်ဆရာတစ်ယောက်၏ နည်းကို ရှုပွားရုံသာရှိသည်။ ထို့ကြောင့် အကျဉ်းအားဖြင့် ဆိုရပါမူ တရားလိုက်ရာ၌ ဆရာများလေ ကောင်းလေဟုဆိုရမည်။

တချို့သော ဓမ္မယောဂီများမှာ ဆရာစွဲ ဂိုဏ်းစွဲ၊ ရိပ်သာစွဲများ ရှိတတ်ကြသည်။ ဤသည်မှာ အဆိုးဆုံးသာ ဖြစ်သည်။ မိမိ၏ သုတဓမ္မကို ရိုက်ချိုးလိုက်ခြင်း၏ သဘောကိုသာ သက်ရောက်လေသည်။ ဆိုခဲ့သည့်အတိုင်း တရားလိုချင်သော ဓမ္မယောဂီသည် သုတဓမ္မစုံလေ၊ များလေ၊ ကောင်းလေသာ ဖြစ်သည်။

ယခုခေတ်၌ ဤစာရေးသူမှစ၍ တရားပြဆရာ၊ တရားလိုက်စားကြသော တပည့်များ အားလုံးတို့သည်ပင် အညံ့စားများသာ ဖြစ်ကြသည်။ ရှေးအခါက ပါရမီဉာဏ် ရင့်သန်ကြသည့် ယောဂီပုဂ္ဂိုလ်များမှာ ဘုရားရှင်၏ အထံတော်၌လည်းကောင်း၊ ဒုတိယ ဘုရား/ဘုရားငယ်ဟု တင်စားကြည်ညိုကြသည့် ရှင်သာရိပုတ္တရာ၊ အရှင်မဟာမောဂ္ဂလာန် စသော ပုဂ္ဂိုလ်မြတ်တို့၏ အထံ၌လည်းကောင်း တရားလိုက်ခွင့်ကို ရရှိကြသည်။

ဤမျှအထိ မြင့်မြတ်တော်မူကြသော ဆရာထူး ဆရာမြတ်တို့၏ အထံတော်၌ တရားလိုက်ခွင့်ကို ရရှိနေလျက်ပင် ဆရာလွဲနေတတ်သည်ကို တွေ့ရဖူးသည်။ ဒဲ့ဖွယ်ရှိစွသည်။

လာခြင်းကောင်းကြသည့် ပါရမီထူး၊ ပုဂ္ဂိုလ်ထူးများ ဖြစ်နေကြသည့်တိုင်အောင် တချို့မှာ ဗုဒ္ဓဝေနေယျ ဖြစ်ကြသလို တချို့မှာ သာဝက ဝေနေယျမျှသာ အကြောင်းအ... ကို ပြဆိုလိုပေသည်။

မြတ်စွာဘုရားရှင်၏ လက်ျာတော်ရံနှင့် လက်ဝဲတော်... များ ဖြစ်တော်မူကြသည့် အရှင်သာရိပုတ္တရာနှင့် မရှင်မ... မောဂ္ဂလာန်တို့သည် ဗုဒ္ဓဝေနေယျများ မဟုတ်ကြပေ။ သာ... ကဝေနေယျများသာ ဖြစ်တော်မူကြသည်။

အရှင်သာရိပုတ္တရာ ဖြစ်လာမည့် အလောင်း... လျာ ဥပတိဿနှင့် အရှင်ဟာမောဂ္ဂလာ... ဖြစ်လာ... ဦးကောလိတတို့သည် ပဉ္စဝဂ္ဂီ ညီနောင်ငါးဦးဘို့အနက်မှ ... တော်ငယ် ဖြစ်တော်မူသော အရှင်မဟာ အဿဇိ၏ "... ဓမ္မာ ဟေတု..."စသော တရားတော်ကို နာကြား... ဥပတိဿ သောတာပန်ဖြစ်လာပြီးနောက် ဥပတိဿမှ... ဦးကောလိတအား သူရလာသော ထိုတရားတော်ကို ... လည်ပြောကြားလိုက်၍ ဦးကောလိတ သောတာပန် ဖြစ်... လေသည်။

ထို့နောက်မှ ဘုရားရှင်၏ အထံတော်သို့ ရောက်... ကြပြီး ဆက်လက်ကာ ပွားများ အားထုတ်ကြ၍ အ... ရဟန္တာဖြစ်တော်မူကြသည်။

ထို့နောက် သာသနာတော်၌ အထင်ရှားဆုံး ... မှာ အရှင်မဟာအာနန္ဒာကြီးပင် ဖြစ်သည်။ ရှင်မဟာအာ... ကြီးသည်လည်း မြတ်စွာဘုရားရှင်၏ ညီတော်ရင်းဖြစ်...



www.burmeseclassic.com

www.burmeseclassic.com

မြတ်စွာဘုရားရှင်၏အထံတော်မှ တရားတော်ကို နာကြားရှုမှတ်၍ တရားထူးရခြင်း မဟုတ်မူဘဲ အရှင်ပုဏ္ဏ၏ အထံမှ တရားတော်ကို နာကြား၍သာ သောတာပန် ဖြစ်ရလေသည်။ ထို့နောက် မြတ်စွာဘုရားရှင် ပရိနိဗ္ဗာန်ပြုတော်မူပြီး ပထမ သင်္ဂါယနာတင်ခါနီးလေးတွင် ဆက်လက်ရှုမှတ်ပွားများ အားထုတ်၍ ရဟန္တာဖြစ်တော်မူသည်။

ထိုမျှအထိ သာသနာတော်မှာ ထင်ရှားပြီး တေဒဂ် အသီးသီး ရရှိတော် မူကြသည့် အရှင်မြတ်ကြီးသည် ပင်လျှင် ဘုရားရှင် သက်တော်ထင်ရှားရှိပါလျက် ဘုရားရှင်၏ အထံတော်၌ တရားတော်မြတ်ကို နာကြားပြီး တရားထူးကြီးကို ရသင့်ပါလျက် သာဝကကို၏ အထံမှသာ တရားတော်ကို နာကြား၍ တရားထူးများကို ရရှိလာကြသည်ကို တွေ့ရသောကြောင့် ငါတို့လို အညံ့စား ပုဂ္ဂိုလ်များအဖို့ အဘယ်မှာလျှင် ဆရာရွေးသင့်တော့မည်နည်း။ ရသည့်ဆရာ၊ တွေ့သည့် ပုဂ္ဂိုလ် အားလုံးတို့အထံ၌ တရားလိုက်သင့်ကြသည်သာ ဖြစ်ပေ၏။

တစ်ခါက ဆရာတော်ကြီးတစ်ပါးနှင့် ဆုံမူသည်။ ထို ဆရာတော်ကြီး တရားထူးရရှိထားသည်ဟု ကြားသိကြည်ညို၍ ဆည်းကပ်ကာ ဆရာတော်ကြီးသည် အဘယ်မည်သော ပုဂ္ဂိုလ်၏အထံမှ တရားမြတ်ကို ရရှိပါသနည်းဟု မေးမြန်းစုံစမ်းလေရာ ဆရာတော်ကြီးမှာ တော်တော်နှင့် မိန့်တော်မမူဘဲနေသည်။ ထို့နောက်မှ အဓိပ္ပာယ်ပါသော သူတရားရခဲ့ပုံ၊ တရားထူး ရရှိခဲ့ပုံများကို လေးစားကြည်ညိုဖွယ် မိန့်တော်မူသည်။

"ငါ စာလည်းတတ်တယ်၊ စာလည်းတော်တယ်။ တရားလည်း လိုချင်တယ်။ ဒါကြောင့် စာသင်စာချ ကာလ တစ်လျှောက်လုံးလည်း စာပေအရ တရားရှိရေးကို ဖတ်မှတ်ဆောင်လာတယ်။ စမ်းသပ်ပြီးလည်း ရှုပွားကြည့်တယ်။

"စာသင်၊ စာချ၊ တစ်ခန်းရပ်ပြီးနောက်လည်း ပုဂ္ဂိုလ်ထူး ရဟန္တာလို့ အကျော်ဒေယျဆရာတော်ကြီးများ ဖြစ်တော်မူကြတဲ့ မိုးကုတ်၊ မိုးညှင်း၊ စွန်းလွန်း၊ ဝေဘူ၊ မဟာစည်စတဲ့ ဆရာတော်ကြီးတွေဆီမှာ တရားလိုက်တယ်။ တရားနာတယ်၊ ကျင့်ပွားတယ်။ ဒါပေမယ့် ဘာတရားမှ မရဘူးကွ။

"ဆရာတော်ကြီးတွေ ကောင်းကြ၊ တော်ကြပေမယ့် ငါမကောင်းတာလေ။ ငါမကောင်းလို့ သူများတွေ တရားရကြပေမယ့် ငါကရား မရတာပေါ့။

"ဒီလိုနဲ့ အသက်ကကြီးလာတော့ မဖြစ်တော့ဘူး။ တရားမရဘဲလည်း မသေရဲဘူး။ ဒါကြောင့် တရားပြတဲ့ဌာန၊ ရိပ်သာဆို အကုန်လျှောက်လိုက်တော့တာပဲ။ နောက်ဆုံးမှာ ဆရာတော်ကြီးတွေ ပြတော်မူကြတဲ့ တရားရိပ်သာတွေအပြင် လူတွေပြကြတဲ့ တရားရိပ်သာတွေစလို့ လိုက်ရင်း မအူပင်မြို့က သီလရှင်ကြီး ဒေါ်ဝဏ္ဏရဲ့ တရားရိပ်သာကို ဝင်ရင်းနဲ့မှ အဆင်ပြေသွားတာပါ"

ဆရာတော်ကြီး အရမ်းတော်တာပဲ ကြည်ညိုလွန်း၍ ချက်ချင်းပင် ဦးချရှိခိုးလိုက်မိသည်။ ထို့နောက် -

"ဆရာတော်ကြီး အရမ်းတော်တာပဲ ဘုရား"

"ဟင်...ဘာကိုတုန်း"

"ဆရာတော်ကြီး သီလရှင်ရိပ်သာက တရားရလာတယ်ဆိုလို့ပေါ့ ဘုရား"

"နားမရှင်းသေးဘူး"

"တချို့ ဆရာတော်တွေက လူတို့ သီလရှင်တို့ ပြပေးတဲ့ တရားရိပ်သာဆို မဝင်ကြဘူးဘုရား။ ဆရာတော်ကြီးက သီလရှင်ရိပ်သာကို ဝင်ပြီး တရားရလာတယ်ဆိုတော့ တပည့်တော် အရမ်းချီးမွမ်းပြီး ကြည်ညိုလို့ပါဘုရား"

"အို...အို...ဒီလိုလား။ အစက ငါကလည်း အဲလိုပဲ။ ပြောခဲ့ပြီကော။ နောက်တော့ သေဖို့နီးလာပြီလေ။ ဒီတော့ တရားမပါဘဲ မသေရဲဘူး။ ဒါကြောင့် ရရာကို စွတ်ဝင်တာ။ မင်းက ဒါကို ချီးမွမ်းတယ်လို့ ဆိုတာလား"

"တင်ပါ့ဘုရား"

"အေး...အဲဒါ မင်းပဲပြောတာ။ အခြားအကောင်တွေက ငါ့ကို တစ်ကောင်မှ အကောင်းမပြောကြဘူး။ ဒီကိုယ်တော်ကြီးက သေခါနီးမှ သီလရှင်ကြီး သွားတည့်နေသတဲ့"

ကျွန်တော်မဆောင်နိုင်ဘဲ တဟားဟားဖြင့် ရယ်လိုက်မိသည်။

"တစ်ကောင်မှ အကောင်းမပြောကြဘူး"

"ပြောပြောပေါ့ ဘုရား။ တရားရဖို့ပဲအဓိက မဟုတ်လား။ ပြောတဲ့ ဆရာတော်တွေကလည်း ဆရာတော်ကြီးနဲ့ ခင်လို့ပဲ နေမှာပေါ့"

တရားရာလျှင် သည်ဆရာတော်ကြီးကဲ့သို့ ရှာသင့်



www.burmeseclassic.com

www.burmeseclassic.com

သည်။ မည့်သည့်အရာဖြစ်စေ ရှာလျှင် ခက်တတ်သည်။ တရား၏ သဘောသည်ပင် ခက်ခဲနက်နဲခြင်း သဘောရှိသော ကြောင့် သာ၍ပင် မလွယ်ကူကြောင်း သိသင့်လှသည်။

ဆရာတော်ကြီး တပည့်ခံကာ တရားသင်ယူ ရှုမှတ် ခဲ့ဖူးသည့် သီလရှင်ကြီး၏အကြောင်း သိရလျှင် သာ၍ပင် ကြည်ညိုဖွယ် ဖြစ်ရသည်။ အလျဉ်းသင့်သောအခါ ထိုသီလရှင် ကြီး၏ အကြောင်းကို ရေးဦးမည်။

* * *

ပညတ်ဟူသည်မှာ မရှိတရားဖြစ်သည်။ ပရမတ်ဟူ သည်မှာ အရှိတရားဖြစ်သည်။ ထို့ကြောင့် "မရှိပညတ်၊ ရှိပရမတ်"ဟု အကျဉ်းမှတ်ရသည်။

ဥပမာ - - - လူရှိတယ်ဆိုပါစို့။ ခေါင်းကို ကိုင်ပြလျှင် ခေါင်း။ လက်ကိုကိုင်ပြလျှင် လက်၊ ခြေထောက်ကို ကိုင်ပြ လျှင် ခြေထောက်။ ထို့နောက် မွေးညင်း၊ ဆံပင်၊ အရေ၊ အသား၊ အသွေး၊ အရိုး၊ ခြင်ဆီ၊ ဝမ်းတွင်း၌ အူသိမ်၊ အူမ၊ အစာသစ်၊ အစာဟောင်း၊ အသည်း၊ အညို့၊ နှလုံး၊ အဆုတ်၊ ကျောက်ကပ် စသည်ဖြင့်သာ ရှိသည်။

လူကိုရှာ၍ မရပေ။ လူသည် မရှိတရားကြီးသာ ဖြစ် သည်။

ထို့နောက် အိမ်ရှိသည် ဆိုပါစို့။

တိုင်ကို ကိုင်ပြလျှင် တိုင်၊ တန်းကိုကိုင်ပြလျှင်တန်း၊ အမိုးကို ကိုင်ပြလျှင် အမိုး၊ အကာကို ကိုင်ပြလျှင် အကာ၊ အခင်းကိုကိုင်ပြလျှင် အခင်း၊ ထုပ်၊ လျှောက်၊ ဒိုင်း၊ မြားကို ကိုင်ပြလျှင် ထုတ်၊ လျှောက်၊ ဒိုင်း၊ မြား။

အိမ်ကို ရှာ၍မရပေ။

ကျောင်း၊ ဇရပ်၊ ရုံး၊ ထိုနည်းလည်းကောင်းသာ ဖြစ် သည်။ တစ်ခုစီ တစ်ခုချင်း ကွားပြားသွားသည်။ အိမ်၊ ကျောင်း၊ ဇရပ် စသည်ကို ရှာ၍မရပေ။

(ထို့နောက် တောရှိသည် ဆိုပါစို့။

တော၊ ရိုး၊ တောင်၊ တောင်တန်း။ ဤသည်မှာ အကြီး အသေးကွဲပြားရုံသာ ရှိမည်ဟုထင်သည်။

တောဟူသည်မှာ အကြီးဆုံးကိုယူ၍ အမေဇုံတော၊ အင်ဒီဒတော၊ ဟိမဝန္တာတော စသည်ဖြင့်။

ရိုးဟူသည်မှာ အရှေ့ရိုးမ၊ အနောက်ရိုးမ၊ အလယ် ရိုးမ။ သို့တည်းမဟုတ် ရခိုင်ရိုးမ၊ ရှမ်းရိုးမ၊ ပဲခူးရိုးမ စသည်ဖြင့်

တောင်ဟူသည်မှာ တောင်တစ်လုံးတည်း၊ တောင် ပူစာ စသည်များကို ခေါ်ဟန်ရှိသည်။

တောင်တန်းဟူသည်မှာ တောင်ငယ်များ စီကာစဉ် ကာ ရှိနေသည်ကို ခေါ်ဟန်ရှိပြီး သိပ်ပြီး အမြင့်ကြီးမဟုတ် သော သွယ်တန်းနေသည့် တောင်တန်းငယ်များကို ခေါ်ဟန်ရှိ သည်။ ထိုထက်ကြီးလျှင် ရိုးတန်းဟု ခေါ်ကြသည်ကို မှတ် သားဖူးသည်။

တစ်ခုစီချင်းကို အမည်နာမ အဓိပ္ပာယ်နှင့်တကွ ရှင်း ပြရန် ဤစာရေးသူ မစွမ်းသာပေ။

သို့သော်လည်း မည်မျှအထိပင် အမည်နာမ၊ အကြီး အသေး၊ အဓိပ္ပာယ်၊ ဝေါဟာရများပြားစေကာမူ ဤ တောဟူသော ဥပမာပြန်ရန် တစ်ခုတည်းကိုသာ အလို့ရှိ သည်။)

ဤတွင်လည်း သစ်ပင်ကို ကိုင်ပြလျှင် သစ်ပင်သာ ဖြစ်သည်။ ဝါးပင်ကို ကိုင်ပြလျှင် ဝါးပင်သာဖြစ်သည်။ မြက် ပင်ကို ကိုင်ပြလျှင် မြက်ပင်သာ ဖြစ်သည်။ ကျောက်ခဲ ကျောက်ဆောင်၊ မြေသား၊ စမ်းချောင်း၊ ရေအိုင် တစ်ခုချင်းကို ကိုင်ပြလျှင်လည်း တစ်ခုစီသာ ဖြစ်သွားသည်။

တောကို မတွေ့ရပေ။

ထို့ကြောင့် လူ၊ အိမ်၊ ကျောင်း၊ ဇရပ်၊ တောတောင် စသည်များမှာ အရှိတရားမဟုတ်ပေ။ မရှိတရားကြီးသာ ဖြစ် ကြောင်း ဤမျှဖြင့်ပင် ထင်ရှားလေပြီ။ ယခုပြဆိုခဲ့သည်မှာ လည်း ပညတ်နယ်မှာသာရှိပြီး ပရမတ်နယ်၊ မဂ်နယ်၊ ဖိုလ်နယ်၊ နိဗ္ဗာန်နယ်မှာ မရှိပေ။ အကျယ်ကိုပြပါမူ လိုက်၍မဆုံးအောင် ပင် ကျယ်ပြန့်လာနိုင်လေသည် (အရှိပရမတ် တရားတော် များကို သူ့အခန်းနှင့်သူ ပြသွားမည်။)

ထို့နောက် အမြင်ချင်းမတူကြပုံ အကြောင်းကိုဆက် ၍ ကြည့်ပါ။

ဥပမာ မောင်ဖြူအမည်ရှိသော လူတစ်ယောက်ဆို ပါစို့။

သူ့အဖိုးက မောင်ဖြူကို မြေးဟုမြင်မည်။ သူ့အဖေ ကသားဟု မြင်မည်။ သူ့ဦးလေးက တူဟုမြင်မည်။ သူ့တူ



www.burmeseclassic.com

www.burmeseclassic.com

ဦးလေးဟု မြင်မည်။ သူ့အစ်ကိုက ညီဟုမြင်မည်။ သူ့ညီက အစ်ကိုဟုမြင်မည်။

တစ်ခါက ဤစာရေးသူ ဇာတိရွာကို ပြန်လေရာ မူကြိုကလေးငယ် တစ်ယောက်၏အထံမှ ပညတ်နှင့်ပတ်သက်၍ မှတ်သားဖွယ် တစ်ခုကို ရှိရခဲ့ဖူးသည်။

ထိုအချိန်က ဆရာတော်ဦးဝရသာမိ (စာရေးကလောင် ယုဇန-ကျောက်ဖြူနှင့် ရွာကျောင်းမှာ ဆုံမိကြသည်။ ဆရာတော်အပြန်တွင် မော်တော်ဆိပ်ကို လိုက်ပို့ရင်း အပြန်ခရီး၌ ကျောင်းထိုင်ကိုယ်တော် ရှေ့မှကြွ၍ မဲကန်းထောင်း အမည်ရှိသော ရွာထဲသို့ရောင်လျှင် ဤစာရေးသူအား ရပ်စောင့်ရင်း လမ်းဘေးက ကလေးတစ်ယောက်ကို စနောက်နေသည်။

ထိုကလေးမှာ တောရွာကကလေး ဖြစ်သည့်အလျောက် ဘုန်းတော်ကြီးကို မြင်သောအခါ ကြောက်နေဟန်ရှိသည်။ လမ်းဘေးကို တက်ပြီး ရပ်ကာ ကြောင်နေသည်။ ကျောင်းထိုင်ကိုယ်တော်က -

"ဒကာကြီး ဘယ်သွားတုံး"ဟု မေးသည်။

ကလေး ဘာမျှ မပြောတတ်ဖြစ်ကာ ငေးကြည့်နေသည်။ ထို့ကြောင့် ကျောင်းထိုင်ကိုယ်တော်က ထပ်မေးသည်။

"ဒကာကြီး ဘယ်သွားတုံးလို့ မေးတာ"

သို့မှ "ဒကာကြီး မရှိ"ဟု ဆိုသည်။

ကျောင်းထိုင် ကိုယ်တော်က ကလေး၏ ရင်ဘတ်ကို လက်ညှိုးနှင့်တို့ပြီး -

"ဒီဒကာကြီးကို မေးနေတာလေ"

ကျောင်းထိုင်ကိုယ်တော် လက်ညှိုးနှင့် တို့ထားသောနေရာတွင် မူကြိုကျောင်းကတ်ကလေး ရှိနေသည်။

"အဲဒါ စာ၊ ဒကာကြီး မဟုတ်ဘူး"

ကျောင်းထိုင် ကိုယ်တော သဘောကျပြီး တဟားဟား ရယ်ကာ -

"ဒီဒကာကြီးကို ၊ ဒီဒကာကြီးကို"ဟု ကလေး၏ လက်မောင်းကို ကိုင်လှုပ်သည်။

ကလေးက လက်မောင်းကို အနည်းမျှမြှောက်၍ ငုံ့ကြည့်ပြီး "အဲဒါ လက်မောင်း" ဟုဆိုသည်။

စာရေးသူလည်း အနားသို့ ရောက်လာနေ၍ ကျောင်းထိုင်ကိုယ်တော် ဆက်မမေးတော့ဘဲ "ကိုင်း...ဒီလောက်တောင်ဆိုလည်း နေခဲ့တော့ကွာ"ဟု ကလေး၏ ရင်ဘတ်ကို ခပ်ဖွဖွလေး တွန်းထားခဲ့ကာ ရယ်မောရင်း ရှေ့ခရီးကို ဆက်လျှောက်လာကြသည်။

ဤစာရေးသူ၏ စိတ်ထဲတွင် ကလေးပြောသည်နှင့်ပတ်သတ်၍ လာလမ်းတစ်လျှောက်လုံး တရားသဘောသက်ဝင်နေသည်ကို သဘောကျနေမိသည်။ ပညတ်ခန္ဓာကိုယ်ကြီးအကြောင်း လင်းလင်းကြီး မြင်သာစေသည်။ဒကာကြီးဟူ၍ မရှိ။ ကျောင်းထိုင်ကိုယ်တော် ကိုင်ပြပြီး မေးမြန်းသော အရာဝတ္ထုအားလုံး တစ်ခုချင်းတစ်ခုစီသာ ဖြစ်သွားသည်မှာ လင်းလင်းကြီး ရှင်းလျက်သာ ရှိနေလေသည်။

ဆက်ဦးမည်။

ထို့နောက်တော တစ်တောကို အမြင်ချင်း မတူကြပုံများ...

သစ်ခုတ်သမားက ထိုတောကို သစ်ခုတ်လျှင်ရမှာပဲဟု မြင်မည်။ ထင်းခုတ်သမားက ထင်းခုတ်လျှင်ရမှာပဲ မြင်မည်။ တောင်ယာသမားက တောင်ယာခုတ်လုပ်လျှင် အသီးအနှံရမှာပဲဟု မြင်မည်။ ကြက်တည်သမားက ကြက်တည်လျှင် ရမှာပဲဟု မြင်မည်။ သူခိုးဓားပြက ဤတောမှာ ခိုလှုံနေပြီး ပတ်ဝန်းကျင် ရပ်ရွာများကို ဝင်ခိုးလျှင် ရမှာပဲဟု မြင်မည်။ ရဟန်းသူတော်ကောင်းက ပတ်ဝန်းကျင်ရွာများကို ဂေါစရဂါမ်ပြုပြီးဆွမ်းခံစားကာ ဤတောထဲမှာ တရားဘာဝနာများ ကျင့်ပွားလျှင် အဆင်ပြေမှာပဲဟု မြင်မည်။

ဤသည်မှာလည်း ပညတ်၏ သဘောအတိုင်းအမြင်ချင်း မတူနိုင်ကြသည့်အကြောင်း ရှင်းလင်းစေသည်။ ပညတ်ဟူသည် မရှိတရား။ အမြင်ချင်း မတူကြသည်မှာ အရှိတရားမဟုတ်သောကြောင့်သာ ဖြစ်သည်။

(နောက်လတွင် ပညတ်အကြောင်းကို ဆက်ရှင်းဦးမည်)

**မဟာထွန်း**



www.burmeseclassic.com

www.burmeseclassic.com

# အင်တာဗျူးမှာ ရှင်ကာမြူးစေဖို့

ဂမ္ဘီရဆရာပွင့်


သည်ကာလမှာ အလုပ်အကိုင်သစ် ရရှိဖို့အရေး လျှောက်ထားကြသူတွေက တကယ့်ကို အပြိုင်အဆိုင်နှင့် အရေအတွက်ကလည်း များမှများ။

လျှောက်လွှာတင်ပြီဆိုကတည်းက အလုပ်ရချင်လို့ပဲ ဖြစ်၏။ သည့်အတွက်တော့ ကာယကံရှင်ကိုယ်နှိုက်က သတ်မှတ်အရည်အချင်းတော့ ရှိဖို့လိုလိမ့်မည်။ မိမိလုပ်ကိုင်မည့် အလုပ်နှင့် စပ်လျဉ်း၍ သိသင့်သိထိုက်သည်တို့ကို လေ့လာထားဖို့လိုသည်။ အလုပ်အကိုင်တော်တော်များများ၏ ထုံးစံကတော့ ဦးစွာ ရေးဖြေရှိမည်။ အောင်မြင်လျှင် လူတွေ့နှုတ်ဖြေ အင်တာဗျူးဆိုတာရှိမည်။

ဤ၌ လူတွေ့အင်တာဗျူး ဖြေဆိုကြမည့်သူများ အတွက် အထောက်အကူပြုပေးနိုင်မည့် အစီအရင်ကလေး တစ်ခုကို တင်ပြချင်ပါသည်။ အင်တာဗျူးဖြေဆိုရမည့်သူသည်

တနင်္ဂနွေသားဖြစ်ပါက - ကြံ ၁၅ ညွှန့်
တနင်္လာသားဖြစ်ပါက - ဇော်စိမ်း ၈ ညွှန့်
အင်္ဂါသားဖြစ်ပါက - ရွက်လှ ၁၇ ညွှန့်
ဗုဒ္ဓဟူးသားဖြစ်ပါက - မေမြို့ ၁၉ ပွင့်
ကြာသပတေးသားဖြစ်ပါက - သပြေ ၂၁ ညွှန့်
သောကြာသားဖြစ်ပါက - ဒန်း ၁၀ ညွှန့်
စနေသားဖြစ်ပါက - အုန်း ၆ ညွှန့်
တို့ကို မှတ်ထားဖို့လိုပါသည်။

လုပ်ဆောင်ရမည်ကား ပမာအားဖြင့် စနေသား မောင်တင်ကိုသည် အင်တာဗျူးဖြေရမည်ဆိုလျှင် မွေးနေ့စနေနေ့ နံနက် ၉း၄၅ နာရီမတိုင်မီ ဖန်ခွက်ထဲရေထည့်၊ မွေးနံ၏အညွှန့်ဖြစ်သော အုန်းညွှန့် ၆ ညွှန့်ကို ဖန်ခွက်ထဲထိုး။ ဖန်ခွက်အောက်၌ မိမိ၏နာမည်ကို စာရွက်လွတ်တစ်ရွက်ပေါ်၌ မြားခံ၍ရေးပြီး ကပ်ပါ။




၉း၄၅ နာရီသို့ရောက်လျှင် ဘုရားစင်ပေါ်တင်၍ "တပည့်တော် စနေသား တင်ကိုသည် လူတွေ့နှုတ်ဖြေအင်တာဗျူး၌ အခက်အခဲမရှိ၊ ချောမွေ့စွာဖြေဆိုနိုင်ပါစေ။ လူကြီးများနှစ်သက်သဘောကျကာ လျှောက်ထားသောအလုပ်ကို ရပါစေ"

ဟူ၍ သုံးကြိမ်သုံးခါတိတိ လေးနက်စွာ ဆုတောင်းပေးပါ။ ထူးခြားသော အကျိုးရလာဒ်ကို ခံစားရမည်မို့ အင်တာဗျူး၌ ရှင်ကာမြူးလိုသူတို့အတွက် တင်ပြရေးသားလိုက်ပါသည်။

■ ဂမ္ဘီရဆရာပွင့်

www.burmeseclassic.com



# မြန်မာပြက္ခဒိန်နှင့် ဝါထပ်ရက်ငင်

ထူးကြီးငွေးလွင်

မြန်မာတိုင်းရင်းသား လူမျိုးတို့၏ ယဉ်ကျေးမှုနယ်ပယ်တွင် နက္ခတ္တဗေဒသင်္ချာ အတွက်ပိုင်းဆိုင်ရာ ပြက္ခဒိန်သည် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်လျက်ရှိပေသည်။ လူမျိုးအသီးသီးတို့သည် ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးစံ ဘာသာစကားအလိုက် စကြဝဠာ၊ နေလ နက္ခတ်တာရာတို့ကို ကောင်းကင်အမြင်နှင့် ယှဉ်တွဲလေ့လာကြသည်။ ထိုကဲ့သို့ လေ့လာတွေ့ရှိချက်ကို ကိန်းဂဏန်းချကာ နေ့၊ ရက်၊ လ၊ နှစ် စသည်ဖြင့် မှတ်သားထားကြသည်။

မြန်မာနိုင်ငံတော်၏ မြန်မာပြက္ခဒိန်သည်လည်း အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ် ကာလသုံးပါးကို တွက်စစ်၍ နေသွား လသွားတို့ကို ဘာသာရေးနှင့် ကိုက်ညီမှုရှိစေရန် ကိန်းဂဏန်းချ တွက်ကြရသည်။ ရဟန်း၊ သံဃာတော်တို့၏ ဝါဆို၊ ဝါကပ်ရက်များကို သာသနာအလိုအရ ညှိနှိုင်းဆောင်ရွက်ကြရသည်။ ပြက္ခဒိန်ဆိုသော ဝေါဟာရသည် မာဂဓဘာသာပက္ခဒိန၊ ပက္ခဒိန်၊ သက္ကတဘာသာ ပြက္ခဒိနမှ လာခြင်းဖြစ်သည်။ ရှေးမြန်မာ ပညာရှင်ကြီးများသည် လ၏သွားနှုန်းအတိုင်း လတစ်လ၏ လဆန်းပက္ခ၊ လဆုတ်ပက္ခကိုကြည့်၍ ပြက္ခဒိန်ဟု ခေါ်ဆိုခဲ့ခြင်း ဖြစ်သည်။

ကမ္ဘာသုံးပြက္ခဒိန်အရ ကမ္ဘာသည် နေကို တစ်နှစ်လျှင် ၃၆၅ ရက်၊ ၅ နာရီ၊ ၄၈ မိနစ်၊ ၄၆ စက္ကန့်အချိန်ကြာ တစ်ပတ်ပတ်ခြင်းဖြစ်သည်။ တစ်နှစ် ၃၆၅ ရက်ထက်ပိုသောအချိန်ကို ၄ နှင့်စား၍ပြတ်သောနှစ်၊ ၄၀၀ နှင့် စား၍



www.burmeseclassic.com

www.burmeseclassic.com

ပြတ်သော ရာပြည့်နှစ်များတွင် ရက်ထပ်နှစ်အဖြစ် ဖေဖော်ဝါရီလကို ၂၉ ရက် တစ်ရက်တိုး သတ်မှတ်ခြင်း ဖြစ်သည်။

မြန်မာပြက္ခဒိန်သည် နေသွား သာဝနမာသနှင့် လသွား စန္ဒမာသ နှစ်မျိုးလုံး တွက်ယူခြင်းဖြစ်သည်။ နေသွား သာဝနတစ်ရက်သည် ယနေ့ သန်းခေါင်မှ နောက်တစ်နေ့ သန်းခေါင်ဖြစ်သည်။ ပိဋကတ်အလိုအားဖြင့် ယနေ့ အရုဏ်တက်မှ နောက်တစ်နေ့ အရုဏ်တက်ချိန်ထိ ဖြစ်သည်။ လသွားစန္ဒရက်သည် လရေးတိထိအလိုက် တွက်ယူခြင်း ဖြစ်သည်။

နေသည် တန်ခူးလဆန်း ၁ ရက်မှစတင်၍ ရာသီစက်ဝန်းအား လှည့်ပတ်ရာ တပေါင်းလကွယ်နေ့ထိ သာဝနမာသရက်ဖြင့် ၃၀ ရက်စုံ ခြောက်လ၊ ၂၉ ရက်မစုံ ခြောက်လ သတ်မှတ်၍ ၁၂ လသည် သာဝနမာသတစ်နှစ်ဖြစ်သည်။ လသည် ၁၂ ရာသီစက်ဝန်းအား လှည့်ပတ်ရာတွင် နေနှင့် လတို့သည် တစ်လတစ်ကြိမ် ထပ်မိပြီး ရာသီ ၁၂ ပါး၌ ၁၂ ကြိမ် ထပ်မိခြင်းသည် စန္ဒမာသတစ်နှစ် ဖြစ်သည်။

နေသွားလသွားတို့ ရာသီစက်ဝန်းအား လှည့်ပတ်ရာတွင် အနေးအမြန် မတူသောကြောင့် လရာသီနှင့် ကိုက်ညီစေရန် မြန်မာပြက္ခဒိန်ကို ဝါကြီးထပ်ခြင်း၊ ဝါငယ်ထပ်ခြင်းဖြင့် စိစစ်ညှိနှိုင်း တွက်ယူရခြင်းဖြစ်သည်။ ဝါကြီးထပ်ခြင်းသည် ကဆုန်၊ နယုန်၊ (ပ)ဝါဆို (ဒု)ဝါဆို လေးလကို ရက်စုံသတ်ခြင်းဖြစ်သည်။ (ပ)ဝါဆို (ဒု)ဝါဆို ရက်စုံသတ်ခြင်းသည် ဝါငယ်ထပ်နှစ်ဖြစ်သည်။

ယခုဆောင်းပါးတွင် မြန်မာတို့၏ သာဝနရက် သတ်မှတ်သော မစုံ ခြောက်လ၊ စုံ ခြောက်လနှင့် နေသွားတက္ကာလတို့ ကိုက်ညီစေရန် ဘာသာရေး၊ သာသနာရေးကို အဓိကထားကာ ကောင်းကင်အမြင်နှင့် ကိုက်ညီစေရန် ညှိနှိုင်းတွက်ယူသော ဝါကြီးဝါငယ်ထပ်နှင့် ဝါထပ်ရက်ငင်ရက်များကို သိနိုင်ရန် တွက်နည်းဇယားဖြင့် လအလိုက် ဖော်ပြလိုက်ပါသည်။

**ရိုးရိုးနှစ်**

မစုံ ၆ လ × ၂၉ = ၁၇၄ ရက်
စုံ ၆ လ × ၃၀ = ၁၈၀ ရက်
= ၃၅၄ ရက်

**ဝါငယ်ထပ်နှစ်**

မစုံ ၆ လ × ၂၉ = ၁၇၄ ရက်
စုံ ၇ လ × ၃၀ = ၂၁၀ ရက်
= ၃၈၄ ရက်

**ဝါကြီးထပ်နှစ်**

မစုံ ၅ လ × ၂၉ = ၁၄၅ ရက်
စုံ ၈ လ × ၃၀ = ၂၄၀ ရက်
= ၃၈၅ ရက်

| စဉ် | လ | ရိုးရိုးနှစ် | ဝါငယ် ထပ်နှစ် | ဝါကြီး ထပ်နှစ် |
|---|---|---|---|---|
| ၁ | တန်ခူး | ၂၉ | ၂၉ | ၂၉ |
| ၂ | ကဆုန် | ၃၀ | ၃၀ | ၃၀ |
| ၃ | နယုန် | ၂၉ | ၂၉ | ၃၀ |
| ၄ | ဝါဆို | ၃၀ | ၃၀ | ၃၀ |
| - | ဝါဆို | ၃၀ | ၃၀ | ၃၀ |
| ၅ | ဝါခေါင် | ၂၉ | ၂၉ | ၂၉ |
| ၆ | တော်သလင်း | ၃၀ | ၃၀ | ၃၀ |
| ၇ | သီတင်းကျွတ် | ၂၉ | ၂၉ | ၂၉ |
| ၈ | တန်ဆောင်မုန်း | ၃၀ | ၃၀ | ၃၀ |
| ၉ | နတ်တော် | ၂၉ | ၂၉ | ၂၉ |
| ၁၀ | ပြာသို | ၃၀ | ၃၀ | ၃၀ |
| ၁၁ | တပို့တွဲ | ၂၉ | ၂၉ | ၂၉ |
| ၁၂ | တပေါင်း | ၃၀ | ၃၀ | ၃၀ |
| | ရက်ပေါင်း | ၃၅၄ | ၃၈၄ | ၃၈၅ |

● ထူးကြီးငွေငွင်



www.burmeseclassic.com

www.burmeseclassic.com



# နတ်မျိုးဒေဝါ မစလေကြောင်း သက်သေဟောင်း

## ခိုင်ခင်အင်ကြွင်း

ရှေးရှေးအခါက ဗုဒ္ဓဘာသာလောကမှ ဆန်းပြားထွေလာများကို ခိုင်ခင်အင်ကြွင်း ရေးသားခဲ့ဖူးပါတယ်။ အခုက အဆိုပါကဲ့သို့ မှတ်တမ်းတင်ထားတာထက် သူးဆန်းအံ့ဩစရာကောင်းတဲ့ အကြောင်းသုံးမျိုးအား (TOBA SOU JO KAKU SHU) ဆိုသူ ပန်းချီဆရာက သုံးဆယ့်တစ်မီတာအရှည် အကျအန ပန်းချီရေးဆွဲမှတ်တမ်းတင်ခဲ့ပြီး အခုအထိ မပျက်စီးအောင် ထိန်းသိမ်းထားခဲ့၍ နာရမြို့မှာ ၂၀၁၆ ခု၊ ဧပြီလ ၉ ရက်က မေလ ၂၂ ရက်အထိ ပြသထားလို့ ခိုင်ခင်အင်ကြွင်းလည်း မေလ ၁ ရက်နေ့မှာ သွားရောက်ကြည့်ရှု လေ့လာခဲ့သမျှကို ရေးသားဖော်ပြပါဦးမယ်။

ရှေးနှစ်ပေါင်း ၁၂၀၀ မတိုင်မီက ဆွဲခဲ့တဲ့ ပန်းချီကား အဲင်းဂိအဲမခီ "အကျိုးအကြောင်း ရေးဆွဲထားသော ပန်းချီကားလိပ်"ဖြစ်ပါတယ်။

ပထမအကြောင်းအရာမှာ ဟိကုရာနိုကန် (HIKURANO KAN)'ပျံသော ကိုဒေါင်'၊ ဂိဖု (GIFU) အရပ်နဂါနိုကန်း (NAGANO KEN) မှာ မွေးဖွားခဲ့သူ မျောရင်း (MIYAU REN) ဆိုသူဟာ ကလေးဘဝကတည်းက တရားကို လမ်းလျှောက်ကျင့်နေလေ့ရှိခဲ့ပါတယ်တဲ့။

ဒီလိုနဲ့ လမ်းလျှောက်တရားကျင့်နေခဲ့ရာက နာရမြို့နားအထိ ရောက်လာတဲ့ ခရီးလမ်းအကြား (SHI GI SAN) (SAN စံ ဆိုသည်မှာ တောင်ကို ခေါ်၏။) ရှိခီတောင်နား အရောက်မှာ ကောင်းကင်က အရောင်ငါးမျိုးဆလိုက်ထိုးသလို တောက်ပနေတာ မြင်ရပါရော။

မျောရင်းဘုန်းကြီးလည်း အံ့ဩပြီး တောင်ပေါ်ကို တက်သွားတော့တာပေါ့။ တောင်ပေါ်ရောက်တဲ့အခါ အမွေးနံ့တွေရကာ တောင်ခိုးတွေကြောင့် ဘာမှမမြင်ရဘဲ သစ်ရွက်ခြောက်တွေ စုပုံနေရာ တစ်နေရာလေးပဲ မြင်ရတယ်တဲ့။ သစ်ရွက်တွေကို ရှင်းလင်းလိုက်တော့ စာတွေရေးထားတဲ့ ကျောက်ပြားကြီးတစ်ချပ် တွေ့ရပြီး "သတ္တဝါတွေကို မေတ္တာထားပြီး လောကကို စောင့်ရှောက်သည့်နတ်" (TAMON TEN) တမွန်တဲနတ်လို့ ရေးထား




သူဌေးနှင့် နောက်လိုက်များ သပိတ်ပျံနောက် လိုက်ကြပုံ



www.burmeseclassic.com

www.burmeseclassic.com



၇ ဆန်အိတ်များ ဂိုဒေါင်မှ ပျံထွက်ပုံ

ကြောင်း ဖတ်ရတယ်။

ဘုန်းကြီးဟာ "ထူးဆန်းတယ်။ တရားအားထုတ်နေတဲ့ သူတော်ကောင်းဖြစ်လို့ TAMONTE တမွန်တဲနတ်က ဘူနေတဲ့နေရာကိုပြတယ်" လို့ ဝမ်းမြောက်ဝမ်းသာနဲ့ "ဒီနေရာမှာပဲ တရားကျင့်ကြံ သီတင်းသုံးတော့မယ်"လို့ ဆုံးဖြတ်လိုက်တယ်။

တောင်အနီးတစ်ဝိုက်က ရွာသားတွေက ကျောင်းဆောက်လှူကြပါတယ်။ ဘုန်းကြီးဟာ တရားကျင့်ပြီး ဆွမ်းခံကြွလေ့ရှိရင်း ဆွမ်းမရတဲ့အခါလည်း ရှိရှာတာပေါ့။ တရားကို ကြိုးစားအားထုတ်ကျင့်ကြံမြဲ ကျင့်ကြံလိုက်တာဟာ သပိတ်ချည်းစေလွှတ်ဆွမ်းခံနိုင်တဲ့အထိ တန်ခိုးကြီးလာပါတော့တယ်။

တစ်ခါမှာ သပိတ်ကို သူဌေးတစ်ယောက်အိမ်ကို စေလွှတ်ဆွမ်းခံလိုက်တယ်။

သူဌေးက အလုပ်များများနဲ့ အမှတ်မထားဘဲ စပါးကျီထဲ ထည့်ထားကာ မေ့နေတော့ ဘုန်းကြီးထံ သပိတ်ပြန်မရောက်ဖြစ်တာနဲ့ သပိတ်ပြန်ရောက်လာဖို့ ခေါ်ယူလိုက်တဲ့အခါ သပိတ်ဟာ စပါးကျီအောက်ကနေ ဂိုဒေါင်ကို မ,ပြီး ပျံသန်းလျက် ဘုန်းကြီးထံ ပြန်ရောက်တဲ့အထိ ဖြစ်လေ တယ်။

သူဌေးလည်း လန့်ဖျပ်ပြီး ဂို ဒေါင်နောက်က လိုက်သွားလို့ ဘုန်း ကြီးကို သပိတ်နဲ့ အလှူခံတာ မေ့နေ မိကြောင်း လျှောက်ထားတောင်းပန် ရတာပေ့ါ်

ဘုန်းကြီးက ဂိုဒေါင်ကို အလှူ ခံမယ်၊ ဆန်အိတ်တွေ ပြန်ပေးမယ် မိန့်ကြားလိုက်တဲ့အခါ ဆန်အိတ်တွေ ဂိုဒေါင်ထဲက သူဌေးအိမ်ကို ပျံထွက် ကုန်ကြောင်း၊ မြင်ရသူ ရွာသားတွေ ဟာ ဆန်အိတ်တွေကိုကြည့်လျက် အလွန်ကို အံ့သြကြတယ်။ မျက်ကလ ဆန်ပျာ ဖြစ်နေကြပါတယ်။


ပန်းချီနဲ့ မှတ်တမ်းတင်ပြီး တကယ်တရားကျင့်ကြံအားထုတ်ပ က တန်ခိုးရမယ်ဆိုတာ သိစေ၍ သ သနာပြုလိုရင်းသဘော ဖြစ်၏။

ဒုတိယအကြောင်းအရာမှ (EN GI KAJI NO KAN)



ရွာသားများ ဆန်အိတ်များပျံနေ၍ အံ့သြကြပုံ

www.burmeseclassic.com




အပြစ်အပျက်တွေကို ရေးထားသော စာတစ်စိတ်တစ်ဒေသ

"အမိဋ္ဌာန် ဆုတောင်းပြည့်ကြောင်း" ပါပဲ။ အဲဒီအခါက ကျိုတိုမြို့တော် (တို ကျို မဟုတ်)တွင် (GO DAI GO) ...ဒိုင်းဂို အမည်ရှိ မင်းကြီးတစ်ပါး စိုးစံ ...ချုပ်နေရင်း မင်းကြီးမှာ ရောဂါ ...ဖြစ်တယ်။ ဘယ်ဆေးဆရာမှ ဆေးကု ...ရ ဖြစ်ခဲ့လို့ (SHI GI SAN) ...တောင်မှာ ဟာရားကျင့်နေတဲ့ ဘုန်း ...အကြောင်း သတင်းရသောအခါ ...န်းကြီးအား လာရောက်ဆေးကုသ ...ငံ့လေသည်။

ဘုန်းကြီးက နေရာမှ ရွေ့ခြင်း ... ဤတောင်မှနေပြီး အဓိဋ္ဌာန်နဲ့ ...ကုပေးမယ်ဆို၍ အကယ်တန္တ ...ဋ္ဌာန်အောင်မယ်ဆိုပါက မင်းကြီး ...ကို နတ်တစ်ပါး ကြွလာတာကို ...တော်တိုင် မြင်ရလိမ့်မယ်။ အဲဒီ ... ရောဂါလည်းပျောက်ကင်းသွား ...တာ မိန့်မှာလိုက်တယ်။ နတ် (...EN NO GOHO) ကဲနိုဂိုဟို ... သို့မဟုတ် (GO HO DOU SHI) နတ် ဖြစ်တယ်လို့လည်း အတိ အကျ မိန့်ကြားလိုက်သေးလေသည်။

ဘုန်းကြီးရဲ့ အဓိဋ္ဌာန်အောင် သောကြောင့် မင်းကြီးအပါးကို (GO HO DOU SHI) ဂိုးဟိုဒေါ်ရှိနတ်ဟာ အလွှန့်အလွှန် အလျင်အမြန် လိမ့်နေ တဲ့ စကြာဘီးနောက်က အလွှန်အမင်း လျင်လျင်မြန်မြန် ပြေးလိုက်လျက် မင်းကြီးထံ လာရောက်ကြောင်း ကိုယ် တော်တိုင် မြင်ရပြီး မင်းကြီးလည်း ကုမရသည့်ရောဂါ ပျောက်ကင်းသွား ပါတော့တယ်။ ဘုန်းကြီးအဓိဋ္ဌာန်ဆေး ကုပေး...မှုက သက်တော် ၆၀ လို့ မှတ်တမ်းရေးထားပါတယ်တဲ့။

တတိယအကြောင်းထူး ဆိုရ မယ့်အဖြစ်က (AMAGIMI NO KAN) "အမ်မာဂိမိ" (သီလရှင်)ရဲ့ အကြောင်း ဖြစ်၍ ဘုန်းတော်ကြီးမှာ သီလရှင် အစ်မတစ်ယောက်ရှိလို့ အစ်မဖြစ်သူလည်း မောင်ဘုန်းကြီး အား မတွေ့ရတာ နှစ်တွေကြာတော့ တွေ့ချင်လို့ နာရမြို့အထိ လိုက်ရှာနေ တယ်။ နာရမြို့ဆိုတာ ရှေးရှေးက ဗုဒ္ဓ ဘာသာနဲ့ ပတ်သက်ရင် ကနဦးအစ ထွန်းကားခဲ့ရာ ဒေသဖြစ်တာကြောင့် မောင်ဖြစ်သူ ဘုန်းကြီးဟာ နာရမြို့ ဘက်မှာ ရှိမယ်ပဲ ခန့်မှန်းတာဖြစ်မှာ




ဂိုဒိုင်းဂိုမင်းကြီးကို ဆေးကုပေးရန် လာပင့်ပုံ




www.burmeseclassic.com

www.burmeseclassic.com



လျှင်မြန်လွန်းလှသော စကြာဘီးနောက်ကိုပင် လိုက်နိုင်သည့် နတ်နှင့် စကြာဘီးပုံ




ဘုန်းကြီးအစ်မ သီလရှင်စီးသည့် မြင်းနှင့် မြင်းထိန်းပုံ

ပေါ့နော်။

ဘုန်းကြီး အစ်မလည်း နာရင်
ကို ရောက်နေရင်း ဒိုင်းပွတ်စုရုပ်ပွား
တော် (ရှောမူဘုရင် သွန်းလောင်း
ကြောင်း ရေးသားဖူးပါသည်)ကြီးတွ
မောင်ဖြစ်တဲ့ ဘုန်းကြီးနဲ့ တွေ့ဆုံရ
စေကြောင်း အထပ်ထပ်ဆုတောင်း
နေလေသည်။ (ရှေးရှေးက ဒိုင်းပွတ်
ရုပ်ပွားတော်ကြီး ပရိဝုဏ်အတွင်း
တောင်မှ မိန်းမများ မဝင်ရဘူး
တားမြစ်ထားတယ်ဆိုတာကို သီလရှ
ဟာ ဘုရားကြီး၌ ဆုတောင်းသ
ရေးဆွဲထားလို့ လူတွေက ပန်းချီဆ
ဘယ်လိုစိတ်ကူးနဲ့ ရေးဆွဲထားသ
မသိဘူးလို့ ဆိုနေကြလေရဲ့။)

တစ်နေ့မှာ အိပ်မက်ထဲ၌ ဘု
ကြီးသတင်းသုံးရာနေရာကို မယ
မရှား မြင်မက်လေသည်။ သီလရှင်
အကြိမ်ကြိမ်ဆုတောင်းမှုပြည့်လို့
ရှင်ပြီး မောင်ဖြစ်သူ ဘုန်းကြီးရှိရာ
လိုက်သွားနိုင်ကာ ဘုန်းကြီးအနား
တစ်သက်ပတ်လုံး တရားကျင့်ကြံအ
ထုတ်၍ နေထိုင်သွားပါသတဲ့။

ပန်းချီပြပွဲကို ချစ်ခင်လေးစား
ပါသော စာဖတ်ပရိသတ်အတွက်
ခင်အင်ကြင်း တကူးတကသွားရော
ခဲ့တဲ့ ပန်းချီပြပွဲ ဘယ်ဟက်ဝင်ပေ
က ဆိုင်းဘုတ်နှင့်အတူ အမှတ်
အဖြစ် ဖော်ပြပါတယ် ပန်းချီပြပွဲ
ကြေးဟာ ¥1300 (ယန်းတစ်ထော
သုံးရာ) ဖြစ်ပါတယ်။

*အစဉ်မှန်မြတ်*
*မေတ္တာရည်*

**ခိုင်ခင်အင်ကြ**



www.burmeseclassic.com

www.burmeseclassic.com

# ဘုရားဟောခဲ့သည့်

## မစားအပ်သော အသားကြီး ၁၀ မျိုးအကြောင်း

နှင့်

## အရည်ကင်းမှုတင် တောရဆောက်တည်ခြင်းဘေးမဲ့

**ကျော်ဇေဟိန်း(နံ့သာ)**

ဘုရားရှင်တော်မြတ်က ရဟန်းတော်နှင့် သာမဏေ ကိုရင်များကို မစားအပ်သော အသားကြီး ၁၀ မျိုးကို ထုတ်ဖော်မိန့်ကြားခဲ့ပါသည်။ ၎င်းအသားများကတော့ လူသား၊ ခွေးသား၊ မြင်းသား၊ ဆင်သား၊ သစ်သား၊ ကျားသား၊ ခြင်္သေ့သား၊ ဝံသား၊ အောင်းသား၊ မြွေသားတို့ ဖြစ်ပါသည်။ (ဆောင်ပုဒ်မှာ "လူခွေးမြင်းဆင်၊ သစ်ကျားခြင်၊ ဝံအောင်းမြွေမျိုး") ဘုရားရှင်တော်မြတ်က အသားကြီး ၁၀ မျိုးကို မစားအပ်တားမြစ်တော်မူသောအကြောင်းရင်းမှာ -

လူသားသည် ဇာတ်တူသားဖြစ်သောကြောင့် စားခြင်း၊ ဘုဉ်းပေးခြင်းငှာ ခွင့်မပြု။

ဆင်သား၊ မြင်းသားများကို မင်းတို့၏အင်္ဂါဖြစ်ခြင်းကြောင့် ဘုဉ်းပေးခြင်းငှာ ခွင့်မပြု။

ဘုရားရှင်၏ လက်ထက်တော်ကာလ ဆင်၊ မြင်းတို့သည် ဆင်တပ်၊ မြင်းတပ်မှစ၍ စီးတော်ဆင်၊ စီးတော်မြင်းစသည်ဖြင့် မင်းစသော အုပ်ချုပ်သူများအတွက် အလွန်အရေးပါလှသည်။ အုပ်ချုပ်သူတို့၏ ဆင်၊ မြင်း တစ်ကောင်ကောင် အလိုလိုသေ၍ ဖြစ်စေ၊ ခိုးယူသတ်စားမိလျှင်ဖြစ်စေ ခိုးယူသူ၊ သတ်သူ၊ စားသူများကိုပါ အရေးယူအပြစ်ပေးရာတွင် အလှူခံရဟန်းသာမဏေများပါ စားသူထဲတွင် ပါဝင်ပါက အပြစ်မကင်းရာရောက်သောကြောင့် မင်းပြစ်မင်းဒဏ်မှ လွတ်ကင်းစေရန်နှင့် သူတစ်ပါးတို့ အပြစ်တင်ခြင်းမှ လွတ်စေရန် ဘုရားရှင်က ဘုဉ်းပေးခြင်းငှာ ခွင့်မပြု။

ယခုအချိန်တွင် အုပ်ချုပ်သူမင်း စသည်တို့၌ ဆင်၊ မြင်းတို့မှာ မင်း၏အင်္ဂါအဖြစ် အရေးမပါသော်လည်း ဘုရားရှင်၏ ပညတ်တော်မူချက် တားမြစ်ချက်ကို လိုက်နာသောအားဖြင့် ဆင်သား၊ မြင်းသားများကို ရဟန်းတော်များနှင့် ရှင်သာမဏေကိုရင်များက ရှောင်ကြဉ်ကြရသည်။

ခွေးသား၊ မြွေသားတို့ကို ရွံရှာဖွယ်ဖြစ်သောကြောင့် ဘုဉ်းပေးခြင်းငှာ ခွင့်မပြု။ သစ်ကျား၊ ကျားသား၊ ခြင်္သေ့၊ ဝံသား၊ အောင်းသားများကို စားခြင်း၊ ဘုဉ်းပေးခြင်းဖြစ်ပါက ထိုခြင်္သေ့၊ သစ်ကျား စသော သားကောင်တို့၏ အန္တရာယ်ပြုခြင်းဘေးမှ ကင်းဝေးစေရန် စားခြင်း၊ ဘုဉ်းပေးခြင်းငှာ ခွင့်မပြု။

### အရည်ကင်းမှုတင်
### တောရဆောက်တည်ခြင်းနှင့် ဘေးမဲ့

ထင်ရှားစေရန် သာကေပြုရသော် ဘုရားရှင်တော်မြတ်လက်ထက်က ရဟန်းတော်များမှာ ဆိတ်ငြိမ်ရာရှာမှီး၍ လူသူတို့နှင့် ကင်းဝေးရာ တောတောင်အရပ်သို့ ကပ်ရောက်၍ သီတင်းသုံးတော်မူကြသည်။ ထိုသို့ သတင်းသုံးရာ၌



www.burmeseclassic.com

www.burmeseclassic.com

သစ်၊ ကျား စသော တောပျော်သားကောင်တို့၏ ရန်ရှာခြင်းကို ရင်ဆိုင်တော်မူကြရသည်။

ထိုသို့ ရင်ဆိုင်ကြရသော ရဟန်းတော်များမှာ ခြင်္သေ့ သစ်၊ ကျား စသော အသားများကို စားသုံးမိလျှင် ထိုခြင်္သေ့ သစ်၊ ကျား စသော သတ္တဝါတို့၏ တိုက်ခိုက်ရန်ရှာခြင်း။ အန္တရာယ်ကို ပို၍ရင်ဆိုင်တော်မူကြရသည်။ ထိုသို့ ဖြစ်တော်မူကြသည်မှာ ကြက်၊ ချိုး၊ ခါ စသော အချို့သော သတ္တဝါတို့သည် မိမိတို့ပိုင်နက်နယ်မြေအတွင်း ဝင်ရောက်လာကြသော အခြားသော ကြက်၊ ချိုး၊ ခါ စသည်တို့ကို အသံဖြင့် သိနိုင်ကြသည်။

ထို့ကြောင့် အသစ်ဝင်ရောက်လာသော ကြက်၊ ချိုး၊ ခါ စသည်တို့ကို ရန်သူဝင်ရောက်လာသော အနေအထားဖြင့် ရင်ဆိုင်တတ်ကြသောကြောင့် ကြက်တည်သူ၊ ချိုးတည်သူ၊ ခါငှက်ထောင်သူများမှာ အလွယ်တကူ ဖမ်းဆီးနိုင်ကြခြင်း ဖြစ်သည်။ (ဥပမာ) ခါငှက်ထောင်သူသည် ခါငှက်ရှိသော တောသို့ရောက်လျှင် မိမိပါလာသော ခါငှက်ကို တွန်မြည်စေခြင်းဖြင့် တောအုပ်တွင်းရှိ ခါငှက်တို့သည် မြားပစ်သကဲ့သို့သော အရှိန်အဟုန်ဖြင့် ရန်သူရှိရာ (ခါငှက်၊ ထောင်သူ၏ ခါငှက်ရှိရာ)သို့ ရောက်လာတတ်သောကြောင့် ငှက်ထောင်သူ၏ပိုက်တွင် အမိခံကြရသည်။

တောအုပ်တွင် ခါငှက် အကောင်နှစ်ဆယ်ရှိလျှင် နှစ်ဆယ်၊ သုံးဆယ်ရှိလျှင် သုံးဆယ်ကုန်သည်အထိ ရောက်လာတတ်ကြသည်။ ခါငှက်အဖိုများမှာ ဒေါသကြောင့် အမိခံကြရ၍ ခါငှက်အမများမှာ ရာဂကြောင့် အမိခံကြရကုန်လေသည်။ ကြက်၊ ချိုးစသော တိရစ္ဆာန်တို့သည်လည်း ထိုခါငှက်များနည်းတူ မိမိတို့၏နယ်မြေအတွင်း အသစ်ဝင်ရောက်လာသော ရန်သူတို့ကို တိုက်ခိုက်ရန် လာကြရာတွင် လူတို့၏ ထောင်ဖမ်းခြင်းကို ခံကြရကုန်၏။

ထို့အတူ အနံ့ခံအာရုံအားကောင်းကြသော ခြင်္သေ့၊ သစ်၊ ကျား စသော သတ္တဝါတို့သည်လည်း မိမိတို့ပိုင်နက်နယ်မြေအတွင်း ဝင်ရောက်လာကြသော အခြားသော ခြင်္သေ့ သစ်ကျား စသော သတ္တဝါတို့ကို အနံ့အာရုံဖြင့် သိရှိကြပြီး ရန်သူအဖြစ် တိုက်ခိုက်တတ်လေ့ရှိကြသောကြောင့်

ခြင်္သေ့သား စားထားသူသည် လူဖြစ်စေ၊ ရဟန်းဖြစ်စေ၊ သာမဏေဖြစ်စေ ခန္ဓာကိုယ်မှထွက်လာသော ခြင်္သေ့အမှတ်ဖြင့် တိုက်ခိုက်ရန်ရှာခြင်းကို ခံရမည်သာ ဖြစ်သည်။ သစ်၊ ကျားစသော သတ္တဝါတို့၏ အသားကိုစားလျှင် အလားတူ အန္တရာယ်ရှိသည်။

(ပမာ) ခွေးသားကို စားထားသူသည့် ထိုသူစားထားသော ခွေးသား၏အနံ့ကို ရရှိကြခြင်းကြောင့် မြို့ရွာ၊ ရပ်ကွက်အတွင်းသို့ဝင်လာသော ထိုသူကို မိမိတို့၏ ပိုင်နက်ပြင်ပ ရန်သူခွေးများ ဝင်ရောက်လာသောအနေဖြင့် ရပ်ကွက်တွင်းရှိ ခွေးများကဝိုင်းပန်း၍ ရန်ရှာဟောင်တတ်ကြသည်။

ထို့ကြောင့် သစ်သား၊ ကျားသား၊ ခြင်္သေ့သား၊ ဝံသား အောင်းသားများကို ထိုခြင်္သေ့၊ သစ်ကျားစသော သားကောင်တို့၏ ရန်ရှာခြင်း၊ အန္တရာယ်ပြုခြင်းဘေးမှ ကင်းဝေးစေရန် စားခြင်းကို ဘုရားရှင် ခွင့်ပြုတော်မမူခြင်းဖြစ်သည်။ ထို့အပြင် ထိုခြင်္သေ့၊ သစ်ကျားစသော သတ္တဝါတို့ နှစ်သက်သော သမင်၊ ဒရယ်စသော သတ္တဝါတို့၏ အသားကိုစားထားမိလျှင်လည်း ထိုစားထားသောအသား၏ အနံ့ကို ရရှိသော ခြင်္သေ့၊ သစ်၊ ကျား စသော သတ္တဝါတို့သည် မိမိတို့၏ အစာသားကောင် အမှတ်ဖြင့် ရန်ရှာတတ်ကြသောကြောင့် တောရဆောက်တည်ကာ သီတင်းသုံးတော်မူကြသော အရှင်မြတ်များက ယခုခေတ်တွင် အများအားဖြင့် သက်သတ်လွတ်စားတော်မူကြခြင်း ဖြစ်ကြလေသည်။

လူတို့အနေဖြင့်မူ တညင်းသီး၊ ဆူးပုပ်၊ ပီနံ့သီး စသည်တို့ကို စားထားပါက ဆီးသွားစဉ်၊ ဝမ်းသွားစဉ်တို့၌လည်းကောင်း၊ ချွေးထွက်လာသောအခါတို့၌လည်းကောင်း မိမိတို့စားထားသော အသီးအရွက်တို့၏ အနံ့ကိုသာ သတိပြု သိရှိနိုင်ကြသော်လည်း -

အနံ့အာရုံခံကောင်းသော ခွေး၊ ကြောင်တို့မှစ၍ ခြင်္သေ့၊ သစ်၊ ကျား စသော သတ္တဝါတို့သည် လူသားတို့၏ အနံ့ကိုလည်းကောင်း၊ လူများက စားထားသော အသား၏ အနံ့ကိုလည်းကောင်း ပေပေါင်း တော်တော်ဝေးဝေးမှပင် သတိပြု သိရှိတတ်ကြသည်။

## သုသာန်မှုတင်နှင့် ဘေးမဲ့

သုသာန်မှုတင် ဆောက်တည်တော်မူကြသော အရှင်

www.burmeseclassic.com

www.burmeseclassic.com

သူမြတ်များသည်လည်း အသားစားခြင်းကို ရှောင်ကြဉ်တော်မူကြသည်။ ပြိတ္တာဘုံသားတို့မှာ ထိုကဲ့သို့သော အညှီအဟောက်အနံ့ကို အလွန်နှစ်သက်ကာ ရှုတင်ဆောင်ပုဂ္ဂိုလ်တို့အား ရန်ရှာတတ် အနှောင့်အယှက်ပေးတတ်ကြခြင်းကြောင့် ဖြစ်သည်။

သုံးဆယ်မြို့ ဓမ္မသုခဘဒ္ဒန္တ အရှင်ဉာဏသည် သက်သတ်လွတ် ပတ္တပိုဏ်ဆွမ်းဖြင့် ရှုတင်ကျင့်ခြင်းကို သာကေပြုရသော် ဆရာတော်ကြီးသည် ရဟန်းမဖြစ်မီ ၁၃၃၁ ခုနှစ်တွင် လူအဖြစ်ဖြင့် တစ်နှစ်ကြိုကျင့်ပါသည်။ ဆရာတော်ကြီးသည် ၁၃၃၂ ခုနှစ်တွင် ရန်ဟန်းစတင်ဖြစ်ပြီးကတည်းက အသက်နှင့်ခန္ဓာအား ဘုရားရှင်ထံလှူလျက် မိမိ၏အသက်ခန္ဓာအားလုံး ဝကွက်ခြင်းမရှိဘဲ အကျင့်သီလ စရဏအားကိုသာ တိုး၍တိုး၍ နောက်မဆုတ်တမ်း ကျင့်တော်မူရာ စတုရာရက္ခကရားတော်ဖြစ်သော

(က) ဗုဒ္ဓနုဿတိဘာဝနာ၊

(ခ) မေတ္တာဘာဝနာ၊

(ဂ) မရဏာဿတိဘာဝနာ၊

(ဃ) အသုဘဘာဝနာတို့ကို တစ်ဆင့်စီ အချိန်ယူ[illegible]က် စူးစူးစိုက်စိုက် ကျင့်တော်မူပါသည်။

(င) ကိုမှတစ်ဆင့် ရှုတင် ၁၃ ပါးကျင့်စဉ်အား [illegible]က်လက်ကာ အစဉ်အတိုင်း ကျင့်တော်မူရာ အထူးသဖြင့် [illegible]ိုင်းကိုးခုတွင် တစ်နေ့ရာကိုးရက်ဖြင့် စတင်ကျင့်တော်မူ[illegible]သည်။ ထိုမှတစ်ဖန် ၉၉ သချိုင်းမှာ သုသာန်ရှုတင်အား [illegible]က်လက်၍ ကျင့်ကြံအားထုတ်လျက် တချို့သုသာန်တွင် [illegible]ကြိမ်သုံးကြိမ် ပြန်ဝင်ပါသည်။

အထူးသဖြင့် သုသာန်ရှုတင်နှင့်သတိ ဘာဝနာနှင့် [illegible]ဘာဝနာ မရဏာဿတိဘာဝနာနှင့် အသုဘကမ္မဋ္ဌာန်း [illegible] ဘာဝနာဟူသော စတုရာရက္ခ ကိုယ်စောင့်တရား [illegible]ကို ခိုင်မြဲစေပြီးမှ ဝင်တော်မူသဖြင့် နာမ်လောက [illegible]ကသားများ၏ အနှောင့်အယှက်များ အခက်အခဲ [illegible]များကိုပင် မေတ္တာဖြင့် အောင်ပွဲရခဲ့သည့်အပြင် ဘဝ [illegible] ဆွေတော်မျိုးတော်များနှင့် မကျွတ်မလွတ်သူ နာမ် [illegible]သားများကို ခန္တီပါရမီ၊ မေတ္တာပါရမီအစွမ်းဖြင့် ကျွတ် [illegible]လေသည်။

ဆရာတော်ကြီးသည် တော၊ တောင်၊ ကျေးရွာ၊ မြို့နယ်အသီးသီးသို့ အကျင့်သီလ စရဏဓမ္မအား အလေးအနက်ထား ကျင့်တော်မူသော ထူးခြားသည့် အကျင့်ကို အသီးသီး တွေ့မြင်ကြလျက် နောက်မှ ဆွမ်း၊ ကွမ်း၊ ဝေယျာဝစ္စအား ရှာစဉ်မပြတ် လိုက်လံလှူဒါန်းကြလေသည်။ ဆရာတော်ကြီးသည် ကေစာတစ်ပါးတည်းသာ ကျင့်၏။ သုံးလ (ရက် ၉၀) ပြည့်က ရွာသူရွာသားများက စုစည်းကြိုဆိုကြလေသည်။

ဆရာတော်ကြီးသည် အလှူတွင် ငွေကြေးဝတ္ထုအလှူ လုံးဝလက်မခံ။ သယ်ဆောင်ယူငင်ရသည့် ဗလီဗောဓအသုံးအဆောင်ပစ္စည်းကို စကျင့်သည့်အချိန်မှ ယနေ့တိုင်လက်မခံ။ ဤအကျင့်များကြောင့် မိမိထံအားကိုးကြသည်။ ရပ်ရွာ၊ မြို့နယ် အသီးသီးရှိ ဝေနေယျများအား ပတ္တပိုဏ်ဆွမ်းခံကျွေးသဖြင့် ခက်ခဲသော ဆေးမတွေ့ဝေဒနာဆိုး ခံစားနေရသော ဝေဒနာရှင်များစွာ ပျောက်ကင်းကြလေသည်။

## ရောဂါများစွာပျောက်သော ပတ္တပိုဏ်ဆွမ်း

အထူးသဖြင့် ဓမ္မသုခဆရာတော်ကြီး၏ ပတ္တပိုဏ်ဆွမ်းကို ဆေးအာဟာရအဖြစ် တမင်လာရောက်စားသုံးကြသည့် မြို့နယ်အသီးသီးတွင် ရန်ကုန်၊ ပြည် စသည့်မြို့ကြီးများ၊ အနယ်နယ်အရပ်ရပ်မှ ကျေးရွာများပါမကျန် နေ့စဉ်လူဦးရေ ရာဂဏန်းမျှကို မိမိ၏မေတ္တာ သစ္စာ အစရှိသော ပါရမီအဓိဋ္ဌာန်ခံ ဆွမ်းသပိတ်တစ်လုံးတည်းဖြင့် အမျှဝေကျွေးရာ အနာရောဂါဆိုးတို့မှ လွတ်ကင်းချမ်းသာရာ ရကြလေသည်။

အနယ်နယ်အရပ်ရပ်ရှိ ဝေနေယျတို့၏ ဆရာမှန်ဆေးမှန် မတွေ့နိုင်ဘဲ ခက်ခဲနက်နဲသော ရောဂါပြဿနာတို့အား အဓိဋ္ဌာန်ဆွမ်းခံ၊ ဆွမ်း၊ အဓိဋ္ဌာန်မေတ္တာရေ၊ အဓိဋ္ဌာန်ဆီ၊ အဓိဋ္ဌာန်ဆား စသည်တို့ကို အထူးသဖြင့် ဂါထာမန္တတ်အင်းမမှုပ်ဘဲ သီးခြားဆေးမပါ မြတ်ဗုဒ္ဓ၏ မူလမေတ္တာသက်သက်ဖြင့် ပျောက်ကင်းချမ်းသာစေခြင်းဖြင့် ပို၍လူသိများလာလေသည်။

ဆရာတော်ကြီးသည် တော၊ သချိုင်း စသည်များကို နှစ်ရှည်အဓိဋ္ဌာန်ကာလအတွင်း ထီးမဆောင်း၊ ဖိနပ်မစီး


www.burmeseclassic.com

www.burmeseclassic.com

လူနှင့်တိရစ္ဆာန်တို့ ပင်ပန်းခံကြရသော ဆိုက္ကား၊ နွားလှည်း၊ မြင်းလှည်း စသည့်ယာဉ်များ လုံးဝမစီးခဲ့ပါ။ ခြေလျင်ခရီးသာ အသွားများပါသည်။

## သုသာန်မှုတင်တည်ဆောက်က (သက်သတ်လွတ်) ဘောဇဉ်ပေးမှုရ

၁၉၇၉ ခုနှစ်က မုတ္တမကျွဲခြံဘုန်းကြီး ဦးဣန္ဒနှင့်အတူ မုဒုံမြို့နယ် ဘုန်းတော်ကြီးဦးသီလတောရကျောင်း၌ ခေတ္တနေကာ သုသာန်ဆင်း၍ ရှုတင်ဆောက်တည်ခြင်းကို လေ့လာနေစဉ် စိတ္တသုခတောရကျောင်းမှ ကြွလာသော ဓမ္မ ရှုတဆရာတော်နှင့်ဆုံ၍ သုသာန်ဆင်းခြင်းကိစ္စကို လျှောက်ထားဆွေးနွေးဖြစ်ရာ ဓမ္မဒူတဆရာတော်က အသားစားခြင်းကို သတိပေးတော်မူသည်မှာ တစ်ချိန်က ညညသုသာန်ဆင်း၍ ရှုတင်ဆောက်တည်လေ့ရှိသော ဆရာတော်ကြီးတစ်ပါး ဆွမ်းစားရာတွင် အသားဟင်းများကို သတိမထားမိဘဲ ဘုဉ်းပေးမိသော နေ့များတွင် ညဘက် သုသာန်ဆင်းရာ အကောင်အထည်ကို မမြင်ရသော်လည်း လျှာတစ်ခုက ဆရာတော်ကြီး၏ပါးစပ်ကို လာ၍လျက်လေ့ရှိသည်ကို ကြားဖူးသောကြောင့် သုသာန်ဆင်းနေစဉ် အသားဟင်းများကို သတိပြုဆင်ခြင်သင့်ကြောင်း အမိန့်ရှိသည်ကို မှတ်သားဖူးသည်။ ထိုသို့ ဓမ္မရှုတင်ဆရာတော် အမိန့်ရှိသောအခါ

မုတ္တမကျွဲခြံဆရာတော်ကျောင်းတွင် ရဟန်းတက်ရန် ဆန္ဒရှိသော်လည်း ရဟန်းမတက်မီ သာမဏေဝတ်ဖြင့် ခေတ္တနေသော ကိုရင်ကြီးတစ်ပါး သုသာန်ရှုတင်တည်ဆောက်လိုသည်ဟုဆိုကာ သုသာန်သို့ လိုက်လာရာ တစ်နေ့တွင် ညမှောင်ခါစအချိန်ရောက်သောအခါ ပျားများအုံဖွဲ့သကဲ့သို့ ယင်မဲရိုင်းများ ကိုရင်ကြီး၏ပါးစပ်တစ်ဝိုက် ကပ်ရောက်လာကြသည်။

ကိုရင်ကြီးက အသံပြုသဖြင့် ကိုရင်ကြီးအနီးသို့ ငှင်းကျွဲခြံဆရာတော်ရောက်သွားလျှင် ထိုယင်မရိုင်းများ အဝေးသို့ ရှဲသွားကြပြီး ကိုရင်ကြီးအနီးမှ ဆရာတော်ပြန်လာသောအခါ ယင်မမဲရိုင်းများ ပြန်ရောက်လာကြကြောင်း မေတ္တာပို့ရန်ပြောကြားပြီး မေတ္တာပို့စေသော်လည်း မထူးခြားသောကြောင့် မိမိအနီးတွင် တစ်ညလုံးခေါ်ထားမှသာ ထိုကိစ္စ ပြေငြိမ်းသွားကြောင်း။

သုသာန်၌ သီတင်းသုံးရာတွင် တစ်ပါးနှင့်တစ်ပါး တရားနှလုံးသွင်းချိန် အနှောင့်အယှက်မဖြစ်စေရန် မနီးမဝေးတွင်နေကြရသည်။ နောက်တစ်နေ့တွင် ကိုရင်ကြီးကို "မှားယွင်းမှု တစ်စုံတစ်ခုရှိသလော" ဟု မေးမြန်းရာ ကိုရင်ကြီးက ဆွမ်းခံရာတွင် ပါလာသော အသားဟင်းများ စားထားမိသည်ကို သိရှိရကြောင်း မုတ္တမကျွဲခြံဆရာတော်က အမိန့်ရှိသည်ကိုလည်း မှတ်သားရဖူးသည်။

ထိုသို့ ဖြစ်ကြရသည်မှာ သုသာန်ဆောက်တည်နေသည်ကိုလည်း သူတစ်ပါးတို့ မသိစေလို ဆွမ်းခံကြွစဉ်၌ ဘောဇဉ်စားနေသည်ကိုလည်း မသိစေလိုသောကြောင့် "ဘောဇဉ်စားပါသလား" ဟု လျှောက်ထားသော်လည်း တာဝန်မကြီးကြစေရန် "ကြုံသလိုဘဲ" ဟု မိန့်တော်မူသောကြောင့် ဆွမ်းလောင်းလှူကြသော ဒကာ၊ ဒကာမများက -

မိမိတို့ရှိရာကို လောင်းလှူကြရာ အသားဟင်းများ ပါလာသော်လည်း ဆွမ်းစားသောအခါ အသားဟင်းများကို ပါ ဘုဉ်းပေးထားမိသောကြောင့် ထိုသို့ဖြစ်သည်ဟု မိန့်တော်မူသည်။

သုသာန်ရှုတင် တည်ဆောက်ကြကုန်သော ရဟန်းရှင်လူ၊ သူတော်ကောင်းတို့သည် သတ္တဝါများ၏ အသားကို ဘောဇဉ်ပေးပြီး(သက်သတ်လွတ်)ဘုဉ်းပေးခြင်း၊ စားသောက်သုံးဆောင်ခြင်းတို့ဖြင့် အထက်ပါဖော်ပြခဲ့သော တိရစ္ဆာန်နှင့် နာမ်လောက ပရလောကသားတို့ လာရောက်နှောင့်ယှက်တိုက်ခိုက်ခြင်းတို့မှ ကင်းဝေးစေနိုင်ပါသည်။

**ကျော်ဇောဟိန်း(နံ့သာ)**

(ကိုးကား)

(၁) ဘဒ္ဒန္တဝဏ္ဏိတဆရာတော် သံဖြူဇရပ်၏ "သတိပြု ဖွယ်ရာ ဘောဇဉ်အစားအစာ"

(၂) မြေလတ်မြတ်သူ မှတ်တမ်းတင်ပူဇော်သည် သုံးဆယ် မြို့ ဓမ္မသုခကျောင်းတိုက်၏ ဦးစီးပဓာနနာယက ဆရာတော် ဘဒ္ဒန္တအရှင်ဉာဏ၏ ထေရုပ္ပတ္တိအကျဉ်း



www.burmeseclassic.com

www.burmeseclassic.com

# ကိုယ်စောင့်နတ်များနှင့် မိတ်ဆွေဖွဲ့၍

# အကူအညီတောင်းခံနည်း

သုခစုစံ(ကျိုက်လတ်)

ကိုယ်စောင့်နတ်၊ အိမ်စောင့်နတ်၊ ခြံစောင့်နတ်၊ လမ်းစောင့်နတ်၊ ရပ်ကွက်စောင့်နတ်၊ မြို့စောင့်နတ်၊ ရွာစောင့်နတ်၊ တိုင်းပြည်စောင့်နတ်၊ ကမ္ဘာစောင့်နတ်၊ အာကာသစောင့်နတ်၊ စကြဝဠာစောင့်နတ်၊ နေစောင့်နတ်၊ လစောင့်နတ်၊ မိုးစောင့် နတ်၊ မီးစောင့်နတ်၊ ရေစောင့်နတ်၊ လေစောင့်နတ်၊ မြေစောင့် နတ်၊ မြစ်စောင့်နတ်၊ ချောင်းစောင့်နတ်၊ တောစောင့်နတ် တောင်စောင့်နတ်၊ ပင်လယ်စောင့်နတ်၊ သမုဒ္ဒရာစောင့်နတ်၊ ဇရပ်၊ တန်ဆောင်း၊ ဂူ ကျောင်း၊ ဥမင်၊ ထို့ပြင်တစ်တန် ရေတွင်းရေကန်၊ ဆည်မြောင်း၊ တာတမံအသီးသီး၌ စောင့်ရှောက်နေကြသော နတ်ဒေဝါများ၊ ပိဋကတ်သုံးပုံ၊ ဗေဒင်လေးပုံစောင့်ကုန်များစွာ နတ်ဒေဝါများ၊ သာသနာ ၅၀၀၀ ကောင်းကျိုးဆောင်သော နတ်မင်းကြီးများ၊ အရပ်လေးမျက် နှာစောင့်နတ်မင်းကြီး ၁၆ ပါး အထက်အရပ်နှင့် အောက်အရပ်စောင့် နတ်မင်းကြီး နှစ်ပါး ဂြိုဟ်ရှစ်ခွင်ဆိုင်ရာ နတ်မင်းကြီးများ၊ နက္ခတ်ပိုင်းဆိုင်ရာ နတ်မင်းကြီးများ၊ သာသနာစောင့်နတ်မင်းကြီးများ အစရှိသည်ဖြင့် နတ်ဒေဝတာတို့သည် များပြားလှစွာ ရှိကြပါသေးသည်။

ထိုများပြားလှသော နတ်ဒေဝတာအပေါင်းတို့တွင် ကျွန်ုပ်တို့ လူသားများနှင့် အနီးကပ်ဆုံး၊ ဆက်စပ်ပတ်သက်သော နတ်များမှာ ကိုယ်စောင့်နတ် ၁၁ ပါးပင်ဖြစ်၏။ ကိုယ်စောင့်နတ် ၁၁ ပါးသည် ကျွန်ုပ်တို့လူသားများအား အနီးကပ်ဆုံး ကြည့်ရှုစောင့်ရှောက်လျက်ရှိသော နတ်ဒေဝတာများပင် ဖြစ်ကြပါသည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် ကိုယ်စောင့်နတ် ၁၁ ပါး၏ မေတ္တာနှင့် စောင့်ရှောက်မှုကို ရရှိရန် အထူးလိုအပ်လှပေသည်။

ကိုယ်စောင့်နတ် ၁၁ ပါး၏ မေတ္တာထားမှုနှင့် ကြည့်ရှုစောင့်ရှောက်မှုကို ရရှိရန် ကျွန်ုပ်တို့သည် ၎င်းတို့အား နေ့စဉ် မေတ္တာပို့သခြင်း၊ အမျှပေးဝေခြင်းတို့ကို အထူးပြုလုပ်ရပေမည်။ မေတ္တာစာတ်သည် နာမ်ဓာတ်ပင် ဖြစ်ပြားသော်လည်း ရုပ်ဓာတ်အလား များစွာထိရောက်စေပါသည်။ မေတ္တာပို့သခြင်းကို ပြုသောသူနှင့် ထိုမေတ္တာကို ခံယူသောသူတို့မှာ မည်သို့မျှ ဆက်စပ်ခြင်းမရှိပြားသော်လည်း မေတ္တာပို့ခြင်းကို ခံရသောသူများမှာ မေတ္တာဓာတ်အားကြီးလျှင် အားကြီးသည့်အလျောက် ချမ်းသာသုခအမျိုးမျိုးကို ရရှိခံစားနိုင်ကြပါပေသည်။

ရှေးဦးစွာ ကျေးဇူးတော်ရှင် ရွှေပေါ်ကျွန်းဆရာတော်ဘုရားကြီး၏ ကိုယ်စောင့်နတ် ၁၁ ပါး မေတ္တာပို့ကို ရေးသားဖော်ပြပေးပါမည်။

**မမကာယေ အာရက္ခဒေဝတာ**

**အဝေရာဟောန္တု၊ အဗျာပဇ္ဇာဟောန္တု**

**အနီဃာဟောန္တု၊ သုခီအတ္တာနံ ပရိဟရန္တု။**

ကျွန်ုပ်၏ကိုယ်၌ အမြဲမသွေ စောင့်ရှောက်၍နေကြပေကုန်သော နတ်မြတ်နတ်ကောင်း နတ်အပေါင်းတို့သည် ဘေးရန်ခပ်သိမ်း ကင်းငြိမ်းကြပါစေ၊ စိုးရိမ်ကြောင့်ကြ ဗျာပါဒကင်း၍ ဆင်းရဲခြင်းမှ ကင်းဝေးကြပါစေ၊ မိမိတို့၏ကိုယ်ကို ကောင်းစွာ စောင့်ရှောက်နိုင်ကြပါစေ၊ အချင်းချင်း မေတ္တာသက်ဝင် ချစ်ခင်ကြပါစေ။



www.burmeseclassic.com

www.burmeseclassic.com

၁။ သတ္တဘာဂနတ်မင်းသည် ကောင်းမြတ်ချမ်းသာ မင်္ဂလာနှင့် ပြည့်စုံပါစေ။ (နဖူးစာကို ရေးသည်။)

၂။ သူရဿတီနတ်မင်းသည် ကောင်းမြတ်ချမ်းသာ မင်္ဂလာနှင့် ပြည့်စုံပါစေ။ (ပညာကို တိုးပွားစေသည်။)

၃။ သကျနတ်မင်းသည် ကောင်းမြတ်ချမ်းသာ မင်္ဂလာနှင့် ပြည့်စုံပါစေ။ (စည်းစိမ်ဥစ္စာကို တိုးပွားစေသည်။)

၄။ မဟိရာဇာနတ်မင်းသည် ကောင်းမြတ်ချမ်းသာ မင်္ဂလာနှင့် ပြည့်စုံပါစေ။ (အိပ်မက်ကို ပေးစေတတ်သည်။)

၅။ ဝိဓပ္ပုရနတ်မင်းသည် ကောင်းမြတ်ချမ်းသာ မင်္ဂလာနှင့် ပြည့်စုံပါစေ။ (နိမိတ်ကိုပြသည်။)

၆။ ဇနသူရနတ်မင်းသည် ကောင်းမြတ်ချမ်းသာ မင်္ဂလာနှင့် ပြည့်စုံပါစေ။ (ကောင်းမှုပြုသည်ကို မှတ်သားသည်။

(၇) ကရဝိနတ်မင်းသည် ကောင်းမြတ်ချမ်းသာ မင်္ဂလာနှင့် ပြည့်စုံပါစေ။ (ကာမသုခကို ပေးတတ်သည်။)

(၈) ယောတကနတ်မင်းသည် ကောင်းမြတ်ချမ်းသာ မင်္ဂလာနှင့် ပြည့်စုံပါစေ။ (သွားလေရာရာသို့လိုက်၍ စောင့်ရှောက်တတ်သည်။)

(၉) ကလျာဏမိတ္တနတ်မင်းသည် ကောင်းမြတ်ချမ်းသာ မင်္ဂလာနှင့် ပြည့်စုံပါစေ။ (ကောင်းသောစကားကို ပြောဆိုရာ၌ မှတ်သားသည်။)

(၁၀) စန္ဒဒေဝီနတ်မင်းသည် ကောင်းမြတ်ချမ်းသာ မင်္ဂလာနှင့် ပြည့်စုံပါစေ။ (ကျက်သရေကို စောင့်ရှောက်သည်။)

(၁၁) နရိန္ဒာနတ်မင်းသည် ကောင်းမြတ်ချမ်းသာ မင်္ဂလာနှင့် ပြည့်စုံပါစေ။ (အိပ်သောအခါ ဦးခေါင်းရင်းက စောင့်ရှောက်သည်။)

အထက်ပါ နတ်မင်းများအား တစ်ပါးလျှင် တစ်ရက်ကျစီ ၁၀၈ ခေါက်ရအောင် မေတ္တာပွားများပေးပါ။

ဆက်လက်၍ ကိုယ်စောင့်နတ် ၁၁ ပါးအား မိတ်ဆွေဖွဲ့၍ အကူအညီတောင်းခံနည်းကို ရေးသားဖော်ပြပေးပါမည်။ "သူတော်ကောင်းများ၏ အဓိဋ္ဌာန်ကျင့်စဉ်လမ်း" စာအုပ်တွင်ပါသော ဝါးခယ်မမြို့နယ် ချွန်းစုဆရာတော်ဘုရားကြီး၏ နည်းလမ်းဖြစ်ပါသည်။

## ကိုယ်စောင့်နတ် ၁၁ ပါးနှင့် မိတ်ဆွေဖွဲ့၍ အကူအညီတောင်းခံခြင်း

၁။ မိမိကိုယ်၊ မိမိရုပ်၊ စိတ်ပါ သန့်ရှင်းအောင် ပြုပြင်ပါ။

၂။ အချိန်အခါမှာ နံနက်ပိုင်းဖြစ်ပါသည်။ (အကောင်းဆုံးမှာ အရုဏ်တက်ဖြစ်ပါသည်။)

၃။ စားပွဲတစ်လုံးကို ဘုရားစင်ရှေ့၌ သန့်ရှင်းသပ်ရပ်စွာ စီစဉ်ပါ။

၄။ စားပွဲပေါ်တွင် ငွေစက္ကူအသစ်ကိုသုံး၍ ငွေမွေ့ရာခင်းပါ။ (မတတ်နိုင်ပါက မလုပ်လည်းရသည်။)

၅။ ၎င်းအပေါ်တွင် သင့်တင့်သန့်ရှင်းလတ်ဆတ်သော ပန်းများနှင့် မွေ့ရာခင်းပါ။

၆။ ၎င်းအပေါ်တွင် ပန်းအိုး သုံးအိုး စိုက်ပါ။ အိုးတိုင်းတွင် အပွင့်ပန်း၊ အရွက်ပန်း၊ အညွန့်ပန်း သုံးမျိုးစီ တူညီစွာ ပါဝင်ပါစေ။ ပန်းအိုးတိုင်း၌ ဤအမှုကို ဆောင်

ယခု ဆောင်းပါးတွင်ပါဝင်သော ကိုယ်စောင့်နတ် ၁၁ ပါးမှာ လက်တွေ့ကျင့်ကြံ ပေါက်မြောက်အောင်မြင်ခဲ့ပြီးနောက် သိဒ္ဓိရှင်၊ မဟိဒ္ဓိရှင် ကျေးဇူးတော်ရှင် ရွှေပေါ်ကျွန်းဆရာတော်ဘုရားကြီး အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ အရှင်ဇေယျသိဒ္ဓိ ဓမ္မဉာဏိက ဆရာတော်ဘုရားကြီး၏မှု ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

ရွက်မည့်သူ၏ မွေးနံ့ပန်းကို သုံးအိုးလုံး၌ တူညီစွာ ပါဝင်ပါစေ။

၇။ သက်သတ်လွတ် ဆွမ်းတော်ပွဲ သုံးပွဲ တင်ထားပါ။

၈။ သောက်တော်ရေ သုံးခွက် တင်ထားပါ။

၉။ အလင်းတိုင် သုံးတိုင်ကို မီးမညှိသေးဘဲ စိုက်ထူထားပါ။

၁၀။ နံ့သာတိုင် သုံးတိုင်ကို မီးမညှိသေးဘဲ စိုက်ထူ တင်ထားပါ။

၁၁။ သစ်သီးဆွမ်း သုံးပန်းကန် တင်ထားပါ။ ပန်းကန်တိုင်းတွင် မျိုးမတူသစ်သီး သုံးမျိုး ပါဝင်ပါစေ။ တစ်ပန်းကန်နှင့် တစ်ပန်းကန်စီ သစ်သီးချင်း တူညီပါစေ။

၁၂။ ၎င်းနောက် ဘုရားထံတွင် ဘုရားရှိခိုး သရဏဂုံတည်ဆောက်ကာ အနည်းဆုံး ငါးပါးသီလကို မြဲမြံမည်ဟု စိတ်ချရသော တစ်ထိုင်ဥပုသ်ဆောက်တည်ပါ။

၎င်းနောက် ကိုယ်စောင့်နတ် ၁၁ ပါးဖြစ်သည့် သတ္တဘာဂနတ်မင်း၊ သူရဿတီနတ်မင်း၊ သကျနတ်မင်း၊ မဟိရာဇာနတ်မင်း၊ ဝါဓပူရနတ်မင်း၊ ဇနသူရနတ်မင်း၊ ကရဝါနတ်မင်း၊ ယောတကနတ်မင်း၊ ကလျာဏမိတ္တနတ်မင်း၊ စန္ဒဒေဝီနတ်မင်း၊ နရိန္ဒနတ်မင်းတို့အား အတူတကွ ဒါနပြုရန် ဖိတ်ကြားပါ။ ပင့်ဖိတ်ရာတွင် ရွတ်ဆိုရန်မှာ…

"ကိုယ်စောင့်နတ် ၁၁ ပါးဖြစ်ကြသော သတ္တဘောဂနတ်မင်း၊ သူရဿတီနတ်မင်း၊ သကျနတ်မင်း၊ မဟိရာဇာနတ်မင်း၊ ဝါဓပူရနတ်မင်း၊ ဇနသူရနတ်မင်း၊ ကရဝါနတ်မင်း၊ ယောတကနတ်မင်း၊ ကလျာဏမိတ္တနတ်မင်း၊ စန္ဒဒေဝီနတ်မင်း၊ နရိန္ဒနတ်မင်းများအပေါင်းတို့ ကျွန်ုပ်သည် အသင်တို့နှင့် အတူတကွ မြတ်ဒါနကုသိုလ်အမှုကို ပြုနိုင်ကြ ရန်အလို့ငှာ ဆွမ်းမွေ့ရာ၊ မိမိ၏ မွေးနံ့ပန်းအပါအဝင်ဖြစ်သော အရွက်ပန်း၊ အသွန့်ပန်း၊ အပွင့်ပန်းတို့ စိုက်ထားသည့် ပန်းအိုး သုံးအိုး၊ သောက်တော်ရေ သုံးခွက်၊ ဆွမ်းတော် သုံးပွဲ၊ သစ်သီးဆွမ်း သုံးပွဲ အလင်းတိုင် သုံးတိုင်၊ နံ့သာတိုင် သုံးတိုင် အစရှိသည့် လှူဖွယ်ပစ္စည်းဝတ္ထုအစုစုတို့ကို စီစဉ်ထားပြီးဖြစ်ပါသည်။ ၎င်းလှူဖွယ်ဝတ္ထုတို့ကို ဗုဒ္ဓမြတ်စွာဘုရားအား ကျွန်ုပ်နှင့် အတူတကွ ဆက်ကပ်လှူဒါန်းနိုင်ရန် ရှိသေစွာ ဖိတ်ကြားအပ်ပါသည်။

(ကြွရောက်တော်မူကြပါကုန်လော့၊ ကြွရောက်တော်မူကြပါကုန်လော့၊ ကြွရောက်တော် မူကြပါကုန်လော့)

၁၃။ ကိုယ်စောင့်နတ် ၁၁ ပါး အမှန်ပင် ကြွရောက်လာပြီဟု ယုံယုံကြည်ကြည် မှတ်ယူထားပါ။ ၎င်းနောက် အလင်းတိုင် သုံးတိုင်နှင့် နံ့သာတိုင် သုံးတိုင်ကို မီးထွန်းညှိပါ။

၁၄။ ၎င်းနောက် (အကျွန်ုပ်ပင့်ဖိတ်၍ ကြွရောက်လာကြကုန်သော ကိုယ်စောင့်နတ်အပေါင်းတို့ ဤခင်းကျင်းပြင်ဆင်ထားသော လှူဖွယ်ဝတ္ထုပစ္စည်းတို့ကို ကျွန်ုပ်နှင့်အတူတကွ ဗုဒ္ဓမြတ်စွာဘုရားအား ဆပ်ကပ်လှူဒါန်းကြပါကုန်လော့)ဟု ရွတ်ဆိုကာ စားပွဲအားမ၍ ဘုရားသို့ကပ်လှူပါ။

၁၅။ ၎င်းနောက် (အကျွန်ုပ်သည် အသင်တို့အား မေတ္တာစေတနာရှေ့ထား၍ ဗုဒ္ဓမြတ်စွာဘုရားအား မြတ်ဒါနအမှုပြုနိုင်ရန် စီစဉ်ပေးခဲ့ပြီး ဖြစ်ပါသည်။ အကျွန်ုပ်၏ မေတ္တာစေတနာကို ထောက်ထားသောအားဖြင့် အကျွန်ုပ်နှင့်တကွ မိသားစုများအား မေတ္တာစေတနာထားရှိပြီး ကူညီစောင့်ရှောက်ပါ။ ယခု ကြုံတွေ့နေရသော…ကိစ္စရပ်အတွက် ကူညီစောင့်ရှောက်၍ ဆောင်ကြဉ်းပေးပါရန် ရှိသေစွာ မေတ္တာရပ်ခံ ပန်ကြားအပ်ပါသည်။)ဟု ရွတ်ဆိုပါ။ (အထက်မှ ကွက်လပ်တွင် တရားသဖြင့်ဖြစ်သော မိမိ၏လိုအင်ဆန္ဒကို ထည့်၍ ရွတ်ဆိုပါ။)

ကိုယ်စောင့်နတ် ၁၂ ပါးဟူ၍လည်း မှတ်ကွဲရှိပါသည်။ ယခု ဆောင်းပါးတွင်ပါဝင်သော ကိုယ်စောင့်နတ် ၁၁ ပါးမှာ လက်တွေ့ကျင့်ကြံ ပေါက်မြောက်အောင်မြင်ခဲ့ပြီးနောက် သိဒ္ဓိရှင်၊ မဟိဒ္ဓိရှင် ကျေးဇူးတော်ရှင် ရွှေပေါ်ကျွန်းဆရာတော်ဘုရားကြီး အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ အရှင်ဇေယျသိဒ္ဓိမဏ္ဍလာဘိက ဆရာတော်ဘုရားကြီး၏မှ ဖြစ်ပါသည်။

ကောင်းမှုအကြောင်းပြု တောင်းဆုပြည့်ပါစေ။

သုခစုစံ(ကျိုက်လတ်)



www.burmeseclassic.com

www.burmeseclassic.com

# ဝိညာဉ်မင်းသားလေး
# တဝဲဝဲ တလည်လည်

ဝင်းသောင်(ရမည်းသင်း)



www.burmeseclassic.com

www.burmeseclassic.com

# ဝိညာဉ်မင်းသားလေး တဝဲဝဲ တလည်လည်

ဝင်းသောင်(ရမည်းသင်း)

"မေမေတို့ကတော့ လုပ်ပြီ။ တံခါးမကြီးကော သံဘာဂျာတံခါးပါ ပွင့်လို့ပါလား မေမေ"

"ဟုတ်တယ် သမီးရေ။ သမီးပြန်လာချိန်နီးပြီမို့ မေမေ ပုတီးစိပ်ရင်း စောင့်နေတာ သမီး"

"သမီးပြန်ရောက်ရင် ဘဲ(လ်)တီးမှာပေါ့ မေမေရယ်"

"တို့မေမေကတော့ သူ့သမီးတွေကို ခုအချိန်ထိ ကလေးတွေလို့ ထင်နေတုန်းပါလားနော်"

"မေမေ့စိတ်ထဲမှာတော့ သမီးတို့ ဘယ်အရွယ်ရောက်ရောက် ကလေးတွေလို့ပဲ ထင်ပါတယ် သမီးရယ်"

"သမီးတို့ကို မေမေသိပ်ချစ်မှန်း သိပါတယ် မေမေ။ သမီးပြောတာက မေမေ စိတ်ပင်ပန်းမှာစိုးလို့ ပြောတာပါ"

"ကဲ・・・ကဲ သမီး အိမ်ထဲဝင်။ အိမ်ထဲဝင်ပြီးတော့ ဘာဂျာတံခါးကော တံခါးမကြီးပါ ပိတ်လိုက်တော့။ သမီးကတော့ ညနေ ၉ နာရီလောက်မှ ရောက်မယ်တဲ့"

ဒေါ်စန်းကြည်တွင် သမီးနှစ်ယောက် ရှိသည်။ အကြီးမ မေသက်ထားကြည်နဲ့ အငယ်မက မေသက်ထားရည်လို့ ခေါ်ပါတယ်။ မေသက်ထားကြည်က ဘွဲ့ရ အထက်တန်း သူနာပြုဆရာမဖြစ်ပြီး မြို့လယ်က ဆေးရုံကြီးတစ်ရုံမှာ တာဝန်ထမ်းဆောင်ပါတယ်။ အငယ်မ မေသက်ထားရည်ကလည်း ဘွဲ့ရတစ်ယောက်ပါပဲ။ (・・・)မြို့နယ် အထွေထွေအုပ်ချုပ်ရေးရုံးမှာ (ဒုဦးစီးမှူး) တာဝန် ထမ်းဆောင်ပါတယ်။ လောလောဆယ်တော့ ဝန်ထမ်းလောကသားအရာရှိများ မလွဲမသွေ တက်ရမယ့် သင်တန်းတစ်ခုကို ဗဟိုဝန်ထမ်းတက္ကသိုလ် (ဖောင်ကြီး)မှာ တက်နေပါတယ်။ ညီအစ်မနှစ်ယောက်လုံးက နိုင်ငံ့ဝန်ထမ်းတွေပါ။

ဒေါ်စန်းကြည်အနေနဲ့ ခင်ပွန်းဖြစ်သူ အခွန်ဦးစီးမှူး ဦးကျော်လှရည် ကွယ်လွန်သွားတော့ ခြေမကိုင်မိ လက်မကိုင်မိဖြစ်ပြီး ရွှေတောင်ကြီးပြိုသွားသလို ခံစားရတဲ့အတွက် သမီးနှစ်ယောက်နဲ့ ရှေ့ခရီး ဘယ်သို့ဆက်ရမည် မတွေးတတ်အောင်ဖြစ်ပြီး အားငယ်လိုက်တာမှ လွန်ရောပဲ။ ဒါပေမယ့် တော်သေးတာက သွားလေသူခင်ပွန်း ဦးကျော်လှရည်အတွက် မိသားစုပင်စင်လစာနဲ့ သမီးနှစ်ယောက်ကလည်း ကိုယ်စီ အလုပ်အကိုင်တွေနဲ့မို့ တဖြည်းဖြည်း စိတ်ကိုထိန်းနိုင်ခဲ့တယ်။ ဒါကြောင့် ခင်ပွန်းသည်ကြီး ဦးကျော်လှရည် ရှိစဉ်ကတည်းက နေထိုင်ခဲ့တဲ့ ရှိရင်းစွဲတိုက်ခန်းမှာပဲ မိသားစုတွေ ဆက်နေဖြစ်ပါတယ်။ သူတို့အခန်းက အမှတ်(---)၊ မဟာဗန္ဓုလလမ်း (၅)လွှာ ကျောက်တံတားမြို့နယ်မှာ ရှိပါတယ်။

မြို့လယ်မှာရှိတဲ့ တိုက်ခန်းမှာနေကြတာမို့ ညီအစ်မနှစ်ယောက် အလုပ်သွားအလုပ်ပြန်အတွက်လည်း နီးတယ်လေ။ ကိုယ်ပိုင်ကား၊ ဘတ်(စ်)ကား ဘာကားမှ စီးစရာမလိုလို့ အတော်အဆင်ပြေပါတယ်။

တစ်ချိန်က အစိုးရရုံးပိတ်ရက်ကို စနေနေ့ဝက်နဲ့ တနင်္ဂနွေနေ့ သတ်မှတ်ထားတာမို့ ဒီနေ့ မေသက်ထားရည်တစ်ယောက် ဖောင်ကြီးဗဟိုဝန်ထမ်းကျောင်း ကြို/ပို့ယာဉ်နဲ့ နေ့လယ် ၂ နာရီလောက်ကပဲ အိမ်ပြန်ရောက်လာတာပါ။ ရောက်ရောက်ချင်း ဆောက်နဲ့ထွင်းလို့ ပြောရမလားပဲ။ တိုက်လှေကားကိုတက်လာရင်း ဒေါသဖြစ် ခံပြင်းစရာကိစ္စနဲ့ ကြုံခဲ့တာမို့ အိမ်ပေါ်ရောက်မှ မေမေနဲ့တွေ့ပြီး ရင်ဖွင့်လိုက်မဟဲ့လို့ တွေးကာ ခြေလှမ်းကျဲကျဲနဲ့ လှမ်းတက်ခဲ့ရာ တိုက်ခန်းမှာ သံဘာဂျာတံခါးကော သစ်သားတံခါးကြီးပါ ဟင်းလင်းပွင့်နေ

www.burmeseclassic.com

သဖြင့် အလွန်ပင် စိုးရိမ်သွားမိသည်။ ဧည့်ခန်းရှိ ဆက်တီခုံတွင် ပုတီးစိပ်နေတဲ့ မေမေ့ကိုတွေ့လိုက်မှ စိတ်အေးသွားကာ အထက်ပါအတိုင်း စကားတွေ ပြောဖြစ်ခဲ့သည်။

တကယ်တော့ ရန်ကုန်ရွှေမြို့တော်ရဲ့ လူနေမှုစံနစ်က တံခါးပိတ်စနစ်လို့ ပြောရမလားပဲ။ အိမ်တိုင်း အိမ်တိုင်း တိုက်ခန်းတိုင်း၊ တိုက်ခန်းတိုင်းဟာ အထဲမှာ လူရှိသည်ဖြစ်ဖြစ် မရှိသည်ဖြစ်ဖြစ် အမြဲတစေ သော့ခတ် အတွင်းက ချက်ထိုးထားတတ်ကြပါတယ်။ အိမ်သားဖြစ်ဖြစ်၊ ဧည့်သည်ဖြစ်ဖြစ်၊ နောက်ဆုံး အလှူခံပဲဖြစ်ဖြစ် အိမ်ရှေ့အပေါက်ဝတွင် တပ်ဆင်ထားတဲ့ လူခေါ်ခေါင်းလောင်းကိုနှိပ်၍ဖြစ်စေ၊ လက်နဲ့ တံခါးခေါက် အသံပြု၍ဖြစ်စေ အချက်ပြပါမှ အိမ်ရှင်က တံခါးဖွင့်ပေးလေ့ရှိပါတယ်။ တံခါးဖွင့်ပေးရာတွင် အိမ်ရှင်က တံခါးခေါက်လာသူ ဧည့်သည်ကို မည်သူမည်ဝါစစ်ဆေးပြီး ဖွင့်ပေးသင့်မှ ဖွင့်ပေးသောစံနစ်ဖြစ်ပါသည်။ ဒေါ်စန်းကြည်တို့မိသားစုလည်း ရန်ကုန်တွင် နေထိုင်ကြသူများဖြစ်၍ တံခါးပိတ်စံနစ်ကို ကျင့်သုံးကြပါသည်။

ဒီနေ့မှ ဒေါ်စန်းကြည် အစဉ်အလာဖျက်၍ သမီးငယ် သင်တန်းကျောင်းကပြန်လာမယ့် အချိန်နဲ့ကိုက်၍ သံဘာဂျာတံခါးနဲ့ သစ်သားတံခါးမကြီးကိုဖွင့်ကာ စောင့်နေတဲ့အတွက် သမီးမေသက်ထားရည် မည်သို့နားလည်ရမှန်းမသိအောင် ဖြစ်မိသည့်ပြင် ရင်ထဲ စိုးထိတ်မိသွားသည်။

မိခင် ဒေါ်စန်းကြည်ဘက်က ကြည့်ပြန်တော့လည်း လတ်တလော မိမိတို့တိုက်ကွင် မျက်နှာချင်းဆိုင် လူနေတိုက်ခန်း ၁၂ ခန်းရှိပြီး ညာဘက်အပေါ်ဆုံးထပ်မှာနေတဲ့ လူတစ်ယောက် လွန်ခဲ့သော ငါးရက်က ယာဉ်မတော်တဆဖြစ်မှုကြောင့် သေဆုံးသွားကာ မိမိတို့တိုက်လှေကားအတက်အဆင်းတွင် ကိုယ်ယောင်ပြ ခြောက်လှန့်နေကြောင်း ထဲထဲဝင်ဝင် ပြောနေဆိုနေကြသဖြင့် သမီးငယ် ဘုမသိဘမသိ လှေကားအတက်တွင် ခြောက်လှန့်ခံရလျှင် မထိတ်သာမလန့်သာဖြစ်မည်ကို အလွန်စိုးရိမ်မိသည်။ ဒါကြောင့် အမြဲပိတ်ထားတတ်တဲ့ သံဘာဂျာတံခါး သစ်သားတံခါးတွေကို ဖွင့်ကာ သမီးငယ်ကို အသင့်စောင့်ကြိုနေခြင်း ဖြစ်ပါသည်။

"ဒါနဲ့သမီး အိမ်ထဲမဝင်ခင် ပွစိပွစိနဲ့ မေမေ့ကို ဘာတွေပြောနေတာလဲ။ သင်တန်းမှာ အဆင်မပြေလို့လားဟင်"

"သင်တန်းမှာ အဆင်မပြေစရာ ဘာမှမရှိပါဘူးမေမေ။ ဒီလှေကားပေါ်တက်လာတော့မှ အဆင်မပြေတာ"

"ဘယ်လို…ဘယ်လို တိုက်လှေခါးပေါ်တက်လာတော့မှ အဆင်မပြေတာ ဟုတ်လားသမီး"

"ဟုတ်တယ်မေမေ။ အပေါ်ဆုံးထပ် ညာဘက်ခန်းမှာနေတဲ့ ကိုစောအောင်ပေါ့"

"ဟဲ့…ဟဲ့ မောင်စောအောင် ဟုတ်လား"

"ဟုတ်တယ် မေမေ။ သမီးနဲ့သူ ဒုတိယထပ်လှေကားထိပ်မှာ သမီးက အတက်၊ သူကအဆင်း မျက်နှာချင်းဆိုင် ပက်ပင်းတွေ့တယ်မေမေ။ သမီးကရယ်မောပြီး နှုတ်ဆက်ပါတယ်။ အဲဒါ သူက သမီးကို အဖက်မတန်သလိုနဲ့ ဘယ်လိုမှ အသိအမှတ်မပြုဘဲ အောက်ဆင်းသွားတယ်။ တော်သေးတာပေါ့ လှေကားမှာ အဲဒီအချိန်က အတက်အဆင်းမရှိကြလို့။ နို့မို့ဆို သမီးတော့ အရှက်ကွဲရောပဲ။ နောက်များတော့ သူ့လိုလူမျိုး ဘယ်တော့မှ မဆက်ဆံဘူး နှုတ်လည်းမဆက်တော့ဘူး"

"သိပ်လည်း ဒေါသမဖြစ်ပါနဲ့သမီးရယ်။ ကဲကဲ…မေမေ့နားမှာ လာထိုင်။ မေမေပြောပြမယ်"

"သမီးတွေ့ခဲ့တာ မောင်စောအောင် မဟုတ်ဘူးကွဲ့"

"မေမေကလည်း သမီးကိုယ်တိုင် မျက်စေ့နဲ့ မြင်ခဲ့တာ မောင်စောအောင် မဟုတ်ဘူးဆိုတော့ ကျားကိုက်ပါတယ်ဆို အပေါက်ကလေးနဲ့လားလို့ မေးသလို ဖြစ်နေပြီ"

"မောင်စောအောင်ဟာ လွန်ခဲ့တဲ့ ငါးရက်က ယာဉ်မတော်တဆမှုနဲ့ ကွယ်လွန်သွားပြီ။ နက်ဖြန် ရက်လည်ဆွမ်းသွတ်မှာ"

"အလိုလေး…ဗုဒ္ဓေါ…ဒါဆို ကိုစောအောင် သရဲဖြစ်ပြီး သမီးကို ခြောက်လှန့်တာပဲ။ သမီးကြောက်လိုက်တာ မေမေ"

"အေး…ဒါကြောင့် မေမေ တံခါးတွေဖွင့်ပြီး စောင့်နေတာပေါ့။

ဒီတိုက်ကလူတွေ တော်တော်များများ ခြောက်လှန့်တာခံရတယ်၊ သူခြောက်လှန့်တာက ကြောက်လန့်စရာ သွေးပျက်စရာရုပ်သွင် ဖန်တီးပြတာ မဟုတ်တော့ တချို့လူတွေက အမှုအမှတ်မဲ့ဖြစ်ပြီး မသိကြဘူး။ သုံးသေဆိုတာသိတဲ့ သူများကသာ အခြောက်ခံရပြီဆိုတာ သိလိုက်ကြတာ"



www.burmeseclassic.com

www.burmeseclassic.com

"သမီးလည်း သင်တန်းတက်နေလို့ ကိုစောအောင်သေတာ မသိဘူး။ ဒါကြောင့် သူ့ကို ဝိညာဉ်သရဲတစ္ဆေပဲရယ်လို့ မထင်ဘူး။ အိမ်ပေါ်ရောက်ပြီး မေမေကပြောပြမှ အမလေး · ·· ကြောက်လိုက်တာလို့ဖြစ်သွားတာ။ ဒါနဲ့ မမက တစ်ခါတလေ ည ၉ နာရီ၊ ၁၀ နာရီလောက်မှ အိမ်ပြန်ရောက်တာ သူ မကြောက်ဘူးလား မေမေ"

"ဆရာဝန်တွေ၊ သူနာပြုဆရာမတွေဆိုတာ သရဲတစ္ဆေမကြောက်ကြဘူးကွဲ့၊ သူတို့အဖို့ ရိုးနေပြီ"

"ကိုစောအောင်အနေနဲ့ သေပြီးတာနဲ့ ဝိညာဉ်တစ္ဆေသရဲ ဖြစ်သွားတဲ့သဘောလား မေမေ"

"အဲဒီလို ကျိန်းသေပြောလို့ မရဘူးကွဲ့၊ မောင်စောအောင်သေတာ နေ့[illegible]ယ်ပိုင်း။ ယာဉ်မတော်တဆဖြစ်ဖြစ်[illegible]ချင်း သေတာမဟုတ်ဘူး။ ဆေးရုံ[illegible]ရောက်ပြီး ညလယ်လောက်ထိ ဆေးကု[illegible]ခွင့်ရခဲ့သေးတယ်။ မသေခင် သတိ[illegible]စ်နေတဲ့သဘောပဲ။ အဲဒီအချိန်မှာ [illegible]ညာဉ်က စိတ်စွဲရာ ဟိုရောက် သည်[illegible]ရာက် ရောက်နေတယ်ထင်တာပဲ။ [illegible]ာင်စောအောင် ယာဉ်မတော်တဆ[illegible]နဲ့ မရှေးမနှောင်းပဲ (၄)လွှာမှာ [illegible]တဲ့ ဒေါ်မြရွှေတို့သားအမိ ဘုတာ[illegible]က ညှော်သည်ပို့ပြီး ပြန်လာကြ[illegible]တဲ့၊ တိုက်လှေကားအတက်မှာ [illegible]မြရွှေတို့သားအမိနဲ့ မောင်စော[illegible]င်တို့ တတိယထပ်လှေကား[illegible]အတက်မှာ ရင်ဆိုင်တိုးကြ[illegible] နှုတ်မဆက် ဘာမဆက် လှစ်[illegible] ကပွတ်ရှောင်ပြီး ဆင်းသွား[illegible] ဒေါ်မြရွှေက ဒီကောင် ဘာများ ဒီလောက်အရေးကြီးသွားတာလဲလို့ ခပ်မာမာပြောလိုက်ပေမယ့် ဘာမှ ပြန်မပြောဘူးတဲ့။ ဒေါ်မြရွှေတို့နဲ့ မောင်စောအောင်တို့က နှစ်အိမ့်တစ်အိမ် ခင်ခင်မင်မင်နေကြသူတွေလေ။ အဲဒီဖြစ်စဉ်က မောင်စောအောင်သေတဲ့ ညဉ့်က ဖြစ်စဉ်ပေါ့"

"ဒေါ်မြရွှေတို့သားအမိ အိမ်နားရောက်တော့ အပေါ်ဆုံးထပ်မှာ လူတွေအဝင်အထွက်များနေတာတွေ့လို့ ဘာဖြစ်ကြတာလဲစုံစမ်းကြည့်တော့ ကိုစောအောင်တစ်ယောက် ယာဉ်မတော်တဆမှုကြောင့် စောစောက ဆေးရုံမှာ ဆုံးသွားပြီလို့ သိလိုက်ရတာပဲတဲ့"

"ဒါဆို လှေကားအဆင်းအတက်မှာ ဒေါ်မြရွှေတို့သားအမိနဲ့ တွေ့လိုက်ရတဲ့ ကိုစောအောင်ဟာ ဝိညာဉ်ဘဝရောက်နေတဲ့ ကိုစောအောင်ပေါ့နော်"

"ဒါပေါ့ သမီးရယ်"

"သမီးတော့ အောက်ကိုဆင်းရမှာ ကြောက်သွားပြီ မေမေ"

"မကြောက်ပါနဲ့ သမီးရယ်။ နက်ဖြန်ဆို ရက်လည်ပြီမို့ သူတို့မိသားစုတွေ ဆွမ်းသွတ်အမျှပေးဝေဖို့ အသင့်ပြင်ထားကြပါပြီ။ မောင်စောအောင်အနေနဲ့လည်း ရက်မလည်မီ သူဝင်ထွက်ခွင့်ရနိုင်တဲ့ နေရာလေးကို စိတ်ထဲရှိတဲ့အတိုင်း ဝင်ထွက်နေတဲ့သဘောပါ။ သပိတ်သွတ်အမျှဝေပြီးရင်တော့ သူဝင်ထွက်သွားလာခွင့်မရှိတော့တာမို့ တွေးပြီး မကြောက်ပါနဲ့တော့ သမီးရယ်။ တိုက်သာယာရေးအဖွဲ့ကလည်း မောင်စောအောင်အတွက် သက်ဆိုင်ရာမိဘတွေက သပိတ်သွတ် အမျှအတန်းဝေပြီးတဲ့နေ့ ညနေပိုင်းမှာ ပရိတ်ရွတ်ဦးမှာပါ"

"ဒါဆို ကိုစောအောင်အနေနဲ့ ဝိညာဉ်တစ္ဆေသရဲဘဝက လွတ်သွားမှာလား မေမေ"

"အဲဒါတော့ ကံသေကံမ ဘယ်သူမှ မပြောနိုင်ပါဘူး သမီးရယ်။ နောက်နောက်က သူပြုခဲ့တဲ့ ကုသိုလ်၊ အကုသိုလ်ကံအကြောင်းတရားတွေနဲ့ပဲ ဆိုင်ပါတယ်"

ဒေါ်မြကြည်သည် သမီးငယ်မေသက်ထားရည်၏ အမေးကို သေချာဂန ရှင်းပြနိုင်ခြင်းမရှိသဖြင့် သူသိသမျှ ပြောပြကာ စကားစဖြတ်လိုက်သည်။

ကိုစောအောင်အတွက် သက်ဆိုင်ရာမိသားစုက ဆွမ်းသွတ်အမျှဝေခြင်း၊ တိုက်သာယာရေးကော်မတီမှ ပရိတ်ရွတ်ခြင်းများ ဆောင်ရွက်ပြီးနောက် ဒေါ်မြကြည်တို့တိုက်တွင် ဘာခြောက်လှန့်တာမျိုးမှ လုံးဝမရှိတော့ပါ။ သို့သော် ၁၉၆၂ ခုနှစ် ကိုစောအောင် ယာဉ်မတော်တဆဖြစ် သေဆုံးခဲ့သည်ကို အကြောင်းပြု၍ ကောလဟာလ အမျိုးမျိုး ထွက်သဖြင့် တိုက်ခန်းအရောင်းအဝယ် အလွန်ကောင်းသော ထိုနေရာတွင် တိုက်ခန်းအရောင်းအဝယ် ဈေးကွက်ပျောက်ခဲ့ရသည်။

ကိုစောအောင်ကြောင့် ဈေးကွက်ပျောက်ခဲ့ရသည့် နေရာတွင်ရှိသော တိုက်အိုတိုက်ဟောင်းကြီးကို ဖျက်ကာ ခုတော့ အဆင့်မြင့်ဈေးကွက်ဝင် တိုက်သစ်ကြီးတစ်တိုက်ကို တည်ဆောက်ပြီးဖြစ်ရာ ကိုစောအောင်သာ သိနိုင်မြင်နိုင်မည်ဆိုလျှင် · · ·။

**ဝင်းသောင်(ရမည်းသင်း)**



www.burmeseclassic.com

www.burmeseclassic.com

# ဝိဇ္ဇာဓိုရ်ကပေးသော ယတြာလေးတစ်ခု

**ခင်ကြီးခင်ခင်(မြန်မာစာ)**

ဤယတြာအား ယုံကြည်မှုရှိသော မည်သည့်နေ့သားသမီးမဆို လုပ်နိုင်ပါသည်။ ခုနစ်ရက်သားသမီးများအားလုံး ပုံစံအတူတူ ပြုလုပ်နိုင်ပါသည်။ ယုံကြည်မှုရှိဖို့သာ အရေးကြီးပါသည်။ ယုံကြည်မရှိသူများ မလုပ်ကြပါနှင့်။ အဘယ်ကြောင့်ဆိုသော် ယနေ့ခေတ်ကြီးသည် အိုင်တီခေတ်ဖြစ်ပြီး သိပ္ပံပညာ အလွန်တိုးတက်ထွန်းကားအသုံးပြုသော ခေတ်ဖြစ်လေရာ ဝိဇ္ဇာပညာရပ်များအား ယုံကြည်သူ အလွန်နည်းပါးကြ၍ ဖြစ်ပါသည်။

ကျွန်မအား ဤယတြာကို စေတနာဖြင့် ပေးလာသူမှာ ရောဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့နယ်၌ တိုင်းရင်းဆေးပညာ ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်(အငြိမ်းစား) M.B.B.S (YGN) DPTM (YGN) FRSH (LONDON), DR. SEIN YI မှ ဖြစ်ပါသည်။ ဒေါက်တာစိန်ရီသည်လည်း အစပထမပိုင်းကမူ ဤဝိဇ္ဇာပညာရပ်များအား ယုံကြည်မှုမရှိခဲ့သေးပါ။ သို့သော် ဝိဇ္ဇာဓိုရ်ကြီးများသည် ဒေါက်တာစိန်ရီမှာ သူတို့၏ ပဋ္ဌာန်းဆက်ဖြစ်နေသောကြောင့် မရရအောင် ခေါ်ယူ၍၊ သူတို့၏ တန်ခိုးတေဇာအမျိုးစုံနှင့် ပြသ၍ ယုံကြည်ခစခဲ့ပါသည်။ ထို့ကြောင့် ယခုအခါ ဒေါက်တာစိန်ရီသည် ဝိဇ္ဇာဓိုရ်တို့ပေးလာသော သာသနာပြုလမ်းစဉ်များကို လိုက်နာကျင့်ကြံ၍ ရာသက်ပန် သက်သတ်လွတ်စားခဲ့ပြီ။ အသက် ၈၅ နှစ်ခန့် ရှိသော်လည်း ကျန်းမာအသက်ရှည်စွာရှိ၏။ ဝိဇ္ဇာဓိုရ်ဆရာတော်ကြီးများသည် လူပုထုဇဉ်တို့အား တိုက်ရိုက်စကားပြောဆိုခြင်းများကား အလွန်ရှားပါး၏။ အများအားဖြင့် သူတို့၏တပည့်ကျော် ဘိုးတော်များမှတစ်ဆင့်သာလျှင် ပြောကြားတတ်သည်။ သို့ဖြင့် လွန်ခဲ့သော ၄၅ နှစ်က ဘိုးတော်ထွန်းအောင်မှတစ်ဆင့် ရရှိသော ဤယတြာကို အများပြည်သူတို့ သိရှိစေရန် ကျွန်မအား ရေးခိုင်းခဲ့၏။ ဤယတြာကား

၁။ ကတက်ပင်ကိုင်း ခုနစ်လက်မရှယ် သုံးချောင်း

၂။ အုန်းညွန့် ခုနစ်ညွန့်

၃။ ကံ့ကော်ညွန့် ခုနစ်ညွန့်

၄။ သပြေညွန့် ခုနစ်ညွန့်

အားလုံးစုစုပေါင်း ၂၄ ညွန့်တို့အား ဒန်အိုးမှလွဲ၍ မည်သည့်ပန်းအိုးနှင့်မဆို ထည့်နိုင်၏။ ကြွေပန်းအိုးဆိုလျှင် ပို၍ကောင်း၏။ ဤအညွန့် ၂၄ ညွန့်အပေါ်မှနေ၍ ရေ ၂၄ ငွန်း လောင်းထည့်၍ ဘုရားစင်ပေါ်တင် ပူဇော်ပါ။ ပြီးလျှင် နေ့စဉ် ၂၄ ပစ္စည်း ပဋ္ဌာန်းတော်ကို ပုတီး ၂၄ ပတ်စိပ်၍ လိုရာဆုတောင်းကြပါ။ အညွန့်များ ခြောက်သွားလျှင် အသစ်ပြန်လဲပါ။ ထိုကတတ်ကိုင်းညွန့်တွင် အညွန့်အတက်များထွက်ခဲ့ပါက အောင်နိမိတ်၊ အောင်အတိတ်ပြ ခြင်းဖြစ်သည်။ သင်တို့၏ အကြံအစည် မုချအောင်မြင်ပါလိမ့်မည်။ ဤသို့ကတတ်ညွန့်တွင် အတက်အညွန့် မထွက်ခဲ့ပါလျှင်လည်း စိတ်ဓာတ်မကျကြပါနှင့်။ ယုံကြည်စွာဖြင့် နေ့စဉ် ယတြာဆက်လုပ်၍ ပုတီးဆက်စိပ်ပါ။ တစ်ချိန်ချိန်တွင် အကြံအစည်များ ပြည့်ဝပါလိမ့်မည်။ ဝိဇ္ဇာဓိုရ်တို့ သဘောကား သူတို့အား ယုံကြည်စွာ ကိုးကွယ်သူများကို ပစ်မထားပါချေ။ မ၅ စောင့်ရှောက်မည် အမှန်ဖြစ်ပါကြောင်းကို စေတနာဖြင့် သတင်းကောင်းပါးလိုက်ပါသတည်း။

**ခင်ကြီးခင်ခင်(မြန်မာစာ)**

www.burmeseclassic.com


# သိသာစေကြောင်း

# မင်္ဂလာနိမိတ်ကောင်း

ဒေါက်တာမင်းသိခ်၏နည်းစနစ်အတိုင်းဟောသည်

# ဒေါက်တာစောယုနွယ်

တကယ်ဆိုတော့ ....

မိမိဘဝရဲ့ ကောင်းခြင်း၊ ဆိုးခြင်းဖြစ်ပျက်မှုတွေကို မိမိဘာသာ မိမိအသိဆုံးပါ။ ဒါပေမယ့် ပွဲမစခင် ပြည့်ဖုံးကားနောက်ကွယ်မှာ ဘာတွေလုပ်နေတယ်ဆိုတာကို ကြိုတင်ပြီး သိချင်ကြတာဟာ လူ့ဘဝရဲ့ မွတာပါပဲ။ ပြည့်ဖုံးကားနောက်ကွယ်က ဇာတ်ရုပ်တွေဟာ တစ်ခါတစ်ခါကျတော့ ပျော်စရာကောင်းတာတွေ တွေ့ရသလို၊ တစ်ခါတစ်ခါကျတော့လည်း စိတ်ရှုပ်စရာတွေလည်း တွေ့ရတတ်ပါတယ်။

အချိန်အခါ နေရာဒေသကြောင့် သင့်ဘဝရဲ့ ပြည့်ဖုံးကားကို လှစ်ခနဲသာ ဖွင့်လှစ်ပြသလိုက်ရတာကြောင့် စာမျက်နှာများမှ သင့်ဘဝရဲ့ အဖြစ်အပျက် အစိတ်အပိုင်း တစ်ခုတလေသာ မြင်ရမှာဖြစ်လို့ ဘဝဇာတ်ခုံပေါ်မှာ ဆောင်စုံ အစုံအလင်နဲ့ သင့်ဘဝအပြည့်အစုံကို မြင်ချင်တယ်ဆိုရင်ဖြင့် ....



- အမှတ်(၂၀၅/က)
  ပိတောက်(၅)လမ်း၊
  မြို့သစ်(၈)၊
  ဘုရင့်နောင်ရိပ်သာ၊
  အင်းစိန်မြို့နယ်၊ ရန်ကုန်။
  ဖုန်း ၀၁-၆၄၃၀၃၀


www.burmeseclassic.com

www.burmeseclassic.com

## ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလအတွက် ဟောစာတမ်း

### တနင်္ဂနွေ သားသမီး



သင်သည် ယခုကာလတွင် မထင်မှတ်တဲ့ အပြောင်းအလဲတွေ ကြုံတွေ့ရတတ်ပါတယ်။ အလုပ်နေရာ ပြောင်းရွှေ့ရတတ်တယ်။ အလုပ်သစ်တစ်ခုလည်း လုပ်ရတတ်တယ်။ အိမ်နေရာအသစ်ရခြင်း၊ နေရာထိုင်ခင်း မွမ်းမံပြင်ဆင်ရခြင်း၊ ပြောင်းရွှေ့ရခြင်းများ ကြုံရတတ်တယ်။ ခရီးတို၊ ခရီးရှည်များ သွားနေရလိမ့်မယ်။ မထင်မှတ်ဘဲ ပညာတစ်ခု သင်ကြားရခြင်း၊ သင်တန်းတစ်ခု တက်ရခြင်းများ ပြုလုပ်ရတတ်တယ်။ မရည်ရွယ်ဘဲ မြေဝင်တတ်တယ်။ အလုပ်ကောင်းပေမယ့် နည်းနည်းတော့ သတိထားပါ။ မိမိအပေါ် မကောင်းကြံခြင်း၊ မကောင်းပြောခြင်းများ ခံရတတ်တယ်။ လူမျိုးခြားလည်း ဒုက္ခပေးတတ်တယ်။ လက်အောက်ငယ်သားအတွက် စိတ်ညစ်စရာ ကြုံရလိမ့်မယ်။ ရွှေနှင့် ရတနာပစ္စည်းများ ထွက်တတ်တယ်။ အစိုးရဝန်ထမ်းများအဖို့ ပစ်စာ၊ တိုင်စာ ကြုံရတတ်တယ်။ ဒါပေမဲ့ တနင်္ဂနွေ၊ သောကြာသားသမီး အကြီးအကဲတို့က အကူအညီကောင်း ပေးလိမ့်မယ်။ အင်္ဂါ၊ စနေ နာမည်ပါသော ကျန်းမာရေးညံ့သော သက်ကြီးရွယ်အိုများ အိမ်သို့လာရောက်တည်းခိုလှုံဆုံးပါးသွားတတ်တယ်။ ပြည်ပခရီးသွားလျှင် အကျိုးပေးသောကာလ ဖြစ်တယ်။ ကျန်းမာရေးအနေဖြင့် ဆေးမှား၊ အစာမှားဖြစ်တတ်တယ်။ ဆရာဝန် ညွှန်ကြားချက်မပါဘဲ ဆေးမသောက်ရပါ။ ခြေထောက်တွင် အန္တရာယ်ဖြစ်တတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ ဝါးညွန့်(၄)ညွန့်၊ ပေါက်ပန်းဖြူညွန့်(၅)ညွန့်၊ ထီးအနီရောင်(၁၀)ခုတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

**ကံကောင်းသောရက်**

သောကြာ၊ တနင်္ဂနွေ

**ညံ့သောရက်**

အင်္ဂါ၊ စနေ

**ကံကောင်းသောနံပါတ်**

၁၆၊ ၆၀၊ ၁၂၊ ၆၇

**အထူးသတိပြုရန်**

ယခုကာလတွင် ခြံ၊ ကား ရောင်းချ၍ လုပ်ငန်းသစ် စတင်ခြင်းမျိုး မပြုလုပ်ပါနှင့်။

**ကံကောင်းပြီး လာဘ်ရွှင်စေရန်**

မိမိနေအိမ်ကဘုရားတွင် တနင်္ဂနွေနေ့နှင့် သောကြာနေ့တိုင်း အုန်းဆွမ်း ၆ ပန်းကန် လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလအတွက် ဟောစာတမ်း

## တနင်္လာ သားသမီး



သင်သည် ယခုကာလတွင် ဘာပဲလုပ်လုပ် အပင်ပန်းခံသလောက် အကျိုးမရှိတတ်ဘူး။ အနစ်နာခံ အရှုံးပေးပြီး နှလုံးအေးအောင်နေပေမယ့်လည်း ကိုယ့်ကို ဖိနှိပ်တဲ့သူ များနေတတ်တယ်။ လုပ်ငန်းသစ် စပ်တူလုပ်ဖို့ အကူအညီကောင်းတွေ ရလာတတ်တယ်။ ဆိုင်တစ်ဆိုင်ဖွင့်ဖို့ဆိုရင် ယခုကာလဟာ အကောင်းဆုံးပါ။ စက်ပစ္စည်းတွေလည်း ဝင်တတ်တယ်။ စပ်တူလုပ်ဖို့ဆိုရင် တနင်္ဂနွေသားသမီး၊ အင်္ဂါသားသမီး အကောင်းဆုံးပါပဲ။ ယခုကာလတွင် ထီမထိုးသင့်ပါ။ ထီပေါက်လျှင်မိသားစုအတွင်း ကျန်းမာရေး ညံ့သွားတတ်တယ်။ မသွားချင်သောခရီးများ၊ စိတ်ညစ်စရာခရီးများ သွားရတတ်တယ်။ အထက်လူကြီး၊ ဆွေမျိုးအကြီးအကဲတို့က မိမိအပေါ် အထင်လွဲတတ်တယ်။ အမွေလုပွဲ၊ မြေလုပွဲတွေလည်း ဖြစ်တတ်တယ်။ အိမ်ငှား၊ မြေငှား အမှုအခင်းသေးသေးလေးတွေ လိုက်လံဖြေရှင်းပေးရတတ်တယ်။ အိမ်မှာ သုံးနေတဲ့ ရေပိုက်တွေ၊ ရေကန်တွေ ပြုပြင်ရတတ်တယ်။ ပြည်ပခရီးစဉ် နောက်ဆုတ်ရတတ်တယ်။ ယခုရောက်ရှိနေတဲ့ကာလတွင် တပေါင်းလ၊ ကဆုန်လများ ပါဝင်နေရင် မမျှော်လင့်ဘဲ ငွေရတတ်တယ်။ သားသမီးများ ကျန်းမာရေး အနည်းငယ်ညံ့တတ်တယ်။ ရွှေထည်ပစ္စည်း ထွက်တတ်တယ်။ ယခုကာလတွင် ရွှေဝယ်မိပါက ဝယ်သူ၏ ဇနီး၊ ခင်ပွန်း အိမ်ကနေထွက်သွားတတ်တယ်။ မိမိအိမ်မှ ကိုယ်ဝန်ဆောင်သည် အိမ်မှာ မမွေးရ။ အပြင်မှ ကိုယ်ဝန်ဆောင်သည် လာမွေးလျှင်ကောင်းပါတယ်။ လေနှင့်ပတ်သက်သော ဝေဒနာ ခံစားရတတ်တယ်။ ဝမ်းပျက် ဝမ်းလျှော ဖြစ်တတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ ဝါးညွန့်(၄)ညွန့်၊ ပေါက်ပန်းဖြူညွှန့်(၅)ညွှန့်၊ ကုက္ကား(၁၉)ခုတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

တနင်္ဂနွေ၊ အင်္ဂါ

### ညံ့သောရက်

တနင်္လာ၊ ကြာသပတေး

### ကံကောင်းသောနံပါတ်

၃၇၊ ၃၁၊ ၁၃၊ ၁၅

### အထူးသတိပြုရန်

ယခုကာလတွင် အလုပ်တွေကို မတိုးချဲ့ပါနှင့်ဦး။
အမှုမဖြေရှင်းရပါ။ မဖြစ်မနေ ရှင်းရမယ်ဆိုရင် အရှုံးပေးလိုက်ပါ။

### ကံကောင်းပြီး လာဘ်ရှင်စေရန်

မိမိနေအိမ်ကဘုရားတွင် တနင်္ဂနွေနေ့နှင့် အင်္ဂါနေ့တိုင်း ဆွမ်းပူဇော်တွင် ဆီဆမ်း၊ ဆားဖြူး၍ အုန်းသီးတစ်စိတ်တင်ပြီး လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလအတွက် ဟောစာတမ်း

## အင်္ဂါ သားသမီး



သင်သည် ယခုကာလတွင် ပျော်ရွှင်ရမယ့်အချိန် ဖြစ်ပါတယ်။ အဖက်ဖက်မှ စိတ်ချမ်းသာစရာများ ကြုံတွေ့လာရလိမ့်မယ်။ မမျှော်လင့်ဘဲ အလှူတစ်ခုလည်း လုပ်ရတတ်တယ်။ လုပ်ငန်းသစ်များ စတင်ရတတ်တယ်။ ထိုလုပ်ငန်းများသည်လည်း လွန်စွာအကျိုးပေးအောင်မြင်မယ်။ အလုပ်နေရာ၊ အိမ်နေရာ ပြောင်းရွှေ့ရတတ်တယ်။ ဘုရားဆင်းတုတော်၊ ပုံတော်များ ကြွလာမယ်။ နာရေးကိစ္စကို အကြောင်းပြု၍ ခရီးသွားရတတ်တယ်။ မိမိကို မခေါ်တဲ့သူတွေက ပြန်ခေါ်၊ နှိမ်ချခဲ့တဲ့သူတွေက ပြန်မြှောက်ပင့်ပြီး ပခုံးပေါ်ထမ်းတင်ခြင်းမျိုး ကြုံတွေ့ရတတ်တယ်။ ဒါပေမဲ့ ဆရာသမားကဲ့သို့သော ပုဂ္ဂိုလ်များနှင့် အဆင်မပြေ ဖြစ်တတ်တယ်။ လုပ်ဖော်ကိုင်ဖက် မိတ်ဆွေများနှင့် အဆင်မပြေ လမ်းခွဲရတတ်တယ်။ မြေကိစ္စ၊ အမွေကိစ္စများလည်း ဖြေရှင်းပေးရတတ်တယ်။ အိမ်ထောင်သည်တွေအဖို့ ဂရုစိုက်ပါ။ အထင်အမြင်လွဲခြင်း၊ အစွပ်အစွဲခံရခြင်းမျိုး ဖြစ်တတ်တယ်။ ယခုရောက်ရှိနေသောကာလတွင် တပို့တွဲလ၊ တပေါင်းလများ ပါနေရင် အနည်းငယ် ဂရုစိုက်ပါ။ ကျန်းမာရေးအနေဖြင့် အစားမှား၊ ဆေးမှားခြင်း၊ သွားဒုက္ခပေးခြင်းများ ဖြစ်တတ်တယ်။ အဆိပ်ရှိသောအကောင် အကိုက်ခံရတတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီး ဘုရားတစ်ဆူ၏ မွေးနံထောင့်၌ ဝါးညွန့်(၄)ညွန့်၊ ဒပါက်ပန်းဖြူညွန့်(၅)ညွန့်၊ ယပ်အဖြူရောင်(၆)ခုတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

ဗုဒ္ဓဟူး၊ တနင်္လာ

### ညံ့သောရက်

အင်္ဂါ၊ သောကြာ

### ကံကောင်းသောနံပါတ်

၂၄၊ ၄၂၊ ၄၆

### အထူးသတိပြုရန်

ယခုကာလတွင် မိသားစုအားလုံး ဆိတ်သားဟင်း မစားရ။ အင်္ဂါနေ့နှင့် သောကြာနေ့များတွင် သဇင်ပန်း မလှူရ။

### ကံကောင်းပြီး လာဘ်ရွှင်စေရန်

မိမိနေအိမ်ကဘုရားတွင် မွေးနေ့တိုင်း စာတ်ကြီးလေးပါးဆွမ်းကပ်လှူပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလအတွက် ဟောစာတမ်း

## ဗုဒ္ဓဟူး သားသမီး



သင်သည် ယခုကာလတွင် စည်းစိမ်ဥစ္စာများ တိုးပွားတတ်တယ်။ ကျေးဇူးရှင် မိဘတွေကို ပြန်လည်စောင့်ရှောက်နိုင်မယ့်ကာလ ဖြစ်ပါတယ်။ စီးပွား သိသိသာသာတက်မယ်။ သိကြားမ,လိုက်သကဲ့သို့ လက်ရှိအခြေအနေထက် များစွာမြင့်တက်သွားလိမ့်မယ်။ လုပ်ငန်းဟောင်းများ ပြန်ပေါ်တတ်တယ်။ ဝန်ထမ်းဖြစ်လျှင် ရာထူးတက်ခြင်း၊ အခြေအနေ အဆင့်အတန်း မြင့်တက်ခြင်းများ ကြုံမယ်။ အထက်လူကြီးများက ကြည့်ရှုစောင့်ရှောက်လိမ့်မယ်။ မိတ်ဆွေကောင်း ဆရာကောင်း တွေ့မယ်။ သင်တန်းတစ်ခုတက်ရခြင်း၊ ပညာကောင်းရခြင်းများ ကြုံမယ်။ စားမေးပွဲဖြေဆိုထားလျှင် အောင်မြင်မယ်။ ပြည်ပကလည်း ကိုယ့်ကို လာရောက်ဖို့ ခေါ်ယူတာမျိုး ကြုံတွေ့ရတတ်တယ်။ မြေတစ်ကွက် ဝင်တတ်တယ်။ မိမိအိမ်မှာ စေ့စပ်မင်္ဂလာပွဲ လုပ်ရတတ်တယ်။ သူများမင်္ဂလာပွဲအတွက်လည်း ပါဝင်လုပ်ဆောင်ပေးရတတ်တယ်။ လွတ်လပ်ပြီး အရွယ်ရောက်သူဆိုလျှင် အိမ်ထောင်ကျတတ်တယ်။ မင်္ဂလာဆောင်လျှင် စည်ကားတဲ့ မင်္ဂလာပွဲ ဖြစ်မယ်။ အဖိုးတန် ကျောက်မျက်ရတနာတစ်ခု ဝင်လာတတ်တယ်။ အပျို၊ လူပျိုတွေအဖို့ မြောက်အရပ်က ချစ်သူရည်းစား ရတတ်တယ်။ အလုပ်တွင် အတိုက်အခံ အနည်းငယ် ကြုံရတတ်တယ်။ ရင်းနှီးသူများနှင့် အဆင်မပြေ လမ်းခွဲရတတ်တယ်။ သူတစ်ပါးကြောင့် အမှုအခင်းများနှင့် ပတ်သက်ရတတ်တယ်။ စိုးရိမ်စရာ မရှိပါ။ စပ်တူရှယ်ယာလုပ်ငန်းများ ပေါ်လိမ့်မယ်။ လုပ်လျှင် အောင်မြင်ပါလိမ့်မယ်။ စက်ရုံတစ်ခု ထူထောင်ခြင်း၊ စက်ပစ္စည်းအသစ် ဝင်ခြင်းများ ကြုံရလိမ့်မယ်။ အိမ်ထောင်ရှိသူဆိုလျှင် အိမ်ထောင်ဖက်နှင့် ပတ်သက်ပြီး စိတ်ညစ်ရတတ်တယ်။ ကျန်းမာရေးအနေဖြင့် နှလုံး၊ လေနှင့် ပတ်သက်၍ ကျန်းမာရေးညံ့ခြင်း၊ ဒူး၊ နား ဒုက္ခ ပေးခြင်းများ ဖြစ်တတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက် (၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ ဝါးညွန့်(၄)ညွန့်၊ ပေါက်ပန်းဖြူညွန့်(၅)ညွန့်၊ တံခွန်ဖြူ(၂၁)ခုတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

အင်္ဂါ၊ ကြာသပတေး

### ညံ့သောရက်

စနေ၊ ဗုဒ္ဓဟူး

### ကံကောင်းသောနံပါတ်

၅၅၊ ၃၃၊ ၃၅၊ ၅၃

### အထူးသတိပြုရန်

ယခုကာလတွင် နာရေး လုံးဝမသွားပါနှင့်။
ညအိပ်ညနေ နာတာရှည် လူမမာများ လာရောက်ဆေးကုပါက လက်မခံပါနှင့်။

### ကံကောင်းပြီး လာဘ်ရွှင်စေရန်

မိမိနေအိမ်ဘုရားတွင် ကြာသပတေးနေ့တိုင်း ဆီထမင်း(၈)ပုံ တစ်ပန်းကန်၊ စံပယ်ပန်း(၈)ကုံး တစ်ပန်းကန် လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလအတွက် ဟောစာတမ်း

## ကြာသပတေး သားသမီး



သင်သည် ယခုကာလတွင် မရသေးတာတွေ ရလာလိမ့်မယ်။ ရပြီးသားတွေ တိုးပွားလာမယ်။ အလှူအတန်းကိစ္စတွေ ကြုံရတတ်တယ်။ ငွေအစုလိုက် အပုံလိုက် ဝင်လာလိမ့်မယ်။ အလုပ်မှလည်းကောင်း၊ ထီပေါက်၍လည်းကောင်း ဝင်လာတတ်တယ်။ လက်ရှိအခြေအနေထက် အဆပေါင်းများစွာ စီးပွားတက်လိမ့်မယ်။ အဖိုးတန်ကျောက်မျက်ရတနာများ ဝင်မယ်။ လူမျိုးခြား၊ နိုင်ငံခြားနှင့် ပတ်သက်သောကိစ္စများ အကျိုးပေးအောင်မြင်လိမ့်မယ်။ ကိုယ်ပိုင်လုပ်ငန်း လုပ်နေသူများ လုပ်ငန်းတွေ အများကြီး တိုးချဲ့ရတတ်တယ်။ ဝန်ထမ်းဆိုလျှင် ရာထူးတက်မယ်။ ပညာရေးကိစ္စ၊ သင်တန်းကိစ္စများကို အကြောင်းပြု၍ စိတ်ညစ်ရတတ်တယ်။ ရွှေထွက်ခြင်း၊ ရွှေအတွက် ပြောဆိုဖြေရှင်းရခြင်းများ ကြုံရတတ်တယ်။ ရွှေဝယ်လျှင် အသစ်များသာ ဝယ်သင့်တယ်။ ဆွေမျိုးအကြီးအကဲနှင့် ပတ်သက်ပြီး ကျန်းမာရေးညံ့တဲ့သတင်း ကြားရတတ်တယ်။ သက်ကြီးရွယ်အိုထဲမှ တနင်္ဂနွေ၊ ဗုဒ္ဓဟူး အမည်ပါတဲ့သူတွေရှိရင် တခြားကို ရွှေ့ထားပါ။ လက်အောက်ငယ်သားများနဲ့ ပတ်သက်ပြီး စိတ်ပူရတတ်တယ်။ လုပ်ငန်းတွေကို အင်နဲ့အားနဲ့ တိုးချဲ့ပါ။ ဖြတ်လမ်းနည်းတော့ မလိုက်ပါနှင့်။ လက်ရှိလုပ်နေတဲ့ အလုပ်ကို တိုးချဲ့လုပ်ပါ။ အလုပ်ပြောင်းပြီး မလုပ်ပါနှင့်။ ပြည်ပခရီး သွားရတတ်တယ်။ မကြာခဏ ခရီးသွားရတတ်တယ်။ ကျန်းမာရေးအနေဖြင့် ဝမ်းဗိုက်၊ ဦးခေါင်း ဒုက္ခပေးတတ်တယ်။ မတော်တဆ ထိခိုက်ဒဏ်ရာ ရတတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ ဝါးညွန့်(၄)ညွန့်၊ ပေါက်ပန်းဖြူညွန့်(၅)ညွန့်၊ ကနက္ကကဒါန်ထီးဖြူ(၁)ခုတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

တနင်္လာ၊ စနေ

### ညံ့သောရက်

တနင်္ဂနွေ၊ ဗုဒ္ဓဟူး

### ကံကောင်းသောနံပါတ်

၂၁၊ ၂၇၊ ၇၂၊ ၇၆

### အထူးသတိပြုရန်

မိမိအိမ်အနီးတွင် ကလေးတစ်ယောက် ရေနစ်သောနိမိတ်၊ အရူးတစ်ယောက် ကခုန်သောနိမိတ်တွေ့ပါက ဝင်လာစရာရှိသော လာဘ်လာဘများ၊ လုပ်ငန်းများ နှောင့်နှေးတတ်ပါတယ်။

### ကံကောင်းပြီး လာဘ်ရှင်စေရန်

မိမိနေအိမ်ဘုရားတွင် ငွေထီး(၉)လက် လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလအတွက် ဟောစာတမ်း

## သောကြာ သားသမီး



သင်သည် ယခုကာလတွင် အနည်းငယ် ညှံ့နေပါတယ်။ အညှံ့ကြီး မဟုတ်ပေမဲ့ ထင်သလောက် အောင်မြင်မှု မရရှိနိုင်သေးတဲ့ ကာလဖြစ်ပါတယ်။ သင်တန်းတစ်ခုတက်ရခြင်း၊ အဖွဲ့အစည်းတစ်ခုခုသို့ ဝင်ရောက်ရခြင်းများ ကြုံရတတ်တယ်။ နားချိန်မရလောက်အောင် အလုပ်ရှုပ်မယ်။ လွန်စွာ ပင်ပန်းနေလိမ့်မယ်။ အလုပ်တွင် မပျော်ဘဲ ဖြစ်နေတတ်တယ်။ ပြောင်းရန် စိတ်မကူးပါနှင့်ဦး။ ပြောင်းလျှင် အဆင်မပြေနိုင်သေးပါ။ အထက်လူကြီး၊ ကြီးကဲသူတို့က ကူညီမ,စလိမ့်မယ်။ မြေတစ်ကွက် ဝင်တတ်ပါတယ်။ နိုင်ငံရပ်ခြားနှင့် ဆက်သွယ်သောကိစ္စများ၊ လူမျိုးခြားနှင့် တွဲပြီးလုပ်ရသော အလုပ်များ အောင်မြင်လိမ့်မယ်။ လူငယ်လူရွယ်များ မိန်းမခိုးခြင်း၊ ယောကျ်ားနောက်လိုက်ခြင်းများ ပြုလုပ်လျှင် ဆွေပြတ်မျိုးပြတ်ဖြစ်ကုန်တတ်တယ်။ ဘာသာရေးနှင့် ပတ်သက်သော ပုံတော်များ ဝင်လာလိမ့်မယ်။ အိမ်တွင် ကိုယ်ဝန်ဆောင်သည်ရှိလျှင် ဆေးရုံ၌ မွေးပါ။ အလှူရက်၊ မင်္ဂလာရက် ရွှေ့ရတတ်တယ်။ ဆွေမျိုးသားချင်းထဲမှ နာရေးကြုံရတတ်တယ်။ ယခုကာလတွင် ကြွေးပေးခြင်း၊ ကြွေးတောင်းခြင်း မပြုပါနှင့်။ အမွေ သို့မဟုတ် အမွေကဲ့သို့သော ပစ္စည်းများ ရတတ်တယ်။ ယခုအချိန် လက်ခံပါက အလဟဿ ကုန်သွားတတ်တယ်။ ကျန်းမာရေးအနေဖြင့် စိတ်ထောင်းကိုယ်ကြေ ဖြစ်နေတတ်တယ်။ မိန်းကလေးဖြစ်ပါက သွေးဖောက်ပြန်ပြီး စိတ်နှင့်ပတ်သက်သော ဝေဒနာ ခံစားရတတ်တယ်။ ယောကျ်ားလေးဖြစ်လျှင် ဝမ်းဗိုက်နှင့်ပတ်သက်သော ဝေဒနာ ခံစားရတတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် တန်ခိုးကြီးဘုရားဗုဒ္ဓဆူ၏ မွေးနံထောင့်၌ ပန်းညွန့်(၁)ညွန့်၊ ပေါက်ပန်းဖြူညွန့်(၅)ညွန့်၊ ယပ်အဝါရောင်(၁၇)ခုတို့ကို လှူပေးပါ။ အညှံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

ကြာသပတေး၊ စနေ

### ညှံ့သောရက်

တနင်္လာ၊ သောကြာ

### ကံကောင်းသောနံပါတ်

၇၅၊ ၅၇၊ ၅၉

### အထူးသတိပြုရန်

ယခုကာလတွင် ဇိမ်ခံလိုစိတ်ဖြင့် အိပ်ရာကောင်းကောင်းဖြင့် မအိပ်ပါနှင့်။ အိပ်လျှင် ကျန်းမာရေးချူချာခြင်း၊ ပြဿနာဟောင်းများ၊ ရောဂါဟောင်းများ ပြန်ပေါ်လာခြင်းမျိုး ကြုံတွေ့ရတတ်တယ်။

### ကံကောင်းပြီး လာဘ်ရွှင်စေရန်

ဒိမိနေအိမ်ကဘုရားတွင် ကြာသပတေးနေ့နှင့် စနေနေ့တိုင်း ထမင်းပေါ် ပျားရည်ဆမ်းပြီး လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလအတွက် ဟောစာတမ်း

## စနေ သားသမီး



သင်သည် ယခုကာလတွင် မပြည့်စုံတာတွေ ပြည့်စုံလာလိမ့်မယ်။ အလုပ်နေရာ အိမ်နေရာ ပြင်ဆင်မွမ်းမံရခြင်း၊ ပြောင်းရွှေ့ရခြင်း လုပ်ရတတ်တယ်။ လုပ်ငန်းသစ်ပေါ်ခြင်း သို့မဟုတ် လက်ရှိအလုပ်နှင့် ပတ်သက်၍ အဆက်အသွယ်သစ်များ ပေါ်လာလိမ့်မယ်။ လုပ်ငန်းနှင့် ပတ်သက်ပြီး နာမည်ကောင်းရခြင်း၊ နေရာကောင်းရခြင်း၊ လုပ်ငန်းတိုးချဲ့ရခြင်းများ လုပ်ရတတ်တယ်။ အိမ်ထောင်မရှိသူများ အိမ်ထောင်ကျတတ်သောကာလ ဖြစ်တယ်။ ဘုရားဖူးခရီး သွားရတတ်တယ်။ ပြည်ပခရီးသွားလျှင်လည်း အဆင်ပြေမယ်။ ဘုရားဆင်းတုတော်၊ စွယ်တော်၊ ရဟန္တာပုံတော်များ ကြွလာတတ်တယ်။ လက်ဝတ်ရတနာ ရွှေထည်ပစ္စည်းများ ဝင်လာတတ်တယ်။ ယခုကာလတွင် ဝယ်သော ရွှေထည်ပစ္စည်းသည် ရာသက်ပန် အကျိုးပေးတတ်တယ်။ ကွဲကွာနေသော ဆွေမျိုးများနှင့် ပြန်ဆုံမယ်။ ရပ်ဝေးမှ ဆွေမျိုးသားချင်းများ ရောက်လာတတ်တယ်။ စက်ပစ္စည်း အသစ်လဲရခြင်း၊ ထွက်နေသော စက်ပစ္စည်းများ ပြန်ဝင်မယ်။ မြေကိုအကြောင်းပြု၍ စိတ်ညစ်ရတတ်တယ်။ မြေအဝင် မခံရပါ။ မဖြစ်မနေ မြေဝယ်ရမယ်ဆိုရင် ဖျာချောချောလေးတစ်ချပ် ရဟန်းတစ်ပါးကို လှူလိုက်ပါ။ လူမျိုးခြား၊ ဘာသာခြားတွေ မစတတ်တယ်။ အလုပ်တွင် အတိုက်အခံ အပြိုင်အဆိုင် ကြုံမယ်။ အတိုက်အခံမှန်သမျှ အနိုင်ရပါလိမ့်မယ်။ ငယ်ရွယ်သူများအဖို့ အချစ်ရေးတွင် လမ်းခွဲရလောက်အောင် ပြဿနာ ဖြစ်တတ်တယ်။ မိသားစုအကြီးအကဲ လုပ်ငန်းအကြီးအကဲတို့ကြောင့် စိတ်ညစ်ရတတ်တယ်။ ရပ်ဝေးမှ ဆရာတော်တစ်ပါး ကြွလာတတ်တယ်။ ထီပေါက်သကဲ့သို့ ငွေများဝင်တတ်တယ်။ ငွေဝင်ခါနီးတွင် အထစ်အငေါ့ ကြီးစွာ ဖြစ်တတ်တယ်။ ကျန်းမာရေးအနေဖြင့် အမြင့်မှ လိမ့်ကျတတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅) နာရီတွင် တန်ခိုးကြီး ဘုရားတစ်ဆူ၏ မွေးနံထောင့်၌ ဝါးညွန့်(၄)ညွန့်၊ ပေါက်ပန်းဖြူညွန့်(၅)ညွန့်၊ ငှက်ပျောသီး ရပ်စုံ (၆)ခုတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

ဗုဒ္ဓဟူး၊ သောကြာ

### ညံ့သောရက်

တနင်္ဂနွေ၊ ကြာသပတေး

### ကံကောင်းသောနံပါတ်

၆၄၊ ၆၂၊ ၄၆၊ ၄၂

### အထူးသတိပြုရန်

အိုးပိုင်၊ အိမ်ပိုင် ရနိုင်သော ကာလဖြစ်သောကြောင့် သူတစ်ပါး၏ မင်္ဂလာကိစ္စများ တာဝန်ယူ၍ ဆောင်ရွက်ခြင်း၊ သူများ၏ အိမ်ထောင်ပရိဘောဂပစ္စည်းများ လက်ခံခြင်းမျိုး မပြုလုပ်သင့်ပါ။

### ကံကောင်းပြီး လာဘ်ရွှင်စေရန်

မိမိနေအိမ်ဘုရားတွင် ဗုဒ္ဓဟူးနေ့နှင့် သောကြာနေ့တိုင်း လက်သုပ်ဆွမ်း လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com



# ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလအတွက် ဟောစာတမ်း

## ရာဟု သားသမီး



သင်သည် ယခုကာလတွင် အနည်းငယ် ညံ့တတ်ပါတယ်။ သွားဖို့ကြံရွယ်ထားတဲ့ ခရီးစဉ်တွေ ပျက်ပြီး မရည်ရွယ်သော ခရီးများ သွားရတတ်တယ်။ သူတစ်ပါးကိစ္စအတွက် ခရီးသွားရတတ်တယ်။ နိုင်ငံရပ်ခြားနှင့် ပတ်သက်သော ကိစ္စများ အောင်မြင်မယ်။ လူမျိုးခြား ကူညီမှုပေးတတ်တယ်။ ပြည်ပခရီးသွားမယ်ဆိုလျှင် ယခုကာလတွင် သွားလိုက်ပါ။ စိတ်အနှောင့်အယှက်ဖြစ်စရာ အနည်းငယ် ကြုံရပေမယ့် အောင်မြင်မှု ရရှိပါလိမ့်မယ်။ မိသားစုအတွင်း စိတ်ဝမ်းကွဲစရာတွေ ကြုံရတတ်တယ်။ ကိုယ်ရည်ရွယ်တာတခြား၊ မိသားစု ဖြစ်ချင်တာတခြား ဖြစ်နေတတ်တယ်။ အတတ်ပညာတစ်ခု သင်ကြားရတတ်တယ်။ ဝန်ထမ်းဆိုလျှင် အလုပ်နှင့်ပတ်သက်တဲ့ သင်တန်းတက်ရခြင်း၊ စာမေးပွဲဖြေဆိုရခြင်းများ ကြုံရတတ်တယ်။ ပညာရေးကောင်းပါတယ်။ တယ်လီဖုန်းကိစ္စ ဆောင်ရွက်ရတတ်တယ်။ ငွေဝင်နည်းပေမယ့် ထိက်ကောင်းတဲ့ကာလ ဖြစ်ပါတယ်။ ကိုယ်ပိုင်လုပ်ငန်း လုပ်နေသူများအဖို့ လုပ်ငန်းများ အောင်မြင်တော့မလိုလိုနှင့် အခက်အခဲကြီးစွာ ကြုံရတတ် တယ်။ အလုပ်တွင် အပျက်အစီး၊ အဆုံးအရှုံး၊ အလေအလွင့် များနေတတ်တယ်။ လက်ရှိအလုပ် ပြောင်းချင်စိတ် ပေါ်လာမယ်။ ပြောင်းလျှင် ပိုဆိုးသွားတတ်တယ်။ မိတ်ဆွေရင်းများနှင့် လမ်းခွဲရတတ်တယ်။ အလှူပွဲ၊ မင်္ဂလာပွဲများ အထစ်ငေါ့ဖြစ်ခြင်း၊ ရက်ရွှေ့ရခြင်းများ ကြုံရတတ်တယ်။ ငွေအတွက် ပြောဆိုဖြေရှင်းရတတ်တယ်။ ငွေပျောက်ခြင်း၊ ကြွေးတင်ခြင်းမျိုး ဖြစ်တတ်တယ်။ မိမိနှင့် ပတ်သက်သောသူ၏ အမှုကို လိုက်လံဖြေရှင်းပေးရတတ်တယ်။ ကျန်းမာရေးအနေဖြင့် အစာအဆိပ်ဖြစ်ခြင်း၊ ခြေထောက်၊ သွား ဒုက္ခပေးခြင်းများ ဖြစ်တတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ ဝါးညွန့်(၄)ညွန့်၊ ပေါက်ပန်းဖြူညွန့်(၅)ညွန့်၊ ကြက်လျှာအစိမ်းရောင်(၈)ခုတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

ကြာသပတေး၊ စနေ

### ညံ့သောရက်

တနင်္လာ၊ သောကြာ

### ကံကောင်းသောနံပါတ်

၅၁၊ ၅၇၊ ၃၅၊ ၃၇

### အထူးသတိပြုရန်

ယခုကာလတွင် အိမ်ပြင်ခြင်း၊ အိမ်ဆောက်ခြင်း၊ အိမ်ပြောင်းခြင်း မပြုပါနှင့်။ မည်သည့်ပစ္စည်းမှ မငှားပါနှင့်။

### ကံကောင်းပြီး လာဘ်ရွှင်စေရန်

မိမိနေအိမ်ကဘုရားတွင် ကြာသပတေးနေ့နှင့် စနေနေ့တိုင်း နို့ဆွမ်း(၁၂)ပန်းကန် လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# နိုင်ငံခြားရောက် မြန်မာများအတွက်

## အထူးဟောကိန်း

**ဒေါက်တာစောယုနွယ်**

(၂၀၁၇-ခုနှစ်၊ ဇန်နဝါရီလ)

ယခုကာလမှာ ကျွန်မတို့ ဗုဒ္ဓဘာသာမြန်မာလူမျိုး၊ လူငယ်လူရွယ်အချို့ဟာ နိုင်ငံရပ်ခြားကို သွားရောက်ပြီး အလုပ်လုပ်ခြင်း၊ ပညာရှာခြင်းတွေ လုပ်နေကြပါပြီ။ အဲဒီလို တိုင်းတစ်ပါးမှာ သွားရောက်လုပ်ကိုင်သူတွေအဖို့ အားကိုးရာမှာ ကျွန်မတို့ကိုးကွယ်ဆည်းကပ်တဲ့ မြတ်ဗုဒ္ဓရဲ့ လမ်းညွှန်မှုတွေပါပဲ။ မြတ်ဗုဒ္ဓကို ကြည်ညိုလေးစားတဲ့ ဗုဒ္ဓဘာသာဝင်တွေအဖို့ ဘယ်နေရာ ဘယ်ဒေသရောက်ရောက် သရဏဂုံတည်ခြင်း ရှိခဲ့ပါလျှင် ဘေးဥပါဒ်အန္တရာယ်တွေကင်းပြီး လိုအင်ဆန္ဒတွေ ပြည့်ဝတယ်ဆိုတာ အားလုံးအသိပါပဲ။ ရတနာသုံးပါးကို ကြည်ညိုလေးစားတဲ့သူတွေအဖို့ ၎င်းတို့ရဲ့ အခက်အခဲလေးတွေကို ပြေလည်စေဖို့ရန် ကျွန်မတတ်တဲ့ လောကီပညာရပ်တွေနဲ့ ကူညီလိုက်ရပါတယ်။ အကယ်၍များ ဘဝဇာတ်စုံ အဖုံဖုံကို သိချင်တယ် ဆိုရင်ဖြင့် စာဖြင့်သော်လည်းကောင်း၊ အခြားဆက်သွယ်နိုင်မည့် နည်းလမ်းများနှင့်သော်လည်းကောင်း ဆက်သွယ်ခဲ့မယ် ဆိုပါက . . .

**ဒေါက်တာစောယုနွယ်**

အမှတ်(၂၀၅/က)၊ ပိတောက်(၅)လမ်း၊ မြို့သစ်(ဂ)၊ ဘုရင့်နောင်ရိပ်သာ၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁ ၆၄၃၀၁၀

## တနင်္ဂနွေသားသမီးများအတွက်

အိမ်အသစ်ပြောင်းခြင်း သို့မဟုတ် အိမ်အသစ်ဝယ်ခြင်းများ ပြုရတတ်တယ်။ မိတ်ဆွေတစ်ယောက်က ကူညီမည်။ အလုပ်အကိုင် အဆင်ပြေပြီး ရာထူးတစ်ဆင့်တိုးမည်။ လုပ်ပိုင်ခွင့်များ ရရှိမည်။ ခရီးအကျိုးပေးသောကာလဖြစ်သည်။ အိမ်နီးချင်းနိုင်ငံများသို့ သွားရမည်။ အမြင့်မှ လိမ့်ကျတတ်သည်။

**ယတြာ**

မိတ်ဆွေတစ်ဦးကို သစ်သီးယို တစ်ဘူး လက်ဆောင်ပေးလိုက်ပါ။

## တနင်္လာသားသမီးများအတွက်

မိမိအပေါ် ပြဿနာလုပ်နေသူတွေက အမြင်မှန်ရပြီး ငြိမ်းချမ်းရေးစကားပြောမည်။ မိမိအပေါ် အထင်လွဲနေသော အလုပ်ရှင်နှင့် ပြန်လည်သင့်မြတ်မည်။ အလုပ်နှင့်ပတ်သက်ပြီး မော်တော်ကား ရမည်။ စာရွက်စာတမ်း လက်မှတ်ထိုးခြင်းကိစ္စကို အလျင်စလို မလုပ်ပါနှင့်။ နိုင်ငံခြားသားများနှင့် အဆင်ပြေမည်။

**ယတြာ**

မိတ်ဆွေတစ်ဦးကို ကြက်ကင် ဝယ်ကျွေးပါ။

www.burmeseclassic.com

www.burmeseclassic.com

## အင်္ဂါသားသမီးများအတွက်

လူမျိုးခြား ကူညီခြင်း၊ နိုင်ငံရပ်ခြားနှင့် ပတ်သက်သောကိစ္စများ အောင်မြင်မည်။ ငွေကြေးကိစ္စ အဆင်မပြေခြင်း၊ လုပ်ဖော်ကိုင်ဖက်များနှင့်လည်း စိတ်ဝမ်းကွဲတတ်သည်။ မနာလိုသူ ပေါ်မည်။ ငွေအတွက် ပြောဆိုဖြေရှင်းရတတ်သည်။ မထင်မှတ်ဘဲ ခရီးသွားရတတ်သည်။

ယတြာ

မိတ်ဆွေတစ်ဦးကို ထောပတ်ပေါင်မုန့် ဝယ်ကျွေးပါ။

---

## ဗုဒ္ဓဟူးသားသမီးများအတွက်

ဝန်ထမ်းများ အထက်လူကြီး၏ အထင်အမြင်လွဲမှားမှု ခံရတတ်သည်။ သူတစ်ပါးအတွက် အာမခံ မလိုက်ပါနှင့်။ အလုပ်အခက်အခဲ ကြုံနေမည်။ ကားအက်ဆီးဒင့်ဖြစ်တတ်သည်။ ငွေကျပျောက်တတ်သည်။

ယတြာ

မိတ်ဆွေတစ်ဦးကို ထောပတ်တစ်ထုပ် လက်ဆောင်ပေးပါ။

---

## ကြာသပတေးသားသမီးများအတွက်

အလုပ်ပြောင်းရန် ကြံစည်ထားသူများ မကြာခင် အကြံအစည် အောင်မြင်မည်။ ငွေဝင်သောကာလဖြစ်သော်လည်း ငွေလိမ်ခံရတတ်သည်။ မော်တော်ကားကိစ္စ အဆင်ပြေမည်။ မသွားချင်သော နေရာများ သွားရလိမ့်မည်။

ယတြာ

မိတ်ဆွေတစ်ဦးကို အုန်းသီးပါသောမုန့် ဝယ်ကျွေးပါ။

---

## သောကြာသားသမီးများအတွက်

ဝန်ထမ်းဖြစ်လျှင် ရာထူးတိုးမည်။ သို့မဟုတ် လုပ်ပိုင်ခွင့်ရမည်။ အလုပ်အတွင်း အတိုက်အခံကြုံမည်။ မမျှော်လင့်တဲ့ဆီက ငွေတွေဝင်လာလိမ့်မည်။ ချစ်ဝေးမှ အဆက်အသွယ်များ ရမည်။ သင်တန်းတက်ရမည်။

ယတြာ

မိတ်ဆွေတစ်ဦးကို ပေါင်မုန့်တစ်လုံး ဝယ်ကျွေးပါ။

---

## စနေသားသမီးများအတွက်

အလုပ်ပြောင်းရတတ်သည်။ ကောင်းသောအလုပ်ဖြစ်သည်။ ပြည်ပခရီးထွက်ရမည်။ စက်ပစ္စည်းအသစ်လဲခြင်း၊ ဝယ်ရခြင်းများ ကြုံမည်။ အလုပ်တွင်ရှိသော အတိုက်အခံ ပြိုင်ဘက်များကို အနိုင်ရရှိမည်။ သူများလာအပ်သောငွေကို လက်မခံပါနှင့်။

ယတြာ

မိတ်ဆွေများကို သစ်သီး ဝယ်ကျွေးလိုက်ပါ။

---

## ရာဟုသားသမီးများအတွက်

ကောင်းတစ်ဝက် ဆိုးတစ်ဝက် ကာလဖြစ်သည်။ ပျော်စရာတွေနဲ့ ကြုံရမယ်။ မွေးနေ့ပွဲ၊ ညှိခံပွဲ ဖိတ်ကြားခြင်းခံရမယ်။ အလုပ်သစ်တွေရမယ်။ ငွေတွေလည်း ဝင်မယ်။ မော်တော်ကားနဲ့ပတ်သက်ပြီး ငွေရမယ်။ သင်္ဘောသားများ သင်တန်း တက်ရမယ်။

ယတြာ

မိန်းကလေးတစ်ဦးကို ချောကလက် လက်ဆောင်ပေးလိုက်ပါ။

www.burmeseclassic.com

www.burmeseclassic.com

# နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဘဒ္ဒန္တဝေပုလ္လ အဂ္ဂမဟာပဏ္ဍိတ ဂုဏာပူဇာပွဲ ကျင်းပပြုလုပ်



၂၀၁၆-ခုနှစ်၊ လွတ်လပ်ရေးနေ့တွင် အမိန့်ကြော်ငြာ အမှတ် ၁/၂၀၁၆ ဖြင့် "အဂ္ဂမဟာပဏ္ဍိတ" ဘွဲ့တံဆိပ် [illegible] ဆက်ကပ်ခံယူရရှိတော်မူသော ရန်ကုန်မြို့ ဗဟန်းမြို့နယ်၊ [illegible]သီမွန် ပါဠိတက္ကသိုလ်ကျောင်းတိုက်၏ ဦးစီးပဓာန [illegible]ဆရာတော် ဘဒ္ဒန္တ ဝေပုလ္လအား ချီးကျူးပူဇော်သည့် "[illegible]ဟာပဏ္ဍိတ ဂုဏပူဇာပွဲ" ကို ၁၃၇၈-ခုနှစ်၊ [illegible]ဆောင်မုန်းလပြည့်ကျော် ၁ ရက်(၁၅-၁၁-၂၀၁၆)အင်္ဂါနေ့ [illegible] ၉ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ်၊ အမှတ်-၂၃၊ [illegible]ရလမ်းရှိ ဓမ္မဗိမာန်ခန်းမ၊ ကျိုက်သီမွန် ပါဠိ [illegible]သိုလ်ကျောင်းတိုက်ကြီးတွင် စည်ကားခမ်းနားစွာ ကျင်းပ [illegible]ခဲ့ကြောင်း သိရှိရပါသည်။

ထို "အဂ္ဂမဟာပဏ္ဍိတ ဂုဏာပူဇာပွဲ" ကို ဆရာတော်ကြီး၏ တပည့် ဒါယကာ၊ ဒါယိကာမများ၊ အလှူရှင်များနှင့် ဧည့်ပရိသတ်များစွာ တက်ရောက်ခဲ့ကြကြောင်း သိရှိရပါသည်။

ဦးစိုးမြင့်(လေ)







www.burmeseclassic.com

www.burmeseclassic.com

## ပုဂံ အလိုတော်ပြည့်ဘုရား ရွှေထီးတော် တင်လှူပူဇော်ပွဲ

(၂၅)ကြိမ်မြောက် ပုဂံ အလိုတော်ပြည့် ဗုဒ္ဓပူဇနီယပွဲတော်ကို အလိုတော်ပြည့် ဆရာတော်ဘုရားမှ ၂၀၁၆-ခုနှစ်၊ ဒီဇင်ဘာလ ၁၄ ရက်၊ ၁၃၇၈-ခုနှစ်၊ နတ်တော်လပြည့်နေ့တွင် အလိုတော်ပြည့် စေတီတော်ကြီးကို အလိုတော်ပြည့်ကျောင်းတိုက်၊ ရန်ကုန်၊ ဂေါပကအဖွဲ့၊ အလိုတော်ပြည့်ကျောင်း။ ပုဂံ ဂေါပကအဖွဲ့နှင့် တပည့်ဒါယကာ ဒါယိကာမများ။ အလှူရှင်များ ပူးပေါင်းကာ ရွှေစင်ရွှေသား ၅ ပိဿာနှင့် ရွှေထီးတော်၊ စိန်ဖူးတော်၊ ငှက်မြတ်နားတော်တို့ တင်လှူပူဇော်မည်ဖြစ်ကြောင်း သိရှိရပါသည်။

ဆက်သွယ်လှူဒါန်းလိုလျှင် -

(၁) အလိုတော်ပြည့် ဂေါပကရုံး၊ တာမွေ၊ ရန်ကုန်။ ဖုန်း - ၀၉-၇၃၀၉၆၆၁၂၊ ၀၉-၂၅၂၂၅၃၉၈၁

(၂) ဘဒ္ဒန္တပဏ္ဍိတ၊ အလိုတော်ပြည့်ကျောင်း တိုက်၊ ပုဂံ-ညောင်ဦး။ ဖုန်း-၀၉-၂၀၄၂၂၃၂

(၃) ဘဒ္ဒန္တဝိသုဒ္ဓ၊ မဟာအောင်မြေရတနာစာသင်တိုက်၊ ကျောက်ပန်းတောင်းမြို့။ ဖုန်း-၀၉-၂၂၀၆၄၄

(၄) ဘဒ္ဒန္တပညာသာရ၊ အလိုတော်ပြည့် ကျောင်းကိုက်၊ မိတ္ထီလာမြို့။ ဖုန်း-၀၉-၄၄၀၁၃၇၇၂

(၅) ဘဒ္ဒန္တဝဏ္ဏသိရီ၊ အလိုတော်ပြည့် ကျောင်းတိုက်၊ ပြင်ဦးလွင်မြို့။ ဖုန်း-၀၉-၂၀၅၀၇၃၅

---

## Hot News Journal မိသားစုမှ အလိုတော်ပြည့်စေတီ ရွှေထီးတော်အတွက် ရွှေစင်ရွှေသား ၁၀ ကျပ်သား လှူဒါန်း



Hot News Journal မိသားစုမှ ပုဂံ ညောင်ဦးရှိ ရှေးဟောင်းသမိုင်းဝင် အလိုတော်ပြည့်စေတီတော်အား ရွှေထီးတော် တင်လှူနိုင်ရန်အတွက် ရွှေစင်ရွှေသား ၁၀ ကျပ်သားကို (၁၈-၁၀-၂၀၁၆)ရက်နေ့တွင် ရန်ကုန်မြို့ တာမွေမြို့နယ်၊ တာမွေလေးရပ်ကွက်၊ ပင်ရွှေညောင်လမ်းရှိ အလိုတော်ပြည့်ကျောင်းတိုက်တွင် ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရှိရပါသည်။

သားငယ်

## သုံးရောင်ခြယ်ဘုရားများ ဝယ်ယူပူဇော်နိုင်

ဗားမဲ့ဆရာတော်ဘုရားကြီး၏ ဆွေ ၇ ဆက် မျိုး ၇ ဆက် ကြွယ်ဝချမ်းသာစေနိုင်သည့် ဝါ၊ စိမ်း၊ နီ သုံးရောင်ခြယ်ဘုရား(ဦးရွှေအိုးဘုရား)များကို ဉာဏ်တော်အမြင့် ၇ လက်မ၊ ၉ လက်မ၊ ၁၀ လက်မ မိမိ နှစ်သက်ရာ ဉာဏ်တော်ကို ဘုန်းရောင်ဂျာနယ်တိုက်တွင် လာရောက် ဝယ်ယူပူဇော်နိုင်ပါသည်။ (ဖုန်း-၀၉-၂၅၁၀၂၂၃၃၁)

www.burmeseclassic.com

www.burmeseclassic.com

## ဆရာမ ဒေါက်တာစောယုနွယ်နှင့် ခုနစ်ရက်သားသမီးများ၏ မျက်နှာပွင့် ဆေးတော်ကြီးဖော်ပွဲ

နှစ်စဉ်ကျင်းပမြဲဖြစ်သော ဆရာမ ဒေါက်တာ ...ယုနွယ်နှင့် ခုနစ်ရက်သားသမီးများ၏ ဝိဇ္ဇာမဟိဒ္ဓိ သိဒ္ဓိ ...ဆေးတော်ကြီးဖော်ပွဲကို တန်ဆောင်မုန်းလပြည့်နေ့(၁၄-၁၁-...၁၆)တနင်္လာနေ့ညတွင် ဆရာမ ဒေါက်တာစောယုနွယ်၏ ...ဘာရွှေပြည်ဟိန်း ဓာတ်စခန်း၊ အမှတ်-၂၀၅(က)၊ ...ဘောက်(၅)လမ်း၊ မြို့သစ်(ဂ)ရပ်ကွက်၊ ဘုရင့်နောင်ရိပ်သာ၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့တွင် ကျင်းပပြုလုပ်ခဲ့ပါသည်။

ကြွရောက်လာကြသော ဧည့်ပရိသတ်များအား ဂေါသဗျာကရဏ ဗေဒင်ပညာရှင်များက (အခမဲ့) ဗေဒင်ဟော၍ မျက်နှာပွင့် ဆေးတော်ကြီးကို ဝေငှပေးခဲ့ပါသည်။

ZN

---

## ဆီမီး၊ ပန်း(၁၀၀၀) ပူဇော်ပွဲနှင့် ရှင်ဥပဂုတ္တရဟန္တာ လေးပါးအား ရေမျှောပူဇော်ပွဲ



ရန်ကုန်တိုင်းဒေသကြီး၊ ဆိပ်ကမ်းမြို့နယ်တွင် ဆီမီး၊ ပန်း(၁၀၀၀) ပူဇော်ပွဲနှင့် ရှင်ဥပဂုတ္တမထေရ် လေးပါးတို့အား ရွှေဖောင်၊ ငွေဖောင်၊ နဂါး(၉)ကောင် ခြံရံ၍ ရေမျှောပူဇော်ပွဲကို ပထမံဆရာဦးအောင်သူနှင့် (၇)ရက်သားသမီးများ စုပေါင်း၍ (၁၄-၁၀-၂၀၁၆)ရက်နေ့မှ (၁၈-၁၀-၂၀၁၆)ရက်နေ့အထိ ၅ ရက်တိုင်တိုင် ဗိုလ်တထောင်ကျိုက်ဒေးအပ် ဆံတော်ဦးစေတီတော် ပရိဝုဏ်အတွင်း (၁၅)ခန်းတွဲ တန်ဆောင်းတွင် အပူဇော်ခံခဲ့ပြီး (၁၈-၁၀-၂၀၁၆)အင်္ဂါနေ့ ညနေတွင် ဗိုလ်တထောင် ကျိုက်ဒေးအပ် ဆံတော်ဦးစေတီ ဆိပ်ကမ်းမှ ရေမျှောပူဇော်ခဲ့ကြပါသည်။

ဦးအောင်သူ

---

## တောင်ငူမြို့နယ်လုံးဆိုင်ရာ (၈၅)ကြိမ်မြောက် နှစ်ကျိပ်ရှစ်ဆူဘုရား လှည့်လည်ပူဇော်ပွဲနှင့် တောင်ငူ(ကေတုမတီ) မြို့တည်နန်းတည် ၅၀၆ နှစ်ပြည့်ပွဲတော် ကျင်းပပြုလုပ်

တောင်ငူမြို့နယ်လုံးဆိုင်ရာ (၈၅)ကြိမ်မြောက် နှစ်ကျိပ်ရှစ်ဆူဘုရားများ ဒေသစာရီ လှည့်လည်ပူဇော်ပွဲကို (၁၂-၁၁-၂၀၁၆)စနေနေ့၊ ၁၃၇၈-ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၃ ရက်နေ့တွင် ပြုလုပ်ခဲ့ပြီး (၁၄-၁၁-၂၀၁၆) တနင်္လာနေ့၊ ၁၃၇၈-ခုနှစ်၊ တန်ဆောင်မုန်းလပြည့်နေ့တွင် တောင်ငူ(ကေတုမတီ) မြို့တည်နန်းတည် ၅၀၆ နှစ်ပြည့် ပွဲတော်ကို ပျော်ပွဲရွှင်ပွဲ များစွာဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်ခဲ့ကြောင်း သတင်းရရှိပါသည်။

အင်ကြင်း

www.burmeseclassic.com